
လီကွမ်းယူ၏ အတွေးအခေါ်

ဦးတင်ဦး (ကျောရှင်)



THE WIT & WISDOM OF
Lee Kuan Yew

နိဒါန်း

- လီကွမ်းယူကို အကောင်းမြင်ပြီးတော့ပဲဖြစ်ဖြစ်၊ မကောင်းမြင်ပြီး တော့ပဲဖြစ်ဖြစ် ပြောတာဆိုတာတွေ ဘယ်လိုပဲရှိရှိ သူ့ခေါင်းဆောင်မှု ကြောင့် စင်ကာပူ ခုလိုတိုးတက်နေတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် ရောက်လာ တယ်ဆိုတာ ဘယ်သူမှမငြင်းနိုင်ကြပါဘူး။ အခုစာအုပ်က ၁၉၅၅ ခုနှစ် လောက်ကစပြီး ၂၀၁၀ လောက်အထိ ကာလအတွင်း လီကွမ်းယူပြောခဲ့ တဲ့ မိန့်ခွန်းတွေထဲက ကောက်နုတ်ထားတဲ့ ကောက်နုတ်ချက်တွေပါ။ အဲဒီကောက်နုတ်ချက်တွေကို အကြောင်းအရာခေါင်းစဉ်အလိုက် စုစည်း ဖော်ပြထားခြင်း ဖြစ်ပါတယ်။

အမှာစာမှ

- စင်ကာပူနိုင်ငံ အဲဒီလိုတိုးတက်လာတာဟာ လီကွမ်းယူက ဘယ်လို အတွေးအခေါ်တွေနဲ့ လုပ်ခဲ့လို့လဲဆိုတာကို သိချင်ရင် ဒီစာအုပ်ကို ဖတ် ကြည့်သင့်ပါတယ်။ ကျွန်တော်ဘာသာပြန်တဲ့စာအုပ်မို့ ပြောတယ်လို့ မ ထင်ကြဘဲ ခုလွတ်တော်ထဲရောက်နေတဲ့ လွတ်တော်ကိုယ်စားလှယ်တွေ လည်း ဖတ်ကြည့်သင့်ပါတယ်။ ပြုတ်သွားကြတဲ့ဝန်ကြီး အစရှိတဲ့ ခေါင်းဆောင်တွေလည်း တို့တွေးပုံလုပ်ပုံနဲ့ လီကွမ်းယူတွေးပုံက ဘယ်လောက်များ ကွာနေလို့လဲဆိုတာသိရအောင် ဒီစာအုပ်ကို ဖတ်ကြ ည့်သင့်ပါတယ်။ တစ်ခုခုသောဝါဒမှာ အစွဲသန်နေကြတဲ့ နိုင်ငံရေးသမား တွေလည်း ဖတ်ကြည့်သင့်ပါတယ်။ ဒီစာအုပ်ကို ဖတ်ကြည့်သူဟာ အရှုံး မပေါ်နိုင်ပါဘူးလို့ ကျွန်တော် ယုံကြည်ပါတယ်။

အမှာစာ မှ

- ခင်ဗျားတို့မှာ ခွန်အားရှိလာတဲ့ တစ်နေ့မှာ၊ စီးပွားရေး အခြေခိုင်လာတဲ့တစ်နေ့မှာ၊ လူမှုအဖွဲ့အစည်းတွေလည်း အနီးကပ် တွဲစပ်နေမိကြပြီး ခေတ်မီတဲ့လူ့အဖွဲ့အစည်းတစ်ရပ်ရဲ့ အားခွန်မျိုးတွေ တောင့်တင်းခိုင်မာမှုရှိလာတဲ့ တစ်နေ့မှာ ကျွန်တော်တို့ဟာလည်း အချင်းချင်း ချစ်ချစ်ခင်ခင် ညီညီမျှမျှနဲ့ တစ်ဦးအပေါ်တစ်ဦး လေးစားနိုင်တဲ့နေ့မျိုး ဖြစ်လာမှာပါပဲ။

သာတူညီမျှမှု

- စက်မှုလက်မှု လူ့အဖွဲ့အစည်းဟာ ပညာအပေါ်အခြေပြုတဲ့ လူ့အဖွဲ့အစည်းအတွက် နေရာပေးလာခဲ့ရပါပြီ။ ကမ္ဘာကြီးမှာ အသစ်ဖြစ်လာမယ့်ကွဲပြားမှုဟာ ပညာအခြေပြုကမ္ဘာနဲ့ ပညာ အခြေမပြုနိုင်တဲ့ ကမ္ဘာဆိုတာမျိုး ဖြစ်လာမယ်။ ကျွန်တော်တို့ဟာ ပညာအပေါ်အခြေပြုတဲ့ ကမ္ဘာကြီးရဲ့ အစိတ်အပိုင်းတစ်ရပ်ဖြစ်အောင် သင်ယူလေ့လာကြရပါမယ်။

အနာဂတ် မှ

- အစိုးရအဖွဲ့တစ်ဖွဲ့ရဲ့ အလုပ်တစ်ခုလုံးကတော့ မိမိတို့အစိုးရသက်တမ်း ကုန်ဆုံးသွားတဲ့အချိန်မှာ လူထုက“ကောင်းတယ်ဗျာ၊ ကျုပ်တို့ ဒါမျိုးပဲထပ်ရချင်တယ်၊ ကျုပ်တို့ရဲ့ကံကြမ္မာကို နောက်သက်တမ်းတစ်ခုအတွက် ခင်ဗျားတို့အပေါ်မှာပဲ ပုံအပ်ပါတယ်”လို့ ပြောလာစေတဲ့နည်းနဲ့ အုပ်ချုပ်သွားခြင်းပါပဲ။

နိဒါန်းရေးမှ

- ဘာသာရေးကို နိဒါန်းရေးထဲမှာ ရောလာစေလို့မဖြစ်ပါဘူး။ အဲဒီလို

ရောလာမယ်ဆိုရင် နိုင်ငံရေးအယူအဆ မတူခြင်းကနေပြီး ဘာသာရေး ပဋိပက္ခတွေ ဖြစ်သွားနိုင်ပါတယ်။ အဲဒီလိုဖြစ်လာတဲ့အခါ ကျွန်တော်တို့ ရဲ့ အမျိုးမျိုးသော ဘာသာရေးအသိုင်းအဝန်းတွေအတွင်းမှာ၊ ကျွန်တော်တို့ရဲ့ လူ့အဖွဲ့အစည်းအတွင်းမှာ နက်ရှိုင်းတဲ့ အမျက်ရန်ငြိုးတွေကနေပြီး ကြေကွဲဝမ်းနည်းစရာတွေဖြစ်ကုန်မယ်။

ဘာသာရေးမှ

- ပြည်သူတွေဟာ သူတို့ ဘာကြောင့်မွဲနေကြောင်းမသိဘဲ ငါတို့မှာ တရားဟောတဲ့ ကယ်တင်ရှင်ရှိတယ် ဒါမှမဟုတ် သေနတ်ကိုင်ထားတဲ့ ဗိုလ်ချုပ်ကြီးရှိတယ်။ အဲဒီပုဂ္ဂိုလ်က စစ်ရေးမှာပဲဖြစ်ဖြစ်၊ စီးပွားရေး လုပ်ငန်းမှာပဲဖြစ်ဖြစ် အရည်အချင်းတွေ အပြည့်အဝရှိတယ်၊ ဆင်းရဲတဲ့ ရောဂါကို ကုပေးနိုင်မယ်၊ အလုပ်လက်မဲ့ ပြဿနာကို ဖြေရှင်းပေးနိုင်မယ်၊ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ပေးနိုင်မယ်လို့ ယုံကြည်နေမယ်ဆိုရင် အဲဒီနိုင်ငံဟာ ဖွံ့ဖြိုးမှုမရှိတဲ့နိုင်ငံပါပဲလို့ ကျွန်တော် ပြောပါမယ်။

စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမှ

- အမွေအနှစ်ဆိုတာ တူးဖော်ယူမှ တွေ့ရှိတဲ့အရာမျိုး မြတ်နိုးထိန်းသိမ်းထားရတဲ့ မပြောင်းလဲဘဲ အမြဲဒီအတိုင်းပဲ တည်ငြိမ်နေတဲ့ အ ရာ မျိုး မဟုတ်ပါဘူး။ အမွေအနှစ်ဆိုတာဟာ လူတွေရဲ့ဘဝ အစိတ်အပိုင်းတစ်ရပ်ပါ။ အမွေအနှစ်က လူမျိုးတစ်မျိုးဟာ စိန်ခေါ်မှုအသစ်တွေကို ဘယ်ပုံရင်ဆိုင်သွားရမှာကို ပုံသွင်းပေးပြီး ရှင်ကျန်နေအောင်၊ အခြေအနေနဲ့အညီ မိမိတို့ကိုယ်ကိုယ် ဘယ်လိုနေထိုင်သွားရမယ်ဆိုတာကို ကူပံ့ပေးပါတယ်။

အနုပညာနှင့် အမွေအနှစ်မှ

- ကျွန်တော်တို့ဟာ သည်းခံကြရမယ်။ စိတ်ရှည်ကြရမယ်။ တစ်ဦး

ကို တ စ် ဦး လေးစားကြရမယ်။ သို့ပေမယ့် အရေးအကြီးဆုံးက သူ တ စ် ပါး က ကိုယ့်ကိုလေးစားလာအောင်ကလည်း ကိုယ့်မှာ ဓန ကြေးငွေရှိအောင် လုပ်သွားကြရမယ်။ ကိုယ့်မှာ ဓနကြေးငွေမရှိတဲ့အခါ လူချင်းတူတူ သူချင်းမျှမျှ ကိုယ့်ကိုလေးစားမှုရအောင် အောက်ကျခံ တောင်းပန်ရလိမ့်မယ်။ ခင်ဗျားတို့မှာ ခွန်အားရှိလာတဲ့တစ်နေ့မှာ၊ စီး ပွား ရေး အခြေခိုင်လာတဲ့တစ်နေ့မှာ၊ လူမှုအဖွဲ့အစည်းတွေလည်း အနီးကပ် တွဲစပ်နေမိကြပြီး ခေတ်မီတဲ့လူ့အဖွဲ့အစည်းတစ်ရပ်ရဲ့ အား ခွ န် မျိုး တွေ တောင့်တင်းခိုင်မာမှု ကျွန်တော်တို့ဟာလည်း အချင်းချင်း ချစ်ချစ်ခင်ခင် ညီညီမျှမျှနဲ့ တစ်ဦးအပေါ်တစ်ဦး လေးစားနိုင်တဲ့နေ့မျိုးဖြစ်လာမှာပါပဲ။

သာတူညီမျှမှု

- အများနဲ့ဆိုင်တဲ့ ဘုံအဖွဲ့အစည်းသမားတွေ၊ ဘာသာရေး တစ်ယူသန်သမားတွေဟာ ရံဖန်ရံခါ လူမျိုးရေးနဲ့ ဘာသာရေးစိတ်ဓာတ်တွေ သွင်းပေးနိုင်ကြပြီး လူအများက လိုက်နာဆောင်ရွက်သွားကြတာမျိုးတွေ ရှိပါတယ်။ ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ လူနည်းစုလူမျိုးတွေကို တိုးတက်လာအောင် လုပ်မပေးနိုင်ကြဘဲ လူများစုလူမျိုးအပေါ် မှန်းတဲ့ ကြောက်တဲ့အမုန်းတရား အကြောက်တရားတွေကိုပဲ သွင်းပေးခဲ့ကြတယ်။ ဒါမှမဟုတ်ရင်လည်း ဘာသာတစ်ခုက သူ့ဘာသာထဲဝင်လာအောင် လုပ်ချင်စိတ်သာ ထက်သန်လွန်းတာမျိုးတွေ၊ သည်းခံမှုအားသိပ်နည်းတာမျိုးတွေရှိနေကြတော့ ဘာသာအချင်းချင်း ပြောင်ပြောင်ပဲ ထိလာငြိလာ ဖြစ်ကြတယ်။

လူမျိုးရေးမှ

*

စင်ကာပူနိုင်ငံသားများအကြောင်းမှသည် သူ့အကြောင်း၊ သူ့မိသားစုအကြောင်းနှင့်စပ်ရာ လီကွမ်းယူ၏အယူအဆများ

- “ကျွန်တော်ဟာ လွတ်လပ်တဲ့လူ၊ ဒါဟာ ကျွန်တော့်နိုင်ငံ”လို့ ပြောနိုင်တဲ့တစ်နေ့မှာ ရင်းနှီးဖော်ရွေတဲ့အိမ်ရှင်တစ်ဦးက ဧည့်သည်တစ်ဦးကို ကြုံဆိုသလိုမျိုးနဲ့ ကျွန်တော် ခင်ဗျားတို့ကို ကြုံဆိုသွားပါမယ်။ ဒါပေမဲ့ ကျွန်တော်ဟာ ကိုယ့်နိုင်ငံမှာ ဧည့်သည်တစ်ဦးလိုအဖြစ်မျိုးနဲ့တော့ နေသွားမှာမဟုတ်ဘူး။

၁၉၅၅

- လူတစ်ယောက်လေးစားမှုရတာဟာ ပျော့ညံ့မှုကနေ ရလာတာမဟုတ်ပါဘူး။

၁၉၇၁

- စင်ကာပူမှာ ဘုရင်လည်းမရှိဘူး။ ဆူလ်တန်လည်း မရှိဘူး။ အာဏာတစ်လွှဲစီယူနိုင်တဲ့ နိုင်ငံရေးပါတီတွေကိုလည်း မတည်ထောင်ထားဘူး။ စင်ကာပူတစ်နိုင်ငံလုံးမှာရှိတာက ပီအေပီပါပဲ။

၁၉၉၀

- ဒီမိုကရေစီရဲ့အားနည်းချက်ကတော့ လူတိုင်းဟာ အတူတူပဲ၊ လူတိုင်းရဲ့ဘုံကောင်းကျိုးအတွက် လူတိုင်း အညီအမျှ လုပ်နိုင်စွမ်းရှိတယ်ဆိုတဲ့ ယူဆချက်ကိုက မှားနေခြင်းဖြစ်ပါတယ်။

၁၉၉၂

- စင်ကာပူသားတွေက ရှုံးမှာကြောက်လို့ မကြိုးစားချင်ကြဘူး။ 'မစွန့်စားသော် အရှုံးမပေါ်'ဆိုတာ စင်ကာပူသားတွေရဲ့ လက်သုံးဆောင်ပုဒ်ပဲ လို့ ပြောကြတယ်။ စင်ကာပူရဲ့ဆောင်ပုဒ်ဟာ အဲဒီဆောင်ပုဒ်အစား ဗြိတိသျှ SAS ရဲ့ 'စွန့်ရဲသူသာ အနိုင်ရ'ဆိုတဲ့ ဆောင်ပုဒ်ဖြစ်သင့်တယ်။

၁၉၉၃

- ကျွန်တော်က မှန်အောင် အမြဲကြိုးစားတယ်။ မှန်အောင်ဆိုတာ နိုင်ငံရေးအရ မှန်အောင်လို့ ပြောတာမဟုတ်ပါဘူး။

၂၀၀၀

*

စီစဉ်သူ၏ ရှေးဦးစကား

ကျွန်တော်တို့ မီလိုက်တဲ့ လွန်ခဲ့တဲ့နှစ်ပေါင်း ငါးဆယ်ကျော်ကျော်မှာ ကျွန်တော်တို့နဲ့ နီးစပ်တဲ့အရှေ့တောင်အာရှက ခေါင်းဆောင်ကြီးတွေကိုလည်း အတော်ပဲသိမီခွင့် ရလိုက်ပါတယ်။ ခေါင်းဆောင်တိုင်းလိုလိုက ကိုယ့်နိုင်ငံ၊ ကိုယ့်လူအဖွဲ့အစည်း ကောင်းရာကောင်းကျိုးကို အမျိုးမျိုး အဖုံဖုံ ဆောင်ရွက်ခဲ့ကြတာပါပဲ။ သည်အထဲမှာ စင်ကာပူနိုင်ငံရဲ့ဖခင်ကြီး ကွယ်လွန်သူ လီကွမ်းယူကတော့ သူ့သက်တမ်းရော တာဝန်ထမ်းဆောင်တဲ့ကာလပါ အတော်ရှည်လျားခဲ့တာနဲ့အမျှ သူ့နိုင်ငံငယ်ကလေး စင်ကာပူကို ကမ္ဘာ့အလယ်မှာ တင့်တယ်အောင် ထားနိုင်ခဲ့တာကလည်း ဂုဏ်ယူအားကျစရာ ခေါင်းဆောင်ကြီးအဖြစ် မှတ်တမ်းဝင်ခဲ့ပြီဖြစ်ပါတယ်။

လီကွမ်းယူအကြောင်း စာအုပ်တွေ မြန်မာစာပေလောကမှာ အတော်အတန်ရှိနေပြီဖြစ်ပေမယ့် ခုတင်ဆက်လိုက်တဲ့ လီကွမ်းယူ စာအုပ်ကတော့ တစ်မျိုးတစ်ဘာသာပါ။ စင်ကာပူနိုင်ငံရေးလောကမှာ နှစ်ပေါင်း ၆၀ လောက် ကျင်လည်စဉ်ကာလအတွင်း လီကွမ်းယူ ပြောခဲ့ဟောခဲ့သမျှ အကြောင်းအရာစုံကို ကဏ္ဍတွေခွဲပြီး ဖတ်ချင်မှတ်ချင်စဖွယ် စုစည်းတင်ဆက်ထားတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ လီကွမ်းယူပြောပုံလေသံကို ဖမ်းမိနိုင်လောက်မယ့် ဆရာဦးတင်ဦး(ကျူရှင်) ကို အကူအညီတောင်းပြီး အခုစာအုပ်ကို စီစဉ်တင်ဆက်လိုက်ခြင်း ဖြစ်ပါတယ်။ မူရင်းကတော့ Editons Didier Millet စာအုပ်တိုက်က

အယ်ဒီတာများရဲ့ စုစည်းတင်ဆက်မှုဖြစ်ပြီး ၂၀၁၃ခုနှစ်က ထုတ်ဝေခဲ့တာဖြစ်ပါတယ်။

ကျွန်တော်တို့မြန်မာနိုင်ငံကို ဦးဆောင်ခဲ့ကြသူ၊ ဦးဆောင်နေဆဲ၊ နောက်လည်း ဦးဆောင်ကြဦးမယ့်သူတွေ အပါအဝင် နိုင်ငံကြီးပွားဖွံ့ဖြိုးရေးကို အဘက်ဘက်က ဝိုင်းဝန်းပါဝင်ကြမယ့်သူများ အားလုံးအတွက် ရည်ညွှန်းလိုက်ပါတယ်။

ကြည့်ရှုန်း

၂၀၁၆ ခုနှစ် မေလ ၂ ရက်

*

အမှာစာ

The Wit and Wisdom of Lee Kuan Yew ဆိုတဲ့စာအုပ်ကို ဘာသာပြန်ပေးဖို့ ဆရာကြည်ရွှန်းက အပ်ထားတာဟာ ၂၀၁၄ ခုနှစ်ကတည်းကပါ။ ကျွန်တော်က ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလကတည်းက မြန်မာတိုင်းမ်ဂျာနယ်ကနေပြီး မဇ္ဈိမသတင်းစာကို အလုပ်ပြောင်းလာခဲ့ရပါတယ်။

သိကြတဲ့အတိုင်း ဂျာနယ်ဆိုတာက တစ်ပတ်မှ စာစောင်တစ်ခုထုတ်ရတာပါ။ သတင်းစာက တစ်ရက်တစ်စောင် ထုတ်ရတာပါ။ အလုပ်သဘာဝချင်း မတူပါဘူး။ ကျွန်တော် ထုတ်ခဲ့ပြီးသမျှ ဘာသာပြန်စာအုပ်ရှစ်အုပ်စလုံးကို ဘာသာပြန်ခဲ့တာဟာ ကိုယ့်အိမ်မှာကိုယ် ပြန်ခဲ့ရတဲ့အချိန်ထက် မြန်မာတိုင်းမ်မှာလုပ်နေတဲ့ အလုပ်ချိန်ထဲမှာပဲ ဂျာနယ်အလုပ် အားချိန်မှာ ကောက်ပြန်ခဲ့ရတဲ့အချိန်က များပါတယ်။ ဒါပေမဲ့ သတင်းစာအလုပ်ကျတော့ ဂျာနယ်မှာတုန်းကလောက် အချိန်မရတော့ပါဘူး။ နေ့စဉ် စာစောင်ထွက်ဖို့အတွက် ကိုယ်ကျရာအလုပ်ကို နေ့ချင်းအချိန်မီပြီးအောင် လုပ်ရပါတယ်။

၂၀၁၄ နိုဝင်ဘာနဲ့ ဒီဇင်ဘာလအတွင်းကဆိုရင် သတင်းစာမှာ ကော်လံတစ်ခုယူပြီး နေ့စဉ်ဆောင်းပါးရေးခဲ့ရတာမျိုးတောင်ရှိခဲ့လို့ ကျွန်တော် အပြင်မှာ လစဉ်၊ အပတ်စဉ်ရေးနေတဲ့ စာစောင်တွေအတွက်နဲ့ပါဆိုရင် တစ်လအတွင်း ဆောင်းပါး ၄၅-၄၆ ပုဒ် ရေးခဲ့ရပါတယ်။

၂၀၁၅ ခုနှစ် ဇန်နဝါရီလမှာ ကျွန်တော် မဇ္ဈိမအလုပ်က နားလာရတဲ့အခါ ဝင်ငွေလိုအပ်ချက်အရရော ဂျာနယ်တွေကလည်း စာမူတောင်းကြ

တဲ့အတွက်ပါ ကျွန်တော် အပတ်စဉ်ထုတ် ဂျာနယ်ငါးစောင်၊ နှစ်ပတ် တစ်ကြိမ်ထုတ်ဂျာနယ် နှစ်စောင်တို့မှာ ပုံမှန်ရေးရလို့ သီတင်းတစ်ပတ်မှာ ဆောင်းပါးခြောက်ပုဒ်-ခုနှစ်ပုဒ်အပြင် ရေးတဲ့မဂ္ဂဇင်း တစ်ဒါဇင်လောက်ကလည်းရှိနေတော့ တစ်လတစ်လမှာ ကျွန်တော် ဆောင်းပါး ၃၅ ပုဒ်၊ ၃၆ ပုဒ်လောက် ရေးနေရပါတယ်။ (အဲဒီအထဲမှာ ကြားပေါက် ရေးပေးရတဲ့စာစောင်၊ မဂ္ဂဇင်းတွေအတွက် မပါသေးပါဘူး။)

တစ်ဖန် လောကသစ်စာပေကလည်း ကောနဲလ်တက္ကသိုလ်က အမျိုးသမီးပညာရှင်တစ်ဦးရေးတဲ့ မြန်မာ့တပ်မတော်သမိုင်းစာအုပ်ကို ဘာသာပြန်ပေးဖို့ အပ်ထားတဲ့ စာအုပ်တစ်အုပ်ကလည်း ရှိနေပါသေးတယ်။

တိုတိုပြောရရင် ကျွန်တော်ဟာ အဲဒီလောက် အချိန်ဆင်းရဲရှားပါးတဲ့အထဲက တစ်နေ့ သို့မဟုတ် သီတင်းတစ်ပတ်မှာ နာရီအနည်းငယ်လောက် အချိန်ဖဲ့ယူပြီး ဒီတစ်အုပ်ကို ဘာသာပြန်ခဲ့ရပါတယ်။ အခုမှပဲ (၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်ကျမှပဲ) ဒီစာအုပ်ကို ဘာသာပြန်လို့ ပြီးခဲ့ပါတော့တယ်။

ဒီလောက်ဆိုရင် ကျွန်တော် ဒီစာအုပ်ကို စိမ်ပြေနပြေ ဘာသာပြန်ခဲ့ရတာ မဟုတ်ကြောင်းကို စာဖတ်သူများ သဘောပေါက်နိုင်လောက်ပါတယ်။ မျက်စိကလည်း ကြာကြာကြည့်လို့မကောင်းတော့ တစ်ခါတစ်ရံ သူရေးထားတာက စကားလုံးတစ်လုံး ကိုယ့်မျက်စိထဲမှာ မြင်ရတာက အခြားစကားလုံးဆိုတာမျိုး ဖြစ်တတ်တာကြောင့် အမှားအယွင်းပါသွားမှာလည်း စိုးပူရပါတယ်။ သို့သော်လည်း သွက်သွက်လည် မှားသွားတာမျိုးတော့ မဖြစ်လောက်ပါဘူးလို့ ကိုယ့်ဘာသာကိုယ် ပြန်အားပေးပြီး ဘာသာပြန်ပြီး စာမူကြမ်းကို အချောပြန်စစ်မနေသာဘဲ ထုတ်ဝေသူထံ

အပ်လိုက်ရပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် စာဖတ်သူများ အခုဘာသာပြန်လိုက်တဲ့ ဒီစာအုပ်ကို ဖတ်လိုက်ရတဲ့အခါမှာ ဘာသံယံဇာတ သဘာဝအရင်းအမြစ်မျှမရှိတဲ့ စင်ကာပူနိုင်ငံဟာ တတိယကမ္ဘာအဆင့်မျိုးက ပထမကမ္ဘာအဆင့် အထိ ဘာကြောင့်တက်လှမ်းသွားနိုင်သလဲဆိုတာ တွေးမိလာဖွယ်ရှိပါတ ယ ။ နိုင်ငံတစ်နိုင်ငံရဲ့စီးပွားရေးကို လူတစ်ကိုယ် တစ်နှစ်တာ ကုန်ထုတ်လုပ်မှုတန်ဖိုး စုစုပေါင်း (GDP per capital) နဲ့ တိုင်းလေ့ရှိရာမှာ စင်ကာပူရဲ့ လူတစ်ကိုယ် ဂျီဒီပီ ဘယ်လောက်ရှိမယ်လို့ စာဖတ်သူများ မှန်းကြည့်ဖူးပါသလား။ တစ်ချိန်က ကျွန်တော်တို့နိုင်ငံလိုပဲ သူတို့ကို ကိုလိုနီကျွန်ပြုသွားတဲ့ ဗြိတိန်နိုင်ငံထက် စင်ကာပူက ငါးဆသာသတဲ့ခင်ဗျ။ အနို့ဖြစ်ရင် အမေရိကန်နဲ့ ယှဉ်ရင်ကောတဲ့။ အမေရိကန်က မနတန်ဖိုးစုစုပေါင်းသာ ကမ္ဘာ့အများဆုံးဖြစ်ပေမယ့် လူတစ်ကိုယ် တစ်နှစ်တာဂျီဒီပီက စင်ကာပူထက် နည်းပါသတဲ့။ ၂၀၁၄ ခုနှစ် ကိန်းဂဏန်းတွေအရ စင်ကာပူရဲ့ လူတစ်ကိုယ်ဂျီဒီပီက အမေရိကန်ဒေါ်လာ ၅၆၂၈၄ ဒေါ်လာ ရှိပါတယ်။ (မြန်မာနိုင်ငံရဲ့ ဂျီဒီပီကိုတော့ နိုင်ငံတကာသတင်းစာစောင်တွေမှာ အမျိုးမျိုးဖော်ပြပါတယ်။ တချို့က ၁၁၀၅ ဒေါ်လာတဲ့။ ၂၀၁၅ ခု အောက်တိုဘာ ၃၁ ရက်ထုတ် The Economice စာစောင်မှာတော့ ဒေါ်လာ ၁၂၇၀ လို့ပြပါတယ်။ စင်ကာပူရဲ့ ဒေါ်လာ ၅၆၀၀၀ကျော်နဲ့ မြန်မာနိုင်ငံရဲ့ ဒေါ်လာ ၁၀၀၀ ကျော်ဟာ ဘယ်လောက်ကွာသလဲဆိုတာသာ ချိန်ထိုးကြည့်ကြပါရော့။)

သောက်ရေတောင် ကိုယ့်နိုင်ငံမှာမထွက်တဲ့ စင်ကာပူဟာ ရွှေတွင်းငွေတွင်း ပယင်း ဒုတ္ထာ ဆိုတဲ့ ရတနာတွင်းအမျိုးမျိုး ထွက်တယ်ဆိုတဲ့ မြန်မာနိုင်ငံထက် ဘယ်မျှသာနေတယ်ဆိုတာ စာဖတ်သူများ မှန်းကြည့်လို့ရပါတယ်။ အဲဒီလို မြန်မာနိုင်ငံနဲ့ယှဉ်ရင် တိုးတက်မှုမှာ အဆမတန်

စင်ကာပူကသာနေတာ ဘာကြောင့်ပါလဲလို့ စာဖတ်သူက တွေးကြည့်မိ ဖူးရင် ဒီစာအုပ်ကို ဖတ်လိုက်တဲ့အခါ အဖြေပေါ်လာပါလိမ့်မယ်။

ဦးနေဝင်းကစပြီး ဦးသိန်းစိန်အဆုံး မြန်မာနိုင်ငံစစ်ခေါင်းဆောင် တွေရဲ့ အတွေးအခေါ်နဲ့ စင်ကာပူက လီကွမ်းယူရဲ့အတွေးအခေါ်ဟာ အတော်ကြီးခြားနားပါကလားဆိုတာကို ဒီစာအုပ်ကိုဖတ်ရင်း တွေးမိ လာပါလိမ့်မယ်။

ဒီစာအုပ်က ၂၀၁၁ခုနှစ် ဇန်နဝါရီလမှာ ထုတ်ဝေခဲ့တဲ့ Lee Kuan Yew: Hard Truths To Keep Singapore Going ဆိုတဲ့ သူ့ရဲ့နောက်ဆုံး ထုတ်စာအုပ်မျိုး မဟုတ်ပါဘူး။ အဲဒီစာအုပ်က ၂၀၀၈ နဲ့ ၂၀၀၉ ခုနှစ် အတွင်း စင်ကာပူက ဂျာနယ်လစ်ခုနစ်ဦးတို့က သူနဲ့တွေ့ဆုံမေးမြန်းခဲ့ တဲ့ အင်တာဗျူး ၁၆ ခုမှာ သူပြောခဲ့တာတွေကို အခြေခံထားတဲ့စာအုပ် ပါ ။ အခုစာအုပ်က ၁၉၅၅ ခုနှစ်လောက်ကစပြီး ၂၀၁၀လောက်အထိ ကာလအတွင်း သူပြောခဲ့တဲ့မိန့်ခွန်းတွေထဲက ကောက်နုတ်ထားတဲ့ ကောက်နုတ်ချက်တွေပါ။ အဲဒီကောက်နုတ်ချက်တွေကို အကြောင်းအရာခေါင်းစဉ်အလိုက် စုစည်းဖော်ပြထားခြင်းဖြစ်ပါတယ်။

၁၉၂၃ ခုနှစ်မှာ မွေးပြီး ၂၀၁၅ ခုနှစ် မတ်လ ၂၃ ရက်မှာ ကွယ်လွန် သွားတဲ့ စင်ကာပူနိုင်ငံရဲ့ခေါင်းဆောင်ကြီး လီကွမ်းယူနဲ့ပတ်သက်လို့ ဝေဖန်စရာ၊ အငြင်းပွားစရာတွေ ရှိတာလည်းအမှန်ပါပဲ။ သူရဲ့ PAP ပါတီကို တကယ်တမ်း ဆန့်ကျင်နိုင်လောက်တဲ့ အတိုက်အခံပါတီမျိုး ပေါ်မလာအောင် တားဆီးပိတ်ပင်မှုတွေ ပြုထားတာ၊ သတင်းမီဒီယာ တွေကို ဖိနှိပ်ထားတာ၊ သူနဲ့ သူ့ပါတီအစိုးရကို တိုက်ရိုက်ဝေဖန်ပြောဆို သူ၊ ရေးသားသူတွေကို အသရေဖျက်မှုနဲ့ တရားစွဲတာ၊ အတိုက်အခံ ခေါင်းဆောင်တွေဟာ အဲဒီလိုတရားစွဲခံရလို့ တရားရုံးပြီး မွဲကုန်ကြတာ၊

လူအခွင့်အရေးသမားတွေ အကြီးအကျယ် ကန့်ကွက်ဝေဖန်ခံရတဲ့ ကြိမ်ဒဏ်ပေးတဲ့ဥပဒေမျိုး ပြဋ္ဌာန်းထားတားတာ အစရှိတာတွေဖြစ်ပါ တယ်။ တချို့က လီကွမ်းယူအစိုးရကို အာဏာရှင် အပျော့စား (Soft authoritarian regime) လို့ ပြောကြတာရှိသလို တချို့ကလည်း လီကွမ်း ယူဟာ အာဏာရှင်စနစ်နဲ့လက်တွေ့ဝါဒကိုမျှအောင် ကျင့်သုံးသွားသူ (a style of rule balancing authorianism with pragmatism) လို့ ပြောကြ တာလည်း ရှိပါတယ်။ အမေရိကန် ဝတ္ထုရေးဆရာဝီလျံဂစ်ဆန်တို့လိုလူ က သူ့ဝတ္ထုထဲမှာ စင်ကာပူနိုင်ငံကို Disney-land with the death penalty လို့ ထည့်ရေးတာမျိုးတွေလည်းရှိပါတယ်။

လီကွမ်းယူကို အကောင်းမြင်ပြီးတော့ပဲဖြစ်ဖြစ်၊ မကောင်းမြင်ပြီး တော့ပဲဖြစ်ဖြစ် ပြောတာဆိုတာတွေ ဘယ်လိုပဲရှိရှိ စင်ကာပူနိုင်ငံဟာ လီကွမ်းယူခေါင်းဆောင်မှုကြောင့် ခုလိုတိုးတက်နေတဲ့ နိုင်ငံတစ်နိုင်ငံ အဖြစ် ရောက်လာတယ်ဆိုတာတော့ ဘယ်သူမှ မငြင်းနိုင်ကြပါဘူး။

စင်ကာပူနိုင်ငံ အဲဒီလိုတိုးတက်လာတာဟာ လီကွမ်းယူက ဘယ်လို အတွေးအခေါ်တွေနဲ့ လုပ်ခဲ့လို့လဲဆိုတာကိုသိချင်ရင် ဒီစာအုပ်ကို ဖတ် ကြည့်သင့်ပါတယ်။ ကျွန်တော် ဘာသာပြန်တဲ့ စာအုပ်မို့ ပြောတယ်လို့ မ ထင်ကြဘဲ ခုလွတ်တော်ထဲရောက်နေတဲ့ လွတ်တော်ကိုယ်စားလှယ်တွေ လည်း ဖတ်ကြည့်သင့်ပါတယ်။ ပြုတ်သွားကြတဲ့ဝန်ကြီး အစရှိတဲ့ ခေါင်းဆောင်တွေလည်း တို့တွေးပုံလုပ်ပုံနဲ့ လီကွမ်းယူတွေးပုံက ဘယ်လောက်များ ကွာနေလို့လဲဆိုတာသိရအောင် ဒီစာအုပ်ကို ဖတ်ကြ ည့်သင့်ပါတယ်။ တစ်ခုခုသောဝါဒမှာ အစွဲသန်နေကြတဲ့ နိုင်ငံရေးသမား တွေလည်း ဖတ်ကြည့်သင့်ပါတယ်။ ဒီစာအုပ်ကို ဖတ်ကြည့်သူဟာ အရှုံး မပေါ်နိုင်ပါဘူးလို့ ကျွန်တော် ယုံကြည်ပါတယ်။

အတွေးအခေါ်အသစ်များဖြင့် နိုင်ငံသစ်ကိုတည်ဆောက်နိုင်ကြပါစေလိုကြောင်း ဆန္ဒပြုလိုက်ပါတယ်။

ဦးတင်ဦး (ကျူးရှင်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်။

*

ထုတ်ဝေသူ၏ မှတ်ချက်

လီကွမ်းယူသည် စင်ကာပူနိုင်ငံကို ဗြိတိသျှကိုလိုနီနယ်တစ်ခုမှ လွတ်လပ်၍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်ခုအဖြစ် သို့အသွင်ကူးပြောင်းလာခဲ့ကာ ဆက်လက်၍ စီးပွားရေးအရ အင်အားကောင်းသော၊ သံတမန်ရေးရာအရ ဩဇာရှိသော မြို့ပြနိုင်ငံတစ်ခုအဖြစ်သို့ပါရောက်အောင် ပို့ဆောင်ပေးခဲ့ရာတွင် အဓိကအရေးပါသော အခန်းကဏ္ဍမှ ပါဝင်လာခဲ့သူဖြစ်သည်။ ဤသို့သော အံ့သြလောက်ဖွယ်နှင့် တစ်ခါတစ်ရံတွင် စိတ်ညစ်စရာတွေနှင့် ပြွမ်းသောခရီးတွင် သူသည် သူမတူသော အရည်အချင်းများကို ပြနိုင်ခဲ့သူဖြစ်သည်။ ရံဖန်ရံခါ အငြင်းပွားဖွယ်ရာ ခေါင်းဆောင်တစ်ဦးအဖြစ်လည်း ဖြတ်သန်းလာခဲ့ရသည်။ လီကွမ်းယူသည် ယုံကြည်ချက်ပြင်းသော နိုင်ငံရေးသမားတစ်ဦးဖြစ်၏။ သူ၏မိန့်ခွန်းများသည် ဟိုလိုလိုဒီလိုလို တွေးရသော မိန့်ခွန်းများမဟုတ်၊ တစ်တစ်ခွခွနှင့် ရှင်းလင်းပြတ်သားသောမိန့်ခွန်းများ ဖြစ်ကြသည်။ စိတ်ဝင်စားစရာလည်းကောင်း၍ အလွန်ကိုးကားပြောဆိုလောက်ဖွယ်ရာများလည်း ပါဝင်၏။ ယင်းတို့မှ ယခုစုစည်းထုတ်ဝေလိုက်သော ကောက်နုတ်ချက်များတွင် တိုတိုကျဉ်းကျဉ်း ကိုးကားဖွယ်အဆိုအမိန့်တို့ ၆၀၀ နီးပါး ပါဝင်ပြီး စင်ကာပူ၏အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်တို့မှ အကြောင်းအရာခေါင်းစဉ်အမျိုးမျိုးတို့ဌ သူရှုမြင ်ထားသော အမြင်များကို အကျဉ်းချုပ်၍ ဖော်ပြထားသလိုရှိသည်။

ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်အုပ်စိုးမှုအောက်၌ အတိဒုက္ခအမျိုးမျိုး

ခံစားလာခဲ့ရသော စင်ကာပူသည် ဖြိတိသျှတို့လက်အောက်မှ လွတ်မြောက်အောင် မိမိဘာသာမိမိ ကြိုးစားပြီးနောက် မလေးရှားမှ သီးခြားနိုင်ငံအဖြစ် ခွဲမထွက်နိုင်သေးမီအချိန်၌ လီကွမ်းယူသည် သူ၏နိုင်ငံရေးသမားဘဝကို စတင်ခဲ့သည်။ ထိုအချိန်က လူမျိုးရေးတင်းမာမှုများကလည်း မြင့်မားနေ၏။ ကွန်မြူနစ်စနစ်ကလည်း အရှေ့တောင်အာရှတွင် ခြေကုပ်ရထားချိန်ဖြစ်သည်။ ကျွန်းကလေးကသေးသေး၊ အများစုက မဖွံ့ဖြိုးမတိုးတက်၊ စိန်ခေါ်မှုများကမူ အလွန်ကြီးမားနေ၏။ ထိုအချိန်က ကြုံနေခဲ့ရသော ပြဿနာများအပေါ် လီရှူမြင်ပုံများမှာ ယနေ့တိုင် ဟိန်းထွက်နေသေးပါ၏။

စင်ကာပူနှင့် ဖြိတိန်တို့၏ဆက်ဆံရေးသည် ဆက်လက်၍ ခိုင်မြနေခဲ့သည်။ ဥရောပနိုင်ငံ အများအပြားတို့က တန်းတူညီမျှ အကျိုးတူခံစားနိုင်ရန် နိုင်ငံတော်က တာဝန်ယူသောစနစ်ကို ကျင့်သုံးသော နိုင်ငံများအဖြစ် သို့ရောက်လာကြပုံများကို လီက အနီးကပ် စောင့်ကြည့်နေခဲ့သည်။ သူသည် ထိုစီးပွားရေးပုံစံကို ချက်ချင်းပင်ပယ်ချ၍ စီးပွားရေးကိုတီထွင်စွန့်စားလုပ်ကိုင်တတ်သော စွန့်ဦးတီထွင်သူများအကြောင်း၊ အလုပ်သမားဆက်ဆံရေးများအကြောင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအကြောင်းတို့ကို အာပေါင်အာရင်းသန်သန် ပြောခဲ့လေသည်။

စင်ကာပူသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ကာ အလျှံပယ်ချမ်းသာကြွယ်ဝဖြစ်လာပြီး လူထုဆက်သွယ်ရေးများသည် ကမ္ဘာ့နိုင်ငံများနှင့် ချိတ်ဆက်မိလာသောအချိန်၌ လီက အာရှ၏တန်ဖိုးများအကြောင်းကို ပြောသည်။ စင်ကာပူက လူမှုရေးအရရော စီးပွားရေးအရပါ အခြားနိုင်ငံများထက် အခွင့်အလမ်းတစ်ပန်းသာသည်မှာ ဤအာရှတန်ဖိုးများကြောင့်ဖြစ်သည်ဟု လီ ယုံကြည်သည်။ စင်ကာပူနိုင်ငံသည် လူမျိုးစုံ

နေထိုင်သောနိုင်ငံဖြစ်ကြောင်းကို အမြဲတမ်းသတိပြုမိနေသော လီသည် နှစ်ဘာသာသုံးစနစ်၏ ကောင်းကျိုးများအကြောင်းကိုရော ဆိုးကျိုးများ အကြောင်းကိုပါ သူ့စိတ်ထဲမှာရှိသည့်အတိုင်း ပြောခဲ့သည်။

လီ၏လက်တွေ့ဝါဒနှင့် ပြင်ပနိုင်ငံများကဖိအားဖြင့် ဩဇာပေးခြင်းကို မခံချင်လိုစိတ်တို့သည် သူ၏ခေါင်းဆောင်မှုပုံစံကို ထင်ဟပ်ပြနေသည်။

“ကျွန်တော်က တော့ဘယ် တော့မှ သဘောတရားတစ်ခုခုရဲ့ အကျဉ်းသားအဖြစ်မခံဘူး၊ ကျွန်တော့်ကို ရှေ့ဆောင်လမ်းပြကြတာတွေက တော့ ကျိုးကြောင်းဆင်ခြင်မှုနဲ့ ပကတိအရှိတရားတို့ပဲ ဖြစ်တယ်၊ သဘောတရားအတိုင်း၊ စီမံကိန်းတိုင်းအပေါ် ကျွန်တော်သုံးတဲ့ မှတ်ကျောက်ကတော့ ဒီသဘောတရား ဒီစီမံကိန်းဟာ အလုပ်ဖြစ်ပါ့မလားဆိုတဲ့ မှတ်ကျောက်ပဲ”

လီသည် ၁၉၉၀ ပြည့်နှစ်တွင် ဝန်ကြီးချုပ်ရာထူးမှ ဆင်းပေးခဲ့ပြီးဖြစ်သော်လည်း သူ၏အယူအဆများကို စင်ကာပူမှာ၊ အာဆီယံထဲမှာ ထက်ထက်သန်သန် လေ့လာလိုက်စားနေကြရဆဲဖြစ်သည်။ တကယ်တော့ တစ်ကမ္ဘာလုံးမှာပင် သူ့အယူအဆများကို လေ့လာလိုက်စားနေကြဆဲ ဖြစ်သည်။ သူက သဘာဝပတ်ဝန်းကျင်အကြောင်းပဲဖြစ်ဖြစ်၊ အဂတိလိုက်စားမှုအကြောင်းပဲဖြစ်ဖြစ်၊ ဒီမိုကရေစီအကြောင်း၊ ကမ္ဘာကြီး၏အနာဂတ်အကြောင်းပဲဖြစ်ဖြစ် ပြောလိုပြီဆိုလျှင် သူ့အသံကို မကြားချင်ယောင်ဆောင်ထားနိုင်သူ နည်းပေလိမ့်မည်။

ဤစာအုပ်တွင် ဖော်ပြထားသော အဆိုအမိန့်အများစုမှာ လီ လူထုအစည်းအဝေးများတွင် ပြောကြားခဲ့သော မိန့်ခွန်းများ၊ ကြေညာချက်များမှ ထုတ်နုတ်ထားခြင်းဖြစ်သည်။ ထိုမိန့်ခွန်းများ၊ ကြေညာချက်များ

ကို စင်ကာပူ အမျိုးသားမော်ကွန်းတိုက်နှင့် စင်ကာပူလွတ်တော်
မှတ်တမ်းများမှ စုဆောင်းကောက်ယူထားခြင်း ဖြစ်ပါသည်။

*

စင်ကာပူ ဟူသည်

တစ်ခါတစ်ရံ ညီညွတ်ရေးနဲ့ အကျိုးတူပူးပေါင်းရေးအကြောင်း ပြောကြတဲ့ကျွန်တော်တို့ဟာ စင်ကာပူဆိုတာ မလေးရှားရဲ့ ဈေးဆိုင်ပြတင်းပေါက်ဆိုတာကို နားမလည်ကြဘူး။ စင်ကာပူဆိုတာက လူတွေဟိုကဒီကလာပြီး အရောင်းအဝယ်လုပ်ကြတဲ့ နေရာလေးပါ။ ဗြိတိသျှတွေ၊ အမျိုးသားရေးဝါဒီတွေနဲ့ ကွန်မြူနစ်တွေရဲ့နည်းဗျူဟာတွေ စမ်းသပ်ကြည့်ရာ ဓာတ်ခွဲခန်းကလေးပါ။ ဘာကြောင့် သူတို့ ဒီလိုလုပ်ကြသလဲဆိုရင် တစ်ခုခု မှားယွင်းချွတ်ချော်ဖြစ်သွားရင် အသေးစားမှားယွင်းမှုအချို့သာ ဖြစ်မှာကြောင့်ပါပဲ။

၁၉၅၆

*

လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံရယ်လို့ ဖြစ်မလာမီမှာ နှစ်ချက်တော့ ရှိထားမှဖြစ်တယ်။ ပထမတစ်ချက်က အကျိုးစီးပွားတူ ဘုံလက္ခဏာရှိတဲ့ လူမှုရေးအတွေ့အကြုံ ဘုံသဘောဆောင်တဲ့လူတွေရှိရမယ်။ ဒုတိယတစ်ချက်က စုပေါင်းဆန္ဒကို ဖော်ဆောင်ကျင့်သုံးဖို့ လွတ်လပ်မှုအပြည့်အဝရှိရမယ်။ အဲဒီနှစ်ချက်မှာ တစ်ချက်က ကျန်တစ်ချက်ထက် အရင်ဖြစ်တာမျိုးပဲ ရှိချင်ရှိမယ်။

၁၉၆၀

*

စင်ကာပူမှာရှိတဲ့ လယ်ယာစိုက်ပျိုးမြေများနဲ့ ပတ်သက်တဲ့ ပြဿနာကို ဖြေရှင်းနိုင်စွမ်းရှိတယ်လို့ ကျွန်တော် ဟန်မဆောင်လိုပါဘူး။ အဲဒီပြဿနာဟာ အခြေခံအားဖြင့် ဖြေရှင်းလို့မရနိုင်တဲ့ ပြဿနာတွေထဲကတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ မလေးရှားမှာလို စက်မှုလက်မှုလုပ်ငန်းရဲ့ အခြေပြုရာအဖြစ် အောင်မြင်အောင် လုပ်နိုင်ခဲ့မယ်ဆိုရင်၊ လာမယ့်ဆယ်စုနှစ်မှာဆိုရင်၊ ကောင်းကောင်းလုပ်သွားနိုင်မယ်ဆိုရင်လူ အများ နားလည်ထားတဲ့ဝေါဟာရထဲမှာ စားကျက်မြေ၊ လယ်ယာစိုက်ပျိုးမြေဆိုတာမျိုး ရှိလာတော့မှာမဟုတ်ပါဘူး။ စင်ကာပူဟာ စက်မှုလက်မှုမြို့တော်တစ်ခုဖြစ်နေတော့ မြေစျေးနှုန်းကို စက်မှုလက်မှုလုပ်ငန်း အဆောက်အဦတည်ဆောက်ရေး အခြေခံပေါ်မူတည်ပြီးတော့ပဲ အဆုံးအဖြတ်ပြုသွားကြမှာ ဖြစ်ပါတယ်။

၁၉၆၄

*

လက်ကိုင်ကွင်း ဖွင့်ချလိုက်ရင် ထိုင်ခုံဖြစ်လာတဲ့ ထိုင်ခုံတုတ်ပေါ်မှာ ထိုင်ရတာထက် ခွေးခြေပေါ်ထိုင်ရတာက ပိုပြီးအဆင်ပြေပါတယ်။ အခု ကျွန်တော်တို့က ထိုင်ခုံတုတ်ပေါ် ထိုင်နေရတယ်။ ကျွန်တော်ကလည်း အဲဒီအပေါ်မှာပဲ၊ ထိုင်ခုံတုတ်ပေါ်မှာပဲ ထိုင်ဖို့ရည်ရွယ်ထားပါတယ် ။ ကျွန်တော်တို့က ၂၁၄ စတုရန်းမိုင် ဆိုတဲ့ ထိုင်ခုံတုတ်ကလေးပဲ ရထားတာဆိုတော့ အဲဒီထိုင်ခုံတုတ်ကလေးကိုပဲ ထိုင်ဖို့ ခိုင်ခိုင်ခဲ့ခဲ့ဖြစ်အောင် လုပ်သွားရပါတယ်။ ခင်ဗျားတို့ စင်ကာပူကို တွေ့မြင်ရပြီ၊ စင်ကာပူကလူတွေကို တွေ့မြင်ရပြီမဟုတ်လား။ ဒီထိုင်ခုံတုတ်ကလေးကသံမဏိနဲ့လုပ်ထားတဲ့ ထိုင်ခုံတုတ်ကလေးပါဗျာ။

၁၉၆၅

*

ကမ္ဘာကြီးရဲ့ အခြားနေရာတွေမှာ သူတို့ရဲ့ဝက်တွေ ဝက်တုပ်ကွေးရောဂါဖြစ်တဲ့အခါ လူသိမခံကြဘူး။ ဘာရောဂါမှမဖြစ်လေဟန်ဟန်ဆောင်ကြတယ်။ အဲဒီတော့ ဘာဖြစ်သလဲ။ ဝက်တွေအားလုံးကို ရောဂါကူးကုန်တာပေါ့။ အနေအထားက ဘယ်တော့မှ မပျောက်တော့တဲ့ နာတာရှည်ရောဂါမျိုး ဖြစ်သွားတယ်။ ကျွန်တော်တို့လည်း အဲဒီလို လုပ်ရင်ရတာပါပဲ။ ဒါပေမဲ့ နာတာရှည် လူ့အဖွဲ့အစည်းဖြစ်သွားမယ်။ ချူချာနေမယ်။ ဒါကြောင့် ဝက်တုပ်ကွေးကျရောက်တဲ့အခါ ကျွန်တော်တို့က ကြေညာတယ်။ လူတွေကိုသတိရှိဖို့ပြောတယ်။ ဒီတော့ ရောဂါကို မပြန့်ပွားအောင်တား ဆီး နိုင်ပြီး ပုံမှန်အခြေအနေပြန်ရောက်တယ်။ အဲဒီလိုမျိုးလုပ်ဖို့ ဒီလူ့အဖွဲ့အစည်းမှာ လိုအပ်တယ်။ အမြဲတမ်း သတိဝီရိယရှိဖို့ လုပ်နေရတယ်။ ကျွန်တော်တို့ရဲ့ ရုပ်ပိုင်းဆိုင်ရာစနစ်တွေကို တည်ဆောက်တဲ့အခါမှာ ဖြစ်တတ်တဲ့သဘာဝတရားဆိုင်ရာ နှေးကွေးမှုကို တိုက်ထုတ်ရပါမယ်။ အဲဒီလို လုပ်ရင်းမှာပဲ ကျွန်တော်တို့ဟာ ဘဝရဲ့ အရှိတရားတွေကို သူ့ပကတိအတိုင်းသိအောင် ပြုရပါမယ်။

၁၉၆၇

*

ကျွန်တော်တို့ဟာ ဘာမှမဟုတ်တဲ့ လူ ၁၅၀ လောက်သာရှိတဲ့ တံငါရွာကလေးကနေပြီး အီကွေတာ မြောက်ဘက် ၂ ဒီဂရီမှာ အကြီးမားဆုံးမြို့ကြီးတစ်ခုဖြစ်အောင် လုပ်လာခဲ့ကြတာဖြစ်တယ်။ ပြီးတော့ အီကွေတာ သူနာမည်နဲ့လိုက်အောင် ဘာမဆိုကို ထုတ်လုပ်ပေးနိုင်တဲ့ အခြားယဉ်ကျေးမှုဆိုတာလည်း တစ်ခုတည်းပဲရှိတယ်။ အဲဒါကတော့ ယုကာတန်ကျန်းဆွယ်ကမယန်းယဉ်ကျေးမှုပါပဲ။ အီကွေတာရဲ့

ငိုက်မျဉ်းတက်စေတဲ့ ရာသီဥတုပြဿနာကို ကျော်လွှားနိုင်တဲ့ အခြားလူမျိုးရယ်လို့မရှိဘူး။ ခင်ဗျားတို့ အီကွေတာ မြောက်ဘက် ၂ ဒီဂရီမျဉ်းတစ်လျှောက် လျှောက်သွားကြည့်ပါ။ အစာလည်း ကောင်းကောင်းဝပြီဆိုရင် နှစ်နာရီခွဲရင် အိပ်ကြတာချည်းပဲ။ သူတို့ဟာ အိပ်ကြတာပေါ့။ မဟုတ်ရင် သေသွားမယ်လေ။ အဲဒီလို မအိပ်တာ စင်ကာပူမှာပဲရှိတယ်။ စင်ကာပူမှာ မအိပ်ကြတာလည်း အကြောင်းရှိပါတယ်။ ပထမအကြောင်းကတော့ ခန္ဓာကိုယ်က အသုံးပြုနိုင်မယ့် ဓာတ်ပစ္စည်းတွေထုတ်လုပ်ပေးတဲ့ အကျိတ်ကောင်းတွေ ရှိကြခြင်းဖြစ်တယ်။ ဒုတိယအကြောင်းကတော့ ရည်မှန်းချက်ကောင်းတွေ ရှိလို့ပါပဲ။

၁၉၆၇

*

စင်ကာပူမှာ ဘယ်သူမှ ငတ်ပြတ်လို့သေသူမရှိဘူး။ ဘယ်သူ့ကိုမှ လည်း လမ်းပေါ်ထွက် တောင်းခွင့်ပြုမထားဘူး။ တောင်းရမ်းနေတဲ့လူကို တွေ့ရင် အိမ်တစ်အိမ်မှာ ထားပေးလိုက်ပြီး စားစရာကျွေးလိုက်တယ်။ သန့်ရှင်းရေးအလုပ်တွေ ဖွဲ့စည်းစီစဉ်ပြီး လုပ်ပေးလိုက်တဲ့အခါ နှစ်နှစ်သုံးနှစ်အတွင်းမှာပဲ အာရှမှာ အသန့်ရှင်းဆုံးမြို့ ဖြစ်လာတယ်။ ပြည်သူတွေ နားခိုတဲ့နေရာတွေမှာ သစ်ပင်ပန်းမန်တွေနဲ့ အလှပဆုံးမြို့ ဖြစ်လာပါတယ်။

၁၉၆၇

*

အာရှ သို့မဟုတ် အာဖရိကနိုင်ငံတွေထဲမှ ဥရောပကိုလိုနီအုပ်ချုပ်ရေး ကို လွဲပြောင်းယူပြီး ကိုယ့်မှာရှိတာကလေးနဲ့ တိုးတက်အောင်လုပ်

ယူတဲ့ နိုင်ငံမျိုးဟာ မရှိသလောက်ပါပဲ။ ကျွန်တော်တို့ပဲ အဲဒါကို လုပ်ယူနိုင်ခဲ့တယ်။ ဘာကြောင့် အဲဒီလိုလုပ်နိုင်ခဲ့သလဲဆိုရင် ကျွန်တော်တို့က ကျွန်တော်တို့ရဲ့ ပြဿနာတွေကို ရင်ဆိုင်ရမှာ ဘယ်တော့မှမကြောက်ခဲ့လို့ အဲ့ဒီပြဿနာတွေကို အားနဲ့မာန်နဲ့ ကိုင်တွယ်ဖြေရှင်းရမှာ မကြောက်လို့ပါပဲ။

၁၉၆၈

*

ကျွန်တော်တို့ဟာ ဂျပန်နဲ့ ဥရောပကြားမှာ သဘော်ဘတွေ ရေဖောက်ထုတ်ထားတဲ့ သဘော်လွန်းကျင်းမှာပဲဖြစ်ဖြစ်၊ ရေပေါ်မှာပဲဖြစ်ဖြစ် ဝင်ကပ်ဖို့ သို့မဟုတ် ပြင်ဆင်ဖို့ အကောင်းဆုံးနေရာဖြစ်အောင် စင်ကာပူကိုလုပ်သွားရမယ်။ ကျွန်တော်တို့ဟာ သဘော်ပြင်ဆင်တဲ့နေရာဌာန၊ သဘော်ဘတည်ဆောက်တဲ့နေရာဌာနအဖြစ် တည်ထောင်ပြီးတာနဲ့ တစ်ပြိုင်နက် အဲဒီလိုအခြေအနေမျိုးကို အကြာကြီး ဆက်ထိန်းသိမ်းသွားနိုင်လိမ့်မယ်။ ဘာကြောင့်လဲဆိုရင် လေဆိပ်ပဲဖြစ်ဖြစ်၊ သဘော်ဆိပ်ပဲဖြစ်ဖြစ်၊ သဘော်ကျင်းပဲဖြစ်ဖြစ် သူများထက် သာလွန်ကောင်းမွန်အောင် တည်ဆောက်သွားနိုင်တာနဲ့အမျှ အခြားနေရာမှာသွားပြီး ဆိုက်ကပ်ဝင်နားဖို့ ခက်သွားမှာဖြစ်လို့ပဲ။ ဘာကြောင့်လဲဆိုရင် အခြားနိုင်ငံတွေဟာ သူတို့ထက် သာလွန်တဲ့ကောင်းမွန်တဲ့၊ သူတို့ထက် ကျွမ်းကျင်မှုနဲ့ အရည်အချင်းမြင့်မားတဲ့၊ ပြီးတော့ အရှည်သဖြင့် တည်ဆောက်ထားပြီး ဖောက်သည်တွေရှိနေတဲ့ အခြေကျပြီး နေရာဌာနတစ်ခုကို ပြိုင်ကြရမှာဖြစ်လို့ပဲ။

၁၉၇၁

*

ဖွံ့ဖြိုးပြီးနိုင်ငံတွေက ခေါင်းမာတဲ့ စက်မှုလက်မှုလုပ်ငန်းရှင်တွေနဲ့ ဘဏ်လုပ်ငန်းရှင်တွေဟာ ဘယ်တော့မှ မလိုအပ်တဲ့စွန့်စားမှုမျိုးကို မ လုပ်ကြဘူး။ သူတို့ဟာ ရင်းနှီးမြုပ်နှံမှုမပြုမီမှာ နိုင်ငံရေးတည်ငြိမ်ပြီး စက်မှုလက်မှုလုပ်ငန်း ငြိမ်းငြိမ်းချမ်းချမ်းလုပ်နိုင်တဲ့နေရာ ဘယ်မှာရှိ သလဲဆိုတာ ကမ္ဘာမှာ လိုက်ရှာကြည့်တက်ကြတယ်။ ဒီအခါ စင်ကာပူ ဟာ အဲဒီလိုနေရာဌာနမျိုးပဲလို့ သူတို့တွေ့ကြတယ်။ ဒါကြောင့် အရင်းအနှီး၊ စက်ပစ္စည်း၊ နည်းပညာနဲ့ ဘဏ်လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုပညာတွေ စင်ကာပူကို လိမ့်ဝင်လာကြခြင်းပဲ။

၁၉၇၂

*

ကျွန်တော်တို့က မြေစျေးကြီးတာနဲ့ မြို့လယ်ဗဟိုဌာနကနေပြီး လူ တွေ အခြားနေရာကို တဖြည်းဖြည်းရွှေ့သွားစေအောင် မရည်ရွယ်ပါ ဘူး။ အဲဒီလိုမြို့မျိုးဖြစ်လာဖို့ လုပ်တာဟာလည်း အလကားအချိန်ဖြုန်း သလိုပဲ ရှိမှာပေါ့။ ကျွန်တော်တို့က စင်ကာပူဟာ မိုးသောက်ရောင်နီလာ ချိန်ကစလို့ ညဉ့်သန်းခေါင်ယံအထိ အုန်းအုန်းကျွက်ကျွက် ဆူဆူညံညံရှိ နေ တဲ့ နေရာဌာန၊ သက်ဝင်လှုပ်ရှား ရင်ခုန်စရာတွေနဲ့ ပြည့်နေတဲ့ နေရာဌာနပဲလို့ ရွေးယခင်အကြာကြီးတကည်းက သိလာခဲ့တဲ့ အခြား ဘယ်မြို့ကြီးတွေနဲ့ ဘယ်လိုမှမတူတဲ့လက္ခဏာကို မပျောက်ပျက်အောင် ထိန်းသိမ်းထားရပါမယ်။

၁၉၇၆

*

ကျွန်တော်တို့ဟာ ဗြိတိန်နိုင်ငံမဟုတ်ဘူး။ ဗြိတိန်နိုင်ငံ ဖြစ်ချင်လို့

လည်းမရဘူး။ အဲဒါကို မမေ့ပါနဲ့။

၁၉၇၆

*

ကိုယ်ဝန်ဆောင်အမျိုးသမီးတွေက ဘာကြောင့် စင်ကာပူကိုလာပြီး မီးဖွားချင်တာလဲလို့ ခင်ဗျားတို့ ထင်သလဲ။ ဘာကြောင့်လဲဆို အဲဒီမွေးလာတဲ့ကလေးက စင်ကာပူနိုင်ငံသားဖြစ်လာနိုင်လို့ မဟုတ်ဘူးလား။ စင်ကာပူနိုင်ငံသားဖြစ်သွားပြီဆိုရင် အလုပ်အကိုင်လည်း ရခွင့်ရှိသွားမယ်။ ပညာသင်ခွင့်လည်း ရသွားမယ်။ အကုန်လုံးဖြစ်သွားတယ်။ ဒါဟာ ကျွန်တော်တို့ ထူထောင်ထားတဲ့လူ့အဖွဲ့အစည်းရဲ့ ချီးမွမ်းဖွယ်အကျိုးကျေးဇူးပဲ ဖြစ်ပါတယ်။

၁၉၇၆

*

ကျွန်တော်တို့ဟာ လူတိုင်းလူတိုင်းက ကိုယ့်အသင်းအဖွဲ့အတွက်၊ ကိုယ့်နိုင်ငံအတွက် အမြင့်မားဆုံးအောင်မြင်မှုရအောင် အကောင်းဆုံး ပေးသွားမယ်ဆိုတဲ့ အသင်းအဖွဲ့စိတ်ဓာတ်ကို တည်ဆောက်နိုင်ကြတယ်။ တစ်ဖန် အတုံ့အပြန်အားဖြင့် အသင်းအဖွဲ့က ကိုယ့်နိုင်ငံက လူတစ်ဦးချင်းကို မျှမျှတတ တန်းတူရည်တူ ပြန်လည်စောင့်ရှောက်ပေးနိုင်တယ်။ အစိုးရလုပ် အုပ်ချုပ်ခြင်း အတက်ပညာဆိုတာဟာ အသင်းအဖွဲ့စိတ်ဓာတ် တည်ဆောက်ခြင်းအတက်ပညာပါပဲ။

၁၉၈၀

*

‘ထူးချွန်မှု’ဆိုတာကတော့ ပြိုင်ဆိုင်ရတဲ့ကမ္ဘာကြီးထဲမှာ စင်ကာပူ ဘယ်ပုံ အသက်ရှင်ကျန် ရပ်တည်နိုင်ခဲ့ပုံကို အတိုဆုံး နဲ့ အရှင်းဆုံး စကားတစ်လုံးတည်းနဲ့ ဖော်ပြလိုက်တဲ့စကားပါပဲ။

၁၉၈၇

*

အောင်မြင်အောင်ကြိုးစားရမယ့် လူ့အဖွဲ့အစည်းဟာ ထူးချွန်မှုကို ပျိုးထောင်ယူခြင်းနဲ့ သာမန်အဆင့်ကို တိုးတက်လာအောင် အားပေးခြင်း တို့ နှစ်ခုအတွင်းမှာ ချိန်ခွင်လျှာမျှနေအောင် ထိန်းသိမ်းသွားရပါမယ်။ ဒီလူ့အဖွဲ့အစည်းအတွင်းမှာ အတူတူရှိနေကြတဲ့လူတွေအကြားမှာ ပူးပေါင်းဆောင်ရွက်မှုနဲ့ ယဉ်ပြိုင်မှုနှစ်ခုစလုံး ရှိနေစေရပါမယ်။ စင်ကာပူ က ပူးပေါင်းဆောင်ရွက်မှုနဲ့ ယဉ်ပြိုင်မှုတို့ဟာ အားလုံးသောပြည်သူတွေရဲ့ လူနေမှုအဆင့်အတန်းကို တိုးတက်စေခဲ့ပါတယ်။

၁၉၈၇

*

အ တိ တ် မှာ အ သ က် ရှ င် ရ ပ် တ ည် နိ ု င် ရေး နဲ့ ဆင်းရဲမွဲတေခြင်းနဲ့ ပတ်သက်တဲ့ ကြီးမားတဲ့စိန်ခေါ်မှုတွေ တစ်ခုပြီးတစ်ခု ဆက်တိုက်ဖြစ်ခဲ့တယ်။ ကျွန်တော်တို့ဟာ အန္တရာယ်ကို ပပျောက်သွားအောင် မလုပ်နိုင်ကြသော်လည်း အသက်ရှင်ရပ်တည်နိုင်အောင်တော့ လုပ်နိုင်ခဲ့တယ်။ နေအိမ်၊ ကျောင်း၊ ဆေးရုံနဲ့ ကျန်းမာရေးစောင့်ရှောက်မှု၊ အလုပ်အကိုင် အစရှိတဲ့ အခြေခံလိုအင်တွေကို ဖြည့်ဆည်းပေးနိုင်ခဲ့တယ်။ ဒါပေမဲ့လည်း ဘယ်အရာမှာမှတော့ စိတ်ကူးစံနှုန်းပြည့်မျိုး မဖြစ်သေးပါဘူး။ အဲဒီဟာတွေကို ကျွန်တော်တို့ လုပ်ပေးသွားတဲ့အပေါ်မှာ နောက်လာမ

ယ့်မျိုးဆက်က ဒီထက်တိုးတက်ကောင်းမွန်အောင် လုပ်သွားရပါမယ်။

၁၉၈၉

*

အမေရိကန်နိုင်ငံမှာ နယူးယောက်ဟာ ဘဏ်လုပ်ငန်းနဲ့ အစုရှယ်ယာ အရောင်းအဝယ်လုပ်ငန်းတွေနဲ့ ဆေးပစ္စည်းလုပ်ငန်းတွေရဲ့ အချက်အချာနေရာဖြစ်သလို ရှီကာဂို ဟာလည်း နိုင်ငံခြားငွေကြေး အရောင်းအဝယ် ဗဟိုဌာနဖြစ်တယ်။ ဥရောပမှာ လန်ဒန်ဟာ ငွေကြေး ရန်ပုံငွေအတွက် စိတ်ချလက်ချ လုပ်ကိုင်နိုင်တဲ့နေရာဖြစ်ပါတယ်။ စင်ကာပူဟာလည်း အရှေ့အာရှရဲ့ ရှီကာဂိုနဲ့ ဇူးရစ်ဖြစ်တယ်။ ကျွန်တော်တို့မှာ စိတ်ချလက်ချ ရောင်းဝယ်နိုင်ရာ နေရာဒေသအဖြစ် မှတ်တမ်းရှိတယ်။

၁၉၉၄

*

ကျွန်တော်တို့ဟာ ငယ်ပင်ငယ်ပေမဲ့လည်း နိုင်ငံတကာ ကုန်စည်နဲ့ ဝန်ဆောင်မှု ဖလှယ်ရေးစနစ်၊ ရင်းနှီးမြှုပ်နှံမှု၊ ဘဏ်လုပ်ငန်းနဲ့ ငွေကြေး၊ သယ်ယူပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဖလှယ်ရေးစနစ်ထဲမှာ အသုံးဝင်တဲ့ အစိတ်အပိုင်းတစ်ရပ်ဖြစ်အောင် ကိုယ့်ဘာသာကိုယ် လုပ်ယူလာခဲ့ကြရတယ်။ ကျွန်တော်တို့ သာတိုးတက်တဲ့နိုင်ငံတွေနဲ့ လိုက်လျောညီထွေ မဖြစ်ခဲ့ဘူးဆိုရင် လယ်ယာစိုက်ပျိုးရေးနဲ့ တံငါနိုင်ငံကလေးအဆင့်လောက်ပဲ ရှိနေမှာပဲ။ ကျွန်တော်တို့ရဲ့လူဦးရေဟာလည်း စင်ကာပူကို လွတ်လပ်တဲ့သဘော်ဆိပ်ကမ်းလုပ်ဖို့ ပထမဆုံးအကြိမ် အဖြစ် အရှေ့အိန္ဒိယကုမ္ပဏီ ရောက်လာစဉ်ကလိုပဲ နည်းနည်းကလေးနဲ့

လူဦးရေ ၁၂၀ လောက်ရှိတဲ့ တံငါရွာကလေးမျှသာဖြစ်နေမယ်။ ငါးဖမ်း၊ ပင်လယ်ဓားပြတိုက်အဆင့်လောက်နဲ့ပဲ မသေရုံ ရှာဖွေစားသောက်ရတဲ့ အဆင့်မျိုးလောက်သာ ရှိနေမယ်။

၁၉၉၆

*

လူ တွေ က စင်ကာပူရဲ့အားနည်းချက် ပျော့ကွက်ဟာကွက်တွေကို သ တိ မ ထား မိ ကြ ဘူး။ သူ တို့ အား လုံး သိ နေ ကြ တာ က စင်ကာပူဟာ ယှဉ်ပြိုင်နိုင်မှုမှာ နံပါတ် (၁)၊ နံပါတ် (၂) ပဲ။ သဘော်ဆိပ်မှာ နံပါတ် (၁)၊ လေဆိပ်မှာ နံပါတ် (၁) စသဖြင့် ဖြစ်တယ်။ တစ်ခါတစ်ရံမှာ လူတွေကို ပြင်းပြင်းထန်ထန် ခိုင်းလို့ ဘဝမှာနေရတာက စိတ်ဖိအားတွေများဆိုပြီး ညည်းညူချင်ကြတယ်။ အဲဒီလိုဆိုရင် နံ ပါ တ် (၂)၊ နံ ပါ တ် (၃)၊ နံပါတ် (၄) နဲ့ပဲ နေ ကြ ပါ တော့ လား။ ဒါ ပေ မဲ့ အဲ ဒါ က အရေးကြီးတယ်။ အကယ်၍သာ ကျွန်တော်တို့ဟာ ယဉ်ပြိုင်မှုမှာ ထိပ်ဆုံးနီးပါးမရောက်ခဲ့ရင် သဘော်ဆိပ်တို့၊ လေဆိပ်တို့၊ လေကြောင်းလိုင်းတို့မှာလည်း ဘယ်ကလာ နံပါတ် (၁) ဖြစ်နိုင်တော့မှာလဲ။ အမှန်ပြောရရင် သီးခြားလွတ်လပ်တဲ့စင်ကာပူရယ်လို့လည်း ဘယ်မှာဖြစ်လာတော့မှာလဲ။ ဒါက ရှင်းနေတာပဲလေ။

၁၉၉၆

*

စင်ကာပူဟာ အရွေ့အာရှဒေသက တတိယနိုင်ငံတစ်ခုမှာ ရင်းနှီးမြုပ်နှံကြတဲ့ ကုမ္ပဏီတွေအတွက် မဟာဗျူဟာကျတဲ့ မဟာမိတ်တွေအ ဖြ စ် စု စ ည်း ပေး နိုင် မ ယ့် အ ကျိုး တူ ဆော င် ရွ က် မှု ဗဟိုဌာနတစ်ခု

အ ဖြ စ် ဆောင် ရွက် ပေး နိုင် တ ယ်။ ကျွန် တော် တို့ ဟာ ဥပဒေ စည်း မျဉ်း တွေ ၊ စွဲ း ကွက် ရဲ့ ကန့် သတ် ချက် အ ခြေ အ နေ တွေ၊ ယဉ် ကျေး မှု နဲ့ စီး ပွား ရေး လုပ် ငန်း အ လေ့ အ ကျင့် တွေ နဲ့ ရင်း နှီး ကျွမ်း ဝင် နေ တဲ့ အ ပြင် ကျွန် တော် တို့ မှာ လူ သား ဆက် သွယ် ရေး ဆို တဲ့ ကွမ် ရှီ ကြွယ် ဝ မှု က လည်း ရှိ နေ တ ယ်။

၁၉၉၆

*

စင် ကာ ပူ ဟာ ဒေ သ အ တွင်း မှာ သ ဘာ ဝ အ ရင်း အ မြစ် အ ဆင်း ရဲ ဆုံး နိုင် ငံ ဖြစ် ပါ တ ယ်။ ဒါ ကြောင့် ကျွန် တော် တို့ ဟာ မ ရိုး သား လို့ မ ဖြစ် ဘူး။ အ ရည် အ ချင်း မ ရှိ လို့ မ ဖြစ် ဘူး။ ဆင်း ရဲ ဒုက္ခ တွင်း က လွတ် မြောက် အောင် မ လုပ် နိုင် လို့ မ ဖြစ် ပါ ဘူး။

၁၉၉၈

*

စ င် က ာ ပူ ဟ ာ က မ္ဘ ာ ကြီး နဲ့ အ မီ လို က် နိုင် အော င် လု ပ် တဲ့ နည်း နဲ့ သ ာ လျှ င် ရှင် ကျန် ရ ပ် တ ည် နိုင် ခဲ့၊ တိုး တ က် ကြီး ပွား လ ာ ခဲ့ ခြင်း ဖြစ် တ ယ်။ လွန် ခဲ့ တဲ့ ရာ စု နှ စ် အ တွင်း က ကျွန် တော် တို့ က ဟ င်း ခ တ် အ မွေး အ ကြိုင် လော က် သ ာ ရော င်း ဝ ယ် ခဲ့ က ြ တ ယ်။ ဒီ ရာ စု နှ စ် ထဲ ရော က် လ ာ တော့ သံ ဖြူ နဲ့ ရော် ဘ ာ တို့ ရော င်း ဝ ယ် လ ာ နိုင် တ ယ်။ ၁၉၆၅ ခု နှ စ် မှ ာ လွ တ် လ ပ် ရေး ရ ပြီး နော က် မှ ာ သ မ န် ကု န် ချော ထု တ် နိုင် ငံ အ ဖြစ် ရော က် လ ာ တ ယ်။ အ ခု တော့ ကျွန် တော် တို့ ဟ ာ ဝ ေ ဖ ာ မု န့် ၊ ဆေး ဝါး ပ စ္စ ည်း တွေ ရော င်း ဝ ယ် တဲ့ နိုင် ငံ၊ အ ာ ရှ ဒေ ကြေး ယူ နစ် တွေ ရော င်း ဝ ယ် တဲ့ နိုင် ငံ ဖြစ် လ ာ တ ယ်။ က မ္ဘ ာ့ စီး ပွား ရေး ပြော င်း လဲ လ ာ သ လို ကျွန် တော်

တို့လည်း ပြောင်းလိုက်လာခဲ့တယ်။

၁၉၉၉

*

ကျွန်တော့်မဟာဗျူဟာရဲ့ လက်ရုံးတစ်ဖက်ကတော့ စင်ကာပူကို အရှေ့တောင်အာရှရဲ့ အိုအေစစ်ဖြစ်အောင်လုပ်ဖို့ပဲ။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့ဟာ ကမ္ဘာအဆင့်မှာ နံပါတ်(၁) ရောက်လာခဲ့ရင် စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ခရီးသွားတွေဟာ သူတို့ရဲ့စီးပွားရေးလုပ်ငန်းနဲ့ ဒေသအတွင်း ခရီးသွားလာမှုတွေအတွက် စင်ကာပူကို အခြေစိုက်နေရာအဖြစ် လုပ်သွားကြမှာကြောင့် ဖြစ်ပါတယ်။

၂၀၀၀

*

ကျွန်တော်တို့ဟာ ရှင်ကျန်ရပ်တည်ဖို့ မဖြစ်လောက်အောင်တောင် အခက်အခဲပြဿနာတွေကို ရင်ဆိုင်ခဲ့ကြရတယ်။ စင်ကာပူဟာ သဘာဝအတိုင်းဖြစ်နေတဲ့နိုင်ငံ မဟုတ်ပါဘူး။ လူကလုပ်ယူရတဲ့နိုင်ငံပါ။ ကုန်သွယ်ရေးလုပ်ရာနေရာကလေးကိုဗြိတိသျှတွေက ကမ္ဘာ့ရေကြောင်း အင်ပါယာကြီးမှာ ပေါင်းဆုံရာ နေရာအဖြစ် ပြောင်းလဲပေးခဲ့တဲ့နိုင်ငံ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ဒီကျွန်းကို ကုန်းတွင်းပိုင်းမရှိတဲ့ နိုင်ငံအဖြစ်၊ ခန္ဓာကိုယ်မပါတဲ့ နှလုံးသားအဖြစ် အမွေဆက်ခံယူလာရခြင်းဖြစ်တယ်။

၂၀၀၀

*

အာဖရိကမှာရှိတဲ့လူတစ်ယောက်က မွန်ဂိုလီးယားမှာရှိတဲ့လူတစ်ယော က် နဲ့ အင်တာနက်ကနေတစ်ဆင့် ဆက်သွယ်လို့ရနိုင်လောက်အောင် ဘယ်လောက်ပဲ နည်းပညာတွေ တိုးတက်နေပြီဆိုစေ အဆုံးမှာတော့ ကုန်ပစ္စည်းတွေနဲ့ လူတွေ ရွှေ့လျားစေမယ့် အရောင်းအဝယ်လုပ်ငန်းကတော့ လိုတာပါပဲ။ စင်ကာပူမှာက အဲဒီအခွင့်အလမ်းသာမှု ရှိနေတယ်။ စင်ကာပူဟာ ကမ္ဘာ့ကုန်စည်တွေ၊ လမ်းပန်းဆက်သွယ်မှုနဲ့ သယ်ယူပို့ဆောင်ရေးတွေ၊ ဘဏ်နဲ့ငွေကြေးလုပ်ငန်းတွေရဲ့ဗဟို အချက်အချာတစ်ခု ဖြစ်နေပါပြီ။ ကမ္ဘာအဆင့်မီ အခြေခံအဆောက်အဦတွေ ရှိနေရုံမကစင်ကာပူလို့ဆိုလိုက်တာနဲ့ ယုံကြည်ရတဲ့၊ အရည်အချင်းကောင်းတွေရှိတဲ့၊ လျင်မြန်မှုနဲ့ စိတ်ချရမှုရှိတဲ့ နိုင်ငံပဲဆိုတဲ့ အမှတ်တံဆိပ်လည်း ရရှိနေပါပြီ။

၂၀၀၁

*

အိန္ဒိယလို လူဦးရေ သန်း ၁၀၀၀ ရှိတဲ့ နိုင်ငံကြီး၊ တရုတ်လို လူဦးရေသန်း ၁၃၀၀ ရှိတဲ့ နိုင်ငံကြီးနှစ်နိုင်ငံနဲ့ လူဦးရေစုစုပေါင်း သန်း ၅၀၀ ရှိတဲ့ ဥရောပအလယ်ပိုင်း၊ အရှေ့ပိုင်းနဲ့ ရုရှားတို့လို နိုင်ငံတွေ ကမ္ဘာ့ဈေးကွက်ထဲဝင်လာကြတော့ ကျွန်တော်တို့ရဲ့ ယဉ်ပြိုင်ရမှုအနေအထားကပြောင်းလဲလာတယ်။ ကမ္ဘာကြီးမှာ ကျွန်တော်တို့ကို ယဉ်ပြိုင်မယ့်၊ ပိုပြီးချွေးငှဲ့နေကြတဲ့၊ ပိုပြီး တက်ကြွတဲ့၊ ပိုပြီးငတ်မွတ်တဲ့ အလုပ်သမားတွေကလည်း သန်းနဲ့ချီ ရှိလာကြတယ် ။ ကျွန်တော်တို့ဟာ အဲဒီလို ယဉ်ပြိုင်ရမယ့်ပြိုင်ပွဲမှာ ပိုပြီးပညာတက်မှ၊ ပိုပြီးကျွမ်းကျင်မှ၊ ရင်းနှီးမြှုပ်နှံမှုအတွက် ပိုပြီးရင်းနှီးမြှုပ်နှံစရာကောင်းသလို ပိုပြီးလုံခြုံမှုရှိတဲ့ ပတ်ဝန်းကျင်မျိုးကို ထိန်းသိမ်းထားနိုင်မှသာလျှင် နေရာရနိုင်မယ်။ လုံခြုံမှုနဲ့ စက်မှု

လက်မှုငြိမ်းချမ်းမှုကိုပေးနိုင်တဲ့အစိုးရမျိုးလည်းဖြစ်ဦးမှ၊ ရင်းနှီးမြှုပ်နှံမှုအရင်းအပေါ်က သင့်လျော်တဲ့ အမြတ်အစွန်းမျိုး ပြန်ရနိုင်တဲ့အခြေအနေမျိုးလည်းရှိပါဦးမှ အဲဒီလိုနေရာ ရနိုင်မှာဖြစ်တယ်။ ဒါဟာ အရေးကြီးတဲ့အခြေခံအချက်တွေပဲ။

၂၀၁၃

*

ကျွန်တော်ဟာ အသက် ၂၀ ကျော် အရွယ်မျိုးနဲ့ ငယ်တဲ့သူတစ်ဦးသာဆိုရင် စင်ကာပူဟာ နေဖို့ကောင်းတဲ့ အကောင်းဆုံးနေရာတွေထဲကတစ်ခုပါ။ ဘဝမှာ အကောင်းဆုံးလုပ်သွားနိုင်မယ့် ခိုင်မာတဲ့ အခြေခံတစ်ခုဖြစ်တဲ့ ပညာရေးကောင်းကို ကျွန်တော် ရနိုင်တယ်။ ကျွန်တော်ဟာ စင်ကာပူပေါက် တရုတ်၊ မလေး သို့မဟုတ် ကုလား ဘာပဲဖြစ်ဖြစ်ပါ။ ပထမတန်းစားပညာရေးကိုတော့ ရနိုင်တယ်။ အကောင်းဆုံးကျန်းမာရေးစောင့်ရှောက်မှုကို ရနိုင်တယ်။ ကိုယ်တက်နိုင်လောက်တဲ့ငွေကြေးမျိုးနဲ့ နေစရာအိုးအိမ်ကောင်း ရနိုင်တယ်။ သားသမီးတွေကို ပညာသင်ပေး ပို့ထောင်ပေးနိုင်တဲ့ လုံခြုံစိတ်ချရတဲ့ ပတ်ဝန်းကျင်မျိုးလည်း ရနိုင်တယ်။ အင်္ဂလိပ်စာကို ပထမဘာသာစကားအဖြစ် သင်ယူနိုင်ခြင်းအားဖြင့် အခွင့်အလမ်းတွေကို အမြင့်မားဆုံးရယူနိုင်တယ်။ ကိုယ်ပြောတဲ့တရုတ်ဘာသာစကားကိုလည်း ထိန်းသိမ်းထားလို့ရနိုင်ပြီး မလေးဘာသာစကားကို တတိယဘာသာစကားအဖြစ်လည်း သင်ယူလို့ရသေးတယ်။ အဲဒီလို သုံးဘာသာတက်လာတဲ့အခါ အင်ဒိုနီးရှားကလူတွေ၊ မလေးရှားကလူတွေ ရုပ်မြင်သံကြားနဲ့ သတင်းတွေမှာ ပြောကြဆိုကြတဲ့စကားကို ကျွန်တော်နားလည်နိုင်တယ်။ အင်္ဂလိပ်ဘာသာစကားက ကျွန်တော် ကျွမ်းကျင်တဲ့ ဘာသာစကားဖြစ်နေတော့ ကျွန်တော်

တက်တဲ့ မန်ဒရင်းတရုတ်စကားဟာ တရုတ်ပြည်က ပူတုန်ဟွာမှာပြောတဲ့ မန်ဒရင်းစကားနဲ့ ဘယ်လိုမှ မတူညီနိုင်ဘူး။ ကျွန်တော်ကလည်း တရုတ်ပြည်က တရုတ် မဖြစ်လိုပါဘူး။ ဒီတော့ တရုတ်ပြည်က ဘယ် တရုတ်နဲ့ ဖက်စပ်ဖက်စပ် ကျွန်တော့်ရဲ့အပိုတန်ဖိုးက သုညပဲ ဖြစ်နေပါတော့တယ်။ သူတို့မှာ လူဦးရေ သန်း ၁၃၀၀ ရှိပြီး ဖြစ်နေတော့လည်း နောက်ထပ်တရုတ်တစ်ယောက်တိုးဖို့ မလိုတော့ပါဘူး။ ဒါကြောင့်လည်း ကျွန်တော်က အင်္ဂလိပ်စာကို ပထမဘာသာစကားအဖြစ်နဲ့ဖြစ်စေ၊ ဒုတိယဘာသာစကားအဖြစ်နဲ့ဖြစ်စေ သုံးပြီး တစ်ကမ္ဘာလုံးနဲ့ အမေရိကန်နဲ့၊ ဥရောပတိုက်သားတွေနဲ့၊ ဂျပန်နဲ့၊ အိန္ဒိယလူမျိုးတွေနဲ့၊ အာဆီယံနဲ့၊ အခြားလူမျိုးတွေနဲ့ပါ ဆက်သွယ်နေလို့ရတဲ့ စင်ကာပူတရုတ်ဖြစ်နေခြင်းပါပဲ။ ဒါကြောင့်လည်း ကျွန်တော်ဟာ တရုတ်ပြည်က တရုတ်နဲ့ သမဝါယမလုပ်ငန်းမျိုးမှာလည်း တန်ဖိုးကို ဖြည့်ထည့်ပေးနေနိုင်ခြင်းပါပဲ ။ ကျွန်တော့် အဖို့ လိုအပ်တာက မန်ဒရင်းဘာသာစကား လိုအပ်သလောက်တက်ထားပြီး တရုတ်တွေနဲ့ အလုပ်လုပ်တဲ့အခါ လွယ်လွယ်ကူကူ အဆင်ပြေပြေဖြစ်စေမယ့် ယနေ့ခေတ် တရုတ်ယဉ်ကျေးမှုကို နားလည်ထားရုံပါပဲ။ စင်ကာပူက ကျွန်တော့်ရဲ့ အမြဲတမ်းနေအိမ်၊ ကျွန်တော့်နိုင်ငံဖြစ်နေတော့ ကမ္ဘာပေါ်က ကြိုက်ရာနေရာကို အပန်းဖြေသွားမလား၊ စီးပွားရေးလုပ်ငန်းလုပ်ဖို့သွားမလား ကျွန်တော် သွားလို့ရနေပါတယ်။

၂၀၀၄

*

ဝန်ကြီးချုပ်နဲ့ အစိုးရအဖွဲ့ဝင်အများစုတို့ (စင်ကာပူတွေ ကာစီနို လောင်းကစားဝိုင်းများ ထောင်ခွင့်ပြုတဲ့) ဆုံးဖြတ်ချက်ချခဲ့တာ မှန်တယ်

လို့ ကျွန်တော် ယူဆတယ်။ စင်ကာပူက ကမ္ဘာသိကြည်ာခဲ့ပြီးနောက် တစ်နှစ်လောက်ရှိမှ “ခွင့်မပြုနိုင်ဘူး”လို့ ပြောခဲ့ရင် စင်ကာပူကို ကမ္ဘာက တစ်မျိုးထင်စရာဖြစ်လာအောင် လုပ်သလိုရှိမယ်။ ကျွန်တော်တို့ဟာ အမှိုက်တစ်ပင်မျှ မရှိတဲ့၊ လေအေးစက်ဖွင့်ထားတဲ့နေရာတွေမှာ မီးခိုးငွေ့မရှိတဲ့ ဘာဆိုဘာမျှမရှိ၊ ပျော်စရာလည်းမရှိတဲ့ အရင်ကစင်ကာပူအတိုင်းပဲ ဘာမျှမပြောင်းလဲဘဲ ရှိရှင်းစွဲကလေးအတိုင်းပဲ နေချင်တယ်လို့ ထင်စရာဖြစ်မယ်။

၂၀၀၅

*

စင်ကာပူဟာ အခုဆို ကုန်အမှတ်တံဆိပ်တစ်ခုလို ဖြစ်နေပါပြီ။ ရေနံထုတ်လုပ်တဲ့ ပင်လယ်ကွေ့နိုင်ငံတွေက စင်ကာပူသားတွေကို လိုချင်ကြတယ်။ ဘာကြောင့်လို့ဆိုရင် စင်ကာပူနိုင်ငံသားတွေက လုပ်ရည်ကိုင်ရည်ရှိတယ်၊ ရိုးသားတယ်၊ စနစ်မှန်နည်းမှန်နဲ့ အဖြေရာတက်တယ်လို့ သိထားကြလို့ပဲ။ အဲဒီနိုင်ငံတွေက စင်ကာပူစနစ်ကို ကြိုက်တယ်။ စင်ကာပူစနစ်ထဲက တချို့ဟာတွေကို ကျင့်သုံးချင်ကြတယ်။

၂၀၀၆

*

စင်ကာပူရဲ့ ပြည်သူလူထုအိမ်ရာမူဝါဒမှာ အိမ်ကို ကိုယ်ပိုင်ပိုင်ဆိုင်ခွင့်ရှိတဲ့စနစ် ချထားနိုင်ခြင်းဟာ ကျွန်တော်တို့ရဲ့ အဓိကမှတ်တိုင်ပဲ။ နိုင်ငံရှိလူဦးရေအများစုဟာ အိမ်ကိုငှားမနေရဘဲ ကိုယ်ပိုင်အိမ်နဲ့ နေနိုင်ကြတယ်။ ကိုယ်ပိုင်အိမ်ရာက သိပ်အရေးကြီးတယ်။ ဘာကြောင့်လဲဆိုရင်

စင်ကာပူဟာ ဘုံတူညီတဲ့၊ သမိုင်းမရှိတဲ့ လူ့အသိုင်းအဝန်းတစ်ခုဖြစ်နေလို့ ပဲ ။ ကျွန် တော် တို့ စင်ကာပူနိုင်ငံသားဆိုတာတွေဟာ အာရှဒေသအမျိုးမျိုးက လာနေကြသူတွေဖြစ်တယ်။ ကိုယ်ပိုင်အိမ်ရာစနစ်မျိုး လုပ်ပေးထားလိုက်တော့ စင်ကာပူမှာ အခြေမြဲမြဲချလို့ နေချင်တဲ့စိတ်မျိုးကို အမြန်နဲ့ပုံသွင်းပေးနိုင်တယ်။ လူမျိုးတစ်မျိုး နိုင်ငံတစ်နိုင်ငံအဖြစ် ပုံဖော်ယူရာမှာ ဒါဟာ အခြေခံအုတ်မြစ်ပဲ။ ဒါဟာ ငါ့အိမ်ပဲလို့ ဂုဏ်ယူစိတ်က ကျွန်တော်တို့ရဲ့ အိမ်ရာခြံမြေတွေကို ဆင်းရဲသားရပ်ကွက်လို ဖြစ်သွားစေခြင်းက နေ ကာကွယ်ပေးတယ်။ အခြားနိုင်ငံတွေမှာဆိုရင် အဲဒီလိုပြည်သူ့အိမ်ရာအတွက် အဲဒီလိုလုပ်မပေးနိုင်တဲ့ဒဏ်အဖြစ် ကြမ္မာဆိုးကြုံရတယ်။

၂၀၀၉

*

စင်ကာပူနိုင်ငံသားများ

နိုင်ငံသားဖြစ်ခြင်းဟာ အဓိကအားဖြင့် သစ္စာစောင့်သိမှုပြဿနာပါ။ လူတစ်ယောက်ဟာ နိုင်ငံတစ်နိုင်ငံရဲ့ နိုင်ငံသားဖြစ်တယ်။ ပြီးတော့ အဲဒီနိုင်ငံရဲ့အနာဂတ်ကို ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်။ ဘာကြောင့်လဲဆိုရင် သူဟာ သူ့နိုင်ငံရဲ့ အစိတ်အပိုင်းတစ်ရပ် ဖြစ်နေလို့ပါပဲ။ ဒါက တကယ့်ကို ပုဂ္ဂလဓိဋ္ဌာန်သဘောဆောင်တဲ့ ပြဿနာဖြစ်တယ်။ ဒါ ငါ့နိုင်ငံလား၊ ငါ က နိုင်ငံရဲ့သစ္စာကို မမှိတ်မသုန် စောင့်သိလိုက်နာရမှာလား၊ ငါ့မှာ လိုအပ်ရင် နိုင်ငံအတွက်တိုက်ဖို့၊ နိုင်ငံအတွက် အသက်စွန့်ဖို့ အသင့်ရှိပြီလားဆိုတဲ့ မေးခွန်းတွေ မေးရဖို့ရှိပါတယ်။ ဒါပေမဲ့ လက်တွေ့စစ်ဆေးကြည့်ဖို့ စစ်ဆေးနည်းကတော့ မရှိပါဘူး။ လိမ်ပြောမပြော စစ်ဆေးနိုင်တဲ့ဟာ လည်း မရှိပါဘူး။ လူတစ်ယောက်ရဲ့ နှလုံးခုန်တာ သို့မဟုတ် ဦးနှောက်ခုန်တာကို စမ်းသပ်ကြည့်နိုင်တဲ့ စိတ်နဲ့ဆိုင်တဲ့စက်မျိုးလည်း မရှိပါဘူး။ တကယ်လို့များရှိခဲ့မယ်ဆိုရင်တော့ ကျွန်တော်တို့လုပ်ထားတဲ့ ၁၀ နှစ် အမြဲတမ်းနေနိုင်ခွင့်ဆိုတာပဲလား၊ လူတစ်ယောက်ဟာ ဘာသာစကားတစ်မျိုးပဲပြောမလား ဒါမှမဟုတ် လူတစ်ယောက်ဟာ သစ္စာစောင့်သိပါမည်လို့ ကျမ်းသစ္စာကျိန်နိုင်မလား၊ နိုင်ငံသားအဖြစ်ကို စွန့်လွှတ်ပါမယ်လို့ ကျမ်းသစ္စာကျိန်မလားဆိုတဲ့ဟာတွေကို ဆွဲဆုတ်ပစ်လို့ရပါတယ်။ အဲဒီပြဿနာကျရုံးထုံးစံတွေ အကုန်ပြုပြီးတော့လည်း နိုင်ငံအပေါ် သစ္စာမရှိဘူးဆိုတာလည်း ဖြစ်လို့ရတာပဲလေ။

၁၉၅၇

*

က နေ့ တက္ကသိုလ်ကျောင်းသားတွေဟာ မကြာတော့မယ့်အနာဂတ်မှာ နိုင်ငံတော်ရဲ့အဖွဲ့အစည်းတွေကို ကိုင်တွယ်ဆောင်ရွက်သွားနိုင်မယ့် အုပ်ချုပ်ရေးဆိုင်ရာ၊ အတက်ပညာပိုင်းဆိုင်ရာနဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ အရည်အချင်းတွေရှိမရှိရာ ကြည့်ရပါမယ်။ အဲဒီတက္ကသိုလ်ကျောင်းသားတွေဟာ ရည်ရွယ်ချက်တို့၊ ယုံကြည်ချက်တို့မှာ အတူတူဖြစ်နေကြတယ်ဆိုရင် ကျွန်တော်တို့ဟာ ဘာသာစကားတူ၊ သမိုင်းတူ၊ နိုင်ငံရေးဆိုင်ရာ အဖွဲ့အစည်းတွေ တူတဲ့ သူများနဲ့ မတူတဲ့လူမျိုးတစ်မျိုးဖြစ်အောင် ဖန်တီးလို့ရသွားနိုင်ပါတယ်။ အဲဒီလိုမှမဟုတ်ဘူးဆိုရင်တော့ ကျွန်တော်တို့ဟာ လူမှုရေး၊ ဘုံလက္ခဏာတူ မရရှိခင်မှာ နိုင်ငံရေးလွတ်လပ်မှုကိုရထားတဲ့ လူမျိုးပေါင်းစုံရှိနေတဲ့ လူ့အဖွဲ့အစည်းကြောင့်ဖြစ်လာတဲ့ ပြဿနာတွေနဲ့ ဒုက္ခပင်လယ်ဝေနေတာမျိုးပဲ ဖြစ်နေနိုင်တယ်။

၁၉၆၀

*

ကျွန်တော်တို့လိမ္မော်သီးတစ်လုံးကို ဖိညှစ်ပြီး အရည်ထွက်လာအောင် ညှစ်ထုတ်လိုက်မယ်ဆိုရင် အရည်ကတော့ ထွက်လာမှာပါပဲ။ ဒါပေမဲ့ ကောင်းတဲ့အရာတွေ အားလုံးကိုတော့ စုတ်ယူပစ်လိုက်သလိုဖြစ်သွားပါမယ်။ ဒါပေမဲ့ ညှစ်ရတာ နည်းနည်းပဲပင်ပန်းမယ်။ ဟုတ်တယ် မဟုတ်လား။ လိမ္မော်သီးလိုထက် ဒူးရင်းသီးနဲ့ ပိုတူရတယ်။ ဒူးရင်းသီးကို ညှစ်ဖို့ ကြိုးစားရင် ခင်ဗျားလက်နာမှာပဲ။ ဒါကြောင့် လူတွေက ပြောကြတယ်။ “ကောင်းပြီ၊ ဒူးရင်းသီးကို လွှင့်ပစ်လိုက်ပါ”တဲ့။ ဒါပေမဲ့ ဒူးရင်းသီးက သိပ်အသုံးကျတဲ့အသီးလေ။ သူ့အထဲမှာ ပရိတင်း

တွေ အများကြီးပါတယ်။

၁၉၆၅

*

အရေးကြီးတာက လူတစ်ဦးချင်းရဲ့ စွမ်းဆောင်ရည်မဟုတ်ပါဘူး။ အဲဒါကိုတော့ ကျွန်တော် ပြောရဲတယ်။ ခင်ဗျားဟာ ခေါင်းဆောင်ဖြစ်အောင် လုပ်လို့ရနိုင်တယ်။ နောက်လိုက် လူထုမှာက စွမ်းဆောင်ရည်မရှိ ဘူး ဆို ရင် အဲ ဒီ ခေါ င်း ဆော င် ကော င်း အော င် မလုပ်နိုင်ပါဘူး။ နောက်လိုက်လူထုမှာ လုပ်နိုင်ကိုင်နိုင် အရည်အချင်းရှိရမယ်။ သက်လုံကောင်းရမယ်။ ရပ်တည်ရှင်ကျန်နေနိုင်ဖို့ လုံ လော က် တဲ့ လူမှုရေးပေါင်းစည်းညီညွတ်မှု ရှိရပါမယ်။

၁၉၆၅

*

ကျွန်တော်ပြောသမျှ 'ဟုတ်ပါ့ မှန်ပါ့'ချည်း လိုက်ပြောနေတဲ့ ဘာမှသတ္တိမရှိတဲ့ လူ့အဖွဲ့အစည်းမျိုး ထောက်ခံနေသူမျိုးကို ကျွန်တော် မလိုချင်ပါဘူး။ ဘာကြောင့်တုံးဆိုရင် အဲဒီလိုလူ့အဖွဲ့အစည်းဟာ တက်ကြွမှုမရှိတဲ့၊ အသက်မပါတဲ့ လူ့အဖွဲ့အစည်းဖြစ်လို့ပါပဲ။ ဒါပေမဲ့ တစ်ချိန်တည်းမှာပဲ ခင်ဗျားတို့ စဉ်းစားစပြုလာကြလိမ့်မယ်လို့ ကျွန်တော် မျှော်လင့်တယ်။ ဘာမျှအားကိုးလောက်စရာမရှိတဲ့ ကြွေးကြော်သံဟောင်းတွေ အော်နေတာမျိုးလောက်လုပ်မနေဘဲ စဉ်းစားတာကို စကြပါလို့။

၁၉၆၆

*

အခြားနေရာကပြောင်းရွှေ့ရောက်လာသူတွေနဲ့ဖွဲ့စည်းထားတဲ့လူ့အဖွဲ့အစည်းကထုတ်လုပ်ပေးလိုက်တဲ့ အကျိုးတစ်ခုကတော့ ကြိုးစားလုပ်ကိုင်သူတွေများတဲ့လူတွေကို မွေးထုတ်ပေးနိုင်ခြင်းပါပဲ။ သူတို့မှာ ဘာအရည်အချင်းတွေ လိုနေတယ်ပဲဆိုစေ ပြောင်းရွှေ့ရောက်လာနေထိုင်သူတွေရဲ့ သားမြေးတွေကတော့ ကိုယ့်ကိုယ်ကိုယ်တိုးတက်စေမယ့် ဘယ်အရာကိုမဆို ကြိုးစားလုပ်ကိုင်သွားဖို့ အသင့်ဖြစ်နေကြပါတယ်။ သူတို့ရဲ့ရိုးရာအစဉ်အလာ၊ သူတို့ရဲ့သမိုင်း၊ သူတို့ရဲ့အတိတ်ကိုနောက်မှာ ထားပစ်ခဲ့ပြီမို့ သူတို့မှာ ကိုယ့်ဘာသာ ကြိုးစားရှာဖွေယူရမယ့် အနာဂတ်ဆိုတာပဲ ကျန်ပါတော့တယ်။

၁၉၆၆

*

ကျွန်တော်တို့မှာ လူမှုရေးသိပ္ပံပညာရှင်တို့ ပြောကြတဲ့ 'အောင်မြင်မှုအခြေပြု' စိတ်အားကြီးတဲ့ လူ့အဖွဲ့အစည်းမျိုးကို ရထားပါပြီ။ ကနေ့ညဒီနေရာမှာရောက်ရှိနေကြတဲ့ လုလင်ငယ်၊ လုံမငယ်တိုင်း ကျောင်းမှာအခြားတပည့်တွေထက် ပိုကောင်းအောင်စွမ်းဆောင်နိုင်တဲ့ သားကလေးတွေ၊ သမီးကလေးတွေဖြစ်လာအောင်၊ ကြက်မကြီးကကြက်ကလေးတွေ ပေါက်လာအောင် ဝပ်ပေး၊ ဥပေးသလို မွေးမြူပေးတဲ့အမိအဖတွေ ရှိကြပါတယ်။ လူ့အဖွဲ့အစည်းတိုင်းမှာ ဒါမျိုးမရှိကြပါဘူး။ လူ့အဖွဲ့အစည်းအများအပြားမှာ ညောင်ပင်အောက်မှာထိုင်ပြီး ကိုယ့်ချက် ကိုယ်ပြန်ကြည့်ပြီးတော့ပဲ ကျေနပ်စိတ်ချမ်းသာနေကြသူမျိုးတွေပဲဖြစ်ကြပါတယ်။ ဒါကြောင့် ဒုဗ္ဗိက္ခန္တရဘေးကြုံတော့လည်း အေးအေးကလေးပဲ သေသွားကြတယ်။ ဒီမှာကတော့ အေးအေးကလေး သေလို့ရမှာမဟုတ်ပါဘူး။ စားစရာမရှိဘူးဆိုရင် တစ်ခုခုလုပ်ကြရမှာပါ။

တစ်ယောက်ယောက်ကို ရှာရမယ်။ ကုန်စုံဆိုင်တွေ ချိုးဖျက်ဖွင့်ရမယ်။ စားစရာရှိအောင် တစ်ခုခုလုပ်ကြရမယ်။ တစ်ခုခု စိုက်ပျိုးရပါမယ်။ သေရတော့မယ်ဆိုရင် နေခွင့်ရရေးအတွက် တိုက်ပွဲဝင်ပြီးတော့ပဲ သေကြရမှာ ဖြစ်ပါတယ်။

၁၉၆၇

*

စင်ကာပူမှာ တည်ငြိမ်အေးချမ်းမှု၊ ဘာလုပ်ရမလဲ အသင့်စောင့်နေမှုနဲ့ ယုံကြည်မှုတို့ရှိကြတယ်။ ယုံကြည်မှုဆိုတာက ရိုးသားတဲ့၊ အရည်အချင်းရှိတဲ့ အစိုးရရှိနေပြီဆိုရင် မကျော်လွှားနိုင်တဲ့ ပြဿနာရယ် လို့ မရှိနိုင်ဘူးဆိုတဲ့ အသိကပေါက်ဖွားလာတဲ့ ယုံကြည်မှုဖြစ်ပါတယ်။

၁၉၆၇

*

ကျွန်တော် ဟာ ခင်ဗျားတို့အတွက် ကြိုးစားနေပါတယ်။ ဒါပေမဲ့ ခင်ဗျားတို့ဟာ အမြဲတမ်း ကိုယ့်ဘာသာကိုယ် ကြိုးစားနေရမယ်ဆိုတာကို တော့ မှတ်ထားစေချင်တယ်။ ကျွန်တော်က ခင်ဗျားတို့ လုပ်ရမယ့် အလုပ်ကိုတော့ လုပ်မပေးနိုင်ဘူး။ တစ်ခါတစ်ရံ တစ်နေ့ ၁၅နာရီလောက် ခင်ဗျားတို့အတွက် အလုပ်လုပ်နိုင်တယ်။ ခင်ဗျားတို့ဟာ အလုပ်ကို တစ်နေ့ ရှစ်နာရီလောက် ကိုယ့်ဘာသာကြိုးစားပြီးလုပ်ကြပါ။ ကောင်းကောင်းလုပ်ကြပါလို့ ပြောချင်တယ်။

၁၉၆၇

*

ကျွန်တော်တို့ရဲ့ ပထမဦးဆုံးပြဿနာက လူမျိုးတစ်မျိုးဖြစ်လိုတဲ့ဆန္ဒရှိဖို့ပဲ။ အဲဒီဆန္ဒတော့ ကျွန်တော်တို့မှာရှိရမယ်။ ခင်ဗျားတို့ရော ကျွန်တော်ရော ကျွန်တော်တို့ရဲ့ ဘိုးဘွားတွေကို ဒီနေရာကို ငွေရှာဖို့ရော က်လာကြ၊ ငွေ ရ တော့ ပြန်သွားကြဆိုရင် ကျွန်တော်တို့ဟာ ကျွန်တော်တို့လူမျိုးနဲ့ ကျွန်တော်တို့ဖြစ်ဖို့ဆိုတဲ့ အခွင့်အရေးကို ရအောင်လုပ်ချင်တဲ့ဆန္ဒ၊ စုပေါင်းဆန္ဒမရှိဘဲ တစ်ဦးချင်းပဲ ဆက်ပြီးဖြစ်နေကြဦးမယ်ဆိုရင် ကျွန်တော်တို့ဟာ ပျက်စီးသွားမှာပဲ။

၁၉၆၇

*

ကျွန်တော်တို့ဟာ စင်ကာပူကို ကြိုးနဲ့ဆွဲယူသွားပြီး ပစိဖိတ်သမုဒ္ဒရာအလယ်မှာ ပစ်ထားခဲ့မယ်ဆိုရင် ဘာဖြစ်သွားမလဲ စဉ်းစားကြည့်ပါ။ တက်တက်ကြွကြွရှိတဲ့၊ အားမာန်အပြည့်ရှိတဲ့ စင်ကာပူနိုင်ငံသား နှစ်သန်းဖြစ်လာမယ့်အစား ခေါင်းမာပန်းကလေးတွေပန်ပြီး ညှိုးလျဆွေးမြည့်တဲ့ တေးသွားအလိုက်အတိုင်း ကခုန်နေကြတဲ့ တောင်ဘက်ပင်လယ်ကျွန်းသားတွေပဲဖြစ်ကုန်ကြမှာပေါ့။ ပင်လယ်ဆိပ်ကမ်းကြီးတွေ၊ လေကြောင်းခရီးတွေနဲ့ ပြည်သူတွေကလည်း စိတ်ကူးကောင်းတွေသယ်ဆောင်လာတဲ့ နိုးကြားတက်ကြွ ပြည်သူတွေဖြစ်လာကြမယ့်အစားတစ်ခါတစ်ရံ ပင်လယ်ကမ်းခြေမှာ ကမ်းကပ်နားသွားတဲ့ သင်္ဘောကြီးတွေ ကို ငေးမောကြည့်နေရတဲ့ တောင်ဘက်ပင်လယ်ကျွန်းသားတွေပဲဖြစ်နေကြကုန်မှာပေါ့။ အဲဒီလိုများဖြစ်ကုန်ရင် ကျွန်တော်တို့ဟာ အခုလိုရထားတဲ့တိုးတက်မှုလည်း ဘယ်တော့မှရမယ် မဟုတ်တော့ဘူး။ မီးသင်္ဘောတွေ ခုတ်မောင်းစအချိန်ကတည်းက ရှိနေကြတဲ့ တေလော့အိုင်ယာဘေဆင် ကော်လလာကီးနဲ့ ကာလန်ဘေဆင်တို့ကို အသာထား

လိုက်ဦး။ သဘော်ဘ ၃၀ လောက် ကျောက်ချ ဆိုက်ကပ်ထားနိုင်တဲ့ တန်ကျောင်ပါဂါလို ရေနက်ဆိပ်ကမ်း၊ မကြာသေးခင်အချိန်အထိ ကမ္ဘာမှာ အကောင်းဆုံး ရေတပ်တစ်ခုရယ်လို့ဖြစ်နေတဲ့ ရေတပ်ကို ဝန်ဆောင်မှုပေး နေ တဲ့ ဆမ်ဘဝမ်ရေနက်ဆိပ်ကမ်းနဲ့ ဣရောင်းမှာရှိတဲ့ ရေနက်ဆိပ်ကမ်းဆိုတဲ့ ရေနက်ဆိပ်ကမ်းသုံးခုဆိုတာမျိုးလည်း ဘယ်မှာရှိလာနိုင်ခဲ့မှာတုန်း။ ပါယာလယ်ဘာ၊ တန့်ဂါ၊ ချန်ဂီး နဲ့ ဆဲလီတာတို့လို လေဆိပ်လေးခုလည်း ဘယ်မှာရှိလာနိုင်ခဲ့မှာတုန်း။ အရှေ့တောင်အာရှမှာ အကောင်းဆုံးလို့ဆိုနိုင်တဲ့ မော်တော်ကားလမ်းကွန်ရက်၊ ကမ္ဘာ့အဓိကမြို့ကြီးတွေနဲ့ အချင်းချင်း ဆက်သွယ်လို့ရတဲ့ တယ်လီဖုန်းနဲ့ ဆက်သွယ်ရေးကွန်ရက်၊ ဂြိုလ်တုကဖမ်းယူရနိုင်တဲ့ စနေရှင်ဆိုတာမျိုးတွေလည်း ရှိလာနိုင်ခဲ့မှာမဟုတ်ပါဘူး။ တိုတိုပြောရရင် စင်ကာပူသာ ပစိဖိတ်သမုဒ္ဒရာထဲ ရောက်နေခဲ့ပြီး စင်ကာပူသားတွေနေတာမဟုတ်ဘဲ တောင်ဘက်ပင်လယ်ကျန်းသားတွေနေတဲ့ ကျန်းဖြစ်နေခဲ့ရင် လူနှစ်သန်းမပြောနဲ့ လူနှစ်သောင်းကိုတောင် ကျေးထားနိုင်လိမ့်မယ် မဟုတ်ဘူး။ ဒါပေမဲ့ ကျွန်တော်တို့ဟာ ပစိဖိတ်သမုဒ္ဒရာအလယ်မှာပဲ ရှိမနေတဲ့အတွက်၊ တောင်ဘက်ပင်လယ် ကျန်းသားတွေလည်းမဟုတ်တဲ့အတွက် ကျွန် တော် တို့ ဟာ အလှအပ အဆင်တန်ဆာအနေနဲ့ပဲဖြစ်ဖြစ်၊ အနောက်နိုင်ငံက ပန်းပန်တဲ့လူမျိုးလို ပေါ်ပင်အနေနဲ့ပဲဖြစ်ဖြစ်၊ နားထဲမှာ ပန်းတွေ ထိုးထည့်မထားကြပါဘူး။

၁၉၆၈

*

စင်ကာပူဟာ ရွှေ့ပြောင်းနေထိုင်သူ မျိုးစုံတို့ရဲ့ စုပေါင်းနေထိုင်ရာနိုင်ငံဖြစ်တယ်။ လူတိုင်းဟာ ကိုယ့်အတွက် ကိုယ်ရောက်လာသူတွေဖြစ်

တယ်။ တကယ်လို့သာ အဲဒီလူတစ်ဦးစီက အခြားလူတွေအတွက်ကို ဂရုထားတယ်ဆိုရင်လည်း သူနဲ့ အနီးဆုံး သူ့မိသားစုအတွက်ပဲ ဂရုထားခဲ့ကြတာပါ။ အခုတော့ စင်ကာပူနိုင်ငံသားတွေဟာ အထူးသဖြင့် ဒီမှာမွေး၊ ဒီမှာပညာသင်ဆိုတဲ့ လူတွေဟာ ကိုယ့်တစ်ကိုယ်ရေ အသက်ရှင်ရပ်တည်နေရုံသက်သက်နဲ့ မလုံလောက်ဘူး လို့ သိလာကြပါတယ်။ ကျွန်တော်တို့မှာရှိထား ရထားတာတွေကို ထိန်းသိမ်းထားဖို့ဆိုရင် ကျွန်တော်တို့ဟာ ကျွန်တော်တို့နိုင်ငံရဲ့ ဂုဏ်သိက္ခာကို စုပေါင်းကာကွယ်ကြမှသာလျှင် လူမှုအသိုင်းအဝန်းတစ်ခုလုံးရဲ့ အကျိုးစီးပွားကို လုံခြုံအောင် ပြုနိုင်မှသာလျှင် ဖြစ်နိုင်ပါမယ်။

၁၉၆၈

*

စင်ကာပူရဲ့ရည်မှန်းချက်က စက်မှုလက်မှု ထွန်းကားရုံမျှမဟုတ်ပါဘူး။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုက အလွန်အရေးကြီးပါတယ်။ ဒါပေမဲ့ အဲဒါလိုပဲ အရေးကြီးတာက ကျွန်တော်တို့ လူ့အဖွဲ့အစည်းရဲ့သဘာဝပါတိုးတက်ဖွံ့ဖြိုးလာဖို့ ဖြစ်ပါတယ်။ ကျွန်တော်တို့က အလုပ်သမားတွေဟာ နှစ်တိုးကလေးတိုးဖို့၊ ရာထူးကလေးတိုးဖို့အတွက် ကျိုးကျိုးနွံနွံကလေး၊ အေးအေးကလေးနဲ့ အလုပ်ကြပ်ကို ဖော်လံဖား၊ အလုပ်ကြပ်ကလည်း ကြီးကြပ်ရေးမှူးကို ဖော်လံဖား၊ ကြီးကြပ်ရေးမှူးကလည်း အလုပ်ရှင်ကို ဖော်လံဖားဆိုတာမျိုး မဖြစ်စေချင်ပါဘူး။ သီးခြားလူမှုအသိုင်းအဝန်းတစ်ရပ်အနေနဲ့ အသက်ရှင်ရပ်တည်နေဖို့ဆိုရင် ကျွန်တော်တို့ဟာ ဇာတိမာန်ရှိတဲ့၊ ကျားကျားလျားလျား မာကျောတဲ့လူမျိုးဖြစ်ဖို့လိုပါတယ်။ သို့မဟုတ်ရင် ကျရှုံးသွားပါမယ်။ ခင်ဗျားတို့ဟာ ကိုယ့်ကိုယ်ကို ယ်လေးစားမှုမရှိဘဲနဲ့ ဇာတိမာန်လည်း ထားလို့မရနိုင်ဘူး၊

ကျား ကျား လျား လျား လ ည်း ရှိ နိ ုင် မ ယ် မ ဟု တ် ဘူး။ ကိုယ့်ကိုယ်ကိုယ် လေး စား မှု ဆို တာ အ လု ပ် သ မား သ မ ဂ္ဂ တွေ များ ရှိ ရ တဲ့ အ ရာ ဖြ စ် တ ယ်။ အဲ ဒါ ကို အ လု ပ် သ မား တွေ ကို ပေး သွား ရ မ ယ်။ လူ တ စ် ယောက် ဟာ မိ မိ ရဲ့ လူ တ စ် ယော က် အ ဖြ စ်၊ နိ ုင် ငံ သား တ စ် ယောက် အ ဖြ စ် ဂုဏ် သိ က္ခာ၊ အဲ ဒီ ဂုဏ် သိ က္ခာ ကို ကာ ကွ ယ် ခြင်း ဟာ လူ တ စ် ယောက် ရဲ့ အ ခွင့် အ ရေး ပဲ။ အ လု ပ် သ မား တ စ် ယောက် ဟာ ကျွ မ်း ကျ င် လု ပ် သား တ စ် ဦး ဖြ စ် ချင် မှ ဖြ စ် မ ယ် ။ ဒါ ပေ မဲ့ အဲ ဒီ အ လု ပ် သ မား လ ည်း ကျွ န် တော် တို့ အ ထဲ က တ စ် ယော က် ပဲ။ အဲ ဒီ အ လု ပ် သ မား ဟာ စ င် ကာ ပူ အ တွ က် တို က် ဖို့၊ စ င် ကာ ပူ အ တွ က် သေ ဖို့ အ သ င့် ရှိ နေ ရ ပါ မ ယ်။ တ က ယ် လို့ သာ အဲ ဒီ လူ က ကပ် ဖား ရ ပ် ဖား လူ ကြောက် မျိုး ဖြ စ် နေ ရ င် အဲ ဒီ လို လု ပ် နိ ုင် စွ မ်း လ ည်း ရှိ မှာ မ ဟု တ် ဘူး။ အဲ ဒီ လို လု ပ် ချ င် စိ တ် လ ည်း ရှိ မှာ မ ဟု တ် ဘူး။

၁၉၆၉

*

ကျွ န် တော် တို့ ဟာ ကျွ န် တော် တို့ ဆီ ရောက် လာ သူ အား လုံး အ ပေါ် ရွှ င် ရွှ င် ပျ ပျ နဲ့ ဧည့် ဝ တ် ပျ ံ ဌာ ရ င်း နှီး ဖော် ရွေ ရှိ ကြ ရ ပါ မ ယ်။ ကျွ န် တော် တို့ စ င် ကာ ပူ ကို သ န့် ရှ င်း တဲ့၊ စိ မ်း လ န်း စို ပြ ည် တဲ့၊ ကြီး မွား တို း တ က် တဲ့ မြို့ ကြီး လို့ သိ ထား ကြ ပြီ း သား ပါ။ ကျွ န် တော် တို့ ဆီ လာ ကြ တဲ့ လူ တွေ က ရ င်း နှီ း ဖော် ရွေ လို က် တ ာ၊ ယ ဉ် ကျေး သိ မ် မွေ့ လို က် တ ာ၊ ရိုး သား ဖြူ စ င် ပြီ း တော် လို က် ကြ တ ာ လို့ ပု ဂ္ဂ လ် ရေး တ စ် ဦ း ချ င်း အ ကဲ ဖြ တ် သွား ကြ တ ာ နဲ့ တူ မျှ တဲ့ ခ ရီ း သွား လု ပ် ငန်း မြ င့် တ င် နိ ုင် တ ာ မျိုး မ ရှိ ပါ ဘူး။

၁၉၇၁

*

စင်ကာပူသားဆိုတာ ဘယ်လိုဆိုတာ ခင်ဗျားတို့ သိကြပြီးဖြစ်တယ်။ စင်ကာပူသားဟာ အလုပ်ကြိုးစားတဲ့၊ လုံလဝီရိယရှိတဲ့၊ ကျားကျားလျားလျား ရှိတဲ့လူမျိုးဖြစ်တယ်။ အဲဒီလိုမျိုးမှ မဟုတ်ခဲ့ဘူးဆိုရင် ကျွန်တော်တို့ဟာ အဆင့်မြင့်အောင် လုပ်နိုင်ခဲ့မယ်မဟုတ်ဘူး။ ဒါပေမဲ့ စင်ကာပူသားဟာ ညည်းညူတက်တဲ့နေရာမှာ ချန်ပီယံပဲဆိုတာလည်း အသိအမှတ်ပြုထားစို့နော်။

၁၉၇၇

*

ကျွန်တော် ကစင်ကာပူသားတွေရဲ့ ငယ်ရွယ်တဲ့မျိုးဆက်ကို စိတ်မာတ်ကောင်းသွင်းပေးနိုင်ခဲ့ခြင်းအတွက် ဂုဏ်ယူပါတယ်။ ကျွန်တော်တို့ဟာ အဲဒီလူငယ်မျိုးဆက် ကိုယ့်ဘာသာရပ်နိုင်တဲ့ အခွင့်အလမ်း၊ ကိုယ့်ကိုယ်ကိုယ် အားကိုးနိုင်တဲ့ အခွင့်အလမ်း၊ အသင်းအဖွဲ့တစ်ခု၊ လူမျိုးတစ်မျိုး ဖြစ်လာနိုင်လောက်တဲ့ အခွင့်အလမ်းတွေ ပေးခဲ့ပါတယ်။ အဲဒီလိုပေးခဲ့တာဟာလည်း မိမိတို့အားလုံးဟာ စွမ်းဆောင်ရည်အကောင်းဆုံးပြနိုင်အောင်နဲ့ ရုံးနိမ့်သူများအပါအဝင် အစုအဖွဲ့တစ်ခုလုံး ပျက်စီးသွား၊ သေသွားတာမျိုး မဖြစ်အောင်လို့ပါ။ အဲဒီလိုမျိုးရရှိအောင်မြင်ဖို့ဆိုတာကလည်း လူအသိစိတ်နဲ့ သွားမှ၊ အခြေခံယဉ်ကျေးမှုနဲ့ သွားမှ၊ သွားရာလမ်းတစ်လျှောက်မှာလည်း အဲဒီလို မလုပ်နိုင်လို့ ရုံးနိမ့်သွားတဲ့သူတွေအတွက်ပါ တည့်ယူ ညှိယူသွားနိုင်မှသာ ဖြစ်နိုင်ပါတယ်။

၁၉၈၉

*

စင်ကာပူကအလုပ်သမားဆိုတာက ဟောင်ကောင်က အလုပ်သမားလို လွတ်လပ်တဲ့၊ ဒူပေနာပေ ခံနိုင်တဲ့သူအဖြစ် စိတ်ဓာတ်ရေးရာအရ အားသွင်းပေးထားတဲ့သူမျိုး မဟုတ်ပါဘူး။ စင်ကာပူအလုပ်သမားဟာ သူ့အစိုးရအတွက် မဲပေးတယ်။ ပြီး တော့ သူဝန်ကြီးတွေဟာ သူ့ရဲ့ အသက်မွေးဝမ်းကျောင်းမှုနဲ့ သူ့သားသမီးတွေရဲ့ နောင်ရေးအတွက် ဂရုစိုက်မှာပဲလို့ မျှော်လင့်ပါတယ်။ ဟောင်ကောင်မှာကျတော့ ဒီလိုမဟုတ်ပါဘူး။ လူတွေဟာ အလွန်လွတ်လပ်တဲ့စိတ်ထားတယ်။ သူတို့ရဲ့ ကိုလိုနီအစိုးရဆီက ဘာမျှမမျှော်လင့်ဘူး။ ဒီအချက်ဟာ ဟောင်ကောင်ရဲ့စွမ်းအားရှိမှုကို နားလည်နိုင်ဖို့ သော့ချက်ပဲ။

၁၉၉၂

*

စင်ကာပူသားတွေက ရုံးမှာကြောက်လို့ မကြိုးစားချင်ကြဘူး။ 'မစွန့်စားသော် အရုံးမပေါ်' ဆိုတာ စင်ကာပူသားတွေရဲ့ လက်သုံးဆောင်ပုဒ်ပဲလို့ ပြောကြတယ်။ စင်ကာပူရဲ့ဆောင်ပုဒ်ဟာ အဲဒီဆောင်ပုဒ်အစားဗြိတိသျှ SAS ရဲ့ 'စွန့်ရဲသူသာ အနိုင်ရ' ဆိုတဲ့ ဆောင်ပုဒ်ဖြစ်သင့်တယ်။

၁၉၉၃

*

အရှေ့တောင်အာရှထဲက ကျွန်းမြို့ပြနိုင်ငံကလေး တစ်နိုင်ငံဟာ အသက်ရှင်ရပ်တည်နေနိုင်ဖို့ဆိုရင် ရိုးရိုးနည်းတော့ မဖြစ်နိုင်ဘူး။ ကျွန်တော်တို့ဟာ ကျစ်ကျစ်လျစ်လျစ် ကျားကျားလျားလျားနဲ့ မိမိတို့ရဲ့ အိမ်နီးချင်းနိုင်ငံတွေထက် ပိုကောင်းအောင်လုပ်နိုင်၊ ပိုပြီး အကုန်အကျသက်သာအောင် လုပ်သွားနိုင်တဲ့လူမျိုးအဖြစ် လိုက်ပြောင်းနိုင်တဲ့သူတွေ

ဖြစ်အောင် အထူးလုံ့လစိုက် အားထုတ်ကြမှဖြစ်ပါမယ်။ ဘာကြောင့်လဲ၊ ကျွန်တော်တို့ရဲ့အိမ်နီးချင်းနိုင်ငံတွေက ကျွန်တော်တို့ကို ရှောင်ကွင်းသွားပြီး ဒေသအတွင်း ကုန်သွယ်မှုမှာ ကျွန်တော်တို့ရဲ့ ခေတ်နောက်ကျကျန်ရစ်တဲ့ ကုန်စည်သိုလှောင် ဖြန့်ဖြူးပေးရာဌာနနဲ့ ကြားပွဲစားအဆင့်လောက်ကိုပဲ ပေးထားခဲ့ချင်ကြလို့ဖြစ်တယ်။ ကျွန်တော်တို့က သူတို့နဲ့မတူအောင် လုပ်သွားမှဖြစ်မယ်။

၂၀၀၀

*

ကိုလိုနီဝါဒ

ကိုလိုနီဝါဒက ထွက်သွားတော့မယ့်အခြေအနေ ရှိနေသော်လည်း အမြန်နဲ့တော့ ထွက်သွားမှာ မဟုတ်သေးဘူး။ ကျွန်တော် တို့ ပြည်သူ့လူပ်ရှားမှုပါတီ (People's Action Party) ကတော့ ကိုလိုနီဝါဒကို အရှေ့တောင်အာရှကနေပြီး နောက်ဆုံးတွန်းထုတ်မှုနဲ့ တွန်းထုတ်ပြီး အပြီးတိုင် မြုပ်နှံပစ်ဖို့ ရည်ရွယ်ထားတယ်။

၁၉၅၅

*

ကျွန်တော်တို့ အမျိုးသား စစ်မှုထမ်းဥပဒေကို ရုပ်သိမ်းသွားမယ်။ ကျွန်တော်တို့ဟာ မူအားဖြင့်တော့ စစ်မှုမထမ်းမနေရ ဆိုတာကို ဆန့်ကျင်တယ်။ ဒါပေမဲ့ ပြည်သူက ရွေးချယ်တင်မြှောက်လိုက်ပြီး ပြည်သူတွေကို တာဝန်ခံတဲ့ လွတ်လပ်သော အစိုးရအဖွဲ့တစ်ဖွဲ့ကသာလျှင် သူ့ရဲ့နိုင်ငံသားတွေကို ကိုယ့်နိုင်ငံအတွက် သေပေးဖို့ တောင်းဆိုနိုင်ခွင့်ရှိတယ်လို့ ယူဆတယ်။

၁၉၅၅

*

ဒီနိုင်ငံရဲ့ ပြည်သူအများစုကြီးဟာ အမျိုးသားဝါဒီတွေပါ။ သူတို့ဟာ ကိုလိုနီပြုထားတဲ့ မလေးရှားကို မုန်းရမှန်း သိလာပါတယ်။ ဘာကြောင့်လဲဆိုရင် မလေးရှားက သူတို့ကို အဆင့်နှိမ်ချထားပြီး ကိုယ့်ကိုယ်ကိုယ်

လေးစားမှုမရှိအောင် ပြုထားလို့ပဲ။ မလေးရှားဟာ သူတို့ကို ငြိမ်းချမ်းပျော်ရွှင်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ်အတွင်း ကိုယ့်ကိုယ်ကိုယ် လေးစားတန်ဖိုးထားတဲ့ လူသားတွေအနေနဲ့နေနိုင်အောင် ပြုပေးမထားပါဘူး။ ငြိမ်းချမ်းပျော်ရွှင်တဲ့ လူ့အဖွဲ့အစည်းဆိုတာကလည်း နိုင်ငံရဲ့ဓနဥစ္စာဖွံ့ဖြိုးတိုးတက်မှုဟာ အဲဒီနိုင်ငံရဲ့ ပြည်သူတွေအကျိုးအတွက် ဖြစ်ရပါတယ်။ စစ်အင်အားကို အကြောင်းပြုပြီး အဲဒီနိုင်ငံရဲ့ နိုင်ငံရေးအာဏာကို ထိန်းချုပ်ထားတဲ့ လူတွေအကျိုးအတွက် ဖွံ့ဖြိုးတိုးတက်ရတာမျိုးကို မဖြစ်စေရပါဘူး။

၁၉၅၅

*

“ကျွန်တော်ဟာ လွတ်လပ်တဲ့လူ၊ ဒါ ဟာ ကျွန်တော့်နိုင်ငံ”လို့ ပြောနိုင်တဲ့တစ်နေ့မှာ ရင်းနှီးဖော်ရွေတဲ့ အိမ်ရှင်တစ်ဦးက ဧည့်သည်တစ်ဦးကို ကြိုဆိုသလိုမျိုးနဲ့ ကျွန်တော် ခင်ဗျားတို့ကို ကြိုဆိုသွားပါမယ်။ ဒါပေမဲ့ ကျွန်တော်ဟာ ကိုယ့်နိုင်ငံမှာ ဧည့်သည်တစ်ဦးလို အဖြစ်မျိုးနဲ့တော့ နေသွားမှာမဟုတ်ဘူး။

၁၉၅၅

*

“ခင်ဗျားတို့ ဒီမိုကရေစီ မရနိုင်ဘူး၊ ခင်ဗျားတို့ ဒီမိုကရေစီနဲ့ မတန်သေး ဘူး ၊ခင်ဗျား တို့ ကို ကွန်မြူနစ်တွေက ဝါးမျိုသွားလိမ့်မယ်၊ ကွန်မြူနစ်တွေကို အရင်တိုက်ကြဦး စို့”လို့ ပြည်သူတွေကိုပြောနေလို့ ဘာမျှအကျိုးမရှိပါဘူး။ မလေးရှားကို လွတ်လပ်တဲ့၊ ဒီမိုကရေစီ ကျင့်သုံးတဲ့၊ ကွန်မြူနစ်မဟုတ်တဲ့ နိုင်ငံမျိုးအဖြစ် မြင်တွေ့လိုသောဆန္ဒရှိတဲ့

ဘယ်မျိုးချစ် မလေးလူမျိုးရဲ့ အသည်းနှလုံးထဲမှာမှ အဲဒီစကားမျိုးရဲ့ ခေါင်းလောင်းသံ မမြည်ဟည်းပါဘူး။ ကျွန်တော်တို့ဟာ ထာဝရကိုလိုနီ ကျွန်ပြုခံထားရဖို့အတွက်တော့ တိုက်ဖို့အသင့်ပြင်မထားပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ကို ကျွန်တော်တို့ ရထိုက်တဲ့ အခွင့်အရေးတွေသာပေးပါ။ ကျွန်တော်တို့ဟာ ကွန်မြူနစ်ကိုရယ်မှ မဟုတ်၊ လွတ်လပ်တဲ့ ဒီမိုကရေစီ ကျင့်သုံးတဲ့ ကွန်မြူနစ်မဟုတ်တဲ့ မလေးရှားရဲ့တည်ရှိမှုကို ခြိမ်းခြောက် အန္တရာယ်ပေးနေတဲ့ ဘယ်သူ့ကိုမဆို တိုက်သွားပါမယ်။

၁၉၅၅

*

ပြည်သူ့လွှတ်ရှားမှုပါတီထဲက ကျွန်တော်တို့ရဲ့လွတ်လပ်ရေးဟာ ကမ္ဘာပေါ်မှာ ဘယ်နေရာက ပြည်သူတွေနဲ့မဆို ခွဲခြားထားလို့မရတဲ့ အခွင့်အရေးဖြစ်တယ်။ ပြီး တော့ လွတ်လပ်ရေးဟာ ဆော်ဒီအော်ရေဗျကို သွားလည်တဲ့ အငြိမ်းစားသံတမာန်မျိုးကမှ ဒါမှမဟုတ် ဘယ်လိုကိုလိုနီ အရာရှိမျိုးကမှ ကျွန်တော်တို့ဟာ မပြေးနိုင်လောက်သေးဘူး၊ ကျွန်တော်တို့ လမ်းမလျှောက်နိုင်လောက်သေးဘူး၊ ကျွန်တော်တို့ ကိုယ့်ခြေပေါ် ကိုယ် မရပ်နိုင်လောက်သေးဘူးလို့ ပြောရမယ့်အရာမျိုး မဟုတ်ပါဘူး။

၁၉၅၅

*

အစည်းအဝေးမှတ်တမ်းကောင်း ရေးနိုင်တဲ့ အရည်အချင်းရှိတဲ့ အရာရှိမျိုး မပြီးသေးဘူး။ စိတ်ကူးစိတ်သန်းကောင်းရှိတဲ့၊ စိတ်ခွန်အား တက်ကြွမှုရှိတဲ့၊ ကိုယ့်ကျင့်သီလရှိတဲ့၊ မလေးရှားလို ကြီးပွားတိုးတက်တဲ့ ဆိုရှယ်လစ် ဒီမိုကရေစီ နိုင်ငံမျိုး ဖြစ်အောင် လုပ်မယ်ဆိုတဲ့

ရည်ရွယ်ချက်မျိုးရှိတဲ့လူမျိုးတွေ ရအောင်ရှာဖို့ အရေးကြီးသေးတယ်။ လူဖြူတွေ လုပ်သွားတဲ့အလုပ်တွေကို လွှဲယူ လုပ်ကိုင်မယ့်သူတွေဟာ ပင်စင်ကလေးရဖို့၊ ရာထူးကလေးတိုးဖို့လောက်နဲ့ မပြီးသေးဘူး။ အနာဂတ်မှာ ထူထောင်မယ့် ပါလီမန် ဒီမိုကရေစီနိုင်ငံမျိုးဟာ ကိုယ့်ကို ပေးထားတဲ့အလုပ်ကို တလေးတစားနဲ့ ဂုဏ်ယူ လုပ်ကိုင်သွားနိုင်မလား၊ မသွားနိုင်ဘူးလားဆိုတဲ့ အချက်ပေါ်မှာလည်း တည်နေသေးတယ်ဆိုတာ ပါအမှန်အတိုင်း နားလည်ဖို့လိုသေးတယ်။ အရင်တုန်းကတော့ ကံဆိုးတယ်လို့ ပြောရမှာက လူတွေဟာ အစိုးရဝန်ထမ်းအလုပ်ကို ရွေးချယ်တယ်ဆိုတာ သူတို့မှာ ကိုယ်နဲ့ဘဝတူ နိုင်ငံသားတွေအတွက် အမှုထမ်းနိုင်တဲ့ ထူးခြားသောအရည်အချင်းတွေ ရှိတယ်လို့ ယုံကြည်ကြတဲ့အတွက်မဟုတ်ဘဲ သူတို့မှာ အုပ်ချုပ်သူ လူဖြူတွေကို ကျိုးကျိုးနွံနွံနဲ့ ခယဝပ်တွား အောက်ချခံနိုင်တဲ့ ထူးခြားသောအရည်အချင်းတွေ ရှိကြတယ်လို့ ယုံကြည်ခြင်းကြောင့်သာ ဖြစ်တယ်။

၁၉၅၆

*

ဖိနှိပ်ချင်တဲ့အကျင့်က ကြီးထွားလာတက်တာမျိုးဖြစ်တယ်။ ဖိုမကိစ္စသံဝါသပြုသလိုမျိုးပဲလို့ ပြောကြတယ်။ ‘ဒုတိယအကြိမ်ကျတော့ ပိုလွယ်သွားတယ်’တဲ့။ ဖိနှိပ်တယ်ဆိုတာ ပထမတစ်ကြိမ်မှာတော့ စိတ်ထဲမှာ အပြစ်ကျူးလွန်မိတဲ့စိတ်မျိုး ထိခိုက်ခံစားမိတာမျိုး ဖြစ်ချင်ဖြစ်ဦးမယ်။ ဒါပေမဲ့ ဒီဖိနှိပ်တဲ့လမ်းကို တစ်ခါရွေးမိလိုက်ပြီဆိုတာနဲ့ပဲ တိုက်ခိုက်ရာမှာ လက်ရဲဇက်ရဲနဲ့ ထပ်တလဲလဲ လုပ်တက်လာတဲ့အပြင် တိုက်ပုံခိုက်ပုံတိုက်ကွင်းတိုက်ကွက်ကလည်း ကျယ်လာတယ်။ ပထမတော့ ဒီအမှုပြုမိလို့ မလုံမလဲစိတ်က အနှောင့်အယှက် လာပေးနေသေးတယ်။ အထူး

ဌာနက ကွန်မြူနစ်တွေပဲလို့ အသေအချာ အတိအကျ ပြောနိုင်တဲ့သူတွေကို ပဲ တိုက်တယ်။ သူ တို့ မှာ သက်သေအထောက်အထား ရှိလို့တော့ မဟုတ်ဘူး။ ကိုဖြူက ကိုမဲကို ပြော၊ ကိုမဲက ကိုနီကို ပြော၊ ကိုနီက ကိုကြည်ကို ပြော၊ ကိုကြည်က အထူးဌာနကို ပြောတဲ့ဟာပဲရှိတယ်။ ဒီအခါ အထူးဌာနက ဘယ်သူဟာ ကွန်မြူနစ်တွေကို တက်တက်ကြွကြွလိုလား သူ ကွန်မြူနစ်တွေကို အကူအညီပေးနေသူဖြစ်တယ်လို့ ပြောလိုက်ရုံနဲ့ ကွန်မြူနစ် ဟုတ် ဟုတ် မဟုတ်ဟုတ် အဲဒီလူတွေကို တိုက်ခိုက်တော့တာပဲ။ နောက်တော့ ဒီလူက ကွန်မြူနစ်တော့ မဟုတ်ဘူး။ သာမန် သူလိုကိုယ်လို ဘဝတူခရီးသွားပဲ၊ ဒါပေမဲ့ ဒီလူက ကိုလိုနီစနစ်နဲ့ လက်တွဲဆောင်ရွက်တာမျိုးကို ခေါ်ငြိမ်းမာ မာ ဆန့်ကျင်တယ်၊ တော်လှန်ရေးစိတ်ဓာတ်ဖြစ်လာအောင် အားပေးတယ်၊ တရားဝင်လုပ်ပိုင်ခွင့်အာဏာပေးထားတဲ့ အာဏာပိုင်ကို အားနည်းအောင်ပြုတယ်ဆိုရင် အဲဒီလူဟာ ကွန်မြူနစ်အားပေးသူဖြစ်တယ်လို့ အထူးဌာနက ပြောတော့တာပဲ။ ဒီအ ခါ အထူးဌာနက ပြောတဲ့အတိုင်း အဲဒီလူမျိုးတွေကိုပါ တိုက်ခိုက်တော့တာပဲ။ ဒီလိုနဲ့ နောက်ဆုံးတော့ အဲဒီလိုနဲ့တင် မပြီးတော့ဘူး။ ဆန့်ကျင်သူမှန်သမျှကို တိုက်တော့တာပါပဲ။

၁၉၅၆

*

လွတ်လပ်ရေးရလာရင် ပိုပြီး တာဝန်တွေ ကြီးလာတယ်။ အလုပ်တွေ ပိုလုပ်လာရမယ်။ ရည်ရွယ်ချက်ကို သိနားလည်တဲ့စိတ်မျိုး ပိုရှိလာရမှာဖြစ်သလို ပိုပြီးတော့ လည်းလုံလဥ္စာဟ ရှိလာကြရမယ်။ လွတ်လပ်ရေးဆိုတာ လူဖြူတွေရဲ့အလုပ်ကို လွှဲယူ၊ လူဖြူတွေရဲ့ အိမ်ကိုယူ၊ လူဖြူတွေရဲ့ကားကိုစီးပြီး အရင်တုန်းက လူဖြူတွေ ဒုံးနှန့်သလို ဒုံးနှ

နှံ့နေမယ်ဆိုတဲ့စိတ်မျိုးကို တွန်းလှန်ပစ်ကြရပါမယ်။ လွတ်လပ်ရေးဆို တာ အဲဒီလိုဒူးနှန့်နေဖို့ မဟုတ်ပါဘူး။

၁၉၅၆

*

လွတ်လပ်ရေးရလာရင် ကျွန်တော်တို့ နိုင်ငံရဲ့ လုပ်အား၊ ကျွန်တော် တို့ နိုင်ငံရဲ့ အရင်းအမြစ်တွေဟာ အရင်ကထက်ပိုပြီး စီးပွားရေးအသီး အပွင့်တွေ ဖြစ်ထွန်းလာစေမှ ဖြစ်ပါမယ်။ ကျွန်တော်တို့ရဲ့ လူ့အဖွဲ့အစည်းကိုလည်း အဲဒီစီးပွားရေး အသီးအပွင့်တွေကို ကျွန်တော် တို့ ပြည်သူတွေအားလုံးရဲ့ အကျိုး၊ ကျွန်တော်တို့ ပြည်သူတွေအားလုံးရဲ့ ပျော်ရွှင်မှုအတွက် မျှဝေခံစားစေနိုင်မယ့် လူ့အဖွဲ့အစည်းမျိုးဖြစ်အောင် လုပ်ရပါမယ် ။ ဘယ်နိုင်ငံခြားသား သို့မဟုတ် ဘယ်ကိုယ့်နိုင်ငံသား အခွင့်ထူးခံ ခေါင်းပုံဖြတ် လူတစ်စုအတွက်မှ မဟုတ်စေမရပါဘူး။ သို့မှ သာလျှင် ပြည်သူတွေအားလုံးအတွက် အဓိပ္ပာယ်အပြည့်အဝရှိတဲ့ လွတ်လပ်ရေးဖြစ်ပါမယ်။

၁၉၅၇

*

ဗြိတိသျှ အုပ်ချုပ်မှုအောက်မှာ လွဲပြောင်းပေးခြင်းမှာ မလေးရှားပြည် သူတွေက ဝမ်းနည်းစရာမရှိဘူးလို့ ကျွန်တော် ထင်ပါတယ်။ ဒီအတွက် ကျွန်တော် ဗြိတိသျှအုပ်စိုးမှုကို ချီးကျူးစကားတစ်ခွန်း ပြောချင်တယ်။ ကိုလိုနီအင်အားကြီးနိုင်ငံတွေ အားလုံးမှာ ဗြိတိသျှတွေဟာ ဂုဏ် ကျက်သရေရှိရှိနဲ့ ဘယ်လိုထွက်သွားရမယ်ဆိုတာ အသိဆုံးလူမျိုးဖြစ် တယ်။ သူတို့ဟာ ဟန်ချိုင်းနဲ့ ယောဂျာကာတာမှာ အကြီးအကျယ် ခေါင်း

ခြောက်ခဲ့ကြရတဲ့ ပြင်သစ်တွေနဲ့ ဒတ်ချ်တွေလို မဟုတ်ကြဘူး။ ဗြိတိသျှတွေ ဟာ ဒီနေရာမှာ သိပ်တော်ကြတယ်။ သူတို့ဟာ ထွက်သွားချိန်တန်တဲ့အခါ ကြည်ကြည်သာသာနဲ့ ထွက်သွားကြတယ်။

၁၉၅၇

*

လွပ်လပ်ရေး ရစမှာ တို့ရဲ့လူငယ်တွေကို ပေးလိုက်တဲ့အခွင့်အလမ်းတွေ ဟာ နောင်အခါ မင်းတို့သားသမီးတွေက တစ်ထောင့်တစ်ညပုံပြင်တွေကို ဖတ်ရသလို သိသွားရမယ့်အရာတွေဖြစ်တယ်။ ၁၉၆၀ ပြည့်နှစ်မှာ မင်းတို့ ဘွဲ့ရပညာတက်တွေ ဖြစ်လာနိုင်တယ်။ ၁၉၆၅ ခုနှစ်လောက် ရောက်ရင် မင်းတို့ဟာ ဝန်ကြီးဌာနတစ်ခုမှာ ဒုတိယအတွင်းဝန်လောက် ဖြစ်လာနိုင်တယ်။ ၁၉၇၀ လောက်ဆိုရင် မင်း တို့ ဟာ အမြဲတမ်း အတွင်းဝန်တစ်ဦးတောင် ဖြစ်လာနိုင်တယ်။

၁၉၆၀

*

ပေါ်တူဂီတွေ၊ ဒတ်ချ်တွေ၊ ဗြိတိသျှတွေနဲ့ ပြင်သစ်တွေဟာ အရှေ့တောင်အာရှကို ရောက်လာကြပြီး သူတို့အချင်းချင်းအတွင်းမှာ ခွဲဝေယူကြတယ်။ အများအပြားဟာ အခုခေတ်လူဆိုးဂိုဏ်းတွေ မြို့တစ်မြို့ကို ဒါကငါ့နယ်၊ ဟိုဟာက မင်းနယ်လို့ ခွဲဝေယူကြသလိုပုံစံမျိုးနဲ့ ခွဲဝေယူခြင်းပါပဲ။ ပထဝီဝင်အနေအထားကို သူတို့ကြိုက်သလို စီရင်ချက်ချတယ်။ သမိုင်းလမ်းကြောင်းကို ဖျက်ဆီးတယ်။ ကိုလိုနီ

ခေတ်ကာလအတွင်းမှာ ဂျာကာတာနဲ့ အမ်စတာဒမ်တို့ ဆက်သွယ်မှု၊ စင်ကာပူနဲ့ လန်ဒန် ဆက်သွယ်မှုတို့ဟာ ဂျာကာတာနဲ့ စင်ကာပူဆက်သွယ်မှုထက် ပို ပြီး နီးကပ်ရင်းနှီးတယ်။ ဒီလိုဟာတွေကတော့ ဥရောပကိုလိုနီ ဗိုလ်ကျအုပ်စိုးမှုရဲ့ ကိုးရိုးကားရှားနိုင်မှုတွေပါပဲ။

၁၉၆၀

*

ကျွန်တော် ခင်ဗျားတို့အားလုံးကို ပြောချင်တာက ကျွန်တော်တို့ဟာ တိုင်းခြားအင်အားကြီးနိုင်ငံတွေရဲ့ နယ်ရပ်တွေအဖြစ်နဲ့ နေခဲ့ကြရပြီးပါပြီ။ ကျွန်တော်တို့မှာ ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်ဆန္ဒနဲ့ ကိုယ့်ဘာသာကိုယ် အေးအေးချမ်းချမ်းနဲ့ နေနိုင်ခွင့်များ ရှိလာကြပါပြီ။ ဒါကြောင့် မလေးရှား မှာ စည်းစည်းလုံးလုံးနဲ့ နေကြပြီး နောက်တစ်ခါပြန်ပြီး တိုင်းခြားအင်အားကြီးနိုင်ငံတွေရဲ့ နယ်ရပ်တွေအဖြစ်မခံရအောင် တားဆီးကာကွယ်သွားကြပါစို့။ ဒုတိယကမ္ဘာစစ်ကြီးရဲ့ ဆိုးမွေတွေကို ဖြေရှင်းသွားနိုင်မယ်ဆိုရင် ဒါမှမဟုတ် ဖြေကိုဖြေရှင်းမှ ဖြစ်မယ်ဆိုရင် ဖြေရှင်းသွားကြပါစို့။

၁၉၆၃

*

အာရှတိုက်နဲ့ အာဖရိကတိုက်က လူမျိုးတွေရဲ့စိတ်ထဲမှာ လွတ်လပ်ရေးရလာရင် လူတွေရဲ့အဆိုးတွေ၊ မကောင်းတာတွေ မှန်သမျှကို အလိုအလျောက်ဖြေရှင်းသွားနိုင်လိမ့်မယ်၊ လွတ်လပ်ရေးရလာရင် သာယာဝပြောလို့ ခမ်းနားထည်ဝါလာကြတော့မှာပဲလို့ ထင်နေလေ့ရှိကြတယ်။ အဲဒီလိုဖြစ်လာဖို့ဆိုတာ ခိုင်မာတဲ့ အုပ်ချုပ်ရေးကောင်းလိုအပ်

တယ်၊ သာယာဝပြောအောင် လုပ်ပေးနိုင်မယ့် စီးပွားရေးမျိုး လိုအပ်တယ် ဆိုတာ ကျတော့ အုပ်ချုပ်ရမယ့် လူနည်းနည်းလောက်ကလွဲလို့ ဘယ်သူကမျှ မစဉ်းစားမိကြဘူး။

၁၉၆၃

*

ကျွန်တော်တို့ဟာ ကိုယ့်ကိုယ်ကိုယ် အသေခံကာကွယ်သွားမယ်လို့ စိတ်ပိုင်းဖြတ်ထားရမယ်။ ဘာကြောင့်တုံးဆိုရင် အနိုင်ခံရတာ၊ ဝါးမျိုခံရတာထက် သေရတာကမှ တော်သေးလို့ပဲဖြစ်ပါတယ်။ ကျွန်တော်တို့နဲ့ ရင်းနှီးတဲ့ အိမ်နီးချင်းနိုင်ငံတွေရော မရင်းနှီးတဲ့ အိမ်နီးချင်းနိုင်ငံတွေပါ ဒီအချက်ကိုသိထားကြရင် အရှေ့တောင်အာရှမှာ ငြိမ်းချမ်းရေးကို ပိုပြီး ထိန်းသိမ်းနိုင်ဖွယ်ရှိပါတယ်။ စီးပွားရေးဖိအားတွေ ဘယ်လောက်ပေးပေး ၊ အဖျက်အမှောင့်လုပ်ငန်းတွေနဲ့ ဘယ်လိုပဲနှောင့်ယှက် ဖျက်ဆီးဖျက်ဆီး၊ ဘယ်လိုစိတ်ပိုင်းဆိုင်ရာ တင်းကျပ်မှုတွေပဲရှိရှိ ကျွန်တော်တို့ဟာ ကိုယ့်အိမ်မှာ ကိုယ်သာပင်လျှင် အရှင်သခင် ဖြစ်ခွင့်ရှိတယ်ဆိုတာကို ဘယ်သူကမှ မှားယွင်း မတွက်မိအောင်ပြုကြပါစို့။

၁၉၆၃

*

ပြန်လည်ပြုပြင် ထိန်းညှိသွားဖို့ဆိုတာဟာ ကိုလိုနီ ကျွန်ပြုခဲ့သူရော ကိုလိုနီ အပြုခံရသူပါ နှစ်ဦးစလုံးအတွက် တကယ့်ပြဿနာပါ။ ဘာကြောင့်လဲဆိုရင်နယ်ချဲ့အင်အားကြီး နိုင်ငံဟောင်းတွေဟာ ပတ်ဝန်းကျင်အသစ်မှာ နေသားကျင့်သားရအောင် လုပ်ခဲ့ကြရပြီး ပြောင်းလဲလာတဲ့ ကမ္ဘာလောကတစ်ခုထဲမှာ သူတို့ဘာသာသူတို့

ဘယ်လိုနေထိုင် ကျင့်သုံးသွားရမယ်ဆိုတဲ့မူတွေ ချမှတ်ကြရတယ်။ ကိုလိုနီလက်အောက်က လွတ်လာတဲ့ နိုင်ငံအသစ်တွေမှာလည်း တို့တော့ဖြင့် လူဖြူတွေလာပြီး ဖျက်ဆီးပစ်ခဲ့တဲ့ တို့အတိတ်အခါက ကိုယ့်ဘာသာကိုယ်ကျေနပ်နေနိုင်တဲ့ (သဘာဝဆိုရှယ်လစ်စနစ်မျိုး) လူ့အဖွဲ့အစည်းမျိုးကို အခုပြန်သွားလို့ ရတော့မယ်ဆိုတဲ့ မှောက်မှားတဲ့ အတွေးမျိုးတွေကို ဖယ်ရှားသွားကြရမယ်။ ဘယ်လိုပဲ သဘာဝကျတယ် ပြော ပြော စိတ်ကူးယဉ် ရိမန်တစ်ဝါဒနဲ့ကတော့ တိုးတက်မှုကို ဖြစ်စေနိုင်မှာမဟုတ်ဘူး။ ဖြစ်လာခဲ့ပြီး သမျှကို နောက်ကြောင်းပြန်ချင်လို့ကတော့ မဖြစ်နိုင်တော့ဘူး။ ကျွန်တော်တို့ရှေ့မှောက်မှာ ရောက်လာတဲ့ ရွေးချယ်စရာပြဿနာက အတိတ်ကိုပြန်သွားပြီး နေကြဖို့မဟုတ်ဘဲ အနာဂတ်ကို ဖန်တီးကြဖို့ပဲ ဖြစ်ပါတယ်။

၁၉၆၆

*

ဗြိတိသျှ အင်ပါယာကြီးကို သတိရှိရှိနဲ့၊ မုန်းတီးမှုတွေ အာဃာတတွေ နည်းနည်းနဲ့ ဖျက်သိမ်းခဲ့ရာမှာ မှတ်သားစရာနည်းကတော့ စိတ်ထားကောင်းရှိခြင်းလို့ ဆိုရပါမယ်။ စိတ်ထားကောင်းဆိုတာကာလရှည်ကြာစွာ ပေါင်းသင်းဆက်ဆံလာခြင်းရဲ့ အကျိုးရလာဘ်အဖြစ် တစ်ဦးနဲ့တစ်ဦး ယုံကြည်စိတ်ချခြင်းဖြစ်သလို စိတ်ထားကောင်းမှာ စီးပွားရေးတန်ဖိုးလည်းမရှိဘူး မဟုတ် ရှိလာခဲ့ရပါတယ်။

၁၉၆၉

*

ကျွန်တော်တို့အရွယ် မျိုးဆက်က လူကြီးတွေဟာ ဂျပန်စစ်အုပ်ချုပ်

ရေးကာလ သုံးနှစ်ခွဲတုန်းက အိပ်မက်ဆိုးတွေကို သတိရနေတုန်းပါပဲ။ ငွေကြေးဖောင်းပွမှု၊ အဂတိလိုက်စားမှု၊ မှောင်ခိုရောင်းဝယ်မှု၊ ပြည်သူလူထုရဲ့ဘဝတွေ နိမ့်ကျသွားမှုတွေ အစဉ်အတိုင်း ဖြစ်ခဲ့ကြတာပါ။ သို့သော်လည်း အဲဒီအချိန်က ကျွန်တော်တို့က ငယ်ရွယ်သူတွေဆိုတော့ တို့သာကိုယ့်လူမျိုးအပေါ် ဒီထက်ပိုပြီး အရေးထား၊ ဒီထက်ပိုချစ်နိုင်ကြမယ်ဆိုရင် တစ်နေ့နေ့မှာ ငါတို့ဟာ စင်ကာပူကို ဂျပန်တွေ၊ ဗြိတိသျှတွေထက် ပိုကောင်းအောင် အုပ်ချုပ်လာနိုင်လိမ့်မယ်၊ အုပ်ချုပ်သွားမယ်လို့ ဇာတိမာန်တွေ တက်ခဲ့ကြပါတယ်။

၁၉၇၀

*

ဒတ်ချတွေ၊ ဗြိတိသျှတွေ၊ ပြင်သစ်တွေက ကျွန်တော်တို့ကို ဘယ်တော့မှ နည်းပညာကိုမပေးခဲ့ပါဘူး။ သူတို့ဟာ တက္ကသိုလ်တွေတော့ တည်ထောင်ပေးပါရဲ့။ ဒါပေမဲ့ ဘယ်တော့မှ ကျွန်တော်တို့ကို အင်ဂျင်နီယာအတက် သင်မပေးပါဘူး။ သူတို့က ဆေးပညာ၊ ဥပဒေ၊ သမိုင်း၊ ယဉ်ကျေးမှုပဲ သင်ပေးပါတယ်။ သူတို့ဟာ စက်မှုလက်မှုလူဘောင်အဖွဲ့အစည်းရဲ့ ခေတ်မီတဲ့အပိုင်းကို သူတို့လက်ထဲမှာပဲ ထည့်ထားပါတယ်။

၁၉၉၆

*

မလေးရှားနှင့် ပေါင်းခြင်းနှင့် ခွဲထွက်ခြင်း

လွတ်လပ်သောနိုင်ငံတစ်နိုင်ငံဖြစ်လာဖို့ စင်ကာပူဟာ ပြည်ထောင်စုထဲမှာ ပါဝင်မှုဖြစ်ပါမယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ ပေါင်းတာကို ပိုပြီး လွယ်ကူအောင် ကြိုးစားကြရပါမယ်။ ပထမဦးစွာ မလေးရှားမှာရှိနေကြတဲ့ လူမျိုးတွေအမျိုးမျိုးကြားမှာ ချစ်ကြည်မှုနဲ့ ညီညွတ်မှုကို တိုးပွားလာအောင် လုပ်ပေးကြရပါမယ်။ ပြည်ထောင်စုထဲမှာ မလေးလူမျိုးတွေက အများစုဖြစ်တယ်။ စင်ကာပူမှာ တရုတ်က အများစုဖြစ်တယ်။ ဒါကြောင့် ပြည်ထောင်စုထဲမှာပါတဲ့ မလေးလူမျိုးတွေကို အိန္ဒိယလူမျိုးနဲ့ အထူးသဖြင့် တရုတ်လူမျိုးဆိုတဲ့ အခြားလူမျိုးတွေဟာလည်း ဘုံပျော်ရွှင်ချမ်းသာမှုတို့အတွက် အတူတကွ လက်တွဲဆောင်ရွက်လိုကြတဲ့ သူတို့ရဲ့ ညီနောင်များဖြစ်ကြကြောင်းကို နားလည်အောင်လုပ်ဖို့မှာ မဖြစ်မနေ လုပ်ကြရတဲ့အလုပ်ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ပေါင်းစည်းမှုနဲ့ လွတ်လပ်ရေးရတဲ့အခါ လွတ်လပ်ပြီး လျှို့ဝှက်စွာ မဲပေးရတဲ့ ရွေးကောက်ပွဲတွေမှာ လူတစ်ကိုယ် မဲတပြားစနစ်နဲ့ တက်လာတဲ့ ဒီမိုကရေစီအစိုးရစနစ်မျိုးနဲ့ ဆိုရှယ်လစ်လူဘောင်ကို တည်ဆောက်ဖို့ တိုက်ပွဲဝင်သွားနိုင်မှာဖြစ်တယ်။ လူတစ်ကိုယ် မဲတစ်ပြားစနစ်ဆိုတာ အဆုံးမှာ အများစုအားဖြင့် လူဆင်းရဲတွေသာဖြစ်နေကြတဲ့ မလေးရှားက ပြည်သူတွေက ကျွန်တော်တို့ရဲ့ မလေးရှားပါလီမန်ထဲမှာ လွတ်တော်ကိုယ်စားလှယ်အများစုကို ရွေးချယ်နိုင်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကပေးထားတဲ့အာဏာရှိနေတော့ အုပ်ချုပ်ခွင့်လည်း ရနေ၊ လူဘောင်အဖွဲ့အစည်းရဲ့ အစီအစဉ်ကို ပြောင်းနိုင်တဲ့အခွင့်အရေးလည်း ရနေတဲ့

သဘောဖြစ်ပါတယ်။

၁၉၅၇

*

စင်ကာပူမှာ တစ်ဦးတည်း အထီးကျန်အဖြစ်မျိုးနဲ့ကတော့ ဘယ်လို အစိုးရမျိုးမှ အလုပ်လက်မဲ့ပြဿနာနဲ့ တစ်နေ့တခြား ဆိုးရွားလာတဲ့ စီးပွားရေးအခက်အခဲတွေကို ဖြေရှင်းနိုင်မှာမဟုတ်ပါဘူး။ အဲဒီလို မဖြေရှင်းနိုင်တာနဲ့ အမျှ လူမှုရေးမငြိမ်သက်မှုတွေ၊ နောက်ဆုံးမှာ ဝရုန်းသုန်းကားအခြေအနေမျိုးတွေ ဖြစ်လာမှာဖြစ်ပါတယ်။ ပြည်ထောင်စုနဲ့ပေါင်းစည်းထားပြီး ကျွန်တော်တို့ရဲ့ ထူးခြားတဲ့ အခြေအနေအရ ပညာရေးနဲ့ အလုပ်သမားရေးရာ မူဝါဒတွေမှာ ဒေသအလိုက်ကိုယ်ပိုင်စီမံအုပ်ချုပ်ခွင့် ရထားတော့ ကျွန်တော်တို့မှာ အလားအလာရှိတဲ့ စီးပွားရေးအခြေခံရှိလာမှာဖြစ်တယ်။ ပြီးတော့လည်း တိုးပွားလာတဲ့လူဦးရေကြောင့် ဖြစ်လာတဲ့ပြဿနာတွေကို ဖြေရှင်းဖို့မှာ စီးပွားရေးကလည်း အညီအမျှ တိုးတက်လိုက်မလာဘဲနဲ့ လုပ်လို့မရဘူးဆိုတာမျိုးဖြစ်လာမယ်။

၁၉၆၁

*

ပြည်ထောင်စုနဲ့ စင်ကာပူဟာ ခွဲခြားမရတဲ့ တစ်ခုတည်းပဲဆိုတာကို ဘယ်သူမျှ အငြင်းမပွားပါဘူး။ ဒီနယ်မြေနှစ်ခုကို ဗြိတိသျှကိုလိုနီအစိုးရက သူတို့ရဲ့နိုင်ငံရေး သက်သာအဆင်ပြေမှုအတွက် ခွဲခြားထားခဲ့

ခြင်း ဖြစ်တယ်ဆိုတာကိုလည်း ဘ ယ် သူ မှ အငြင်းမပွားပါဘူး။ ကျွန်တော်တို့ဟာ တစ်နိုင်ငံတည်း လူမျိုးတစ်မျိုးတည်းပါပဲ။ ဒီတော့ ကျွန်တော်တို့ဟာ စည်းလုံးညီညွတ်ကြရပါမယ်။ ပြဿနာကတော့ ဘယ်တော့စည်းလုံးညီညွတ်ကြမလဲ၊ ဘယ်လိုစည်းလုံးညီညွတ်ကြမှာလဲ ဆိုတာပဲရှိပါတယ်။

၁၉၆၁

*

ပြည်သူလူထုကို လုပ်ပေးရမယ့် ပထမဦးဆုံး မြင့်မြတ်တဲ့တာဝန်က တော့ စင်ကာပူဟာ အမြထာဝရ လုံခြုံမှုရှိနေစေအောင်၊ ဖွံ့ဖြိုးသာယာနေအောင်လုပ်ဖို့ပါပဲ။ အဲဒါကလည်း ပြည်ထောင်စုတစ်ခုထဲမှာ ပူးပေါင်းနေခြင်းသာလျှင်ဖြစ်နိုင်တဲ့ တစ်ခုတည်းသောနည်းလမ်းဖြစ်ပါတယ်။ အခြားနည်းဆိုတာက အထီးကျန်နေထိုင်ခြင်း၊ ကွန်မြူနစ်တွေ အလိုကျ လိုက်လုပ်ခြင်းသာ ဖြစ်ပေလိမ့်မယ်။

၁၉၆၂

*

နိုင်ငံတစ်နိုင်ငံကြီးကျယ်တယ်ဆိုတာ အရွယ်အစားတစ်ခုတည်းနဲ့ ဖြစ်တာ မျိုးမဟုတ်ဘူး။ ကြီးကျယ်လိုတဲ့ဆန္ဒ၊ သဟဇာတရှိမှု၊ သက်လုံကောင်းမှု၊ နိုင်ငံသားပြည်သူတွေရဲ့ စည်းကမ်းရှိမှုနဲ့ အဲဒီနိုင်ငံခေါင်းဆောင်တွေရဲ့ အရည်အချင်းရှိမှုဆိုတာတွေနဲ့မှ သမိုင်းမှာ ဂုဏ်သိက္ခာရှိတဲ့နေရာမျိုးကို ရနိုင်မယ်။ အာရှတိုက်ရဲ့စံနှုန်းနဲ့တိုင်းရင်မလေးရှားဟာ တိုင်းငယ်ပြည်ငယ်ကလေးပဲ။ ဒါပေမဲ့ အဲဒီနိုင်ငံရဲ့ဆန္ဒ၊ သဟဇာတရှိမှုနဲ့ ပြည်သူတွေရဲ့ စည်းကမ်းရှိမှုကို ဘယ်လိုလူတွေမှ

သံသယမရှိပါစေနဲ့။ အဲဒီနိုင်ငံရဲ့ခေါင်းဆောင်တွေရဲ့ စိတ်ဓာတ်ကြံ့ခိုင်မှု တွေကို ဘယ်လိုလူတွေကမှ အတွက်မမှားပါစေနဲ့။

၁၉၆၃

*

ကျွန်တော် တို့ရဲ့ အသက်ရှင်ရပ်တည်နိုင်မှုဟာ သေရေးရှင်ရေး ဖြစ်လာတဲ့အချိန်မှာ ကိုယ့်နိုင်ငံအင်အား နည်းလာစေအောင် ရန်သူကို အကူအညီပေးကြတဲ့သူတွေဟာ သူတို့ ကုန်ကျရမယ့်တန်ဖိုးကို တွေ့လာ ကြရမှာပဲ။ တစ်မျိုးသားလုံးက ပြည်တွင်းပြည်ပရန်သူတွေရဲ့ အန္တရာယ် က ကာကွယ်သွားဖို့ အသင့်ရှိနေမှာမို့ဖြစ်ပါတယ်။ ကွန်မြူနစ်တွေဟာ မ လေးရှားနိုင်ငံအတွက် ကျွန်တော်တို့ရဲ့ ခိုင်မာတဲ့သန္နိဋ္ဌာန်ကို အင်အား နည်းအောင် လုပ်သွားနိုင်မယ်ဆိုရင် ပထမဦးဆုံး ဆာရာဝက်၊ အဲဒီ နောက်မှာ ဆာဘား၊ အဲဒီနောက် စင်ကာပူနဲ့ နောက်ဆုံးမှာ မလေးရှား တို့ဟာ တဖြည်းဖြည်းနဲ့ အင်ဒိုနီးရှားရဲ့ နယ်ပယ်ထဲမှာ ဝါးမျိုခံသွားရမှာ ပဲ။

၁၉၆၃

*

နိုင်ငံတွေဆိုတာလည်း လူပုဂ္ဂိုလ်တစ်ဦးချင်းလိုပဲ ကြီးထွားလာကြရ ပြီး ဘဝရဲ့ငြင်းပယ်လို့မရတဲ့ အခြေအနေတွေကို သူ့အတိုင်း ရင်ဆိုင်ကြ ရပါတယ်။ ကိုယ့်အိမ်နီးချင်းတွေနဲ့ ဘယ်လိုနေမှဖြစ်မယ်ဆိုတာ သိကြရ ပါတယ်။ ဆိုးရွားလှတဲ့ ခေါင်းပုံဖြတ် နိုင်ရာစားလောကကြီးထဲမှာ ကိုယ့် ကိုယ်ကိုယ် ကာကွယ်သွားတက်ကြရပါတယ်။ ဥရောပကိုလိုနီ အုပ်စိုးသူ တွေဟာ အာရှတိုက်က ကြီးမားတဲ့အစိတ်အပိုင်းတွေကို လက်အောက်ခံ

တပည့်နိုင်ငံတွေအဖြစ် ထာဝရနီးပါး ကျွန်ပြုလာခဲ့ကြတာ အနှစ် ၃၀၀ ကျော် ကြာခဲ့ကြပြီ။ အဲဒီတော့လည်း မလေးရှားမှာရှိတဲ့ ကျွန်တော်တို့ဟာ မကြာသေးမီ အချိန်ကာလအထိ အချမ်းသာဆုံးဖြစ်ဖို့ နေနေသာသာ အင်အားအတောင့်တင်းဆုံးဖြစ်ဖို့ဆိုတာ ဝေလာဝေး လို့လှိုင်းလေထန်နေတဲ့ကမ္ဘာကြီးမှာ နေရာကလေးတစ်နေရာရဖို့၊ ရက်စက်ပြင်းထန်တဲ့ ဝန်ထုပ်ဝန်ပိုးတွေ ကိုယ့်ဘာသာကိုယ် ထမ်းဖို့ဆိုတဲ့ အခွင့်အရေးတွေတောင် မရခဲ့ပါဘူး။

၁၉၆၃

*

ကျွန်တော်တို့မှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်တဲ့စိတ် ရှိနေသမျှကာလပတ်လုံး၊ ပြီး တော့ ခေါင်းဆောင်တွေဟာ အချင်းချင်းရဲ့ စိတ်ကောင်းနှလုံးကောင်းအပေါ်မှာ ယုံကြည်ချက်ရှိနေသမျှ ကာလပတ်လုံး မလေးရှားမှာ အနာဂတ်ဆိုတာ ရှိနေပါတယ်။ ပဲ့ကိုင်နေရာက တွန်ကူလိုပုဂ္ဂိုလ်မျိုး ရှိနေသေးသမျှ ကျွန်တော်တို့ဟာ စင်ကာပူကို စောင့်ရှောက်တာဝန်ယူနေသေးသမျှ မလေးရှားကို အောင်မြင်အောင် လုပ်သွားနိုင်မှာဖြစ်ပြီး မလေးရှားဟာလည်း အောင်မြင်လာမှာဖြစ်ပါတယ်။ အနာဂတ်ကတော့ စိန်ခေါ်မှုတွေနဲ့ကော စမ်းသပ်မှုတွေနဲ့ပါ အမြဲတမ်းပြည့်နေမှာပဲ။ ကျွန်တော်တို့ အဲဒါတွေကို ကျော်လွှားသွားနိုင်ကြမှာပါ။

၁၉၆၄

*

ကမ္ဘာကြီးကလည်း ကျွန်တော်တို့ အသက်ရှင်နေထိုင်နိုင်အောင် လုပ်ပေးဖို့ ဝတ္တရားမရှိဘူး။ ကျွန်တော်တို့ကလည်း မလေးရှား အသက်

ရှင်နေထိုင်နိုင်အောင် လုပ်ပေးဖို့ ဝတ္တရားမရှိပါဘူး။ ကမ္ဘာကြီးမှာရော မလေး ရှား မှာ ပါ ကျွ န် တော် တို့ ရဲ့ အသက်ရှင်နေထိုင်နိုင်မှုအတွက် ဝတ္တရားမရှိပါဘူး။ အဲ .... ဒါပေမဲ့ ကမ္ဘာကြီးကသော်လည်းကောင်း၊ မလေးရှားကသော်လည်းကောင်း၊ စင်ကာပူကို ခြေမွပစ်ဖို့ ကြိုးစားမယ်ဆိုရင် တော့ သူ တို့ ဟာ ကိုယ့် ဘာသာကိုယ် သတ်သလိုဖြစ်မှာပဲ။ ဒါမှမဟုတ် ကျွန်တော်တို့က သူတို့ကို ဖျက်လိုဖျက်ဆီးလုပ်မယ်ဆိုရင်လည်း ကျွန်တော်တို့ဟာ ကိုယ့်ဘာသာကိုယ် သတ်သလိုနေမှာပဲ။ အဲဒီလို ဘယ်သူမှမလုပ်ကြဘဲ ကျွန်တော်တို့ဟာ ဆာဘားနဲ့ ဆာရာဝက်တို့နဲ့အတူ တိုးတက်အောင်မြင်မှုရအောင် ကြိုးပမ်းသွားကြမယ်ဆိုရင်လည်း ဖြစ်ပါတယ်။

၁၉၆၄

*

စင်ကာပူဟာ လွတ်လပ်ခြင်းနဲ့ တရားမျှတခြင်းဆိုတဲ့ အခြေခံပေါ်ကတည် ဆော က် ထား တဲ့ အ ချု ပ် အ ခြာ အာ ဏာ ပိုင် ဒီမိုကရေစီနည်းကျ လွတ်လပ်တဲ့နိုင်ငံအဖြစ် ထာဝရတည်သွားမှာဖြစ်ပြီး ပို၍တရားမျှတ ခွ င့် တူ ညီ မျှ တဲ့ လူ့ဘော င် အ ဖွဲ့ အ စ ည်း တ စ် ခု ထဲ က ပြည်သူတွေရဲ့ သာယာဝပြောမှုနဲ့ ပျော်ရွှင်မှုရအောင် အမြဲတမ်း ကြံဆောင်သွားမှာဖြစ်ပါတယ်။

၁၉၆၅

*

စ င် ကာ ပူ ကို မ လေး ရှား ထဲ က အ ဆ က် ဖြ တ် ခွဲထွက်မယ်ဆိုတဲ့ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့တဲ့ အ ခု လို အခါသမယမှာ

အတိတ်ကို ပြန်ပြောင်းကြည့်လိုက်တဲ့အခါတိုင်း စိတ်မှာ မချိတင်ကဲ ဖြစ်သွားပါလိမ့်မယ်။ ကျွန်တော့် အဖို့ မချိတင်ကဲ ဖြစ်ရတဲ့အခါမျိုး ဖြစ်ရတတ်တယ် ဆိုတာက ကျွန်တော့် တစ်သက်လုံး၊ ကျွန်တော် အရွယ်ရောက်လာတဲ့ ဘဝတစ်ခုလုံးမှာ ကျွန်တော်ဟာ ဒီနယ်မြေနှစ်ခုကို ပေါင်းစည်းပြီး စည်းလုံးညီညွတ်မှုရှိတဲ့ မလေးရှားနိုင်ငံဖြစ်ရမယ်ဆိုတာကို ယုံကြည်လာခဲ့သူမို့ပါပဲ။ ခင်ဗျားတို့ စဉ်းစားကြည့်ပါ။ မလေးရှား ဆိုတာ ပထဝီဝင်သဘောအရ၊ စီးပွားရေးအရနဲ့ သွေးချင်းညီအစ်ကို ဆက်ဆံရေးနဲ့ ဆက်စပ်ပေးထားတဲ့ နိုင်ငံဖြစ်ပါတယ်။ ခဏလောက် ရပ်လိုက်ပါစို့ဗျာ။

၁၉၆၅

*

စင်ကာပူဆိုတာ တရုတ်နိုင်ငံ မဟုတ်ပါဘူး။ တရုတ်နိုင်ငံ မဟုတ်သလို မလေးနိုင်ငံလည်း မဟုတ်၊ အိန္ဒိယနိုင်ငံလည်း မဟုတ်ပါဘူး။ ဒါကြောင့် ကျွန်တော်တို့ အရင်ကတည်းက မလေးရှားလူမျိုးတွေရဲ့ မလေးရှားဟာ မလေးနိုင်ငံ မဟုတ်ပါဘူးလို့ ပြောခဲ့ခြင်းပါပဲ။ ဒါကြောင့်လည်း ကျွန်တော်က မကျေနပ်ခဲ့ရခြင်း ဖြစ်ပါတယ်။

၁၉၆၅

*

ကျွန်တော်တို့အိမ်ကလေးဟာ သေးပေမဲ့လည်း ကျွန်တော်တို့ရဲ့အိမ်ထဲမှာ စားပွဲတွေ၊ ကုလားထိုင်တွေ၊ အိပ်ရာခုတင်တွေကို ဘယ်နေရာမှာဘာ ထား တယ်၊ ဘယ်လို ထားမယ် ဆိုတဲ့ ကိစ္စဟာ ကျွန်တော်တို့ရဲ့ကိုယ်ပိုင်ကိစ္စပဲ။ ကျွန်တော်တို့ မိတ်ဆွေတွေရဲ့ကိစ္စ၊ အိမ်နီးချင်းတွေရဲ့

ကိစ္စ မဟုတ်ပါဘူး။ ခုတင်ကို ဟိုနား ရွှေ့လိုက်ပါလား၊ ကုလားထိုင်ကို ဒီနား ရွှေ့လိုက်ပါလားလို့ ဘယ် သူ မှ ဝင်ပြောပိုင်ခွင့်မရှိပါဘူး။ ဒါက ကျွန်တော်တို့အိမ်ပဲ။ အိမ်ကလေးက သေးပေမဲ့ ဒီအိမ်ဟာ ကျွန်တော်တို့ပိုင်ပစ္စည်းပဲ။ စင်ကာပူကို စင်ကာပူနိုင်ငံသားတွေက စင်ကာပူပြည်သူတွေ ဖြစ်စေချင်တဲ့အတိုင်း စီမံသွားပိုင်ခွင့်ဟာ စင်ကာပူပြည်သူတွေရဲ့ပိုင်ခွင့်ပါပဲ။

၁၉၆၅

*

ကျွန်တော်တို့နဲ့ပတ်သက်လို့ ကျွန်တော် အလေးထားပြောချင်တာက ကျွန်တော်တို့ဟာ နိုင်ငံနှစ်နိုင်ငံ နေနေကြတဲ့ လူမျိုးတစ်မျိုးဖြစ်တယ်ဆိုတာပါပဲ။ (မလေးရှားက) ခွဲထွက်လိုက်တယ်ဆိုတာက လူအဖွဲ့အစည်းတစ်ရပ်ကို နှစ်ခု ခွဲလိုက်ခြင်းသာပါ။ မတူတဲ့အစိတ်အပိုင်းတွေကို တစ်ခါတည်း လုံးလုံးလျားလျား ခွဲပစ်လိုက်တာမဟုတ်ပါဘူး။ ဒါပေမဲ့ အရင်တုန်းကတော့ တစ်ခုလုံးရဲ့အဖြေကို စဉ်းစားကြရပေမယ့် အခုတော့ နှစ်ခြမ်းစလုံးမှာ လက်တွေ့စမ်းသပ်မှုနှစ်ခုကို လုပ်ကြရတော့တာပေါ့။ လူမျိုးအများအပြားရှိနေတာ၊ ပြောဆိုတဲ့ဘာသာစကား အမျိုးမျိုးဖြစ်နေတာတွေနဲ့ဆိုင်တဲ့အဖြေကို ဘယ်ပုံဘယ်နည်းရှာမယ်ဆိုတဲ့ လက်တွေ့စမ်းသပ်မှုတွေ၊ နှစ်ခြမ်းထဲက တစ်ခြမ်းမှာ ကျင့်သုံးမယ့်မူဝါဒတွေ ချမှတ်ရတာတွေက တော့ အခြားတစ်ဖက်ခြမ်းကထားတဲ့သဘောထားနဲ့အကဲဖြတ်သုံးသပ်ချက်တွေအပေါ် မူတည်လို့ ဂယက်ရိုက်မှုတွေကတော့ ရှိမှာပါပဲ။ အောင်မြင်တဲ့အဖြေတွေကို ထုတ်နိုင်တဲ့ဘက်ခြမ်းက အတွေ့အမြင်တွေက နောက်ဆုံးတော့ လွှမ်းမိုးသွားမှာပါပဲ။

*

မလေးရှားနိုင်ငံမှာ ကျွန်တော်တို့ နေခဲ့ကြရတဲ့ နှစ်နှစ်တာကာလဆို တာကတော့ ကျွန်တော်တို့ အလွယ်နဲ့ မေ့ပျောက်ပစ်လို့ရမှာမဟုတ်ဘူး လို့ ကျွန်တော်ထင်ပါတယ်။ အဲဒီ နှစ်နှစ်တာကာလအတွင်းမှာ အခု ဒီမှာ အလုံးနဲ့ အရင်းနဲ့ ပြောင်းရွှေ့ရောက်လာကြသူတွေ အများစုဟာ အုပ်စု တစ်ခုက တို့ကလူမျိုးတစ်မျိုးပဲ၊ ဘာသာစကားတစ်ခုပဲ၊ ကိုးကွယ်တဲ့ ဘာသာတစ်ခုပဲ ဆိုတဲ့ အခြေခံအပေါ်ရပ်တည်ပြီး တခြားအုပ်စုတစ်ခု အပေါ် လွှမ်းမိုးဖို့ ကြိုးစားကြရင်း ဖြစ်ပေါ်လာခဲ့တာ အကြမ်းဖက်မှုတွေ နဲ့ မတရားမှုတွေ ခါးသီးမှုတွေကိုသိခဲ့၊ နားလည်ခဲ့ကြပါတယ်။ အဲဒီလို အကြောင်းတွေကြောင့် ကျွန်တော်ရဲ့လုပ်ဖော်ကိုင်ဖက်တွေနဲ့ ကျွန်တော် တို့ဟာ ခွဲထွက်လာတဲ့ အချိန်ကစပြီး တို့ဒီသင်ခန်းစာတွေကို ဘယ်တော့ မှ မေ့ပစ်လို့ရမှာမဟုတ်ဘူးလို့ စိတ်မှာ ပိုင်းဖြတ်ထားခဲ့ကြပါတယ်။ ဒါ ကြောင့် မို့လို့လည်း စင်ကာပူသမ္မတနိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေထဲမှာ အကာအကွယ်တွေ ထည့်ထားမယ်။ ဘယ်လို အကာအကွယ်တွေလဲဆိုရင် အမျိုးအနွယ်အရ၊ ဘာသာစကားအရ၊ ယဉ်ကျေးမှုအရ အတူတူဖြစ်လို့ သွေးသားတော်စပ်လို့ဆိုပြီး များရာ အရေအတွက်ကို ပူးပေါင်းထားတဲ့လူတွေက သမိုင်းမှာ အကြောင်း အား လျော် စွာ လူ နည်း စု အ ဖြစ် ရောက်နေကြတဲ့လူတွေအပေါ်မှာ ထိခိုက်နစ်နာစေတဲ့နည်းမျိုးတွေ ဘယ်တော့မှ လုပ်လို့မရစေရဘူး ဆို တဲ့ အကာအကွယ်မျိုးတွေပါ။

*

ကျွန်တော်တို့က တစ်ခုတည်းသော စည်းလုံးညီညွတ်တဲ့ မလေးရှား နိုင်ငံဖြစ်လာဖို့ စီစဉ်ခဲ့ကြပါတယ်။ မလေးရှားကျွန်းဆွယ်နဲ့ စင်ကာပူတို့ ပါဝင်တဲ့ မလေးရှားနိုင်ငံပေါ့။ အဲဒီအစီအစဉ်ဟာ စင်ကာပူကိုချန်ထားတဲ့ ဆာရာဝက်နဲ့ ဘော်နီယို မြောက်ပိုင်းတို့ပါဝင်တဲ့ မလေးရှား ပြည်ထောင်စု လုပ်လိုက်တဲ့အခါမှာ နိဂုံးချုပ် အဆုံးသတ်သွားပါတော့ တယ်။ သမိုင်းဆိုတာက အမေရိကန်တက္ကသိုလ်တစ်ခုမှာ ဂုဏ်ထူးရဖို့ အတွက် တက်ကြရတဲ့သင်တန်းတွေလို တိကျရှင်းလင်းတဲ့ သင်ခန်းစာ အခန်းတွေထဲအတိုင်း ဖြစ်ကြတာမဟုတ်ပါဘူး။ ဗရုတ်ဗရက်နဲ့ ဖြစ်ချင် သလိုဖြစ်ပြီး စီးသွားတဲ့လမ်းကြောင်းကို သမိုင်းပညာရှင်တွေက လိုက် သွား ပြီး သူ့အခန်းလိုက် အကန့်လိုက်နဲ့ ကာလတွေပိုင်းခြားပြီး အဲဒီ သမိုင်းဖြစ်ရပ်တွေကို ပြန်ပြောပြရခြင်းမျိုးဖြစ်ပါတယ်။

၁၉၈၀

*

လွန်ခဲ့တဲ့ အနှစ် ၂၀ တုန်းက စင်ကာပူကို လွတ်လပ်တဲ့ သမ္မတနိုင်ငံ တစ်ခုအဖြစ် ကျွန်တော်ကြေညာခဲ့ပါတယ်။ ကျွန်တော်တို့ မလေးရှားက ရုတ်တရက် ခွဲထွက်လာတဲ့ အောင်ပွဲကျင်းပဖို့ လူတွေအများအပြားက မီးရှူးမီးပန်းတွေ လွှတ်ကြ၊ ဗြောက်အိုးတွေ ဖောက်ကြပါတယ်။ အဲဒီလူ တွေ ဟာ အမျိုးဘာသာတူရာ စု ထား တဲ့ လူမှုအသိုင်းအဝန်းနိုင်ငံရေး ဖိနှိပ်မှုကလွတ်လာကြပြီလို့ ယူဆကြပါတယ်။ ကျွန်တော်ဟာ အသက် ရှင်ရပ်တည်ဖို့အတွက် ပေါ်လာမယ့်ပြဿနာတွေအပေါ် ကြောက်စိတ် ဝင်မိခဲ့တယ်။ ကျွန်တော်တို့ရဲ့ ရှေးရိုးအစဉ် အသက်မွေးမှုဟာ မလေး

ရှားအတွက် ကုန်စည် ဖြန့်ဖြူးပေးရာဌာနအဖြစ် ဆောင်ရွက်ပေးခြင်း ဖြစ်တော့ အဲဒီအစဉ်အလာ အသက်မွေးလုပ်ငန်းဟာ ပျောက်ကွယ်သွားတော့မလို ဖြစ်လာတယ်။ ကျွန်တော်တို့ကို ကျားကန်ပေးနေတဲ့ ကုန်းတွင်းပိုင်း မလေးရှားရယ်လို့မရှိတော့ရင် ကျွန်တော်တို့ဘယ်လို အသက်မွေးကြရပါလိမ့်။ ကျွန်တော်တို့ဟာ စီးပွားရေးအရ ကမ္ဘာက အားကိုးယုံကြည်လောက်တဲ့ လူတွေဖြစ်လာဖို့ နည်းလမ်းအသစ်တွေကို နေ့မအိပ် ညမနား ရှာလာခဲ့ရတယ်။ ကျွန်တော်တို့ ပိုင်ဆိုင်တာဆိုလို့ ကျွန်တော်တို့ရဲ့ ပထဝီဝင်အနေအထား၊ လမ်းပန်းဆက်သွယ်ရေးနဲ့ သယ်ယူပို့ဆောင်ရေးမှာ ကျွန်တော်တို့ရဲ့ အခြေခံအဆောက်အအုံနဲ့ ကြိုးစားအလုပ်လုပ်တဲ့ လူတွေပဲရှိတယ်။ ကျွန်တော်တို့ဟာ အမေရိကန်၊ ဂျပန်နဲ့ အနောက်ဥရောပဆိုတဲ့ ဖွံ့ဖြိုးပြီးကမ္ဘာနဲ့ ဆက်ဆံလာခဲ့ရတယ်။ ကျွန်တော်တို့ဟာ ကုန်ချောတွေ ထုတ်လုပ်ပြီး အဲဒီနိုင်ငံတွေဆီကိုရောကမ္ဘာပေါ်က ကျန်တဲ့နေရာတွေဆီကိုပါ တင်ပို့ခဲ့ကြရတယ်။

၁၉၈၅

*

အချို့နိုင်ငံတွေက မွေးကတည်းက လွတ်လပ်တဲ့နိုင်ငံအဖြစ် မွေးလာကြပါတယ်။ စင်ကာပူကတော့ လွတ်လပ်ရေးမရရင် မဖြစ်လို့ ရအောင်လုပ်ပြီးမှ လွတ်လပ်ရေးရလာတာပါ။

၁၉၉၈

*

သူမှာ (ကွာဂျုတ်ချူရဲ့ ကတော်မရှားမှာ) လူတစ်ယောက်ရဲ့ စရိုက်လက္ခဏာကို အကဲခတ်နိုင်တဲ့ မယုံနိုင်စရာ အရည်အချင်းရှိတယ်။

တစ်ခါတစ်ရံ သူက တချို့လူတွေကို သတိထားလို့ သတိပေးတက်တယ်။ သူ သတိပေးတဲ့အတိုင်းလည်း မှန်နေတက်တယ်။ ကျွန်တော်တို့ မလေးရှားနဲ့ အတူတူ ပေါင်းမယ်ဆိုတော့ သူ က ကျွန်တော့်ကို ပြောတယ်။ ကျွန်တော်တို့ မအောင်မြင်နိုင်ဘူးတဲ့။ ဘာကြောင့်လဲဆိုရင် UMNO က မလေးခေါင်းဆောင်တွေမှာ တို့နဲ့ မတူတဲ့ ဘဝနေထိုင်မှုပုံစံတွေ ရှိတဲ့အပြင် သူတို့ရဲ့နိုင်ငံရေးက လူမျိုးရေးနဲ့ ဘာသာရေးအပေါ်မှာ အခြေပြုထား လို့ ပဲ တဲ့ ။ အဲ ဒီ လို ပြော ပါ တ ယ် ။ ကျွန်တော်က ကျွန်တော်တို့မှာ ရွေးချယ်စရာမရှိတော့ အဲဒါကိုပဲ ဖြစ်အောင်လုပ်သွားရမှာပဲလို့ ပြန်ပြောပါတယ်။ ဒါပေမဲ့ သူ ပြောတာ မှန်လိုက်တာ၊ နှစ်နှစ်မပြည့်ခင်မှာပဲ ကျွန်တော်တို့ကို မလေးရှားကနေ ထွက်သွားဖို့ အပြောခံခဲ့ရပါတယ်။

၂၀၁၀

*

အနာဂတ်

အပြောင်းအလဲတွေနဲ့ မရေရာမသေချာမှုတွေ များလာတဲ့ခေတ်ကြီးထဲမှာ ရှေ့မှာအန္တရာယ်တွေ ရှိနေတယ်ဆိုတာကို စင်ကာပူနိုင်ငံသားတွေ သတိရှိထားရပါမယ်။ ကျွန်တော်တို့ဟာ ဘေးအန္တရာယ်တွေ၊ ဒုက္ခတွေ ခံပြီးတော့မှ အနာဂတ်ကို တွက်ဆယူလို့ရပါမယ်။ ကျွန်တော်တို့အသက်ရှင်ရပ်တည်နေတာဟာ ကျွန်တော်တို့က လက်တွေ့ကျကျ လုပ်ဆောင်တက်တဲ့၊ ယထာဘူတကျကျ တွေးမြင်တက်တဲ့ လူမျိုးတစ်မျိုးဖြစ်နေလို့ပါ။

၁၉၅၅

*

ရှေ့မှာ ဘာတွေရှိနေတယ်၊ ဘာတွေဖြစ်မယ်ဆိုတာကို ဗြိတိသျှတွေလည်း ပြောဖို့မလွယ်ဘူး။ ကွန်မြူနစ်တွေလည်း မပြောနိုင်ဘူး။ အမျိုးသားဝါဒီတွေလည်း အတပ်မဟောနိုင်ဘူး။ 'ငါကြီးလာရင် ဘာဖြစ်မယ်၊ ရပ်ချောကလေး ဖြစ်မှာလား၊ သူဌေးဖြစ်မှာလား'ဆိုတဲ့ သီချင်းထဲကလိုပဲ။ အဲဒီသီချင်းသံပြိုင်နေရာမှာက 'အနာဂတ် ဆိုတာဟာ တို့တွေ ပြင်လို့မှမရတာ' တဲ့။ အဲဒီသီချင်းလိုပါပဲ။ အနာဂတ်မှာ ဘာတွေဖြစ်လာမယ်လို့ သိချင်ရင် အလုပ်လုပ်နေကြတာမှာ ဘယ်လိုအင်အားစုတွေလဲဆိုတာ သိကြရပါမယ်။ ကျွန်တော်တို့ရဲ့အနေအထားကို ဆုံးဖြတ်ပြီးပြီဆိုရင် ကျွန်တော်တို့ဟာ အဲဒီအင်အားစုတွေက ကျွန်တော်တို့ဘက်ဖြစ်လာအောင် ကြိုးစားအားထုတ်ကြရပါမယ်။

*

အနာဂတ်ဆိုတာကကျွန်တော်တို့လုပ်ယူရမယ့်အရာပါ။ အရှေ့တောင်အာရှရဲ့ လှိုင်းလေထန်တဲ့ပင်လယ်ပြင်မှာ ငြိမ်းချမ်းသာယာပြီး နိုးကြားသတိရှိနေတဲ့ သည်းခံမှု၊ တစ်စိတ်တစ်ဝမ်းညီမှုနဲ့ တိုးတက်မှုတို့ရဲ့ ကွန်းခိုရာ သဟဇာတနဲ့ ပေါင်းစည်းညီညွတ်တဲ့ နိုင်ငံတစ်နိုင်ငံမျိုးဖြစ်အောင် တည်ဆောက်ဖို့ အစွမ်းကုန် ကြိုးစားအားထုတ်သွားဖို့ရာမှာ ကျွန်တော်တို့ဟာ ကိုယ့်ကိုယ်ကိုယ်သာလျှင် အားကိုးရာဖြစ်ပါတယ်။

၁၉၆၄

*

ပစ္စုပ္ပန်ကို နားလည်ပြီး အနာဂတ်ကို မျှော်မှန်းနိုင်ဖို့မှာ ကျွန်တော်တို့ဟာ အတိတ်ကိုသိမှဖြစ်ပါမယ်။ လူမျိုးတစ်မျိုးရဲ့ သမိုင်းအဓိပ္ပါယ်ကို နားလည်ကြရပါမယ်။ ဖြစ်ခဲ့တာတွေကို လေးစားအသိအမှတ်ထားရုံနဲ့ မပြီးပါဘူး။ ဘာအကြောင်းတွေကြောင့် အဲဒီလိုဖြစ်ခဲ့တာလဲ၊ အဲဒီလိုနည်းနဲ့ ဘာကြောင့်ဖြစ်ခဲ့ရတာလဲ ဆိုတာကိုပါ အသိအမှတ်ထားတတ်ရပါမယ်။ နိုင်ငံတွေ လူမျိုးတွေအကြောင်း အဲဒီလို သိဖို့ လိုသလိုပဲ လူပုဂ္ဂိုလ်တစ်ဦးချင်း အကြောင်းဟာလည်း အဲဒီအတိုင်းပါပဲ။ လူတစ်ယောက်ရဲ့အတွေ့အကြုံက တချို့ဟာတွေကို အဲဒီလူ ကြိုက်သလား၊ မုန်းသလား၊ အဲဒါတွေ ဖြစ်လာတဲ့အခါ အရှိအတိုင်း လက်ခံနိုင်သလား၊ လက်ခံရမှာကို ကြောက်သလားဆိုတာကို ပြဋ္ဌာန်းပေးပါတယ်။ လူမျိုးတစ်မျိုးမှာလည်း အဲဒီအတိုင်းပါပဲ။ လူ မျိုး မှာ တော့ အဲဒီလူမျိုးရဲ့ အစုအပေါင်းအနေနဲ့ အမှတ်ရနေခြင်းမျိုးပေါ့။ အောင်မြင်မှုကိုဖြစ်စေခဲ့

တဲ့ သို့မဟုတ် ဘေးအန္တရာယ်ကိုဖြစ်စေခဲ့တဲ့ အတိတ်က ဖြစ်ရပ်တွေက နေပြီး ပေါင်းစပ်သိနားလည်ခြင်းမျိုးပေါ့။ အဲဒီအမှတ်ရနေခြင်းမျိုး၊ ပေါင်းစပ် သိနားလည်ခြင်းမျိုးတွေက အဲဒီလူမျိုးဟာ အသစ်ကြုံလာရတဲ့ဖြစ်ရပ်တွေကို သူ့အရှိအတိုင်း လက်ခံနိုင်သလား သို့မဟုတ် လက်ခံရမှာ ကြောက်သလားဆိုတာ ပြဋ္ဌာန်းပေးပါတယ်။ ဘာကြောင့်လဲဆိုရင် ဖြစ်ရပ်အသစ်တွေထဲက အစိတ်အပိုင်းတွေမှာ အတိတ်အတွေ့အကြုံနဲ့ တူညီတာတွေရှိတယ်လို့ သိနိုင်လို့ပါပဲ။

၁၉၈၀

*

စ င် က ာ ပူ ရဲ့ ဘ ဝ နေ ထို င် မှု ပုံ စံ မှာ ရော နိုင်ငံရေးဝေါဟာရ အသုံးအနှုန်းမှာပါ အနောက်တိုင်းရဲ့ ဩဇာတွေ အများကြီး လွှမ်းနေပါတယ်။ အဓိကကျတဲ့အာရှတန်ဖိုးရဲ့ ဩဇာလွှမ်းမိုးမှုက ရာခိုင်နှုန်း ၄၀ နဲ့ ယှဉ်ကြည့်မယ်ဆိုရင် အနောက်တိုင်း ဩဇာလွှမ်းမိုးမှုက ရာခိုင်နှုန်း ၆၀ ရှိမယ်လို့ ကျွန်တော်ခန့်မှန်းကြည့်မိတယ်။ အ နှ စ် ၂ ဝ အတွင်းမှာ ဒီအချိုးအစားဟာ ပြောင်းသွားလိမ့်မယ်။ အရှေ့အာရှဟာ ကိုယ့်ထုတ်ကုန်ပစ္စည်းကို ထုနဲ့ထည်နဲ့ ထုတ်လုပ်လာနိုင်ပြီး ကိုယ့်နိုင်ငံရေးဝေါဟာရတွေ နဲ့ ကိုယ်တီထွင်သုံးလာနိုင်တာကြောင့် ဖြစ်တယ်။ ကျွန်တော်တို့ရဲ့ ဘ ဝ နေ ထို င် မှု ပုံ စံ အ ပေါ်၊ အစားအသောက်၊ ဝတ်စားဆင်ယင်မှု၊ နိုင်ငံရေးနဲ့ သတင်းမီဒီယာအပေါ် အနောက်တိုင်းရဲ့ ဩဇာလွှမ်းမိုးမှုမှာ ရာခိုင်နှုန်း ၄၀ အထိ လျော့ကျသွားပြီး အာရှရဲ့ ဩဇာလွှမ်းမိုးမှုက ရာခိုင်နှုန်း ၆၀ အထိ တက်လာမှာမို့ ဖြစ်ပါတယ်။

၁၉၉၅

*

ကျွန်တော်တို့က သြစတြေးလျ မဟုတ်ပါဘူး။ သြစတြေးလျမှာ ဂျုံစိုက်မယ်၊ နွားနဲ့ သိုးမွေးမယ်။ ဒါပေမဲ့ စင်ကာပူက လူက ဖန်တီးပေးတာပဲရှိတယ်။ စင်ကာပူဟာ နိုင်ငံတကာအသိုင်းအဝန်းရဲ့ လိုအင်တွေကို ဝန်ဆောင်မှုပြုပေးတယ်။ အကယ်၍များ နည်းပညာအပြောင်းအလဲကြောင့်ဖြစ်စေ၊ ပိုဆိုးတာက နိုင်ငံရေးနဲ့ လုံခြုံရေးဖွဲ့စည်းပုံတွေက ဒီဒေသရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် အန္တရာယ်ဖြစ်လာတာကြောင့်ဖြစ်စေ အဲဒီလိုအင်တွေ အပြောင်းအလဲဖြစ်သွားမယ်ဆိုရင် ကျွန်တော်တို့ဟာ ကိုယ့်ပင်စည်မှာ ကိုယ်ညှိုးခြောက်နေတဲ့ နွယ်ပင်လိုဖြစ်သွားလိမ့်မယ်။ ဗဟုစ္စမြို့ကို ကြည့်ပါ။ အော်တိုမန် အင်ပါယာကြီး ပေါ်လာတယ်။ ပိုးလမ်းမကြီးက သွားလို့မရတော့ဘူး။ သင်္ဘောတွေက ကိတ်ဂွတ်ဟုပ်အင္ဂကို ပတ်သွားကုန်ကြတာမျိုး ဖြစ်လာတဲ့အခါ ဗဟုစ္စမြို့ကြီး ဆုတ်ယုတ်သွားတော့တာပဲ။

၁၉၉၅

*

အနာဂတ်ဟာ မရေရာမှုတွေနဲ့ ပြည့်နေသလိုပဲ ဖြစ်လာမယ်လို့ မျှော်လင့်နိုင်တာတွေနဲ့လည်း ပြည့်နေပါတယ်။ စက်မှုလက်မှုလူ့အဖွဲ့အစည်းဟာ ပညာအပေါ် အခြေပြုတဲ့ လူ့အဖွဲ့အစည်းအတွက် နေရာပေးလာခဲ့ရပါပြီ။ ကမ္ဘာကြီးမှာ အသစ်ဖြစ်လာမယ့် ကွဲပြားမှုဟာ ပညာအခြေပြုကမ္ဘာနဲ့ ပညာအခြေမပြုနိုင်တဲ့ကမ္ဘာဆိုတာမျိုး ဖြစ်လာမယ်။ ကျွန်တော်တို့ဟာ ပညာအပေါ် အခြေပြုတဲ့ ကမ္ဘာကြီးရဲ့ အစိတ်အပိုင်းတစ်ရပ်ဖြစ်အောင် သင်ယူလေ့လာကြရပါမယ်။

၂၀၀၀

*

ရှေ့သို့ အမြန်တက်လှမ်းကြရမယ်။ နောင်အနှစ် ၁၀၀ မှာ လူဦးရေ ၁ ဒဿမ ၈ ဘီလီလျံ ရှိလာမယ့် တရုတ်ပြည်ကို စိတ်ကူးကြည့်ပါ။ ဂျီဒီပီမှာ ဂျပန်ထက် ဆယ်ဆမသာဘူးဆိုတောင်မှ ငါးဆတော့ သာလာလိမ့်မယ်။ ဂျပန်တွေမှာ ရှိထားတဲ့ အဆင့်မြင့်နည်းပညာတွေကို သုံးစွဲနိုင်တဲ့ စွမ်းရည်မျိုးတွေ ရှိလာမယ်။ အဲဒီလိုများဖြစ်လာရင် စင်ကာပူမှာရှိကြတဲ့ ကျွန်တော်တို့ဟာ ကိုယ့်နေရာကို ဘယ်လိုရှာကြမလဲ။ ဒါဟာ စင်ကာပူရော အရှေ့တောင်အာရှမှာ ရှိကြတဲ့နိုင်ငံတွေအားလုံး ရင်ဆိုင်ရမယ့် ဧရာမစိန်ခေါ်မှုကြီးပဲ။ ကျွန်တော်တို့ ရှေ့တက်လှမ်းနိုင်မယ့်နည်းကတော့ ကျွန်တော်တို့ရဲ့ ပညာရေးအဆင့်ကို မြှင့်ကြရမယ်။ စွမ်းရည်အဆင့်ကို မြှင့်ကြရမယ်။ အသိပညာနဲ့ နည်းပညာအဆင့်တွေကို မြှင့်ကြရမယ်။ အလျင်အမြန် ပြောင်းလဲနေတဲ့ နည်းပညာတွေနဲ့အတူ ပညာကိုပဲ အားကိုးရတဲ့ ကျွန်တော်တို့နိုင်ငံမှာ ရှိတဲ့လူတိုင်းဟာ သင်ယူလေ့လာခြင်းကို တစ်သက်လုံး လုပ်သွားကြမှ ဖြစ်ပါမယ်။

၂၀၀၁

*

စွမ်းအင်ပြဿနာက လူတွေရဲ့ တီထွင်နိုင်မှုစွမ်းရည်နဲ့ လူတွေရဲ့ တိုးတက်ချင်တဲ့ ပဋိသန္ဓေစိတ်တို့ကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်တယ်။ လူဟာ ဘာပဲလုပ်လုပ် သူလုပ်တာက ရှိနေပြီးသားနေရာမှ ထပ်ဖြည့်ပေးလိုက်တာမျိုး ဖြစ်တယ်။ အဲဒါဟာ လူကဖြစ်ချင်တဲ့ ရည်မှန်းချက်ရလဒ်ပဲ။ ၁၉၄၀ မှာ စင်ကာပူလူဦးရေက တစ်သန်းပဲရှိခဲ့တယ်။ အခုလေးသန်းရှိလာပြီ။ ဒီလူဦးရေနဲ့ စင်ကာပူ တောင့်ခံထား၊ ထိန်းထားနိုင်ပါ့မလား ကျွန်တော် မပြောတတ်ဘူး။ ကျွန်တော်ကတော့ အကန့်အသတ်မရှိ တောင့်ခံထား၊ ထိန်းထားနိုင်မယ် မထင်ဘူး။

*

စင်ကာပူက လူငယ်အများအပြားဟာ စင်ကာပူရဲ့ အကောင်းဆုံး အချိန်တွေက နောက်မှာကျန်ရစ်ခဲ့ကြပြီလို့ ယုံကြည်နေကြကြောင်း ကျွန်တော့်ကို မိတ်ဆွေတွေက ပြောကြပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ဟာ တတိယကမ္ဘာကနေပြီး ပထမကမ္ဘာကို မျိုးဆက်တစ်ခုအတွင်းမှာ ရောက်အောင်လုပ်သွားခဲ့ကြတာမို့ သူတို့ရဲ့ဘဝတာအတွင်းမှာတော့ နောက်ထပ်သိသာတဲ့ ပြောင်းလဲမှုတွေ ရှိတော့မှာ မဟုတ်ဘူး၊ သူတို့ရဲ့ နောင်တော့်နောင်တော်များ ဈေးချိုချိုနဲ့ ရခဲ့ကြတဲ့ အဆင့်အတန်းရှိတဲ့အိမ်မျိုးတွေ သူတို့ရနိုင်ကြတော့မှာ မဟုတ်ဘူးလို့ ယုံကြည်နေကြလို့ ဖြစ်ပါတယ်တဲ့။ ဒီလူငယ်တွေဟာ မကောင်းတဲ့ဘက်က မြင့်တက်တဲ့သူတွေဖြစ်ပြီး သူတို့ ယူဆတာမှားပါတယ်။ စင်ကာပူဟာ ပေ ၃၀၀၀၀ အမြင့်က ပုံနေတဲ့လေယာဉ်နဲ့ တူပါတယ်။ ကျွန်တော်တို့ဟာ နောက်ထပ်ပေ ၆၀၀၀ အမြင့်ကို ထိုးတက်ပြီး ပေ ၃၆၀၀၀ အမြင့်က ပုံလို့ရပါသေးတယ်။ အမေရိကန်နဲ့ အီးယူလေယာဉ်တွေဟာ ပေ ၃၆၀၀၀ အမြင့်မှာ ပုံနေတာပဲ။ ဒါ့အပြင် ကျွန်တော်တို့ဟာ ဘဝမှာ ဒီထက်ပိုကောင်းတဲ့ ဂီတတို့၊ ယဉ်ကျေးမှုတို့၊ အနုပညာတို့နဲ့ ယဉ်ကျေးမှုမြင့်လာတဲ့ လူ့အဖွဲ့အစည်းရဲ့ ကလျာကြန်အင်တွေမှာ ပထမကမ္ဘာရဲ့ အဆင့်ကို မရောက်သေးပါဘူး။ အခု အသက် ၃၀ ကျော်၊ ၅၀ ကျော် ရောက်နေတဲ့မျိုးဆက်တွေဟာ လာမယ့် ၁၅ နှစ်၊ အနှစ် ၂၀ အတွင်းမှာ စင်ကာပူကို အဲဒီအဆင့်ကိုရောက်အောင် ခေါ်ယူသွားလို့ရပါသေးတယ်။ အကောင်းဆုံးရောက်ဖို့က ကျန်နေပါသေးတယ်။ မရောက်သေးပါဘူး။

*

စင်ကာပူကို စိမ်းလန်းစေခြင်း

ကျွန်တော်တို့ဟာ ပိုပြီးစိမ်းလန်းတဲ့ ဥယျာဉ်ပန်းခြံတွေ၊ ရေကူးကန်တွေ၊ ဆွစ်ဇာလန်က တောင်ပေါ်သစ်သားအိမ်မျိုးတွေနဲ့ ပျော်ပွဲစားထွက်ဖို့ နေရာတွေပါရှိတဲ့ အရှေ့ကမ်းရိုးတန်း ပင်လယ်ထုံးအိုင်တို့လို၊ တောင်ဘက်ကျွန်းတွေက ပင်လယ်ကမ်းခြေတွေနဲ့ စိန့်ဂျွန်းကျွန်းက အားရက်အပန်းဖြေစခန်းတွေလို အပန်းဖြေစခန်းတွေ နောက်ထပ်တိုးရှိလာအောင် လုပ်ကြရပါဦးမယ်။ အာရှမှာ မိမိတို့ရဲ့ ပြည်သူတွေ သွားလာအပန်းဖြေနိုင်တဲ့ အဲဒီလိုအပန်းဖြေနေရာတွေရှိတဲ့ မြို့ကြီးတွေဆိုလို့ မရှိသလောက်ပဲ။

၁၉၇၆

*

အစိုးရကအလုပ်လက်မဲ့ပြဿနာ၊ နေစရာအိုးအိမ်မရှိခြင်း ပြဿနာ၊ ကျန်းမာရေးနဲ့ ပညာရေးပြဿနာတွေနဲ့ နပန်းလုံးနေရတဲ့ ၁၉၆၀ ပြည့်လွန်နှစ်များ ကာလမျိုးမှာတောင် ကျွန်တော်ဟာ သစ်ပင်ပန်းမန်တွေကို စိုက်ပျိုးကြဖို့ တွန်းတွန်းတိုက်တိုက် လုပ်ခဲ့ပါတယ်။ မြို့ပြရဲ့ကွန်ကရစ်တိုက်တွေနဲ့သာ ပြည့်နေတဲ့ အကျည်းတန်အခြေအနေမျိုးဟာ လူသားရဲ့ စိတ်ဓာတ်ကို ပျက်စီးစေတယ်လို့ ကျွန်တော် ယူဆပါတယ်။ ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့စိတ်ဓာတ် လန်းဆန်းလာစေဖို့ သဘာဝတရားရဲ့ စိမ်းလန်းမှုနဲ့ ဖန်တီးကြရပါမယ်။ ဒါကြောင့် ၁၉၆၇ ခုနှစ်မှာ ကျွန်တော်က ဥယျာဉ်မြို့တော်အစီအစဉ်ကို ချမှတ်ပြီး စင်ကာပူကျွန်းတစ်ခုလုံးကို

စိမ်းလန်းလာစေအောင်နဲ့ ဥယျာဉ်ပန်းခြံကြီးတစ်ခုဖြစ်လာအောင်လုပ်ဖို့ ကြိုးစားခဲ့ပါတယ်။

၁၉၉၅

*

စိမ်းလန်းစိုပြည်အောင် မကြိုးပမ်းနိုင်ဘူးဆိုရင် စင်ကာပူဟာ ကျက်တီးမြေနဲ့ အကျည်းတန်မြို့ပဲ ဖြစ်နေဖို့ရှိပါတယ်။ သစ်ပင်လည်း မရှိ၊ ရှိပြန်ရင်လည်း ဟိုနားတစ်ပင် ဒီနားတစ်ပင်လောက်နဲ့ပဲ ဖြစ်နေလောက်ပါတယ်။ အဲဒီလိုကြိုးပမ်းမှုမရှိလို့ကတော့ ကနေ့အချိန်မှာ ရှိနေတဲ့ စိမ်းလန်းစိုပြည်မှုကို ထိန်းသိမ်းစောင့်ရှောက်တဲ့ အစီအစဉ်မျိုးလည်း ဘယ်မှာရှိနိုင်ပါတော့မလဲ။

၂၀၁၂

*

ကျွန်တော်တို့ဟာ လူတွေ ထောင်နဲ့ချီ လှူပ်ရှားပါဝင်စေပြီး သစ်ပင်စိုက်တဲ့နေ့တွေ လုပ်လာခဲ့ကြရတယ်။ သို့ပေမဲ့ အဲဒီလို လုပ်လာကြလို့လည်း ကနေ့အခါမှာ မြို့တော်တစ်ခုလုံး စိမ်းစိမ်းစိုစိုနဲ့ ဖြစ်နေပြီး ကျောင်းသားလူငယ်ကလေးတွေကို ဒီသစ်ပင်ကြီးသစ်ပင်ငယ်တွေ ကြီးလာအောင် ဘယ်လောက်အချိန်ကြာအောင် စောင့်ကြရတယ်ဆိုတာ သိအောင်လုပ်ပေးတဲ့နည်း တွေ့လာခဲ့ခြင်းဖြစ်တယ်။ လက်ရှိခေါင်းဆောင်စုဟာ ငယ်ရွယ်သူမျိုးဆက်ကို စင်ကာပူနိုင်ငံ စိမ်းလန်းစိုပြည်ခြင်းကို ယုံကြည်လက်ခံတက်စေမယ့် အဲဒီစိမ်းလန်းစိုပြည်မှုကို ပိုင်ဆိုင်ချင်လာတက်စေမယ့်နည်းတွေကို စဉ်းစားကြရပါမယ်။

၂၀၁၂

*

အနုပညာနှင့် အမွေအနှစ်

အတိတ်ဆိုတာ အရေးကြီးပါတယ်။ အတိတ်က အနာဂတ်ကိုနားလည်အောင်ပြုပေးနိုင်တယ်။ ကျွန်တော်တို့ရဲ့ပြဿနာတွေကိုကျော်လွှားနိုင်အောင် ကျွန်တော်တို့ရဲ့ သားသမီးတွေအတွက် ပိုပြီးစိတ်ချရ၊ ပိုပြီး ကောင်းမွန်မယ့် အနာဂတ်တည်ဆောက်နိုင်အောင် ပြုသွားမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကို အားကောင်းအောင်ပြုပေးတယ်။

၁၉၇၀

*

ဒီ(တရုတ်) ရိုးရာဓလေ့တွေဟာ အရေးကြီးတယ်၊ ပွဲလမ်းသဘင်တွေနဲ့ ရိုးရာဓလေ့တွေက ကျွန်တော်တို့ရဲ့အတိတ်နဲ့ ကျွန်တော်တို့ရဲ့ ဘိုးဘေးတွေရဲ့သမိုင်း ဘယ်လိုပါလားဆိုတာကို သတိရအောင်ပြုပေးပါတယ်။ ကျွန်တော်တို့ရဲ့သမိုင်းဟာ ကျွန်တော်တို့ရဲ့ဘိုးဘွားတွေ စင်ကာပူရောက်လာချိန်က စတာမဟုတ်ပါဘူး။ လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀၀၀လောက်တုန်းက တရုတ်လူမျိုးတွေရဲ့ ယဉ်ကျေးမှုစတင်လာချိန်ကတည်းက စလာခဲ့တာပါ။ အဲဒီ ဘိုးဘေးတွေက ကျွန်တော်တို့ကိုပေးအပ်ခဲ့တဲ့ ရိုးရာအစဉ်အလာနဲ့ ယဉ်ကျေးမှုတို့ကြောင့်ပဲ အဲဒီသမိုင်းက ကျွန်တော်တို့ရဲ့ အစိတ်အပိုင်းတစ်ရပ် ဖြစ်နေပါတယ်။

၁၉၉၀

*

စင်ကာပူမှာ ကျွန်တော်တို့ အမှားတွေ လုပ်မိခဲ့ကြတယ်။ ဥပမာအားဖြင့် စင်ကာပူကို အလောတကြီး နဲ့ ပြန်လည်တည်ဆောက်ရာမှာ ကျွန်တော်တို့ဟာ ရှေးဟောင်းစင်ကာပူအဆောက်အဦတွေကို ဖြိုချမိခဲ့ကြတယ်။ အဲဒီလိုဖြိုချပြီးခါမှ ငါတို့ ရဲ့ အဖိုးတန်တဲ့ရှေးဟောင်းအမွေအနှစ် အစိတ်အပိုင်းတစ်ရပ်ကို ဖျက်ဆီးပစ်မိကြပါကလားလို့ သိခဲ့ကြတယ်။ စင်ကာပူမှာ ကမ္ဘာလှည့်ခရီးသွားတွေက ထူးခြားမှုအဖြစ် စိတ်ဝင်စားကြမယ့် အဆောက်အဦတွေကို ဖျက်ဆီးမိခဲ့ကြပါကလားလို့ သိခဲ့ကြတယ်။ ကျွန်တော်တို့ ဖျက်ဆီးမှုကို ရပ်လိုက်ကြတယ်။ ဖျက်ဆီးပစ်မယ့်အစား တိုင်းရင်းသား တရုတ်လူမျိုးတွေနေထိုင်ရာ တရုတ်တန်းလို ရပ်ကွက်တွေ၊ ကိုလိုနီခေတ် အဆောက်အဦတွေရှိကြတဲ့ ပြည်သူ့ဝန်ထမ်းတွေနေထိုင်ရာ ရပ်ကွက်တွေဖြစ်တဲ့ လစ်တဲလ် အိန္ဒိယနဲ့ ကမ်ပေါင်ဂလမ်တို့လို ရပ်ကွက်တွေကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းတွေ ကျယ်ကျယ်ပြန့်ပြန့် လုပ်ခဲ့ကြတယ်။ [x x x] ဗိသုကာလက်ရာ၊ ယဉ်ကျေးမှုနဲ့ ခရီးသွားလုပ်ငန်းသဘောနဲ့ပြောရင် အဲဒီနေရာတွေရဲ့ တန်ဖိုးကို ဒေါ်လာတွေ ဆင့်တွေနဲ့ ဘယ်ရွေ့ဘယ်မျှရယ်လို့ တန်ဖိုးဖြတ်လို့မရနိုင်ပါဘူး။

၁၉၉၅

*

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအနေနဲ့ ကျွန်တော်တို့မှာ အခြားရည်မှန်းချက်ပန်းတိုင်တွေလည်း ရှိကြရမယ်။ စီးပွားရေးတိုးတက်ရုံနဲ့ မပြီးသေးဘူး။ စီးပွားရေးကို အောင်မြင်အောင် လုပ်လာနိုင်ပြီးတဲ့အခါ အဲဒီစီးပွားရေးနဲ့ လူနေမှုအဆင့်အတန်းမြင့်လာအောင် အပန်းဖြေအနားယူမှု၊ အနုပညာ၊ စိတ်ပိုင်းလိုအင်ပြည့်ဝမှုနဲ့ အသိဉာဏ်ပညာပိုင်း

ဆိုင်ရာ ပြည့်ဝမှု အစရှိသဖြင့် ဘဝနေထိုင်မှု အရည်အသွေးမြင့်လာအောင် ပြုနိုင်ကြရဦးပါမယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ ပိုပြီး ခံထည်တဲ့ လူ့အဖွဲ့အစည်းမျိုး ဖြစ်လာစေမယ့် အနုပညာဘက်မှာလည်း ငွေကြေးအတော်များများကို သုံးစွဲနေရခြင်းဖြစ်ပါတယ်။

၁၉၉၅

*

ငယ်ရွယ်တဲ့မျိုးဆက်ရဲ့ အကျိုးစီးပွားအတွက် တရုတ်မျိုးရိုးမျိုးနွယ်စုတွေ ဟာသူတို့ရဲ့ မော်ကွန်းမှတ်တမ်းတွေကို တည်ဆောက်ပြီး အလွယ်တကူ ကြည့်နိုင်ရောက်နိုင်အောင် ပြုထားသင့်တယ်။ သက်ကြီးရွယ်ကြီး စင်ကာပူသားတွေရဲ့ အတွေ့အကြုံတွေနဲ့ အောက်မေ့အမှတ်ရဖွယ်တွေကို မှတ်တမ်းမှတ်ရာနဲ့ ဂရုတစိုက် ထိန်းသိမ်းပြုစုထားသင့်တယ်။ ကနေ့လို အသိပညာခေတ်ကြီးမှာ အဲဒီလိုသက်ကြီးရွယ်ကြီး ပုဂ္ဂိုလ်တွေရဲ့ အတိတ်သမိုင်းနဲ့ စပ်ရာ အသိပညာတွေ ပျောက်ဆုံးသွားကြမယ်ဆိုရင် အလွန်သနားဖွယ်ကောင်းလိမ့်မယ်။ တရုတ်မျိုးရိုးမျိုးနွယ်စုတွေဟာ အိုင်တီနည်းပညာကို အသုံးချပြီး သမိုင်းရဲ့အရေးပါမှုမှတ်တမ်းမှတ်ရာတွေကို ထိန်းသိမ်းထားသင့်ကြတယ်။ သူတို့ဟာသမိုင်းကို စိတ်ဝင်စားဖွယ်နဲ့ ခုံမင်နှစ်သက်ဖွယ်ဖြစ်အောင် တင်ပြသွားဖို့အတွက် မီဒီယာပေါင်းစုံ နည်းပညာကို သုံးသွားလို့ရပါတယ်။

၁၉၉၇

*

အဟောင်းပုံစံပေါ်မှာအခြေပြုပြီး ကျွန်တော် လုပ်နေတာက တတိယကမ္ဘာဒေသမှာ ပထမကမ္ဘာက မြို့ကြီးတစ်မြို့ ဖန်တီးဖို့ဖြစ်

တယ်။ အဲဒီမြို့ကြီးဟာ သန့်ရှင်းရမယ်။ စိမ်းလန်းရမယ်။ အရည်အသွေးပြည့် ၊ သာယာကောင်းမွန်ပြီး ကျန်းမာရေးနဲ့ညီကာ တကယ့်အရည်အချင်းပြည့်လူ့အဖွဲ့အစည်းမျိုး၊ လူတိုင်းလူတိုင်းအတွက် ဘေးအန္တရာယ်ကင်းကင်းနဲ့ လုံခြုံမှုရတဲ့ မြို့ကြီးမျိုးဖြစ်ရပါမယ်။ အဲဒါတွေတင်နဲ့လားဆိုရင် မဟုတ်သေးပါဘူး။ ကျွန်တော်တို့ဟာ အခုဆိုရင် စီးပွားရေးအရလည်း မြူးကြွစိုလွင်ရှိပြီး လာချင်ရောက်ချင်တဲ့မြို့ကြီးမျိုး ဖြစ်ဖို့လိုပါသေးတယ်။ ထိပ်တန်း ဆင်ဖိုနီ သြခက်စတြာ တီးဝိုင်ကြီးတွေ ၊ ပဒေသာကပွဲတွေ၊ အလွမ်းအသောဇာတ်တွေ၊ ပြဇာတ်တွေ၊ အနုပညာရှင်တွေ၊ အဆိုတော်တွေနဲ့ လူကြိုက်များတဲ့ ဖျော်ဖြေမှုတွေပေးနိုင်တဲ့ မြို့ကြီးတစ်မြို့ ဖြစ်ရပါဦးမယ်။ ဒါတွေဟာ နိုင်ငံတကာက ပရော်ဖက်ရှင်နယ်တွေနဲ့ စီးပွားရေးဘက်က စီမံအုပ်ချုပ်သူတွေ ရယူခံစားလိုတဲ့ ဘဝနေထိုင်မှုပုံစံတွေ ဖြစ်ပါတယ်။

၂၀၀၅

*

အမွေအနှစ်ဆိုတာ တူးဖော်ယူမှတွေ့ရှိတဲ့အရာမျိုး၊ မြတ်နိုးထိန်းသိမ်းထားရတဲ့ မပြောင်းလဲဘဲ အမြဲ ဒီအတိုင်းပဲ တည်ငြိမ်နေတဲ့အရာမျိုးမဟုတ်ပါဘူး။ အမွေအနှစ်ဆိုတာဟာ လူတွေရဲ့ဘဝအစိတ်အပိုင်းတစ်ရပ်ပါ။ အမွေအနှစ်က လူမျိုးတစ်မျိုးဟာ စိန်ခေါ်မှုအသစ်တွေကို ဘယ်ပုံရင်ဆိုင်သွားရမှာကို ပုံသွင်းပေးပြီး ရှင်ကျန်နေအောင်၊ အခြေအနေနဲ့အညီ မိမိတို့ကိုယ်ကိုယ် ဘယ်လိုနေထိုင်သွားရမယ်ဆိုတာကို ကူပံ့ပေးပါတယ်။

၂၀၀၅

*

ကျွန်တော်တို့ဟာ သန့်ရှင်း၊ စိမ်းလန်း၊ လုံခြုံ၊ သေဝပ် ရှိပေမဲ့ စိတ်ဝင်စားဖွယ်မကောင်းတဲ့ လူတွေလို့ အလှောင်အပြောင်ခံရပါတယ်။ အခုဆိုရင် ကျွန်တော်တို့မှာ လက်မှုပညာတွေ၊ ယဉ်ကျေးမှုတွေ၊ ပြတိုက်တွေ၊ အနုပညာပန်းချီလက်ရာ ပြခန်းတွေ၊ ပင်လယ်ကွေ့နားက အက်ပလန်နေ့ဒ် ဧာတ်ရုံကြီး၊ အနောက်တိုင်း သြခက်စတြာ တီးဝိုင်းတစ်ခုတို့ပါ ရှိနေတဲ့မြို့ကြီးရှိနေပြီ။ ဂီတအဖွဲ့တွေဟာ အက်ပလန်နေ့ဒ်ဧာတ်ရုံကြီး အပြင်ဘက်မှာ လူထုဖျော်ဖြေမှုပြုပေးကြတယ်။ ကျွန်တော်တို့မှာ ကျွန်တော်တို့နိုင်ငံမှာနေပြီး စာရေးကြတဲ့ စာရေးဆရာတွေ၊ ပန်းချီဆရာတွေလည်း ရှိနေပါပြီ။

၂၀၁၀

*

နိုင်ငံရေး

နိုင်ငံရေးဆိုတာက လူ တွေ နဲ့ သူ တို့ ရဲ့ ဘဝတွေအကြောင်းပါပဲ။ နိုင်ငံရေးက ဝိဇ္ဇာပညာရပ်လည်း မဟုတ်ဘူး၊ သိပ္ပံပညာရပ်လည်း မဟုတ်ပါဘူး။ နိုင်ငံရေးဆိုတာ ဖြစ်နိုင်တာကိုလုပ်ခြင်းအတတ်ပါပဲ။ စင်ကာပူမှာ နိုင်ငံရေးဆိုတာ ဖြစ်နိုင်ရာကိုလုပ်ခြင်း မည်ပါတယ်။ ကြိုးပမ်းလုပ်ကိုင်တဲ့ ပြည်သူတွေက ကျွန်တော်တို့ရဲ့ ကျဉ်းမြောင်းတဲ့စီးပွားရေးအခြေခံနဲ့ လူမှုရေးစည်းကမ်းအတွက် လိုအပ်ချက်တွေကို အမှန်အတိုင်းသိရှိနားလည်ပြီးတော့ အကောင်းဆုံး အမြင့်ဆုံး လုပ်ဆောင်ပြီး လုပ်ခနည်းနည်းနဲ့ သဘာဝအရင်းအမြစ်တွေ များများရှိကြတဲ့ အခြားဖွံ့ဖြိုးဆဲနိုင်ငံတွေထက် ရှေ့ကရောက်နေအောင် လုပ်ခြင်းပါပဲ။

၁၉၅၅

*

တကယ့်အလုပ်က မဲဆန္ဒရှင်တွေမှာပဲရှိပါတယ်။ နိုင်ငံရေးမှာ ကျွန်တော် ပထမဦးဆုံးရတဲ့သင်ခန်းစာကတော့ ပါလီမန်မှာပြောတဲ့ မိန့်ခွန်းတွေဟာ မဲဆန္ဒရှင်တွေကြားကို ကျွန်တော် ရောက်သွားစဉ်အခါမှာ ပြောကြားတဲ့မိန့်ခွန်းတွေလောက် အရေးမကြီးဘူးဆိုတာပါပဲ။

၁၉၅၅

*

အရှုံးမပေးဘဲ မနေနိုင်အောင် တိုက်ခိုက်သွားမယ်ဆိုတဲ့ ဒီစိတ်ဓာတ်

မျိုးမရှိသူတွေဟာ စတော့ရှယ်ယာကိုပဲ သွားရောင်းဖို့ကောင်းပါတယ်။ နိုင်ငံရေးဆိုတာက အသည်းကြောင်သူတွေအတွက် အလုပ်မဟုတ်ဘူး။ နိုင်ငံရေးဆိုတာ ယုံကြည်ချက် လေးနက်ခိုင်မာပြီး မယိမ်းမယိုင်သမား တွေအတွက်သာ ဖြစ်ပါတယ်။

၁၉၅၅

*

အချို့လူတွေက နိုင်ငံရေးပါတီတစ်ခု၊ အဖွဲ့အစည်းတစ်ခုမှာ ကိုယ့် ဘာသာကိုယ် နာမည်ပျက်လာခဲ့၊ ကိုယ်ကျင့်သိက္ခာတွေ ပျက်လာခဲ့ပြီး ပါတီသစ်တစ်ခု၊ အဖွဲ့အစည်းတစ်ခုမှာ အရင်က ဘာမျှမဖြစ်ခဲ့ဖူးတဲ့လေ ဟန် နဲ့ ဖီးနစ်ငှက်လို ပြာပုံဟောင်းထဲက အမွေးအတောင်သစ်နဲ့ ပြန် ပေါ်လာလို့ ရနိုင်တယ်လို့ထင်ကြတယ်။ ဒါပေမဲ့ နိုင်ငံရေးမှာ သက်တမ်း ရှည်ရှည်ကြာကြာနေဖို့ဆိုရင် ခင်ဗျား ပေးထားပြီးကတိကိုတည်ပါ၊ အဂတိ မလိုက်စားပါနဲ့၊ ခင်ဗျားပါတီကို သစ္စာမဖောက်ပါနဲ့ ဆိုတဲ့ ရိုး ရှင်းနေတဲ့ ဖော်မြူလာကလွဲလို့ အခြားဘယ်လိုပဉ္စလက်ဆန်တဲ့ ဖော်မြူ လာမျိုးမှ မရှိပါဘူး။

၁၉၅၆

*

ရွေးကောက်ပွဲတိုက်ပွဲကို အပြင်းအထန် ဆင်နွှဲနေရတဲ့ အချိန်မျိုးမှာ လူတွေနဲ့ နိုင်ငံရေးပါတီတွေဟာ ဘာမဟုတ်တဲ့ ပြဿနာကလေးတွေ အ ပေါ် မှာ ဘေးချော်ထွက်သွားမိတက်တယ်။ ခ င် ဗျား တို့ သိကြတဲ့ အတိုင်း စင်ကာပူမှာ လုပ်လေ့လုပ်ထရှိတဲ့ အလုပ်နှစ်ခုရှိတယ်။ ပထမ တစ်ခုကတော့ ကိုယ်နဲ့ ဆန့်ကျင်ဘက်ကလူကို စော်ကားအပုပ်ချခြင်းပဲ။

ဒုတိယအလုပ်ကတော့ မဲဆန္ဒရှင်လူထုကို ကောင်းကင်တမွတ် ကြယ်တွေလည်း ဆွတ်ပေးမယ် ဘာမယ်နဲ့ တွေ့ကရာရှစ်သောင်းကတိတွေကို ပေးခြင်းပဲ။ ခင်ဗျားတို့ မဲဆန္ဒရှင်ကတော့ မစားရ ဝခမန်းပဲ။ အီလန်သွားပေရော့ပဲ။ တကယ်ပါပဲ ခင်ဗျားတို့လည်း ကတိတွေနဲ့ ငြီးငွေ့သွားပေရော့ပဲ။

၁၉၅၇

*

အစိုးရတိုင်းဟာ သက်တမ်းကုန်သွားတဲ့အချိန်မှာ အာဏာပြန်ရလာဖို့နည်းနဲ့ အုပ်ချုပ်သွားတာကိုပဲ အစိုးရအလုပ်လို့ ထင်ကြတယ်။ အဲဒီရည်ရွယ်ချက်မှာ မကောင်းဘူးဆိုတာ မရှိဘူးဆိုတာလည်း မှန်ပါရဲ့။ အစိုးရအဖွဲ့တစ်ဖွဲ့ရဲ့ အလုပ်တစ်ခုလုံးကတော့ မိမိတို့အစိုးရ သက်တမ်းကုန်ဆုံးသွားတဲ့အချိန်မှာ လူထုက “ကောင်းတယ်ဗျာ၊ ကျုပ်တို့ ဒါမျိုးပဲ ထပ်ရချင်တယ်၊ ကျုပ်တို့ရဲ့ကံကြမ္မာကို နောက်သက်တမ်းတစ်ခုအတွက် ခင်ဗျားတို့အပေါ်မှာပဲ ပုံအပ်ပါတယ်” လို့ ပြောလာစေတဲ့နည်းနဲ့ အုပ်ချုပ်သွားခြင်းပါပဲ။

၁၉၅၇

*

ဒီမိုကရေစီနိုင်ငံတော်ရဲ့ သီအိုရီက ဘာလဲဆိုရင် စက်အခြေအနေကောင်းတဲ့ မော်တော်ကားတစ်စီးရှိနေပြီး စက်ပြင်ပေးမယ့် မက္ကင်းနစ်တွေ ရော ဖစ်တာတွေရော အသင့်ပါနေရသလိုမျိုး ဖြစ်ပါတယ်။ အဲဒီကားမှာ ဝန်ကြီးသွားလိုရာကို လိုက်ပို့နိုင်မယ့် ယာဉ်မောင်းတစ်ဦးရှိပါတယ်။ ဝန်ကြီးဟာ ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားတာဆို

တော့ ယာဉ်မောင်းက ဘယ်ကိုမောင်းပို့ရမယ်၊ ဘယ်လမ်းကဘယ်လို မောင်းသွားရမယ် ဆိုတာကို ဆုံးဖြတ်ခြင်းဟာ ဝန်ကြီးအလုပ်ပါပဲ။ မော်တော်ကားကို စက်အခြေအနေကောင်းနေအောင် လုပ်ပေးဖို့ဟာ ယာဉ်မောင်းတို့၊ မက္ကင်းနစ်တို့၊ ဖစ်တာတို့ဆိုတဲ့ ပြည်သူ့ဝန်ထမ်းတွေရဲ့ အလုပ်ပါပဲ။

၁၉၅၇

*

ကျွန်တော်ဟာ ပြည်သူတွေရဲ့ အကျိုးစီးပွားတွေနဲ့အညီဖြစ်မှ ကောင်းမယ်လို့ တွေးမိတာကြောင့် ကွာလာလမ်ပူက အစည်းအဝေးကို ကျွန်တော်မတက်ဘဲ ကင်မရွန်းကုန်းမြင့်ပေါ်မှာ ကျွန်တော်နဲ့အတူ ဂေါက်သီးရိုက်မယ့် ပြည်ထောင်စုရဲ့ ဝန်ကြီးချုပ်နဲ့အတူနေဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ မလေးရှားမှာ ဂေါက်သီးရိုက်ခြင်းဟာ လိုအပ်တဲ့အဖိုးတန် ပစ္စည်းတစ်မျိုး ဖြစ်ပါတယ်။ ဂေါက်သီးရိုက်ခြင်းမှာ အဖိုးတန်တဲ့ အရေးကြီးတဲ့ သတင်းအချက်အလက်တွေရနိုင်ပြီး စိတ်အေးလက်အေး နဲ့ ခွဲခြမ်းစိတ်ဖြာလုပ်လို့ ရနိုင်ပါတယ်။ တစ်ခါတစ်ရံမှာ ဥဏှ်အလင်းတွေ ပေါ်ပြီး ကုန်းမြင့်ဒေသရဲ့ ခံစားချက်ကို နားလည်လာနိုင်ပါတယ်။ တစ်ဖက်မှာ ဝင်ပြီး ဂေါက်သီးရိုက်သူဖြစ်လာရုံနဲ့ သူတို့မှာ ဆိုးဆိုးရွားရွားအမှားတွေ ရှိနေတယ်ဆိုတောင်မှလည်း အဲဒီအမှားမျိုးတွေ မပြုဖြစ်တော့မှာမျိုးကို ကျွန်တော် အကြိမ်ကြိမ်ကြုံဖူးပါတယ်။

၁၉၆၃

*

ကျွန်တော်တို့ဟာ အရှေ့တောင်အာရှဘဝရဲ့ ပကတိ အရှိတရား

အတိုင်း တိုးတက်ကြီးပွားနေသလား၊ ဒါမှမဟုတ် ကျွန်တော်တို့ဟာ ရဲ အရာရှိနဲ့ သူခိုးဓားပြတွေ၊ ကိုလိုနီ ဆန့်ကျင်တဲ့ တော်လှန်ရေးသမားတွေ နဲ့ ကောက်ကျစ်တဲ့ မျက်နှာဖြူ ကိုလိုနီ ကုပ်သေးစုပ်သူတွေရဲ့ စိတ်ကူး ယဉ်ကမ္ဘာထဲက လူလားမမြောက်သေးတဲ့ ဆယ်ကျော်သက်ကလေးတွေ လား ဆိုတဲ့ သင်္ကေတ လက္ခဏာကို ကျွန်တော်တို့ရဲ့ ကိုယ်နေဟန်ထား က ပြနေပါတယ်။

၁၉၆၄

*

ကျွန်တော်တို့ အရင်တုန်းက တုံ့ပြန်ရင်ဆိုင်မှုမပြုဖူးတဲ့၊ မရှုံးနိမ့်ဖူး တဲ့ ကိုလိုနီအုပ်ချုပ်သူတွေ၊ ကွန်မြူနစ်တွေနဲ့ လူမျိုးရေး ခွဲခြားစိတ်ရှိသူ တွေ ရဲ့ လှုပ်ရှားမှုအသစ်ရယ်လို့ ပြောနိုင်တာ အခြေခံအားဖြင့် အလွန် နည်းပါတယ်။ ပရိယာယ်တိုင်း၊ အယောင်ပြုမှုတိုင်း၊ စိတ်အာရုံ ပြောင်းလဲစေမှုတိုင်းဟာ ပြည်တွင်းကပဲဖြစ်ဖြစ်၊ ပြည်ပကပဲဖြစ်ဖြစ် ကျွန်တော်တို့တွေ့ဖူးသား၊ လေ့လာဖူးသား၊ ကိုက်ထုတ်ဖူးသားနဲ့ ထိုး နှက်လာမယ်ဆိုရင်လည်း ပြန်လည်ထိုးနှက်ဖို့ အသင့်ပြင်ထားဖူးသား တွေချည်းပါပဲ။

၁၉၆၇

*

ဒီမိုကရက်တစ် ဆိုရှယ်လစ်တွေဟာ ဖြစ်စဉ်ဖြစ်ရပ်တွေမှာ ပါဝင် အကျိုးပြုချင်တယ်ဆိုရင် စိတ်ကူးယဉ်သက်သက်နဲ့ တွေးတာမျိုးကို ရပ် ပစ်ဖို့လိုပါမယ်။ ဆိုရှယ်လစ်စံတွေကို လက်တွေ့ကျ၊ ဓမ္မဓိဋ္ဌာန်ကျတဲ့ နည်းတွေနဲ့ အဓိပ္ပာယ်ရှိလာအောင်လုပ်ပြီး မိမိတို့ပြည်သူတွေရဲ့ နေ့စဉ်

ဘဝမှာ ပိုမို သာယာကောင်းမွန်တဲ့ ပြောင်းလဲမျိုးတွေ ဖြစ်ပေါ်လာစေရ ပါမယ်။

၁၉၆၇

*

နိုင်ငံရေးဆိုတာက မာရသွန် ပြေးသလိုပါ။ မီတာ ၁၀၀ တာတိုပြေး တာမျိုး မဟုတ်ပါဘူး။ မိန့်ခွန်းတစ်ခု ပြောလိုက်တိုင်း၊ အပြုအမူတစ်ခုခု လုပ်လိုက်တိုင်း လူထုရဲ့စိတ်ထဲမှာ ကိုယ့်စရိုက်၊ ကိုယ့်ရဲ့ဟန်ပန်၊ ကိုယ့် အားသာချက်၊ အားနည်းချက်တွေက ပုံပေါ်သွားတယ်။ ခင်ဗျားဟာ ရေဒီယိုတွေ၊ ရုပ်မြင်သံကြားတွေရဲ့ အကူအညီနဲ့ မဲဆန္ဒရှင် သန်း ၂၀၀ လောက်အထဲက ကိုယ့်ကို မဲပေးသူ သန်း ၁၂၀ ကျော်လောက်ရဲ့မဲကို ရအောင်လုပ်နိုင်ပြီး သမ္မတဖြစ်လာတဲ့အခါ ပြည့်သူ့ဆက်ဆံရေးဆိုတဲ့ ပီအာရ်အလုပ်ကို လုပ်လို့ရနိုင်သွားပြီ။ ကိုယ်ရေးစေချင်တာတွေကို နောက်ကွယ်က ရေးပေးမယ့်လူတွေ၊ အကြံပေးတွေကို ချက်ချင်းရှာလို့ရ နိုင်တော့ ခင်ဗျားဟာ ခင်ဗျားရဲ့ မိန့်ခွန်းထဲမှာ ပညာရှင်ကြီးလို၊ ပညာ တက်ကြီးလို၊ တကယ်တက်ကျွမ်းနားလည်သူလို ဖြစ်သွားတော့တာပဲ။ အေး ... သတင်းစာရှင်းလင်းပွဲလို၊ အမေးအဖြေ အင်တာဗျူးလို နေရာ မျိုးမှာကျတော့ နောက်ကွယ်က ရေးပေးသူက ခင်ဗျားကို အနားကပ်ပြီး တိုးတိုးနဲ့ပြောပေးလို့ မရတော့ဘူး။ ဒီအခါ ခင်ဗျားရဲ့ ဇာတိရုပ်ပေါ်သွား တော့တာပဲ။ လူကြိုက်များချင်တယ်ဆိုရင် တစ်သက်လုံး လူကြိုက်များ နေဖို့တော့ မကြိုးစားပါနဲ့ လူကြိုက်များတဲ့ အစိုးရဆိုတာ တစ်လျှောက် လုံး လူကြိုက်များတဲ့ အလုပ်တွေပဲ လုပ်ရမယ်လို့ အဓိပ္ပာယ်မရပါဘူး။ ကျွန်တော်တို့ဟာ လူကြိုက်မများသူ မဖြစ်ချင်သလို လူကြိုက်မများတဲ့ အလုပ်တွေလည်း မလုပ်ချင်ပါဘူး။ ဒါပေမယ့် လိုအပ်လာရင်တော့ လူ

ကြိုက်မများတဲ့ အလုပ်တွေကိုလည်း လုပ်ရမှာပါပဲ။

၁၉၇၇

*

ကျွန်တော် တို့ရဲ့ အရေးကြီးတဲ့ ရည်မှန်းချက်ပန်းတိုင်တွေကနေ အာရုံပြောင်းသွားတာမျိုး နည်းနိုင်သမျှ နည်းအောင် ရှေးရိုးစွဲသမားတွေက အထွေထွေရွေးကောက်ပွဲမှာ အတိုက်အခံတွေကို ဖယ်ထားပြီး မိမိတို့ပဲ အာဏာလွှမ်းမိုးထားအောင် လုပ်ကြမယ်ဆိုတာမျိုးက ၁၉၈၀ ကျော်ကာလမှာ စင်ကာပူနိုင်ငံရဲ့အကျိုးစီးပွားနဲ့ မကိုက်ညီတော့ပါဘူး။ အဲဒီလိုအလုပ်မျိုးက ၁၉၆၀ ကျော်တုန်းက၊ ၁၉၇၀ ကျော်တုန်းက ပြည်သူတွေဟာ မိမိတို့ရဲ့ အသက်ရှင်ရပ်တည်နိုင်မှုအပေါ်မှာဘဲ အာရုံစူးစိုက်ထားနိုင်အောင် လုပ်ခဲ့ကြတဲ့ အလုပ်မျိုးပါ။ အခု အနေအထားကပြောင်းလဲသွားပါပြီ။ ကျွန်တော်တို့ကို စိန်ခေါ်နေကြတဲ့ စိန်ခေါ်မှုတွေသာ ပြောင်းလဲသွားတာမဟုတ်ဘဲ မဲဆန္ဒရှင်တွေပါ ပြောင်းလဲသွားပြီဖြစ်ပါတယ်။

၁၉၈၄

*

၁၉၅၀ကျော်နဲ့ ၁၉၆၀ကျော်နှစ်တွေအတွင်း ဆိုးရွားလှတဲ့ အတွေ့အကြုံတွေကနေပြီး စင်ကာပူနိုင်ငံသား မျိုးဆက်တစ်ခုလုံးဟာ ကြမ်းတမ်းပြင်းထန်တဲ့ နိုင်ငံရေးကျောင်းက ပညာတွေ တက်လာကြတယ်။ အဲဒီမျိုးဆက်ကလူတွေဟာ တာဝန်မဲ့တဲ့ အတိုက်အခံပါတီရဲ့ နည်းနာတွေကို သိနားလည်လာကြပြီး ရွေးကောက်ပွဲတွေ လေးခုစလုံးမှာ ဆက်တိုက်ပဲဘယ်သူ့ကိုမှ မဲမပေးခဲ့ကြဘူး။ [x x x] သူတို့ဟာ

နောက်ထပ်သင်ခန်းစာ မလိုတော့ပါဘူး။ ထို့အတူ သက်ကြီးရွယ်ကြီး ဝန်ကြီးတွေကလည်း နောက်ထပ်သင်ခန်းစာတွေ မလိုကြတော့ဘူး။ သို့ပေမဲ့ ကျွန်တော့်မျိုးဆက်ဟာ ၂၅ နှစ် ပိုကြီးနေခဲ့တယ်။ ကျွန်တော်တို့ရဲ့ သားသမီးတွေဟာ အဲဒီလိုဆင်ခြင်တိုင်းထွာမှုမရှိတဲ့ အတိုက်အခံတွေဆီကရတဲ့ အခက်အခဲကာလတွေကို မမှတ်မိကြတော့ဘူး။ ငယ်ရွယ်တဲ့ မျိုးဆက်က ဝန်ကြီးတွေဟာလည်း ဒီအတွေ့အကြုံတွေကို မမီခဲ့ကြဘူး။ အပြင်းအထန် တိုက်ပွဲဝင်ခဲ့ကြရတဲ့အတွက် အသက်အရွယ်ပိုကြီးတဲ့ မျိုးဆက်က ဝန်ကြီးတွေဟာ သူတို့ အခုလိုအခြေအနေမျိုး ဖြစ်နေကြခြင်းဖြစ်တယ်။ ကျွန်တော်တို့မျိုးဆက်ထဲက ကျွန်တော်တို့မျိုးဆက်ဆိုတာ အင်အားချည့်နဲ့ နှေးကွေးနေကြတဲ့ အသက်အရွယ်ကြီးတွေထဲကလူတွေဟာ စောစောနဲ့ ထိခိုက်ဒဏ်ရာရသူတွေ ဖြစ်လာခဲ့ကြတယ်။ အခုအချိန်ထိ ရှင်ကျန်နေသူတွေဟာ ဒါဝင်ရဲ့ သဘာဝရွေးချယ်မှုဖြစ်စဉ်အတိုင်းအတောင်ဆုံးတွေမို့ ရှင်ကျန်နေကြသူတွေ ဖြစ်နေကြခြင်းပဲ။ ကျွန်တော်တို့ဟာ လက်သီးပုန်းထိုးတဲ့ ယုတ်မာကောက်ကျစ်တဲ့နည်းဘယ်လိုပဲသုံးသုံး အဲဒီလိုနည်းတွေအားလုံးနဲ့ ယဉ်ပါးလာကြလို့ ရှင်ကျန်လိုစိတ်တွေ ထက်မြက်နေခဲ့ကြခြင်းဖြစ်တယ်။ တို့ဟာ ဘယ်လို လူလိမ်လူညစ်တွေနဲ့မဆို ရင်ဆိုင်ဖြေရှင်းသွားရမယ်ဆိုတဲ့ နည်းတွေကို သိလာခဲ့ကြခြင်းဖြစ်တယ်။

၁၉၈၄

*

လွတ်တော်အမတ်တစ်ယောက်ဟာ အခုဆိုရင် စကားပြောကောင်းဖြစ်ဖို့ လိုရုံမက အလုပ်တွေကိုလည်း လုပ်တက်သွားဖို့ လိုလာတယ်။ ကိုယ့်အိမ်ဝိုင်းထဲမှာ ညစ်ပတ်နေတဲ့အခါ၊ ဓာတ်လှေကား ပျက်သွားတဲ့

အခါ၊ အမှိုက်တွေကို ပုံမှန်မသိမ်း၊ ကောင်းကောင်း မကောက်တဲ့အခါ မျိုး ကျ မှ ပုံမှန်ထိန်းသိမ်းစောင့်ရှောက်မှုမရှိဘူးဆိုရင် ကိုယ့်အိုးအိမ် တိုက်ခန်းတန်ဖိုးကျသွားမယ်ဆိုတာကို သိနေကြတဲ့လူတွေလို သိကြရ မှာဖြစ်တယ်။

၁၉၉၂

*

ကျွန်တော်ဝန်ကြီးချုပ်ရာထူးကမဆင်းပေးမီတက္ကသိုလ် ကျောင်းသားတွေကို ပြောခဲ့တဲ့မိန့်ခွန်းတစ်ခုမှာ ၁၉၀၁ ခုနှစ်မှာ သီအိုဒို ရုစဗဲ့ ပြောခဲ့တဲ့ စကားတစ်ခွန်းကို ကိုးကားပြောခဲ့ပါတယ်။ “ညင်သာစွာ ပြော၊ ဒါပေမဲ့ တုတ်ကြီးကြီးတစ်ချောင်းတော့ ကိုင်သွား”ဆိုတဲ့ စကား ဖြစ်ပါတယ်။ ဝန်ကြီးချုပ်လုပ်သူတိုင်းမှာ တုတ်ကြီးကြီးတစ်ချောင်း တော့ ရှိရပါတယ်။ ဝန်ကြီးချုပ်က တုတ်ကြီးကြီးကို မကိုင်ချင်ဘူးဆိုရင် သူ့အတွက် အခြားလူတစ်ဦးကို ကိုင်ခိုင်းရဖို့ရှိပါတယ်။

၁၉၉၅

*

ကနေ့စင်ကာပူအခြေအနေမျိုး ဘယ်လိုရောက်လာခဲ့ရတယ်လို့ ခင်ဗျားတို့ ထင်ကြပါသလဲ။ ကျွန်တော်က တစ်စုံတစ်ရာသောဘက်ကို သွားပြီး ဒီရည်မှန်းချက်ကိုတော့ ရအောင်လုပ်သွားမယ်လို့ ပြောလိုက်လို့ ကျွန်တော့်ကို ပိတ်ဆို့တားဆီးလုပ်မယ်ဆိုရင် ကျွန်တော် ဟာ ဘူဒိဇာ မြေထိုးစက်ကြီးယူသွားပြီး အတားအဆီးမှန်သမျှကို ရှင်းလင်းပစ်မယ် ဆို တာ သိကြလို့ပဲ။ ကျွန်တော်က ကျွန်တော်တို့ ဘယ်ကိုဦးတည်သွား မယ်၊ ဘယ်လိုအတားအဆီးကိုမဆို ဖယ်ရှားသွားမယ်ဆိုတာကို ဘယ်သူ

က မှ သံ သ ယ ဖြစ် မ နေ အော င် လု ပ် ထား လို့ ပဲ ။ ဒါ ကြော င့် လည်း အ တား အ ဆီး သိ ပ် မ ရှိ ဘူး။ ဒါ ကြော င့် ကျွန် တော် တို့ သွား တဲ့ လမ်း ဟာ ရှင်း နေ ခဲ့ ပြီး ကျွန် တော် တို့ ရဲ့ လို ရာ ပန်း တိုင် ကို အ ရောက် သွား နိုင် ခဲ့ ကြ တယ်။

၁၉၉၅

*

အ စိုး ရ က ဘယ် လောက် ပဲ ကောင်း ကောင်း အ စိုး ရ ကို မ ကျေ နပ် နိုင် တဲ့ ၊ အ စိုး ရ ကို စိ တ် ပျ က် တဲ့ မဲ ဆ န္ဒ ရှင် တွေ က တော့ ရှိ နေ မှာ ပဲ။ လွတ် တော် အ မတ် တွေ ကို ဆန့် ကျင် လို သူ တွေ က တော့ ရှိ နေ မှာ ပဲ။ ဒါ ပေ မဲ့ ဘယ် အ တိုက် အ ခံ ပါ တီ မျှ ယုံ ကြည် စိ တ် ချ ရ တဲ့ အ ခြား ရွေး စ ရာ အ စိုး ရ တ စ် ဖွဲ့ မျိုး ကို ဖြ စ် လာ စေ မ ယ့် အ သ င်း အ ဖွဲ့ တ စ် ဖွဲ့ ဖြ စ် လာ အော င် မ စု စ ည်း နိုင် ပါ ဘူး။ အ ကြော င်း က တော့ ကျွန် တော် တို့ ရဲ့ ကြံ ရ ည်ဉာဏ် ရ ည် ကော င်း တဲ့ အ ဖွဲ့ က လေး က သေး နေ လို့ ပဲ လို့ ကျွန် တော် ထ င် တ ယ်။ နှ စ် ပေါ င်း ၃၀ ကျော် က ာ လ အ တွင်း မှာ PAP ပါ တီ ဟာ အ ကော င်း ဆုံး သူ တွေ ကို ဖျော င်း ဖျ နား ချ နဲ့ အ တ င်း စ ည်း ရုံ း ပြီ း ပြ ည် သူ့ ဘ ဝ ထဲ ကို ရော က် အော င် လု ပ် နိုင် ဖို့ ကြံ ရ ည်ဉာဏ် ရ ည် ကော င်း ရ အော င် နည်း လမ်း တ ကျ နဲ့ ဇွဲ ဝီ ရိ ယ ရှိ ရှိ နဲ့ ရ အော င် ရွာ ဖွေ လာ ခဲ့ ကြ တ ယ်။

၁၉၉၆

*

နိုင် ငံ ရေး မ ကျေ နပ် သူ တွေ နဲ့ အ တိုက် အ ခံ တွေ ဟာ အ ခြား အ စီ အ စဉ် တ စ် ရ ပ် ကို ထွ က် ပေါ် လာ စေ နိုင် လော က် အော င် စု စ ည်း လာ မိ ကြ ပြီ း အ ခြား ရွေး စ ရာ အ စိုး ရ တ စ် ရ ပ် မျိုး ဖွဲ့ လာ နိုင် လော က် အော င် ဖြ စ်

ပေါ်လာလိမ့်မယ်လို့ ကျွန်တော် တွေးမြင်ကြည့်လို့မရပါဘူး။ သူတို့ဟာ လွန်ခဲ့တဲ့အနှစ် ၃၀ အတွင်း လက်တွေ့ကျကျ လုပ်ကိုင်ပြလာခဲ့တဲ့ ကျွန်တော်တို့အစိုးရထက် ဒီကျွန်းမြို့တော်အတွက် အခြားရွေးစရာ အစိုးရမျိုး ဖြစ်လာလောက်စရာ အလားအလာမျိုးမရှိပါဘူး။ ဒါကြောင့်လည်း လုပ်နိုင်ကိုင်နိုင်ပြီး ကြံရည်ဉာဏ်ရည်ကောင်းရှိတဲ့ ယုံကြည်စိတ်ချရလောက်တဲ့ အစိုးရမျိုး ထွက်ပေါ်မလာခြင်း၊ PAP ကို စိန်ခေါ်မှုမပြုနိုင်ခြင်း ဖြစ်ပါတတ်။ လူတွေက PAP ဟာ မှန်တဲ့အလုပ်ကို လုပ်နေတယ်၊ အခြားရွေးစရာနည်း မရှိဘူးဆိုတာ သိကြပါတယ်။ ပြည်သူတွေဟာ လက်ရှိလူတွေရဲ့ ကြီးကြပ်အုပ်ချုပ်မှုနဲ့ပဲ ကြီးပွားတိုးတက်နေတာကို ကျေနပ်နေကြပါတယ်။ PAP ကို အစားထိုးရွေးချယ်ဖို့ ထွက်ပေါ်လာတဲ့လူတွေဆိုတာကလည်း အများစုအားဖြင့် အလဲထိုးနိုင်လောက်တဲ့ ကိုယ်အလေးချိန် မရှိတဲ့လူတွေ၊ ပိုဆိုးတာက အပြစ်အနာအဆာ မကင်းတဲ့လူတွေပဲ ဖြစ်နေကြပါတယ်။

၁၉၉၆

*

ကျွန်တော်တို့ဟာ ဩစတျေးလျ၊ နယူးဇီလန်၊ ကနေဒါ၊ ဗြိတိန်နဲ့ အမေရိကန်တို့လို ရိုးရိုးနိုင်ငံတွေ မဟုတ်ဘူးဆိုတာ အမြဲတမ်း သတိရနေရမယ်။ အဲဒီနိုင်ငံတွေမှာ ဘယ်ပါတီကိုပဲ မဲပေးပေး ဘဝကပုံမှန်အတိုင်း ဆက်သွားနေကြမှာဖြစ်တယ်။ ကျွန်တော်တို့ဟာ အဲဒီနိုင်ငံတွေမှာလို လုပ်လိုက်ရင် စင်ကာပူရဲ့ အုံဖွယ်ဘန်းတွေဟာ နိဂုံးချုပ်သွားလိမ့်မယ်။ SDP (စင်ကာပူဒီမိုကရက်တစ်ပါတီ) ကိုဖြစ်စေ၊ WP (အလုပ်သမားပါတီ) ကိုဖြစ်စေ အစိုးရအဖွဲ့ထဲ ထည့်ပေးလိုက်ပါ။ စင်ကာပူဟာ စင်ဒရဲလားပုံပြင်ထဲက စင်ဒရဲလားရဲ့ရထားဟာ ည

ရောက်လာခဲ့အခါ ရထားက ဖရုံသီးဘဝပြောင်းသွားသလိုမျိုး ဖြစ်သွားလိမ့်မယ်။ စင်ကာပူကို အခုလည်ပတ်လုပ်ကိုင်နေသလိုမျိုး အခြားဘယ်ပါတီမျှ ရှိမှာမဟုတ်ပါဘူး။

၁၉၉၆

*

ခင်ဗျားတို့က စိတ်ကူးအယူအဆတစ်ခုကို တင်လိုက်မယ်။ အဲဒီအယူအဆဟာ မှားနေတယ်လို့ ကျွန်တော်က သိမယ်၊ သိပ်မှားတာပဲလို့လည်း ယူဆတယ်၊ ကျွန်တော်တို့ကို အန္တရာယ်ဖြစ်စေတော့မှာပဲလို့ သိထားတယ်ဆိုရင် ကျွန်တော်က အဲဒီအယူအဆကို ခြေမွပစ်မှာပဲ။ ခင်ဗျားတို့ကို ခြေမွပစ်မှာမဟုတ်ဘူး။ ခင်ဗျားတို့အယူအဆကို ခြေမွပစ်မှာပါ။ ဆိုလိုတာက ကျွန်တော်ရဲ့ အယူအဆတစ်ခု မှားနေပြီဆိုရင်လည်း ခြေမွပစ်ထိုက်တယ်လို့ ပြောတာပါ။ 'ခြေမွ'မယ် ဆိုတဲ့စကားဟာ ကြမ်းတမ်းတယ်လို့တော့ ပြောချင်ပြောနိုင်ပါလိမ့်မယ်။ ဒါပေမဲ့ ဒီကမ္ဘာကြီးကလည်း ကြမ်းတမ်းရက်စက်တဲ့ ကမ္ဘာကြီးပါ။ ဒါက ဘယ်သူ့အယူအဆက မှန်သလဲဆိုတာ ပြိုင်ရတာဖြစ်တယ်။ ဘာကြောင့်လဲဆိုရင် အယူအဆကမှား နေပြီဆိုရင် ကျွန်တော်တို့ဟာ လူအများအပြားကို အန္တရာယ်ဖြစ်အောင် လုပ်သွားကြတော့တာမို့ ဖြစ်ပါတယ်။

၁၉၉၆

*

အတိုက်အခံပါတီ မဲတွေရသွားအောင်ဆိုပြီး ဘယ်အစိုးရကမှတော့ အဆင့်တူ ပြိုင်ခွင့်မပေးပါဘူး။

၂၀၀၆

*

ခင်ဗျား တို့ က နိုင်ငံ ရေး ဆို တာ ရွေးကောက်ပွဲတွေအကြောင်းပဲ၊ ရွေး ကော က် ပွဲ မှာ ပါဝင်ယှဉ်ပြိုင်ကြခြင်းပဲလို့ ယူဆထားကြတယ်။ ကျွန်တော်က တော့ နိုင်ငံ ရေး ကို အဲဒီလိုမမြင်ပါဘူး။ အဘိဓာန်ထဲမှာ နိုင်ငံရေးဆိုတဲ့စကားလုံးရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ရှာကြည့်မယ်ဆိုရင် အကောင်းဆုံး အဓိပ္ပာယ်ဖွင့်ဆိုချက်ကတော့ အမေရိကန်အဘိဓာန်ထဲမှာ ပြထားတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ပဲလို့ထင်ပါတယ်။ အဲဒီမှာ ဘယ်လို ပြသလဲဆိုရင် 'နိုင်ငံတစ်နိုင်ငံကို အုပ်ချုပ်ပုံနှင့် ထိုနိုင်ငံ၏ ပြည်တွင်း ပြည်ပဆက်ဆံရေးများကို လည်ပတ်လုပ်ဆောင်သွားပုံ ဝိဓာ သို့မဟုတ် သိပ္ပံပညာ' ဖြစ်တယ်တဲ့။ အခုတော့ ဒီဖွင့်ဆိုချက်က အလွန်စိတ္တဇဆန်တဲ့ အယူအဆဖြစ်နေတယ်။ တကယ့်လက်တွေ့ဘဝနဲ့ ဟပ်ပြီး ဘာသာ ပြန်မယ်ဆိုရင် အဓိပ္ပာယ်က 'အစိုးရဆိုတာ ကျွန်တော့်ဘဝကို ဘယ်ပုံ အကျိုးသက်ရောက်စေသလဲ၊ ကျွ န် တော့် မှာ အလုပ်အကိုင်ရှိရဲ့လား၊ ကျွန်တော့်မှာ နေစရာအိမ်ရှိရဲ့လား၊ လိုအပ်တဲ့အခါ ဆေးဝါးရှိရဲ့လား၊ ကျွန်တော့်မှာ အပန်းဖြေနားနေစရာ အဆောက်အဦ နေရာဌာနတွေ အလုံအလောက်ရှိရဲ့လား၊ ကျွန်တော့်သားသမီးတွေအတွက် အနာဂတ်ရှိရဲ့ လား ၊ ကျွ န် တော့် သား သ မီး တွေ ပညာတက်တွေဖြစ်လာမှာလား၊ ခင်ဗျားကိုယ်ခင်ဗျား တိုးတက်စေနိုင်တဲ့ အခွင့်အလမ်းရှိရဲ့လား' ဆိုတာ ပါပဲ။

၂၀၀၆

*

ဒီမိုကရေစီ

အဲဒီစနစ် (မှတ်ပုံတင် ကတ်ပြားစနစ်) ကတော့ ယဉ်ကျေးလာတဲ့ လစ်ဘရယ်လူဘောင်အဖွဲ့အစည်းရဲ့ ပုံမှန်အစဉ်အလာကနေ စွန့်ခွာထွက်လာခြင်းကို ပြတာပါပဲ။ ပုလိပ်အဖွဲ့နိုင်ငံရဲ့ပုံစံသွင်းမှု တစ်စိတ်တစ်ပိုင်းပဲဖြစ်ပါတယ်။ လူတွေကို မှတ်တမ်းတွေနဲ့ ထိန်းထားမယ်၊ လူတွေ ကို စည်းကမ်းတွေနဲ့ ကျပ်ထားမယ်၊ လူတိုင်းကို မှတ်တမ်း၊ ဖိုတွဲတွေထဲမှာ ထည့်ထားမယ်ဆိုတဲ့ ကွန်မြူနစ်တွေ လုပ်တက်ကြတဲ့ဟာမျိုးတွေလို့ ကျွန်တော်တို့ စွပ်စွဲပြောဆိုလေ့ရှိတဲ့ဟာတွေထဲက တစ်မျိုးပါပဲ။ လစ်ဘရယ် ဒီမိုကရေစီစနစ်ထဲမှာနေကြတဲ့ ကျွန်တော်တို့တစ်တွေဟာ လစ်ဘရယ်စည်းကမ်းတွေကိုပဲ ယုံကြည်ကြပါတယ်။ ကျွန်တော်တို့ဟာ လူ့လွတ်လပ်ခွင့်နဲ့ လူတစ်ဦးချင်းရဲ့လွတ်လပ်မှုကို တန်ဖိုးထားပါတယ်။

၁၉၅၅

*

ဒီမိုကရေစီယုံကြည်တယ်ဆိုရင်တော့ ခင်ဗျား ဟာ အဲဒါကို ခြွင်းချက်မရှိ ယုံမှဖြစ်ပါမယ်။ လူတွေသည် လွတ်လပ်သင့်တယ်လို့ ယုံပြီဆိုရင်တော့ အဲဒီလူတွေဟာ လွတ်လပ်စွာ စည်းရုံးဖွဲ့စည်းခွင့်၊ လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ ပုံနှိပ်ထုတ်ဝေခွင့် ရှိထိုက်ပါတယ်။

၁၉၅၅

*

လွတ်တော်ဘက်ကဆိုရင် ကျွန်တော်တို့က လွတ်တော်ဟာ ဒီမိုကရေစီနည်းကျစနစ်ဖြစ်ရမယ်လို့ ယုံကြည်တာနဲ့ပတ်သက်လို့ အရေးအကြီးဆုံးအချက်တွေလောက်ပဲ ကျွန်တော် ပြောပါရစေ။ ဒီမိုကရေစီစနစ်ဆိုတာ လူတစ်ယောက်ဟာ သူ့အနားက အခြားလူတစ်ယောက်လိုပဲ ဒီလောကကြီးမှာ နေနိုင်ခွင့်ရှိတဲ့စနစ်၊ လူအများစုက အင်အားကိုမသုံးဘဲ လူမှုရေးစနစ်တစ်ခုကို အပြောင်းအလဲ လုပ်လို့ရနိုင်တဲ့စနစ်ဖြစ်ပါတယ်။ နိုင်ငံရေးဝါဒာရစကားနဲ့ ပြောရရင် ဒီမိုကရေစီဆိုတာ လူတစ်ကိုယ် တစ်မဲစနစ်နဲ့ သူ့ကို ဘယ်သူကအုပ်ချုပ်သင့်တယ်။ အဲဒီအုပ်ချုပ်တဲ့လူတွေဟာ ဘယ်နှနှစ်မျှသော ကာလကြာအောင် ဘယ်ပုံအုပ်ချုပ်သွားသင့်တယ်လို့ ဆုံးဖြတ်ခွင့်ရတဲ့စနစ်ပါပဲ။ အဓိပ္ပာယ်က တော့ အဲဒီသတ်မှတ်ထားတဲ့ကာလ ကုန်ဆုံးတဲ့အခါ အစိုးရအပေါ်သုံးသပ်ဆုံးဖြတ်ပေးနိုင်ခွင့်ရှိတဲ့စနစ်၊ သူတို့ကိုယ် သူတို့ ပြည်သူတို့က အပ်နှင်းလိုက်တဲ့ အခွင့်အာဏာအရ ပြည်သူတို့ကို ကိုယ်စားပြုတယ်ဆိုတဲ့ သူများအပေါ် သုံးသပ်ဆုံးဖြတ်နိုင်ခွင့်ရှိတဲ့စနစ် ဖြစ်ပါတယ်။

၁၉၅၇

*

သူတို့ရဲ့ ယုံလွယ်မှုကနေ ကာကွယ်ပေးရမယ့် အချို့လူတွေ ရှိနေကြတာလည်း အမှန်ပါပဲ။

၁၉၆၂

*

ဒီ အ စ ည်း အ ဝေး မျိုး တွေ ချ ည်း ပဲ သွားတက်နေရတဲ့၊ ချွေး

ပြိုက်ပြိုက်ကျအောင်လုပ်ရတဲ့ အလုပ်မျိုးကလေးတွေ ရှိနေတယ်ဆိုတာနဲ့ တော့ ခင်ဗျား ထောက်ခံမဲတွေရပြီလို့ မဆိုနိုင်ပါဘူး။ ခင်ဗျား ထွက်လိုက်ရတဲ့ ချွေးက လူတစ်ယောက်ယောက်ရဲ့ နှလုံးသားကိုပါ နွေးထွေးအောင် လုပ်ပေးခဲ့ပါကလားဆိုတာ မဲပုံးတွေ ဖွင့်ကြည့်လိုက်တဲ့အချိန်မှပဲ သိနိုင်မှာဖြစ်ပါတယ်။

၁၉၇၆

*

ကျွန်တော့်အတွေ့အကြုံအရတော့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေဟာ ဝတ်စုံဝတ်မယ့်သူရဲ့ တစ်မူထူးခြားမှုနဲ့အညီ တိုင်းချုပ်ထားတဲ့၊ ဝတ်မယ့်သူ အလိုကျချုပ်ထားတဲ့ ဝတ်စုံမျိုး ဖြစ်ရပါတယ်။ ဆိုပါစို့၊ ဖိနပ်တွေလိုပေါ့ ၊ ဟောင်းသွားလေလေ ပိုပြီးအံကျဖြစ်သွားလေပဲ။ ဆန့်ပေးရမယ်၊ ပျော့ပျောင်းလာအောင် လုပ်ပေးရမယ်၊ အောက်ခံဖိနပ်ခုံ ပြန်ချုပ်ပေး၊ ပြင်ပေးရပါမယ်။ ဖိနပ်ဟာ အသစ်စက်စက်ထက် ဟောင်းလာမှ အလေ့အကျင့်ဖြစ်လာ၊ လက်ရှိစနစ်ကို နားလည်လာပါပြီ။ ဒေသိယစကားတွေ မပြောတော့ဘဲ မန်ဒရင်း တရုတ်စကားတက်အောင် လုပ်ယူရသလိုမျိုးပေါ့ ၊ အချိန်အကြာကြီး ယူရပါတယ်။ အခြေခံကျတဲ့ ပြောင်းလဲမှုမျိုးတစ်ခုခုဟာ အချိန်ကြာပါတယ်။ ဒါပေမဲ့ အရေးအကြီးဆုံးက ဖွဲ့စည်းပုံအခြေခံဥပဒေကအလုပ်ဖြစ်နေတယ်။ နိုင်ငံအများအပြားဟာ လွတ်လပ်ရေးရပြီးချိန်ကစလို့ အခြေခံဥပဒေတွေ အတော်များများကို စမ်းသုံးလိုက်ပြင်လိုက် လုပ်လာခဲ့ကြရတယ်။ ဝန်ကြီးချုပ်စနစ်နဲ့ ပါလီမန်စနစ်တွေကနေပြီး သမ္မတအုပ်ချုပ်တဲ့အစိုးရကို ပြောင်းလိုက်၊ စစ်အုပ်ချုပ်ရေးနဲ့သွားလိုက်၊ သမ္မတရွေးဖို့ ရွေးကောက်ပွဲတွေ ပြန်လုပ်ပေးလိုက်၊ အဲဒီကနေ သမ္မတနိုင်ငံကိုသွားပြီးမှ စစ်တပ်က အာဏာပြန်

သိမ်းလိုက် ဆိုတာမျိုးတွေပေါ့။ အဲဒီလိုနိုင်ငံတွေမှာ တည်ငြိမ်မှုလည်းမရ ၊ တရားဝင်ဖြစ်မှုလည်းမရဖြစ်ခဲ့ကြတယ်။ ကျွန်တော်ကတော့ နောက်ထပ်ဖြစ်လာတဲ့ လူငယ်မျိုးဆက်မှာ ပုံစံကတစ်မျိုးနဲ့ အံကျအောင်လည်းဖြစ်ဖို့ ပြောင်းလဲမှုတစ်ခု လိုလာပြီဆိုရင် ရှိပြီးသားဖိနပ်ဟောင်းကို ဆန့်ယူတာ၊ စီးရတာ သက်သက်သာသာဖြစ်အောင် လုပ်ပေးတာမျိုးကပဲ ပိုကောင်းတယ်လို့ ထင်ပါတယ်။ ပြောင်းလဲတယ်ဆိုတာ အနာဂတ်နဲ့ အံကျဖြစ်အောင် ပြောင်းရခြင်းမျိုးပဲ။

၁၉၈၄

*

လူတစ်ကိုယ် တစ်မဲဆိုတဲ့စနစ်ဟာ အခက်ခဲဆုံး အစိုးရပုံသဏ္ဌာန်မျိုး ဖြစ်ပါတယ်။ တစ်ခါတစ်ရံမှာ ရလဒ်တွေက မှားနေတက်တယ်။ လူတွေက တစ်ခါတစ်ရံမှာ စိတ်ပြောင်းလွယ်တက်ကြတယ်။ သူတို့က ဘဝမှာ မှန်မှန်နဲ့ တိုးတက်မှုတွေရအောင် လုပ်ပေးတဲ့အစိုးရကို ငြီးငွေ့လာပြီး ဘာမှသိပ်တွေးတော ဆင်ခြင်မနေဘဲ ပြောင်းလဲချင်ရုံသက်သက်နဲ့ ပြောင်းလဲဖို့ မဲပေးပစ်တတ်တယ်။

၁၉၈၄

*

နိုင်ငံသစ်တွေမှာ ရိုးသားတဲ့၊ အရည်အချင်းရှိတဲ့ အစိုးရမျိုးရလာမှ ဒီမိုကရေစီက အလုပ်ဖြစ်ပြီး ရလဒ်တွေထွက်ပေါ်လာပါတယ်။ ဆိုလိုတာက ပြည်သူလူထုက အဲဒီလိုအစိုးရမျိုးကို ရွေးချယ်တက်လောက်အောင် တော်ရပါတယ်။ အရွေးချယ်ခံအစိုးရတွေဆိုတာက ရွေးချယ်တဲ့လူတွေတော်သလောက် ကောင်းသလောက်ပဲ တော်ကြကောင်းကြပါတယ်။

၁၉၈၈

*

ကျွန်တော့်အစိုးရစင်ကာပူမှာ ခံစားရတဲ့ အကောင်းဆုံးအခွင့်အလမ်းကတော့ ကျွန်တော်တို့ အကောင်အထည်ဖော် ဆောင်ရွက်ရမယ့် ခက်ခဲတဲ့မူဝါဒတွေအတွက် ပြည်သူလူထုက ထောက်ခံပေးကြခြင်းပါပဲ။ ပြည်သူလူထုက ကျွန်တော့်အစိုးရကို လေးနှစ်တစ်ကြိမ်၊ ငါးနှစ်တစ်ကြိမ် ကျင်းပတဲ့ ပါတီပွဲ ရွေးကောက်ပွဲတွေမှာ လျှို့ဝှက်မဲစနစ်နဲ့ ထုတ်ဖော်ပြသပြီး ခိုင်မာတဲ့ထောက်ခံမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုကို ပေးကြခြင်းပါပဲ။

၁၉၉၁

*

ဒီမိုကရေစီဟာ လူတကာက လက်ခံနိုင်လောက်အောင် ကျိုးကြောင်းညီညွတ်တဲ့စနစ် ဖြစ်ပါရဲ့လား။ ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၀ ကျော်ကနေ ၁၉၆၀ ကျော်နှစ်တွေအတွင်း ဗြိတိသျှနဲ့ ပြင်သစ်တို့က သူတို့ရဲ့ အင်ပါယာကြီးတွေကို ဖျက်သိမ်းပစ်လိုက်တဲ့အခါ ဗြိတိသျှနဲ့ ပြင်သစ်အစိုးရတွေဟာ ကိုလိုနီအဖြစ်က လွတ်လပ်စနိုင်ငံတွေကို သူတို့ရဲ့ ပုံစံနဲ့ ရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနမှုနာတွေကို ပေးလိုက်ကြပါတယ်။ ဗြိတိသျှပုံစံ ဖွဲ့စည်းပုံ အခြေခံဥပဒေ ၄၀ လောက်ရှိပြီး ပြင်သစ်ပုံစံ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂ ၅ခု လောက်ရှိပါတယ်။ လွတ်လပ်ရေးရချိန်ကစလို့ အနှစ် ၂၀နဲ့ ၄၀ အတွင်း ရလဒ်တွေဟာ မညီမညာ ဟာကွက်တွေရှိခဲ့ကြတယ်။ အဲဒီလိုဖြစ်ပေမဲ့လည်း အမေရိကန်ဦးဆောင်တဲ့ အနောက်နိုင်ငံတွေဟာ ဒီမိုကရေစီစနစ်ဆိုတာ လူမျိုးတိုင်းအတွက် လူတကာက လက်ခံနိုင်လောက်အောင် ကောင်းတဲ့စနစ်

ဖြစ်တယ်၊ တိုးတက်ခေတ်မီဖို့၊ စက်မှုလက်မှု လူ့ဘောင်အဖွဲ့အစည်း ဖြစ်လာဖို့ ဒီမိုကရေစီနိုင်ငံတွေသာ ဖြစ်ထိုက်တယ်ဆိုတဲ့ အယူဝါဒကို သွင်းပေးရုံသက်သက်ပဲ သွင်းပေးလိုက်ကြတယ်။

၁၉၉၁

*

ဒီမိုကရေစီရဲ့ အားနည်းချက်ကတော့ လူတိုင်းဟာ အတူတူပဲ၊ လူတိုင်းရဲ့ ဘုံကောင်းကျိုးအတွက် လူတိုင်း အညီအမျှ လုပ်နိုင်စွမ်းရှိတယ်ဆိုတဲ့ ယူဆချက်ကိုက မှားနေခြင်းဖြစ်ပါတယ်။

၁၉၉၂

*

အမေရိကန်နိုင်ငံရေး ဝေဖန်သုံးသပ်သူတွေပြောသလို အတိုင်းနဲ့မတူဘဲ ကျွန်တော်ကတော့ ဒီမိုကရေစီကပဲ ဖွံ့ဖြိုးတိုးတက်မှုကို လုပ်ပေးသွားလိမ့်မယ်ဆိုတာကို မယုံပါဘူး။ ကျွန်တော်ကနိုင်ငံတစ်နိုင်ငံ တိုးတက်ဖွံ့ဖြိုးဖို့ဆိုရင် ဒီမိုကရေစီထက် စည်းကမ်းရှိမှု ပိုလိုတယ်လို့ ယူဆတယ်။ ဒီမိုကရေစီ အလွန်အကျံပေးလိုက်ရင် ဖွံ့ဖြိုးတိုးတက်မှုကို အန္တရာယ်ပေးနိုင်တဲ့ စည်းမဲ့ကမ်းမဲ့ပရမ်းပတာအခြေအနေတွေ ဖြစ်လာတက်ပါတယ်။ နိုင်ငံရေးစနစ်တစ်ခုရဲ့တန်ဖိုးကို စမ်းသပ်ကြည့်နိုင်တဲ့အဆုံးစွန်စမ်းသပ်မှုကတော့ လူ့အဖွဲ့အစည်းပေးနိုင်သလား၊ လူ့အဖွဲ့အစည်းအတွင်းက အခြားသူတွေရဲ့ လွတ်လပ်မှုနဲ့ လိုက်လျောညီထွေဖြစ်တဲ့၊ ပုဂ္ဂိုလ်တစ်ဦးချင်းရဲ့လွတ်လပ်မှုကို အစွမ်းကုန်ပေးနိုင်သလားဆိုတာပဲ ဖြစ်ပါတယ်။

၁၉၉၂

*

နိုင်ငံတိုင်းနိုင်ငံတိုင်းရဲ့ လူမျိုး တိုင်း ဟာ အစိုးရကောင်းလိုအပ်ပါတယ်။ နိုင်ငံတစ်နိုင်ငံဟာ ပထမဦးစွာ စီးပွားရေးတိုးတက်မှုရှိရမယ်။ ပြီး တော့မှ ဒီမိုကရေစီလိုက်လာရမယ်။ ခြွင်းချက် အနည်းငယ်တော့ရှိတယ်။ ဒီမိုကရေစီဟာ ဖွံ့ဖြိုးဆဲနိုင်ငံသစ်တွေအတွက် အစိုးရကောင်းကို မဆောင်ကြဉ်းပေးနိုင်ဘူးဆိုတဲ့ အချက်ပါပဲ။

၁၉၉၂

*

ဒီမိုကရေစီနဲ့ပတ်သက်လို့ ယူ ဆ ထား တဲ့ ယူဆချက်တွေမှာကိုက ချို့ယွင်းချက်တစ်ချို့ ရှိနေတယ်။ အမျိုးသားတိုင်း အမျိုးသမီးတိုင်းဟာ ညီတူညီမျှဖြစ်တယ်။ သို့မဟုတ် လူတိုင်း ညီတူညီမျှ ဖြစ်သင့်တယ်လို့ ယူဆထားကြတယ်။ ဒါကြောင့် လူတစ်ကိုယ် မဲတစ်မဲဆိုတာ ဖြစ်လာတယ်။ ဒါပေမဲ့ ညီမျှမှုကတော့ တကယ့်လက်တွေ့အမှန်တရား ဖြစ်ရဲ့လား ။ မဖြစ်ဘူးဆိုရင် လူတိုင်း ညီတူညီမျှပဲလို့ ပြောနေတာက ဆုတ်ယုတ်ခြင်းကို မဖြစ်စေဘူးလား။ အကယ်၍များ ကျွန်တော်တို့မှာ အချင်းချင်း အပြန်အလှန် မှီခိုနေရတဲ့ ဒီကမ္ဘာလေးအတွက် ကမ္ဘာ့အစိုးရတစ်ရပ် ရှိလာခဲ့ပြီဆိုရင် လူတစ်ကိုယ် မဲတစ်မဲစနစ်က တိုးတက်မှုကိုပဲ ဖြစ်စေမှာလား၊ ဆုတ်ယုတ်မှုကိုပဲ ဖြစ်စေမှာလား၊ ဖွံ့ဖြိုးပြီးတဲ့ ပညာတွေတတ်ထားတဲ့ ကမ္ဘာ့လူမျိုးတွေဟာ မဖွံ့ဖြိုးသေးတဲ့ ပညာမတက်တဲ့ လူမျိုးတွေရဲ့ အဖိခံသွားရမယ်ဆိုတာကို အားလုံးချက်ချင်းသိမြင်နိုင်တာပဲ။ ဒီတော့ တိုးတက်မှုဆိုတာလည်း ဖြစ်နိုင်တော့မယ်မဟုတ်ဘူး။

၁၉၉၂

*

(အလုပ်သမားပါတီခေါင်းဆောင်) ဇေယျရတနံကပြောတယ်။ သူက ချိန်စန်းကို ဦးထုပ်ထဲက ဆွဲထုတ်လိုက်တယ်တဲ့။ ရွေးကောက်ပွဲမှာ နိုင်လိုက်မယ်ဆိုရင် အဲဒါဟာ သူ့အတွက် မွေးနေ့လက်ဆောင်ဖြစ်လိမ့်မယ်တဲ့။ ချိန်စန်းရဲ့ လူတွေအတွက်တော့ အလွန်အဖိုးအခများတဲ့ မွေးနေ့လက်ဆောင်ဖြစ်သွားပေလိမ့်မယ်။

၁၉၉၆

*

ကနေ့ကြုံနေရတဲ့ပြဿနာက တော့အရည်အချင်းရှိတဲ့ ခေါင်းဆောင်မှုကို ရရှိပြီး ထိပ်ဆုံးကိုရောက်အောင် လုပ်ရဖို့ရှိနေတဲ့ အချိန်မျိုးမှာ လူတစ်ကိုယ် မဲတစ်မဲစနစ်နဲ့ ဘယ်လိုလုပ်သွားရမယ်ဆိုတဲ့ ပြဿနာပဲ။ ကျွန်တော်တို့ဟာ အဲဒါကို သဘာဝဖြစ်စဉ်တွေအတိုင်းပဲ ရှိစေတော့ပေါ့လို့ ထားလိုက်မယ်ဆိုရင် ယှဉ်ပြိုင်မှုဟာ အနောက်နိုင်ငံတွေမှာလို ရုပ်မြင်သံကြားပေါ်မှာ သရုပ်ဆောင်ပြတဲ့ ယှဉ်ပြိုင်မှုမျိုး ဖြစ်သွားတော့မယ်။ ရုပ်မြင်သံကြားမှာ အကောင်းဆုံးသရုပ်ဆောင်ဖြစ်တာ၊ လူတွေအများကြီးလာအောင် လုပ်နိုင်တဲ့ ဖျော်ဖြေရေးသမားဖြစ်တာနဲ့တော့ အစိုးရကောင်းတစ်ခုကို ပြည်သူတို့ကို ပေးနိုင်တဲ့ အကောင်းဆုံးခေါင်းဆောင်တော့ ဖြစ်လာနိုင်မယ်မဟုတ်ပါဘူး။

၁၉၉၆

*

ပြည်သူလူထုရဲ့ စည်းကမ်းတကျရှိမှု၊ လူပုဂ္ဂိုလ်တစ်ဦးချင်းရဲ့ လုံခြုံမှု၊ စီးပွားရေးနဲ့ လူမှုရေး တိုးတက်မှုနဲ့ ကြီးပွားချမ်းသာမှုတို့ဟာ သဘာ

ဝအတိုင်းဖြစ်လာတဲ့အရာတွေမဟုတ်ဘူး။ မနားမနေကြိုးပမ်းအားထုတ်မှုနဲ့ ပြည်သူတွေက ရွေးချယ်တင်ပေးရမယ့် ရိုးသားပြီးအရည်အချင်းရှိတဲ့ အစိုးရရဲ့ အာရုံစိုက်မှုတို့အပေါ်မှာ တည်နေတဲ့အရာတွေ ဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ မေ့ပစ်လို့မဖြစ်ပါဘူး။

၂၀၀၀

*

ဒီမိုကရေစီရဲ့ အားနည်းချက်တစ်ခုကတော့ မဲဆန္ဒရှင်တွေဟာ ပထမဆုံးအကြိမ်အဖြစ် ပါဝင်ယှဉ်ပြိုင်မယ့် ကိုယ်စားလှယ်လောင်းရဲ့ နောက်ကွယ်ကရှိနေတဲ့ တကယ့်ပုဂ္ဂိုလ်ကို မှန်မှန်ကန်ကန် အကဲမဖြတ်နိုင်ခြင်းပဲ။ အဲဒီလူရဲ့အကျင့်စာရိတ္တ၊ တည်ကြည်ခိုင်မာမှု၊ ယုံကြည်စိတ်ချရမှု ဆိုတာတွေပေါ့။ အဲဒီတော့ မဲဆန္ဒရှင်တွေဟာ သူတို့ရွေးချယ်ပေးလိုက်တဲ့ ကိုယ်စားလှယ်ကို နှစ်အတော်ကြာမှ သိလာကြတယ်။ ဝန်ကြီးတွေ၊ လွှတ်တော်ဥက္ကဋ္ဌနဲ့ အတိုက်အခံအမတ်တွေအပါအဝင် လွှတ်တော်အမတ်တိုင်းမှာလည်း အဲဒီလိုပါပဲ။ နောက်မှသိကြတယ်။ ဒါကြောင့် လွှတ်တော်အမတ်တွေကို လစာရိက္ခာ သင့်တင့်လျောက်ပတ်စွာပေးဖို့လည်း အရေးကြီးတယ်။ ပြည်သူတွေမှာ ဘယ်သူ့မှာ ဘာအရည်အချင်းတွေရှိတယ်။ ဘယ်သူက စင်ကာပူကို တိုးတက်ကြီးပွားအောင် လုပ်ပေးနိုင်မယ့် ဘယ်အလုပ်တွေမှာ အတော်ဆုံး ဖြစ်တယ်ဆိုတာတွေကို တိုင်းတာအကဲဖြတ်ဖို့ အချိန်လိုတယ်။ စင်ကာပူရဲ့အန္တရာယ်က တော့ ကျောင်းသက်တမ်းသစ်မှာ တပည့်တွေကလည်း အသစ်၊ အတန်းကြီးကျောင်းသား- ကျောင်းသားခေါင်းဆောင်ကလည်း အသစ်၊ ကျောင်းသားခေါင်းဆောင် အကြီးအကဲကလည်း အသစ်၊ ကျောင်းအုပ်ကလည်း အသစ်ဆိုတာမျိုးနဲ့ ရုတ်ခြည်း အပြောင်းအလဲလုပ်ပစ်မိမယ့်

အန္တရာယ်ဖြစ်တယ်။ အကုန်လုံး အလွဲလွဲ အချော်ချော် ဖြစ်ကုန်တယ်။ ဒါကြောင့် ဆက်နေမိဖို့က အရေးကြီးတယ်။

၂၀၀၀

*

ကိုယ်တိုင်အုပ်ချုပ်တဲ့ အစိုးရမျိုးရဲ့ အစဉ်အလာရယ်လို့ မရှိ၊ သမိုင်းရယ် လို့ ဘာမျှမရှိတဲ့ နိုင်ငံတစ်နိုင်ငံမှာ ဒီမိုကရေစီ ပျိုးထောင်ပေးဖို့ အတွက် လွတ်လပ်တရားမျှတတဲ့ ရွေးကောက်ပွဲက အကောင်းဆုံး ပထမဦးဆုံးခြေလှမ်း မဟုတ်ပါဘူး။ ပြင်ဆင်ချိန် အလုံအလောက်မရှိဘဲနဲ့ဆိုရင် ရွေးကောက်ပွဲတွေဟာ လူမျိုးတစ်မျိုးကို အဂတိလိုက်စားမှုနဲ့ လက်ရှိအာဏာရလူတွေရဲ့ အရည်အချင်း မပြည့်စုံမှုတွေကြောင့် မကျေနပ်မှုတွေဖြစ်အောင် လုပ်ပေးလိုက်သလို၊ အတိုက်အခံတွေကို မဲပေးကြအောင် လုပ်ပေးလိုက်သလို ဖြစ်သွားပါမယ်။ အဲဒီလိုဖြစ်သွားရင် ပါလက်စတိုင်းမှာ ဟားမာ့စ်တွေ အာဏာရသွားသလိုမျိုးဖြစ်မယ်။ အစကောင်းဖို့က တော့ မိမိတို့နဲ့ သားသမီးတွေ အထူးသဖြင့် မိမိတို့ရဲ့ အမျိုးသမီးတွေကို ပညာပေးသွားဖို့၊ အဲဒီအမျိုးသမီးတွေကို အလုပ်အကိုင် အခွင့်အလမ်းအညီအမျှရအောင် လုပ်ပေးဖို့ပဲဖြစ်တယ်။

၂၀၀၆

*

ပါတီစုံ နိုင်ငံရေးနဲ့ ပါတီတွေ အလှည့်ကျအစိုးရ ဖြစ်စေတာမျိုးတွေကို တောင့်တကြသူတချို့ ရှိနေပါတယ်။ အဲဒီလူတွေဟာ ထိုင်ဝမ်တို့၊ ထိုင်းနိုင်ငံတို့၊ ဖိလစ်ပိုင် တို့ကို လေ့လာကြည့်သင့်တယ်။ ပါတီတွေအလှည့်ကျနဲ့ အစိုးရဖြစ်စေတဲ့စနစ်ဟာ အဂတိလိုက်စားမှုတွေ ပိုများလာတာ

မျိုး ၊ အုပ်ချုပ်ရေး ညံ့ဖျင်းတာမျိုးတွေကို ဖြစ်စေနိုင်ပါတယ်။ ပြီးတော့ ‘လွတ် လွတ် လပ် လပ် နဲ့ ကြိုက်သလိုရေးနိုင်တဲ့ စာနယ်ဇင်း’တွေက အဂတိလိုက်စားမှုကို သန့်ရှင်းအောင် လုပ်မပေးပါဘူး။ အမေရိကန် ဒီမိုကရေစီ သီအိုရီတွေအရဆိုရင်တော့ အဲဒီလိုဖြစ်အောင် စီမံပေးထားသလိုရှိတာပေါ့။ ဒါ့အပြင် အစိုးရအဖွဲ့တွေထဲမှာရော မူဝါဒတွေပါခဏာခဏာ အပြောင်းအလဲဖြစ်တာမျိုးတွေက ထိုင်ဝမ်နဲ့ ထိုင်းနိုင်ငံတို့ရဲ့ စီးပွားရေးတိုးတက်မှုကို ဟန့်တားထားကြတယ်။ အလုပ်လက်မဲ့တွေ တိုးလာစေပြီး နိုင်ငံရေးမတည်ငြိမ်မှုတွေလည်း ဖြစ်စေတယ်။

၂၀၀၈

*

ပီအေပီပါတီ

ပီအေပီ (People's Action Party)ပါတီဟာ ရိုးသားသန့်ရှင်းတဲ့ပါတီဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ လွန်ခဲ့တဲ့နှစ်တွေမှာ ဆိုရှယ်လစ်လူဘောင်အဖွဲ့အစည်းမျိုးကို ယုံကြည်တဲ့အတိုင်း လုပ်ဆောင်ခဲ့တာတွေကို ပြောရမှာမကြောက်ပါဘူး။ ကိုလိုနီလူဘောင်အဖွဲ့အစည်းမှာ ကျွန်တော်တို့ဟာ ကိုလိုနီအရာရှိတွေကို ဆန့်ကျင်ပြီးတော့ စင်ကာပူပြည်သူတွေရဲ့ အကျိုးစီးပွားကို ကိုယ်စားပြုခဲ့ပြီး ပြည်သူတွေရဲ့အကျိုးစီးပွားကိုပဲ မျှော်မှန်းခဲ့တယ်။ ကျွန်တော်တို့ဟာ လူချမ်းသာတွေကို ဆန့်ကျင်ပြီး ဆင်းရဲသားတွေကို ကိုယ်စားပြုခဲ့ပါတယ်။

၁၉၅၅

*

ပီအေပီကို စမ်းကြည့်ဖို့ မကြိုးစားပါနဲ့။ လာမစမ်းပါနဲ့။ အဲဒါဟာ မိုက်မဲတဲ့အလုပ်၊ အကျိုးအမြတ်မရှိတဲ့ အလုပ်ဖြစ်တယ်။

၁၉၅၆

*

ကျွန်တော်တို့ရဲ့ အဓိကရည်မှန်းချက်တွေထဲမှာ ဆိုရှယ်လစ်လူဘောင်တည်ထောင်ဖို့ဆိုတာပါတယ်။ ပီအေပီဟာ မလေးရှားကွန်မြူနစ်ပါတီနဲ့ မကွဲပြားပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့က နည်းနိဿယပိုင်းမှာကျတော့ ကွန်မြူနစ်တွေနဲ့ မတူပါဘူး။ ကျွန်တော်တို့က

ဖွဲ့စည်းပုံ အခြေခံဥပဒေအတိုင်း ငြိမ်းချမ်းစွာ ဆောင်ရွက်သွားရမယ်ဆိုတာကိုပဲ ယုံကြည်တယ်။ ကျွန်တော်တို့က ပါတီတစ်ခု သို့မဟုတ် အဖွဲ့တစ်ခုရဲ့ အာဏာရှင်စနစ်မျိုးကို မယုံကြည်ပါဘူး။

၁၉၅၇

*

ပီအေပီဆိုတာ ပြည်သူတွေရဲ့ပါတီပဲ။ ကျွန်တော် တို့ဟာ မြို့တော်ကောင်စီနဲ့ အဲဒီကောင်စီရဲ့ ခုံညားထည်ဝါတဲ့ အဆောက်အဦကြီးကို လစဉ်လဆန်းတိုင်း မိမိတို့ပေးရမယ့် ဆောင်ရမယ့်ငွေကို ပေးဆောင်ဖို့ တန်းစီနေတဲ့လူတန်းထဲမှာ ရပ်နေတဲ့လူတစ်ယောက်ရဲ့ နေရာကကြည့်မြင်တယ်။ ပီအေပီ တည်ရှိနေတာဟာ တန်းစီနေတဲ့လူတစ်ယောက်မှာ မတရားမှုတွေ၊ မမျှတမှုတွေ လျော့နည်းသွားဖို့နဲ့ ပို ပြီး သက်သက်အဆင်ပြေအောင် လုပ်ပေးဖို့အတွက်ဖြစ်ပါတယ်။

၁၉၅၇

*

ကျွန်တော့်ပါတီမှာ ပြစ်အနာအဆာတွေ အများကြီးရှိနိုင်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ပါတီမှာ ပိုက်ဆံတွေအများကြီးမရှိတဲ့ အပြစ်အနာအဆာလည်း ရှိပါတယ်။ ကျွန်တော်တို့က သုံးစွဲဖို့ ပိုက်ဆံမရှိဘူး။ ဒါပေမဲ့ ကျွန်တော်တို့မှာ စိတ်ဓာတ်ခွန်အားရှိတယ်။ ပင်ကိုစွမ်းရည်ရှိတယ်။ စည်းရုံးရေးစွမ်းအင်ရှိတယ်။

၁၉၅၇

*

ကျွန်တော်တို့ ပီအေပီပါတီဟာ မှားယွင်းတဲ့အကြောင်းပြချက်တွေ၊ မှားယွင်းတဲ့ကတိတွေ ပေးပြီး ရွေးကောက်ပွဲမှာ အနိုင်ရဖို့ထက် ရုံးလိုက်တာ က မှ ပိုကောင်းသေးတယ်လို့ ယူဆပါတယ်။ ကျွန်တော်တို့ဟာ အင်အားတွေ တိုးပြီးရင်းတိုးလာ၊ ကောင်းလာခြင်းဟာ ကျွန်တော်တို့ကရိုး သား လို့ပဲ။ ကျွန်တော်တို့ဟာ လူသိရှင်ကြား ပြောသလိုအတိုင်း လူသိရှင်ကြား ဂုဏ်ယူလိုက်နာလို့ပဲ။

၁၉၅၈

*

လွန်ခဲ့တဲ့နှစ်မှာ ပီအေပီ အစိုးရရဲ့ အားအကောင်းဆုံးတစ်ခုတည်းသော အသွင်လက္ခဏာဟာ ဘာလို့ထင်ပါသလဲ။ ဝါကျတစ်ကြောင်းတည်းနဲ့ ချုံ့ဖြေပေးပါလို့ မေးလာခဲ့ရင် ကျွန်တော်ပြောချင်တာကတော့ အုပ်ချုပ်တဲ့နေရာမှာ ကိုယ်ရရှိထားတဲ့အာဏာအတွင်းက ပြတ်ပြတ်သား သား မျှမျှတတ တရားသဖြင့် အုပ်ချုပ်ဖို့ပြင်ဆင်ထားတဲ့ အစိုးရတစ်ဖွဲ့ရှိနေခဲ့လို့ဆိုတဲ့ အချက်ပါပဲ။

၁၉၆၀

*

စင်ကာပူရဲ့သမိုင်းမှာ အလုပ်သမား လူတန်းစားဘဝ ပိုကောင်းလာအောင် ကြိုးစားအားထုတ်ရာမှာ ဒီအစိုးရထက် ကရဏာတရားပိုထားတဲ့ တက်ကြွစွာ ရိုးသားတဲ့အစိုးရမျိုး ဘယ်တုန်းကမှ မပေါ်ခဲ့ဖူးဘူးဆိုတာ ခင်ဗျားတို့လူတိုင်း သိကြပါတယ်။

၁၉၆၀

*

ဗြိတိသျှတွေရဲ့ ကိုင်တွယ်မှုကို လက်မခံနိုင်ခဲ့တဲ့ ပီအေပီဟာ ကွန်မြူနစ်တွေရဲ့ ကိုင်တွယ်မှုကိုလည်း ခံသွားမှာမဟုတ်ပါဘူး။

၁၉၆၀

*

မရေရာ မသေချာမှုတွေ များလှတဲ့ အနာဂတ်မှာ သေချာတာတစ်ခုတော့ရှိတယ်။ အဲဒါကတော့ ပီအေပီဟာ ပြဿနာတွေရှောင်ပြီး ထွက်မပြေးဘူးဆိုတာပဲ။ ကျွန်တော်တို့ဟာ ပြဿနာတွေကို ခင်ဗျားတို့အတွက် ခင်ဗျားတို့နဲ့အတူ ဖြေရှင်းတယ်။ ကျွန်တော် တို့ဟာ ကျွန်တော်တို့ရဲ့ အခက်အခဲတွေကို ခွဲခြမ်းစိတ်ဖြာတယ်။ ရှင်းပြတယ်။ လက်တွေ့အဖြေတွေ ကို အဆိုပြုတယ်။ ပြီး တော့ ပြဿနာတွေကို ကျွန်တော်တို့ဟာ အတူတကွဖြေရှင်းဖို့ စကြပါတယ်။

၁၉၇၆

*

စင်ကာပူမှာ ဘုရင်လည်းမရှိဘူး၊ ဆူလ်တန်လည်း မရှိဘူး၊ အာဏာတစ်လှည့်စီယူတဲ့ နိုင်ငံရေးပါတီတွေကိုလည်း မတည်ထောင်ထားဘူး။ စင်ကာပူ တစ်နိုင်ငံလုံးမှာရှိတာက ပီအေပီပါပဲ။

၁၉၉၀

*

၁၉၆၅ ခုနှစ်ကနေပြီး ၁၉၈၁ ခုနှစ်အထိ ၁၆ နှစ်တိုင်တိုင် ကျွန်တော်တို့ဟာ စင်ကာပူရဲ့ နိုင်ငံရေးမြင်ကွင်းကို ပြန်လည်ပုံသွင်းယူခဲ့ပါတယ်။ ကျွန်တော်တို့ဟာ ပြည်သူက ယုံကြည်လို့ ကျွန်တော်တို့မှာ အပ်နှင်းထား

တဲ့ အာ ဏာ ကို အ လွဲ သုံး စား မ ပြု ဘူး ။ လို က် နာ ရ မ ယ့် ကျင့် ဝတ် စ ည်း က မ်း နဲ့ ရိုး သား မှု စံ ကို အ မြ သ ဖြ င့် အခိုင်အမာဖြစ်အောင် ထိန်းသိမ်းထားခဲ့တယ်။ ဒါကြောင့်လည်း ၁၉၆၈၊ ၁၉၇၂၊ ၁၉၇၆၊ ၁၉၈၀ ရွေးကောက်ပွဲ လေးဆက်အထိ ရှုံးပွဲမရှိ အနိုင်ရခဲ့တယ် ။ စိတ်လှုပ်ရှား ဖွ ယ် ဝတ္ထုဇာတ်လမ်းတွေလည်း မရှိပါဘူး။ လွတ်တော်ထဲမှာ အများ ပြည် သူ တွေ ဝင်ထွက်ကြည့်နိုင်တဲ့ ဧည့်သည် ဂယ်လာရီ (Strangers Gallery) ထဲ မှာ လ ည်း လူအုပ်ကြီးတွေရှိမနေပါဘူး။ ကျွန်တော်တို့က သက်တမ်းနှ နယ်လှတဲ့ ကျွန်တော်တို့ရဲ့နိုင်ငံကို စည်းစည်းလုံးလုံးဖြစ် အောင်ပဲ အားသွန်ကြိုးပမ်းကြပါတယ်။ ဧည့်သည် ဂယ်လာရီထဲမှာ လူ တွေ ပြည့်နေတဲ့အချိန်ဆိုလို့ သမ္မတမိန့်ခွန်းပြောတဲ့ အခမ်းအနားဖွင့်တဲ့ ပွဲမျိုး ကျင်းပနေချိန်လောက်ပဲ ရှိပါမယ်။ ဒါဟာ ရိုးရှင်းတဲ့ မှတ်ကျောက် တစ်ခုပါပဲ။ အစိုးရဟာ ဒုက္ခအန္တရာယ်တွေနဲ့ တွေ့နေပြီဆိုရင် သွေးနဲ့ရ တဲ့လူထုတွေ၊ သတင်းစာသမားတွေရောက်လာပြီး သတ်တာဖြတ်တာ တွေ၊ အစိုးရကို ကန်ချတာတွေကို ကြည့်ကြမှာပါပဲ။

၁၉၉၉

*

ဝိအေဝိပါတီဟာ ပုဂ္ဂိုလ်ရေးသဘောထား ကွဲလွဲမှုကြောင့်ပဲဖြစ်ဖြစ်၊ ကိုယ့်မူဝါဒတွေကို ပြုပြုပြင်ပြင် မလုပ်ချင်လို့ဘဲဖြစ်ဖြစ် ကိုယ့်ဘက်မှာ အရည်အချင်းရှိပြီး လေး စား လော က် တဲ့ နိုင်ငံရေးယုံကြည်ချက် ခိုင် ခိုင်မာမာရှိတဲ့လူတွေကို ပါလာဖို့ငြင်းပယ်ပြီး သို့မဟုတ် မထည့်ချင်ဘူး ဆိုပြီး အတိုက်အခံခုံတွေဘက်ကိုပဲ ပို့ထားမယ်ဆိုရင် မိုက်မဲရာကျပါလိ မ့်မယ်။ ရိုးသားတဲ့ ၊ အရည်အချင်းရှိတဲ့ ခေါင်းဆောင်အနည်းငယ်ဟာ အမျိုးသား၊ အမျိုးသမီးတစ်စုရဲ့ ဦးစီးခေါင်းဆောင် ဖြစ်လာနိုင်တယ်။

ရွေးကောက်ပွဲသက်တမ်း တစ်ခု-နှစ်ခုမှာ ပီအေပီပါတီ အစိုးရနဲ့ယှဉ်နိုင်တဲ့ အခြားရွေးချယ်စရာ အဖွဲ့တစ်ရပ်လို့ဆိုရမယ့် ရဲဒိုး ကက်ဘိနက် အနေနဲ့ မဲဆန္ဒရှင်တွေကို ကိုယ်စားပြုနေနိုင်ပါတယ်။ ကျွန်တော်ဟာ ၁၉၅၅ ခုနှစ်မှာ ဒီအခန်းထဲကိုရောက်အောင် ရွေးချယ်တင်မြှောက်ခံလိုက်ရပြီးနောက် လေးနှစ်ကြာ ရွေးကောက်ပွဲသက်တမ်းတစ်ခုမှာ ယုံကြည်စိတ်ချရတဲ့ အစိုးရအဖွဲ့တစ်ခုကို တည်ဆောက်နိုင်ခဲ့ပါတယ်။ ဘာပြုလို့တည်ဆောက်နိုင်သလဲဆိုရင် ကျွန်တော်တို့ရဲ့လွတ်တော်ခန်းမပြင်ပမဟာဗျူဟာတွေကို စီမံချက်ချအောင်၊ အကောင်အထည်ဖော်နိုင်အောင် ကူညီပေးနိုင်တဲ့ ပင်ကိုအရည်အချင်းရှိတဲ့ လုပ်ဖော်ကိုင်ဖက်တွေကျွန်တော့် မှာရှိခဲ့လို့ဖြစ်ပါတယ်။ အကယ်၍များ ပီအေပီကို သူထက်သာလွန်ထက်မြတ်တဲ့ အဖွဲ့မျိုးက အစားထိုးနေရာယူသွားနိုင်မယ့် အခြေအနေမျိုး၊ ဖြစ်ရပ်မျိုး ကြုံလာမယ်ဆိုရင် တို့ပါတီအစိုးရအဖွဲ့ကနေ ကန်ထုတ်ခံရပြီဆိုပြီး ကျွန်တော်မျက်ရည်ကျနေမှာမဟုတ်ပါဘူး။ ဘာပြုလို့လဲဆိုရင် အဲဒီလိုဖြစ်လာတာမျိုးဟာလည်း စင်ကာပူရဲ့ နိုင်ငံရေးခေါင်းဆောင်မှုကို အသစ်ပြောင်းလဲပေးတဲ့ နည်းတစ်နည်းဖြစ်လို့ပါပဲ။ စိတ်ပျက်ဖို့ကောင်းမယ့်ဟာမျိုးက တော့ ပြည်သူလူထုအတွင်းမှာ ရွေးကောက်ပွဲတောင် မလုပ်ရသေးချိန်မှာ တစ်စုံတစ်ရာသော အဆင်မပြေမှုကလေးတွေအတွက် စိတ်ပျက်လက်ပျက်ဖြစ်ပြီး အာဏာအပြောင်းအလဲ လုပ်ချင်တဲ့စိတ်တွေ ဖြစ်လာလို့ ပီအေပီကို မထောက်ခံတော့ဘဲ အရည်အချင်းမရှိတဲ့ စွန့်စားရေးသမား လူတစ်သိုက်ကို မဲပေးပစ်မိမှာမျိုး ဖြစ်ပါတယ်။ အဲဒီလိုများလုပ်မိကြမယ်ဆိုရင် စင်ကာပူအတွက် ကံဆိုးမိုးမှောင်ကျပြီး အဆုံးသတ်သွားနိုင်ပါတယ်။ ဒါကြောင့် အခွင့်အရေးသမားတွေနဲ့ အရည်အချင်းမရှိတဲ့သူတွေဟာ ပုံမှားရိုက်ပြီး ပီအေပီအတွက် အစားဝင်လာမယ့်သူတွေ ဖြစ်

မလာခင် အဲဒီလူတွေဟာ အခွင့်အရေးသမားတွေ၊ အရည်အချင်းမရှိသူတွေဖြစ်ကြောင်း ဖွင့်ချပြဖို့ အရေးကြီးပါတယ်။

၁၉၉၉

*

ဒီလွတ်တော်မှာ အတိုက်အခံပါတီတစ်ခု ရောက်လာပြီး ပီအေပီအတွက် တကယ်အရေးကြီးတဲ့ စိန်ခေါ်မှုတစ်ရပ် ဖြစ်လာနိုင်မလား။ အဲဒါကတော့ အုပ်ချုပ်နေတဲ့ပါတီက ပျော့ညံ့ညံ့လား၊ ပြောင်းလဲလာတဲ့အခြေအနေတွေနဲ့အညီ တီထွင်ဖန်တီးမှုရှိရှိ မတုံ့ပြန်နိုင်တော့ဘူးလား၊ ပြည်သူတွေနဲ့အတူ မရပ်တည်နိုင်တော့ဘူးလားဆိုတဲ့အပေါ်မှာ တည်နေလိမ့်မယ်။

၁၉၉၉

*

ကျန်တော်နဲ့ကျန်တော့်လုပ်ဖော်ကိုင်ဖက်တွေဟာ မချိတင်ကဲဝေဒနာခံစားနေရတဲ့ အချိန်မျိုးတွေမှာတောင် စဉ်းစားဆင်ခြင်ဉာဏ် ရှိနေကြတဲ့သူတွေပါ။ နိုင်ငံရေး စစ်တုရင်ခုံပေါ်မှာ တစ်ကွက်ရွေ့လိုက်မယ်ဆိုတိုင်း မရွေ့ခင်မှာ ပေါ်လာနိုင်တဲ့အကျိုးဆက်တွေကို ချိန်ဆကြပါတယ်။ [xxx] ကျန်တော်တို့ ပြည်သူတွေဟာ အသက်ရှင်ရပ်တည်နေနိုင်မှုအတွက် တိုက်ပွဲဝင်ချင်တဲ့ ဆန္ဒနဲ့အစွမ်းအစတွေ ရှိကြပါတယ်။

၂၀၀၀

*

ကျန်တော်တို့ဟာ စိန်ခေါ်မှု မခံကြရဘူးဆိုတာက အတော်ကလေး

ခိုင်မာအားကောင်းတဲ့ လူထုရဲ့ အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်အာဏာဆိုတဲ့ အချက်ကြောင့်ပဲ။

၂၀၀၆

*

လွယ်လွယ်နဲ့ အာဏာရနိုင်တဲ့ နည်းလမ်းဆိုတာလည်း မရှိဘူး။ လွယ်လွယ်နဲ့အာဏာမြဲနေမယ့် နည်းလမ်းလည်း မရှိပါဘူး။ ပီအေပီဟာ ငယ်ရွယ်တဲ့မျိုးဆက်က သွေးသစ်တွေနဲ့ မှန်မှန်ကြီး သွေးသစ်လောင်းမပေးနေနိုင်ဘူးဆိုရင် ရိုးရိုးသားသားနဲ့ သန့်သန့်ရှင်းရှင်း မနေဘူးဆိုရင်၊ ကျွန်တော် တို့ ပြည် သူ တွေ ရဲ့ စီး ပွား ရေး ကို မြှင့်တင်ပေးတာတို့ ပညာရေးနဲ့ စွမ်းရည်ကို တိုးတက်အောင်လုပ်ပေးတာတို့ မပြုခဲ့ဘူးဆိုရင်၊ စီးပွားရေးတိုးတက်မှုနဲ့ ပြည်သူတွေရဲ့ လူနေမှုဘဝ ပိုကောင်းလာအောင် မဖော်ဆောင်ပေးနိုင်ခဲ့ဘူးဆိုရင် လွတ်တော်မှာ နေရာတွေရှုံးနိမ့်လက်လွတ်လာရပြီး နောက်ဆုံးမှာ ရွေးကောက်ပွဲမှာရှုံးပြီး အစိုးရအဖွဲ့က ထွက်ပေးခဲ့ရမှာဖြစ်တယ်။ ဒါကြောင့် ပီအေပီက ကမ္ဘာကြီးဟာ ပြောင်းလဲနေတယ်၊ မနေ့ကနဲ့ ကနေ့မတူတဲ့ ကမ္ဘာကြီးနဲ့ သဟဇာတဖြစ်အောင် နေသွားမှဖြစ်မယ်ဆိုတဲ့ တကယ့်အရှိတရားကို လက်ခံတယ်။ ကျွန်တော် တို့ ဟာ ကို ယ့် မူ ဝါ ဒ ၊ ကို ယ့် သ ဘော တ ရား နဲ့ ကိုယ့်အတွေးအခေါ်အယူအဆကိုပဲ အသေဆုပ်ကိုင်ထားသူတွေ မဟုတ်ကြဘူး။

၂၀၀၆

*

ခေါင်းဆောင်မှု

ခေါင်းဆောင်မှုသင်တန်းတစ်ခု တက်ပြီး လို့ ခေါင်းဆောင်ဖြစ်လာတယ်ဆိုတဲ့ လူမျိုးကို ကျွန်တော် မသိရဖူးသေးပါဘူး။

၁၉၅၇

*

ခင်ဗျားဟာ ကိုယ်ပေးခဲ့တဲ့ကတိတွေကို တည်မယ်၊ အ ဂ တိ မ လိုက်စားဘူး၊ ခင်ဗျားရဲ့ပါတီကို နာမည်ပျက်အောင်မလုပ်ဘူးဆိုရင် နောက်တစ်ကြိမ် ခင်ဗျားကို ရွေးချယ်တင်မြှောက်ဖို့ ပြည်သူတွေဆီ သွားပြီးပြောတဲ့အခါ ပြည်သူတွေက ခင်ဗျားကို ယုံကြည်ကြလိမ့်မယ်။

၁၉၅၈

*

ကျွ န် တော် ဟာ ကျွန်တော့်အသင်းရဲ့ ကပ္ပတိန်ပဲ။ ကျွန်တော်တို့ အသင်းက ဟိန်းထွက်မြည်ဟည်းတဲ့ အောင်မြင်မှုမျိုးရဖို့ဆိုတာ အသင်း ကပ္ပတိန်တစ်ယောက်တည်းအပေါ်မှာ မတည်ဘူး။ အသင်းထဲမှာ ပါကြတဲ့လူတိုင်းက အဆုံးအဖြတ်ပေးနိုင်တဲ့ အခန်းကဏ္ဍမျိုးက ကစားနိုင်တာမျိုးရှိရပါမယ်။ အ သ င်းမှာ ပူးပေါင်းဆောင်ရွက်မှု မရှိဘဲနဲ့ ဘယ် အသင်းမှ အောင်မြင်မှု မရနိုင်ပါဘူး။

၁၉၅၉

*

အစိုးရကောင်းတစ်ဖွဲ့ဆိုတာ စောင့်ထိန်းလိုက်နာရမယ့် စံတွေအတိုင်း ဆောင်ရွက်သွားဖို့၊ အဲဒီစံတွေကို ထိန်းသိမ်းသွားဖို့လောက်သာ မျှော်လင့်ထားတဲ့အဖွဲ့မျိုး မဟုတ်ပါဘူး။ အဲဒီစံတွေကို မြှင့်တင်သွားနိုင်ဖို့ပါ မျှော်လင့်ထားရတဲ့အဖွဲ့မျိုးဖြစ်တယ်။

၁၉၆၀

*

မှတ်ကျောက်အတင်ခံရတာဟာ ကတိတွေ မဟုတ်ပါဘူး။ လုပ်ငန်းဆောင်ရွက်မှု ဖြစ်ပါတယ်။ အာရှမှာက ပစ္စည်းအသိမ်းခံရတဲ့လူ သန်းပေါင်းများစွာဟာ သဘောတရားတွေကို ဂရုလည်းမထားနိုင်ဘူး၊ သိလည်းမသိကြပါဘူး။ သူတို့လိုချင်တာ ဘဝအဆင့်အတန်း ပိုကောင်းလာမှုပါ။ သူတို့ကဒီထက်ပိုပြီး တန်းတူညီမျှ ဖြစ်ချင်ကြတယ်။ လူ့အဖွဲ့အစည်းမှာ ဒီထက်တရားမျှတမှုပိုရှိစေချင်ကြတယ်။ သူတို့လိုချင်တဲ့ အဲဒါတွေကို ပေးနိုင်တဲ့သူဟာ သူတို့ရဲ့ကယ်တင်ရှင်ပါပဲ။

၁၉၆၄

*

ကျွန်တော်တို့ဗြိတိသျှတွေဆီက အမွေဆက်ခံရလာတဲ့စနစ်က မညီမျှတဲ့တစ်ဖက်စောင်းနင်းစနစ် ဖြစ်နေတယ်။ စာမေးပွဲနဲ့အောင်လက်မှတ်အပေါ်မှာပဲ ဇောင်းပေးထားလွန်းတယ်။ ဒီတော့ကျွန်တော်တို့ဟာ ပါးနပ်လိမ္မာတော့ရှိပါရဲ့၊ မျက်မှန်တစ်လက် တပ်ထားတဲ့ ၊ကာယလေ့ကျင့်ခန်းလည်းမလုပ်ရ၊ နေရောင်ခြည်မှလည်းကောင်းကောင်းမရတဲ့၊ အားခွန်ရယ်လို့ကောင်းကောင်းမရှိတဲ့ လေတိုး

မခံဆိုတဲ့ မျိုးဆက်တစ်ခုလုံးကို မွေးမြူစောင့်ရှောက်လာရတော့တယ်။ အဲဒီစနစ်က ဗြိတိသျှကိုလိုနီနိုင်ငံတစ်ခုအဖို့တော့ ဟုတ်ပါရဲ့၊ ဘာကြောင့်လဲဆိုတော့ ကြီးကြပ်အုပ်ချုပ်မယ့်အရာရှိတွေက အင်္ဂလန်ကလာပြီး သူတို့မှာက အားခွန်ဗလနဲ့ ကျားကျားလျားလျားလည်း ရှိတယ်လေ။ အမိန့်ပေးတာက သူတို့၊ ကျွန်တော်တို့ ပြည်သူတွေက သူတို့ခိုင်းတာ လုပ်ရုံပဲ။ အဲဒါမျိုးကတော့ မကောင်းပါဘူး။ ကျွန်တော်တို့ဟာ ကျွန်တော်တို့ပြည်သူတွေကို အမိန့်ပေးကြရတော့မယ်။ ဒီ တော့ မျိုးဆက်တစ်ဆက်လုံး ကို ခေါင်းဆောင်ပေးနိုင်စွမ်းရှိတဲ့ မျိုးဆက်မျိုးဖြစ်အောင် မြှင့်တင်ပေးရမယ်။ ကိုယ့်တာဝန်ကိုယ်သိတဲ့လူတွေဖြစ်အောင် လုပ်ယူကြရတော့မယ်။ ကိုယ်ရထိုက်တဲ့ အခွင့်အရေးအပေါ် ဘယ်သူမျှ ဗိုလ်ကျသြဇာပေးတာမျိုးကိုမခံဘဲ ကိုယ့်အခွင့်အရေးကို ကိုယ်သဝန်တိုတတ်ကြရတော့မယ်။ မားမားမတ်မတ်ရပ်ပြီး တိုက်ရင်းသေဖို့ အသင့်ဖြစ်နေအောင် လုပ်ကြရပါတော့မယ်။ အဲဒီလိုမျိုးဆက်မျိုး ဖြစ်လာမှသာလျှင် ကပ်ကမ္ဘာဆုံးတိုင် ကြံ့ကြံ့ခိုင် နေသွားနိုင်ကြမှာဖြစ်တယ်။

၁၉၆၆

*

ကျွန်တော်တို့ဟာ ကိုယ့်ကိုယ်ကိုယ် ပြန်ပေးနိုင်တဲ့ အနက်ရှိုင်းဆုံးချီးမွမ်းစကားက တော့ သိပ်မကြာတော့မယ် အချိန်မှာ မီးရှူးတိုင်ကို လက်ဆင့်ကမ်းသွားနိုင်တော့မယ်ဆိုတဲ့ စကားပါပဲ။ လူတစ်ယောက်အဖို့ သူ့ကိုယ်သူနဲ့ သူ့ရဲ့အသင်းအဖွဲ့ကို ပေးသွားနိုင်တဲ့ ချီးမွမ်းစကားဟာ သူနဲ့စိတ်တူကိုယ်တူ လူတွေကို မီးရှူးတိုင် ဆင့်ကမ်းပေးသွားခြင်းထက် ပိုပြီးကောင်းမွန်တဲ့ ချီးမွမ်းစကားတွေ မရှိပါဘူး။ လက်ဆင့်ကမ်းသွားရာမှ ပိုပြီး ငယ်ရွယ်တဲ့၊ ပိုပြီး အားမာန်တက်ကြွတဲ့၊ မျက်မှောက်

ခေတ်အခြေအနေတွေအတိုင်း ပိုပြီး ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်စွမ်း ရှိသူတွေကို လက်ဆင့်ကမ်းသွားခြင်း ဖြစ်ပါတယ်။

၁၉၆၇

*

စင်ကာပူ ဘာကြောင့် ကြီးပွားတိုးတက်လာသလဲဆိုရင် ကုန်သည်တွေဟာ ဗြိတိသျှလူမျိုးကုန်သည်ပဲဖြစ်ဖြစ်၊ ဗြိတိသျှလူမျိုးမဟုတ်တဲ့ ကုန်သည်ပဲဖြစ်ဖြစ် ကတိတစ်လုံးပေးမိလိုက်ပြီဆိုရင် သူတို့ကတိကို တည်အောင်လုပ်ကြတယ်။ အစိုးရကလည်း သူ ဘာလုပ်ပေးမယ်လို့ အာမခံချက်ပေးလိုက်ပြီဆိုရင် အဲဒီအတိုင်း မဖြစ်မနေ လုပ်ဆောင်သွားကြလို့ပါပဲ။

၁၉၆၇

*

အစိုးရဆိုတာ မိန့်ခွန်းတွေ ပြောနေရုံလောက်သာ မဟုတ်ပါဘူး။ တကယ်တော့ ပြည်သူတွေနဲ့ ခေါင်းဆောင်တွေအကြားမှာ ဆက်သွယ်မှုနဲ့ အစေးကပ်မှုရှိဖို့ လိုပါတယ်။ ပိုပြီးအရေးကြီးတာက မှန်မှန်ကန်ကန် သုံးသပ်အကဲဖြတ်တက်ပြီး စီမံကိန်းတွေကို ရဲရဲဝံ့ဝံ့လုပ်သွားဖို့ ဖြစ်ပါတယ်။ အရေးကြီးဆုံးကတော့ ပြည်သူတွေနဲ့ အစိုးရကြားမှာ ယုံကြည်စိတ်ချမှု ရှိထားကြဖို့ဖြစ်ပါတယ်။ ပြည်သူတွေက အစိုးရနဲ့ ဘာမျှ ပြဿနာမဖြစ် အစိုးရနောက်မှာ ရှိနေတယ်ဆိုရင် အကောင်းဆုံးရလဒ်တွေ ရလာတော့ပါပဲ။ အစစအရာရာ လွယ်ကူချောမွေ့နေပြီဆိုရင် သမာဒေဝနတ်ကောင်းနတ်မြတ်တွေက ကျွန်တော်တို့ဘက်မှာ ရှိနေလို့ သော်လည်းကောင်း၊ ကျွန်တော်တို့ ချမှတ်တဲ့ဆုံးဖြတ်ချက်တွေက မှန်

နေလို့သော်လည်းကောင်း ဖြစ်ပါတယ်။

၁၉၆၉

*

လူတစ်ယောက် လေးစားမှုရတာဟာ ပျော့ညံ့မှုကနေ ရလာတာမဟုတ်ပါဘူး။

၁၉၇၁

*

ခင်ဗျားဟာ စိတ်လိုက်မာန်ပါရှိပြီး ကံကောင်းနေတဲ့အခါ ခင်ဗျားဟာ ဆုံးဖြတ်ချက်တွေ ကောင်းကောင်းချနိုင်တဲ့ ပြတ်သားတဲ့ ခေါင်းဆောင်အဖြစ်မျိုးနဲ့တောင် အောင်မြင်မှုတွေ ရသွားနိုင်တယ်။ အေး ...ကံဆိုးလာပြီဆိုရင်တော့ ခင်ဗျားဟာ ချီတုံချတုံနဲ့ အလွဲလွဲအချော်ချော်လုပ်တက်သူ လူမိုက်တစ်ယောက် ဖြစ်သွားတော့တာပဲ။ ဒါမှမဟုတ် ခင်ဗျားဟာ ပြဿနာကို အချိန်အတော်ကြာကြာယူပြီး စဉ်းစဉ်းစားစား ချိန်ချိန်ဆဆတော့ လုပ်ပါရဲ့၊ ဒါပေမဲ့ ရလဒ်ဟာ မှားနေမယ်ဆိုရင် ပြည်သူတွေက ခင်ဗျားဟာ မပြတ်သားတဲ့ ချီတုံချတုံသမားလို့ထင်ကြလိမ့်မယ်။ ငယ်ရွယ်တဲ့အချိန် လွန်လာပြီး အသက်အရွယ်ရလာချိန်တိုင် ပြဿနာကို အားချင်း ကောက်ကာငင်ကာ ဖြေရှင်းနိုင်တဲ့စွမ်းရည်မျိုး၊ အကောင်းအဆိုးတွေကို ချိန်ဆပြီး စိတ်မှာ ပိုင်းပိုင်းပြတ်ပြတ်နဲ့ ဆောင်ရွက်တက်တာမျိုးရှိမယ့်လူ မဟုတ်ပါဘူးလို့ တောင် ထင်သွားကြနိုင်ပါတယ်။ မှတ်ထားရမယ့် သင်ခန်းစာကတော့ စဉ်းစားဆင်ခြင်ပုံမှား နေတာတောင်မှ အကျိုးရလဒ်ကကောင်းပြီး ဆုံးဖြတ်ချက်က မှန်သွားပြီဆိုရင် လူတွေက ဘာမျှမပြောတော့ဘူးဆို

တာပါပဲ။ ခင်ဗျားရဲ့ ဆုံးဖြတ်အကဲဖြတ်ချက်ကိုလည်း ပိုပြီး လေးစား တောင် လေးစားချင် လေးစားလာလိမ့်မယ်။

၁၉၇၃

*

နေ့တိုင်းလောက် အကျပ်အတည်း ပြဿနာတွေရှိနေတဲ့ ၁၉၆၁ က နေ ၁၉၆၃ အထိ နှစ်တွေဟာ မနက်တိုင်း မနက်တိုင်းမှာ ထိုးနှက်တိုက်ခိုက်မှုတွေ၊ စွန့်ခွာပြေးမှုတွေ၊ အဓိကရုဏ်းတွေ၊ ဆန္ဒပြမှုတွေ၊ မီးရှို့မှုတွေ၊ အလွန်ဆိုးဝါးတဲ့ အာဃာတနဲ့ တိုက်ခိုက်မှုတွေနဲ့ ပြည့်နေတဲ့ အလွန်ကသီလင်တနိုင်တဲ့ နှစ်တွေဖြစ်ပါတယ်။ အဲဒီလိုအခါမှာ ခေါင်းဆောင်တစ်ယောက်မှာ ရှိအပ်တဲ့အရည်အချင်းတွေ ဘယ်သူ့မှာ ရှိတယ်ဆိုတာ ခင်ဗျားလည်း သိလာရတော့တာပါပဲ။

၁၉၈၀

*

အစိုးရအဖွဲ့ထဲမှာ လုပ်လာတဲ့ ၂၃ နှစ် အတွေ့အကြုံအရ ကျွန်တော်ဟာ ဝန်ကြီးဌာနတစ်ခုကို ဒါမှမဟုတ် ပြဋ္ဌာန်းဥပဒေအရ ဖွဲ့စည်းထားတဲ့ အဖွဲ့တစ်ခုကို ကြီးကြပ်ရတဲ့လူတစ်ယောက်ရဲ့ အလွန်ထူးချွန်တဲ့ အရည်အချင်းမျိုးက အရေးပါတဲ့စီမံကိန်းတစ်ခုရဲ့ အောင်မြင်မှုနဲ့ ရှုံးနိမ့်မှုအကြားမှာ ခြားနားမှုဖြစ်သွားအောင် လုပ်နိုင်တယ်ဆိုတာ သိလာခဲ့ပါတယ်။ ထိပ်တန်းအရည်အချင်း စိတ်ဓာတ်မျိုးရှိသူဟာ တာဝန်တစ်ခုပေးလိုက်ပြီဆိုရင် အခြားအရည်အချင်းရှိသူတွေကို စုစည်းယူပြီး အဲဒီလူတွေကို အချင်းချင်း သဟဇာတဖြစ်တဲ့ အဖွဲ့မျိုးဖြစ်အောင် စည်းရုံးပေးသွားတယ်။ ဒီအခါ စီမံကိန်းဟာ အရှိန်နဲ့ ရွေ့သို့သွားတော့တာပါပဲ။

*

စင်ကာပူအစိုးရကို မည်ကာမတ္တာ သာမညောင်ည လူတွေနဲ့ အခွင့်အရေးသမား ဝိဘသမားတွေက ထိန်းချုပ်ထားမယ်ဆိုရင် ပေးရမယ့် အဖိုးအခက သိပ်ကြီးပါတယ်။ စင်ကာပူနိုင်ငံသားတွေက စိတ်ကောက်နာကစ်သွားခိုက် မို့ပဲဖြစ်ဖြစ်၊ စိတ်ရှုးဝင်သွားခိုက်မို့ပဲဖြစ်ဖြစ် အတိုက်အခံလုပ်ချင်တာနဲ့ပဲ အတိုက်အခံပါတီရဲ့ နိုင်ငံရေးကို ထောက်ခံမဲပေးလိုက်မိရင် အဲဒီသာမညောင်ည ဝိဘသမားတွေ မတော်တဆနဲ့ အာဏာရသွားနိုင်တယ်။ အဲဒီလိုအစိုးရမျိုး (ဖြစ်ဖို့ များနိုင်တာက ညွန့်ပေါင်းအစိုးရမျိုး) ငါးနှစ်လောက် အာဏာရသွားမယ်ဆိုရင် စင်ကာပူနိုင်ငံဟာ ဒူးထောက်ကျသွားမယ်။ လူမှုအဖွဲ့အစည်းတွေ၊ စက်မှုလက်မှုလုပ်ငန်းတွေ၊ ဘဏ်လုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းနဲ့ ခရီးသွားလုပ်ငန်းတွေမှာ ဆယ်စုနှစ်နဲ့ချီပြီး တည်ဆောက်လာခဲ့သမျှတွေဟာ တစ်နှစ်-နှစ်နှစ်အတွင်းလောက်နဲ့ ဆုတ်ယုတ်ပျက်စီးသွားကုန်နိုင်တယ်။ ကမ္ဘာ့အလယ်မှာ အဲဒီလို နောက်ပြန် ထိုင်ကျပျက်စီးသွားလို့ ပြုပြင်ပေးဖို့အတွက် တန်းစီ စောင့်နေတဲ့နိုင်ငံတွေရှိတယ်။ နိုင်ငံအနည်းငယ်ကို နာမည်တပ်ပြောရရင် ဂျမေကာ၊ ယူဂန်ဒါ၊ ဂါနာ၊ နီကာရာဂွါတို့လို နိုင်ငံတွေပဲ။ အဲဒီလိုနိုင်ငံတွေဟာ ကမ္ဘာ့ဘဏ်ရဲ့ အရေးပေါ်အကူအညီရဖို့ ကြိုးပမ်းနေကြရတယ်။ အဲဒီနိုင်ငံတွေမှာက အနည်းဆုံးအား ဖြင့် စိုက်ပျိုးရေးလုပ်ဖို့ မြေတွေ၊ တူးဖော်ယူဖို့ သတ္တုတွင်းတွေ၊ ရေအားလျှပ်စစ်နဲ့ ဆည်မြောင်းသွယ်ဖို့အတွက် တာတမံဆောက်ယူရမယ့် မြစ်တွေတော့ ရှိနေသေးတယ်။ စင်ကာပူမှာက မဟာဗျူဟာ ကျတဲ့နေရာမှာ ရောက်ရှိနေတာပဲရှိတယ်။ ပြည်သူတွေမှာ မဟာဗျူဟာကျတဲ့နိုင်ငံရဲ့ တည်နေရာကို စည်းစည်းရုံးရုံးနဲ့၊ စီမံခန့်ခွဲမှုနဲ့၊ စွမ်းရည်နဲ့

အရေးအကြီးဆုံးကဦးနှောက်နဲ့အစွမ်းကုန်လုပ်ဆောင်နိုင်မှုပဲ ရှိပါတယ်။ အဲဒါတွေဟာ ဖရိဖရဲ ဖြစ်သွားတာနဲ့တစ်ပြိုင်နက် ဒါတွေ သူ့အတိုင်းပြန်ဖြစ်အောင် လုပ်နိုင်တော့မယ်မဟုတ်ဘူး။

၁၉၈၂

*

သူများ ရေးပေးတဲ့ မိုးလုံးလေလုံးမိန့်ခွန်းမျိုးနဲ့ ယုံကြည်မှုကို မရနိုင်ပါဘူး။ သူ့ပြဿနာကို သူ့အဖြေတွေနဲ့သူဖြစ်အောင် လေးလေးနက်နက် စဉ်းစားပြောဆိုတဲ့ ဝန်ကြီးတစ်ဦးရဲ့ ရိုးသားမှုပါတဲ့ စကားတွေကိုလည်း မရနိုင်ပါဘူး။ အသားကျပြီးဖြစ်နေကြတဲ့ နိုင်ငံကြီးတွေ တော်တော်များများမှာတော့ သာမန် ရွက်ကြမ်းရေကျူခေါင်းဆောင်မျိုးတွေဟာ ကိုယ်သိချင်ရာကို အလွန်တော်တဲ့ ဝန်ထမ်းနောက်ခံထားပြီး ရနိုင်ပါတယ်။ ဒါပေမဲ့ အဲဒီလိုခေါင်းဆောင်မျိုးတွေ ထိပ်သီးဆွေးနွေးပွဲတွေတက်ရလို့ အခြားနိုင်ငံတွေကတကယ်အားကောင်းအရည်အချင်းရှိတဲ့ ခေါင်းဆောင်တွေနဲ့ရင်ဆိုင်တွေ့ရတဲ့အခါအဲဒီပုဂ္ဂိုလ်တွေရဲ့ အရည်အချင်းမပြည့်မီမှုဟာ အတော်ကြီး စိတ်ညစ်စရာကောင်းလောက်အောင် ဖြစ်သွားတော့တာပါပဲ။

၁၉၈၂

*

တကယ်တော်တဲ့ခေါင်းဆောင်တွေဟာ သူတို့ ရှေ့ဆောင်ရှေ့ရွက်ပြုတဲ့နိုင်ငံရဲ့ အရည်အသွေးတွေကို ကြေးမုံပြင်မှာ အရိပ်ထင်သလို ထပ်ဟပ်ပြနိုင်ပါတယ်။

၁၉၈၅

*

ကျွန်တော် တို့က လူမှုအသိုင်းအဝန်းထဲမှာ အစဉ်အလာအားဖြင့် ခေါင်းဆောင်လာတဲ့ ခေါင်းဆောင်တွေရဲ့နေရာမျိုးမှာ ဝင်လုပ်နိုင်မယ့် ငယ်ရွယ်တဲ့ခေါင်းဆောင်တွေကို ဆွဲထုတ်ပေးနေပါတယ်။ လူမှုရေး အသိစိတ်ဓာတ် မြင့်မြင့်မားမားရှိတဲ့သူတွေဟာ ကိုယ့်လူမှုအသိုင်း အဝန်းအတွက် အချိန်ပေးပြီး လုပ်စရာရှိတာတွေ လုပ်သွားနိုင်ဖို့ ရှေ့ထွက်လာကြရပါမယ်။ ဒါဟာ လူတန်းစားခြားနားမှုမရှိတဲ့ စင်ကာပူ နိုင်ငံသားတွေရဲ့ အင်အားတွေထဲကတစ်ခုပါ။ ဒါ ဟာ ကျွန်တော်တို့ရဲ့ ရွှေ့ပြောင်းနေထိုင်လာမှုသမိုင်းထဲက ထွက်လာတဲ့အင်အားပါ။ ကျွန်တော်တို့အားလုံးဟာ အောက်ခြေက သို့မဟုတ် အောက်ခြေနီးပါး က စလာခဲ့ကြသူတွေပါ။ အောင်မြင်တဲ့ ရွှေ့ပြောင်းနေထိုင်လာသူတွေ မှာ အောင်မြင်မှု သိပ်မရသေးတဲ့သူတွေကို ကူညီပေးတတ်တဲ့ အစဉ်အလာတစ်ခုရှိပါတယ်။

၁၉၈၆

*

နိုင်ငံရေးသမားတွေကို အကဲဖြတ်ရာမှာ ပထမဦးစွာ သူတို့ဟာ ပြည်သူလူထု အကျိုးစီးပွားအတွက် သူ တို့ ကို ပေးထားတဲ့အာဏာကို ဘယ်လိုထိထိရောက်ရောက် အသုံးချတယ်ဆိုတာနဲ့ တိုင်းတာအကဲဖြတ် ပါတယ်။ ဒုတိယအနေနဲ့ သူ တို့ ဟာ ပြည်သူလူထုရဲ့ အကျိုးစီးပွားကို နောက်ဆက်ခံမယ့်အစိုးရက ဆက်လက်ပြီး ကာကွယ်သွားနိုင်အောင်၊ ဆက်လက်ပြီး တိုးတက်လုပ်ဆောင်သွားနိုင်အောင် စဉ်ဆက်မပြတ်မှုကို ဘယ်ပုံဘယ်နည်း ပေးသွားသလဲဆိုတာနဲ့ တိုင်းတာအကဲဖြတ်ပါတယ်။ တတိယအချက်အားဖြင့် သူ တို့ ဟာ ကို ယ့် ကို ဆက်ခံမယ့်သူတွေကို

ဘယ် လို ဂုဏ် သိက္ခာ ရှိရှိ နဲ့ ရာထူး က ထွက် သွား၊ အာဏာ လွဲ အပ် သွား သလဲ ဆို တာ နဲ့ တိုင်း တာ အကဲ ဖြတ် ပါ တယ်။

၁၉၈၈

*

အစိုး ရ ကောင်း တစ် ရပ် ဟာ မ ရှိ မ ဖြစ် အ ရေး ကြီး ပါ တယ်။ ဒါ ပေမဲ့ ထပ် ဖြည့် ပြော ရ ရင် ဖွံ့ ဖြိုး ဆဲ နိုင်ငံ တစ် နိုင်ငံ မှာ ကောင်း မွန် တဲ့ နိုင်ငံ ရေး ခေါင်း ဆောင် မှု က သိပ် အ ရေး ကြီး ပါ တယ်။ ဖွံ့ ဖြိုး ပြီး နိုင်ငံ တွေ က တော့ ရွက် ကြမ်း ရေ ကျို ခေါင်း ဆောင် မျိုး၊ ခပ် ညံ့ ညံ့ ဝန် ကြီး မျိုး နဲ့ လည်း နိုင်ငံ က ဖြစ် သွား မှာ ပဲ။

၁၉၈၉

*

ဖွံ့ ဖြိုး ဆဲ နိုင်ငံ တစ် နိုင်ငံ ရဲ့ အ ခြေ အ နေ မျိုး မှာ ကျ တော့ ဝန် ကြီး ဌာန တစ် ခု၊ ဌာန တစ် ခု ရဲ့ ခေါင်း ဆောင် တစ် ဦး ဟာ ထောက် ခံ တဲ့ သို့ မဟုတ် ဆန့် ကျင် တဲ့ ယုတ္တိ ဆင် ခြေ တွေ ကို နား လည် ရုံ လောက် နဲ့ မ ပြီး သေး ဘူး။ “ကြည့် စမ်း ပါ ဦး၊ ကျွန်တော်တို့ အ ခု ရှိ နေ တဲ့ အ ခြေ အ နေ နဲ့ ဒါ က ဖြစ် ပုံ မ လား၊ ဗြိတိ သျှ တွေ၊ သြ စ တြေး လျ န် တွေ၊ န ယူး ဇီ လန် သား တွေ ဘယ် လို လု ပ် တ ယ် ဘာ တ ယ် ကို ထား လို က် စ မ်း ပါ၊ ဒါ က စ င် က ာ ပူ ပဲ၊ ဒီ အ ခြေ အ နေ မှာ ဒီ ဟာ နဲ့ အ လု ပ် ဖြစ် မ လား” ဆို တာ မျိုး ကို ပြော တက် တဲ့ ခေါင်း ဆောင် မျိုး လည်း လို ပါ တ ယ်။ ခေါင်း ဆောင် ဆို တာ လူ ထု နဲ့ ထိ တွေ့ မှု ရှိ ရ ပါ တ ယ်။ ပြည်သူ တွေ ရဲ့ အ ခက် အ ခဲ တွေ ကို သိ ရ ပါ မ ယ်။ အဲ ဒီ လို ထိ တွေ့ သို့ ပြီး ဆုံး ဖြတ် တဲ့ လူ မျိုး မှ ခေါင်း ဆောင် ဖြစ် ပါ တ ယ်။

၁၉၈၉

*

ခေါင်းဆောင်တွေဟာ ပြည်သူတွေအတွက် ကြောင့်ကြစိုက်နေသမျှ ကာလပတ်လုံး ပြည်သူတွေကလည်း ခေါင်းဆောင်တွေပြောတာကို လိုက်နာနေကြမှာဖြစ်တယ်။

၁၉၉၄

*

ကျွန်တော် ရာထူးက ဆင်းပေးလိုက်ပါပြီ။ [xxx] ဒါဟာ ကျွန်တော့်ရဲ့ ပဉ္စမမြောက်နှစ်ပဲ။ ဖြစ်ခဲ့သမျှတွေကြည့်ပြီး ကျွန်တော် ကျေနပ်ပါတယ်။ ဘာကြောင့်တုံးဆိုရင် ကျွန်တော်မရှိဘဲနဲ့ ကြီးကြပ်သွားနိုင်၊ လုပ်ကိုင်ဆောင်ရွက်သွားနိုင်တဲ့ အစိုးရတစ်ရပ်ရှိလာလို့ပါပဲ။ ကျွန်တော့်ဩဇာဘာမျှမရှိတော့ဘူးတော့ မဟုတ်ပါဘူး။ ကျွန်တော် ဝန်ကြီးအဖွဲ့အစည်းအဝေးတွေ တက်ပါတယ်။ ဝန်ကြီးတွေနဲ့ တွေ့ပါတယ်။ ကျွန်တော့်အမြင်တွေကို ပြောပါတယ်။ ဒါပေမဲ့ ဝန်ကြီးတွေနဲ့ ပတ်သက်လို့ရှိရင် ဝန်ကြီးချုပ်ရဲ့အဆုံးအဖြတ်ကိုပဲ ယူပါတယ်။ ကျွန်တော်ဟာ စင်ကာပူမှာ ကောင်းမွန်တဲ့ အစိုးရမရှိဘဲနဲ့ ရာထူးက ထွက်သွားခဲ့တာမျိုး မဟုတ်လို့ ကျွန်တော်ဂုဏ်ယူစရာ ကျေနပ်စရာဖြစ်ပါတယ်။

၁၉၉၅

*

ကျွန်တော်ဟာ ရည်မှန်းချက်ရှိရှိ၊ ရည်ရွယ်ချက်တစ်ခုထားပြီး တကယ်သိလိုတဲ့ရတစ်စုကို စုဆောင်းပြီးမှ သမဂ္ဂတွေရဲ့ အကျိုးစီးပွားကို ကိုယ်စားပြုနိုင်စေဖို့ သစ်ပင်တွေ ကိုင်းကူးဆက်ပေးသလို သူတို့ကို သမဂ္ဂတွေထဲမှာ ဆက်ပေးဖို့ကြိုးစားပါတယ်။ အလုပ်သမားသမဂ္ဂ

ခေါင်းဆောင်တိုင်းဟာ အောက်ခြေလူတန်းစားထဲကနေပြီးတော့ပဲ တက်လာစေမယ်၊ ကော်လာပြာအလုပ်သမားဘဝကပဲ အစပြုလာစေမယ်ဆိုရင် ခင်ဗျားတို့မှာ ပညာမတက်တဲ့ ခေါင်းဆောင်မှုပဲရလာမယ်။ ဒါဟာ သမဂ္ဂတွေအတွက် အတော်ဆိုးတာမျိုးဖြစ်သွားမယ်။

၁၉၉၅

*

ကျွန်တော့်အဖို့မှာတော့ သူတို့ဟာ (ရာစုနှစ် ၂၀ မှာ အရေးပါတဲ့ ပုဂ္ဂိုလ်ကြီးတွေ) ချာချီ၊ ဒီဂေါ၊ မော်စီတုန်း၊ တိန်ရောက်ဖိန်တို့ပါပဲ။ အဲဒီ ပုဂ္ဂိုလ်တွေဟာ ကမ္ဘာကြီး ကို ပြောင်းလဲပေးခဲ့ကြတယ်။ သူတို့ဟာ ကြီးကျယ်တဲ့အယူအဆတွေရှိတဲ့ ဧရာမပုဂ္ဂိုလ်ကြီးတွေပဲ။ ကျွန်တော် ရုစဗဲ့ကို သိပ်ထည့်မပြောချင်ဘူး။ ဘာကြောင့် မပြောချင်တာလဲဆိုရင် ရုစဗဲ့ ဟာ ကြီးကျယ်တဲ့ပုဂ္ဂိုလ်မဟုတ်တဲ့၊ အန္တရာယ်ပေးခဲ့တဲ့၊ မိစ္ဆာကောင်ဝင်စားလာတဲ့ စတာလင်ရဲ့ လွှမ်းမိုးမှုကို ခံလာသူမို့ဖြစ်တယ်။ စတာလင်ဟာ (ဂေါ်ဘားရှော့ဖ် ဖျက်ခဲ့တဲ့) ဆိုဗီယက်ယူနီယံကို တည်ထောင်ခဲ့သူတော့ မှန်ပါတယ်။ စတာလင်ရဲ့ ဩဇာကို ချာချီက ချိန်ခွင်လျှာ ညှိပေးနိုင်ခဲ့မယ်ဆိုရင် ကမ္ဘာကြီးဟာ ပိုပြီးကောင်းတဲ့နေစရာနေရာ ဖြစ်ခဲ့ပါလိမ့်မယ်။

၁၉၉၆

*

နိုင်ငံရေးခေါင်းဆောင်တစ်ယောက်ဟာ နိုင်ငံရဲ့ကောင်းကျိုးအတွက် လိုအပ်လို့ သူဆုံးဖြတ်ချမှတ်လိုက်တဲ့ မူဝါဒတစ်ခုကြောင့် ပြည်သူတွေမှာ ဒုက္ခဖြစ်သွားတယ်ဆိုရင် အဲဒီမူဝါဒကို ပြည်သူလူထုက လက်ခံပြီး

အားသွန်လုပ်လာစေအောင် ဖျောင်းဖျ စည်းရုံးနိုင်တဲ့သူမျိုး ဖြစ်ရပါမယ်။

၁၉၉၆

*

အုံ ဩ စ ရာ ကောင်း တာ က အ နော က် က မ္ဘာ ရဲ့ မျက်မှောက်ကာလ အ များ စု တ စ် လျှော် လုံး မှာ အစိုးရအဖွဲ့ထဲရောက်သွားတဲ့ ခေါင်းဆောင်တွေဟာ အထူးတလည် တက်ယူရတဲ့ ဘာသင်တန်းမျိုးမျှ ရှိဖို့လည်းမလိုဘူး၊ အထူးအရည်အချင်းမျိုးလည်း ရှိဖို့မလိုဘူး။ သူတို့ တစ်တွေ အရွေးခံခဲ့ကြရခြင်းဟာ ရုပ်မြင်သံကြားမှာ တော်ပုံကောင်းပုံ ပေါက်ရုံမျှကြောင့်သာ ဖြစ်ပါတယ်။ သူ တို့ ကို ရွေးချယ်တင်မြှောက်တဲ့ မဲဆန္ဒရှင်တွေအတွက်တော့ စိတ်ချမ်းသာစရာ အကျိုးရလဒ်တွေ မလုပ်ပေးနိုင်ခဲ့ကြပါဘူး။

၁၉၉၆

*

ဘယ်လောက်ပဲ သူရသတ္တိတွေရှိရှိ ဗိုလ်ချုပ်တွေကိုယ်တိုင်က ညံ့နေပြီဆိုရင် ဘယ်စစ်တပ်မျိုးမှ အောင်ပွဲမရနိုင်ပါဘူး။

၁၉၉၈

*

စင်ကာပူမှာ အစိုးရကောင်းဆိုတာက သဘာဝအလျောက် ပေါ်လာခြင်းမဟုတ်ပါဘူး။ အစိုးရကောင်းဖြစ်လာဖို့ သေသေချာချာ စနစ်တကျ ရွေးချယ်စမ်းသပ်ခြင်းမျိုးရှိဖို့ လိုအပ်ပါတယ်။ နောက်ဆုံးမှာ ကျွန်တော်

ဟာ အမေရိကန်မှာရှိကြတဲ့ MNC တွေ (နိုင်ငံစုံ ကော်ပိုရေးရှင်းကြီးတွေ) လုပ်ကိုင်ကြပုံကို လေ့လာသိရှိလာခဲ့ပါတယ်။ အဲဒီကော်ပိုရေးရှင်းကြီးတွေ မှာ ရာထူးတိုးမပေးခင် လူသစ်အဖြစ် ရွေးမယ့်အခါကတည်းက စိတ်ပညာရှင်တွေ၊ စိတ်ကုဆရာဝန်တွေကို အသုံးပြုပြီး တိုးမယ့်လူကို စမ်းသပ်စစ်ဆေးကြပါတယ်။ စိတ်ပညာရှင်တွေ၊ စိတ်ကုဆရာဝန်တွေရဲ့ အကူအညီနဲ့ လူတွေရဲ့အကျင့်စာရိတ္တနဲ့ လုပ်ရည်ကိုင်ရည်ကို အကဲဖြတ်ရာ မှာ ပို ပြီး ကော င်း အော င် ကျ န် တော် တို့ လုပ်လာနိုင်ခဲ့တယ်။ ကျွန်တော်တို့က အတော်ဆုံး အကောင်းဆုံးနဲ့ စိတ်အားအထက်သန်ဆုံး လူတွေကို ရနိုင်သမျှ စုစည်းယူပါတယ်။ အစိုးရရဲ့ အပြင်အပမှာ လက်ရှိ အစိုးရထဲကလူတွေကို နောက်ထပ် ရွေးချယ်စရာအဖွဲ့မျိုး၊ လူစုမျိုး မရှိတော့ပါဘူး။

၂၀၀၀

*

၁၉၅၉ ခုနှစ်မှာ ကျွန်တော့်ရဲ့ အဖွဲ့ဝင် ၁၀ ဦးပါ အစိုးရအဖွဲ့ကို စဖွဲ့စဉ်က စင်ကာပူမှာ မွေး၊ စင်ကာပူမှာ ကြီးပြင်းလာတဲ့လူနှစ်ဦးပဲပါပါတယ်။ ကျန်ရှစ်ယောက်ဟာ မလေးရှားတို့၊ သီရိလင်္ကာတို့၊ တရုတ်ပြည်တောင်ပိုင်းတို့နဲ့ နိုင်ငံခြားမှာ မွေးဖွားကြီးပြင်းလာကြသူတွေချည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အစိုးရအဖွဲ့ဟာ ပင်ကိုအရည်အချင်းတွေ စီးဆင်းသွားရာ နေရာကြီးမျိုး ဖြစ်ခဲ့ပါတယ်။ အခုအခါ ကျွန်တော်တို့ဟာ ကိုယ့်ဘာသာကိုယ် အကန့်အသတ်ဘောင်နဲ့ အကျဉ်းချထားမယ်ဆိုရင် နိုင်ငံရေးမှာ ကျွန်တော်တို့ဟာ စင်ကာပူနိုင်ငံသားတွေဆိုတဲ့ အကန့်အသတ်ဘောင်ထဲမှာပဲ အကျဉ်းချထားဖို့ ရှိပါတယ်။ အခုတော့ ကျွန်တော်က ဝန်ကြီးတွေကိုရွေးတော့မယ် သို့မဟုတ် ရွေးလိုက်ပြီဆို

ရ င် စင်ကာပူနိုင်ငံသား အရည်အချင်းရှိသူတွေထဲကပဲ ရွေးပါတော့ တယ်။ ခင်ဗျားတို့ တောင်တရုတ်ပင်လယ်ကို သွားမယ်ဆိုရင် တူနာငါး ကြီးတွေကို ဖမ်းမိမှာပေါ့။ ဆင်တိုဆာပင်လယ် ထုံးအိုင်လောက်ကိုပဲ သွားပြီး တူနာငါးကြီးတွေ အများကြီးတွေ့ရမှာပဲလို့ ခင်ဗျားတို့ ထင်နေ ကြသလား။

၂၀၀၃

*

အဂတိလိုက်စားခြင်း

ကျွန်တော်တို့ အခု ထိန်းချုပ်ထားတဲ့ နိုင်ငံတော်ရဲ့အာဏာကို နိုင်ငံရဲ့ ပြည်သူအများအပြားတို့ရဲ့ ဘဝတွေ ချမ်းသာကြွယ်ဝလာရေးအတွက် အသုံးမပြုဘဲ အုပ်ချုပ်နေတဲ့ အာဏာရှိရာထူးအဆင့်ဆင့်က လူနည်းစုရဲ့ အိတ်ကပ်ထဲရောက်ဖို့၊ လာဘ်ယူဖို့ပဲ အသုံးပြုနေမယ်ဆိုရင်တော့ စိတ်သာချတော့ ကျွန်တော်တို့အားလုံး ပျက်စီးကြမှာပဲ။

၁၉၅၇

*

အမှန်အမှား အကောင်အဆိုးကို သိနားလည်ဖို့အတွက် ဥပဒေပညာရှင် ဖြစ်ဖို့မလိုပါဘူး။ အဲဒီမှန်မှားကောင်းဆိုးဆိုတာက လူတွေရဲ့ တန်ဖိုးတွေထဲမှာ အခြေခံကျတဲ့တန်ဖိုးဖြစ်ပါတယ်။

၁၉၆၇

*

စင်ကာပူနိုင်ငံရဲ့ တိုးတက်မှု၊ စင်ကာပူရဲ့ အားမာန်၊ စင်ကာပူရဲ့ တက်ကြွမှုကို အာမခံထားနိုင်တာက အစိုးရယန္တရားက အလုပ်ဖြစ်နေလို့ပဲ။ အစိုးရယန္တရားမှာ အဖြုန်းတွေမပါဘူး။ သဲနဲ့ရှုပ်ရှုပ် မဟုတ်ဘူး။ အစိုးရ ယန္တရားထဲက စက်လည်ဖို့ ဘယ်လိုလူတစ်ဦးတစ်ယောက်ကိုမျှ ခင်ဗျားတို့ ချောဆီထိုးပေးဖို့မလိုဘူး။ ကျွန်တော်တို့ဟာ အဲဒီယန္တရားကို ဒီအတိုင်းပဲဆက်ထားသွားရမယ်။ ဒီလိုဖြစ်နေဖို့အတွက် ကျွန်တော်

ဥပဒေကို ပြင်မှာလားလို့ စဉ်းစားနေတယ်။ အသစ်ပြင်မှာက အကယ်၍ အစိုးရအရာရှိတစ်ဦးဦးဟာ ဘယ်လိုကြောင့် ဘယ်နည်းနဲ့ ချမ်းသာတယ်လို့လည်း ရှင်းမပြနိုင်တဲ့ ဥစ္စာဓနတွေရှိနေပြီလို့ တွေ့ရှိခဲ့မယ်။ အဂတိလိုက်စားကြောင်း အထောက်အထားလည်း မရှိဘူးဆိုရင်တောင် အဲဒီအရာရှိရဲ့ ပိုင်ဆိုင်မှုတွေအားလုံးကို သိမ်းယူနိုင်ရမယ်ဆိုတဲ့ ဥပဒေပဲ။

၁၉၆၇

*

အမျိုးသား သူရဲကောင်းတွေဟာ သူတို့ရဲ့နိုင်ငံကို အညစ်အကြေးတွေနဲ့ မသတီစရာတွေထဲ၊ အဂတိလိုက်စားမှုနဲ့ ဆင်းရဲမွဲတေမှုထဲမှာ လျှောကျသွားစေခဲ့တာမျိုးတွေကို နိုင်ငံအများအပြားမှာ တွေ့မြင်နေရတာ ဝမ်းနည်းစရာပါပဲ။ အဲဒီလို ဖြစ်လာတဲ့နိုင်ငံတွေမှာ လာဘ်ယူတာတို့ ၊ မသမာနည်းနဲ့ရတဲ့ အမြတ်အစွန်းထဲက ခွဲတမ်းချယူတာတို့ဟာ ထမင်းစားရေသောက်ဘဝမျိုးလို ဖြစ်လာတော့ တစ်နိုင်ငံလုံးဟာ ချွတ်ခြုံကျ စိတ်ပျက်စရာဖြစ်သွားတော့တယ်။ အကယ်၍များ စင်ကာပူက နိုင်ငံရေးခေါင်းဆောင်တွေဟာ မိမိတို့နိုင်ငံကို အဲဒီအခြေအနေမျိုးတွေ အရောက်ခံကြမယ်ဆိုရင် ကျွန်တော်တို့လည်း အားလုံးပျက်စီးပြီပဲ။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့မှာက မြေကြီးပေါ်မှာ မျိုးစေ့ပစ်ကြဲလိုက်ရင် မြေဆီသြဇာကောင်း၊ မိုးရေနဲ့ နေရောင်ခြည်က ဆန်စပါးတို့၊ ဂျုံပြောင်းတို့၊ သစ်သီးဝလံတို့ကို ထုတ်လုပ်ပေးနိုင်မယ့် လယ်ယာစိုက်ပျိုးရေးအခြေခံလည်း ရှိမနေလို့ပဲ။ အဲဒီလိုမျိုးရှိနေရင်တော့လည်း အဲဒီသီးနှံမျိုးတွေ စားနေလို့ဖြစ်တာပေါ့လေ။

၁၉၆၈

*

ဝန်ကြီးတွေကို ပေးနိုင်တဲ့ဆုလာဘ်နဲ့ အဲဒီဝန်ကြီးတွေဟာ ကိုယ့်စီးပွားရေးလုပ်ငန်းအတွေ့အကြုံ၊ ကိုယ်တတ်ထားတဲ့ အသက်မွေးမှုပညာရပ်အရည်အချင်းနဲ့ အပြင်မှာ လုပ်စားရင် ရနိုင်တဲ့ငွေကြေး ဝင်ငွေချင်း ယှဉ်ကြည့်လိုက်လို့ သိပ်ပြီး ယှဉ်လို့မရအောင် ကွာခြားနေမယ်ဆိုရင် နောက်ထပ်ဆက်ခံပြီး တက်လာမယ့် အစိုးရမျိုးရအောင် စုစည်းဖို့ခက်ခက်လာတယ်။ ပေးထားတဲ့လစာ ဘယ်လောက်ပဲများများ ဝန်ကြီးတွေ သူတို့ရဲ့တာဝန်ကို ဆောင်ရွက်ရာမှာ ရိုးသားဖြောင့်မတ်မှုနဲ့ ကိုယ်ကျင့်သိက္ခာကောင်းအပြည့်အဝနဲ့ ဆောင်ရွက်သွားနိုင်မယ်လို့ တာဝန်မခံနိုင်ပါဘူး။ ဝန်ကြီးတွေက ရိုးရိုးသားသားနဲ့ မှားတာ၊ မှားယွင်းဆုံးဖြတ်မိတာ မျိုး ဟာ ဘယ်လောက်ပဲတန်ဖိုးများများ ထိခိုက်တယ်ဆိုစေဦး၊ အဂတိလိုက်စားပြီး ဘက်လိုက်တယ်လို့ သံသယအရှိခံရတာလောက်တိုင်းပြည်ကို မထိခိုက်မပျက်စီးစေနိုင်ပါဘူး။ အစိုးရတစ်ဖွဲ့ဟာ အဲဒီလို အဂတိလိုက်စားတယ်ဆိုတဲ့ အမည်းစွန်းမျိုး ထင်သွားပြီဆိုရင် အဲဒီရော ဂါပိုး ဟာ အစိုးရယန္တရားတစ်ခုလုံးမှာ ပျံ့နှံ့ကူးစက်သွားတက်ပါတယ်။ အဲဒီလိုဖြစ်လာရင် ကျွန်တော်တို့ဟာ အောက်ကိုလျှောကျတော့မှာဖြစ်တယ်။ ဘယ်အထိအောင် ဆင်းသွားမလဲဆိုရင် သူတို့ရဲ့မရိုးသားမှု၊ အာဏာလက်ကိုင်ရှိ လူတွေရဲ့လောဘတွေကြောင့် ပြည်သူတွေဟာ ခါးစည်းခံခဲ့ကြရတဲ့ အဂတိလိုက်စားတဲ့ အစိုးရတွေအများအပြားရဲ့ အလောင်းကောင်တွေနဲ့ ပြည့်နေတဲ့ အောက်ခြေအထိ ဆင်းသွားမှာဖြစ်တယ်။

၁၉၇၃

*

အစိုးရက အလုပ်သမားတွေကို လုံလုံလောက်လောက်ပေးထားရင် အဲဒီအလုပ်သမားတွေလာဘ် ယူတဲ့အခါ ပြင်းထန်တဲ့ပြစ်ဒဏ်မျိုးနဲ့ အပြစ်ပေးတာ ခံထိုက်တယ်။

၁၉၉၂

*

လူတစ်ယောက်ဟာ သူဝင်ငွေက ခွင့်ပြုတာထက်ပိုတဲ့ ပစ္စည်းဥစ္စာတွေ ပိုင်ဆိုင်နေပြီဆိုရင် အဲဒီလူဟာ သူ့မှာအပြစ်မရှိကြောင်း သက်သေပြရန်တာဝန်ရှိတယ် လို့ပြဋ္ဌာန်းထားတာမျိုးအထိ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို တင်းကျပ်ပေးသင့်တယ်။ အကောင်ကြီးကြီးနှစ်ဦး၊ သုံးဦးကို ဥပဒေရှေ့မှောက် အရောက်ပို့ပေးနိုင်မယ် ဆိုရင် လူတိုင်းကလေးစားလာတဲ့ အကျိုးသက်ရောက်မှုမျိုးဖြစ်သွားမယ်။

၁၉၉၂

*

နိုင်ငံရေးစနစ်တစ်ခုမှာ ထိပ်ပိုင်းခေါင်းဆောင်တွေကစပြီး ဗြူရိုကရေစီယန္တရား ရဲ့အောက်ဆုံးအထစ်တွေအထိ ကိုယ်ကျင့်ပျက်အဂတိလိုက်စားမှုတွေ ရှိနေခဲ့ပြီဆိုရင် ပြဿနာဟာရှင်းဖို့ အလွန်ရှုပ်သွားတယ်။ အဂတိလိုက်စားမှု ရောဂါကင်းစင်ရေးနဲ့ ရောဂါပိုးသတ်ဆေးဖျန်းပေးရေးကို ထိပ်ပိုင်းကစလို့ အောက်ခြေအထိ စနစ်တကျလုပ်သွားရမယ်။ ဒီအလုပ်မျိုးကလည်း သံသယဖြစ်စရာ မဲ့တစ်ပေါက်မျှ မစွန်းတဲ့ ကိုယ်ကျင့်သီလမျိုးက ဆင်းသက်လာတဲ့ အင်အားလည်းရှိ၊ စာရိတ္တကောင်းလည်းရှိတဲ့ ခေါင်းဆောင်မျိုးတွေရဲ့ အလွန်အင်အား

ကောင်းတဲ့ အဖွဲ့မျိုးကသာ လုပ်သွားနိုင်တဲ့ အချိန်ယူအပင်ပန်းခံလုပ်ရတဲ့ လုပ်ငန်းစဉ်မျိုးဖြစ်တယ်။

၁၉၉၃

*

အဂတိ လိုက်စားမှုဆိုတာ နိုင်ငံကို တည်ထောင်သွားတဲ့ နိုင်ငံဖခင်ကြီးရဲ့အတွေးအခေါ် သဘောတရားတွေ ဘယ်လိုပဲရှိရှိ၊ နိုင်ငံက ဘယ်နေရာမှာပဲ ရှိနေရှိနေ အစိုးရတစ်ဖွဲ့ရဲ့ ဘယ်လိုစနစ်အတွင်းမှာမဆိုဝင်ပြီး လှိုက်စားလို့ရတဲ့ အရာမျိုးဖြစ်တယ်။ မြင့်မားတဲ့စိတ်ကူးစံတွေရှိထား တဲ့ တရုတ်ကွန်မြူနစ်ပါတီနဲ့ ဗီယက်နမ်ကွန်မြူနစ်ပါတီတို့တောင်မှ အဂတိလိုက်စားမှုနဲ့ တည်ဆဲအစိုးရရဲ့ အကျင့်ပျက်မှုတွေကို သန့်စင်ထုတ်သွားမယ်လို့ သန္နိဋ္ဌာန်ချထားတဲ့ကြားက အာဏာရပြီး ဆယ်စုနှစ်အနည်းငယ်လောက် ကြာလာတဲ့အခါ အဂတိလိုက်စားမှုတွေနဲ့ ပွထလာတာပဲ။ မာ့က်စ်ဝါဒ သဘောတရားနဲ့ ဗဟိုက စီမံကိန်းချတဲ့စနစ်ကို စွန့်လွှတ်လိုက်ပြီး သူတို့ရဲ့စီးပွားရေးကို လျှော့ပေါ့ပေးပြီး လွတ်လပ်တဲ့စျေးကွက်စီးပွားရေးကို အားပေးလိုက်တဲ့အခါ ခိုင်ကြေးပေးတာတို့၊ ချောဆီထည့်ပေးတာတို့၊ မသမာကြေးတို့ဆိုတဲ့ ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ လာဘ်ပေး လာဘ် ယူမှုဟာ အားကောင်းမောင်းသန်နဲ့ ပြန်ပြီးပေါ်လာတော့တယ်။

၂၀၀၅

*

အိမ်တစ်အိမ် သန့်ရှင်းဖို့ဆိုတာက တောက်လျှောက်လုပ်နေရမယ့် အလုပ်ဖြစ်တယ်။ အဓိကမကျိုင်ကျတဲ့ ခေါင်းဆောင်၊ ယင်းက

အဂတိလိုက်စားမှု ကင်းရှင်းနေသမျှတော့ ဒုံရင်းပြန်သွားမှုမျိုးတွေကို ထိန်းချုပ်နိုင်မှာဖြစ်ပြီး အိမ်ကိုလည်း သန့်ရှင်းအောင် လုပ်ထားနိုင်မှာပဲ။ ပီအေပီ အစိုးရက တာဝန်မခံနိုင်တာကတော့ အကယ်၍များ ရွေးကောက်ပွဲရှုံးခဲ့ရင် နောက်တက်လာမယ့်အစိုးရက ရိုးသားမှုကို ဆက်လက်ထိန်းထားနိုင်ပါ့မလား ဆိုတဲ့အချက်ပါပဲ။ ဒါကြောင့် ကျွန်တော်တို့ဟာ နောက်ဆုံးမှာ အဲဒီလိုတွေများဖြစ်လာမယ်ဆိုရင် အဲဒီလိုဟာတွေကို တားဆီးကာကွယ်သွားနိုင်မယ့် ဖွဲ့စည်းပုံ၊ အခြေခံဥပဒေဆို ဒ် ရာ ကာ ကွ ယ် စော ဒ် ရော က် မှု တွေ ကို တပ်ဆင်ထားပါတယ်။ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ထားပါတယ်။ သမ္မတကို ပါလီမန်ရဲ့ အများဆန္ဒနဲ့ ရွေးရုံမျှမဟုတ်ဘဲ မဲဆန္ဒရှင်တစ်ရပ်လုံးကပါ ရွေး ဖို့၊ နိုင်ငံရဲ့အရန်ငွေကြေးတွေကို အစိုးရအဖွဲ့က သုံးစွဲမှုအပေါ် သမ္မတမှာ ပယ်ချနိုင်တဲ့ ဗီတိုအာဏာပေးထားဖို့ ပြင်ထားခဲ့တာပါ။ အခုဆိုရင် ဝန်ကြီးချုပ်က ဝန်ကြီးတွေအပေါ် သို့မဟုတ် အဆင့်မြင့်အရာရှိတွေ အ ပေါ် သို့ မ ဟု တ် သူ ကို ယ် တိုင် အ ပေါ် အဂတိလိုက်စားမှုအတွက် စုံစမ်းစစ်ဆေးတဲ့ စုံစမ်းစစ်ဆေးရေးကို ရပ်ပစ်တာမျိုး၊ အချိန်ဆွဲတာမျိုးကိုလည်း ပယ်ဖျက်နိုင်တဲ့အာဏာမျိုး သမ္မတမှာရှိနေပါပြီ။

၂၀၀၅

*

အာရှမှာရှိတဲ့ နိုင်ငံအများအပြားက ပြဿနာတွေရဲ့ အဓိကအချက်က တော့ ငွေကြေးနိုင်ငံရေးပါပဲ။ ငွေကြေးနိုင်ငံရေးဆိုတဲ့ စကားဝှက်ရဲ့ အဓိပ္ပာယ်က အာဏာရဖို့အတွက် မဲကို ငွေနဲ့ဝယ်တယ်၊ အာဏာရလာတဲ့ အ ခါ ကိုယ်ကုန်ထားတဲ့ပိုက်ဆံတွေ ပြန်ကာမိအောင်ရော အမြတ်အစွန်းလည်းရအောင် နောက်တစ်ကြိမ်လည်း ပြန်ဝယ်နိုင်

အောင် လုပ်ယူခြင်းလို့ ဆိုလိုခြင်းပါပဲ။ စင်ကာပူမှာ အဲဒီလိုငွေကြေး နှိုင်ငံရေး မရှိပါဘူး။ နိုင်ငံရေးတည်ငြိမ်မှုအတွက် ဝန်ကြီးတွေနဲ့ ပြည်သူဝန်ထမ်းအရာရှိတွေရဲ့ ကိုယ်ကျင့်သိက္ခာက အခြေခံကျပါတယ်။ စင်ကာပူရဲ့ နိုင်ငံရေးက ပွင့်လင်းရိုးသားတဲ့အတွက် ငွေကြေးနိုင်ငံရေး လုပ်ခြင်းတွေမှာ တွေ့ရတဲ့ ပြဿနာမျိုးမရှိခဲ့ပါဘူး။

၂၀၀၈

*

သူ့ကို ပြစ်တင်ဝေဖန်သူများ

ကျွန်တော်တို့ မလေးရှားမှာ ဒီမိုကရေစီနိုင်ငံကို လည်ပတ်သွားမယ် ဆိုရင်တော့ ဒီမိုကရေစီနိုင်ငံ တစ်နိုင်ငံရဲ့ ပထမဦးဆုံးမှတ်ကျောက်က အခြားနိုင်ငံရေးပါတီတွေရဲ့ ပြစ်တင်ဝေဖန်မှုကို သည်းခံနိုင်ခြင်းဖြစ်ပါ တယ်။

၁၉၅၆

*

ခင်ဗျား ထိုးချက်ကို မခံနိုင်တဲ့ပြိုင်ဘက်တွေကို အတည်ယူဖို့ အတော်ခက်တယ်။ ခင်ဗျားက ထိုးချလိုက်တာကတော့ တစ်ခါတည်းပဲ။ အဲဒါကို တစ်ခါတည်း မထတော့ဘဲ အကြာကြီးလဲ့အိပ်နေတော့ အဲဒီ လူမျိုးတွေအပေါ် ရက်စက်တယ်ဆိုတဲ့ ခံစားချက်မျိုးကို ခင်ဗျားရသွား တယ်။

၁၉၅၇

*

ကျွန်တော်တို့အားလုံးဟာ အသက်ဝင်တဲ့ စကားစစ်ထိုးပွဲတွေကို မျှော်လင့်ထားကြတယ်။ တကယ်တော့ အဲဒါမျိုးကလည်း ဉာဏ်ရည် ဉာဏ် သွေး နဲ့ ဇဝနဉာဏ် ထက်ထက်သန်သန်နဲ့ ပြောရတာမျိုးပါ။ အကယ်၍ အဲဒီလိုဉာဏ်မျိုးမရှိဘူးဆိုရင်တောင်မှ အနည်းဆုံးအားဖြင့် တစ်နေ့တာရဲ့ ငြီးငွေ့မှုတွေကို ပယ်ဖျောက်ပေးနိုင်မယ့်

ရွ တ် နော က် နော က် က လေး တွေ လော က် တော့ ရှိဦးမှကောင်းမယ်၊ ဒါ ပေ မဲ့ ကျွန်တော် တစ်ခုတော့ပြောချင်တယ်။ တမင်သက်သက် အကောက်ညှာနဲ့ မဟုတ်တရုတ် မုသာဝါဒတွေ၊ ကလိမ်စေ့ငြမ်းဆင်တွေ ပါလာမယ်ဆိုရင် လူတွေက အဲဒီလူတွေကို လက်အိတ်စွပ်ထိုးကြပါလိမ့်မယ်။ ကျွန်တော်တို့ကတော့ လက်အိတ်ချွတ်ပြီးတော့ပဲ ကစားမယ်။ ဒီ လွှတ် တော် ထဲ မှာ သံလက်သီးထုတ်ပြနေလို့လည်း မကောင်းပါဘူး။ ဒါ ပေ မဲ့ သံလက်သီးကို သုံးချင်ရင်လည်း သုံးနိုင်တာပဲ။ လွှတ်တော် အ ပြ င် ဘ က် ရော က် သွား ရ င် တော့ ကိုယ့်ကိုယ်ကိုယ်တော့ ကောင်းကောင်းစောင့်ရှောက်ရမှာပေါ့လေ။

၁၉၆၀

*

ဥရောပတိုက်သားတွေရဲ့ရပ်ကွက် သို့မဟုတ် စင်ကာပူမှာရောက်နေကြ တဲ့ နိုင်ငံခြားသားတွေရဲ့ရပ်ကွက်က အစိုးရအတွက် ထောက်ပံ့တဲ့ အထောက်အပံ့ ဟူသမျှကို ကျွန်တော်လူသိရှင်ကြား ငြင်းဆိုချင်တယ်။ မရှက်မကြောက်ပြောရရင် ကျွန် တော် တို့ ကို စေတနာရှိကြတဲ့လူတွေ၊ စင်ကာပူနိုင်ငံသား မဟုတ်သူတွေဟာ ဘာမျှမပြောကြဘဲ ကျွန်တော်တို့ နိုင်ငံဟာဆက်လက်ပြီး ငြိမ်းငြိမ်းချမ်းချမ်းနဲ့ သာယာဝပြောသွားပါစေလို့ တိုးတိုးဆုတောင်းပေးသောအားဖြင့်ပဲ အကောင်းဆုံးဆောင်ရွက်ပေးကြပါလို့ ပြောချင်ပါတယ်။ အစိုးရကိုဆန့်ကျင်ပြီး ပါးစပ်ဟောင်ဖွာဖွာ လုပ်ချင်သူတွေဟာ မကောင်းတဲ့အကျိုးဆက်တွေ အများကြီးတွေ့သွားနိုင်ပါတယ်။

၁၉၆၁

*

PAP ပါတီကို ဆန့်ကျင်ကြသူတွေဟာ ကွန်မြူနစ်တွေချည်း မဟုတ်ပါဘူး။ တချို့က ကွန်မြူနစ်၊ တချို့က ဖောက်ပြန်ရေးသမား၊ တချို့က အခွင့်အရေးသမားတွေနဲ့ တချို့ကျတော့လည်း ရှင်းရှင်းဝေခွဲမရသူတွေပါ။

၁၉၆၁

*

ကျွန်တော် တို့မမေ့သင့်တာက ဘာရီဆန် ဆိုရှယ်လစ်တွေသာတိုင်းပြည်ကို ထိန်းသိမ်းအုပ်ချုပ်သွားနိုင်မယ်ဆိုရင် အခု ကျွန်တော်တို့က သူတို့ကို ပြောခွင့်ပေးထားသလိုမျိုးကို အတိုက်အခံဘက်မှာရှိမယ့် ကျွန်တော်တို့ကို ပြောခွင့်မပေးဖို့ အလွန်များတယ်ဆိုတာပဲ။ အဲဒီလို အခြေအနေမျိုးဖြစ်လာရင် အလုပ်သမားသမဂ္ဂတွေထဲမှာပဲဖြစ်ဖြစ်၊ လူမှုကွန်ရက် အဖွဲ့အစည်းအဝေးမှာပဲဖြစ်ဖြစ် ကျွန်တော်တို့က သူတို့ကိုပေးထားတဲ့ စည်းရုံးခွင့်၊ နိုင်ငံကိုဆန့်ကျင်တဲ့ သူတို့ရဲ့သဘောတရားကို ဟောပြောခွင့်တို့ရဲ့ ၁၀၀ပုံ ပုံရင် တစ်ပုံတောင် ကျွန်တော်တို့ကို ခွင့်ပြုဖွယ်မရှိပါဘူး။ ကျွန်တော် စိုးရိမ်မိတာက ကျွန်တော်တို့ရဲ့ ရုံးနိမ့်မှုဟာ ကျွန်တော် တို့ကဒီမိုကရေစီအခွင့်အရေးတွေနဲ့ လွတ်လပ်မှုတို့ကို ထိန်းချုပ်မိတာကြောင့် မဟုတ်ဘဲ သည်းခံခြင်းကို ပျော့ညံ့မှုလို့ ယူဆပြီး အမြတ်ထုတ် အလွဲသုံးစားပြုချင်ကြတဲ့ လူတစ်စုကို ကျွန်တော်တို့က သည်းခံလွန်းမိတာမျိုး ဖြစ်သွားမှာကိုပဲဖြစ်ပါတယ်။

၁၉၆၃

*

ကျွန်တော်နဲ့ ကျွန်တော့်ရဲ့လုပ်ဖော်ကိုင်ဖက်တွေဟာ အထက်စီးဆန်

တယ်၊ မကျွမ်းကျင်ဘူး၊ ဆင်ခြင်ဉာဏ်မရှိဘူး၊ မိုက်မဲတယ်ရယ်လို့ အစွပ်စွဲခံနေကြရတယ်။ ကျွန်တော်တို့မှာ ဘာအမှားအယွင်းတွေပဲ ရှိခဲ့တယ်ဆိုစေ၊ ကျွန်တော်တို့ရဲ့ ပထမအကြိမ် သက်တမ်းအကုန်မှာ တိုင်းပြည်ကို ကျွန်တော်တို့အစိုးရတက်မလာခင်က အခြေအနေထက် ပိုပြီးကောင်းအောင်တော့ ထားပေးနိုင်ခဲ့တယ်။ နောက်ဆုံးအစိုးရရဲ့ နောက်ဆုံးနေ့ရက်တွေဟာ ရင်နင့်ဖွယ်မြင်ကွင်းတွေပါပဲ။ [xxx] စိတ်ဓာတ်တွေကျကုန်တယ်။ မိမိရဲ့အသက်ရှင်ရပ်တည်နိုင်မှုကိုပဲ စိတ်ဝင်စားတဲ့ အစိုးရတစ်ရပ်ဖြစ်နေတယ်။

၁၉၆၃

*

ကိုယ်စွပ်စွဲချက်တွေအတိုင်း လူသိရှင်ကြား လိုက်မလုပ်ရဲတဲ့လူတွေဟာ မရိုးမသားနဲ့ စောင်းမြောင်းပြောတာမျိုးတွေကို ရှောင်ရှားသင့်တယ်။

၁၉၆၃

*

စင်ကာပူမှာ ဘယ်လိုဖြစ်သင့်တယ် ဘာတယ်ဆိုတဲ့ အာရှတိုက်ကရော်ကလာတဲ့ ပြည်ပြေးတွေရဲ့အကြံဉာဏ်မျိုးကို ကျွန်တော်စိတ်မဝင်စားပါဘူး။ သူတို့ရဲ့အကြံဉာဏ်ဆိုတာက သုံးမရတာထက် ပိုဆိုးသေးတယ်။ သူတို့ဟာ အရှက်လည်းမရှိကြဘူး။ ကိုယ့်နိုင်ငံမှာ ကိုယ်နေပြီး ကိုယ့်နိုင်ငံတော် တိုးတက်အောင်လုပ်ကြပါလား၊ ကိုယ့်ဘဝတူနိုင်ငံသားတွေ ဆင်းရဲနုံချာတဲ့ဘဝတွေက လျော့ပါးသွားအောင် လုပ်ကြပါလား။ အဲဒီလိုတော့လည်း မလုပ်ဖြစ်ဘဲ ရေကြည်ရာမြက်နုရာကို ပြေး

လာကြပြီး ကျုပ်တို့ကို အကြံဉာဏ်ပေးနေကြသေးတယ်။

၁၉၇၁

*

ပါလီမန်မှာ အနည်းဆုံးအားဖြင့် အတိုက်အခံ အနည်းအကျဉ်းလောက်တော့ ရှိသင့်ပါတယ်လို့ ဘာကြောင့် ကျွန်တော်တို့ တမင်ရည်ရွယ်ချက်ရှိရှိနဲ့ တာဝန်ခံပြောဆိုခြင်းမျိုး ပြုသင့်တာလဲဆိုရင် အကြောင်းတွေ တော်တော်များများရှိပါတယ်။ ပထမအချက်အနေနဲ့ ကျွန်တော်တို့ရဲ့အတွေ့အကြုံအရ ၁၉၈၁ ခုနှစ် ဒီဇင်ဘာလမှာ အန်ဆန် (ဇေယျရတနံ) လွှတ်တော်ကိုယ်စားလှယ်ဒီလွှတ်တော်ထဲကို ရောက်လာတဲ့အချိန်ကစလို့ ကျွန်တော်တို့ရဲ့ လူငယ်ဝန်ကြီးတွေနဲ့ လွှတ်တော်အမတ်တွေမှာ အကျိုးဖြစ်ခဲ့ပါတယ်။ ဒီလူငယ်ဝန်ကြီးတွေ အမတ်တွေဟာ ၁၉၅၀ ကျော်၊ ၁၉၆၀ ကျော် ကာလက ကြောက်စရာကောင်းတဲ့ ရန်သူမျိုးတွေကို ရင်မဆိုင်ကြဖူးပါဘူး။ အစပထမမှာ သူတို့ဟာ အတိုက်အခံအမတ်ကို ဘယ်လိုကိုင်တွယ်လို့ ကိုင်တွယ်ရမှန်းမသိကြဘူး။ ဒါပေမဲ့ မကြာခင်မှာ သူတို့ဟာ အချေအတင် ပြောဆိုတဲ့စွမ်းရည်တွေ တက်လာတယ်။ အန်ဆန်ပါတီအမတ်ရဲ့ ရှုးကြောင်ကြောင်နိုင်မှုကို ဘယ်လိုအချက်ပိုင်ပိုင်နဲ့ ဘယ်လိုပြန်တွယ်ရမယ်ဆိုတာ နားလည်လာခဲ့ကြတယ်။

၁၉၈၄

*

ကျွန်တော့်လုပ်ဖော်ကိုင်ဖက်တွေကို ကျွန်တော်က ကြောက်အောင်လုပ်မထားပါဘူး။ ကြောက်ဖို့နေနေသာသာ သူတို့ စိတ်ထဲရှိရာကို ပြော

ကြ တာ ပဲ ။ အဲဒီလိုပြောလို့လည်း သူတို့မှာ ဘာမှဖြစ်မသွားပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့က အစ်အမေးမရှိဘဲ မဟုတ်တမ်းတရမ်း နည်းမျိုး တွေ နဲ့ တိုက်ခိုက်ခွင့်ပြုထားတယ်ဆိုရင်တော့ စနစ်တစ်ခုလုံး ကြာရင် ပျက်သွားတော့မှာပေါ့။

၁၉၈၈

*

အ တို က် အ ခံ အ မ တ် လေး ဦး ဟာ ဝန်ဆောင်မှုနဲ့ ထိန်းသိမ်းမှု အခကြေးငွေတွေကို လျှော့ချနိုင်တဲ့အာဏာ ရှိနေကြပါပြီ။ PAP ဆိုတာ Play and Pay (ပေးပြီးရင်းပေး) ဆိုတဲ့ အဓိပ္ပာယ်ပါပဲလို့ ရွေးကောက်ပွဲ ကာလအတွင်းမှာ ပြောခဲ့တဲ့ သူတို့စကားအတိုင်း ယုံကြည်နေသေးလား ဆိုတာ၊ အဲဒီအမတ်လေးဦးတို့ အဲဒီလိုမဟုတ်တော့ပါဘူးဆိုတာ၊ အဲဒီလို မဟုတ်ဘဲ သုံးပြီးရင်း သုံးသလားလို့ ပြဖို့အချိန်ရောက်လာပါပြီ။ သူတို့ အဲ ဒီ လို လု ပ် ဖို့ PAP ကို ပြစ်တင်ဝေဖန်ခဲ့သလိုမျိုး သူတို့လုပ်နေကြ သလားဆိုတာ ကြည့်ကြပါစို့။ ထိန်းသိမ်းမှုအဆင့်အတန်းတွေ မြင့်လာ သလား၊ ကျသွားသလားဆိုတာကို စောင့်ကြည့်ကြပါစို့။

၁၉၉၂

*

အ ခု တော့ ဝန်ကြီးချုပ် (ဂိုချုပ်တောင်) ကို သွားစိန်ခေါ်ရင် သူက လ ည်း ပြန်စိန်ခေါ်မှာပဲဆိုတာ လူတိုင်း သိနေကြပါပြီ။ ဒါအမြတ်ပေါ့၊ သူက ပြန်လည်တုံ့ပြန်တာကို ကျွန်တော်ဝမ်းသာတယ်။ အကယ်၍ သူက အဲဒီလိုမတုံ့ပြန်ရင် နောက်ထပ် သူ့ကို အဆိပ်လူးမြားနဲ့ပစ်မယ့်လူ တွေ ပေါ်လာကြဦးမယ်။ အဲ ဒီ အ ခါ သူ့ တ စ် ကို ယ် လုံး မှာ မြားတွေ

တွယ်ကပ်နေမယ်။ ကျွန်တော်က သူ့လိုမဟုတ်ဘဲ ကျွန်တော့်ကို လူတွေက မြားနဲ့ ပစ်လာရင် သူတို့ကို ပြုံးပြနေမယ်ဆိုပါတော့။ ဒီအခါ အဲဒီလူတွေက မြားတစ်ခုကိုယူ၊ ထိ ပ် ဖျား မှာ အဆိပ်လူးပြီး ကျွန်တော့်ကို ပစ်ခတ်မယ်ဆိုရင် ကျွန်တော်က ပြုံးပြနေနိုင်ပါတော့မလား။

၁၉၉၅

*

မိဒိယာများ

ကျွန်တော်တို့ရဲ့ နိုင်ငံရေးအမြင်၊ နိုင်ငံရေးရှုထောင့်ကို တင်ပြတဲ့ နည်းတွေ အများပဲရှိပါတယ်။ ကျွန်တော်တို့ဟာ သတင်းစာတွေရဲ့ ယဉ်ကျေးသိမ်မွေ့မှုအပေါ် တည်မှီနေရတယ်။ သတင်းစာတွေထဲမှာ တချို့က သိပ်မယဉ်ကျေးဘူး၊ သူတို့ဟာ ခင်ဗျားပါတီကို မကြိုက်တာနဲ့ ခင်ဗျားပါတီက ရွေးကောက်ပွဲအစည်းအဝေးလုပ် ကျင်းပနေတဲ့သတင်းကို ပြည်သူလူထုကို သတင်းမပေးနိုင်အောင် အပတ်တကုတ် ကြိုးစားကြတယ်။ တစ်ပါတီရဲ့သတင်းကိုတော့ မှောင်ချထားပြီး အခြားပါတီတစ်ခုကိုတော့ တွန်းတင်ပေးတယ်။ ပါတီတစ်ခုက လူထု များများစားစား ကြီးကြီးမားမားရတာကို လူနည်းနည်းကလေးပါလို့ ပြောကြတယ်။ သူတို့သဘောကျတဲ့ပါတီက စည်းဝေးပွဲမှာ လူနည်းနည်းကလေးပဲဆိုရင်တော့ အဲဒီလူထုရဲ့ဓာတ်ပုံကို ထည့်မပြတော့ဘူး။ ဝါဒဖြန့်ချိရေး လုပ်ကြတဲ့နေရာမှာ ကိုယ်လိုရင်လိုသလို ကိုင်သုံးကြတဲ့ အခြားနည်းတွေလည်း အများအပြားရှိကြပါတယ်။

၁၉၅၇

*

ကင်မရာကိုင်ထားတဲ့ဓာတ်ပုံသမားဟာ သေနတ်ကိုင်ထားတဲ့ စစ်သားတို့၊ ရဲသားတို့ထက် ဒီမိုကရေစီကိုပိုပြီးကာကွယ်နိုင်တဲ့ အဖိုးတန်ကာကွယ်ရေးသမားဖြစ်တယ်။

*

တစ်နေကုန်သွားပြီဆိုရင် အရေးကြီးတာက အဲဒီနေ့မှာ ကျွန်တော်တို့ ပြည်သူလူထုအတွက် ဘာတွေလုပ်ပေးခဲ့သလဲ ဆိုတာပဲ။ ကျွန်တော်တို့မှာ အပြစ်အနာအဆာတွေ၊ ချို့ယွင်းချက်တွေ အများအပြားပဲရှိတယ် ဆိုတာလည်း ဝန်ခံပါတယ်။ ကျွန်တော်ကတော့ ကိုယ့်ကိုယ်ကိုယ် ပိုချောလာစေဖို့ဆိုပြီး မျက်နှာချေတော့ မလူးပါဘူး။ အဲဒီကျွန်တော်တို့မှာရှိနေတဲ့ အပြစ်အနာအဆာချို့ယွင်းချက်တွေကို သူတို့က (အနောက်တိုင်း သတင်းစာများက) ပုံကြီးချဲ့ပြကြလေလေ သူတို့အပေါ် ယုံကြည်မှုက နည်းလာလေလေ ဖြစ်ပါတယ်။ အဲဒီလိုယုံကြည်မှု နည်းလာမှာက ဘာကြောင့်လဲဆိုရင် ကနေ့ကမ္ဘာကြီးမှာ လူထုဆက်သွယ်မှုတွေက သိပ်မြန်လာ၊ လူတွေကလည်း အုံနဲ့ကျင်းနဲ့ ခရီးသွားလာနေကြလို့ သူတို့မှာ သူတို့ ဖတ်ရတာတွေလောက်အပေါ်မှာပဲ အမှီပြုမနေရတော့ဘဲ ကိုယ်တိုင် ဒိဋ္ဌ မြင်တွေ့နေနိုင်လာကြလို့ပါပဲ။ သူတို့ ယုံကြည်ရတဲ့မိတ်ဆွေတွေက ပြောပြတဲ့အရာတွေလည်း ရှိနေကြလို့ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေနဲ့ ပတ်သက်လို့ပြောရရင် (အဲဒီလူတွေကလည်း ကျွန်တော့်အတွက်တော့ အနောက်တိုင်း သတင်းစာသမားတွေထက် အရေးကြီးပါတယ်) ရင်းနှီးမြှုပ်နှံသူက သူဟာ ဒေါ်လာသန်းပေါင်း ရာနဲ့ချီ တန်တဲ့၊ တစ်ခါတစ်ရံ ဘီလျံနဲ့ချီတောင်တန်တဲ့ စက်ယန္တရားတွေ ဒီနိုင်ငံမှာ တပ်ဆင်မလား၊ မတပ်ဆင်ဘူးလားဆိုတာကို ဆုံးဖြတ်စေတာက တော့ ဒီနိုင်ငံမှာနေထိုင်တဲ့ ဘဏ်လုပ်ငန်းရှင်နဲ့ သံအမတ်ကြီးတို့ပဲ ဖြစ်ပါသတဲ့။

*

ကျွန်တော်တို့ စင်ကာပူနဲ့ မကိုက်တဲ့တန်ဖိုးတစ်ခုကတော့ သတင်းစာသည် စတုတ္ထမဏ္ဍိုင် ဖြစ်တယ်ဆိုတဲ့ သီအိုရီပါပဲ။ ဗြိတိသျှတွေ လက်ထက်ကတည်းက စင်ကာပူက သတင်းစာတွေဟာ ဘယ်တုန်းကမျှ စတုတ္ထမဏ္ဍိုင် မဖြစ်ခဲ့ပါဘူး။ ပြီး တော့ စင်ကာပူရဲ့ အတွေ့အကြုံမှာလည်း ကျွန်တော်တို့ရဲ့ ထိရှလွယ်တဲ့ လူမျိုးရေးနဲ့ ဘာသာရေးရောထွေးမှု၊ သဟဇာတဖြစ်တဲ့ ဥဏ္ဍာအလင်းကို ဖြစ်စေမယ့် အစား 'အယူအဆတွေရဲ့ ဈေးကွက်နေရာ'ဆိုတဲ့ အမေရိကန်တို့ရဲ့ သဘောတရားတွေကြောင့် မကြာခဏ အဓိကရုဏ်းတွေနဲ့ သွေးထွက်သံယိုမှုတွေ ဖြစ်ခဲ့ပါတယ်။

၁၉၈၈

*

စင်ကာပူရဲ့ ပြည်တွင်းကိစ္စကို အချေအတင် ငြင်းခုံပြောဆိုဖို့က စင်ကာပူနိုင်ငံသားတွေရဲ့ကိစ္စပါ။ ကျွန်တော်တို့က အမေရိကန် သတင်းစာသမားတွေကို စင်ကာပူမှာ ခွင့်ပြုထားတာဟာ စင်ကာပူနိုင်ငံအကြောင်းကို သူတို့ အမေရိကန်လူမျိုးတွေဆီ သတင်းပို့ပေးနိုင်ဖို့အတွက် ဖြစ်ပါတယ်။ ကျွန်တော်တို့က သူတို့ရဲ့သတင်းစာတွေကို စင်ကာပူမှာ ရောင်းခွင့်ပြုထားတာဟာ နိုင်ငံခြားသားတွေက ကျွန်တော်တို့အကြောင်းကို ဘာတွေဖတ်ကြတာလဲလို့ သိနိုင်အောင်ပါ။ ဒါပေမဲ့ ကျွန်တော်တို့က သူတို့ကို အမေရိကန်မှာ အမေရိကန်မီဒီယာတွေရယူထားတဲ့ အခန်းကဏ္ဍမျိုးကို စင်ကာပူမှာလည်း ရယူထားဖို့တော့ ခွင့်မပြုနိုင်ပါဘူး။ အမေရိကန်မှာ တော့ အမေရိကန်မီဒီယာတွေဟာ အစိုးရရဲ့ စာမေးပွဲစောင့်သူ၊ အစိုးရရဲ့ ရန်သူနဲ့ အစိုးရကို စစ်ကြောမေးမြန်းသူဖြစ်ပါတယ်။ အဲဒီလို

လုပ်ခွင့်သာ ပေးလိုက်မယ်ဆိုရင် သတင်းစာသမားတွေက စင်ကာပူ လူ့အဖွဲ့အစည်းရဲ့သဘာဝကို အကြီးအကျယ် ပြောင်းလဲသွားအောင် လုပ်သွားပါလိမ့်မယ်။ ပြီး တော့ လည်း ကျွန်တော်တို့ရဲ့ လူမှုရေး ကော်မတီက အဲဒီလိုမျိုးတွေ လုပ်လာတာအထိ ကွာမကျဘဲ ခိုင်ခိုင်ကပ် နေမြဲ နေနိုင်ပါ့မလားလို့ ကျွန်တော် သံသယရှိပါတယ်။

၁၉၈၈

*

အမေရိကန် မီဒီယာတွေက ထိုင်ဝမ်တို့၊ ကိုရီးယားတို့၊ ဖိလစ်ပိုင်တို့၊ ထိုင်းနိုင်ငံတို့ဟာ ဒီမိုကရေစီဆန်လာကြပြီး သတင်းစာလွတ်လပ်ခွင့်ရှိ တယ်လို့ ချီးမွမ်းထောမနာပြုနေကြတာဟာ ယဉ်ကျေးမှုလွှမ်းမိုးခြင်းရဲ့ သာဓကပြတဲ့ သဘောပါပဲ။ သူတို့ အထက်စီးနဲ့ ချီးကျူးတာဟာ အင်အားကြီးတဲ့လူက သူ့ထက်အင်အားသေးတဲ့လူကို နဖူးကို ကိုင်ပွတ်ပြီး ချီးကျူးခြင်းမျိုးဖြစ်ပါတယ်။ အမေရိကန် မီဒီယာတွေက စင်ကာပူကို အာဏာရှင်စနစ်ပဲ၊ စင်ကာပူလူ့အဖွဲ့အစည်းဟာ အပြောလည်းမခံတဲ့၊ တင်းကျပ်တဲ့ ထိန်းချုပ်မှုတွေများတဲ့ အမြဲ လူ့အဖွဲ့အစည်းပဲ ဘာပဲညာပဲလို့ ထိုးနှက်ကြခြင်းဟာလည်း အားကြီးတဲ့ယဉ်ကျေးမှုရဲ့ သဘောတွေပါပဲ။ ဘာကြောင့် သူတို့ အဲဒီလို ပြောကြရေးကြသလဲ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့က ကိုယ့်လူမျိုးတွေ ကိုယ်အုပ်ချုပ်ရာမှာ သူတို့ရဲ့ အယူအဆတွေကို လိုက်နာကျင့်သုံးခြင်းမရှိလို့ပါပဲ။ ဒါပေမဲ့ ကျွန်တော်တို့က ကျွန်တော်တို့ရဲ့ဘဝတွေကို အခြားလူတွေရဲ့ အစမ်းသပ်ခံခြင်းမျိုးနဲ့ ပြုမပေးနိုင်ပါဘူး။ သူတို့ရဲ့သဘောတရားတွေဟာ အာရှမှာ သက်သေမပြနိုင်တဲ့ သူတို့ အနှစ် ၅၀ ကျော် အုပ်ချုပ်လာခဲ့တဲ့ ဖိလစ်ပိုင်မှာတောင် သက်သေမပြနိုင်တဲ့ သဘောတရားတွေပါ။ ထိုင်ဝမ်

တို့ ၊ ထိုင်းနိုင်ငံတို့၊ ကိုရီးယားတို့မှာကောတဲ့။ အဲဒီနိုင်ငံတွေမှာလည်း သက်သေမပြနိုင်ပါဘူး။ အဲဒီနိုင်ငံတွေဟာ ငါးနှစ် ၁၀ နှစ်အတွင်း စင်ကာပူနိုင်ငံထက်သာတဲ့ နိုင်ငံတွေဖြစ်လာပြီဆိုတဲ့ သက်သေပြနိုင်တာမျိုး ရှိလာတဲ့အခါမျိုးကျရင်တော့လည်း ကျွန်တော်တို့ဟာ အဲဒီနိုင်ငံတွေကို အမီလိုက်ဖို့ သူတို့ရဲ့ကျင့်သုံးပုံ ကျင့်သုံးနည်းတွေကို ချမှတ်ပြီး သူတို့နောက်ကို အပြေးလိုက်သွားပါမယ်။

၁၉၉၅

*

အမေရိကန် သတင်းစာတွေက သူတို့ကို ကျွန်တော်ကတရားစွဲတော့ အံ့သြထိတ်လန့်သွားကြတယ်။ ဒါပေမဲ့ ကျွန်တော်ဟာ သူတို့ကို တရားမစွဲဘူးဆိုရင် ကျွန်တော်တို့ ပြည်သူတွေနဲ့ ဆက်ဆံရေးကို ပြောင်းလဲသွားမှာဖြစ်တော့မယ်။ သူတို့ဟာ သူတို့သတင်းစာတွေကို စင်ကာပူမှာရောင်းကြတယ်။ စင်ကာပူကို ဝေဖန်ကြတယ်။ ကျွန်တော့်မဲဆန္ဒရှင်တွေအပေါ်မှာ သြဇာညောင်းဖို့ လုပ်ကြတယ်။ သူတို့က ကျွန်တော့်ကို သိက္ခာချအသရေဖျက်နေတာကိုမှ ကျွန်တော်က သူတို့ကို စိန်မခေါ်ဘူးဆိုရင် သူတို့ ရေးချင်တိုင်းရေးနေတာတွေ ဘယ်မှာ အဆုံးသတ်နေလိမ့်မလဲ။ စင်ကာပူက သတင်းစာတွေကလည်း အဲဒီအတိုင်းလိုက်လုပ်လာမယ်။ ဒီနိုင်ငံမှာ ခင်ဗျား တို့ သတင်းစာတွေ ရောင်းနေတယ်ဆိုရင်တော့ ကျွန်တော်တို့ရဲ့ဥပဒေတွေကို လိုက်နာပါလို့ ကျွန်တော် ပြောပါတယ်။

၁၉၉၆

*

အရှေ့အာရှက တိုးတက်ဖွံ့ဖြိုးလာတာနဲ့အမျှ အဲဒီမှာရှိတဲ့ ပြည်သူ

တွေကလည်း မီဒီယာလုပ်ငန်းတွေ ကျွမ်းကျင်လာပြီး အာရှရဲ့မှတ်တမ်းတင် ဆောင်းပါးတွေ၊ ရုပ်သံထုတ်လွှင့်ချက်တွေဟာ ကမ္ဘာ့ဖြစ်ရပ်တွေကို အာရှသား တွေရဲ့ ရှုထောင့်အမြင်ကကြည့်ပြီး အဓိပ္ပာယ်ဖွင့်လို့ ကျွန်တော်တို့ထံ ပို့ပေးလာကြလိမ့်မယ်။ အာရှရဲ့ယဉ်ကျေးမှု၊ အာရှရဲ့ အစဉ်အလာနဲ့ တန်ဖိုးတွေကို ပြန်လည်အတည်ပြုပေးလာလိမ့်မယ်။

၂၀၀၀

*

သတင်းစာ လွတ်လပ်မှု၊ သတင်းမီဒီယာ လွတ်လပ်မှုတို့ဟာ အဓိကကျတဲ့ စင်ကာပူရဲ့လိုအင်တွေရဲ့ လက်အောက်ခံပဲ ဖြစ်ရပါမယ်။ လူထုက ရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရရည်မှန်းချက်ရဲ့ အဓိကကျတဲ့ အရာပဲ ဖြစ်ရပါမယ်။

၂၀၀၀

*

၁၉၇၇ ခုနှစ်မှာ မည်သည့်ပုဂ္ဂိုလ်မျှ သို့မဟုတ် ထိုပုဂ္ဂိုလ်က ခန့်ထားသည့် မည်သူမျှ သတင်းစာတစ်စောင်၏ အစုရှယ်ယာ ၃ ရာခိုင်နှုန်းထက်ပိုပြီး ပိုင်မထားစေရဆိုတဲ့ ဥပဒေကို ကျွန်တော်တို့ ပြဋ္ဌာန်းခဲ့တယ်။ [x x x] ချမ်းသာကြွယ်ဝတဲ့ သူဌေးကြီးတစ်ဦးက မဲဆန္ဒရှင်တွေဟာ တစ်နေ့ပြီးတစ်နေ့ ဘာတွေပဲ ဖတ်သင့်တယ်လို့ ဆုံးဖြတ်ခွင့်ပေးထားတဲ့ အနောက်တိုင်းရဲ့ လုပ်ပုံကိုင်ပုံမျိုးကို ကျွန်တော် လက်မခံပါဘူး။

၂၀၀၀

*

ကျွန်တော်က ဘာကြောင့်များ မီဒီယာတွေအပေါ် ဒီလောက်တင်းမာနေရတာလဲ။ ဘာကြောင့်လဲဆိုရင် သူတို့က ကျွန်တော်တို့ကို အလဲထိုးချဖို့ ကြိုးစားကြလို့ပဲ။ ကျွန်တော်ပြောသမျှကို မလိမ့်တပတ် ပြောချင်ရေးချင်ကြလို့ပဲ။ (သူတို့က ပြောတယ်) ကျွန်တော့်ကို ကွန်မြူနစ်တဲ့။ ကျွန်တော် ကွန်မြူနစ်မဟုတ်မှန်းလည်း သူတို့သိကြတယ်။ ဒါကြောင့် ကျွန်တော်က သူတို့ကို ပြောပါတယ်။ ၁၉၅၉ ခုနှစ် ရွေးကောက်ပွဲ မဲဆွယ်ကာလအတွင်း ကျွန်တော့်ကို အပြစ်မြင်နေကြစဉ်က ပြောတာပါ။ ကျွန်တော် ရွေးကောက်ပွဲနိုင်လာရင် ခင်ဗျားတို့ ကိုယ့်ဘာသာ ဘယ်လိုနေတက်ထိုင်တက်စေအောင် ကျွန်တော် လုပ်ပြမယ်လို့ ပြောခဲ့ပါတယ်။

၂၀၀၆

*

သာတူညီမျှ

ကျွန်တော်တို့ဟာ လူမျိုးမရွေး၊ ကျားမ မရွေး၊ ကိုးကွယ်တဲ့ ဘာသာမရွေး လူတိုင်းက လူ့အဖွဲ့အစည်းကို အစွမ်းကုန် လုပ်အားပေးသွားနိုင်တာနဲ့အမျှ သာတူညီမျှအခွင့်အရေးတွေ ပေးသွားနိုင်တဲ့ ဘယ်သူ့ကိုမျှ လူလူချင်း ခေါင်းပုံဖြတ်ခွင့်မပေးတဲ့ ဆိုရှယ်လစ် မလေးရှားနိုင်ငံကို ငြိမ်းချမ်းတဲ့နည်း အခြေခံဥပဒေနည်းတွေနဲ့ ထူထောင်သွားကြမှာဖြစ်ပါတယ်။

၁၉၅၅

*

အခုနှစ်မှာမလေးရှားဟာ လွတ်လပ်ရေးရလာပါတော့မယ်။ အမျိုးသမီးအားလုံးဟာလည်း လူ့အဖွဲ့အစည်းရဲ့ ခွင့်တူညီမျှရတဲ့အဖွဲ့ဝင်များဖြစ်မယ့် လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်လာရေး ဘုံရည်မှန်းချက်ထားပြီး တိုက်ပွဲဝင်လာကြတဲ့ လူမျိုးတွေအားလုံးမှာရှိကြတဲ့ လူတန်းစားအားလုံးမှာရှိကြတဲ့ အမျိုးသမီးအားလုံး ညီညွတ်ရေးအတွက် ကျွန်တော်တို့ရဲ့ ကြိုးပမ်းအားထုတ်မှုကို နှစ်ဆတိုးပြီး လုပ်သွားကြပါစို့။

၁၉၅၇

*

သူတို့ဟာ (ပြည်သူ့ဝန်ထမ်းများဟာ) ညီတူညီမျှဖြစ်တဲ့ စည်းကမ်းတွေအတိုင်း ယှဉ်ပြိုင်သွားကြဖို့ အသင့်ပြင်ထားကြရပါမယ်။ အင်္ဂလိပ်

စကားပြောတဲ့ လူဖြူတစ်ယောက်က အင်္ဂလိပ်စကားပြောတဲ့ လူဖြူလို နီး ပါး လူတစ်ယောက်ကို အကြိုက်ဆုံးဖြစ်တယ်ဆိုတဲ့ စနစ်တစ်ခုမှာ အဲဒီလို အင်္ဂလိပ်စကားပြောတဲ့ ကိုယ့်နိုင်ငံကလူဟာ သူ့ရဲ့ဆရာကြီးက အပြောင်းအလဲဖြစ်သွားတဲ့ အခြေအနေမျိုးမှာ နဂိုအခြေအနေကို ထိန်း ထားလို့မရနိုင်တော့ဘူး။ ဆရာကြီးဆိုတဲ့လူကလည်း ကိုလိုနီနိုင်ငံများ ဆိုင်ရာ အတွင်းဝန်ကြီး မဟုတ်တော့ဘူး။ ဆရာကြီးဆိုတဲ့လူတွေဟာ အစုအပေါင်းအားဖြင့် လမ်းဘေးစျေးသည်တွေ၊ အလုပ်သမားတွေ၊ ကျောင်းဆရာတွေ၊ စာရေးတွေဆိုတဲ့ စင်ကာပူနိုင်ငံရဲ့ ပြည်သူတွေသာ ဖြစ်ကြရတော့တယ်။

၁၉၅၇

*

ကျွန်တော်က ဆိုရှယ်လစ်စနစ်ကို ယုံကြည်တယ်ဆိုတာ ဆိုရှယ်လစ်စနစ်က လူအင်အားအရင်းအမြစ်ကို အထိရောက်ဆုံးနည်း တွေနဲ့ သုံးသွားလို့ပဲ။ နိုင်ငံတစ်နိုင်ငံမှာ လူတစ်ယောက်ကို အဆင့် အတန်း၊ အမျိုးအနွယ်၊ ကိုးကွယ်တဲ့သာသနာရေး၊ ကျား-မရယ်လို့ မရွေး ဘဲ အခွင့်အလမ်းတူ ပေးကြည့်လိုက်ပါ။ ခင်ဗျားဟာ အဲဒီလူဆီက အကောင်းဆုံးကိုထုတ်နုတ်သုံးသွားလို့ရဖွယ်ရှိတယ်။ သူ့ရဲ့ ကိုယ်စွမ်းကိုယ်စ ဉာဏ်စွမ်းဉာဏ်စကို အသုံးပြုနိုင်ဖို့အတွက် သူ့ကို သူ့ ဘာသာသူ ပညာကိုရယူနိုင်တဲ့ အကောင်းဆုံးအခွင့်အလမ်းကို သူများနည်းတူ ရွေးကြည့်လိုက်ပါ။ အကယ်၍သာ ခင်ဗျားက ကိုယ့်ပြည် သူတစ်ရပ်လုံးကို လွှမ်းခြုံမိနိုင်တဲ့ ပိုက်ကွန်မျိုးနဲ့ ပစ်လိုက်မယ်ဆိုရင် အဲဒီလူရဲ့ ကိုယ်စွမ်းဉာဏ်စတွေဟာ အများကြီးတက်လာနိုင်ပြီး ထိပ်တန်းကို ရောက်သွားနိုင်မှာဖြစ်တယ်။

*

ကျွန်တော်တို့ဟာ လူတွေရဲ့ဂုဏ်သိက္ခာကို ယုံကြည်ကြမယ်ဆိုရင်၊ ဂုဏ်သိက္ခာဆိုတာ လွတ်လပ်စွာ နေထိုင်အသက်ရှင်ခွင့်ရစေပြီး အသားအရောင်နဲ့ ကိုးကွယ်တဲ့ဘာသာ မခွဲခြားဘဲ လူဘဝကို ကျွန်တော်တို့က လေးစားမယ်ဆိုရင်ရှေးဟောင်းခေတ်က မျိုးနွယ်စုလူသားတွေပဲဖြစ်ဖြစ်၊ အခုခေတ် လူသားတွေပဲဖြစ်ဖြစ် လူတွေဟာ လူ့အနွယ်ကြီးထဲက အခြားလူတွေရဲ့ အကျိုးစီးပွားကို ခုတုံးလုပ်လို့မိမိတို့တစ်ကိုယ်ကောင်းအကျိုးစီးပွားကိုပဲ သားရိုင်းတိရစ္ဆာန်စိတ်မျိုးနဲ့ ရှာကြံချင်တယ်ဆိုတဲ့ အကြင်နာကရုဏာကင်းတဲ့ မှောက်မှားမှုမျိုးကို တွန်းလှန်သွားနိုင်ရမှာဖြစ်ပါတယ်။ ဒီမိုကရက်တစ်ဆိုရှယ်လစ်တွေအနေနဲ့ ကျွန်တော်တို့ဟာ ချမ်းသာတဲ့လူတွေက ချမ်းသာသထက် ချမ်းသာလာ၊ ဆင်းရဲသူတွေက ဆင်းရဲသထက် ဆင်းရဲသွားစေမယ့်ဟာမျိုး ကို ကျွန်တော်တို့ ပြည်တွင်းမှာဖြစ်မလာဖို့ ငြင်းပယ်ကြပါတယ်။ ကျွန်တော်တို့ဟာ စီးပွားရေးနဲ့ လူမှုရေး ခွင့်တူညီမျှမဖြစ်မှုကို တိုက်ဖျက်သွား ပြီး မမျှတတဲ့အမှုအကျင့်တွေကို ဖျောက်ဖျက်သွားကာ လူတွေသာတူညီမျှ အခွင့်အရေးတွေ ပိုရလာအောင် ဖော်ဆောင်သွားကြမှာဖြစ်တယ်။

၁၉၆၆

*

ကျွန်တော်တို့ဟာ သည်းခံကြရမယ်။ စိတ်ရှည်ကြရမယ်။ တစ်ဦးကို တစ်ဦး လေးစားကြရမယ်။ သို့ပေမဲ့ အရေးအကြီးဆုံးက သူတစ်ပါးက ကိုယ့်ကိုလေးစားလာအောင်ကလည်း ကိုယ့်မှာ မနကြေးငွေရှိအောင်

လုပ်သွားကြရမယ်။ ကိုယ့်မှာ ဓနကြေးငွေမရှိတဲ့အခါ လူချင်းတူတူ သူချင်းမျှမျှ ကိုယ့်ကို လေးစားမှုရအောင် အောက်ကျခံ တောင်းပန်ရလိမ့်မယ်။ ခင်ဗျားတို့မှာ ခွန်အားရှိလာတဲ့တစ်နေ့မှာ၊ စီးပွားရေးအခြေခိုင်လာတဲ့တစ်နေ့မှာ၊ လူမှုအဖွဲ့အစည်းတွေလည်း အနီးကပ်တွဲစပ်မိနေကြပြီး ခေတ်မီတဲ့လူ့အဖွဲ့အစည်းတစ်ရပ်ရဲ့ အားခွန်မျိုးတွေ တောင့်တင်းခိုင်မာမှု ရှိလာတဲ့တစ်နေ့မှာ ကျွန်တော်တို့ဟာလည်း အချင်းချင်း ချစ်ချစ်ခင်ခင် ညီညီမျှမျှနဲ့ တစ်ဦးအပေါ်တစ်ဦး လေးစားနိုင်တဲ့နေ့မျိုးဖြစ်လာမှာပါပဲ။

၁၉၆၆

*

လူ့အဖွဲ့အစည်းတစ်ရပ်မှာ ဘယ်လိုလူ့အဖွဲ့အစည်းပဲမဆို မွေးလာသမျှ ကလေးတစ်ထောင်လောက်ထဲမှာ ပါရမီထူး ရှိသူနီးပါးတွေကလည်း ရာနှုန်းတော်တော်များများ၊ သူလိုကိုယ်လို ရွက်ကြမ်းရေကျူလူတွေကလည်း ရာနှုန်းတော်တော်များများနဲ့ ငတုံးငအတွေကလည်း ရာနှုန်းတော်တော်များများ ရှိကြစမြဲပဲ။ ကျွန်တော်ဟာ ပါရမီထူးရှိသူနီးပါးလူတွေနဲ့ ပျမ်းမျှအထက်ဆင့်ရှိလူတွေ လုပ်သွားရမယ့်ဟာတွေနဲ့ပဲ တောက်လျှောက်စိတ်ထဲမှာ စွဲနေတော့တာပဲဆိုရင်လည်း တောင်းပန်ပါတယ်။ နောက်ဆုံးမှာ အဲဒီလိုလူတွေကပဲ ဖြစ်လာမယ့်အရာတွေရဲ့ ပုံပန်းသဏ္ဌာန်ကို ဆုံးဖြတ်ပေးသွားကြတာပဲလို့ ကျွန်တော် ယုံကြည်ထားပါတယ်။ လူ့အဖွဲ့အစည်းတစ်ရပ်မှာ အဲဒီပျမ်းမျှအထက်ဆင့် လူတွေကပဲ အခြားလူတွေလိုက်လုပ်ကြရတဲ့ စံတွေထူထောင်သွားကြခြင်းဖြစ်တယ်။ ကျွန်တော်တို့က တန်းတူညီမျှ လူ့အဖွဲ့အစည်းတစ်ရပ်ကိုလိုချင်ပါတယ်။ ကျွန်တော်တို့က လူတိုင်းလူတိုင်းကို ညီမျှတဲ့အခွင့်

အရေးတွေ ပေးချင်ပါတယ်။ ဒါပေမဲ့လည်း ကျွန်တော်တို့ရဲ့စိတ်ထဲမှာ လူနှစ်ယောက်မှာ တစ်ယောက်နဲ့တစ်ယောက် သက်လုံချင်း ဘယ်တော့မှ မတူဘူး၊ ကြိုးစားအားထုတ်မှုချင်း မတူဘူး၊ ရည်မှန်းချက်တစ်ခုအတွက် စားလည်းဒီစိတ်၊ အိပ်လည်း ဒီစိတ်မျိုးနဲ့ သူ့စိတ်ကို နှစ်ထားနိုင်မှုချင်း မတူဘူး၊ မွေးရာပါအရည်အချင်းချင်း မတူဘူး ဆိုတာကိုလည်း သိထားပါတယ်။ ကျွန်တော့်ရဲ့စိတ်စွဲလမ်းနေတာက လေ့ကျင့်သင်တန်းနဲ့ စည်းကမ်းတွေရှိထားမယ်ဆိုရင် တကယ်လုပ်သွားနိုင်မယ့်လူတွေ၊ တကယ် အရေးပါသွားနိုင်တဲ့ လူတွေကိုပဲ စိတ်မှာ စွဲလမ်းနေခြင်းဖြစ်ပါတယ်။

၁၉၆၆

*

ကာယအား သိပ်စိုက်ထုတ်ဖို့မလိုတဲ့ အလုပ်တွေနဲ့ အမျိုးသမီးတွေလည်း ယောကျ်ားတွေလိုပဲ လုပ်နိုင်တဲ့အလုပ်တွေမှာ အမျိုးသမီးတွေကို ခန့်ထားသွားမယ်ဆိုတာက အစိုးရကိုင်စွဲလာတဲ့ မူဝါဒပါ၊ ပုဂ္ဂလိကကုမ္ပဏီတွေကလည်း ဖြစ်နိုင်သမျှ လက်တွေ့ကျင့်သုံးပြီး အဲဒီအတိုင်း ခန့်ထားပေးသွားဖို့လည်း မေတ္တာရပ်ခံသွားပါမယ်။ စာရေးစာချီအလုပ်၊ စျေးဆိုင်တွေ၊ စားသောက်ဆိုင်တွေနဲ့ ဟိုတယ်တွေက ဝန်ဆောင်မှုအလုပ်တွေနဲ့ ပေါ့ပါးတဲ့ကာယအလုပ်တွေ အများစုမှာ မိန်းကလေးတွေကို ခန့်ထားသွားသင့်ပါတယ်။

၁၉၇၅

*

ညီမျမူကို သိပ်ဦးစားပေးလွန်းရင်လည်း ဘက်စုံအားထုတ်မှုမှာ

ညံ့ဖျင်းသွားနိုင်ပါတယ်။ တိန်ရောက်ဖိန်ကတော့ သံထမင်းအိုးရောဂါလို့ ကင်ပွန်းတပ်ပါတယ်။ အဓိပ္ပာယ်ကတော့ အလုပ်သမားရဲ့ ထမင်းအိုးက မကွဲနိုင်ဘူးဆိုတဲ့သဘောပေါ့။ တစ်နည်းပြောရရင် ဘယ်သူမျှလည်း အလုပ်မပြုတ်နိုင်ဘူး၊ လူတိုင်းကလည်း လစာတူ ရခွင့်ရှိနေတယ်။ အဲဒီလို ဆို တော့ ဘယ်သူမျှ အားထုတ်ပါးထုတ် မလုပ်ချင်ကြတော့ ထမင်းအိုးထဲကိုဆန် ကလျော့လျော့ရောက်သွားနိုင်တော့တယ်။ ယောကျ်ားတွေချည်း ပြိုင်ဆိုင်မှုပဲ သိပ်များလွန်းပြန်တော့လည်း လူတစ်ဦးစီဟာ ကိုယ့်တစ်ယောက်တည်းပဲ လုပ်ကိုင်နေရတဲ့အခါ အမျိုးသားစည်းလုံးညီညွတ်မှုကို ထိခိုက်နိုင်ပြန်ပါတယ်။

၁၉၉၁

*

စင်ကာပူမှာတွေ့ကြုံလာခဲ့ကြရတာက အမျိုးသမီးတွေဟာ ယောကျ်ားတွေနဲ့တန်းတူပညာတွေ တက်သွားလို့ အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ယောကျ်ားတွေနဲ့ တန်းတူညီမျှ ပေးလိုက်တဲ့အခါ မိသားစုနဲ့ လူ့အဖွဲ့အစည်းတို့ရဲ့ လူနေမှုအဆင့်အတန်းကို ဆွဲချသလိုဖြစ်ပြီး တကုပ်ကုပ်နဲ့ လုပ်နေရတဲ့ ငြိုးငွေ့ဖွယ်ဘဝတွေဖြစ်စေတဲ့ အိမ်ထောင်စုကြီးကြီးကို မလိုချင်ကြတော့ပြန်ဘူး ဆိုတာပဲ။

၁၉၉၃

*

ကျွန်တော်တို့ရဲ့ အစဦးဆုံးအချိန်တွေတုန်းကတော့ ကျွန်တော်တို့ဟာ ပိုပြီး တရားမျှတ အခွင့်အရေး အညီအမျှရတဲ့ လူ့အဖွဲ့အစည်းမျိုးကို ထူထောင်မယ်ဆိုပြီး မှန်းလာခဲ့ကြတယ်။ လုံးဝ ညီမျှမှုဆိုတာမျိုးကို ရ

နိုင်မှာမဟုတ်ဘူးဆိုတာကိုတော့ ကျွန်တော်တို့ သိခဲ့ကြပါတယ်။ လူတွေက မွေးကတည်းက တူလာကြတာမှမဟုတ်ဘဲ။ လူတွေဟာ အစွမ်းကုန်ပြိုင်ကြရတယ်။ ဆိုဗီယက်ကွန်မြူနစ်ဝါဒတို့၊ တရုတ်ကွန်မြူနစ်ဝါဒစနစ်တွေဟာလည်း အောင်မြင်မှုမရခဲ့ကြဘူး။ ဘာကြောင့်မအောင်မြင်သလဲဆိုရင် အားလုံး ညီတူညီမျှဖြစ်ဖို့ ကြိုးစားခဲ့ကြလို့ပါပဲ။ အားလုံးအညီအမျှရတယ်ဆိုတော့ လူ တွေ က ကြိုးကြိုးစားစားမလုပ်တော့ဘူး။ မကြိုးစားတော့သာ မကြိုးစားတာ ရတာကိုကျတော့ အခြားလူထက် မပိုတောင်မှ များနိုင်သမျှ များများလုချင်ကြတာ။ သက်သာချောင်ချိရေးဆိုရှယ်လစ်ဝါဒတောင်မှလည်း ယူ ကေ နဲ့ အီးယူတို့ရဲ့ စီးပွားရေးအပေါ် မကောင်းကျိုးတွေ သက်ရောက်ခဲ့သေးတာပဲ။ အလုပ်သမားတွေမှာ သူ့ထက်ငါသာလုပ်ချင်စေမယ့်၊ ပိုမိုကောင်းမွန်တဲ့ဆုလာဘ်မျိုး ရနိုင်စေမယ့် မက်လုံးမျိုးကမရှိတော့ အဲဒီလိုတွေ ဖြစ်ခဲ့တာပေါ့လေ။

၂၀၀၆

*

လူဝင်မှုကြီးကြပ်ရေးနှင့် တိုင်းရင်းကို စွန့်၍ ရွှေ့ပြောင်းလာကြသူများအရေး

လုပ်ခစေ့းပေါပေါနဲ့ ပေးလို့ရတာနဲ့ သူတို့ (ဗြိတိသျှတို့) ဟာ လူဝင်မှုကို ဘာစီမံချက်မျှမရှိ၊ ဘာကန့်သတ်ထိန်းချုပ်မှုမျှ မရှိ၊ ဘာမူဝါဒမျှ မရှိနဲ့ကို ယ့် ကို ယ် ကို ယ် ဖန်တီးဖို့သော်လည်းကောင်း၊ ထိန်းသိမ်းထားဖို့သော်လည်းကောင်း ဘာရည်မှန်းချက်မျှမရှိဘဲ ခွင့်ပြုထားခဲ့ကြတယ်။ ကျွန်တော်ဟာ လူဝင်မှုကို အဲဒီလိုမျိုးနဲ့တော့ ပြစ်တင်ရှုတ်ချ မပြုချင်ပါဘူး။ ဒါပေမဲ့ ကိုယ့်ဆီမှာ လက်သင့်ခံထားတဲ့လူတွေကို ပညာသင်ပေးရမှန်းလည်းမသိ၊ ကိုယ့်နိုင်ငံထဲ ဝင်လာသူတွေကို ပညာလည်း သင်မပေးဆို တဲ့ အ စိုး ရ ကို တော့ ပြစ်တင်ရှုတ်ချချင်တယ်။ ကနေ့အခါမှာ တိုင်းပြည်ထဲကိုဝင်လာကြတဲ့ လူဝင်မှုအုပ်စုအသီးသီးတို့ရဲ့ အမိနိုင်ငံမှာ စာပေအနုပညာတွေ တစ်ကျော့ပြန် ခေတ်ကောင်းလာခြင်းနဲ့အတူ လူမျိုးကြီးဝါဒကို လှုံ့ဆော်ပေးတဲ့လက္ခဏာတွေ ရှိလာခဲ့တယ်။ သို့ပေမဲ့လည်း အခုလိုအရေးကြီးတဲ့ အကွေ့အချိုးမှာ ကျွန်တော်တို့က ဒီဝင်လာကြသူတွေကို ဒီနိုင်ငံမှာရောက်လာရင် ဒီနိုင်ငံအပေါ် မမှိတ်မသုန် သစ္စာစောင့်သိဖို့တော့ တောင်းဆိုချင်တယ်။

၁၉၅၇

*

ကျွန်တော်တို့ရဲ့ တိုးတက်မှုဟာ ကျွမ်းကျင်လုပ်သား မလုံလောက်မှုကြောင့်တော့ တုံ့ဆိုင်းသွားလို့ မဖြစ်ဘူး။ ကျွန်တော်တို့ဟာ ကျွန်တော်

တို့ရဲ့ပညာရေးစနစ်ကို ခေတ်မီအောင် လုပ်ဆောင်သွားပြီး လိုအပ်တဲ့ ကျွမ်းကျင်မှုရအောင် ကျွန်တော်တို့ကျောင်းသားတွေကို ပြင်ဆင်ပေးသွားမယ်။ တစ်ချိန်တည်းမှာပဲ ကျွမ်းကျင်တဲ့လုပ်သားတွေ ဝင်လာခြင်းကို ခွင့်ပြုသွားပြီး ဒီစက်မှုလက်မှုတိုးတက်ရေးမှာ ဒီအခွင့်အရေးကို ယူသွားနိုင်အောင် လုပ်ကြရမယ်။ ကျွန်တော်တို့ သိထားသလောက်က တော့ ဟောင်ကောင်က အလုပ်သမားတွေဟာ လာမှာမဟုတ်ဘူး။ ငါးနှစ်လောက်နေလို့ စက်ရုံတွေလည်း တည်ဆောက်ပြီးသွား၊ ကျွန်တော်တို့ရဲ့ ကျွမ်းကျင်လုပ်သားတွေကိုလည်း လေ့ကျင့်သင်တန်းပေးပြီးသွားရင် အဲဒီဝင်လာတဲ့အလုပ်သမားတွေ ပြန်ထွက်သွားစေလိုတဲ့ဆန္ဒရှိတယ်။ ဒါ ကြောင့် ဟောင်ကောင်ကပဲလာလာ၊ အခြားဘယ်နိုင်ငံကပဲလာလာ ကျွန်တော်တို့ဟာ အဲဒီကျွမ်းကျင်တဲ့လက်မှုပညာသည်တွေကို အခု ကျွန်တော်တို့က အမြဲတမ်း နေထိုင်ခွင့်ပေးထားတယ်။ အလုပ်လည်း ကောင်းကောင်းလုပ်ပြီး ငါးနှစ်ပြည့်သွားတဲ့အခါ နိုင်ငံသားဖြစ်ခွင့်ရနိုင်တဲ့ အခွင့်အရေးကို ပေးထားတယ်။

၁၉၇၀

*

အလုပ်အကိုင်လုပ်ခွင့် (work permit) ကိုင်ထားသူတွေကို ကျွမ်းကျင်မှု အလယ်အလတ်အဆင့်များနဲ့ လစာနှုန်းထားတွေထဲမှာ ထည့်ပေးသွားဖို့အချိန်တန်ပါပြီ။ အရည်အချင်းပိုကောင်းတဲ့ နိုင်ငံခြားသားအလုပ်သမားတွေဟာ စင်ကာပူနိုင်ငံသားတွေရဲ့နောက်ကနေ လှုံ့ဆော်ပေးနိုင်တယ်။ ကျွမ်းကျင်ပြီး စည်းကမ်းရှိတဲ့အလုပ်သမားတွေကို နောင်အခါ နိုင်ငံသားဖြစ်ခွင့်ပေးမယ်ဆိုပြီး အမြဲတမ်း နေထိုင်ခွင့်ပေးတဲ့ ပျော့ပျောင်းတဲ့ လူဝင်မှုကြီးကြပ်ရေး မူဝါဒတွေဟာ စင်ကာပူ

နိုင်ငံသားတွေကို အိပ်မနေဘဲ ပိုပြီး ကြိုးစားလာချင်စိတ် ဖြစ်လာစေလိမ့်မယ်။

၁၉၈၀

*

မွေးကတည်းက အင်္ဂလိပ်စကားပြောလာတဲ့ အင်္ဂလိပ်စာပြဆရာတွေကို လစာပိုပေးထားတော့ စင်ကာပူနိုင်ငံသားဆရာတွေက စိတ်မချမ်းသာကြဘူး။ ဒါကတော့ မတတ်နိုင်ဘူး။ ယူကေနိုင်ငံစျေးကွက်မှာ ပေါက်စျေးနဲ့ စင်ကာပူကိုလာချင်အောင် ဆွဲဆောင်နိုင်မယ့် အပိုကြေးလည်းပေးနိုင်မှ သူတို့ကလည်း စင်ကာပူကို လာကြမှာကိုး။ ကျွန်တော် မကြာခဏဆိုသလို နိုင်ငံခြားကရောက်နေကြတဲ့ ဘဏ်လုပ်ငန်းရှင်တွေ၊ နိုင်ငံစုံကုမ္ပဏီကြီးတွေရဲ့ အမှုဆောင်အရာရှိတွေနဲ့ တွေ့ပါတယ်။ စင်ကာပူအစိုးရအဖွဲ့မှာ ကန်ထရိုက်နဲ့ လာလုပ်တဲ့ နိုင်ငံခြားသားအရာရှိတွေနဲ့လည်း အခါအားလျော်စွာတွေ့ပါတယ်။ အဲဒီလူတွေဟာ ကျွန်တော့်ထက် လခ ပိုရကြတဲ့သူတွေပဲ။ အဲဒီလို ကျွန်တော့်ထက်ပိုရတဲ့အတွက် ကျွန်တော့်မှာ စိတ်အနှောင့်အယှက် မဖြစ်စေရဘူးလို့ ကျွန်တော် သိနားလည်ထားပါတယ်။

၁၉၈၀

*

ကျွမ်းကျင်မှု နည်းပညာနည်းပြီး လစာနည်းတဲ့လူတွေကို ထောက်ပံ့ချင်တာနဲ့ အရည်အချင်းရှိပြီး အောင်မြင်တဲ့ပရော်ဖက်ရှင်နယ် ပုဂ္ဂိုလ်တွေဆီကညစ်ယူကြဖို့လူတွေက ပြောကြတာကြောင့် စင်ကာပူမှာ ဦးနှောက်ယိုစီးမှု အမြဲတမ်းဖြစ်နေမယ်ဆိုရင်၊ ကျွန်တော်တို့ရဲ့အတော်

ဆုံး လူ တွေ နိုင် ငံ ခြား မှာ အနှံ့ရောက်ကုန်မယ်ဆိုရင် စင်ကာပူဟာ ပျက် စီး သွား မှာ ပဲ။ အဲ ဒီ လို ဖြစ် လို့ ခံ ရ တဲ့ လူ တွေ က နိုင်ငံခြားကို ရွှေ့ပြောင်းသွားမယ်ဆိုရင်လည်း ချမ်းသာကြွယ်ဝဖွံ့ဖြိုးပြီး အင်္ဂလိပ် စကားပြောနိုင်ငံတွေက မလိုချင်ကြတဲ့ အလုပ်သမားအများစုနဲ့ သူတို့ရဲ့ မိသားစုတွေဖြစ်မှာပဲ။ ကျွန်တော်တို့နိုင်ငံရဲ့ အောင်မြင်မှု အဆင့်အတန်း မြင့်လာအောင်လုပ်ပေးမယ့် နိုင်ငံခြားပေါက် အရည်အချင်းရှိသူတွေဆိုတဲ့ ထုပ်၊ လျောက်၊ ဒိုင်း၊ မြား တွေကို အောက်က တွန်းတင်ခံပေးထားရမယ့် တိုင်တွေဟာ စင်ကာပူပေါက်တွေပဲ ဖြစ်ရမှာပဲ။

၁၉၈၂

*

ကျွန်တော်တို့ဟာ မျိုးချစ်စိတ်နဲ့ ကိုယ့်ကိုယ်ကိုယ် လေးစားတန်ဖိုးထား တဲ့ စိ တ် သွင်းမပေးနိုင်ရင် ကိုယ့်စင်ကာပူနိုင်ငံသားတွေရဲ့ အ ကျိုး စီး ပွား ကို ဆော င် ရွ က် သွား မ ယ် ဆို တဲ့ အသိစိတ်မျိုးကို ပင်ကိုဉာဏ်စွမ်းဉာဏ်စရှိကြတဲ့ လူငယ်တွေထဲမှာ သွန်သင်ပေးတာမျိုး လုပ်မပေးနိုင်ဘူးဆိုရင် ကျွန်တော်တို့ဟာ ဘာအရည်အချင်းမျှ မရှိတော့ဘဲ ဖြစ်သွားရနိုင်တယ်။ မလိုင်ထုတ်ပြီးသားနို့မျိုး ဖြစ်သွားမယ်။ စင်ကာပူသွားတွေဟာ သူတို့ရဲ့အာရှတိုက်သားဖြစ်မှု တန်ဖိုးထားကြတဲ့အတွက် ကောကေးရှန် လူအဖွဲ့အစည်းတွေမှာ လူနည်းစုတွေဟာ အထက်စီးနဲ့ ဆက်ဆံခံရ၊ ဆရာလုပ်ခံရသလိုမျိုး ဖြစ်သွားမယ်ဆိုရင် သည်းခံနေချင်ကြမှာ မဟုတ်ဘူးဆိုတာကို သိထားကြရပါမယ်။ ဒါကြောင့် ဗြိတိန်နိုင်ငံမှာ လုပ်သလို ပြစ်ဒဏ်ချတဲ့ အခွန်အကောက်တွေနဲ့ လွတ်လပ်တဲ့စျေးကွက် ဆုလာဘ်မျိုးကို လေ့ကျင့်ပေးထားတဲ့ ဉာဏ်ရည်ဉာဏ်စွမ်းမျိုး ရှိသူ တွေ ကို မ ပေး တဲ့ မူ ဝါ ဒ မျိုး တွေ ချ မိ ရင် အဲဒီလိုမူဝါဒမျိုးကြောင့်

ဦးနှောက်ယိုစီးမှုဆိုတာတွေဖြစ်လာပြီး ကျွန်တော်တို့ရဲ့ ကျဆင်းမှုဟာ လည်း မလွဲမသွေ ဖြစ်လာမှာပဲ။

၁၉၈၂

*

ကျွန်တော်တို့ဟာ စင်ကာပူနိုင်ငံ အပြင်ဘက်ကနေပြီး ဉာဏ်ရည်ဉာဏ်စွမ်းရှိသူတွေရဲ့ စီးဝင်လာမှုကို တိုးလာအောင်မလုပ်နိုင်ခဲ့ဘူးဆိုရင် ဝန်ကြီးတွေ၊ အမြဲတမ်းအတွင်းဝန်တွေ ပြဋ္ဌာန်းထားတဲ့ဥပဒေအရဖွဲ့စည်းထားတဲ့ ဘုတ်အဖွဲ့တွေရဲ့ ဥက္ကဋ္ဌတွေနဲ့ အမှုဆောင်အရာရှိချုပ်တွေရဲ့ စွမ်းဆောင်ရည်တွေဟာ နိမ့်ကျသွားမယ်။ အဲဒီအချက်ကို အသိအမှတ်မပြုခြင်းဟာ ပကတိအခြေအနေနဲ့ ကိုက်ညီမှာမဟုတ်ဘူး။ စင်ကာပူနိုင်ငံရဲ့ ဉာဏ်ရည်ဉာဏ်စွမ်းရှိတဲ့လူတွေရဲ့ အစုအဖွဲ့ဟာ အကန့်အသတ်နဲ့ပဲ ရှိတာဖြစ်တယ်။ စင်ကာပူဟာ အမေရိကန်က အာကာသလွန်းပုံယာဉ်မျိုးလိုပဲ။ သူ့ကို အာကာသထဲကိုရောက်အောင် တွန်းပို့ပေးမယ့် ဒုံးပျံက နှစ်စင်းပဲရှိတယ်။ ကျွန်တော်တို့မှာ အားကောင်းတဲ့ စင်ကာပူလုပ် ဒုံးပျံရှိပါတယ်။ ဒါပေမဲ့ အဲဒီအပိုစွမ်းအားအတွက် ဒုတိယဒုံးပျံတစ်စင်းရှိရပါတယ်။ အဲဒီဒုတိယဒုံးပျံကို နိုင်ငံခြားကမှာယူတဲ့ ဒုံးပျံအစိတ်အပိုင်းပစ္စည်းတွေနဲ့ စင်ကာပူမှာ တပ်ဆင်ကြရခြင်းဖြစ်တယ်။ ကျွန်တော်တို့ဟာ အဲဒီဒုတိယဒုံးပျံကို ရဖို့အတွက် ဆက်လက်ပြီးကြိုးပမ်းအားထုတ်သွားကြရမှာ ဖြစ်ပါတယ်။

၁၉၈၂

*

စင်ကာပူနိုင်ငံသားတွေဟာ အရည်အချင်းရှိပြီး ဉာဏ်ရည်ဉာဏ်စွမ်း

ရှိတဲ့သူတွေ စင်ကာပူကို လာလုပ်ဖို့ ဒီထက်ပိုလိုအပ်သေးတယ်ဆိုတာကို အမှန်အတိုင်းသိရှိပြီး လိုလိုလားလား လက်ခံတက်ကြရပါမယ်။ ကျွန်တော်တို့ဟာ ချမ်းသာကြွယ်ဝတဲ့ ဖွံ့ဖြိုးပြီးနိုင်ငံတွေဟာလည်း အဲဒီလိုဉာဏ်ရည်ဉာဏ်စွမ်းရှိသူတွေကို အင်အားသစ်အနေနဲ့ စုဆောင်းနေကြတာပဲ။ ကျွန်တော်တို့ဟာ အဲဒီလိုလူတွေက သူတို့ကို လိုလိုချင်ချင်နဲ့ ကြိုဆိုကြပါကလားလို့ စိတ်မှာဖြစ်ကြမှ စင်ကာပူကို သူတို့ရဲ့ အမြဲတမ်းနေအိမ်လို နေချင်ကြပြီး ကျွန်တော်တို့ ပြည်သူတွေအားလုံးရဲ့ တိုးတက်မှုအတွက် အလုပ်အကျွေးပြုချင်ကြပါလိမ့်မယ်။ အဲဒီလူတွေက ကျွန်တော်တို့ရဲ့စီးပွားရေးနဲ့ လူ့အဖွဲ့အစည်းကို အမြင့်ဆီရောက်အောင် မြှင့်တင်ပေးနိုင်မယ့် အပိုစွမ်းအားဖြစ်လာကြမှာပါ။ ကျွန်တော်တို့ဟာ စင်ကာပူပေါက် ဉာဏ်ရည်ဉာဏ်စွမ်း ရှိသူတွေလောက်အပေါ်ပဲ မှီခိုနေရမယ်ဆိုရင် ကျွန်တော်တို့ရဲ့စီးပွားရေးနဲ့ လူ့အဖွဲ့အစည်းဟာ အမြင့်ကို ရောက်နိုင်မှာမဟုတ်ဘူး။

၁၉၈၂

*

ကျွန်တော်တို့ဟာ စင်ကာပူကို ဟောင်ကောင်လို အာဆီယံစီးပွားရေးလုပ်ငန်းရှင်တွေအတွက်၊ ထိပ်တန်းအာဆီယံကုမ္ပဏီတွေအတွက် ပိုမိုကြီးမားတဲ့ စီးပွားရေးဗဟိုဌာနကြီးဖြစ်အောင် ကြိုးစားသွားကြရပါမယ်။ အဲဒီလုပ်ငန်းရှင်တွေ၊ ကုမ္ပဏီကြီးတွေက ကိုယ့်အိမ်ကိုယ့်ရာမှာ နေရသလိုမျိုးဖြစ်လာအောင် လုပ်ရပါမယ်။ ဟောင်ကောင်ကို သွားဖူးကြတဲ့သူတွေဆိုရင် သူတို့ရဲ့ လေကြောင်းကုမ္ပဏီတွေလောက်သာမဟုတ်ဘဲ ထိုင်းတို့၊ အင်ဒိုနီးရှားတို့၊ ဖိလစ်ပိုင်တို့၊ မလေးရှားနဲ့ စင်ကာပူတို့က လူသိများထင်ရှားတဲ့ကုမ္ပဏီကြီးတွေရဲ့ အဆောက်အဦတွေ

ကို မြင်ဖူးကြမှာပါ။ ကျွန်တော်တို့ဟာ အမေရိကန်၊ ဥရောပတိုက်သား၊ အာရပ်နဲ့ အာရှတိုက်သားဆိုတဲ့ တစ်ကမ္ဘာလုံးက လာကြတဲ့လူတွေရဲ့ အာရှမြို့တော်ကြီးဖြစ်အောင် လုပ်ကြရပါမယ်။ ထိုင်ဝမ်သား စီးပွားရေး လုပ်ငန်းရှင်တွေ၊ တရုတ်စီးပွားရေးလုပ်ငန်းရှင်တွေက သူတို့ကို စင်ကာပူမှာ နွေးနွေးထွေးထွေး ကြိုဆိုတာပဲလို့ စိတ်ထဲမှာဖြစ်လာကြအောင် လုပ်သွားပြီး သူတို့ကို ဒီမှာလာပြီး ဌာနချုပ်ရုံးတွေစိုက်အောင် တိုက်တွန်းအားပေးသွားကြရပါမယ်။ ပြီးတော့ သူတို့ရဲ့ မြို့တော်တွေမှာ ထူး ခြား တဲ့ လူပ်ရှားမှုတွေ ရှိလာမယ်ဆိုရင် ကျွန်တော်တို့ဟာ အဲဒီ လူပ်ရှားမှုကို လေထဲမှာ ရသွားတော့မှာဖြစ်တယ်။

၁၉၉၇

*

ကျွန်တော်တို့မှာ မရှိသေးတာတွေအတွက် ရှိလာအောင် အဆင့် တိုင်း အဆင့်တိုင်းမှာ ဉာဏ်ရည်ဉာဏ်စွမ်းကောင်း ရှိသူတွေကိုရအောင် လုပ်နိုင်လေ ကျွန်တော်တို့ဟာ ပို၍ ကြီးပွားတိုးတက်လေ ဖြစ်လာပါ မယ်။

၂၀၀၃

*

နိုင်ငံသားအသစ်တွေနဲ့ အမြဲတမ်း နေထိုင်ခွင့်ရ (ပီအာရ်အသစ်) တွေ ပြဿနာနဲ့ ပတ်သက်လို့ ကျွန်တော်တို့ဟာ အဲဒီနိုင်ငံသားအသစ်၊ ပီ အာရ်အသစ်တွေကို ကြိုဆိုကြရမှာပဲ။ သူတို့ကို ကျွန်တော်တို့လိုဖြစ်လာ အောင် ဘယ်လောက်မြန်မြန် ပေါင်းစည်းပေးနိုင်မလဲဆိုတာကတော့ ဒီ မြေမှာ မွေး၊ ဒီရေမှာ ကြီးလာကြတဲ့ ကျွန်တော်တို့အပေါ်မှာပဲ မူတည်မှာ

ပဲ ။ ပြီးတော့ သူတို့က ဒီမြေဒီရေနဲ့ လိုက်လျောညီထွေဖြစ်လာအောင် ကျွန်တော်တို့ လူမှုအဖွဲ့အစည်းရဲ့ အစိတ်အပိုင်းတစ်ရပ်ဖြစ်လာအောင် နေမယ်ဆိုတဲ့ သူတို့ရဲ့ဆန္ဒအပေါ်မှာလည်း မူတည်မှာပေါ့လေ။

၂၀၀၉

*

ကျွန်တော်တို့ဟာ မလေးရှားလူမျိုးတွေ၊ တရုတ်ပြည်ကလာတဲ့ တရုတ်လူမျိုးတွေ၊ အိန္ဒိယကလာတဲ့ အိန္ဒိယလူမျိုးတွေနဲ့ ဒေသအတွင်းက အခြားနေရာတွေက လာတဲ့သူတွေကို ပညာသင်မပေးနိုင်ရင် ကျွန်တော်တို့ရဲ့စီးပွားရေးဟာ ကျဆင်းသွားမှာပဲ ။ ကျွန်တော်တို့ရဲ့ အလုပ်လုပ်တဲ့အင်အားစုလည်း လျော့နည်းသွားမှာပဲ။ အာရှမှာ ဂျပန်ရဲ့ မွေးနှုန်းဟာ ၁ ဒသမ ၃၇ ရှိတယ်။ သူတို့ရဲ့လူဦးရေဟာ အသက်တွေ ရှည်လိုက်လာပြီး ကျလာနေလို့ ၂၀၅၅ ခုနှစ် ဆိုရင် သန်း ၁၂၀ ကနေ ၉၀ အထိ ကျသွားမယ်။ သူတို့က တိုင်းရင်းကိုစွန့်ပြီး ပြောင်းရွှေ့နေထိုင်လာသူတွေကို လက်မခံဘူး။ ဒါကြောင့် သူတို့ရဲ့စီးပွားရေးဟာ အင်အားချည့်နဲ့လာပြီး အားနဲ့အင်နဲ့မဖြစ်ဘူး။ လူဝင်မှုမရှိရင် အသက်အရွယ်ကြီးလာသူတွေရဲ့ ပြဿနာဟာ ငယ်ရွယ်သူတွေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်လာမယ်။ ကျွန်တော်တို့ရဲ့အကျိုးစီးပွားထဲမှာ လူမျိုးရေးအင်အားချိန်ခွင်လျှာကို ဇောက်ထိုးမိုးမျှော် ဖြစ်မသွားစေရဘဲ ကိုယ့်လူမျိုးနဲ့ ပေါင်းစည်းယူလို့ရနိုင်တဲ့ ကိုယ့်နိုင်ငံထဲ ဝင်လာသူတွေ ပါပါတယ်။

၂၀၀၉

*

စီးပွားရေးမှာ နိုင်ငံခြားသား အလုပ်သမားတွေလိုတယ်။ ဒါမှ

သာလျှင် ကျွန်တော်တို့ဟာ အခြေအနေကောင်းတွေရလာတဲ့အခါ အမြန်တိုးတက်သွားနိုင်ပါမယ်။ အခြေအနေတွေက တစ်မျိုးတစ်ဖုံ အလှည့်အပြောင်းဖြစ်သွားလို့ ရှိရင်လည်း အဲဒီ shock ဒဏ်ကို သက်သာအောင်သူတို့ကကြားက ခံပေးနိုင်မှာဖြစ်တယ်။ အခုနှစ်မှာ အလုပ်လက်မဲ့ဖြစ်သွားကြသူအများအပြား ဟာ စင်ကာပူနိုင်ငံသားအလုပ်သမားတွေဆိုတာထက် နိုင်ငံခြားသားအလုပ်သမားတွေပဲ ဖြစ်ကြပါတယ်။ တကယ်တော့ စီးပွားရေးတိုးတက်မှု ၆ ဒသမ ၅ ရာခိုင်နှုန်းလျော့လျော့ဆိုပေမဲ့ ဒီမှာ နေထိုင်ကြတဲ့သူတွေ (နိုင်ငံသားရော ပီအာရ်ပါ) ထဲမှာ ပထမနှစ်ဝက်မှာ အလုပ်အကိုင်ရမှုတွေအသားတင်တိုးလာတယ်။ အကယ် ၍သာ ကျွန်တော်တို့မှာ နိုင်ငံခြားသား အလုပ်သမားတွေရှိမထားဘူးဆိုရင် စင်ကာပူနိုင်ငံသားတွေ အလုပ်အကိုင် လက်လွတ်ဆုံးရှုံးမှု ဒီထက်ပိုလာမှာဖြစ်တယ်။

၂၀၀၉

*

နိုင်ငံထဲဝင်လာသူ အသစ်တွေနဲ့ နိုင်ငံခြားသား အလုပ်သမားတွေကြောင့် စင်ကာပူနိုင်ငံသားတွေမှာ စိုးရိမ်ပူပန်မှုတွေ ရှိလာတယ်ဆိုတာကို အစိုးရက နားလည်သဘောပေါက်ပါတယ်။ ကျွန်တော်တို့ဟာ လူတွေစီးဝင်လာမှုကို သိပ်မများစေဘဲ နိုင်ငံသားတွေနဲ့ နိုင်ငံသားမဟုတ်သူတို့အတွက် ခြားနားချက် ပိုကျယ်လာအောင် လုပ်မယ့်အစီအစဉ်တွေချထားပါတယ်။ သို့ပေမဲ့လည်း စင်ကာပူနိုင်ငံသားတွေဟာ စင်ကာပူရဲ့လူဦးရေဟာ ကျဆင်းလာနေတဲ့အတွက် အမေရိကန်တို့ ဥရောပတို့မှာ ပညာသင်ယူလာသူတွေ အပါအဝင် ပညာတက်တဲ့ နိုင်ငံခြားက ဝင်လာသူ တွေ ပိုလိုတယ်ဆိုတာကို သိထားကြရပါမယ်။ ပီအာရ်အသစ်တွေ၊

နိုင်ငံသားအသစ်တွေအများစုဟာ ကျွမ်းကျင်လုပ်သားတွေနဲ့ ဘဏ္ဍာရေး၊ အိုင်တီနဲ့ သုတေသနနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့ဘက်မှာ ပညာနဲ့ အသက်မွေးတဲ့ ပရော်ဖက်ရှင်နယ်တွေ ဖြစ်ကြပါတယ်။ အဲဒီလူတွေ ဟာ ကျွမ်းကျင်မှုအသစ်တွေ၊ ကမ္ဘာလုံးဆိုင်ရာ ဆက်သွယ်မှုတွေ သယ်ဆောင်လာကြပြီး သူတို့ရဲ့မိသားစုအတွက် ပိုမိုကောင်းမွန်တဲ့ဘဝ တွေ ဖန်တီးပေးဖို့ ကြိုးစားကြပါတယ်။ သူတို့ဟာ ကျွန်တော်တို့ကို ယှဉ်ပြိုင်လိုစိတ်ဖြစ်လာအောင်နဲ့ ပြောင်းလဲစေနိုင်တဲ့အင်အားတွေ ဖြစ် ပေါ်စေပါတယ်။

၂၀၁၀

*

စင်ကာပူနိုင်ငံသားတချို့က သူတို့ရဲ့ပတ်ဝန်းကျင်မှာ မီးရထားတွေ၊ ဘတ်စ်ကားတွေပေါ်မှာ လူစိမ်းတွေ သိပ်များနေတာကို မြင်ရလို့ စိတ်မ သက်မသာဖြစ်ကြတယ်။ ကျွန်တော်တို့ဟာ နှစ်နှစ်သက်တမ်း အလုပ် ပါမစ်နဲ့ နိုင်ငံခြားသား အလုပ်သမား ၉၀၀၀၀၀ လိုတယ်ဆိုတာကို သတိရကြပါ။ အဲဒီအလုပ်သမားကိုးသိန်းက စင်ကာပူသားတွေ မလုပ် ချင်ကြတဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေနဲ့ အခြားပင်ပန်းတဲ့ အလုပ်ကြမ်းတွေကို လုပ်ပေးကြပါတယ်။ သူတို့ရဲ့ နှစ်နှစ်သက်တမ်း work permit ကို အကြိမ်ကြိမ် သက်တမ်းတိုးလို့ ရပါတယ်။ ဒါပေမဲ့ အဲဒီ လူတွေဟာ ဒီမှာ အမြဲထာဝရ နေကြမယ့်သူတွေမဟုတ်ပါဘူး။

၂၀၁၁

*

ဘာသာစကား

ပညာဉာဏ်ရှိကြတဲ့ မိဘတွေဟာ သူတို့ရဲ့ ကလေးတွေကို ဒေ သိ ယ စ ကား ကို လုံးဝပြောခွင့်ပြုမယ်မဟုတ်ဘူး။ ကလေးတစ် ယော က် ဟာ ဘ ယ် လော က် ပဲ ဉာဏ်ရည်ဉာဏ်သွေးကောင်းသူ ဖြစ် နေပါစေ၊ သူ့ရဲ့မှတ်သားသိလှောင်ထားနိုင်မှု စွမ်းရည်က အကန့်အသတ် မဲ့ မ ဟု တ် ဘူး လေ။ မှတ်သားထားနိုင်တဲ့နေရာဆိုတာက စကားလုံး ဝေါဟာရတွေအတွက်ပဲဖြစ်ဖြစ်၊ အချက်အလက်တွေအတွက်ပဲဖြစ်ဖြစ်၊ ကိန်းဂဏန်းတွေအတွက်ပဲဖြစ်ဖြစ် အကန့်အသတ်နဲ့ ဖြစ်ပါတယ်။

၁၉၅၅

*

ကျွန်တော်တို့က ဘယ်ဆီဦးတည်သွားနေတာလဲ။ အုပ်ချုပ်ခံနိုင်ငံသူ နိုင်ငံသားတွေအပေါ် တစ်ခုတည်းသော ဘာသာစကားကိုပဲ သုံးရမယ် လို့ ချ မှ တ် ပြ ဋ္ဌာ န်း ထား တဲ့ မလေးရှားနိုင်ငံမျိုးဆီသွားနေတာလား။ ဘာသာစကားတိုင်းကို သုံးစွဲခွင့်ပြုထားပြီး ပန်းတိုင်းပွင့်စေမယ်၊ ဒါပေမဲ့ အဲဒီဘာသာစကားတွေကို တစ်ခုသော ကြားခံဘာသာစကားနဲ့ ပန်းကုံးသီသလို ချည်မျှင်ကြိုးတစ်ခုနဲ့ သီထားတဲ့ မလေးရှားနိုင်ငံမျိုးဆီသွားနေ တာလား။ အိုးအိမ်ဝန်ကြီး ပြောခဲ့သလို တစ်နိုင်ငံလုံးသုံး ဘာသာစကား တ စ် ခု နဲ့ ပေါ့ လေ။ အဲဒီလိုဆိုရင် အဲဒီကြားခံဘာသာစကားကို ဘယ် ဘာသာစကားလုပ်ကြမလဲ။ ဒီကိစ္စဟာ ကျွန်တော်တို့ အလေးအနက် ထား စတင်စဉ်းစားသင့်ပြီဖြစ်တဲ့ ပြဿနာလို့ ကျွန်တော်ထင်တယ်။

၁၉၅၅

*

ဘာသာစကားနဲ့ ယဉ်ကျေးမှုဆိုတာဟာ လူတွေကို စေ့ဆော်ပေးတဲ့ နေရာမှာ နိုင်ငံရေးအယူအဆတွေ၊ ဝါဒသဘောတရား စံတွေထက်ပိုပြီး အားကောင်းတဲ့စွမ်းအားတစ်ခု ဖြစ်တယ်ဆိုတာကို အသိအမှတ်မထားရင် မိုက်မဲရာကျလိမ့်မယ်။

၁၉၅၇

*

ဘာသာစကားနဲ့ ပညာရေးပြဿနာတွေကို အစိုးရအမိန့်နဲ့ ဆုံးဖြတ်လုပ်ကိုင်ဖို့မဟုတ်ဘဲ မိဘတွေရဲ့ ဆန္ဒအတိုင်း လွတ်လွတ်လပ်လပ် ဆုံးဖြတ်စေတာက အရေးအကြီးဆုံးဖြစ်တယ်။ အမျိုးသားစည်းလုံးညီညွတ်ရေးဆီ သွားရာလမ်းဟာ အမျိုးသားဘာသာစကား (မလေး) ကို သင်ယူလေ့လာကြ၊ သုံးစွဲကြဖို့ တိုက်တွန်းရင်း မိခင်ဘာသာစကားတွေ အားလုံးကို သင်ယူလေ့လာရာမှာ ညီမျှတဲ့အခွင့်အရေးတွေရှိဖို့ ဖြစ်တယ်ဆိုတာကို လမ်းညွှန်ပေးသွားဖို့ဟာ ကျွန်တော်တို့တာဝန်ပဲ။ မိမိတို့ကလေးတွေကို ဘယ်လိုသင်ကြား လေ့ကျင့်ပေးလိုက်ကြောင်း ဆုံးဖြတ်ဖို့က တော့ ကျွန်တော်တို့ လူမှုအသိုက်အဝန်းအတွင်းမှာရှိကြတဲ့ မိခင်ဖခင်တို့ရဲ့ တာဝန်ဖြစ်ပါတယ်။

၁၉၆၁

*

ကျွန်တော် နားမလည်နိုင်တာ၊ ကရဏာသက်လို့ မရတာကတော့ “ကြည့်စမ်းပါဦး၊ ကျွန်တော်က မလေးစကားကို သင်ယူတက်မြောက်ရ

မယ်ဆိုရင် ကျွန်တော့်သား၊ ကျွန်တော့်သမီးတွေက တရုတ်ဖြစ်မှလျော့သွားတော့မှာပေါ့ အိန္ဒိယလူမျိုးဖြစ်မှ ရောက်သွားတော့မှာပေါ့”လို့ ပြောတက်တဲ့ဟာမျိုးကိုပဲ ဖြစ်ပါတယ်။ အဲဒါကတော့ ဘာမျှအဓိပ္ပာယ်မရှိဘူးလို့ ပြောချင်ပါတယ်။ မော် ရီ ဟာ အင်္ဂလိပ်စကားပြောလို့ မော်ရီဖြစ်မှ လျော့မသွားပါဘူး။ မော်ရီက မော်ရီပါပဲ။ မော်ရီ ဖြစ်မှကို သူ့သန္တာန်မှာ အစိတ်အပိုင်းတစ်ရပ်အနေနဲ့ ထိန်းသိမ်းထားတာပဲလေ။ ဒါကြောင့် ဘုံဘာသာစကားတစ်ခုကို ပြောရုံနဲ့ ကျွန်တော်တို့ ဘာမျှ လျော့နည်းဆုံးရှုံးသွားဖို့မရှိဘူးလို့ ပြောချင်ပါတယ်။ အဲဒီ အများသုံးဘာသာစကားကနေပြီး နော က် ဆုံး ကျ တော့ ကျွ န် တော် တို့ ဟာ ယဉ်ကျေးမှု လူမှုပတ်ဝန်းကျင် အသိုင်းအဝိုင်းတစ်ခုတည်းရှိတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာပြီး အဲဒီနိုင်ငံဟာ မိမိရဲ့လူမျိုးတွေကို သမိုင်းနဲ့ ဘုံအတွေ့အကြုံ တစ်ရပ်ကနေပြီး ချည်နှောင်ပေးသွားမှာဖြစ်ပါတယ်။

၁၉၆၅

*

ကျွန်တော်ဟာ ကျောင်းသားတစ်ယောက်အနေနဲ့ စကားလုံးတစ်လုံးမှာ အနက်အဓိပ္ပာယ် သုံးမျိုးရှိတယ်ဆိုတာ သိခဲ့ရပါတယ်။ ပြောတဲ့လူက ရစေချင်တဲ့အဓိပ္ပာယ်ရယ်၊ လူထုက အဲဒီစကားလုံးကို နားလည်ထားတဲ့အဓိပ္ပာယ်ရယ်၊ ကျွန်တော် နားလည်ထားတဲ့အဓိပ္ပာယ်ရယ်လို့ ဖြစ်ပါတယ်။

၁၉၆၇

*

အင်္ဂလိပ်ကျောင်းကိုတက်ပြီး အင်္ဂလိပ်ဘာသာကို သင်ယူပါ။ ဒါပေမဲ့

တစ်ချိန်တည်းမှာပဲ ခင်ဗျားဟာ အင်္ဂလိပ်တစ်ယောက်မဟုတ်ဘူးဆိုတာ ဘယ်တော့မှမမေ့ပါနဲ့။ ကျွန်တော်လည်း အင်္ဂလိပ်တစ်ယောက်မဟုတ်ပါဘူး။ အင်္ဂလိပ်ဘာသာစကားဟာ ကျွန်တော်တို့ သင်ယူပြီး အသုံးချတဲ့ ဘာသာစကားတစ်ခုပါ။ ဒါပေမဲ့ ကျွန်တော်တို့ဟာ ကိုယ့်ကိုယ်ကိုယ် အစိတ်အပိုင်းတစ်ခုကိုတော့ ထိန်းထားရမှာပေါ့။ အဲဒီအစိတ်အပိုင်းက ဘာလဲဆိုရင် ကျွန်တော်တို့ကို ကျွန်တော်တို့ရဲ့သမိုင်းတွေ၊ ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှုတွေ၊ ကျွန်တော်တို့ ဘယ်ကနေပြီး ဘယ်လို လူ့ယဉ်ကျေးမှုအဖြစ် အတိတ်ထဲကနေ ပေါ်ထွက်လာခဲ့တယ်ဆိုတဲ့ဆီကို ရှေ့ဆောင်ခေါ်ယူသွားတဲ့ အစိတ်အပိုင်းဖြစ်ပါတယ်။ အဲဒီအစိတ်အပိုင်းကနေပြီး ကျွန်တော်တို့ဟာ ငါတို့သည် အလွန်ရှေးကျတဲ့ ယဉ်ကျေးမှုကနေ ဖြစ်ထွန်းပေါ်ပေါက်လာကြတဲ့ လူမျိုးလို့ ပြောထိုက်တဲ့ ကျွန်တော်တို့ရဲ့ပစ္စုပ္ပန်နဲ့ အနာဂတ်ကို ဖန်တီးသွားကြရမှာပါ။

၁၉၆၇

*

ခင်ဗျားဟာ အင်္ဂလိပ်ဘာသာစကားကိုပဲ သင်ယူ၊ အင်္ဂလိပ်ဘာသာစကားမျှကိုပဲ နားလည်မယ်ဆိုရင် ခင်ဗျားဟာ အလွန်ဆိုးဝါးတဲ့ တစ်ပန်းရံမှ ရှိသွားပါတော့မယ်။ ဘာကြောင့်လဲဆိုရင် စင်ကာပူရဲ့ နေရာဒေသအနှံ့အပြားမှာ ဖြစ်ပျက်နေတာတွေကို ခင်ဗျား တကယ်မသိနိုင်တော့တာကြောင့်ပါပဲ။ ခင်ဗျားက စထရိတ်တိုင်းမ်နဲ့ နယူးနေးရှင်းတို့လောက်ကပဲ စင်ကာပူအကြောင်းကို ဖော်ပြနေကြတာလို့ ယုံကြည်နေမယ်ဆိုရင် ခင်ဗျားဟာ စိတ်ကူးယဉ်ကမ္ဘာထဲမှာ နေနေသူသာ ဖြစ်သွားပါလိမ့်မယ်။

၁၉၇၆

*

ကျွန်တော့်သားသမီးတွေနဲ့ကျွန်တော် ဘာကွာသွားသလဲဆိုရင် ကျွန်တော်က မန်ဒရင် တရုတ်လိုင်းဖွင့်လိုက်တဲ့အခါ ရှေးက ရေဒီယို အဟောင်းကြီးလိုဖြစ်သွားတယ်။ အရင်တုန်းက ရေဒီယို တီဗီ အဟောင်းတွေအကြောင်း ခင်ဗျားတို့သိပါတယ်။ အခုခေတ်က ထရန်စစ္စတာ ရေဒီယိုနဲ့ ရှေးကတီဗီရဲ့ကွာခြားချက်ကို သိတယ်မဟုတ်လား။ ရှေးကတီဗီတွေက ခလုတ်ကို ဖွင့်လိုက်ရုံနဲ့ တန်းလာသေးတာမဟုတ်ဘူး လေ။ နှစ်မိနစ်သုံးမိနစ်လောက် သွေးပူလာအောင် စောင့်ရသေးတာ။ အဲဒီတော့မှ အသံလာတာ။ အဲဒီလိုအသံလာမှ အေစီကနေ ဒီစီပြောင်း၊ ဗို့ ၂၂၀ ကနေ ၁၁၀ ကို ပြောင်းတာတွေ လုပ်ရတယ်လေ။ ကျွန်တော်က အဲဒီရေဒီယိုဟောင်း တီဗီဟောင်းကြီးနဲ့ တူနေပြီး ကျွန်တော့်သားသမီးတွေကျတော့ အဲဒါမျိုးတွေ လုပ်ဖို့မလိုတော့ဘူး။ ခလုတ်ဖွင့်လိုက်တာနဲ့ ချက်ချင်းတန်းပြီး အသံတို့ ရုပ်တို့ ပေါ်လာတော့တာလေ။

၁၉၇၇

*

ခင်ဗျားတို့ဟာ တရုတ်ပညာရေးကို ဆုံးရှုံးသွားပြီး လုံးဝ အင်္ဂလိပ်လိုပဲ တက်တဲ့သူမျိုးဖြစ်သွားမယ်ဆိုရင် ခင်ဗျားတို့မှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမောင်းနှင်အား ဆုံးရှုံးသွားလိမ့်မယ်။ အဲဒါကတော့ မှားတာပဲ။ တစ်ခါ ခင်ဗျားက တရုတ်လိုပဲ ပညာသင်ယူတက်လာသူသက်သက် ပညာတက်၊ တစ်ဘာသာတည်းသာ တက်တဲ့လူဖြစ်ပြန်ရင်လည်း အန္တရာယ်က ဘာရှိပြန်သလဲဆိုရင် ခင်ဗျား တက်လာတဲ့စာပေဟာ ကွန်မြူနစ်စာပေသာ ဖြစ်သွားနိုင်ခြင်းပဲ။

*

ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ ဘာသာစကား နှစ်မျိုးသုံးနဲ့ ယဉ်ကျေးမှုနှစ်မျိုးရှိတဲ့ လူ့အဖွဲ့အစည်းရဲ့ ပြဿနာတွေကို ဘယ်တော့မှ လုံးဝ ပြေ သွား အော င် ဖြေ ရှ င်း နိ ုင် မှာ မ ဟု တ် ဘူး။ ဘာသာစကားနဲ့ ယဉ်ကျေးမှုတွေဟာ လွှမ်းမိုးရရေးအတွက် ပြိုင်နေကြတဲ့ ရေစီးကြောင်း ထဲ မှာ တော့ အမြဲရှိနေကြရတာပဲ။ ကျွန်တော်တို့ရဲ့ ဝိသေသသဘော ထူး ခြား တဲ့ သ ဘော ဆော င် တဲ့ အ ခြေ အ နေ တွေ က အင်္ဂလိပ် ဘာသာစကားဟာ ကျွန်တော်တို့ရဲ့ လူ့အဖွဲ့အစည်းမှာ သူနဲ့ အလုပ်လုပ် ရတဲ့ ဘာသာစကားဖြစ်တယ်ဆိုတဲ့ ဒိဋ္ဌဓမ္မအချက်ကို ယထာဘူတကျကျ ဆင်ခြင်လက်ခံရမယ့် အ နေ မျိုး ကို ပို့ပေး ပါ တ ယ်။ သို့သော်လည်းပဲ ကျွန် တော် တို့ အား လုံး ဟာ အ မေ ရိ က န်၊ ဗြိ တိ န် နဲ့ အခြားအင်္ဂလိပ် စကားပြောကမ္ဘာမှာ လွှမ်းမိုးနေဆဲဖြစ်တဲ့ ဘဝရဲ့ယဉ်ကျေးမှု၊ ဘဝရဲ့ တန်ဖိုးနဲ့ ဘဝရဲ့အတွေးအခေါ်တွေကို လိုချင်ကြပါတယ်။ ကျွန်တော်တို့ ရဲ့ ကိုယ့်ယဉ်ကျေးမှု အစဉ်အလာနဲ့ ဘဝကို ချဉ်းကပ်ပုံတွေကို လေးစား တန်ဖိုးထားတက်ကြဖို့ ဆိုတော့လည်း ကျွန်တော်တို့ရဲ့မိခင် ဘာသာစကားကို ကောင်းကောင်းတတ်ကြဖို့ လိုပြန်ပါတယ်။

*

ကျွန် တော် လေ့လာသုံးသပ်မိသလောက်ကတော့ ဘာသာစကား တစ်ခုတည်းသာတတ်တဲ့ လူမျိုးဟာ မျက်ကန်းမျိုးချစ်နဲ့ တစ်ယူသန်ဖြစ် ဖို့ များသွားတက်တယ်။ သူ က ကမ္ဘာလောကကြီးကို မျက်စိတစ်ဖက် တည်းနဲ့ ကြည့်နေသူကိုး။ အဲဒီလိုလူမှာ ကမ္ဘာလောကကြီးကို ထဲထဲဝင်

ဝင် ကြည့်နိုင်တဲ့လူတွေရဲ့ အတွေ့အကြုံနဲ့ ပညာတွေ (ကိုယ့်ထက်ပိုပြီး မကြွယ်ဝဘူးဆိုတောင်မှ) ကြွယ်ဝတဲ့လောကတွေ ရှိကြသေးပါကလား၊ အခြားဘာသာစကားတွေက လှပတဲ့စကားလုံးတွေကို ခံ့ခံ့ညားညားနဲ့ ရှင်းရှင်းပြတ်ပြတ် ဖော်ပြနိုင်တာတွေ ရှိပါကလားဆိုတာမျိုးကို သိနိုင်တဲ့ နှစ်ဖက်မြင်မှန်ပြောင်းမျိုး မရှိဘူးလေ။ အခြား ကြီးကျယ်တဲ့လူ့ယဉ်ကျေးမှုတွေမှာသူတို့ကိုယ်သူတို့အကြောင်းကို အခြားဘာသာစကားတွေနဲ့လည်း ဖော်ပြတက်ကြပါကလားဆိုတာကိုလည်း မသိနားမလည်တော့ပါဘူး။

၁၉၇၈

*

နှစ်ဘာသာကျွမ်းတဲ့လူတွေက နှစ်ဖက်ကို မြင်ကြပါတယ်။ နှစ်ဘာသာတက်တဲ့ စင်ကာပူတရုတ်တစ်ယောက်ဟာ အနှစ် ၄၀၀၀ ကာလအတွင်းမှာ ကြီးကျယ်တဲ့အောင်မြင်မှုတွေလည်းရခဲ့၊ ခေတ်တစ်ခေတ်နဲ့တစ်ခေတ်ကြား စစ်ပွဲတွေနဲ့ နိုင်ငံခြားသားတွေက အောင်မြင်သွားမှုတွေ၊ ပလိပ်ရောဂါဆိုးတွေ၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းနဲ့ ဒုဗ္ဘိက္ခန္တရကပ်တွေလည်း အမျိုးမျိုးကြုံလာခဲ့ဖူးခြင်းတွေရဲ့ ရလဒ်အဖြစ် ထွက်ပေါ်လာတဲ့ တရုတ်ယဉ်ကျေးမှုနဲ့အတွေးအခေါ်မှာ နက်ရှိုင်းတဲ့ပညာရှိတွေမှန်းသိပါတယ်။ တစ်ချိန်တည်းမှာပဲ မင်းဆက်တွေ တစ်ဆက်ပြီးတစ်ဆက် တည်ငြိမ်မှုကို ရသွားစေမယ့် အတွေးအခေါ်နဲ့ သင်ယူလေ့လာမှုကို ပုံသေကားကျနည်း၊ ရှေးဟောင်းလမ်းရိုးနည်းတို့ကိုသာ ကိုင်စွဲလာခဲ့ကြတာကြောင့် လူတို့ရဲ့အတွေးအခေါ်မှာ ဆန်းသစ်တီထွင်မှုကို တားဆီးထားသလိုဖြစ်မှန်း၊ နောက်ထပ် တီထွင်မှုအသစ်အသစ်တွေ တွေ့ရှိလာဖို့ ကို ပိတ်ပိတ်ထားသလိုဖြစ်မှန်းလဲ သိကြပါတယ်။ အဲဒီလိုဟာတွေ

ကြောင့် ကြီးကျယ်တဲ့ လူယဉ်ကျေးမှုကြီးတစ်ရပ်ဟာ ရှေ့ကိုမတိုးတော့ဘဲ တန့်သွားခဲ့တယ်။ အဲဒီတရုတ်ယဉ်ကျေးမှုဟာ စက်မှုလက်မှုထွန်းကားလာတဲ့ ဥရောပရဲ့ အားကောင်းလာမှုကို ရင်ဆိုင်နိုင်လောက်အောင် အချိန်မီအခါမီ အသစ်ပြန်လည် အားသစ်လောင်းမပေးနိုင်ခဲ့ဘူးဆိုတာတွေကိုလည်း နှစ်ဘာသာတက်ကျွမ်းသူက သိပါတယ်။

၁၉၇၈

*

တရုတ်ကျောင်းကို သွားတက်ဖူးသူတွေ အများအပြားက မန်ဒရင်းတရုတ်စကားကို စွန့်လွှတ်ပြီး ဟော့ကီယန်စကားကိုပဲ ပိုပြီးမွတ်အောင် ပြောတက်ဖို့ လုပ်လာကြသူတွေ သိပ်များလာတယ်ဆိုတာ တော်တော်ရယ်စရာကောင်းတယ်။ RTS (စင်ကာပူ ရေဒီယိုတယ်လီဗေးရှင်း) ကို ကြည့်လိုက်တယ်ဆိုရင် တရုတ်ကျောင်းတက်ခဲ့ဖူးတဲ့လူမှန်း သိသာနေတဲ့ ကျွန်တော်တို့အလုပ်သမားတွေဟာ မန်ဒရင်းစကားကို တောက်တဲ့လှည်းနင်းသလို ထစ်အအ ပြောနေတာတွေ့ရတာ အတော်ရင်နာဖို့ကောင်းတယ်။ ဒါဟာ သူတို့အတွက်ရော ကျွန်တော်တို့ လူအဖွဲ့အစည်းအတွက်ပါ ကြီးမားတဲ့ဆုံးရှုံးမှုပဲ။ စက်ရုံတွေ၊ အလုပ်ရုံတွေမှာ အလုပ်သမားတွေအချင်းချင်း ပြောကြဆိုကြရာမှာ မန်ဒရင်းစကားကို သုံးစွဲမယ်ဆိုရင် ကျွန်တော်တို့ဟာ ပိုပြီးစည်းလုံးညီညွတ် ကောင်းမွန်တဲ့၊ ပိုပြီးယဉ်ကျေးတဲ့၊ ပိုပြီး ပညာတက်တဲ့လူတွေဖြစ်လာကြမယ်။

၁၉၇၈

*

စင်ကာပူမှာ တရုတ်လူမျိုးက ၇၅ ရာခိုင်နှုန်းနဲ့ အများစုဖြစ်နေတော့

တရုတ်စိတ်ဓာတ်မျိုးကို မြှင့်တင်လုပ်ဆောင်ပေးရတာ လွယ်ကူပြီး တရုတ်လူမျိုးတွေရဲ့ မဲအားအပေါ် အခြေခံပြီး အာဏာရအောင်လုပ်ဖို့ လည်း လွယ်ကူပါတယ်။ ကျွန်တော်တို့ အဲဒီနည်းဗျူဟာကို မသုံးဘူး၊ ရှောင်ပါတယ်။ အခြားလူတွေ မလုပ်အောင်လည်း ဟန့်တားပါတယ်။ အဲဒီအစား ဘပဲလုပ်သလဲဆိုရင် ကျွန်တော်တို့က တရုတ်လူမျိုးတွေ အင်္ဂလိပ်ဘာသာကို ပထမဘာသာအဖြစ်ထားတဲ့ နှစ်ဘာသာသုံးစနစ်ကို လက်ခံလာအောင်ပဲ ဆွဲဆောင်ဖျောင်းဖျပါတယ်။

၁၉၈၇

*

ကျွန်တော်တို့မှာ လူတိုင်းတူညီစွာသုံးတဲ့ ဘုံဘာသာစကားတစ်ခု လိုအပ်တယ်။ ဒီပြဿနာကို ကျွန်တော်တို့က လူတိုင်း ဘာသာစကား တစ်ခုတည်း မဟုတ်ဘဲ နှစ်ဘာသာသင်ယူခိုင်းခြင်းအားဖြင့် ဖြေရှင်းခဲ့ပါတယ်။ နှစ်ဘာသာဆိုတာ အင်္ဂလိပ်ဘာသာနဲ့ ကိုယ့်မိခင်ဘာသာစကား ဖြစ်ပါတယ်။ အင်္ဂလိပ်ဘာသာဆိုတာကတော့ ဘယ်လူမျိုးအုပ်စုရဲ့ မိခင်ဘာသာစကားမှ မဟုတ်ဘူး။ ဒါကြောင့် ဘယ်လူမျိုးစုကမှ အမြတ်ထွက်တယ်၊ ဆုံးရှုံးတယ်လို့ မရှိနိုင်တော့ဘူး။ ကျွန်တော်တို့ဟာ အမျိုးသားအမှတ်လက္ခဏာတစ်ခုကို အတင်းအကျပ်လည်း လုပ်မယူပါဘူး။ လေလုံပေါင်းအိုးနဲ့လည်း ချက်ပြုတ်မယူပါဘူး။ ကျွန်တော်တို့ဟာ တိုင်းရင်းသားလူမျိုးတွေရဲ့ ယဉ်ကျေးမှု၊ ဘာသာစကား၊ ဘာသာရေးကိုဖြစ်စေ၊ လူမျိုးရဲ့ အမှတ်လက္ခဏာကိုဖြစ်စေ ဖိနှိပ်ခြင်းမပြုမိအောင် ရှောင်ကြဉ်ပါတယ်။

၁၉၉၃

*

ကျွန်တော်တို့ရဲ့ ပညာရေးပေါ်လစီကို အင်္ဂလိပ်ဘာသာစကားအပေါ် အလေးထားလိုက်တဲ့အတွက် လွန်ခဲ့တဲ့နှစ်များအတွင်းမှာ တရုတ်သတင်းမီဒီယာတွေ ကျဆွားမယ်လို့ ကျွန်တော် မျှော်လင့်ထားခဲ့တာ။ ဒါပေမဲ့ ကျမသွားခဲ့ဘူး။ စိတ်ပိုင်းဆိုင်ရာ စွဲလမ်းတွယ်တာမှုက သိပ်နက်ရှိုင်းတာကိုး။ အထူးသဖြင့် အလုပ်သမားလူတန်းစားတွေဟာ ကိုယ့်ပြည်ကိုယ့်နိုင်ငံက ဘာသာစကားကို အလွန်အတွယ်အတာကြီးတာပဲ။

၁၉၉၅

*

စင်ကာပူအင်္ဂလိပ်စကား (Singlish) ရဲ့ ဆိုးကျိုးကို ပြောပါရစေ။ အင်္ဂလိပ်စကားပြောတဲ့ လူမှုအသိုင်းအဝိုင်းတွေက အများကြီးဆိုတော့ အင်္ဂလိပ်စကားကလည်း အမျိုးမျိုးရှိပါတယ်။ ဗြိတိန်တို့၊ အမေရိကန်တို့၊ ကနေဒါတို့၊ ဩစတြေးလျတို့၊ နယူးဇီလန်တို့ ရှိတဲ့လူတွေဟာ လေယူလေသိမ်းခြင်းမတူ၊ အသံထွက်ချင်း မတူတာတွေရှိပေမဲ့လည်း အချင်းချင်းပြောကြတဲ့စကားကို အလွယ်တကူနားလည်ကြပါတယ်။ ဘာကြောင့်တုံးဆိုတော့ သူတို့ဟာ ဒီဘာသာစကားကိုပဲ အတူတူပြောနေကြ၊ သုံးတဲ့ စကားလုံးဝေါဟာရတွေလည်းတူ၊ သဒ္ဒါနဲ့ဝါကျဆောက်တည်ပုံတွေကလည်း တူနေကြလို့ ဖြစ်ပါတယ်။ စင်ကာပူနိုင်ငံသားတွေကျတော့ စင်ကာပူအင်္ဂလိပ်စကားထဲမှာ မလေးစကားလုံးတွေရော တရုတ်စကားလုံးတွေရော ထည့်သွင်းပြောကြတယ်။ ပြီးတော့ အင်္ဂလိပ်စကားလုံးတွေက တစ်မျိုးအဓိပ္ပာယ်ထွက်နေတာလည်းရှိတယ်။ စင်ကာပူ အင်္ဂလိပ်စကားမှာ blur က blank လို့ အဓိပ္ပာယ်ရတယ်လေ။ ပို ဆိုးတာက စင်ကာပူအင်္ဂလိပ်စကားက တရုတ်ဝါကျဆောက်တည်ပုံကို အသုံးပြုခြင်းပဲ။ တကယ်တော့ ကျွန်တော်တို့ဟာ

အင်္ဂလိပ်၊ အမေရိကန်တွေပြောတဲ့ အင်္ဂလိပ်ဘာသာစကားနဲ့မတူတဲ့ ဘာသာစကားအသစ်တစ်ခုကို တီထွင်နေနေကြတယ်လို့ ပြောရမယ်။ မိသားစုအသီးသီးဟာ မိမိတို့ရဲ့ ကိုယ်ပိုင်သင်္ကေတပြုထားတဲ့ ဘာသာစကားကို တီထွင်ဖန်တီးနိုင်တာပဲ။ ဒီအတွက် ပြောစရာမရှိပါဘူး။ အေးပေါ့လေ၊ မိသားစုတစ်စု တီထွင်ထားတဲ့ ဘာသာစကားတစ်ခုကို အဲဒီမိသားစု ပြင်ပမှာရှိကြတဲ့လူတွေ ဘယ်သူမှ နားလည်နိုင်မှာ မဟုတ်တာ တော့ပြောစရာရှိတာပေါ့။ ကျွန်တော် တို့ အင်္ဂလိပ်ဘာသာစကားကို သင်ယူလေ့လာတယ်ဆိုတာက ကမ္ဘာကြီးကို နားလည်ကြဖို့နဲ့ ကမ္ဘာကြီးကလည်း ကျွန်တော်တို့ကို နားလည်နိုင်အောင် ဖြစ်ပါတယ်။

၁၉၉၉

*

အစိုးရရဲ့တာဝန်ကဘာလဲ။ ပထမဦးဆုံးတာဝန်ဟာ လူတိုင်းကို အသက်မွေးလုပ်ငန်းတစ်ခု လုပ်နိုင်ကိုင်နိုင်လောက်တဲ့ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုကို ပေးဖို့ဖြစ်ပါတယ်။ ဘာကြောင့်လဲလို့ဆိုရင် လူတစ်ယောက်ဟာ အသက်မွေးမှုလုပ်ငန်းတစ်ခု မလုပ်နိုင်ဘူးဆိုရင် အခြားဟာတွေလည်း ဘာမျှအရေးမပါတော့လို့ဖြစ်တယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ဟာ အဲဒီလူကို သူ့ရဲ့မိခင်ဘာသာစကားကိုလည်း သင်ပေးဖို့ လိုပြန်တယ်။ ဘာကြောင့်လိုသလဲဆိုတော့ အဲဒီလိုကိုယ့်မိခင်ဘာသာစကားကိုတက်ပါမှ အဲဒီလူဟာ ကိုယ့်ရဲ့လူမျိုးအမှတ်လက္ခဏာ ပြန်မှာဖြစ်ပြီး ကျွန်တော်တို့ရဲ့ လူ့အဖွဲ့အစည်းကိုလည်း သန်မာအားကောင်းလာစေ၊ အခြားလူ့အဖွဲ့အစည်းနဲ့မတူ ကွဲပြားမှုရှိလာစေမှာ ဖြစ်ပါတယ်။

၂၀၀၄

*

ကျွန်တော်ဟာ ငယ်စဉ်က မန်ဒရင်းတရုတ်စကား မသင်ယူခဲ့ရလို့ ကြီးမားတဲ့ပေးဆပ်မှုကို ပြုရပါတယ်။ ကနေ့အချိန်အထိ ကျွန်တော်ဟာ ကျွန်တော့်ဆရာ/မိတ်ဆွေကို သတင်းတစ်ပတ်မှာ တစ်ကြိမ်တွေ့ပြီး ကျွန်တော့်ရဲ့မန်ဒရင်းစကား ရှင်သန်နေအောင် လုပ်ပေးနေရပါတယ်။ နေ့တိုင်း နေ့တိုင်း ကျွန်တော် မန်ဒရင်းစကား သင်ခန်းစာတွေကို တိပ်ခွေကနေ မိနစ် ၂၀ နားထောင်ပြီး တစ်နေ့ ၁၅ မိနစ် Zao Bao ကို ဖတ်ရင် ဖတ်၊ အွန်လိုင်းကနေပြီး တရုတ်သတင်းစာတွေ ဖတ်တာမျိုး လုပ်ရပါတယ်။ အဲဒီလိုလုပ်ပေးနေတဲ့အတွက် ကျွန်တော့်ရဲ့ စကားလုံး ဝေါဟာရကို ဆက်ထိန်းထားပါတယ်။

၂၀၀၄

*

ဘာသာစကားတစ်ခုကို ရှင်သန်နေဖို့ဆိုတာ ခဏခဏပြောနေ၊ ဖတ်နေမှဖြစ်ပါတယ်။ ခင်ဗျားဟာ ဘာသာစကားတစ်ခုကို သုံးလိုက်လေလေ အခြားဘာသာစကားတစ်ခုကို အသုံးလျော့လျော့သွားလေလေဖြစ်တယ်။ ဒါကြောင့် ဘာသာစကားတွေ များများသင်ယူလေ့လာလေလေ အဲဒီဘာသာစကားတွေကို သွက်သွက်လက်လက်နဲ့ ပြောနိုင်တဲ့ အဆင့်မြင့်နေအောင် ထိန်းထားဖို့ အခက်တွေ ပိုတွေ့လေလေဖြစ်တယ်။ ကျွန်တော်ဟာ ဘာသာစကားခြောက်ခု (အင်္ဂလိပ်၊ မလေး၊ လက်တင်၊ ဂျပန်၊ မန်ဒရင်းနဲ့ ဟော့ကီယန်) တက်ပါတယ်။ သုံးစွဲပါတယ်။ ကျွန်တော့် ရဲ့ မန်ဒရင်းသွက်လက်မှုက တိုးတက်လာတော့ ဟော့ကီယန်စကား က သံချေးတက်သွား၊ ထိုင်းသွားတယ်။ ဂျပန်ဘာသာစကားနဲ့

လက်တင်ဘာသာစကားလည်း ဆုတ်လျော့သွားပြီး မလေးစကားကိုလည်း ကြိုကြိုတင်တင် ပြင်ဆင်မှုပြုမထားရင် သွက်သွက်လက်လက် မပြောနိုင်တော့ဘူး။ ဒါကို ဘာသာစကားဆုံးရှုံးမှု (language loss)လို့ ခေါ်ပါတယ်။

၂၀၀၉

*

လူမျိုးရေး

ကျွန်တော်တို့ဟာ အခြေခံကျတဲ့အချက်တွေဖြစ်တဲ့ လူတွေရဲ့ အကြိုက်တွေ မကြိုက်တာတွေကို ကိုလိုနီအစိုးရလို မျက်ကွယ်ပြုထားလို့ ရနိုင်မယ် မဟုတ်ဘူးလို့ ထင်ပါတယ်။ အဲဒီလိုအခြေခံအချက်တွေထဲက တစ်ချက်ကတော့ အင်္ဂလိပ်ဘာသာစကား၊ အင်္ဂလိပ်ယဉ်ကျေးမှု၊ အင်္ဂလိပ်အစဉ်အလာတို့အတွက်ကြောင့်ပဲ ဖြစ်စေ။ အင်္ဂလိပ်ပုံစံပြုထားတဲ့ မလေးဘာသာစကား၊ မလေးယဉ်ကျေးမှု၊ မလေးအစဉ်အလာတို့အတွက်ကြောင့်ပဲ ဖြစ်စေ မိမိတို့ရဲ့ဘာသာစကား၊ ယဉ်ကျေးမှုနဲ့ အစဉ်အလာတို့ကို စွန့်လွှတ်ရမယ်ဆိုရင် ဒီနိုင်ငံမှာရှိကြတဲ့ ဘယ်လို လူမျိုးစု၊ ဘယ်လိုဘာသာစကား ပြောဆိုတဲ့အစုမျိုးကမှ လုံးဝစွန့်လွှတ်ကြမှာမဟုတ်ဘူး ဆိုတဲ့အချက်ပဲ။

၁၉၅၅

*

အဓိကအားဖြင့် မလေးလူမျိုး၊ တရုတ်လူမျိုး၊ အိန္ဒိယလူမျိုးရယ်လို့ လူမျိုးနွယ်စုသုံးစုံနဲ့ လူမျိုးစုံနေထိုင်တဲ့ မလေးရှားမှာ ယဉ်ကျေးမှုအရ၊ ဘာသာစကားနောက်ခံအရနဲ့ အဲဒီထက် ပိုအရေးကြီးတာက နိုင်ငံရေးအစဉ်အလာနဲ့ သဘောတရားအယူအဆအရ အစစအရာရာ မတူကြလေတော့ ဘယ်လိုပါတီကပဲဖြစ်ဖြစ် တစ်ပါတီ အာဏာရှင်စနစ်မျိုးကို ထူထောင်မယ်ဆိုရင် လူမျိုးရေးပဋိပက္ခဖြစ်လာပြီး ပျက်စီးရာ တိုင်သွားမှာပဲ။

*

လတ်တလောမှာ မလေးရှားရဲ့ တကယ်ဆိုးတဲ့ ပြဿနာက အမျိုးဘာသာတူဘုံစနစ် (communalism) ပဲ။ အဲဒီလူမျိုးစုအတွင်းမှာ လူမျိုးအရ၊ ယဉ်ကျေးမှုအရ၊ ဘာသာစကားအရနဲ့ ဘာသာရေးအရ တစ်ခုတည်းဖြစ်နိုင်ဖို့က လူတွေထဲက အုပ်စုတစ်စုစုကို စိတ်ခံစားချက်တွေနှိုး ဆွ ပေး ဖို့ အလွယ်အကူဆုံးဖြစ်နေတယ်။ ပြီး တော့ ကိုယ့်ကို ထောက်ခံမှုရဖို့အတွက် အဲဒီစိတ်ခံစားချက်တွေကို ကြွလာအောင် နှိုးဆွပေး တဲ့ နိုင်ငံရေးစွန့်စားမှုမျိုး ကြံ့ကြံ့ခံ တွန်းလှန်ဖို့ကျပြန်တော့လည်းဆွဲဆောင်အား က သိပ်ကောင်းနေလို့ မတွန်းလှန်နိုင်ဘူး။ ဒါကြောင့် ကျွန်တော်တို့ဟာ ဘာတူးပါဟတ် ကြားဖြတ်ရွေးကောက်ပွဲမှာ ဒါတိုအွန်းရှဲသွားတာကို ဝမ်းသာကြိုဆိုကြရမယ်။ မလေးလူမျိုးတွေကို အမျိုးဘာသာတူဘုံစနစ်ဘက် ပါလာအောင် မကြုံစဖူး အကြီးကျယ်ဆုံး တပ်လှန့်ကြွေးကြော်လာနိုင်ခဲ့တဲ့ မလေးတွေ လွှမ်းမိုးထားတဲ့ဒေသမှာလုပ်တဲ့ ကြားဖြတ်ရွေးကောက်ပွဲမှာ ရှဲသွားတာပါ။ ထို့အတူပဲ ကျွန်တော်တို့ဟာ ပီအေပီပါတီရဲ့ ကိုယ်စားလှယ် အင်ချီဆဟာရဒင် ဘင် မိဟာမက်အရစ် စင်ကာပူမြို့တော်ကောင်စီ ရွေးကောက်ပွဲရဲ့ ကရော်ဖို့ ဒေသခွဲမှာ အနိုင်ရလိုက်ခြင်းကို ဝမ်းသာချီးကျူးကြရပါမယ်။ အဲဒီမဲဆန္ဒနယ်ဟာ တရုတ်လူမျိုးတွေ လွှမ်းမိုးထားတဲ့မြို့တော်မှာ တရုတ်တွေပဲ လွှမ်းမိုးထားတဲ့ဒေသခွဲပါ။ သူ ဟာ စင်ကာပူရွေးကောက်ပွဲမှာ နိုင်ခဲ့ကြတဲ့ကိုယ်စားလှယ်အားလုံးတို့ထက် မဲအသာဆုံးနဲ့ နိုင်ခဲ့ခြင်းဖြစ်ပါယတ်။ သူနဲ့ပြိုင်ဘက်များက တရုတ်လူမျိုး အသိုင်းအဝန်းလိုင်းက ကိုင်ထားတာတွေရှိလျက်နဲ့ အဲဒီလိုနိုင်လာခြင်းဖြစ်ပါတယ်။

၁၉၅၈

*

ကျွန်တော် ထင်တာတော့ အနှစ် ၂၀ အတွင်း ဒီဒေသအတွင်းမှာ ကျွန်တော်တို့ပါ အပါအဝင်ဖြစ်တဲ့ အချင်းချင်းသည်းခံနိုင်ကြတဲ့ လူမျိုးစုံနေထိုင်ရာ လူ့အဖွဲ့အစည်းမျိုးရင် ဖြစ်လာမယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် လည်း ပထမကမ္ဘာစစ်မတိုင်မီနဲ့ စစ်ပြီးကာလတို့မှာဖြစ်ခဲ့ကြတဲ့ ဘော်လကန်ဒေသလို တစ်လျှောက်လုံး ခိုက်ရန်ဒေါသ ပဋိပက္ခတွေပဲ ဖြစ်နေတဲ့ ဒေသတစ်ခုဖြစ်လာလိမ့်မယ်လို့ မလွဲနိုင်တဲ့နည်းနဲ့ ကြိုတင် ဟောကိန်းထုတ်နိုင်မယ် ထင်ပါတယ်။

၁၉၆၅

*

ပြဿနာက မျိုးနွယ်စုအနေနဲ့ပဲဖြစ်ဖြစ်၊ ပြောဆိုတဲ့ဘာသာစကားအရ သို့မဟုတ် ကိုးကွယ်တဲ့ဘာသာစကားအရပဲဖြစ်ဖြစ် လူနည်းစုဖြစ်နေ တဲ့ မျိုးနွယ်စုတစ်စုဟာ သူတို့ကိုယ်သူတို့ လူနည်းစုရယ်လို့တောင် သတိမထားမိတဲ့အခြေအနေမျိုး၊ အဲဒီလူနည်းစုရဲ့ အခွင့်အရေးတွေကို ခွဲဝေပေးတဲ့အခါ နိုင်ငံသားတစ်ဦးအနေနဲ့ အညီအမျှ မျှဝေပေးတယ်လို့ တောင် အမှတ်မထားမိဘဲ ကျွန်တော်တို့ရဲ့လူ့အဖွဲ့အစည်းရဲ့ အစိတ်အပိုင်းတစ်ရပ်အဖြစ် သဘာဝအတိုင်းဖြစ်နေသလို လက်ခံထားကြတဲ့အခြေအနေမျိုး၊ တစ်နိုင်ငံလုံးမှာ လူမျိုးနွယ်အားဖြင့် လွှမ်းမိုးထားနိုင်သော လူမျိုးစုတို့ရဲ့ အခွင့်အရေးတွေအတိုင်း အညီအမျှရကြပါလားရယ်လို့ ညီမျှမှုအရာမှာ ပကတိအတိုင်း အထင်အရှားဖြစ်နေတဲ့ အခြေအနေမျိုးကို ဘယ်လိုဖန်တီးကြမလဲဆိုတဲ့ ပြဿနာပဲ။

*

ကျောင်းတွေ၊ကောလိပ်တွေမှာတွေ့လာသိလာတဲ့လူတွေအကြောင်း စဉ်းစားမိလိုက်တိုင်း ယဉ်ကျေးမှုတွေ ဆုတ်ယုတ်သွားကြတာ မြန်လွန်းလှတဲ့ လူတွေအကြောင်းကို စဉ်းစားမိသွားပါတယ်။ ကျွန်တော့်မှာ ဆစ်လူမျိုး သူငယ်ချင်းတစ်ဦးရှိပါတယ်။ သူဟာ သူ့အတိတ်ကို ပြည်ဖုံးကားချပစ်ခဲ့တယ်။ သူ့မုတ်ဆိတ် ပါးသိုင်းမွေးတွေကို ရိတ်ပစ်လိုက်တယ်။ သူ့ရဲ့ခေါင်းကို အုပ်ပေါင်းရတဲ့ ဗောင်းထုပ်ကိုလည်း စွန့်ပစ်လိုက်တယ်။ သူ့ခေါင်းမှာ ဘိုကေနဲ့ဖြစ်သွားတယ်။ ဒါက ဘာမှပြဿနာမရှိသေးပါဘူး။ ဒါပေမဲ့ မကြာလိုက်ဘူး။ သူ့မှာ ဘာတွေဖြစ်လာသလဲဆိုရင် အဓိပ္ပာယ်မရှိ မိုက်မဲတဲ့အလုပ်တွေ လုပ်လာတယ်။ သူ့မှာ ခိုကိုးရာ အားကိုးလဲလျောင်းရာရယ်လို့ မရှိတော့ဘူး။ သိကြတဲ့အတိုင်း သဘော်တစ်စင်းဟာ လေမုန်တိုင်းနဲ့တိုးလို့ ဆိပ်ကမ်းတစ်ခုခုကပ်ပြီး ကျောက်ချရမယ့်နေရာမရှိဘူးဆိုရင် ဘာဖြစ်သွားမလဲ။ အခက်အခဲကြုံရတော့တယ် မဟုတ်လား။ ဒါကြောင့် မို့ခင်ဗျားတို့ကို ကျွန်တော် ဖြစ်စေချင်တာက ကျောက်ဆူးချ ခိုလှုံစရာနေရာကလေးတွေရှိကြစေချင်တယ်။ ဒါပေမဲ့ ကျွန်တော်တို့ဟာ တူညီတဲ့ ကျောက်ဆူးချခိုလှုံရာ အခြေခံရှုထောင့် ရလာအောင်တော့ ဖြည်းဖြည်းချင်းသိအောင် လုပ်သွားမှဖြစ်မယ်။ အချိန်ကကတော့ အနှစ် ၁၀၀ လည်း ကြာချင်ကြာမှာပေါ့နော်။

၁၉၆၇

*

ကျွန်တော်တို့ရဲ့ လူမျိုးနွယ်က ဘာလူမျိုးပဲဖြစ်ဖြစ်၊ ကိုးကွယ်တဲ့

ဘာသာက ဘာဘာသာပဲဖြစ်ဖြစ် ကျွန်တော်တို့ ရထိုက်တဲ့အခွင့်အရေး ကို ပေးမှာက ကျွန်တော်တို့ ထုတ်လုပ်လိုက်တဲ့အရာပဲ။ လူမျိုးတို့ ဘာသာတို့က ပေးမှာမဟုတ်ဘူး။ စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်၊ ကုန်ထုတ်လုပ်မှုစွမ်းရည်ကို တိုးတက်အောင်လုပ်၊ ထွက်ပေါ်လာမယ့် အကျိုးအမြတ်တွေ တိုးလာအောင်လုပ်၊ အဲဒါတွေ လုပ်နိုင်မှသာလျှင် မျှတစွာ ခွဲဝေခံစားဆိုတာမျိုးဖြစ်လာမှာ။ လူတိုင်းရထိုက်သလောက် ရလာမှာ။ ကိုယ့်လူမျိုးအုပ်စုအတွက် ကိုယ်ထည့်ဝင်ပေးရမယ့် အားထုတ်မှု ကို ထည့်ဝင်ပေးနိုင်မှ ကိုယ့်အုပ်စုရဲ့ သာယာဝပြောမှုဆိုတာလည်း ဖြစ်လာမှာဖြစ်ပါတယ်။

၁၉၆၉

*

မျက်နှာဖြူတွေဟာ ဘာမျှထူးပြီး သာတာမဟုတ်ပါဘူးလို့ ရှင်းလင်းစွာ ဖော်ထုတ်ပြသခြင်းဖြင့်သာလျှင် မျက်နှာဖြူတွေရဲ့ တို့လူမျိုးက သာတယ် ဆိုတဲ့ သဘောတရား သီအိုရီကို ဖျက်ပစ်နိုင်မှာဖြစ်တယ်။

၁၉၇၁

*

ကျွန်တော်တို့ ၁၉၅၄ ခုနှစ်မှာ စခဲ့စဉ်က၊ ၁၉၅၉ ခုနှစ်မှာ အစိုးရဖွဲ့ခဲ့စဉ်က ကျွန်တော်တို့မှာ လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံရယ်လို့ ပြောနိုင်တဲ့ အခြေခံအချက်တွေ မရှိခဲ့ကြသေးဘူးဆိုတာကို ငယ်ရွယ်သူတွေကို ပြောပြသတိပေးဖို့လိုတယ်။ လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံရယ်လို့ ပြောနိုင်ဖို့ လိုအပ်တဲ့ဘုံတူညီတဲ့ လူမျိုးတစ်မျိုးရဲ့ အမှတ်လက္ခဏာမရှိသေးဘူး ။ ကျွန်တော်တို့မှာ လူမျိုးတစ်မျိုးရယ်လို့ တစ်သားတည်း တစ်ထပ်

တ ည်း တူညီတာလည်း မရှိသေးဘူး။ ကျွန်တော်တို့ဟာ ကိုယ့်ကိုယ် ကိုယ်ပြန်ကြည့်လိုက်ရင် တစ်မျိုးနဲ့တစ်မျိုး မတူခြားနားနေတဲ့ ဟော့ကီ ယန်တွေ၊ ကန်တုံသားတွေ၊ ဟက်ကားစ်တွေ၊ တီယိုချူးစ်တွေ၊ ဟိုင်နန်း သား တွေ ရ ယ် လို့ ပဲ မြ င် နေ ကြ ရ တ ယ် ။ မကြာသေးခင်အချိန်အထိ တရုတ်ကုန်သည်ကြီးများအသင်းဟာ အဲဒီ လူ မျိုး တွေ အ ပေါ် အခြေခံ ဆွဲ ထား တဲ့ လိုင်းအတိုင်းပဲ ဖွဲ့စည်းထားခဲ့တယ်။ တစ်ခါ မလေးတွေက လည်း မလေးပဲ၊ ဆွိုင်ယန်နီးစ်ပဲ၊ ဂျာဗားနီးစ်ပဲ၊ မိနန်ကာဘောပဲရယ်လို့ ဖြစ်နေကြတယ်။ သူတို့ဟာ ယနေ့တိုင် အခြေတူမျိုးနွယ်စုတွေကို အသင်းအဖွဲ့တွေထောင်ပြီး စုစည်းထားရတယ်။ ကျွန်တော်တို့မှာ အများက အတူတူပြောဆိုသုံးစွဲတဲ့ ဘုံဘာသာစကားရယ်လို့လည်း မရှိခဲ့ကြသေးဘူး။ တစ်စုနဲ့တစ်စု အချင်းချင်းပြောဆိုလို့လည်း မပြောတက် မဆိုတက်ကြဘူး။ ဒါတွင်မက အတွေ့အကြုံချင်းကလဲ မတူကြပြန်ဘူး။ ဘုံယဉ်ကျေးမှုကို ဖြစ်ပေါ်လာစေတဲ့ သမိုင်းဖြစ်ရပ်တွေ အတူတူ မျှဝေခံစားလာရခြင်းမျိုးလည်း မရှိခဲ့ကြဘူး။

၁၉၈၀

*

အများနဲ့ဆိုင်တဲ့ ဘုံအဖွဲ့အစည်းသမားတွေ၊ ဘာသာရေး တစ်ယူသန် သ မား တွေ ဟာ ရံ ဖ န် ရံ ခါ လူ မျိုး ရေး နဲ့ ဘာသာရေးစိတ်ဓာတ်တွေ သွင်းပေးနိုင်ကြပြီး လူ အ များ က လိုက်နာထောင်ရွက်သွားကြတာမျိုး တွေ ရှိပါတယ်။ ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ လူနည်းစုလူမျိုးတွေကို တိုးတက်လာအောင် လုပ်မပေးနိုင်ကြဘဲ လူများစုလူမျိုးတွေအပေါ် မုန်းတဲ့၊ ကြောက်တဲ့ အမုန်းတရား အကြောက်တရားတွေကိုပဲ သွင်းပေးခဲ့ကြတယ်။ ဒါမှမဟုတ်ရင်လည်း ဘာသာတစ်ခုက သူ့ဘာသာထဲဝင်

လာအောင် လုပ်ချင်စိတ်သာ ထက်သန်လွန်းတာမျိုးတွေ၊ သည်းခံမှုအား သိပ်နည်းတာမျိုးတွေရှိနေကြတော့ ဘာသာအချင်းချင်း ပြောင်ပြောင်ပဲ ထိလာငြိလာဖြစ်ကြတယ်။ ဘုံအဖွဲ့အစည်း တစ်ခုနဲ့တစ်ခု၊ ဘာသာတစ်ခုနဲ့တစ်ခု တိုက်မိခိုက်လာပြီဆိုရင် အန္တရာယ်တွေရှိလာပြီး တန်ဖိုးကြီးတွေ ပေးလာရတော့မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့သမိုင်းမှာ အဲဒီလို ပေါက်ကွဲမှုတွေနဲ့ ပြည့်နေခဲ့ကြတယ်။

၁၉၈၇

*

ကျွန်တော်တို့ဟာ ပြင်းထန်တဲ့လူမျိုးရေး၊ ဘာသာရေး ဖိအားဒဏ်တွေကို ကျွန်တော်တို့ရဲ့ အမျိုးသားစည်းလုံးညီညွတ်မှုက ခံနိုင်ဖို့ဆိုရင် နောက်ထပ်မျိုးဆက် တစ်ဆက်နှစ်ဆက် လိုပေလိမ့်ဦးမယ်။ နိုင်ငံတစ်နိုင်ငံ လူမျိုးတစ်မျိုးအဖြစ်ဆိုတာလည်း အတင်းဖိလုပ်လို့ ရနိုင်တာမျိုးမဟုတ်ဘူး။

၁၉၈၇

*

လွန်ခဲ့တဲ့နှစ်က အင်္ဂလိပ်စာတက်ပညာတတ်အချို့က နိုင်ငံတည်ဆောက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့ရဲ့ လူမျိုးနွယ်အရ၊ ပြောဆိုတဲ့ဘာသာစကားအရနဲ့ ယဉ်ကျေးမှုအရ ကွဲပြားမှုတွေကို ပယ်ဖျောက်သွားသင့်ကြောင်း အကြံပေးကြပါတယ်။ ကျွန်တော်ကတော့ ဒီအကြံပေးချက်မျိုးက ပကတိအခြေအနေနဲ့လည်းမကိုက်ညီ၊ လက်တွေ့လည်း မကျဘူးလို့ ထင်ပါတယ်။ အဲဒီလိုမူဝါဒမျိုးကို ပြည်သူတွေက လက်ခံကြမှာမဟုတ်ပါဘူး။ ဆန့်ကျင်တွန်းလှန်ကြ

မှာပဲ။ အဲဒီလိုတွန်းလှန်ဆန့်ကျင်ရင်းနဲ့ လူမျိုးအချင်းချင်းအတွင်း သဘာထားကွဲမှုတွေအပေါ် ပိုပြီး ဇောင်းပေး အလေးထားလာကြလိမ့်မယ်။ [xxx] တရုတ်တွေကလည်း ကွန်ဖြူးရှပ်ဝါဒ၊ တာအိုဝါဒနဲ့ တရုတ်ကျေးလက်ပုံပြင်တွေမှာရှိတဲ့ ရှေးရိုးအစဉ်အလာတွေနဲ့ တန်ဖိုးတွေအပေါ်ကိုပဲ အာရုံစိုက်ပြီး အဲဒါတွေကို တိုးဖြည့်လာကြလိမ့်မယ်။ မလေးတွေကလည်း မလေးထုံးဓလေ့နဲ့ အစ္စလာမ်ဝါဒ၊ ဟိန္ဒူတွေကလည်း ဟိန္ဒူထုံးဓလေ့တွေနဲ့ ဟိန္ဒူဘာသာရေးကိုပဲ အာရုံစိုက်လုပ်လာကြလိမ့်မယ်။ ကျွန်တော်တို့ဟာ ဒီမတူခြားနားတဲ့ နောက်ခံရှိတဲ့ ယဉ်ကျေးမှုတွေကို ရောမွှေပစ်ဖို့ ကြိုးစားကြမယ်ဆိုရင် ဘာရယ်လို့ ပြောပလောက်စရာမရှိတဲ့ သောင်းပြောင်းရောရော ဖြစ်သွားပေလိမ့်မယ်။

၁၉၉၁

*

တရုတ်ပြည်ကရောက်လာတာ မျိုးဆက်နှစ်ဆက်သုံးဆက်လောက်ကြာပြီးတဲ့အခါ ကျွန်တော်တို့ဟာ ကိုယ့်ချက်မြှုပ်နိုင်ငံမှာပဲ အမြစ်တွယ်လာခဲ့ကြတယ်။ ကျွန်တော်တို့ရဲ့ ရင်းနှီးထည့်ဝင်ငွေတွေက ကျွန်တော်တို့ဘိုးဘွားတွေ ဆင်းသက်လာခဲ့ရာ တရုတ်ပြည်မှာ မဟုတ်ကြတော့ဘူး။ ထိုင်းတရုတ်တွေဟာလည်း နောက်ဆုံးတော့ ထိုင်းလူမျိုးပဲဖြစ်လာပြီး သူဟာ သူ့ရဲ့ထိုင်းနိုင်ငံမှာရှိတဲ့ အိုးအိမ်ခြံမြေလို တန်ဖိုးရှိပစ္စည်းတွေတိုးပွားလာအောင်၊ ထိုင်းနိုင်ငံရှိတဲ့ သူ့ကလေးတွေရဲ့ အနာဂတ်လုံခြုံစိတ်ချရအောင်၊ ထိုင်းနိုင်ငံကိုပဲ ကြီးပွားတိုးတက် ဖြစ်လာစေချင်တော့တယ်။ စင်ကာပူ တရုတ်တွေ၊ အင်ဒိုနီးရှား တရုတ်တွေ၊ မလေးရှား တရုတ်တွေနဲ့ ဖိလစ်ပိုင် တရုတ်တွေဟာလည်း အလားတူပါပဲ။ သူတို့ဟာ မကြာမကြာ တရုတ်ပြည်ကို သွားချင်သွားကြမှာဖြစ်ပေမဲ့ တရုတ်

ပြည်ကို ကိုယ့်နိုင်ငံဖြစ်စေချင်သူတွေကတော့ သိပ်မရှိပါဘူး။

၁၉၉၃

*

ဒီကိုရောက်လာကြတဲ့လူတိုင်းကတော့ မိမိတို့ရဲ့ ဘိုးဘေးအဆက်ဆက် အောက်မေ့သတိရစရာကလေးတွေ ပါလာခဲ့ကြတာပေါ့။ တရုတ်လူမျိုးတွေဟာ သူတို့ကို ကိုယ်စားပြုတဲ့ တရုတ်ဧကရာဇ်မင်းမြတ်နဲ့ တရုတ်တရားသူကြီးတွေကို သတိရကြတာပဲ။ ကနေ့အချိန်အထိ တရုတ်လူမျိုး စင်ကာပူသားတွေဟာ နိုင်ငံရေးပါတီတွေထဲမှာ တက်တက်ကြွကြွ မပါဝင်လိုကြသေးဘူး။ အဲဒါက သူတို့ရဲ့ယဉ်ကျေးမှုမဟုတ်ဘူးလေ။ သူတို့လိုချင်တာက သူတို့ကို တစ်ဦးဦးကကောင်းကောင်းမွန်မွန်အုပ်ချုပ်နေဖို့ပဲ။ သူတို့ လိုချင်တဲ့ပစ္စည်းကို ထုတ်လုပ်ပေးနေဖို့ပဲ။ ဒါပေမဲ့ သူတို့ကို ထကြစမ်းပါ ပါကြစမ်းပါ ဆိုရင် သူတို့က “ကျွန်တော် အဲဒါကို မဲထည့်တဲ့အခါ လျှို့ဝှက်စွာပဲ လုပ်ချင်ပါတယ်”လို့ ပြောလိမ့်မယ်။ ဒါပေမဲ့ ဒီလိုပြောလို့ အခြားလူတွေ ထွက်မလာအောင်တော့လည်း မတားနိုင်ပါဘူး။ ဒါပေမဲ့ ခင်ဗျားတို့ သတိထားမိကြလိမ့်မယ်။ အိန္ဒိယလူမျိုးတွေရဲ့ အစဉ်အလာကျတော့တစ်မျိုး။ အိန္ဒိယလူမျိုးတွေက ယှဉ်ပြိုင်ရတာကို ဝါသနာပါတယ်။ ငြင်းခုံရတာ ဝါသနာပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့ရဲ့ အတိုက်အခံအများစုဟာ အိန္ဒိယလူမျိုးတွေ ဖြစ်နေကြခြင်းပဲ။

၁၉၉၅

*

ကျွန်တော်တို့ဟာ မတူကွဲပြားတဲ့လူမျိုးတွေကို အိုးအိမ်ရပ်ကွက်တစ်

ခုတည်းမှာ အတူတူနေစေခြင်း၊ ကျောင်းတစ်ခုတည်းမှာ အတူတူတက်စေခြင်း၊ လက်နက်ကိုင်အဖွဲ့တစ်ခုတည်းမှာ အတူတူ အမှုထမ်းစေခြင်းမျိုးတွေနဲ့ ပေါင်းစည်းပေးခြင်းမှာ အတော်ကလေး တိုးတက်မှုရလာခဲ့ပါတယ်။ အခု ကျွန်တော်တို့ဟာ အဲဒီမတူကွဲပြားတဲ့ လူမျိုးတွေအတွင်း လူမှုဆက်ဆံရေးတွေ ပိုကောင်းလာအောင် ပစ်မှတ်ထားလုပ်ဆောင်သွားကြရမယ်။ လူတစ်ဦးချင်း လုပ်ဆောင်မှုတွေမှာပဲဖြစ်ဖြစ်၊ ဘုံအဖွဲ့အစည်းတွေ အခြေပြုလုပ်ဆောင်မှုတွေမှာပဲ ဖြစ်ဖြစ်ပေါ့လေ။ တိုးတက်မှုကတော့ ကျွန်တော်တို့ရဲ့ ငယ်ရွယ်သူတွေဟာ အချင်းချင်း အပေါ်မှာ ခံစားချက်အနေနဲ့ ဘယ်လိုသက်သက်သာသာရှိတယ်ဆိုတဲ့ အချက်အပေါ်မှာ မူတည်မယ်။ သူတို့အချင်းချင်း ဆက်ဆံရေးကောင်းလာ လေ လေ ကျွန်တော်တို့ရဲ့ အမျိုးသားသဟဇာတဖြစ်မှု သက်တံရောင်စုံခြင်း ပိုအားကောင်းလာ လေ လေ ဖြစ်ပါမယ်။ အဲဒီလိုဖြစ်ဖို့က တော့ မလွယ်ပါဘူး။ မလွယ်ဘူးဆိုပေမယ့် ဖြစ်အောင်လုပ်လို့ရပါတယ်။

၁၉၉၉

*

လက်ရှိအခြေအနေမှာတော့ ဘယ်လွတ်တော်အမတ်မှ၊ ဘယ်တရုတ်၊ မလေး၊ အိန္ဒိယလူမျိုးမှ လူမျိုးအလိုက် ဖွဲ့စည်းထားတဲ့ လူမှုအဖွဲ့အစည်းလမ်းကြောင်းမျိုးနဲ့ သွားလို့မဖြစ်နိုင်ပါဘူး။ ဘာကြောင့်လဲဆိုရင် လူမျိုးပေါင်းစုံရှိနေတဲ့ မဲဆန္ဒနယ်ကို အလုပ်အကျွေးပြုကြရမှာမို့ ဖြစ်ပါတယ်။ လူမျိုးရေးကိုအခြေခံတဲ့ နိုင်ငံရေးဟာ ပါတီတွေက သူတို့ရဲ့ လူမျိုးအလိုက် စုဖွဲ့ထားတဲ့ လူမှုအဖွဲ့အစည်း အသိုင်းအဝန်းရဲ့ အကျိုးစီးပွားတိုးတက်ဖို့ကိုပဲ ယှဉ်ပြိုင်လာကြမှာဖြစ်တဲ့အတွက်

ကျွန်တော်တို့ရဲ့ လူမှုအဖွဲ့အစည်းကို အပိုင်းပိုင်းဖြစ်သွားစေမှာ ဖြစ်လို့ပါပဲ။

၂၀၀၁

*

စင်ကာပူမှာ တရုတ်လူမျိုးက အများစုရှိနေတယ်။ ဒါပေမဲ့ ခင်ဗျားတို့ဟာ ကျွန်တော်တို့နဲ့အတူတူ နိုင်ငံသားအဖြစ် ပေါင်းလာကြမယ်ဆိုရင်တော့ ခင်ဗျားတို့ ဘာလူမျိုးပဲဖြစ်နေဖြစ်နေ ကျွန်တော်တို့က ကူညီတဲ့ရပိုင်ခွင့်၊ တူညီတဲ့အခွင့်အလမ်းတွေကို ပေးသွားကြရမှာဖြစ်တယ်။ ဒါကြောင့်လည်း ကျွမ်းကျင်တဲ့၊ ပညာတတ်တဲ့ တရုတ်တွေ၊ အိန္ဒိယလူမျိုးတွေ ၊ ဥရောပသားတွေနဲ့ အခြားလူမျိုးတွေကို ကျွန်တော်တို့ အတော်ကလေး ရလာခဲ့ခြင်းဖြစ်ပါတယ်။ စင်ကာပူဟာ ဉာဏ်ရည်ဉာဏ်သွေးရှိတဲ့ လူတွေကို လက်ခံကြိုဆိုပြီး တံခါးဖွင့်ထားတဲ့ လူမျိုးပေါင်းစုံလူ့အဖွဲ့အစည်းဖြစ်နေခြင်းကြောင့်လည်း ကျွန်တော်တို့ဟာ ဆက်လက်ကြီးပွားတိုးတက်လာခြင်း ဖြစ်ပါတယ်။

၂၀၀၄

*

စင်ကာပူဟာ လူမျိုးပေါင်းစုံနေထိုင်တဲ့ အရည်အချင်း ဦးစားပေးဝါဒကျင့်သုံးတဲ့နိုင်ငံဖြစ်တယ်။ ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံတွေဟာ သူတို့ရဲ့လူ့အဖွဲ့အစည်းကို တိုင်းရင်းသားလူမျိုးတွေအပေါ် လူမျိုးကြီးဝါဒနဲ့ စည်းရုံးဖွဲ့စည်းထားတယ်။ မလေးရှားမှာဆိုရင်လည်း ဘူမိပူထရာတွေက ၊ အင်ဒိုနီးရှားမှာဆိုရင်လည်း ပရိဘူမိတွေကပေါ့။ ကျွန်တော်တို့ရဲ့အိမ်နီးချင်းနိုင်ငံတွေက ကျွန်တော်တို့ကို အချုပ်အခြာပိုင် လွတ်လပ်တဲ့

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအနေနဲ့ လက်ခံထားပေမဲ့လည်း သူတို့မှာ သူတို့ရဲ့ လူနည်းစုတိုင်းရင်းသားတွေအပေါ် စိုးရိမ်ပူပန်တဲ့၊ စိတ်ပျက်တဲ့ အတွင်းစိတ်ကလေးကို ပြပြလာတတ်တဲ့ လက္ခဏာမျိုးရှိတယ်။ အဲဒီသဘော၊ အဲဒီမနောမျိုးဟာ ပျောက်သွားဖွယ်မရှိဘူး။

၂၀၀၉

*

ဘာသာရေး

ကမ္ဘာမှာရှိတဲ့ ဘာသာကြီးတွေဟူသမျှဟာ ဘာလူမျိုးပဲဖြစ်ဖြစ်၊ ဘာဘာသာစကားပဲပြောပြော၊ ဘယ်လိုယဉ်ကျေးမှုတွေပဲရှိရှိ အချင်းချင်းညီအစ်ကိုစိတ်ဓာတ်ထားကြဖို့ ဟောကြတာချည်းပါပဲ။ ခရီးသွားလာဆက်သွယ်မှုမှာ လူသားရဲ့အာကာသကိုပါ အောင်နိုင်လာခြင်းကြောင့် တဖြည်းဖြည်း သေးငယ်လိုက်လာတဲ့ကမ္ဘာကြီးမှာ ဘယ်ဘာသာရေးကပဲဖြစ်ဖြစ်၊ ဘာသဘောတရားအယူဝါဒကပဲဖြစ်ဖြစ် လူမှုထုံးစံဓလေ့တွေမှာ မတူကွဲပြားမှုတွေရှိတယ် ဆိုတဲ့အချက်ကို လျစ်လျူရှုထားလို့မရတော့ပါဘူး။ ဒီကမ္ဘာကြီးမှာရှိတဲ့ လူမျိုးတွေရဲ့ သမိုင်းတွေအမျိုးမျိုးမှာ မတူကွဲပြားမှုတွေ ရှိတယ်ဆိုတာကို မျက်ကွယ်ပြုထားလို့ မရကြတော့ပါဘူး။

၁၉၆၈

*

ဘာသာရေးအမျိုးမျိုးတွေဟာ ဘယ်လောက်ပဲ မတူညီတာတွေရှိရှိ ဒီအစိုးရကတော့ ဘာကိုမှမယုံကြည်ခြင်းထက် တစ်ခုခုကိုယုံကြည်တာကို သဘောကျပါတယ်။ ကျွန်တော်ကတော့ အကောင်းမမြင်တက်တဲ့ဘာသာမရှိသမားဖြစ်ရတာထက် တော့ ဘာသာရေးကိုင်းရှိုင်းတဲ့ မွတ်စလင်တစ်ယောက်ပဲဖြစ်ဖြစ်၊ ဟိန္ဒူတစ်ယောက်ပဲဖြစ်ဖြစ် ဖြစ်လိုက်ချင်ပါသေးတယ်။ အနောက်ကမ္ဘာမှာ ပြဿနာတွေတွေ့နေကြတာဟာ ဘာသာတရားမရှိဝါဒကြောင့်ပါပဲ။

၁၉၇၇

*

ဟိန္ဒူဘာသာနဲ့ ယဉ်ကျေးမှုရဲ့ ထူးခြားချက်ကတော့ အဲဒီဘာသာက အခြားဘာသာနဲ့ ယဉ်ကျေးမှုတွေအပေါ် သည်းခံစိတ်ထားနိုင်ခြင်းပဲ။ ကမ္ဘာ့ အ မိ က ဘာ သာ ကြီး နဲ့ ယ ဉ် ကျေး မှု အား လုံး တို့ ဟာ စင်ကာပူမှာ ပေါ် င်း ဆုံ မိ ကြ တ ယ်။ ခ ရ စ် ယာ နီ ဘာ သာ ရဲ့ စာနာထောက်ထားစိတ်တန်ဖိုးနဲ့ အစဉ်အလာတွေ၊ အစ္စလာမ်ဘာသာရဲ့ ညီအစ်ကိုစိတ်ဓာတ်၊ ကွန်ဖြူးရှပ်ဝါဒရဲ့ ကိုယ်ကျင့်တရားနဲ့ ဗုဒ္ဓဘာသာရဲ့ မဂ်တရား ဖိုလ်တရား မျက်မှောက်ပြုနိုင်ရေးဆိုတာတွေဟာ စင်ကာပူရဲ့ ဘာသာရေးအသိုင်းအဝန်းရဲ့ အစိတ်အပိုင်းပါပဲ။ ဘ ယ် ဘာ သာ မှာ မျှ ကိုယ်ကျင့်သီ လ ကော င်း မှု ကို ဖ ယ် မ ထား ကြော င်း လူတိုင်းသိကြပြီးသားပဲ။ ကျွ န် တော် တို့ ဟာ သ ည်း ခံ စိ တ် နဲ့ သ ဟ ဇာ တ ဖြ စ် မှု၊ ဘာသာရေးလွ တ် လ ပ် ခွ င့် တွေ ကို လို က် နာ ကျ င့် သုံး နို င် နေ သ မျှ ကာလပတ်လုံး ကျွ န် တော် တို့ ဟာ အေး အေး ချ မ်း ချ မ်း ဆက်လက်နေထိုင်သွားနိုင်ပြီးကြီးပွားတိုးတက်မှုလည်း ဆက်ရသွားမှာဖြစ်ပါတယ်။

၁၉၇၈

*

ရမ်မဒန်ကာလအတွင်း ဥပုသ်စောင့်ထိန်းရာမှာ မွတ်စလင်တို့ရဲ့ စည်းကမ်းနဲ့ ခံနိုင်ရည် ဇွဲရှိမှု လိုအပ်တယ်။ ဘာသာပေါင်းစုံရှိနေတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်မှာ အဲဒီမွတ်စလင်တို့ရဲ့ ဥပုသ်စောင့်ထိန်းပုံဟာ မ တူ ညီ တဲ့ ဘာ သာ ရေး အ လေ့ အ ကျင့် တွေ မှာ အချင်းချင်း ဘယ်ပုံလိုက်လျောသွားနိုင်ကြတယ်ဆိုတဲ့ ပြ ယု ဂ် ကို ပြ နေ ပါ တ ယ်။ ကျွန်တော်တို့ဟာ အချင်းချင်းရဲ့ ဘာသာရေးဘဝတွေကို လေးစား အသိအမှတ်ပြု

သွားနိုင်ကြတာပဲ။

၁၉၈၀

*

ကျွန်တော်တို့ဟာ စီးပွားရေးတိုးတက်မှုနဲ့ တစ်ပြေးညီ ကျွန်တော်တို့ ဘဝရဲ့ ကိုယ်ကျင့်စာရိတ္တ၊ ကိုယ်ကျင့်သီလနဲ့ အနုသုခုမ ရသပညာတွေ ပါ တိုးတက်သွားအောင် လုပ်ကြရပါမယ်။ ကျွန်တော်တို့ရဲ့ ကိုယ်ကျင့် စာရိတ္တတိုးတက်ရေးမှာ အထိုင်ကျပြီးသား ဘာသာရေးတွေက အရေးပါ တဲ့ အခန်းကဏ္ဍက ပါနေပါတယ်။ ကျွန်တော်တို့ရဲ့ကျောင်းတွေမှာ ၁၉၈၄ ခုနှစ်ကစပြီး ဘာသာရေးဗဟုသုတဆိုင်ရာ ဘာသာရပ်တွေကို တိုးချဲ့ပေးခဲ့တယ်။ ပြီးတော့ အစိုးရဟာ မတူတဲ့ဘာသာရေးတွေအကြား မှာ လုံးဝ ဘယ်ဘက်မှမပါဘဲ ကြားနေခဲ့ပါတယ်။ စင်ကာပူနိုင်ငံသား တွေဟာ ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်ခွင့်ရှိကြပါတယ်။

၁၉၈၇

*

ဘာသာရေးကို နိုင်ငံရေးထဲမှာ ရောလာစေလို့မဖြစ်ပါဘူး။ အဲဒီလို ရောလာမယ်ဆိုရင် နိုင်ငံရေးအယူအဆ မတူခြင်းကနေပြီး ဘာသာရေး ပဋိပက္ခတွေ ဖြစ်သွားနိုင်ပါတယ်။ အဲဒီလိုဖြစ်လာတဲ့အခါ ကျွန်တော်တို့ ရဲ့ အမျိုးမျိုးသော ဘာသာရေး အသိုင်းအဝန်းတွေအတွင်းမှာ၊ ကျွန်တော်တို့ရဲ့ လူ့အဖွဲ့အစည်းအတွင်းမှာ နက်ရှိုင်းတဲ့ အမျက်ရန်ငြိုး တွေကနေပြီး ကြေကွဲဝမ်းနည်းစရာတွေ ဖြစ်ကုန်မယ်။

၁၉၈၇

*

ဘာသာရေးဟာ အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် အင်အားတစ်ရပ် မဖြစ်နိုင်ပါဘူး။ ကျွန်တော်တို့ရဲ့ ဘာသာပေါင်းစုံပြွမ်းနေတဲ့ လူမှုအသိုင်းအဝန်းမှာ ဘာသာအချင်းချင်း သဟဇာတရှိရေးအတွက် လောကီရေးသက်သက် ဝါဒဟာ မရှိမဖြစ် အရေးကြီးပါတယ်။

၁၉၉၀

*

အကြမ်းဖက်ဝါဒကို တိုက်တဲ့စစ်ဟာ အစ္စလာမ်ဝါဒကို တိုက်တဲ့စစ်မဟုတ်ဘူးဆိုတာ အလေးအနက်ထားတတ်ကြဖို့လိုပါတယ်။ မွတ်စလင်တွေအများစုဟာ အကြမ်းဖက်ဝါဒနဲ့သော်လည်းကောင်း၊ အစွန်းရောက်ဝါဒနဲ့သော်လည်းကောင်း မပတ်သက်ကြပါဘူး။ သို့သော်လည်း စစ်သွေးကြွ အကြမ်းဖက်သမားတွေက အစ္စလာမ်ဘာသာကို မောင်ပိုင်စီးထားတဲ့သဘောပါ။ အကြမ်းဖက်ဝါဒရဲ့ မောင်းနှင်အားအဖြစ် အသုံးပြုနေကြတာပါ။ အဲဒီဘာသာရေးကို ပြင်းထန်တဲ့ လိမ်ညစ်မှုမျိုးလုပ်နေကြတာပါ။ မွတ်စလင်လောကတစ်ခုလုံး အနှံ့အပြားမှာ စစ်သွေးကြွတွေက အမျိုးဘာသာကို ပုံစံတစ်မျိုးသွင်းဖို့ လုပ်လာကြတာပါ။

၂၀၀၂

*

နိုင်ငံတကာ ဆက်ဆံရေး

လွန်ခဲ့သော စက်တင်ဘာလတုန်းက ရုရှားရဲ့ ပထမဦးဆုံးဂြိုလ်တုကို လွှတ်တင်လိုက်တဲ့အခါ အဲဒီဂြိုလ်တုဟာ သိပ္ပံနဲ့ နည်းပညာခေတ်သစ်ကို သင်္ကေတအဖြစ် ပြသလိုက်တယ်။ လူသားတွေရဲ့သဘာဝအပေါ် အောင်နိုင်မှုကို သင်္ကေတအဖြစ် ပြသလိုက်တယ်။ ဒါပေမဲ့ ကမ္ဘာကြီးတစ်ခုလုံးဆီသို့ ပျော်ရွှင်ဝမ်းသာမှုကို ဆောင်ကြဉ်းပေးရမယ့်အစား ဒီအောင်မြင်မှုက ကမ္ဘာကြီးရဲ့တစ်ဝက်မှာ စိုးရိမ်ထိတ်လန့်မှုနဲ့ စိတ်အားငယ်မှုကို ဆောင်ကြဉ်းပေးခဲ့တယ်။ အမေရိကန်ကလည်း သူတို့ရဲ့ဂြိုလ်တုကို လွှတ်တင်ဖို့ အရူးအမူးနဲ့ ကြိုးပမ်းလာခဲ့တယ်။ သူတို့အပေါ် လူလိုက်ပါနိုင်တဲ့ ရုရှားဂြိုလ်တုတွေက အောင်နိုင်မှုရယူပြီး ဖျက်ဆီးသွား တော့ မှာ လား ဆို တော့ စိုးရိမ်ထိတ်လန့်မှုတွေ ဖြစ်လာတယ်။ လူသားက အာကာသကို အောင်မြင်မှုရလိုက်တယ်လို့ ဆိုနိုင်ပေမဲ့လည်း အခုလို အာကာသခေတ်မှာမဟုတ်တဲ့ ကျောက်ခေတ်ကာလမှာ မိမိတို့ရဲ့ အသက်ရှင်ရပ်တည်နိုင်မှုအတွက် လိုအပ်တဲ့ မွေးရာပါစိတ်နဲ့ စိတ်ခံစားချက်တွေကို အောင်နိုင်အောင် ဘယ်လိုလုပ်ရမယ်ဆိုတာကိုတော့ လူသားက မသိသေးပါဘူး။

၁၉၅၈

*

ဘယ်သူမျှ ကိုယ့်အိမ်နီးချင်းနိုင်ငံတွေက အထူးသဖြင့် နိုင်ငံငယ်ကလေးက သူတို့ရဲ့ခေါင်းဆောင်တွေအတွက် ဘာတွေလုပ်ကိုင်သင့်ကြ

တယ်လို့ အပြောမခံချင်ကြပါဘူး။

၁၉၆၃

*

လူတွေဟာ မိမိတို့ ဘဝတူ လူအချင်းချင်းအပေါ်မှာ ခေါင်းပုံဖြတ်တာ မှားယွင်းတယ်ဆိုရင် ချမ်းသာကြွယ်ဝတဲ့ နိုင်ငံတစ်နိုင်ငံ ဒါမှမဟုတ် ချမ်းသာကြွယ်ဝတဲ့နိုင်ငံတွေ အစုအဖွဲ့တစ်ခုက ဆင်းရဲတဲ့နိုင်ငံတစ်နိုင်ငံ ဒါမှမဟုတ် ဆင်းရဲတဲ့နိုင်ငံ အစုအဖွဲ့တစ်ခုအပေါ် ခေါင်းပုံဖြတ်တာဟာလည်း မှားယွင်းတာပါပဲ။ လူတစ်ဦးရဲ့ပစ္စည်းဥစ္စာပိုင်ဆိုင်မှု ဒါမှမဟုတ် အဲဒီလူရဲ့ ဂုဏ်အဆင့်အတန်းကို အကြောင်းပြုပြီး သူ့ထက် ကံဆိုးရှာတဲ့ ဘဝတူ လူအချင်းချင်းအပေါ် ခေါင်းပုံဖြတ်ခွင့်ပြုထားတာဟာ တရားမျှတမှုမရှိဘူး၊ စီးပွားရေးအရ ခေတ်နောက်ကျတယ်၊ ရှေးဆန်တယ်ဆိုရင် ထို့အတူပါပဲ၊ ဘယ်နိုင်ငံ ဘယ်နိုင်ငံအစုဖွဲ့ကိုမှ သူတို့ရဲ့ စက်မှုလက်မှုဆိုင်ရာ အရင်းအနှီးနဲ့ နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုတွေ၊ သိပ္ပံအတက်ပညာတွေ ပိုင်ဆိုင်မှုကို အကြောင်းပြုပြီး သမိုင်းမှာ အကြောင်းအားလျော်စွာ ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်အရာတွေကို မရလိုက်ရှာတဲ့ အခြားနိုင်ငံအစုအဖွဲ့တစ်ခုကို ခေါင်းပုံဖြတ်ခွင့် မပြုသင့်ပါဘူး။

၁၉၆၆

*

ဘာကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံတွေက သူတို့ရဲ့အကူအညီတွေကို သူတို့ ဂျီဒီပီရဲ့ နှစ်ရာနှုန်း သို့မဟုတ် တစ်ရာခိုင်နှုန်းလောက်ကို ဖွံ့ဖြိုးမှုမရှိသေးတဲ့နိုင်ငံတွေကို ပေးသင့်ပါသလဲ၊ မဖွံ့ဖြိုးသေးတဲ့နိုင်ငံတွေ အများအပြား

ဟာ အနောက်နိုင်ငံတွေနဲ့ယှဉ်ရင် နိုင်ငံရေးအရ ခေတ်နောက်ကျကြတယ်။ အချို့နိုင်ငံတွေမှာက အဂတိလိုက်စားတဲ့ အစိုးရတွေရှိနေတယ်။ ပြီး တော့ အဲဒီမဖွံ့ဖြိုးသေးတဲ့ နိုင်ငံအားလုံးနီးပါးဟာ သူတို့ပေးတဲ့ အကူအညီကိုလည်း လူသိရှင်ကြား ကျေးဇူးမတင်ကြဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီအကူအညီဆိုတာကို သူတို့က ရသင့်တဲ့ အခွင့်အရေးတစ်ရပ်ရယ်လို့ မျှော်လင့်ထားကြတာကိုး။

၁၉၆၆

*

ကျွန်တော်တို့က မိတ်ဆွေတွေ များနိုင်သမျှ များများရချင်ပြီး ရန်သူတွေ နည်းနိုင်သမျှ နည်းနည်းပဲရလိုပါတယ်။ ပြီးတော့ လူတစ်ယောက်ကို ရန်သူပဲလို့ ပြောလိုက်ခြင်းဟာ အဲဒီလူဟာ ခင်ဗျားရဲ့ရန်သူ ဖြစ်လာစေမယ့် အသေချာဆုံးနည်းပါပဲ။

၁၉၆၈

*

ဗီယက်နမ်မှာ ဖြစ်ပျက်နေတာကို ကြည့်လိုက်ရင် နိုင်ငံတွေဟာ ကိုယ့်နိုင်ငံအတွင်းမှာ တင်းမာမှုကို ပျောက်ပျက်သွားအောင် ဒါမှမဟုတ် လျော့နည်းသွားအောင် မလုပ်နိုင်ဘူးဆိုရင် ကမ္ဘာရဲ့ အခြားနေရာဒေသတွေမှာလည်း ဘာတွေဖြစ်လာနိုင်တယ်ဆိုတဲ့ ရှေ့ပြေးနိမိတ် တွေ့လိုက်ရသလိုရှိတယ်။ တင်းမာမှုဆိုတာက ကိုယ်ပြည်တွင်းမှာရှိနေတဲ့ မညီမျှမှုတွေ၊ အလွန်စက်ဆုပ်စရာ မသတီစရာကောင်းတဲ့ မနဥစ္စာနဲ့ အခွင့်အလမ်း မညီမျှမှုတွေကြောင့်ပါပဲ။ အဲဒီ မညီမျှမှုတွေက မုန်းတီးခါးသီးမှုတွေ ကို ပေါက်ဖွားပေးပြီး နောက်ဆုံးတော့ ဆူပူတော်လှန်မှုတွေအထိ

ဖြစ်သွားစေတာ ဖြစ်ပါတယ်။

၁၉၇၅

*

ကျွန်တော်တို့ဟာ အတိတ်တုန်းက စဉ်းစားဆင်ခြင်ညဏ်သိပ်မရှိတဲ့ ခေါင်းဆောင်တွေနဲ့ နေလာခဲ့ကြရတယ်။ ဆူကာနိုဟာ ၁၉၆၃ ခုနှစ်ကစပြီး မလေးရှားနဲ့ (စင်ကာပူလည်း ပါတာပေါ့) ထိပ်တိုက်ရင်ဆိုင်တိုးမှုကို အရှိန်မြင့်လုပ်လာတဲ့အခါ ကျွန်တော်တို့ဟာ ကိုယ့်ကို ကာကွယ်ပေးဖို့ အတွက် ဗြိတိသျှတို့ကိုပဲ အားကိုးခဲ့ရတယ်။ ထိပ်တိုက်ရင်ဆိုင်မှုတွေဟာ ဆင်ခြင်တိုင်းထွာနိုင်တဲ့ ဆူဟာတို အာဏာသိမ်းတက်လာတဲ့ ၁၉၆၆ ခုနှစ်ကျတော့မှပဲ နိဂုံးချုပ်သွားတယ်။

၁၉၈၇

*

ဧည့်ခန်းထဲကို ညစဉ်ထုတ်လွှင့် ပို့ပေးလိုက်တဲ့ ဂြိုလ်တုစလောင်းကပုံ တွေ က ကြည်လင်ပြတ်သားစွာနဲ့ ကျွန်တော်တို့ဟာ ဘေးဒုက္ခတွေ ပြွမ်းနေတဲ့ ကမ္ဘာကြီးမှာ နေနေကြရပါကလားဆိုတာကို ပြနေပါတယ်။ ဆင်းရဲချမ်းသာကွာခြားမှုကလည်း ကြီးကြီးမားမားရှိနေဆဲပဲ။ ဓနသဟာယနိုင်ငံတွေကသာ ဆင်းရဲတဲ့နိုင်ငံတွေနဲ့ ချမ်းသာတဲ့နိုင်ငံတွေ အချင်းချင်း ပွင့်ပွင့်လင်းလင်းပြောဆိုနိုင်တဲ့ အခင်းအကျင်း နည်းနည်းပါးပါးထဲက တစ်ခုဖြစ်နေတော့တယ်။

၁၉၈၉

*

ဩဇာကလေး ရလာဖို့ ဂျပန်ဟာ နိုင်ငံတကာစိတ်မျိုး ပိုလို့ ရှိလာခဲ့ရ တယ် ။ သူ့ရဲ့အတွေးအမြင်ကို ကိုယ့်ကိုယ်ကိုယ်ပဲ ဗဟိုပြုတွေးတဲ့ အတွေးအမြင်မျိုးကနေ အပြင်ကို ထွက်ကြည့်တဲ့အမြင်မျိုး ပိုရှိလာရ တယ်။ နိုင်ငံခြားသားတွေကို ပိုပြီး တံခါးဖွင့်ပေးပြီး ဖော်ရွေပျူငှာ လုပ် လာကြရတယ်။ အထူးသဖြင့် ဂျပန်က အထင်သေးစိတ်နဲ့ကြည့်လေ့ရှိတဲ့ ဘ ဝ တူ အာ ရှ တို က် သား တွေ ကို ပေါ့ ။ လူ့အဖွဲ့အစည်းတစ်ခုဟာ ယဉ်ကျေးရည်မွန်တော့ ရှိပါရဲ့၊ နွေးထွေးပျူငှာ မရှိဘူးဆိုရင် အခြား လူမျိုးတွေက အဲဒီလူ့အဖွဲ့အစည်းကို လက်မခံချင်တော့ဘူး၊ အားကျ အတုယူလည်း မလုပ်ချင်ကြတော့ဘူး။

၁၉၉၁

*

ဂျပန်က လက်နက်ပြန်လည်တပ်ဆင်လာမှာကို ထိတ်လန့်စိုးရိမ်ရ တဲ့ ကြောက်ရွံ့မှုမျိုးကတော့ စဉ်းစားဆင်ခြင်မှုထက် စိတ်ခံစားချက်မျိုး ပိုဖြစ်နေတဲ့သဘောပါ။ သို့သော်လည်း အရှေ့အာရှနိုင်ငံ အများအပြားရဲ့ အပြုအမူတွေကို ဂျပန်ဟာ တစ်နေ့သောအခါမှာ ကျူးကျော်သိမ်းပိုက်မှု တွေ လုပ်လာလိမ့်မယ်ဆိုတဲ့ တော်တော်ဝေးသေးတဲ့ ကိစ္စသာမက ဂျပန် ဟာ ဒေသအတွင်းမှာ ပိုမိုကျယ်ပြန့်တဲ့ လုံခြုံရေးတာဝန်ကဏ္ဍကို ယူလာ ဖွယ်ရှိတယ်ဆိုတဲ့အတွေးအမြင်တွေက လွှမ်းမိုးနေတယ်ဆိုတာ ကတော့ ပကတိအရှိတရား ဖြစ်နေတယ်။

၁၉၉၂

*

ကံဆိုးတာက ဂျပန်ဟာ ဒုတိယကမ္ဘာစစ်အတွင်းက သူကျူးလွန်ခဲ့

တဲ့ ရက်စက်ကြမ်းကြုတ်မှုတွေ၊ ကြောက်စရာကောင်းလောက်အောင် ပြုမူခဲ့တာတွေကို ဂျာမန်တွေလို ပွင့်ပွင့်လင်းလင်းနဲ့ ဇြောင်ထုတ်ဖော်ပြောဆိုမှုမရှိခြင်းပဲ။ အဲဒီအကြောင်းကိုပြောဖို့ ရှောင်ဖယ်နေခြင်းအားဖြင့် ခံခဲ့ကြရတဲ့နိုင်ငံတွေက သူ့ကိုသံသယဖြစ်ကြတယ်။ ဂျပန်ဟာ သူပြုခဲ့တဲ့ ဒီအပြုအမူတွေကို မှားတယ်လို့တောင် မထင်ဘူးလားလို့ စိုးရိမ်ကြတယ်။ အဲဒါကြောင့် ဂျပန်ဟာ စိတ်ဓာတ် တကယ်မပြောင်းသေးဘူးလို့ သံသယရှိကြပါတယ်။

၁၉၉၂

*

အမေရိကန်တွေဟာ တကယ့်သာသနာပြုတွေပဲ။ သူတို့ဟာ အခြားလူတွေကို သူတို့ဘာသာထဲရောက်လာအောင် လုပ်ဖို့ဆိုရင် ချီးနှိမ်လို့မရတဲ့ စိတ်ဆန္ဒမျိုးရှိကြတယ်။

၁၉၉၂

*

ကမ္ဘာကြီးကို နိုင်ငံတွေအမျိုးမျိုးနဲ့ ပိုင်းခြားထားတယ်ဆိုပေမဲ့ ဘယ်နိုင်ငံမှ အခြားနိုင်ငံက ဆက်သွယ်လို့မရနိုင်ဘူးဆိုတာ မရှိတော့ဘူး။ စိမ့်ဝင်လို့မရဘူးဆိုတာ မရှိတော့ဘူး။ ဩဇာမညောင်းနိုင်ဘူးဆိုတာလည်း မရှိတော့ဘူး။ ကျွန်တော် တို့ ကမ္ဘာကြီး ဟာ အချင်းချင်းအပြန်အလှန် အကျိုးပြုနေရတဲ့၊ အချင်းချင်း အပြန်အလှန် မှီခိုနေရတဲ့ ကမ္ဘာကြီး ဖြစ်လာပြီ။ ကမ္ဘာကြီး ပူနွေးလာမှုပဲဖြစ်ဖြစ်၊ အန္တာတိကပေါ်က အိုဇုန်းလွှာပဲကိစ္စပဲဖြစ်ဖြစ်၊ နျူးကလီးယားယိုစိမ့်မှုပဲ ဖြစ်ဖြစ်၊ လူဦးရေပဲဖြစ်ဖြစ် တစ်နိုင်ငံက တစ်နိုင်ငံကို ကူးဆက်နေပြီး လောကကြီးကို ဒုက္ခ

ပေးနေတဲ့ ပြဿနာတွေဖြစ်နေကြလို့ တစ်ကမ္ဘာလုံးကပဲ ဖြေရှင်းသွားကြမှာဖြစ်တယ်။

၁၉၉၂

*

ရာမို့စ်အစိုးရဟာ သာမန် ဖိလစ်ပိုင်ပြည်သူတွေကို နိုင်ငံရေးဆိုတာ သီချင်းတွေဆိုကြ၊ စားပွဲသောက်ပွဲတွေနဲ့ လက်ဆောင်တွေပေးကြတဲ့ ရွေးကောက်ပွဲတွေချည်းသက်သက် မဟုတ်သေးဘူး၊ နိုင်ငံရေးဆိုတာ အဲဒီပြည်သူတွေရဲ့ဘဝတွေ၊ အလုပ်အကိုင်နဲ့ လုပ်ခတွေ၊ အိမ်တွေ၊ ကျောင်းတွေနဲ့ ဆေးရုံတွေကိစ္စပါ ဖြစ်တယ်လို့ သိနားလည်အောင် လုပ်ပေးနိုင်မယ်ဆိုရင် အခြေအနေတွေဟာ သိသိသာသာကြီး ပြောင်းလဲသွားလိမ့်မယ်။ သာမန်ဖိလစ်ပိုင်လူမျိုးတွေက တိုင်းပြည်ရဲ့ စီးပွားရေးတန့်နေတာ၊ သူတို့ အလုပ်လက်မဲ့ ဖြစ်နေတာတွေဟာ ကိုယ်ကျိုးမျှော်လင့်ချက်တွေ၊ အဂတိလိုက်စားတဲ့ နိုင်ငံရေးနဲ့ အထွေထွေ မတည်ငြိမ်မှုကြောင့် ယုံကြည်မှုမရှိကြတာကြောင့်သာ ဖြစ်တယ်လို့ သိနားလည်လာကြလိမ့်မယ်။ အဲဒီအခါမှာ ရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာပြီး အလုပ်အကိုင်တွေ ပေးလာနိုင်အောင် သူတို့ဟာ တရားဥပဒေစိုးမိုးရေးနဲ့ စည်းကမ်းကို တည်ထောင်လိုတဲ့၊ မြင့်မားတဲ့အကောက်ခွန်တွေ လျှော့ချပေးမယ်၊ လုပ်ငန်းလိုင်စင်ကို ခွဲတမ်းချထားတာတွေနဲ့ အခြားကန့်သတ်ချုပ်ချယ်တဲ့ လက်ဝါးကြီး အမူအကျင့်တွေကို လျှော့ချပေးမယ့်လူမျိုးတွေကို ထောက်ခံဖို့ လှုပ်ရှားတောင်းဆိုလာကြလိမ့်မယ်။

၁၉၉၂

*

စိတ်ဓာတ်တွေ ပြောင်းလိုက်လာနေပြီ။ တစ်ကမ္ဘာလုံးကို ထုတ်လွှင့်ပေးတဲ့ ဂြိုလ်တုစလောင်း ရုပ်မြင်သံကြားတွေကြောင့် ဘယ်အစိုးရမှ ကိုယ့်ပြည်သူတွေအပေါ် ရက်စက်ကြမ်းကြုတ်မှုတွေကို ဖုံးကွယ်ဖို့မလွယ်တော့ဘူး။ နိုင်ငံတကာ ကွန်ဗင်းရှင်းအရဆိုရင်တော့ အစိုးရတစ်ရပ်က သူ့ပြည်သူတွေကို ဘယ်လိုလုပ်တယ်ဆိုတာ သူ့ပြည်တွင်းရေးကိစ္စဖြစ်ပြီး နိုင်ငံခြားအစိုးရတွေနဲ့ မသက်ဆိုင်ဘူး။ တစ်ကမ္ဘာလုံးမှာရှိကြတဲ့လူတွေက အဲဒီရက်စက်မှုတွေကို မြင်တွေ့ပြီး ရွံတ်ချကြမယ်၊ အဲဒီအပြုအမူတွေ ရပ်တန့်သွားအောင်တော့ တစ်ခုခုလုပ်ပေးစေချင်ကြလာတဲ့အခါ အဲဒီကွန်ဗင်းရှင်းကို ထိန်းသိမ်းလိုက်နာဖို့ခက်သွားမယ်။ အခြားတစ်ဖက်မှာလည်း အနောက်နိုင်ငံအစိုးရတွေက အခြားအစိုးရတွေနဲ့ အပြုအမူတွေကို ဝင်ရောက်စွတ်ဖက်နိုင်ဖို့အတွက် လူထုဆန္ဒသဘောထားအရဆိုတာနဲ့အကြောင်းရှာတတ်ကြတယ်။ ဒါပေမဲ့ အနောက်နိုင်ငံအစိုးရတွေဟာ ဒီလိုမတည်မငြိမ် ဆူပူလှုပ်ရှားမှုတွေနဲ့ အဲဒါတွေကို အင်အားနဲ့ဖိနှိပ်ဖြိုခွဲမှုတွေဟာ ဆိုးရွားတဲ့ စီးပွားရေးအခက်အခဲပြဿနာတွေကြောင့် ဖြစ်တာမို့ အဲဒီဆိုးရွားတဲ့ စီးပွားရေးအခက်အခဲတွေ သက်သာမှုရသွားအောင် ငွေကြေးနဲ့ ကူညီဖို့ကော အသင့်ရှိကြပါရဲ့လား။ သူတို့က ကူညီဖို့ အသင့်ပါဆိုတာနဲ့လည်း သူတို့မှာ ဝင်စွတ်ခွင့် ရှိသွားရော့လား။ သူတို့စကား နားထောင်ရမယ်ဆိုတဲ့ အခွင့်အရေးမျိုး ရသွားရောလား။

၁၉၉၂

*

အမေရိကန်တွေဟာ နိုင်ငံရေး သရုံးသရီ ဖြစ်နေကြတယ်။ သူတို့ရဲ့ ပညာရှင်တွေနဲ့ မျက်မှောက်ရေးရာတွေကို ဟောပြောရေးသားသူ၊ ထုတ်

လွှင့်သူတွေဟာ ဒါကိုသိလာကြပြီး လူသိရှင်ကြား ဆွေးနွေးလာကြတယ်။ သို့ပေမဲ့လည်း ရီပဗ္ဗလီကန်ပါတီမှာရော ဒီမိုကရက်တစ်ပါတီမှာပါ အမေရိကန် မဲဆန္ဒရှင်တွေကို ဘဝရဲ့ လက်တွေ့အချက်အလက်တွေကို ရင်ဆိုင်နိုင်အောင် လုပ်ပေးလိုတဲ့ နိုင်ငံရေးဆန္ဒမရှိကြဘူး။ အဲဒီဘဝရဲ့ လက်တွေ့အချက်အလက်တွေကတော့ သူတို့ဟာ သူတို့ရတဲ့ ငွေကြေးနဲ့ မလောက်မငနေနေကြရတယ်ဆိုတဲ့အချက်၊ ယှဉ်ပြိုင်နိုင်စွမ်းပြန်လည်ရရှိဖို့ဆိုရင် သူတို့ရဲ့အသုံးစရိတ်ကို လျှော့ချမှဖြစ်မယ်ဆိုတဲ့အချက်၊ အထူးသဖြင့် စားသုံးမှုတွေ မြင့်တက်အောင် လုပ်မပေးနိုင်မိမှာသက်သာချောင်ချိရေးကို လျှော့ချပြီး စုဆောင်းငွေနဲ့ ရင်းနှီးမြှုပ်နှံငွေမှာတိုးလာစေရမယ်၊ ပညာရေးကို တိုးတက်အောင်လုပ်ရမယ်၊ အလုပ်ခွင်စိတ်ဓာတ်တွေ တိုးတက်လာစေရမယ်ဆိုတဲ့ အချက်တွေဖြစ်ပါတယ်။

၁၉၉၂

*

မားကိုစ့် စစ်အုပ်ချုပ်ရေး မကြေညာမီကလည်း (ဖိလစ်ပိုင်မှာ) အမေရိကန်ပုံစံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက မအောင်မြင်ခဲ့ဘူး။ အဲဒီအခြေခံဥပဒေကို ၁၉၈၇ ခုနှစ်မှာ သမ္မတအကွိနို က ပြန်လည်ပြဋ္ဌာန်းခဲ့တယ်။ အဲဒီစနစ် အမေရိကန်မှာ အလုပ်ဖြစ်တယ်ဆိုတာက တိုက်ကြီးရဲ့ အကျယ်အဝန်းနဲ့စာရင် လူဦးရေက နည်းနေတဲ့နေရာမျိုးမှာ သယံဇာတအရင်းအမြစ်တွေရော ကြွယ်ဝမှုကပါ အလျှံပယ်ဖြစ်နေတာကြောင့်ဖြစ်တယ်။ အဲဒီလို ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အောက်မှာ အလုပ်လုပ်ကြရမယ်ဆိုရင်ကို ရီးယား တို့၊ ဟောင်ကောင် တို့၊ စင်ကာပူတို့လည်း အောင်မြင်မှုရနိုင်မယ်လို့ ကျွန်တော် မထင်ဘူး။ လွန်ခဲ့တဲ့ ၂၈ နှစ် ဗီယက်နမ်စနစ်နဲ့ ဂရိတ်ဆိုဆိုက်ယက်တီးခေတ်ကတည်းက အမေရိ

ကန်စနစ်ဟာ အမေရိကန်ပြည်ထောင်စုအတွက်တောင် အလုပ်လုပ်မ
ပေးနိုင်ခဲ့တော့ဘူးဆိုတာ ခင်ဗျားတို့ သတိပြုမိကြပါလိမ့်မယ်။

၁၉၉၂

*

အရှေ့အာရှဟာ နောက်ထပ်ဒေသအုပ်စုတစ်ခု တည်ထောင်ဖို့
မဟုတ်ဘဲအတူတူလက်တွဲသွားကြရမယ်။ ဒါပေမဲ့မိမိတို့နိုင်ငံ
အချင်းချင်း အကြားမှာရော အမေရိကန်နဲ့ ကနေဒါတို့နဲ့ပါ ရင်းနှီးတဲ့
စီးပွားဆက်ဆံရေးမျိုးရအောင် လုပ်သွားကြရမယ်။ မြောက်အမေရိက
လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီချက် (NAFTA) အတည်ပြု
လက်မှတ်ရေးထိုးပြီးတဲ့အခါ နပ်ဖ်တာနဲ့လည်း ရင်းနှီးတဲ့ စီးပွားရေး
ဆက်ဆံမှုထူထောင်သွားကြရမယ်။ ရေရှည်ရည်မှန်းချက်ကတော့
APEC အဖွဲ့ဝင်တွေအကြားမှာ ကုန်သွယ်ရေးသဘောတူညီချက်
လွတ်လွတ်လပ်လပ် ရကြဖို့ ဖြစ်သင့်တယ်။ တစ်နည်းပြောရရင် နပ်ဖ်
တာကိုတစ်ဆင့်ပြီးတစ်ဆင့်နဲ့ PAFTA (ပစိဖိတ်အာရှ၊ လွတ်လပ်စွာ
ကုန်သွယ်ရေးဒေသ) အဖြစ်သို့ ပြောင်းယူသွားရမယ်။

၁၉၉၃

*

အင်တိုက်အားတိုက် တက်တက်ကြွကြွ ရှိနေကြပေမဲ့လည်း ဆင်းရဲ
မြဲ ဆင်းရဲနေဆဲ အရှေ့အာရှကနိုင်ငံတွေဟာ လောလောဆယ်မှာတော့
စွမ်းအင်ကို ငြိမ်းချမ်းတဲ့နည်းနဲ့ ရနိုင်ရာထွက်ပေါက်တွေကနေ ရအောင်
ကြိုးပမ်းနေကြပါတယ်။ အဲဒီနိုင်ငံတွေဟာ ကုန်သွယ်ရေးနဲ့
ရင်းနှီးမြှုပ်နှံမှုတွေက ရနိုင်တဲ့ထွက်ပေါက်တွေကို ငြင်းပယ်ခံလာရမယ်

ဆို ရ င် အဲဒီနိုင်ငံတွေရဲ့စွမ်းအင်တွေက အ ဆုံး မှာ စစ်ပွဲကြီးတွေအထိ ရောက်သွားနိုင်တဲ့ ပဋိပက္ခတွေကို ဦးတည်သွားလိမ့်မယ်။ ဥပမာအားဖြင့် တရုတ်လူမျိုးတိုင်းဟာ Romance of Three Kingdoms (သုံးနိုင်ငံအချစ်ဇာတ်လမ်း) က နေ ပြီး ရှေးခေတ်တရုတ်ပြည်မှာ ပိုပြီးတက်ကြွအား ကော င်း တဲ့ လူ မျိုး တ စ် မျိုး အ တွ က် ပိုမိုချမ်းသာကြွယ်ဝကြီးပွားတိုး တ က် စေ ဖို့ န ည်း က တော့ အိ မ် နီး ချ င်း နိုင် ငံ တွေ က နယ်ပယ်တွေတော်တော်များများနဲ့ လူမျိုးတွေကို မိမိတို့နိုင်ငံအတွင်း သွတ်သွင်းခြင်းနည်းပဲဆိုတာ သိထားကြတယ်။ အဲဒီလိုလုပ်တဲ့အခါ အောင်နိုင်သူဟာ နယ်မြေတွေအမျိုးမျိုး၊ ရာသီဥတုတွေ အမျိုးမျိုးနဲ့ လူမျိုးတွေအမျိုးမျိုး ရှိလာတယ်။ ကုန်ပစ္စည်းနဲ့ ဝန်ဆောင်မှုတွေအမျိုးမျိုး ရောင်းဝယ်ဖလှယ်ခြင်းအားဖြင့် ပိုမိုကျယ်ပြန့်တဲ့ ဓနအခြေခံ ရသွားတော့တယ်။

၁၉၉၃

*

အ င် နဲ့ အား နဲ့ ပြော င်း လဲ နေ တဲ့ အာ ရှ ရဲ့ ပြောင်းလဲမှုအင်အားအစိတ်အပိုင်းတစ်ရပ်ဖြစ်ဖို့ သြ စ တြေး လျ န် တွေ က အာရှတိုက်သားဖြစ်လာဖို့ မလိုပါဘူး။ အာရှရဲ့ဓလေ့စရိုက်တွေအတိုင်း ဖြစ်လာဖို့မလိုပါဘူး။ ဒါပေမဲ့ သြစတြေးလျန်တွေဟာ အာရှတိုက်သားတွေကို နားလည်ဖို့တော့ လိုပါမယ်။ အာ ရှ တို က် သား တွေ နဲ့ အေး အေး ဆေး ဆေး ငြိမ်းငြိမ်းချမ်းချမ်း နေလို့ဖြစ်ပါတယ်လို့ သူတို့က ခံယူနိုင်ဖို့ လိုသလို အာရှတိုက်သားတွေကလည်း အလားတူ စိတ်မှာ ဖြစ်လာဖို့တော့ လိုပါတယ်။ ဒါမှလည်း သူတို့ဟာ အာရှတိုက်သားတွေနဲ့အတူ ခွင့်တူညီမျှ သက်သောင့်သက်သာနဲ့ အတူလက်တွဲလုပ်နိုင်မှာ ဖြစ်ပါတယ်။ သြစတြေးလျန်တွေက အာ ရှ တို က် သား တွေ ကို ကောင်းကောင်းလက်မခံနိုင်ဘူးဆိုရင်

သို့မဟုတ် ကိုယ်နဲ့ တန်ဖိုးထားတာချင်းမတူ၊ ဓလေ့စရိုက်ချင်း မတူတဲ့ လူတွေဆိုပြီး အဖက်မတန်ဘူးလို့ ထင်နေရင် အဲဒါမျိုးက ဖြစ်လာနိုင်မယ်မဟုတ်ဘူး။

၁၉၉၄

*

စီးပွားရေးနဲ့ နိုင်ငံရေးနယ်ပယ်မှာ ဂျပန်က ကမ္ဘာ့ဈာတ်ခုံပေါ်က တက်ကသူတွေဖြစ်ဖို့ဆိုရင် သူတို့ရဲ့ လူအဖွဲ့အစည်းဟာ အမေရိကန်လိုပဲ အလွယ်တကူ နားလည်နိုင်တဲ့ ပွင့်လင်းတဲ့လူအဖွဲ့အစည်းမျိုး ဖြစ်လာဖို့လိုပါတယ်။ အခြားနိုင်ငံတွေရဲ့ လေးစားအားကျမှုမျိုးကို ခံယူရရှိနိုင်ဖို့လိုပါတယ်။ ဂျပန်က အခြားနိုင်ငံတွေနဲ့မတူတဲ့ ယဉ်ကျေးမှုမျိုးရှိတဲ့ နိုင်ငံအဖြစ်မျိုးကို ဆုပ်ကိုင်ထားလို့မဖြစ်ပါဘူး။ အဲဒီလို တို့က ဘယ်လူမျိုးနဲ့မှ မတူဘူးဆိုတာမျိုးအစား အခြားနိုင်ငံတွေက သူတို့ရဲ့စနစ်တွေတိုးတက်လာပိုပြီးအောင်မြင်မှုရလာဖို့အတွက် ဂျပန်ကိုစံနမူနာအဖြစ်ယူလာစေပြီး ဂျပန်ယဉ်ကျေးမှုရဲ့ အစိတ်အပိုင်းတွေကို ယူသွားရတဲ့နိုင်ငံတွေဖြစ်လာဖို့လိုပါတယ်။ ဒီလိုဖြစ်ဖို့ဆိုတာကလည်း ဂျပန်ခေါင်းဆောင်တွေရဲ့ ခံယူတွေးခေါ်ပုံ (mindset)ကို ပြောင်းပစ်ဖို့ အများကြီးလိုပါမယ်။ အထူးသဖြင့် နိုင်ငံရေးမှာ မီဒီယာတွေမှာနဲ့ ပညာရှင်တွေမှာရှိတဲ့ ခေါင်းဆောင်တွေရဲ့ mindset ကို ပြောင်းဖို့လိုပါမယ်။

၁၉၉၄

*

အကယ်၍ အမေရိကန်က တရုတ်ရဲ့တိုးတက်မှုကို တိုးတက်မှုမရအောင် ကဖျက်ယဖျက် လုပ်ခဲ့မယ်ဆိုရင် တရုတ်ကလည်း သူ အဲဒီလို

မျိုး လုပ်လာနိုင်တဲ့အခါ အလားတူ ပြန်လုပ်လာမှာ သေချာတယ်။

၁၉၉၄

*

တရုတ်၊ ဂျပန်နဲ့ ကမ္ဘာ့ အခြားနေရာတွေမှာ ဘာဖြစ်နေတယ်ဆိုတဲ့ အချက်က ကျွန်တော်တို့ မှီတင်းနေထိုင်ရာကမ္ဘာကြီး ဘယ်လိုကမ္ဘာကြီး မျိုး ဖြစ်လာမယ်ဆိုတာကို အဆုံးအဖြတ် ပေးသွားလိမ့်မယ်။ ကမ္ဘာကြီး မှာ အကောင်းဆုံးကတော့ ဒုတိယကမ္ဘာစစ်ဖြစ်လာအောင် တွန်းပို့ခဲ့တဲ့ အင်ပါယာနိုင်ငံတွေက သူတို့စိတ်ကြိုက် လုပ်သွားတာတွေ၊ ငွေကြေး တန်ဖိုးချပစ်တဲ့ မူဝါဒတွေ ချမှတ်ကြတဲ့ဟာမျိုးတွေလို နောက်ထပ်မမှား မိကြဖို့ပဲ ဖြစ်ပါတယ်။ ကမ္ဘာကြီးဟာ သိပ္ပံနဲ့ နည်းပညာ တိုးတက်လာ တာ တွေ ကြောင့် အတွေးအခေါ် အယူဝါဒတွေ၊ ဘာသာရေးတွေ၊ ယဉ်ကျေးမှုတွေ၊ လူမျိုးရေးတွေနဲ့ ခွဲပစ်လို့ မရနိုင်လောက်အောင် ပေါင်းစည်းနေမိပါပြီ။ ကမ္ဘာကြီးမှာ ကျွန်တော်တို့ဟာ အချင်းချင်း ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ သဘောတွေ ဖြစ်လာလို့ ပျက်စရာရှိရင် သူ ရောကိုယ်ပါ အတူတူပျက်ကြမယ့် ကမ္ဘာကြီးမျိုး ဖြစ်နေပါပြီ။

၁၉၉၄

*

အာရှဟာ အမေရိကန်မပါဘဲနဲ့ ကိုယ့်ဘာသာကိုယ် အင်အား ချိန်ခွင်လျှာမျှညီအောင် လုပ်နိုင်တဲ့နည်းမတွေ့နိုင်ပါဘူး။ ညီမျှခြင်းထဲက အမေရိကန်ကို ဖယ်ထုတ်လိုက်မယ်ဆိုရင် ကိုရီးယားနဲ့ ဂျပန် ပေါင်းပြီး တော့ အ ပြင် ကျန်တဲ့အရှေ့တောင်အာရှ၊ ဗီယက်နမ်၊ အာဆီယံ၊ ဩစတြေးလျနဲ့ နယူးဇီလန်တို့နဲ့ပါ ဆိုတောင်မှာ တရုတ်နဲ့ အင်အားချင်း

ညီ မျ အော င် လုပ် နိုင် မှာ မ ဟု တ် ပါ ဘူး။ ဂျ ပ န် က နျူးကလီးယား လက်နက်နိုင်ငံဖြစ်လာဖို့နဲ့ အကြီးအကျယ် လက်နက်ပြန်လည်တပ်ဆင်ဖို့ ဆုံးဖြတ်ခြင်းမျိုး မပြုခဲ့ဘူးဆိုရင် ချိန်ခွင်လျှာမျှညီမှု မရှိတဲ့အတွက် တစ်ဖက်စောင်းနင်း ဖြစ်နေလိမ့်မယ်။ အဲဒီလိုဖြစ်လာရင် ကမ္ဘာကြီးဟာ အ လွန် အ နှ္တ ရာ ယ် ကြီး တဲ့ ကမ္ဘာကြီးမျိုး ဖြစ်လာမယ်။ ဒါကြောင့် အနာဂတ်ဟာ အာရှဒေသမှာ အမေရိကန်ရှိနေမှုကို ထိန်းထားနိုင်ခြင်း အပေါ် တည်မှီနေလိမ့်မယ်။ ကျွန်တော့်အထင်ကတော့ အာရှကလည်း ကမ္ဘာကြီးရဲ့စီးပွားရေး တိုးတက်လာမှုမှာ ပါလာပြီမို့ ဒေသအတွင်းမှာ အ မေ ရိ က န် ရှိ နေ မှု ကို ကာ လ အ တန် ကြာ လော က် အ ထိ ဆက်လက် လက်ခံထားပါလိမ့်မယ်။

၁၉၉၅

*

အာ ရှ ရဲ့ မျိုး ဆ က် တွေ ဟာ အ ထူး သ ဖြ င့် ခေါင်းဆောင်တွေဟာ အချင်းချင်းမတည့်ဘဲ ရန်ဖြစ်လိုက်၊ စစ်ဖြစ်လိုက်မယ်ဆိုရင် မွဲပြာကျသွား မှာ ပဲ ဆို တဲ့ သ င် ခ န်း စာ ကို တော့ ရ ထား ကြ ပါ တ ယ်။ ဘယ်လိုပဲ ဖြ စ် ဖြ စ်၊ ငြ င်း ကြ ခုံ ကြ နဲ့ ဒါ ပေ မဲ့ နော က် ဆုံး မှာ တော့ အတူတူ ဆောင်ရွက်သွားကြပါစို့။ ကုန်သွယ်ကြပါစို့။ အလုပ်တွေ လုပ်သွားကြပါစို့။ သူလည်း ကြီးပွားတိုးတက်၊ ကိုယ်လည်း ကြီးပွားတိုးတက်ပေါ့။ အဲဒါပဲ အကောင်းဆုံးဖြစ်ပါတယ်။

၁၉၉၆

*

တ ရု တ်-ဂျ ပ န် ဆ က် ဆံ ရေး ဟာ ကိုင် တွ ယ် စီ မံ ဖို့ အ ခက်ခဲ ဆုံး ဖြစ်

တယ်။ ဂျပန်နဲ့ တရုတ်တို့ 'ပုံမှန်' ဆက်ဆံရေးဖြစ်ဖို့ မလွယ်ဘူး။ နှစ်နိုင်ငံကပ်လျက် တည်ရှိနေမှုနဲ့ သမိုင်းတို့က သူ တို့ ရဲ့ ဆက်ဆံရေးမှာ ရှုပ်ထွေးမှုဖြစ်စေတယ်။ သို့သော်လည်းပဲ ဂျပန်နဲ့ တရုတ်တို့ဟာ တစ်ဦး ရဲ့အကျိုးကို တစ်ဦးက ဖြည့်စွက်ပေးနေရတဲ့သဘောရှိတယ်။ တရုတ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်တဲ့နည်းပညာနဲ့ အရင်းအနှီးက ဂျပန်မှာရှိတယ်။ တရုတ်က ဂျပန်အတွက် ဈေးကွက်တွေရှိတယ်။ သူတို့နှစ်ဦး အကြားမှာရှိနေတဲ့ အတားအဆီးကတော့ တစ်ဦးအပေါ်တစ်ဦး ဆက်ဆံရေးကောင်းရင် နှစ်နိုင်ငံအကျိုးဖြစ်နိုင်တာမှန်ပေမဲ့ ဆက်ဆံရေးတိုးတက်ကောင်းမွန်လာဖို့ကို သမိုင်းကပေးထားတဲ့ သံသယအမွေက အညွန့်ချိုးထားသလိုရှိနေတယ်။

၁၉၉၆

*

ဂျပန်ရဲ့ အကောင်းဆုံးရင်းနှီးမြှုပ်နှံမှုက တရုတ်ပြည်ရဲ့ နောင်မှာ ခေါင်းဆောင်တွေဖြစ်လာနိုင်တဲ့ ငယ်ရွယ်သူမျိုးဆက်ထဲမှာ မြှုပ်နှံခြင်းဖြစ်တယ်။ ဂျပန်မှာ တရုတ်ကျောင်းသားတွေ များများရောက်လာလေလေ၊ အထူးသဖြင့် ဗဟိုခေါင်းဆောင်တွေနဲ့ ပြည်နယ်ခေါင်းဆောင်တွေရဲ့ သားသမီးတွေ ရောက်လာလေလေ၊ ရေရှည်မှာ နှစ်နိုင်ငံအကြားနားလည်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတို့ရဲ့ အလားအလာက ပိုကောင်းလာလေလေဖြစ်ပါတယ်။

၁၉၉၆

*

အမေရိကန်တွေက စင်ကာပူကို ပြစ်တင်ဝေဖန်မလုပ်တော့ဘူး။ မ

လုပ်တော့တာက စင်ကာပူနိုင်ငံသား သုံးသန်းတို့ ခံစားနေရတဲ့ ဒီမိုက
ရေ စီ နဲ့ လူ့အခွင့်အရေးတွေကို စိုးရိမ်ပူပန်ကြလို့ပဲ။ စင်ကာပူဟာ
အရှေ့တောင်အာရှ လူမျိုးပေါင်းစုံနေထိုင်တဲ့ လူမှုအသိုင်းအဝန်းအဖြစ်
အောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ အမေရိကန်ရဲ့
အနာဂတ်မှာတော့ ဘာမျှထူးခြားသွားမှာမဟုတ်ပါဘူး။ သူတို့ရဲ့ တက
ယ့်စိတ်ဝင်စားမှုအမှန်က ဖရီးဒမ်းဟောက်စ်က ပြောထားသလိုပါပဲ။ စင်
ကာပူက အမေရိကန်စတိုင် ရာနှုန်းပြည့်ဒီမိုကရေစီနိုင်ငံ ဖြစ်မလာဘဲ
လူတွေရဲ့စည်းကမ်းနဲ့ဥပဒေလိုက်နာမှုတို့၊ မြင့်မား တဲ့ စီးပွားရေး
တိုးတက်မှုတို့ကို တည်ထောင်သွားလို့ ရနိုင်တယ်ဆိုတာကို တရုတ်တို့
ကို မှားယွင်းတဲ့နမူနာသာဓက ပြပေးလိုက်တဲ့အချက်ပါပဲ။ အမေရိကန်
မီဒီယာတွေက စင်ကာပူကို အမြဲတမ်း တိုက်ခိုက်ရေးသား ပြောဆိုနေ
ကြတာလည်း ဒါကြောင့်ပါပဲ။

၁၉၉၇

*

အနောက်တိုင်းက ဟောင်ကောင်ကိုပေးထားတဲ့ လူမျိုးစွဲ နိုင်ငံစွဲ မ
ထား ဆို တဲ့ လေမျိုးနဲ့ပြောကြတဲ့ အ ပေါ် ယံ ရွှေမှုန်ကြဲစကားတွေဟာ
တ ရု တ် နိ ုင် ငံ က အဆက်မပြတ် ပြောင်းလဲလာခြင်းတွေနဲ့အတူ
တဖြည်းဖြည်း မှိန်ပျော်သွားမှာပါ။ ဟောင်ကောင်က ခေါင်းဆောင်
တွေ က တရုတ်ယဉ်ကျေးမှု ရိုက်ခတ်ချက်တွေဘက်ကို ပြန်ပြီး ရောက်
မှန်းမသိ ရောက်သွားစေတာမျိုး မသိမသာနဲ့ လုပ်မိသွားကြလိမ့်မယ်။
သူတို့ရဲ့ လက်ရှိမတူတဲ့ လူမှုဓလေ့တွေ ရောမွှေပြီးသွားတာတွေ ရှိလာ
လိမ့်မယ်။ ဗြိတိသျှစနစ်ရဲ့ ကောင်းတာတွေ၊ တရားဥပဒေစိုးမိုးမှုနဲ့
ကန်ထရိုက်တွေရဲ့ သန့်ရှင်းစင်ကြယ်မှုတွေ၊ ကူးသန်းရောင်းဝယ်ရေး

ကိ စ္စ တွေ မှာ မျှမျှတတ လုပ်ဆောင်တာတွေ၊ ပါဝင်ကစားသူတွေဟာ အ တွ င်း လူ တွေ နဲ့ အဆက်အသွယ်ရှိထားသူတွေပဲဖြစ်ဖြစ်၊ အဆက်အသွယ်မရှိတဲ့ ပြင်ပလူတွေပဲဖြစ်ဖြစ် ကစားသူတွေအကြားမှာ ညီညာတဲ့ကစားကွင်းတစ်ခု ရှိနေဖို့နဲ့ ဆုံးဖြတ်ချက်ချတဲ့ လုပ်ငန်းအရပ်ရ ပ် မှာ ပွင့်လင်းမြင်သာရှိဖို့ဆိုတာတွေကို ထိန်းသိမ်းထားနိုင်ဖို့ဆိုရင် ဟောင်ကောင်မှာ ခိုင်မာပြတ်သားတဲ့ စိတ်ဓာတ်မျိုးရှိတဲ့ အုပ်ချုပ်ရေး ခေါင်းဆောင်မျိုး လိုအပ်တယ်ဆိုတာကို ခုနပြောတဲ့အချက်က ပြနေတယ်။

၁၉၉၇

*

ကျွန်တော်ဟာ ကျွန်တော်တို့ရဲ့ နိုင်ငံရေးဘဝကို စတင်ခဲ့တဲ့ ၁၉၅၀ က တ ည်း က တရုတ်နဲ့ အိန္ဒိယ နှစ်နိုင်ငံစလုံးအပေါ် အတော်ကြီး စိတ်ဝင်စားခဲ့တယ်။ ကျွန်တော်ဟာ ဒီနိုင်ငံကြီးနှစ်နိုင်ငံဟာ ဘယ်နိုင်ငံက အောင်မြင်လာလိမ့်မလဲ ဆိုတာကိုလည်း ခွဲခြမ်းစိတ်ဖြာပြီး ကြိုတင်ခန့်မှန်းကြည့်ခဲ့တယ်။ ကွန်မြူနစ်တရုတ်ပြည်ကတော့ အောင်မြင်မှာ မဟုတ်ဘူး။ ဒီမိုကရေစီ အိန္ဒိယပြည်ကသာ အောင်မြင်လာလိမ့်မယ်လို့ ကျွန်တော်မျှော်လင့်ထားမိခဲ့တယ်။ ၁၉၈၀ ကျော်လောက်ရောက်တော့ ကျွန် တော် အမှန်အတိုင်း ပိုသိလာခဲ့ပြီး ဒီနှစ်နိုင်ငံရဲ့ ခြားနားချက်ကို လက် ခံ လာ ရ တ ယ် ။ ဒီ မို က ရေ စီ စ နစ် နဲ့ လွတ်လပ်တဲ့ဈေးကွက်တွေသာလျှင် တိုးတက်မှုနဲ့ ကြွယ်ဝမှုကိုရှိလာအောင် လုပ်ပေးနိုင်တယ်ဆိုတဲ့ဖော် မြူ လာ ကို ယုံ ကြ ည် ဖို့ က တော့ အ လွ ယ် က လေး ပါ ပဲ ။ ဒါပေမဲ့ ကျွန်တော်က သူနဲ့ ပြောင်းပြန်အဆိုကမှ မှန်တယ်ဆိုတာ ယုံကြည်လာခဲ့တယ်။ အစိုးရတစ်ရပ်ဟာ အာဏာရှင်အစိုးရပဲဖြစ်ဖြစ်၊ ဒီမိုကရက်တစ်

အစိုးရပဲဖြစ်ဖြစ် ဗဟို ကစီမံကိန်းချတဲ့ နိုင်ငံတော်ပိုင်လုပ်ငန်းသို့မဟုတ် ပြည်သူပိုင် သိမ်းယူထားတဲ့ လုပ်ငန်းတွေဟာ အရည်အချင်းညံ့ဖျင်းလာခြင်းနဲ့ ပြန်လည်ရရှိတဲ့ အကျိုးအမြတ်နည်းခြင်းတို့ကို ဖြစ်စေတယ် ဆိုတာ အမှန်အတိုင်းသိလာလို့ပါပဲ။ ဒါ့အပြင် အိန္ဒိယရောတရုတ်ပါ နှစ်နိုင်ငံစလုံးဟာ ဒီမိုကရေစီနိုင်ငံတွေပဲ ဖြစ်နေဖြစ်နေ၊ နှစ်နိုင်ငံစလုံးဟာ အာဏာရှင်နိုင်ငံ ကွန်မြူနစ်နိုင်ငံတွေပဲ ဖြစ်နေဖြစ်နေသူတို့ရဲ့လုပ်ငန်း စွမ်းဆောင်ရည်ကတော့ ခြားနားနေမှာပဲ။ အခုတော့ကျွန်တော် က ကုန်ထုတ်လုပ်မှုစွမ်းရည် နဲ့ ယှဉ်ပြိုင်နိုင်မှုရှိခြင်းကိုတိုင်းထွာတဲ့ စံသတ်မှတ်ချက် ပေတံတွေအပြင် ရလဒ်ကို အကျိုးသက်ရောက်စေနိုင်တဲ့ ဆုပ်ကိုင်ပြလို့မရတဲ့ အခြားအချက်တွေလည်း ရှိနေသေးတယ် ဆိုတာ ယုံကြည်လာတယ်။ အဲဒါတွေကတော့ ယဉ်ကျေးမှု၊ ဘာသာရေးနဲ့ အခြားစရိုက်လက္ခဏာတွေ လူမျိုးတွေရဲ့ သီးခြားဓလေ့တွေ၊ စိတ်ဓာတ်တွေဖြစ်တယ်။

၂၀၀၅

*

နိုင်ငံငယ်တစ်ခုဟာ အချုပ်အခြာ အာဏာပိုင် လွတ်လပ်တဲ့နိုင်ငံတစ်ခုအနေနဲ့ လွတ်လပ်ရေးကို ထိန်းသိမ်းထားရင်းနဲ့ပဲ မိတ်ဆွေတွေ အများဆုံး ရှိနိုင်သမျှရှိလာအောင် လုပ်ရပါမယ်။ ညီမျှခြင်းရဲ့ဘက်နှစ်ဖက်စလုံးဟာ (မိတ်ဆွေအများဆုံး ရှိနိုင်သမျှ ရှိခြင်းနဲ့ ကိုယ့်ဘာသာကိုယ် လွတ်လပ်မှုရှိနေခြင်း ဆိုတဲ့ညီမျှခြင်းရဲ့ ဘက်နှစ်ဖက်စလုံး) အညီအမျှ အရေးပါသလို အချင်းချင်းလည်း အပြန်အလှန် အကျိုးပြုနေပါတယ်။ နိုင်ငံတကာဆက်ဆံရေးမှာ ချစ်ကြည်ရင်းနှီးမှု၊ မိတ်ဆွေဖြစ်မှုဆိုတာက စိတ်စေတနာကောင်းထားခြင်း သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးရဲ့ မေတ္တာ

ထားခြင်း အလုပ်မျိုး မဟုတ်ပါဘူး၊ ကျွန်တော်တို့ဟာ ကိုယ့်ကို သူများက ယုံကြည်လာအောင် လုပ်ရပါမယ်။ ဒါမှအခြားနိုင်ငံတွေက ကျွန်တော်တို့ကို အချုပ်အခြာ အာဏာပိုင် လွတ်လပ်တဲ့နိုင်ငံတစ်နိုင်ငံ အနေနဲ့ ကျွန်တော်တို့ရဲ့ ဆက်လက်ရှင်သန်ရပ်တည်နေရေးနဲ့ ကြီးပွားတိုးတက်ရေးမှာ စိတ်ဝင်စားမှုရှိလာမှာဖြစ်ပါတယ်။

၂၀၀၉

*

လုံခြုံရေး

အားနည်းတဲ့လူတစ်ယောက်ဆီမှ လုယက်ခိုးယူ လုပ်ဖို့ဆိုတာဟာ အဲဒီလူက အင်အားကောင်းတဲ့မိတ်ဆွေတွေ ရှိနေပြီး လုယက်သူကို ပုန်းစရာနေရာ ပေးထားနိုင်မယ်ဆိုရင် လုယက်ယူဖို့ မလွယ်တော့ပါဘူး။

၁၉၅၆

*

ပညာသင်ဆုတွေ ပေး တာ ဟာ စာတော်တဲ့လူတွေဖြစ်ရမယ်ဆိုတဲ့ အခြေခံနဲ့ အဲဒီလိုတော်တဲ့လူတွေကို ပေးတာပါ။ နိုင်ငံရေးပါတီတစ်ခုကို ထောက်ခံတာ မထောက်ခံတာအပေါ် မူမတည်ပါဘူး။ သို့သော်လည်း အဲဒီလူတစ်ယောက်ဟာ နိုင်ငံတော်ရဲ့လုံခြုံရေးအတွက် အန္တရာယ်ရှိနိုင်တယ်လို့ ယူဆရရင်၊ အဲဒီလူရဲ့ နိုင်ငံရေးယုံကြည်ချက်တွေက အန္တရာယ်ဖြစ်လာနိုင်တာမျိုး ဖြစ်နေမယ်ဆိုရင်တော့ အဲဒီလိုလူမျိုးက နိုင်ငံတော်အကျိုး ဆုတ်ယုတ်ပျက်စီးအောင် လုပ်နိုင်ဖို့အတွက် သူ့ ကို ငွေကြေးထောက်ပံ့ပေးဖို့ဟာ နိုင်ငံတော်ရဲ့အလုပ် မဟုတ်တော့ပါဘူး။ ဒါပေမဲ့လည်း ဒီမူဝါဒတွေကို အလွန်ပျော့ပျောင်းစွာနဲ့ အဓိပ္ပာယ်ဖွင့်ဆိုပါတယ်။ [x x x] ကျွန်တော်တို့ဟာ လူတစ်ယောက်ကို လူ့အဖွဲ့အစည်းအပေါ် ဖြစ်သင့်သည်ထက်ပိုပြီး နာကြည်းမကျေနပ် ဖြစ်သွားတာမျိုး မဖြစ်စေချင်ပါဘူး။ အကယ်၍ အဲဒီလူက လူငယ်တို့ဘဝ အစွန်းရောက်တဲ့ အတွေးအမြင်ဘက်ကို ညွတ်ကိုင်းမှုတွေ ရှိခဲ့တယ်ဆိုရင်လည်း ရှိပါစေ၊ အဲဒီအရွယ်မှာတော့ အဲဒီအတိုင်းပဲ သွားပါစေ၊ သူ့ ကို ရင့်ကျက်လာပါစေ။

ဒါပေမဲ့ လူတစ်ယောက် ဒီမိုကရေစီ နိုင်ငံတော်တစ်ရပ်ကို ဖျက်ဆီးမယ့် အလုပ်မျိုးကို လုပ်ကိုလုပ်တော့မယ့်လူလို့ ကျွန်တော်တို့ သိလာပြီဆိုရင် တော့ သူ့ရဲ့ ရည်ရွယ်ချက်တွေ ပိုပြီးအကောင်အထည်ဖော်နိုင်အောင် သူ့ အတွက် ငွေကြေးအကုန်အကျခံပြီး လက်နက်ကိရိယာ တပ်ဆင်ပေးဖို့ ဟာ ကျွန်တော်တို့အစိုးရရဲ့ အလုပ်မဟုတ်တော့ပါဘူး။

၁၉၆၄

*

ကျွန်တော်တို့က ဗြိတိသျှတွေ၊ ဩစတြေးလျန်တွေနဲ့ နယူးဇီလန် သားတွေ ကျွန်တော်တို့ကိုလာပြီး အကူအညီပေးတာဟာ ပရဟိတစိတ် သက်သက်၊ ဂရုဏာသက်သက်နဲ့ ဒီမိုကရေစီ ချစ်လွန်းလို့သက်သက် ကြောင့်သာ ဖြစ်တယ်လို့ မျက်စိမှိတ်ယုံလောက်အောင် မတုံးကြပါဘူး။ တကယ် တော့ ဗြိတိသျှတွေက ဒီဒေသထဲမှာ သူတို့ရဲ့ စီးပွားရေး အကျိုးစီးပွားတွေ ရှိနေချင်လို့ပါ။ တကယ်တော့ ခြေကုပ်တစ်ခု ရချင်ကြ လို့ပါ။ ဒီလို ခြေကုပ်ရချင်တာကလည်း သူတို့ရဲ့ စစ်ရေးအကျိုးစီးပွားနဲ့ စစ်ရေးဩဇာ ဒီဒေသမှာ တိုးချဲ့ချင်လို့ပါ။ ပြီးတော့လည်း တကယ်က နယူးဇီလန်နဲ့ ဩစတြေးလျတို့နဲ့ သွယ်တန်းထားတဲ့ သူတို့ရဲ့လမ်းတွေ ပွင့် နေစေချင်လို့ပါ။ ဒါပေမဲ့ သေသေချာချာ စစ်ဆေးမေးကြည့်သင့်တဲ့ မေးခွန်းက ကျွန်တော်တို့ကိုယ်စား သူတို့ကို တိုက်ခိုင်းတာက ကျွန်တော် တို့ရဲ့ အကျိုးစီးပွားနဲ့ မလေးရှားလူမျိုး ၁၁ သန်းနီးပါးရဲ့ စုပေါင်း အကျိုးစီးပွားအတွက်လား။ ဒါမှမဟုတ် ဒီနိုင်ငံက ထွက်သွားပြီး ကျွန်တော်တို့ဘာသာ ကျွန်တော်တို့ တိုက်နေကြဖို့လားဆိုတဲ့ မေးခွန်းပဲ။

၁၉၆၄

*

ကျွန်တော့်မှာ ဂျပန်နိုင်ငံပြီးရင် အာရှမှာ လူနေမှုအဆင့်အတန်း အမြင့်မားဆုံး ကျွန်းကလေးတစ်ကျွန်း ရှိနေတယ်။ ဘာနဲ့တူသလဲဆိုရင် မြို့ဆင်ခြေဖုံး ဆင်းရဲသားရပ်ကွက်ထဲက ခြံကြီးဝင်းကြီးနဲ့ အိမ်ကြီးတစ်လုံးနဲ့တူတယ်။ အိမ်ကြီးကို ကာထားတဲ့ ခြံစည်းရိုးက ခနော်နီခနော်နဲ့ မခိုင့်တခိုင်။ ခြံဝင်းအပြင်မှာက မြောက်ထိုးပင့်ကော်စကားတွေနဲ့ မီးထိုးပေးထားလို့ ဒေါသတွေထနေတဲ့ ဆာလောင်မွတ်သိပ်နေတဲ့ လူတွေ က အ များ ကြီး ။ အဲ ဒီ လူ တွေ က ခြံ ထဲ က နာနတ်သီးတွေ၊ ငှက်ပျောသီးတွေ၊ သဘော်သီးတွေ၊ သစ်တော်သီးတွေ၊ မက်မွန်သီးတွေနဲ့ တူတဲ့အသီးတွေ ရှိနေတဲ့ ခြံကြီးကို ကြည့်နေကြတယ်။ အဲဒီလူတွေက ရုပ်မြင်သံကြား တယ်လီဖေးရှင်းကိုလည်း မြင်နေကြ၊ အရှေ့တောင်အာရှ မှာ အကောင်းဆုံးအပ်ချုပ်ဆိုင်က ချုပ်ပေးထားတဲ့ နောက်ဆုံးပေါ်စတိုင် ထက်အောက်ဝတ်စုံသစ်ကိုလည်း မြင်နေကြ၊ နွားနို့တို့ ပျားရည်တို့ ထည့်ထားတဲ့ ရေခဲသေတ္တာကိုလည်း မြင်နေကြတယ်။ ကျွန်တော့်မှာရှိသ မျှ က တပ်ရင်းကလေးနှစ်ရင်းပဲရှိတယ်။ အင်ဒိုနီးရှားမှာဆိုရင် လက်နက်ကိုင်လူ ၄၀၀၀၀၀ ရှိနေတယ်။

၁၉၆၅

*

ကျွန်တော်တို့ ပရော်ဖက်ရှင်နယ်စစ်သားတွေ မလိုချင်တဲ့အကြောင်းကို ပြောပြပါမယ်။ ဒီနေရာ (ဒီနိုင်ငံ) က အသက်မွေးဝမ်းကျောင်းအတွက် ဘယ်လိုလုပ်ကိုင် နေထိုင်ရမယ်လို့ သိနေကြရမယ်။ ခင်ဗျားက စစ်သား တစ်ယောက်ပဲဖြစ်နေမယ် ဆိုရင် ဒီနေရာ(ဒီနိုင်ငံ)ရဲ့ ကုန်ထုတ်လုပ်မှုမှာ လုပ်ကိုင်ပေးနိုင်တော့မှာ မဟုတ်တော့ဘူး။

၁၉၆၇

*

ကျွန်တော်တို့ဟာကိုယ့်ကိုယ်ကိုယ်ကာကွယ်သွားကြမယ်။ ကျွန်တော်တို့ကိုကာကွယ်ပေးချင်ပါတယ်လို့ဆိုလာတဲ့လူတိုင်းကို "ဟုတ်ကဲ့၊ အလွန်ပဲကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ကျွန်တော်ဟာကိုယ့်ကိုယ်ကိုယ်ကာကွယ်သွားနိုင်ကြောင်းကိုကျေးဇူးပြု၍မမေ့ကြပါနဲ့၊ အဲဒါကိုတော့အတွက်မမှားကြပါနဲ့"လို့ကျွန်တော်ပြန်ပြောပါမယ်။

၁၉၆၈

*

ကျွန်တော်တို့ဟာဒေသအတွင်းမှာရှိကြတဲ့အခြားနိုင်ငံတွေနဲ့မတူဘဲအလွန်ကျစ်လျစ်သိပ်သည်းတဲ့ပစ်မှတ်ကောင်းကလေးဖြစ်နေတယ်။ ဒါကြောင့်မိုစင်ကာပူရဲ့ကာကွယ်ရေးဝန်ကြီးဘယ်သူမဆိုဟာလေကြောင်းကအလစ်ဝင်တိုက်မှာကိုတွေးပူရတာကအဓိကစိတ်အလုပ်ဖြစ်နေတယ်။ ဒါကြောင့်အဲဒီလိုအလစ်ဝင်တိုက်တာမျိုးဘယ်တော့မှမအောင်မြင်စေရဘူးဆိုတဲ့ရည်မှန်းချက်ကျွန်တော်တို့ချထားခြင်းပဲ။

၁၉၆၈

*

ကျွန်တော်တို့ဟာကိုယ့်အတွက်ကိုယ့်ဘာသာပဲခုခံကာကွယ်ပြီးတိုက်သွားကြမယ့်လူတွေပဲလို့လူတွေသိလာကြမယ်ဆိုရင်အဲဒီလူတွေကကျွန်တော်တို့ကိုသူတို့ဘာသာအေးအေးဆေးဆေးပဲနေပါစေလို့ပိုပြီးသဘောထားလာဖွယ်ရှိပါတယ်။ ဒါကြောင့် "ကျွန်တော်တို့ငြိမ်းချမ်းရေးအတွက်တိုက်တယ်"ဆိုတဲ့စကားကိုပြောလာကြရတာပဲ။

ကျွန်တော်တို့ဟာ ငြိမ်းချမ်းရေးရရာရကြောင်း ကြိုးပမ်းရှာဖွေရင် ရလာတာပါပဲ။ ကျွန်တော်တို့ဟာ ငြိမ်းချမ်းရေးအတွက် တိုက်ဖို့အသင့်ရှိနေရင် ငြိမ်းချမ်းရေးရတာပါပဲ။

၁၉၆၈

*

လူယဉ်ကျေးမှုသမိုင်းမှာ မကြာခဏဆိုသလို လူနေမှုအဆင့်အတန်းမြင့်တဲ့ ပိုပြီး ယဉ်ကျေးမှု အဆင့်မြင့်၊ ပိုပြီး ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းဟာ အရိုင်းအစိုင်းတွေ တိုးတက်မှုနည်းတဲ့ အုပ်စုတွေရဲ့ စီးနင်းတိုက်ခံရ၊ လက်အောက်ခံအဖြစ် သွတ်သွင်းခံရတာမျိုးတွေ ဖြစ်ခဲ့ပါတယ်။ အဲဒီလိုနည်းနဲ့ပဲ ရောမတွေကို လူမှုရေးအရ ယဉ်ကျေးမှုအရ ပိုမိုရိုင်းကြတဲ့ သူတို့ရဲ့ လူမှုအဖွဲ့အစည်း စစ်သွေးစစ်နွယ်လူမျိုးတွေက အောင်နိုင်သွားခဲ့ကြတယ်။ ကျွန်တော်တို့ဟာ အမြဲထာဝရ သတိဝီရိယ ရှိနေကြရပါမယ်။ အသင့်ဖြစ်နေရပါမယ်။ ကျွန်တော်တို့ဟာ စိတ်အလိုလိုက်ပြီး ခပ်ပျော့ပျော့နေကြရင်းက အဲဒီလိုဖြစ်လာမှာမျိုးကို ခွင့်ပြုသွားလို့မဖြစ်ပါဘူး။

၁၉၆၈

*

ကျွန်တော်တို့ဟာ ရေသာခိုသူ၊ ရေဆုံးရေဖျားအထိ ဇွဲနဲ့ မလုပ်ချင်သူတွေပဲဖြစ်ဖြစ်၊ ရေဆုံးရေဖျားအထိ လုပ်တတ်သူ တိုက်ခိုက်နိုင်သူတွေပဲဖြစ်ဖြစ် ကျွန်တော်တို့ဟာ အေးအေးချမ်းချမ်း နေနိုင်အောင် လုပ်မလား မလုပ်ဘူးလားဆိုတာကို ဆုံးဖြတ်ကြရပါမယ်။ လူတွေက ကျွန်တော်တို့ကို ရေဆုံးရေဖျားအထိ ဇွဲနဲ့လုပ်တက်သူ တိုက်ခိုက်တက်သူတွေလို့

ယုံကြည်လာရင် ကျွန်တော်တို့ဟာ ပို ပြီး အေးအေးချမ်းချမ်း နေရဖို့ အကြောင်းရှိတယ်။ နောက်နှစ်ဆိုရင် ကျွန်တော့် သား ဟာ အဲဒီလို အချိန်အခါမျိုးမှာ အသင့်ရှိနေမယ့် ယူနီဖောင်းဝတ် စစ်သားတစ်ဦး ဖြစ်လာမယ်လို့ ကျွန်တော် မျှော်လင့်ထားတယ်။ သန်စွမ်းကျန်းမာ ရှိနေသူ မည်သူမျှ ကိုယ့်အပေါ်ကျလာတဲ့တာဝန်၊ ဂုဏ်သိက္ခာကို ရှောင်ဖယ်နေလို့ ရမှာမဟုတ်ဘူး။ စင်ကာပူနိုင်ငံ ကြီးပွားချမ်းသာဖြစ်လာဖို့၊ ဘယ်သူ မှ နှောင့်ယှက်ဖျက်ဆီး မပြုဘဲ အေးအေးချမ်းချမ်းနေနိုင်ဖို့ ကျရာတာဝန် ထမ်းဆောင်သွားကြရမှာပါပဲ။

၁၉၇၀

*

ကျွန်တော် တို့ဟာ ရှင်ကျန်ရပ်တည်နေနိုင်အောင် တရားသဖြင့် ခါင်းမာတက်တဲ့ လူမျိုးတွေဖြစ်ကြရပါမယ်။ ကျွန်တော်တို့မှာ အမြဲတမ်း စစ်တပ်ကြီးတစ်ခုကို တည်ထောင်ထားဖို့ဆိုတာလည်း မတတ်နိုင်ပါဘူး။ အကျပ်အတည်း ပြဿနာကြုံလာခဲ့မယ်ဆိုရင် စစ်တပ်ကြီးတစ်ခုရဲ့ ကုန်ကျမယ့် ငွေကြေးတွေ မတက်နိုင်ပါဘူး။ ကာကွယ်ရေးစွမ်းရည်ရှိဖို့ဆိုရင် ကျွန်တော်တို့မှာ အတော်အတန်များတဲ့ အရန်စစ်သားတွေကို ရှိထားစေမှ ဖြစ်ပါမယ်။ အချက်ပေး ခလုတ်နှိပ်လိုက်တာနဲ့ တစ်ပြိုင်နက် ဒီအရန်တပ်သားတွေက မြင့်မားတဲ့ တိုက်ခိုက်ရေးစွမ်းရည်နဲ့ တိုက်ခိုက်ဖို့ အသင့်ဖွဲ့စည်းပြီး ဖြစ်ရပါမယ်။ သူတို့ရဲ့ ရှင်ဖယ်ကစလို့ မော်တာအထိ မောင်းပြန်သေနတ် အစရှိတာတွေအထိ လက်နက်တွေ အမျိုးမျိုးကိုင်တွယ်နည်းကို လေ့ကျင့်ထားကြရပါမယ်။ တစ်နှစ်ကုန်သွားတိုင်း သင်တန်းတစ်ပတ် လေ့ကျင့်ဆင်းပြီးဖြစ်ကာ အဲဒီလိုဘဝမျိုးအတွက် စိတ်ဓာတ်ပိုင်းအရလည်း အသင့်ဖြစ်နေစေရပါ

မယ်။

၁၉၇၁

*

ကျွန်တော်တို့က စင်ကာပူနိုင်ငံရဲ့ လုံခြုံရေးအတွက် အသင့်ဖြစ်နေရမှာဆိုတော့ အခြေအနေက အကြမ်းဖက်မှုကို စွန့်လွှတ်ဖို့ ငြင်းဆန်ကြတဲ့ ခေါင်းမာတဲ့ အထိန်းအသိမ်းခံများကို ထိန်းသိမ်းထားရမှာပဲ။ ဒီအတွက် စိတ်မကောင်းစရာပါပဲ။ အဲဒီလူတွေက အကြမ်းဖက်မှုကို စွန့်လွှတ်ကြောင်းကြေညာပြီး ရာထူးတာဝန်တွေယူကြမယ်ဆိုရင် ဒါမှမဟုတ် အစိုးရကို မထောက်ခံဘူးဆိုဦး အေးအေးချမ်းချမ်းနေကြမယ်ဆိုရင် ကျွန်တော်တို့မှာ သူတို့ကို ကျွေးမွေးထားရ၊ စောင့်ရှောက်ထားရတဲ့ ကုန်ကျစရိတ်တွေ သက်သာသွားလို့ ဝမ်းသာကြရမှာပါ။

၁၉၇၆

*

၁၉၆၅ ခုနှစ်မှာ မလေးရှားက ခွဲထွက်လာပြီးနောက် ကျွန်တော်တို့ဟာ မဆိုင်းမတွ ဘဲ ကျွန် တော် တို့ ရဲ့ လက်နက်ကိုင်တပ်မတော်ကို ဖွဲ့စည်းတည်ဆောက်ခဲ့ပါတယ်။ လူမျိုးတစ်မျိုးမှာ ဘယ်လူမျိုးပဲဖြစ်ဖြစ် လုံခြုံရေးက သေရေးရှင်ရေး အရေးကြီးပါတယ်။ စင်ကာပူတပ်မတော် (အက်စ်အေအက်ဖ်) မရှိဘူးဆိုရင် ကျွန်တော်တို့မှာ ရှိသမျှဟာ ဘာမျှစိ တ် မ ချ ရ ဘဲ အ န္တ ရာ ယ် ရှိ ပါ တ ယ် ။ ကြုံရာကျပန်းလုပ်နေတဲ့အကြမ်းဖက်သမားကတော့ ကျွန်တော်တို့ကို ပြန်ပေးဆွဲပြီး ငွေတောင်းလို့ရနေမယ်။ ဒါပေမဲ့ အတိုက်အခံပါတီတွေက အမျိုးသားကာကွယ်ရေးလုပ်ငန်းကို ဖျက်ပစ်ချင်ကြတယ်။ ဒါမှမဟုတ်လည်း လူမှုအသင်းအဖွဲ့

ပုံစံတွေအဆင့်လောက်အထိ လျှော့ချချင်ကြတယ်။ ဒီလူတွေ စိတ်ကောမှန်သေးကြရဲ့လား မသိပါဘူး။

၁၉၇၆

*

ယဉ်ကျေးမှုက နုနယ်သေးလှပါတယ်။ အထူးသဖြင့် ကျွန်းကလေးတစ်ခုက မြို့ပြနိုင်ငံမျိုးအဖို့ ယဉ်ကျေးမှုက နုနယ်လှပါသေးတယ်။

၁၉၈၂

*

လက်နက်အသစ်တွေဝယ်ရမယ်။ လူငယ်တွေဟာ ခေတ်မီလက်နက်တွေ ကိုင်တွယ်တက်တဲ့ပညာတွေ တတ်ကြရမယ်။ ပိုပြီးအရေးကြီးတာက ဒီလူတွေဟာ အရည်အချင်းပြည့်ဝတဲ့ ပိုင်းပိုင်းပြတ်ပြတ် သန့်ရှင်းစွာနဲ့ လုပ်နိုင်ကိုင်နိုင်တဲ့သူတွေ ဖြစ်ရမယ်။ လုံခြုံရေးဆိုတာက လျှပ်စစ်ဓာတ်အားလိုပဲ။ သိလှောင်ထိန်းသိမ်းထားလို့ ရတယ်ဆိုပေမဲ့ အကြာကြီး ထိန်းသိမ်းထားလို့မရဘူး။

၁၉၈၂

*

ကျွန်တော်တို့က အရှေ့တောင်အာရှက ကျွန်တော်တို့ရဲ့ အိမ်နီးချင်းနိုင်ငံတွေကို ကျွန်တော်တို့ လုံခြုံရေးကို ခြိမ်းခြောက်နေတဲ့နိုင်ငံများလို့ ယူဆမထားပါဘူး။ အမျိုးသား အကျိုးစီးပွားနဲ့ သိမှတ်ခံယူမှုမှာတော့ တစ်နိုင်ငံနဲ့တစ်နိုင်ငံအကြား မတူတာတွေ အမြဲတမ်းရှိနေမှာပါပဲ။ သို့ပေမဲ့လည်း ချိန်ချိန်ဆဆ စဉ်းစားဆင်ခြင်တတ်သူတွေ ဖြစ်နေကြ

သမျှ ကာလပတ်လုံး အခုပြောတဲ့ မတူညီမှုတွေကြောင့် လက်နက်ကိုင်ပဋိပက္ခအထိ ရောက်သွားမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ဆီကို ရောက်လာဖွယ်ရှိတဲ့ ပြင်ပအန္တရာယ်တွေဟာ ဆင်ခြင်တုံတရားနည်းပါးတဲ့ အစွန်းရောက်သမားတွေဆီက လာဖို့ပဲရှိပါတယ်။ သို့မဟုတ်ရင်လည်း အင်အားကြီးနိုင်ငံကြီးတွေက ထောက်ခံပေးထားတဲ့ နယ်မြေချဲ့ထွင်ချင်တဲ့ အစိုးရမျိုးတွေဆီက လာတာပဲ ဖြစ်ဖို့များပါတယ်။

၁၉၈၇

*

ကျွန်တော်တို့ရဲ့ အခြေခံချဉ်းကပ်မှုကတော့ စိုးရိမ်ထိတ်လန့်မှုတွေ၊ တင်းမာမှုတွေ တိုးလာပြီး ပြင်းထန်တဲ့အဆင့်အထိ တက်သွားစေတာမျိုးကို ဘယ်တော့မှ ခွင့်မပြုမယ့်နည်းပါ။ မီးမလောင်ခင် တား ဆိုတာလို စောစောကတည်းက ကြိုတင်ဆောင်ရွက်ထားနိုင်ရင် ဆိုးရွားတဲ့အဆင့်အထိ ကြီးမလာနိုင်တော့ပါဘူး။ ဒါကြောင့် လူထုအုံကြွ လုပ်လာအောင် အားပေးနိုင်တဲ့အဆင့်မျိုး ဖန်တီးတက်တဲ့ ကွန်မြူနစ်တွေရဲ့ လှုပ်ရှားစည်မှုမျိုးပဲဖြစ်ဖြစ်၊ ပြည်တွင်းလူမျိုးရေးနဲ့ ဘာသာရေးသွေးကွဲမှုမျိုးတွေနဲ့ တင်းမာမှုတွေ တိုးမြှင့်လာလို့ပဲဖြစ်ဖြစ် အဲဒါမျိုးတွေကို စောစောပိုင်းကတည်းက ထိန်းသိမ်းထားရမှာပဲ။

၁၉၈၇

*

ကျူးကျော်သူက အခြားနိုင်ငံတစ်နိုင်ငံကို အထူးသဖြင့် အင်အားနည်းတဲ့ နိုင်ငံတစ်နိုင်ငံကို ကျူးကျော်လာတဲ့အခါ အဲဒီကျူးကျော်သူကို ဆုချီးမြှင့်တာမျိုးမဟုတ်ဘဲ အပြစ်ဒဏ်ပေးနိုင်မှသာလျှင် ကမ္ဘာကြီးဟာ

ပိုပြီး လုံခြုံစိတ်ချရတဲ့နေရာမျိုး ဖြစ်လာပေလိမ့်မယ်။

၁၉၉၀

*

ကျွန်တော်ဟာ ခွေးကြီးတစ်ကောင်ပါတဲ့ ခွေးအုပ်ထဲက ခွေးမျိုးတစ်ကောင်ဖြစ်နေရင်သာ ကိုက် ဖို့ စဉ်းစားပေလိမ့်မယ်။ ကျွန်တော်တို့ဟာ ခွေးငယ်ကလေးသာဆိုရင်တော့ ကိုက်တာထက် ဟောင်ရုံမျှ ဟောင်ခြင်းသာ လိမ္မာရာကျပေလိမ့်မယ်။

၁၉၉၅

*

ကျွန်တော်တို့ အာဆီယံမှာ တရုတ်နဲ့ စစ်ရေးအရ ထိပ်တိုက်ရင်ဆိုင်တိုးမှုကို ခံနိုင်လောက်တဲ့ လက်နက်ကိုင်တပ်ဖွဲ့တွေ စုပေါင်းထားတာမျိုး မရှိဘူး ဆိုတဲ့ ဒိဋ္ဌမမွသဘောကိုလက်ခံကြရမှာ ဖြစ်တယ်။ အကယ်၍သာ အမေရိကန်လို ပြင်ပအင်အားစုမျိုး မရှိခဲ့ဘူးဆိုရင် ဒီဒေသမှာ အင်အားချိန်ခွင်လျှာ မျှညီမှုက မရှိနိုင်ဘူး။

၁၉၉၆

*

စင်ကာပူတပ်မတော် အက်စ်အေအက်ဖ်ထဲက ထိလွယ်ရှလွယ်တဲ့ နေရာမျိုးမှာ တစ်ယောက်ယောက်ကို ခန့်ထားတဲ့အခါမျိုးမှာ ကျွန်တော်တို့ ချိန်ဆစဉ်းစားကြရမယ့် ပကတိ အရှိတရားတွေရှိတယ်။ ကျွန်တော်တို့ ဟာ အဲဒီလူကို သစ္စာစောင့်သိမှုမှာ အကျိုးစီးပွားချင်း ပဋိပက္ခဖြစ်သွား စေမယ့် အခြေအနေမျိုးကို ရောက်သွားအောင် ပြုလိုက်တာမျိုး

ဘယ်တော့မှ ပြုကြရမှာမဟုတ်ဘူး။ လွန်ခဲ့တဲ့နှစ်နှစ်လောက်က ကျွန်တော့် ကို မေးတဲ့မေးခွန်းတစ်ခုကို ဖြေကြားတဲ့အခါမှာ ဘာသာရေးစိတ်မာတ်နက်ရှိုင်းတဲ့ မိသားစုနောက်ခံမျိုးရှိတဲ့ မလေးလူမျိုးမွတ်စလင်တစ်ဦးကို စက်သေနတ်ကို ကြီးကြပ်တဲ့ တာဝန်ပေးဖို့ ခက်ခဲပါတယ်လို့ ကျွန်တော်ပြောခဲ့ပါတယ်။ ကျွန်တော်တို့ဟာ ဒီကိစ္စကို ဘယ်သူ့ကို မျှမေးနေဖို့လည်း မသင့်ပါဘူး။ ခင်ဗျားတို့ထဲက အချို့လူတွေက တော့ အဲဒီလို ကျွန်တော်က ဘွင်းဘွင်းပြောလိုက်ခြင်းအတွက် စိတ်အနှောင့်အယှက် ဖြစ်ခဲ့ကြပါတယ်။ သို့ပေမဲ့လည်း ၁၉၆၀ ကျော်ကာလမှာ ကျွန်တော် အကျပ်အတည်း ပြဿနာတွေနဲ့ကြုံတော့ ကျွန်တော် အမှားမခံနိုင်ပါဘူး။ ဒါ ဟာ ခွဲခြားဆက်ဆံမှုလား သို့မဟုတ် သာမန်စဉ်းစားဉာဏ်နဲ့ စဉ်းစားလို့ရနိုင်တဲ့ အမြော်အမြင်ရှိတဲ့ မူဝါဒလား။

၂၀၀၁

*

ကျွန်တော်က လူသားတွေကို အကြီးမားဆုံး အန္တရာယ်ပေးနိုင်တာဟာ ဘာလဲဆိုတဲ့မေးခွန်းကို ကိုယ့်ဘာသာကိုယ် ပြန်မေးကြည့်တယ်။ ကျွန်တော် ထင်ပါတယ်။ လူသားတွေဟာ သဘာဝတရားကို သိပ်ပြီးနိုင်နင်းလာလို့ ကျွန်တော်တို့ဟာ သဘာဝတရားက သူ့ဘာသာသူ ထိန်းသွားနိုင်တဲ့ စွမ်းရည်ထဲမှာ ဝင်ပြီး စွက်ဖက်မိကြတာပဲ။ ကမ္ဘာမြေကြီးပူနွေးလာတာဟာ ပြဿနာတစ်ခုပဲ။ အရင်က ခင်ဗျားတို့ ဥရောပမြောက်ပိုင်းမှာ မတွေ့ဖူးခဲ့တဲ့ မုန်တိုင်းတွေ ဖြစ်လာတယ်။ နေရာဒေသအများအပြားမှာ မိုးခေါင်တာတွေ ဖြစ်လာတယ်။ အယ်လ်နီညိုတို့ အယ်လ်နီညာတို့ ဖြစ်လာတယ်ဆိုတာဟာ အရမ်းကာရော တိုးတက်မှုကြောင့်နဲ့ လောင်စာဆီတွေ သုံးစွဲမှုကြောင့်ပဲ။ အဲဒီလိုတွေ သုံးစွဲကြရတယ်ဆို

တာကလည်း လူဦးရေက အဆမတန် တိုးတက်လာခြင်းကြောင့်ပဲ။

၂၀၀၃

*

ကွန်မြူနစ်ဝါဒ

ပြည်သူတွေက ကိုလိုနီစနစ်ကိုပဲ ဆက်သွားမလား၊ ကွန်မြူနစ် မ လေးရှားနိုင်ငံပဲ ဖြစ်မလာရယ်လို့ တစ်ခုခုကို ရွေးချယ်ရမယ့် အနေမျိုးရှိ လာခဲ့မယ်ဆိုရင် ကွန်မြူနစ် မလေးရှားဆိုတာကတော့ စည်းကမ်းတွေ တင်းကျပ်တယ်၊ လွတ်လပ်စွာတွေးခေါ်နိုင်တဲ့ အခြေအနေမရှိဘူး ဆိုရ သည့်တိုင်အောင် ထိထိရောက်ရောက်လည်းရှိ၊ ရိုးသားမှုလည်းရှိမယ်ဆို တော့ ကိုယ့်တစ်ဝမ်းတစ်ခါး အသက်မွေးဝမ်းကျောင်းကိစ္စတွေနဲ့ပဲ မအားလပ်နိုင်ကြလို့ လူတစ်ဦးချင်းရဲ့ လွတ်လပ်မှု၊ အမှုမစစ်ဘဲ ဖမ်းဆီး ချုပ်နှောင်ထားခြင်းတို့မှ လွတ်လပ်မှု၊ လွတ်လပ်စွာ ပြောဆိုနိုင်ခွင့်ရှိမှု ဆို တဲ့ လွတ်လပ်မှုနဲ့ဆိုင်တဲ့ လစ်ဘရယ် သဘောတရားတွေကိုလည်း လေ့လာနေဖို့အချိန် မရကြတဲ့အခါ အများစု လူထုကြီးက ကွန်မြူနစ် ဝါဒကို ရွေးချယ်သွားကြလေမလားလို့ ကျွန်တော် စိုးရိမ်မိတယ်။

၁၉၅၅

*

ကျွန်တော် အရိုးခံအတိုင်းပဲပြောရရင် ကွန်မြူနစ်ဝါဒဟာ အလွန်ဆိုး တဲ့ မကောင်းဆိုးဝါးရယ်လို့တော့ မပြောနိုင်ပါဘူး။ ဘာကြောင့်လဲဆိုရင် အချို့လူအဖွဲ့အစည်းတွေမှာ အုပ်ချုပ်သူ လူတန်းစားတစ်ရပ်ကို ဖယ်ချ ပစ်နိုင်လောက်တဲ့ ကွန်မြူနစ်တွေရှိနေခဲ့လို့ ကြီးမားတဲ့ သက်သာမှုရခဲ့ တယ်လို့ ကျွန်တော် စဉ်းစားလို့ ရနိုင်ခြင်းကြောင့်ပါ။ ဒါဟာ ဒီနိုင်ငံမှာ ရှင်ဆိုင်နေရတဲ့ အလွန်ခက်ခဲတဲ့ ပြဿနာတွေထဲက နောက်တစ်

ပြဿနာ ဖြစ်ပါတယ်။ သန်း ၆၀၀ ရှိတဲ့ တရုတ်လူမျိုးတွေအဖို့ ဒီ ကွန်မြူနစ်ဝါဒ သဘောတရားဟာ လူ တွေ က အချင်းချင်းလည်း လေးစားမှုမရှိ၊ လူတွေရဲ့တန်ဖိုးတွေလည်း ဆုံးရှုံးလာကြတာကြောင့် ဟောင်းနွမ်းဆွေးမြည့်နေတဲ့ အဂတိလိုက်စားမှုတွေရှိနေတဲ့ ဆိုးရွားတဲ့ လူ့အဖွဲ့အစည်း ဖြစ်လာခြင်းမျိုးအတွက် အဖြေပေးနိုင်တဲ့ အတွေးအခေါ် သဘောတရားတစ်ရပ်ဖြစ်နေပါတယ်။

၁၉၅၅

*

အနာဂတ်မှာ ကျွန်တော် တို့ဟာ ကွန်မြူနစ်ဝါဒနဲ့ သွားမလား၊ ကွန်မြူနစ် ဆန့်ကျင်ရေးနဲ့ သွားမလားဆိုတာ ကျွန်တော်တို့ဟာ သန့်ရှင်း ၊ ကြံ့ခိုင်သန်မာတဲ့ နိုင်ငံရေးလှုပ်ရှားမှုတစ်ခုကို သန့်ရှင်းပြီး ကျန်းမာကြံ့ခိုင်တဲ့ခေါင်းဆောင်တွေနဲ့ တည်ဆောက်သွားနိုင်မလားဆိုတဲ့ အချက်ပေါ်မှာ တည်နေပါတယ်။ အဲဒီခေါင်းဆောင်တွေက ဒီမိုကရေစီနဲ့ လူမှုရေးတရားမျှတမှုကို ယုံကြည်တဲ့၊ နိုင်ငံရေးထဲ ဝင်လာတာဟာ ခိုးယူလုယက်ဖို့အတွက် မဟုတ်ဘဲ နိုင်ငံကို အလုပ်အကျွေးပြုလိုတဲ့ ခေါင်းဆောင်မျိုးတွေတော့လည်း ဖြစ်ရမှာပေါ့။ ခင်ဗျားတို့ဟာ အဲဒီလိုရိုးသားတဲ့ လုပ်နိုင်ကိုင်နိုင် အရည်အချင်းရှိပြီး အလုပ်လုပ်ဖို့လည်း အသင့်ရှိတဲ့လူမျိုးတွေ ရှာတွေ့နိုင်ပြီဆိုရင် ကွန်မြူနစ်တွေကို သေနတ်မပါဘဲနဲ့ တိုက်သွားလို့ ရနိုင်သွားလိမ့်မယ်။ အဲဒီလိုမှ ခင်ဗျားတို့ မရှာနိုင်ဘူးဆိုရင် ဆီးတိုး (SEATO = အရှေ့တောင် အာရှနိုင်ငံများ လုံခြုံရေးစာချုပ် အသင်း) ကိုသာ အားကိုးပေတော့၊ အဏုမြူဗုံးကိုသာ အားကိုးပေတော့၊ ဟိုက်ဒြိုဂျင်ဗုံးကိုသာ အားကိုးပေတော့ပဲ။

၁၉၅၅

*

ကွန်မြူနစ်တွေမအောင်နိုင်ဘူးဆိုတာကသူတို့ဟာက အတားအဆီးအပိတ်အဆို့အပေါ် အခြေခံထားတဲ့ဝါဒဖြန့်ချိရေးကြောင့်ပဲ။ လူတွေကတကယ်ငတ်ပြတ်ပြီး ကြံရာမရဖြစ်လာပြီဆိုရင် အဲဒီအတားအဆီးတွေဆီ ပြေးခိုင်းတာကိုး။ အဲဒီအခါဒီလူတွေကလည်း ကျောက်ခဲတွေကောက်၊ မှန်ပြတင်းတွေကို ပေါက်ခွဲ၊ ကားတွေကို ထက်အောက်လှန်ပြီး မီးရှို့ကြတာပေါ့။ အဲဒီလူတွေသာ ငတ်ပြတ်ကြံရာမရ မဖြစ်ကြရင်၊ ဝဝလင်လင် စားကြရမယ် ဝတ်ရမယ်ဆိုရင် တင်းတိမ်ရောင့်ရဲသွားကြမယ်လို့တော့ ကျွန်တော် မပြောပါဘူး။ ဒါပေမဲ့ မကျေမချမ်းနဲ့ ဒေါသတကြီးတော့ ဖြစ်တော့မှာမဟုတ်ဘူးလေ။ ဒီအခါ အကျိုးသင့်အကြောင်းသင့် ငြင်းခုံပြောခြင်းမျိုးက အလုပ်လုပ်လို့ရနိုင်တဲ့ အခြေခံအကြောင်းအချက်မျိုး ဖြစ်လာတော့မယ်ပေါ့။

၁၉၆၂

*

ကျွန်တော်က ကွန်မြူနစ်နိုင်ငံတွေကိုသွားတဲ့ ပြဿနာကို ဒီလိုတင်ပြချင်တယ်။ ကွန်မြူနစ်တွေကို ကိုယ့်နိုင်ငံ ကိုယ့်ဒေသက ကွန်မြူနစ်တွေကို နိုင်ငံရပ်ခြားကို ညွှန်ကြားချက် ခံယူဖို့ သွားခွင့်ပြုခြင်းဟာ မိုက်မဲမှုသက်သက်ပဲ။ သူတို့ ခံယူမယ့် ညွှန်ကြားချက်က အထဲဝင် ပူးသတ်မယ့်နည်း။ ခြေပုန်းခုတ် လှုံ့ဆော်ကြံစည်နည်းတွေဖြစ်ပြီး သူတို့စိတ်ဓာတ်အကြီးအကျယ်ကျနေတာကို အားပေးမှုမျိုးခံယူရအောင် နိုင်ငံခြားသွားလိုကြတာဖြစ်တယ်။ ကျွန်တော်ကတော့ သူတို့ကို သူတို့ရဲ့ကွန်မြူနစ်တော်လှန်ရေး အောင်အောင်မြင်မြင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက် သူတို့ဆီသွားပြီး ကူညီ

ဖို့ဆိုတာ ကိုယ့်အလုပ်မဟုတ်ဘူးလို့ပဲ ထင်ပါတယ်။ တကယ်တော့ ကျွန်တော့်အလုပ်က သူတို့ပြုခဲ့ကြတဲ့ မှောက်မှားမိုက်မဲမှုတွေက သူတို့ခေါင်းပေါ်မှာ လေးလေးပင်ပင် ကျလာကြမှာကို ကြည့်နေခြင်းပါပဲ။

၁၉၆၂

*

လူတစ်ယောက်ဟာ အသက်မွေးမှုအတွက် တစ်ခုခုကလေးရှိမယ်ဆိုရင်၊ ကနေ့လိုအခါမျိုးမှာ စက်ဘီးကလေးတစ်စီးရှိပြီး အသက်မွေးမယ်၊ နေစရာပတ်ဝန်းကျင်ကောင်းကလေးမှာ ကိုယ့်မိသားစုကို ကျွေးနိုင်လောက်အောင် အသက်မွေးနိုင်မယ်၊ စက်ဘီးကလေးကနေပြီး မော်တော်ဆိုင်ကယ် အပေါစားကလေးကို အကြွေးနဲ့ဝယ်နိုင်သွားရင် စက်ဘီးနဲ့သွားလာနေရရာက မော်တော်ဆိုင်ကယ်နဲ့ သွားလာနိုင်တာမို့ ဒါဟာ လက်ဆုပ်လက်ကိုင်ပြနိုင်တဲ့ တိုးတက်မှုရသွားတာပဲ။ ဒီအခါမျိုးမှာ အဲဒီလူဟာ တော်လှန်ရေးတို့ အကြမ်းဖက်မှုတို့ဆိုတဲ့ ပေါက်တက်ကရစကားတွေကို နားထောင်တော့မှာ မဟုတ်ဘူး။ ပြီးတော့ အဲဒီမော်တော်ဆိုင်ကယ် အပေါစားကနေပြီး မိနီမိုင်နာကားမျိုးကလေးနဲ့ပဲ သွားလာနိုင်မယ်ဆိုရင် (တစ်နာရီမိုင် ၁၀၀ လောက် ပြေးတဲ့ ၅၀၀၊ ၆၀၀ မိနီမိုင်နာမျိုး၊ မိနီကူးပါးကားမျိုးတွေ ရှိပါတယ်) အဲဒီလူဟာ ကိုယ့်မိန်းကလေးရည်းစားကိုတင်ပြီး တစ်ပတ်လောက် လှည့်ပတ်မောင်းသွားလို့ရသွားမယ်။ ဒါဟာ အကျိုးအကြောင်း သဘာဝကျတဲ့ လက်ခံနိုင်တဲ့ကိစ္စမျိုး ဖြစ်ပါတယ်။ အဆုံးမှာတော့ ကွန်မြူနစ် လူ့အဖွဲ့အစည်းတစ်ရပ်မှာတောင်၊ မော်စကိုမှာတောင် အဲဒီလိုဟာအတွက် တိုက်ပွဲဝင်နေကြရတာဖြစ်ပါတယ်။

၁၉၆၂

*

ကွန်မြူနစ်ဝါဒဟာ အခြားများစွာသော အရာတွေလိုပါပဲ။ သူ့ကိုသိနားလည်သွား၊ သူနဲ့ ဆေးယဉ်သလို ယဉ်ပါးသွားတဲ့အခါ အကောင်းဆုံးဖြည့်ဆည်းပေးသလို ဖြစ်သွားတာပဲ။ ကွန်မြူနစ် အတွေးအခေါ်၊ ကွန်မြူနစ် နည်းဗျူဟာ၊ ကွန်မြူနစ်မူဝါဒနဲ့ လုံးဝသီးခြား ကင်းလွတ်တဲ့ မူဝါဒမျိုးဆိုတာကတော့ အန္တရာယ်များတယ်လို့ ကျွန်တော်ယူဆတယ်။ တစ်နေ့သောအခါ ပြတင်းတံခါးတွေ ပွင့်လာမှာပဲ။ ဒီအခါမှာ တောင်ပင်လယ်ကျွန်းသားတွေ ပထမဦးဆုံး တီဘီရောဂါပိုးနဲ့ တွေ့ကြုံစဉ်တုန်းကလိုပဲ ကျွန်တော်တို့ သေကျေပျက်စီးသွားကြလိမ့်မယ်။ ပိုကောင်းတာကတော့ ဒီရောဂါပိုးတွေက ဖြည်းဖြည်းချင်းဝင်လာစေပြီး ကျွန်တော်တို့ရဲ့ ကျန်းမာရေး လူ့အဖွဲ့အစည်းမှာ တန်ပြန်နိုင်တဲ့ အဆိပ်အတောက်ကို ထုပ်လုပ်နိုင်လာလောက်အောင် ထိန်းထားနိုင်အောင် လုပ်တာမျိုးပဲဖြစ်ပါတယ်။

၁၉၆၄

*

လောလောဆယ်မှာ အင်ဒိုချိုင်းနားကျွန်းဆွယ်မှာမှ ကျွန်တော်တို့မြောက်ဘက်က ကွန်မြူနစ်နှစ်နိုင်ငံအကြား တိုက်ပွဲတွေ ရုတ်တရက်ဖြစ်ကြလို့ စင်ကာပူက ကျွန်တော်တို့တစ်တွေ လန့်ဖျပ်သွားတယ်။ လန့်ဖျပ်သွားတယ် ဆိုတာက ကွန်မြူနစ်အစိုးရတစ်ရပ်က အခြားကွန်မြူနစ်အစိုးရတစ်ရပ်ကို တမင်ရည်ရွယ်ချက်ရှိရှိနဲ့ ဝင်ရောက်ဖျက်ဆီး ဖြုတ်ချ လုပ်လာတာမျိုးကို မယုံကြည်နိုင်လောက်အောင် ဖြစ်ကြရလို့ပဲ။ ကွန်မြူနစ်နိုင်ငံတစ်ခုက ကွန်မြူနစ်မဟုတ်တဲ့ အစိုးရတစ်ရပ်ကို ဒါမျိုးလုပ်တဲ့အခါ ‘လွတ်မြောက်စေ’လို့ ပြောတက်ကြပြီး

အခြားကွန်မြူနစ်နိုင်ငံတစ်ခုကို ပြုတာမျိုးကတော့ ‘ကယ်တင်ခြင်း’ လို့ ပြောပြန်တယ်။

၁၉၇၈

*

ကျွန်တော်ကတော့ ကွန်မြူနစ်ခေါင်းဆောင်တစ်ယောက်ကို သူ့အရှိ အတိုင်းပဲ အမြဲတမ်း မှတ်ယူတယ်။ အဲဒီကွန်မြူနစ်ခေါင်းဆောင်က သူ့ ပြည်သူတွေကို သူ့ ရဲ့ အစိုးရအာဏော် သတင်းစာ၊ ရေဒီယို၊ စာအုပ် စာတမ်းတို့ကနေပြီး လွဲရှောင်မရတဲ့သမိုင်းရဲ့ ရှေ့ သို့ ချီတက်နေတာ ကြောင့် ကမ္ဘာကြီးဟာ ကွန်မြူနစ်ကမ္ဘာကြီး ဖြစ်လာမှာပဲလို့ ပြောခဲ့ တယ်ဆိုရင် ကျွန်တော် သူ အဲဒီလိုပြောတာပဲလို့ပဲ အတည်ယူပါတယ်။ ဒါ ဟာ သူ့ရဲ့သမိုင်းကို ကူညီချင်တဲ့ သူ့ရည်ရွယ်ချက်ပဲလေ။ ကျွန်တော် ဟာ ဘယ်တော့မှ အဲဒီဟာနဲ့ ဆန့်ကျင်ပြောင်းပြန်တွေးပြီး ဇဝဇဝါ မ ဖြစ်ပါဘူး။

၁၉၇၈

*

ဆိုဗီယက်ယူနီယံမှာ သာတူညီမျှလူဘောင်ကို အနှစ်၇၀ တည်ဆောက်လာခဲ့တာကြောင့် တောင်းရမ်းစားမှု၊ ပြည့်တန်ဆာ လုပ်ငန်းနဲ့ အသက်မွေးမှု၊ စိတ်ပျက်ညည်းညူမှုနဲ့ ငတ်ပြတ်မှုတို့ကို ပျောက်သွားအောင် သူတို့ လုပ်ပေးနိုင်ခဲ့ကြပါသလား။ ပိုမိုကောင်းမွန် တဲ့ ဘဝစတင်နိုင်စေဖို့ သူတစ်ပါးထက်သာအောင်၊ ပိုကောင်းတဲ့ ဆုလာဘ်တွေရအောင်၊ ပိုကြီးတဲ့ဆုတွေရအောင်၊ ဘဝမှာ ကိုယ့်မိသားစု ရဲ့ အခွင့်အလမ်းတွေ တိုးတက်လာအောင်လုပ်လိုတဲ့ လူတစ်ဦးချင်းရဲ့

ဝမ်းတွင်းပါစိတ်ကို ဖိနှိပ်ချုံးနှိမ်ထားခြင်းကကော နည်းလမ်းမှန်ပါရဲ့လား ။ အဲဒီမွန်းကျပ်မှုတွေအားလုံးဟာ လူ့အဖွဲ့အစည်းကို သာတူညီမျှဖြစ်စေရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဖြစ်လာခြင်းဖြစ်ပါတယ်။

၁၉၈၉

*

ရှေးယခင် ၁၉၅၀ ကျော်နှစ်တွေတုန်းက စင်ကာပူက လူတွေ အများအပြားဟာ အထူးသဖြင့် တရုတ်နိုင်ငံက ပညာတတ်မြောက်လာကြသူတွေဟာ ကြွေရောင်ထနေတဲ့ မဂ္ဂဇင်းတွေ၊ အသံလွှင့်ဌာနက ထုတ်လွှင့်တဲ့ ကုန်ထုတ်လုပ်မှုကိန်းဂဏန်းတွေ၊ ထင်ရှားတဲ့ဧည့်သည်တွေ အဟုတ်ထင်လာအောင် ပြဖို့ လုပ်ထားတဲ့ သေသပ်သန့်ရှင်းလှပတဲ့ ဗန်းပြမှန်သေတ္တာတွေ၊ ကလေးနန်းတော်တွေ၊ စံပြစက်ရုံတွေ၊ စံပြကျေးရွာတွေ ဆိုတာတွေက ထွက်ပေါ်လာတဲ့ တော်လှန်ရေးကြီးချက်ချင်းလုပ်လိုက်နိုင်ခြင်းနဲ့ စက်မှုလက်မှုလုပ်ငန်း ထူထောင်ခြင်းတွေကြောင့် တရုတ်ပြည်ကြီးဟာ ကြောက်ခမန်းလိလိ အောင်မြင်မှုတွေရနေပြီလို့ ယုံကြည်ကြတယ်။ အဲဒီ ၁၉၅၀ ကျော် ကာလမှာ ငယ်ရွယ်တဲ့ စင်ကာပူနိုင်ငံသားတွေ၊ ဒါမှမဟုတ် စင်ကာပူမှာရှိကြတဲ့ တရုတ်လူမျိုးလူငယ်တွေ အများစုဟာ အဲဒီတရုတ်နိုင်ငံကစနစ်ကို ထောက်ခံမဲပေးခဲ့လောက်ဖွယ်ရှိတယ်။ အဲဒါဟာ လူတစ်ကိုယ် တစ်မဲစနစ်ရဲ့ အန္တရာယ်ပါပဲ။ အဲဒါဟာ တံလျှပ်ပါပဲ။ အဲဒါဟာ ညာချတဲ့အလုပ်ပါပဲ။ ကျွန်တော်တို့ဟာ အဲဒါကို ၁၉၇၀ ကျော်မှာမှ သိကြတယ်။ ၁၉၈၀ ကျော်မှာကျမှ လူတိုင်းအဖို့ သိသာမြင်သာ ဖြစ်လာကြတယ်။

၁၉၈၉

*

အနောက်နိုင်ငံတွေနဲ့ ဆန့်ကျင်ပြီး ၄၅ နှစ် ယှဉ်ပြိုင်လာခြင်းဖြင့် ဆိုဗီယက်ယူနီယံနဲ့ မာ့က်စ်ဝါဒ နိုင်ငံတွေ တစ်ပြိုတစ်မကြီး ပြိုကွဲသွားတယ်။ အဲဒီနိုင်ငံတွေဟာ အနောက်ကမ္ဘာက နိုင်ငံတွေနဲ့ အရင်းရှင်စနစ်ရဲ့ ကုန်ထုတ်လုပ်မှုအား အလျှံပယ်ထွက်ရှိမှု၊ သက်သက်သာသာ လုပ်ကိုင်နိုင်မှုနဲ့ နည်းပညာ အဆမတန် ကောင်းမွန်မှုတို့မှာ မယှဉ်နိုင်ကြဘူး။ ရုတ်တရက်ချက်ချင်းဆိုသလို သူတို့ဟာ သူတို့ရဲ့ စက်မှုလက်မှုနောက်ကျမှုကို ဖွင့်ချပြဖို့ ဆုံးဖြတ်လိုက်ကြတယ်။ သမိုင်းမှာ ဒီလောက် အခါအခွင့်သင့်တဲ့ အခြေအနေမျိုး မကြုံခဲ့ဖူးဘူး။ နိုင်ငံတွေကို ဆုကြီးလာဘ်ကြီးတွေ ဝေပေးနေတဲ့ အခါကောင်း အခွင့်ကောင်းရ ခေတ်သစ်ကြီး ဟာ ဖမ်းဆုပ်လိုက်ရုံပဲ ရှိတော့တယ်။ အရှေ့ဥရောပနိုင်ငံတွေဟာ သူတို့ရဲ့ မအောင်မြင်တဲ့စနစ်ကို စွန့်ခါချလိုက်ကြပြီး ကြီးပွားချမ်းသာမှုနဲ့ လွတ်လပ်မှုကို ပို့ဆောင်ပေးနိုင်တဲ့ အနောက်ဥရောပနိုင်ငံတွေရဲ့လမ်းကို လိုက်လာခဲ့ကြတယ်။

၁၉၉၀

*

ကွန်မြူနစ်ဝါဒ သဘောတရားက တရုတ်လူမျိုးတွေကို ထိန်းချုပ်မထားနိုင်၊ ဩဇာလွှမ်းမထားနိုင်တော့ဘူး။ တရုတ်ပြည်မှာ ဘယ်တရုတ်ကမျှ ကွန်မြူနစ်ဝါဒဟာ အနာဂတ်ရဲ့ လှိုင်းလုံးလို့ မယုံတော့ဘူး။ သူတို့ဟာ ထိုင်ဝမ်နဲ့ ဟောင်ကောင်က တရုတ်တွေ ဘယ်လိုဆိုတာ သိလာကြပြီး အဲဒီတရုတ်တွေလို ကြီးပွားတိုးတက် ဖြစ်လာချင်ကြတယ်။

၁၉၉၂

*

တရုတ်ပြည်

တရုတ်ပြည်ဟာ တံခါးပိတ်ဝါဒကို ပြန်သွားလို့ မရတော့ပါဘူး၊ ခရီးရှည် ချီတက်ပွဲတုန်းက ဝါရင့်တော်လှန်ရေး ရဲဘော်ကြီးတွေ နိုင်ငံရေးမြင်ကွင်းထဲက ထွက်ပေးသွားတဲ့အခါ သူတို့ကို ဆက်ခံသူတွေက သူတို့ရဲ့ တရားဝင်ဖြစ်မှုကို သက်သေထူပြနိုင်ရပေလိမ့်မယ်။ သူတို့ရဲ့နိုင်ငံကို အုပ်ချုပ်ပိုင်ခွင့်ဟာလည်း တရုတ်ပြည်သူတို့ရဲ့ ဘဝ အမြန်တိုးတက်လာအောင် လုပ်နိုင်စွမ်းအပေါ် တည်မှီလာရပေလိမ့်မည်။

၁၉၉၀

*

တရုတ်ပြည်အတွက်ပြဿနာကတော့ မြို့ပြတွေမှာရှိကြတဲ့ ပညာတတ်တွေနဲ့ နှံ့စပ်သိမြင်သူတွေရဲ့ ဆန္ဒကို ဘယ်လိုလိုက်လျောရမယ်၊ သူတို့ကို ဘယ်လိုအုပ်ချုပ်သင့်တယ်လို့ ဆုံးဖြတ်ဖို့ကိစ္စပဲ။ အဲဒီလူတွေက ထိုင်ဝမ်တို့၊ ဟောင်ကောင်တို့ အပါအဝင် အခြားလူ့အဖွဲ့အစည်းတွေရဲ့ အကြောင်းကို ကောင်းကောင်းသိနေကြသူတွေ ဖြစ်တယ်။ သို့သော်လည်း လယ်သမားသန်း ၉၀၀ တို့မှာက မတူခြားနားတဲ့ဦးစားပေးလုပ်ရမှာတွေ၊ ကြောင့်ကြစိုက်လုပ်ရမှာတွေရှိနေကြတယ်။ လူတစ်ကိုယ် တစ်မဲနဲ့ တရုတ်ပြည်သူ သန်း ၁၁၀၀ က သမ္မတတစ်ဦးကို ရွေးချယ်ပေးရာမှာ၊ ကွန်ဂရက်တစ်ခု သို့မဟုတ် အထက်လွှတ်တော်တစ်ခု ရွေးချယ်ပေးရာမှာ ရလာတဲ့ရလာဒ်တွေက ကသောင်းကနင်း

ဖြစ်လာနိုင်တယ်။ ဒါပေမဲ့ အဲဒီအခါမှာ ကိုယ့်ဘာသာကိုယ် ထာဝရ မြဲမြံနေမယ် လို့ လုပ် ထား တဲ့ ကွန်မြူနစ်ပါတီ က လည်း ပြည်သူတွေကို ကိုယ်စားပြုနိုင်မှာမဟုတ်ဘူး။

၁၉၉၁

*

အနှစ် ၄၀၀၀ ကျော် တည်လာခဲ့တဲ့ တရုတ်လူမျိုးတွေရဲ့ ဓလေ့စရိုက်နဲ့တန်ဖိုးတွေကို အမေရိကန် ကွန်ဂရက်လွှတ်တော်ရဲ့ ဆုံးဖြတ်ချက်တွေလောက် နဲ့ နေ့ချင်းညချင်း ပြောင်းလဲသွားအောင် လုပ်လို့ရပါ့မလား။ တရုတ်ပြည်မှာ အပြောင်းအလဲ ဖြစ်လာမယ်ဆိုတာကိုတော့ ကျွန်တော် ယုံတယ်။ ဒါပေမဲ့ အဲဒီအပြောင်းအလဲဟာ တရွေ့ရွေ့ဖြစ်စဉ်သဘောနဲ့ သူ့ပြည်တွင်းက ထုတ်ပေးလိုက်တာမျိုးပဲ ဖြစ်ပေလိမ့်မယ်။

၁၉၉၂

*

တရုတ်ပြည်မှာ ဥပဒေတွေ၊ နည်းဥပဒေတွေက ပြည့်ပြည့်စုံစုံ မရှိတဲ့အပြင် ပွင့်လင်းမြင်သာလည်း မရှိဘူး။ တန်းတူအဆင့်တူ ကစားတဲ့ကွင်းဆိုတာမျိုးက တရုတ်ယဉ်ကျေးမှုရဲ့ အစိတ်အပိုင်း မဟုတ်ဘူး။ ကွမ်ရှိ ဆိုတဲ့ ပုဂ္ဂိုလ်ရေး ဆက်သွယ်မှုတွေသာ ရှိတာ။

၁၉၉၂

*

တရုတ်ပြည်က အထက်မြက်ဆုံး အတော်ဆုံးလူတွေက အမေရိကန်တို့၊ ဂျပန်တို့ ဥရောပတို့မှာ ပညာသင်ကြားရင်း အခြားယဉ်ကျေးမှုတွေကို တွေ့လာခဲ့မယ်ဆိုရင် ကိုယ့်လူမျိုး ယဉ်ကျေးမှုမှ ယဉ်ကျေးမှုဖြစ်တယ်လို့ဆိုတဲ့ အမြင်မျိုးတွေ လျော့ပါးလာသူတွေ ဖြစ်လာရမှာပဲ။ အဲဒီလို လူတွေဟာ ဒီကမ္ဘာမြေဆိုတဲ့ ဂြို လ် ဟာ သေးသေးကလေးဆိုတာ အမှန်အတိုင်း သိလာလိမ့်မယ်။ ကမ္ဘာမြေဟာ အချင်းချင်း ကိုင်းကျွန်းမှီကျွန်းကိုင်းမှီ နေနေရပါကလား၊ ခုခံနိုင်အားနည်းပြီး ပျော့ကွက်တွေ ရှိနေပါကလား ဆိုတာကို သိလာပေလိမ့်မယ်။

၁၉၉၄

*

တရုတ်ပြည်ရဲ့ အိမ်နီးချင်းနိုင်ငံတွေက တရုတ်တွေရဲ့ ပြောနေကျစကားဖြစ်တဲ့ နိုင်ငံတွေဟာ ကြီးငယ်မဟူ ညီတူညီမျှပါပဲ။ တရုတ်ပြည်က ဘယ်တော့မှ ဗိုလ်ကျ ကြီးစိုးလွှမ်းမိုးမှုမျိုးကို ပြုမှာမဟုတ်ပါဘူးဆိုတဲ့ စကားတွေကို မယုံကြည်ကြပါဘူး။

၁၉၉၄

*

တရုတ်ပြည်ဟာ အနှစ် ၅၀ အတွင်း ပြန်လည်ရှင်သန် နိုးထလာလိမ့်မယ်လို့ မျှော်လင့်မထားရင် အလိမ္မာဉာဏ်နည်းရာကျလိမ့်မယ် ထင်ပါတယ်။ တရုတ်ပြည်က ဒီမိုကရေစီနိုင်ငံ ဖြစ်လာမလား၊ အာဏာရှင်နိုင်ငံပဲ ဆက်ဖြစ်နေမလား ဆိုတာကတော့ တစ်ကိစ္စပါ။ ဒါပေမဲ့ အမေရိကန်၊

ဂျပန်နဲ့ဥရောပတို့ဟာ နိုင်ငံခြားမှာ ပညာသင်ကြတဲ့ တရုတ်ပြည်က အထက်မြက်ဆုံး၊ အတော်ဆုံးကျောင်းသားတွေကို ပညာသင်ပေးသောအားဖြင့် အဲဒီရလဒ်အပေါ် သြဇာလွှမ်းမိုးနိုင်အောင် ဝိုင်းဝန်းလုပ်ပေးနိုင်ကြပါလိမ့်မယ်။ ဒီလူငယ်ပညာရှင်တွေရဲ့ အတွေးအခေါ် အယူအဆတွေဟာ တရုတ်ပြည်ရဲ့ အပြင်ပဘက်ကို ကိုင်းညွတ်လာခြင်းအတွက် ပဓာနအခြေခံအချက် ဖြစ်လာပါလိမ့်မယ်။

၁၉၉၄

*

တရုတ်ပြည်ဟာ မိုင် ၁၀၀ ရှိတဲ့ ရေပြင် (ထိုင်ဝမ်) ကို ဖြတ်ကူးနိုင်စွမ်း မရှိသေးပါဘူးလို့ ကမ္ဘာကို ပြောပြလိုက်ခြင်းဟာ တရုတ်တွေကို မင်းတို့ လုပ်ကြည့်ပါလားလို့ စိန်ခေါ်လိုက်ခြင်းပါ ။ တရုတ်တွေဟာ အဲဒီစိန်ခေါ်ချက်ကို တုံ့ပြန်လာလိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်။ သူတို့ဟာ တကယ်ဖြတ်ကူးပြရုံသာမက သူတို့ရဲ့စွမ်းရည်ကို ထုတ်ပြပြီး တစ်ဖက်ကမ်းကို ရောက်အောင်သွားပြီး ငြိမ်းချမ်းတဲ့နည်းနဲ့ အဖြေတစ်ရပ်ရှာဖွေဖို့ပါ အလေးအနက်ထား ပြောတာမျိုးလုပ်လာလိမ့်မယ်။ ကျွန်တော့်စိတ်အထင်တော့ အဲဒါဟာ ၂၀၁၆ ခုနှစ် မကုန်ခင်လောက်မှာ ဖြစ်လာလိမ့်မယ်။

၁၉၉၆

*

အာရှမှာရှိကြတဲ့ အလတ်စားနိုင်ငံတွေနဲ့ အသေးစားနိုင်ငံတွေ

အား လုံး ဟာ အ ခု ပြော မယ့် စိုး ရိမ် ပူ ပန် မှု မျိုး ရှိ ကြ တယ်။ တရုတ် ပြည် ဟာ ရှေး အ စဉ် အ လာ မှာ ရှိ ခဲ့ တဲ့ ခေတ် လယ် ဘုရင် နိုင်ငံ တော် နဲ့ လက် အောက် ခံ နိုင်ငံ က လေး တွေ လက် ဆောင် ပဏ္ဏာ ဆက် သတဲ့ နိုင်ငံ တကာ ဆက် ဆံ ရေး ပုံ စံ မျိုး ကို ပြန် လည် ထူ ထောင် လာ ဦး မှာ လား ဆို တဲ့ စိုး ရိမ် ပူ ပန် မှု ပါ။ အဲ ဒီ လက္ခဏာ မျိုး ပြ လာ ရင် ဒေ သ အ တွင်း မှာ ရှိ ကြ တဲ့ နိုင်ငံ တွေ အား လုံး ကို တပ် လှန့် သ တိ ပေး သ လို ဖြစ် သွား ပြီး အ များ စု နိုင်ငံ တွေ က အ မေ ရိ က န် နဲ့ ဂျ ပန် တို့ နဲ့ ပို ပြီး နီး နီး ကပ် ကပ် ဖြစ် အောင် ဦး တည် ရာ လမ်း ကြောင်း ပြောင်း လဲ သွား စေ ပါ လိမ့် မယ်။

၁၉၉၆

*

အ မေ ရိ က န် က တရုတ် ပြည် ကို ဒီ မို က ရစ် တစ် ပို ဖြစ် လာ စေ ချင် တဲ့ ဆန္ဒ ကို ထုတ် ဖော် ပြော ခြင်း က နေ ပြီး အ ခက် အ ခဲ က ပေါ် လာ တယ်။ တရုတ် ပြည် က အဲ ဒါ ကို သူ့ ရဲ့ ပြည် တွင်း ရေး ကို ဝင် စွက် တာ ပဲ ဆို ပြီး မ ကျေ မ ချ မ်း နဲ့ ခု ခံ တွ န်း လှ န် တ ယ်။ ပြင် ပ အ င် အား ကြီး နိုင်ငံ တွေ က တရုတ် ပြည် ကို သူ တို့ ရဲ့ ပုံ ရိပ် ကို ထင် လာ အောင် လုပ် ယူ လို့ မ ရ နိုင် ပါ ဘူး။ ၁၃ ရာ စု နဲ့ ၁၄ ရာ စု တို့ မှာ တရုတ် ပြည် ကြီး ကို အောင် နိုင် ခဲ့ သူ မွန် ဂို တွေ တောင် မှ ပဲ၊ ၁၇ ရာ စု က နေ ပြီး ၁၉ ရာ စု အ ထိ အု ပ် စို း သွား တဲ့ မန် ချူ း တွေ တောင် မှ ပဲ တရုတ် တွေ ရဲ့ ယဉ် ကျေး မှု ကို ပြောင်း လဲ အောင် လုပ် မ သွား နိုင် ကြ ဘူး ဆို တာ မေ့ လို့ မ ဖြစ် ဘူး။ တရုတ် ပြည် ကို အောင် နိုင် ကြ သူ တွေ က တ ရု တ် တွေ ကို ပြောင်း လဲ ခဲ့ ခြင်း ထ က် အဲ ဒီ အောင် နိုင် သူ တွေ သာ တရုတ် ယဉ် ကျေး မှု ရဲ့ သိ မ်း သွင်း ခံ ရ ပြီး တရုတ် ယဉ် ကျေး မှု ကို လက် ခံ သွား ခဲ့ ကြ ရ တ ယ်။ အောင် နိုင် သူ တွေ ရဲ့ ဘာ သာ စ ကား နဲ့ ယဉ် ကျေး မှု တို့

ဟာ တရုတ်ဘာသာစကားနဲ့ ယဉ်ကျေးမှုကို မကျော်လွှားနိုင်ခဲ့ကြပါဘူး။

၁၉၉၆

*

တရုတ်ခေါင်းဆောင်တွေက ကျွန် တော့် ကို မိတ်ဆွေဟောင်းတစ် ယောက်အဖြစ် ရည်ညွှန်းပြောလေ့ရှိပါတယ်။ ကျွန် တော် က ထိုင်ဝမ် ထက်ပိုပြီး ဟောင်းတဲ့မိတ်ဆွေဟောင်းပါ။ တစ်ဦးဦး ပျက်စီးပြိုဆိုရင် စင်ကာပူက အများကြီး ဆုံးရှုံးမှာပါ။ နှစ်ဦးစလုံး ပျက်စီးပြိုဆိုရင်တော့ စင်ကာပူရဲ့ ဆုံးရှုံးမှုက နှစ်ဆတက်သွားမှာဖြစ်ပါတယ်။ နှစ်ဦးစလုံး ကြီး ပွား တိုး တက် မှ နှစ် ဦး စ လုံး ပူး ပေါင်း ဆောင်ရွက်ပြီး ကြီးပွား တိုး တက် အောင် တစ်ဦးက တစ်ဦးကို ဖေး ကူ မှ စင်ကာပူက အကျိုးဖြစ်ထွန်းမှာပါ။

၁၉၉၆

*

တရုတ်ပြည်က သိလာကြရမှာက မနက်ဖြန်ကမ္ဘာအပေါ် သြဇာညောင်းနိုင်မှုဟာ တရုတ်ပြည်ရဲ့ ဂျီဒီပီနဲ့ စစ်အင်အားအပေါ်မှာ သာ မ က အခြား လူ မျိုး တွေ က တရုတ်လူ့အဖွဲ့အစည်းအပေါ်ခံယူတဲ့ သဘောထား၊ တရုတ်ဆန်တဲ့ အရာတွေအပေါ် လေးစားအားကျလာမှု (ဆော့ပါဝါပေါ့နော်) တရုတ်လူ့အဖွဲ့အစည်းရဲ့ ဆွဲဆောင်နိုင်စွမ်းရှိမှု (အဲဒါ က ဟတ်ဒ်ပါဝါ မဟုတ်) တို့အပေါ်မှာပါ မူတည်နေတယ်။ ဟတ်ဒ်ပါဝါဆိုတာက တော့ စီးပွားရေးအင်အားနဲ့ စစ်အင်အားအပေါ်မူတည်

တာပေါ့။ လူတွေက ကိုယ့်လူမှုအဖွဲ့အစည်းရဲ့ အသွင်လက္ခဏာတွေကို လေးစားသဘောကျလာရမှာ ဖြစ်ပါတယ်။ ဒါ ကြောင့် နိုင်ငံခြားသား ကျောင်းသားတွေ အများအပြားဟာ အခုအခါ အမေရိကန်ကိုသွားပြီး အမေရိကန်တက္ကသိုလ်တွေမှာ ပညာသင်ကြားနေကြခြင်း ဖြစ်ပါတယ်။

၁၉၉၇

*

တရုတ်ပြည်ရဲ့ အနှစ် ၄၀၀၀ ကျော်သမိုင်းဟာ တစ်ခါတစ်ခါ မင်းမဲ့စရိုက်တို့၊ နိုင်ငံခြားက အောင်နိုင်သိမ်းပိုက်တာတို့၊ စစ်နယ်ရှင်တွေနဲ့ အာဏာရှင်တွေတို့လည်း ပြောက်တိပြောက်ကျား ပေါ်လာတက်တဲ့ မင်းစဉ်မင်းဆက် အုပ်စိုးသွားကြသူတွေရဲ့ သမိုင်းတစ်ခုပါပဲ။ တရုတ်လူမျိုးတွေ ဟာ ခေါင်းဖြတ်ခြင်းလောက်သာ အတွေ့အကြုံရှိကြပြီး ခေါင်းဘယ်လောက် (လူဦးရေ ဘယ်လောက်) ရှိတယ်ဆိုတာအပေါ် အခြေခံတဲ့ အစိုးရမျိုးမှာ အတွေ့အကြုံမရှိခဲ့ကြဖူးဘူး။ ပြည်သူတွေကို ကိုယ်စားပြုတဲ့အစိုးရမျိုး ဖြစ်လာစေမယ့် တရွေ့ရွေ့ဖြစ်စဉ်က ဖြည်းဖြည်းချင်းသာ ဖြစ်လာပေလိမ့်မယ်။

၂၀၀၀

*

တ ရ တ် ပြ ည် ဟာ ဖွံ့ ဖြိုး တိုး တ က် လာ ပြီး ကြီးမားတဲ့ မြို့ပြလူ့အဖွဲ့အစည်းကြီးတစ်ခု ဖြစ်လာတာနဲ့အမျှ အဆင့်မြင့်မြင့်ပညာတွေ တတ်လာမယ်၊ ပိုမိုကျယ်ပြန့်တဲ့ အသိပညာတွေ ရလာမယ်၊ ပြင်ပကမ္ဘာ

ကြီးနဲ့ ဆက်သွယ်မိလာမယ်၊ ကြီးမားတဲ့ ပညာတက်လူတန်းစားတစ်ရပ်ကို နေရာပေးလာတဲ့ နိုင်ငံရေးစနစ်မျိုးတဖြည်းဖြည်း ဖြစ်ပေါ်မှာဖြစ်ပါတယ်။ သန့်ရှင်းတဲ့ ပတ်ဝန်းကျင်တစ်ခုမှာ ဘဝရဲ့အရည်အသွေးတွေ မြင့်မားလာဖို့ မျှော်လင့်ထားတဲ့ ပြင်ပကမ္ဘာကြီးကလည်း ပွင့်လင်းမြင်သာရှိပြီး အဂတိလိုက်စားမှု ကင်းစင်တဲ့ အစိုးရတစ်ရပ်က သူ့ ရဲ့ အတွေးအမြင်တွေကို ကြားစေချင်ကြပါတယ်။

၂၀၀၅

*

တရုတ်လူမျိုးအများစုဟာ သူတို့ ရဲ့ ရှေးဟောင်းယဉ်ကျေးမှုမှာထူးခြားတဲ့ဂုဏ်ရည်တွေ၊ တန်ဖိုးစနစ်တွေရှိတယ်။ အဲဒီစနစ်တွေဟာ နိုင်ငံရပ်ခြားမှာ သူတို့ကို ကောင်းကောင်းကြီး အလုပ်အကျွေးပြုတယ်လို့ ယူဆကြတယ်။ အဲဒီယဉ်ကျေးမှုအမွေကို တရုတ်တွေက အလွန်အကျူးအမွမ်းတင်ပြီး တန်ဖိုးထားကြတယ်။ အစဉ်အလာယဉ်ကျေးမှုနဲ့ ထုံးစံဓလေ့တို့ရဲ့ အချို့သော အသွင်လက္ခဏာတွေကို ခေတ်နဲ့ မလျော်ညီတော့ဘူး၊ အဲဒါတွေက တိုးတက်မှုရဲ့ အတားအဆီးတွေဖြစ်တယ်လို့ ပြစ်တင်ဝေဖန်လာခဲ့ကြပါတယ်။ စောစောပိုင်း ဝင်လာခဲ့ကြတဲ့ တရုတ်လူမျိုးတွေ ကျင့်သုံးခဲ့ကြတဲ့ အစဉ်အလာ တရုတ်ထုံးဓလေ့ကို မိမိတို့ရဲ့သားမြေးတွေက ဆုံးဖြတ်နိုင်အောင် နားလည်ထားဖို့တော့လည်း လိုအပ်ပါတယ်။ ဒီထုံးဓလေ့တွေက ယနေ့တိုင် တရားဝင်ရှိနေ ဆဲ ဖြစ်ပါတယ်။ အတိတ်အကြောင်း သိခြင်းဟာ တိုင်းတစ်ပါးရောက် တရုတ်လူမျိုးတွေရဲ့ အဆက်အနွယ်တွေအဖို့ တရုတ်ပြည်မကြီးက တရုတ်တွေဟာ မိမိတို့ရဲ့ အစဉ်အလာယဉ်ကျေးမှုနဲ့ ထုံးဓလေ့တွေ

ကို ကနေ့ခေတ်နဲ့အညီ ဘယ်ပုံပြုပြင်ပြောင်းလဲနေပြီဆိုတာကို သိသွားစေပါလိမ့်မယ်။

၂၀၀၅

*

အခြားသော ထွန်းသစ်စနိုင်ငံတွေလိုပဲ တရုတ်ပြည်ကလည်း တရုတ်ပြည်ပဲ ဖြစ်လိုပါတယ်။ အဲဒီလိုပဲ လက်ခံထားစေချင်ပါတယ်။ တရုတ်ပြည်ဟာ အနောက်တိုင်းရဲ့ ဂုဏ်ထူးဆောင်အဖွဲ့ဝင် တစ်နိုင်ငံမျိုးအဖြစ် မယူဆစေချင်ပါဘူး။

၂၀၀၉

*

စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု

မျက်မှောက်ခေတ် ထွန်းသစ်စနိုင်ငံ အားလုံးမှာ သက်ရောက်နေတဲ့ တိုးတက်မှု (progress) ဆိုတဲ့စကားလုံးရဲ့ အဓိပ္ပာယ်ကတော့ တိုးတက်မှုဆိုတာ စက်မှုလက်မှုထွန်းကားလာရမယ်၊ စက်တွေကို ကျောရိုးမဏ္ဍိုင်အဖြစ် အသုံးပြုမယ်၊ လူနေမှုအဆင့်အတန်းဟာ ပေါက်တူးပေါက်ပြား အားကိုးနဲ့ အလုပ်လုပ်တဲ့ လူအပေါ်မှာ မှီခိုမနေရဘဲ လွန်ပူအားကိုးနဲ့ အလုပ်လုပ်နေသူအပေါ်မှာ မှီခိုနေရမယ် ဆိုတဲ့ အခြေအနေမျိုး ရှိခြင်းကို ဆိုလိုခြင်းပါပဲ။ ကျွန်တော့်သုံးသပ်ချက်အမြင်ကတော့ ဒီလို ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ကျွန်တော်တို့လက်မှာ ရှိနေတဲ့လာမယ့် ဆယ်စုနှစ်ကို လက်လွတ် ဆုံးရှုံးသွားစေမယ်၊ ဖြုန်းတီးပစ်လိုက်မယ်၊ စက်မှုလက်မှုခေတ်ထဲက ထွက်ဖို့ ကြိုးကြိုးတင်တင် ဘာမျှမပြင်နိုင်ဘူး ဆိုရင် ကျွန်တော်တို့ဟာ ဝမ်းနည်းနောင်တကို ဖက်ပြီးတော့ပဲ နေသွားရပါမယ်။

၁၉၆၂

*

ဒီဆွေးနွေးချက်တွေထဲမှ စကားယဉ်စကားလှတွေကတော့ အများကြီးပါပဲ။ နိုင်ငံသစ်တွေ (new contries) ရဲ့ ဆက်ဆက်ထိမခံခြင်းကိုလည်း ညင်ညင်သာသာဖြစ်စေ အသစ်မဟုတ်တဲ့ နိုင်ငံတွေရဲ့ အသိ

အမှတ်ထားမှုကိုလည်း နှစ်သိမ့်မှုရစေသဘော ဖြစ်ပါတယ်။ 'သစ်'တယ် (new) ဆိုတာကတော့ ဖွံ့ဖြိုးတိုးတက်နေသော (developing) လို့ အဓိပ္ပာယ်ဆောင်ပေမဲ့ developing ဆိုတိုင်း ဖွံ့ဖြိုးတိုးတက်တယ်လို့ မဆိုလိုပြန်ဘူး။ developing မဖြစ်လို့ ဆိုလိုက်ရင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မရှိတာ (under developed) ဖြစ်သွားပြန်တယ်။ အဓိပ္ပာယ်ကတော့ ဆင်းရဲတဲ့နိုင်ငံပါပဲ။

၁၉၆၆

*

နိုင်ငံတစ်နိုင်ငံဟာ ဖွံ့ဖြိုးပြီး နိုင်ငံလား၊ ဖွံ့ဖြိုးမှု မရှိတဲ့ နိုင်ငံလား ဆိုတာကို တိုင်းတဲ့ စံမှတ်ရှိပါတယ်။ ပြည်သူတွေဟာ သူတို့ဘာကြောင့် မွဲနေကြောင်းမသိဘဲ ငါတို့မှာ တရားဟာတဲ့ ကယ်တင်ရှင်ရှိတယ် ဒါမှမဟုတ် သေနတ်ကိုင်ထားတဲ့ ဗိုလ်ချုပ်ကြီးရှိတယ်။ အဲဒီပုဂ္ဂိုလ်က စစ်ရေးမှာပဲ ဖြစ်ဖြစ်၊ စီးပွားရေးလုပ်ငန်းမှာပဲဖြစ်ဖြစ်၊ အရည်အချင်းတွေ အပြည့်အဝရှိတယ်၊ ဆင်းရဲတဲ့ရောဂါကို ကုပေးနိုင်မယ်၊ အလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းပေးနိုင်မယ်၊ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ပေးနိုင်မယ်လို့ ယုံကြည်နေမယ်ဆိုရင် အဲဒီနိုင်ငံဟာ ဖွံ့ဖြိုးမှုမရှိတဲ့ နိုင်ငံပါပဲလို့ ကျွန်တော် ပြောပါမယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီလို အတွေးအခေါ်မျိုးတွေ ပေါ်လာနိုင်တာက ဖွံ့ဖြိုးမှုမရှိတဲ့ အခြေအနေတွေမှာသာ ပေါ်နိုင်လို့ပါပဲ။

၁၉၆၆

*

ကံကောင်းတာက ကျွန်တော်တို့က ဆန်စပါးကိုပဲဖြစ်ဖြစ်၊ အခြားအခြေခံစားကုန်တွေပဲ ဖြစ်ဖြစ် အမတော်ကြေးတို့ ထောက်ပံ့ကြေးတို့ပေး ဖို့ တစ်ခါမျှ မကြိုးစားခဲ့ဖူးခြင်းပဲ။ အဲဒီလို အခြေခံသီးနှံတွေ၊ စားကုန်တွေအတွက် အမတော်ကြေး ပေးခဲ့ကြတဲ့ အစိုးရတွေဟာ ပြဿနာအကြီးအကျယ် ကြုံကြရတယ်။ အစိုးရရတဲ့ ဝင်ငွေကို တိုးတိုးလာတဲ့ ပါးစပ်ပေါက်တွေကို ကျွေး ဖို့ ဈေးနှုန်းချိုချိုနဲ့ ဖြည့်ဖြည့်ပေးနေရာမှာ သုံးနေရတော့ လူဦးရေက အဆမတန် ဖြစ်လာ၊ လူတွေက ပညာမတတ်ကြ ၊ စီးပွားရေး တိုးတက်နှုန်းက နိမ့်ကျ၊ အလုပ်လက်မဲ့တွေက ထုနဲ့ထည်နဲ့ဖြစ်၊ ဒီတော့ လူမှုရေး မငြိမ်သက်မှုတွေ ဖြစ်လာတော့တယ်။ ဒါမျိုး တွေဘာကြောင့် ဒီလိုဖြစ်လာရသလဲဆိုရင် နိုင်ငံသစ်တွေတော်တော်များများက ရွေးကောက် တင်မြှောက်ခံရတဲ့ အစိုးရတွေက လူထုမကြိုက်တဲ့ ဆုံးဖြတ်ချက်တွေ ဆုံးဖြတ်ချက်ချရာမှာ တွန့်ဆုတ်နေကြလို့ ဖြစ်တယ်။

၁၉၇၀

*

အခုမှ စက်မှုလက်မှု ထွန်းကားစ စင်ကာပူနိုင်ငံမျိုးအဖို့ အလုပ်ချိန်ကျတော့ လျှော့လျှော့လာ၊ လုပ်ခကို တိုးတိုးပေးတာမျိုးတို့ လုပ်နိုင်ပြီလို့ တွေးမိခဲ့ရင် ဒီနိုင်ငံ ဒုက္ခရောက်ပြီပဲ။ ဘယ်သူကမှ သူတို့ရဲ့ အသက်မွေးမှုအတွက် ကျွန်တော်တို့က လုပ်ပေးရမယ်လို့ အကြွေးတောင်းသလိုတောင်းလို့ မရပါဘူး။ ဘာတစ်ခုမျှ အလကား မရနိုင်ပါဘူး။

၁၉၇၂

*

ကျွန်တော်တို့ကို ဘုရားသခင်က ရေနံတွေ၊ တွင်းထွက်သတ္တုတွေ၊ စိုက်ပျိုးထုတ်ကုန်ပစ္စည်းတွေ ပေးမထားပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့က စီးပွားရေးအရ အချက်အချာကျတဲ့ နေရာကလေးရထားတယ်။ စက်မှုထုတ်ကုန်ပစ္စည်းထုတ်လုပ်နိုင်ဖို့ အခြေခံအဆောက်အအုံကောင်းတွေရှိထား တ ယ် ။ သ ဘော်ဂ ပြင် တာ၊ လေ ယာဉ်ပြင် တာ နဲ့ အဲ ဒီ သ ဘော်၊ လေယာဉ်တွေကို ဆီဖြည့်ပေးတာနဲ့ သိုလှောင်ရုံတွေ ထားရှိပေးတာ ဆိုတဲ့ အရည်အသွေးကောင်းတဲ့ ဝန်ဆောင်မှုတွေကစလို့ အင်ဂျင်နီယာလုပ်ငန်းတွေနဲ့ စီမံအုပ်ချုပ်မှုပြဿနာတွေကို ကျွမ်းကျင်မှုပညာပေးတာနဲ့ အ ရ ည် အ သွေး မြင့် ငွေ ကြေး ဗ ဟို ဌာ န နဲ့ ငွေကြေးဈေးကွက်တွေ ကျွန်တော်တို့မှာ ရှိထားတယ်။ လူတိုင်းက အကောင်းဆုံးနဲ့ အကြိုးစားဆုံး အလုပ်လုပ်မယ်ဆိုရင် လူနေမှုအဆင့်အတန်းတွေ အများကြီး မြင့်တ က် သွား မှာ ဖြ စ် ပြီး အဲ ဒီ အ ဆ င့် အ တ န်း တွေ က ကျသွားတော့မှာ မဟုတ်ပါဘူး။

၁၉၇၄

*

ကျွ န် တော် ဟာ ပြည်သူပိုင်သိမ်းဖို့၊ စက်မှုလက်မှု ထူထောင်ရေးအတွက် ဆိုရှယ်လစ်စီမံကိန်းချဖို့နဲ့ စီးပွားရေးပုံစံ ပြောင်းလဲရေးလုပ်ဖို့ များ စဉ်းစားခဲ့ဖူးပါသလားလို့ မေးရင် ပွင့်ပွင့်လင်းလင်းပဲ ပြောပါမယ်။ မစဉ်းစားခဲ့ဖူးပါဘူး။ ဘာကြောင့်လဲဆိုရင် ပြည်သူပိုင် လုပ်ဖို့ဆိုတာက ရုံးသုံးပရိဘောဂနဲ့ ပစ္စည်းကိရိယာတွေ၊ ဘဏ်လုပ်ငန်းတွေ၊ ဈေးဆိုင်

တွေ၊ ဟိုတယ်တွေနဲ့ စက်ရုံ အချို့လောက်ကလွဲလို့ အဖိုးတန် ဆိုတာက သိပ်ရှိတာမှ မဟုတ်ပဲ။ ဒါ့အပြင် ၁၉၆၅ ခုနှစ် လောက်က ကျွန်တော့်အရင် လုပ်သွားတဲ့ မြန်မာနိုင်ငံက ဦးနု၊ သီရိလင်္ကာက ဘန်ဒရာနိုက်ကေးနဲ့ အင်ဒိုနီးရှားက ဆူကာနိုတို့ရဲ့ အလေးထားလောက်ဖွယ် သင်ခန်းစာတွေက ကျွန်တော့်မှာ ရှိနေပြီးသားဖြစ်ပါတယ်။

၁၉၇၈

*

စင်ကာပူနိုင်ငံကို တည်ထောင်သွားတဲ့ ဆာစတမ်းဖိုဒ့် ရပ်ဖဲလ် ပြဋ္ဌာန်းသွားတဲ့ ဥပဒေက စင်ကာပူနိုင်ငံသားတွေရဲ့ နှလုံးသားထဲမှာ ယနေ့တိုင်ရှိနေဆဲဖြစ်ပါတယ်။ အဲဒီဥပဒေက ၁၈၁၉ ခုနှစ်က တည်းက စင်ကာပူဟာလွတ်လပ်စွာ ယှဉ်ပြိုင်နိုင်ခြင်းအပေါ် အခြေခံပြီး အိန္ဒိယနဲ့ တရုတ်ပြည်ကြားမှာ အရှေ့တိုင်းရဲ့ ကုန်ပဒေသာတိုက်ကြီး ဖြစ်လာလိမ့်မယ်ဆိုတဲ့ သူ့ရဲ့ အမြော်အမြင်ကို စင်ကာပူနိုင်ငံသားတွေ သတိရစေပါတယ်။ အဲဒီအချိန်တုန်းက ဒီကျွန်းပေါ် မှာလူ ၁၂၀ ပဲ ရှိပါသေးတယ်။ သူတို့ရဲ့ အသက်မွေးလုပ်ငန်းကလည်း တံငါလုပ်ငန်းလောက်ပါပဲ။ စင်ကာပူရယ်လို့ တည်ထောင်ပြီး ငါးနှစ်အတွင်းမှာ ဗြိတိသျှလူမျိုး၊ အာရပ်လူမျိုး၊ တရုတ် လူမျိုး၊ အိန္ဒိယလူမျိုးကုန်သည်တွေ ၅၀၀၀ လောက်ရှိလာပါတယ်။ ဘာလူမျိုးပဲဖြစ်ဖြစ် ဘယ်လို ဘာသာစကားပြောပြော ဘာဘာသာပဲ ကိုးကွယ်ကိုးကွယ် လွတ်လပ်စွာနဲ့ တန်းတူရည်တူ ယှဉ်ပြိုင်ခြင်းဆိုတဲ့ မူကဆွဲဆောင်လို့ ရောက်လာကြခြင်း ဖြစ်ပါတယ်။

၁၉၇၈

*

ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ဥရောပတိုက်သားတစ်ဦးရဲ့ အလုပ်နေရာ မြဖို့ဆိုပါစို့၊ အထည်အလိပ်လုပ်ငန်း၊ ဖိနပ်လုပ်ငန်းတွေမှာ လူနှစ်ယောက် ဒါမှမဟုတ် နှစ်ယောက်ခွဲကနေ သုံးယောက်အထိ အလုပ်ပြုတ်ပေးရပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာကျတော့ အလုပ်ပြုတ်သွားသူတစ်ဦးဟာ အလုပ်လက်မဲ့ အကျိုးခံစားခွင့်ကို ခံစားကြရလို့ အလုပ်ရှိနေစဉ်ကနဲ့ မခြား သလောက် နီးပါးသက်သာချောင်ချိမှုရကြပါတယ်။ အဲဒီအလုပ်ပြုတ်တဲ့သူဟာငါ့ မှာ အလုပ်မရှိပါလား၊ အလုပ်ခွင်ကလုပ်ဖော်ကိုင်ဖက် အလုပ်သမားတွေနဲ့ အတူတူ လုပ်ကိုင်ရတဲ့ ပျော်ရွှင်မှုမျိုး မရှိတော့ပါကလားဆိုတဲ့ မသက်သာမှုမျိုးလောက်ပဲ ခံစားရပါတယ်။ သို့ပေမဲ့လည်း ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ အလုပ်ပြုတ်တယ်ဆိုတာ ငတ်ပြတ်နေပြီဆိုတဲ့ အဓိပ္ပာယ်ပါပဲ။

၁၉၇၈

*

ကျွန်တော်တို့ဟာ အများစု နိုင်ငံတို့ထက်ပိုပြီး ဒီစီးပွားဆုတ်ယုတ်ကျဆင်းမှုက ကျော်လွှားနိုင်စေခဲ့တဲ့ အခြေခံ အကြောင်းချက်တွေက ဘာတွေလဲ။ ပထမဆုံး အကြောင်းကတော့ သာမန် အသုံးစရိတ်အတွက် လိုငွေ ပြဿနာကျက်မျိုး မပြခဲ့ဘဲ နှစ်ပေါင်းများစွာ နေလာနိုင်ခဲ့ခြင်းနဲ့ လက်ကျန်ရှင်းတမ်းမှာ လိုငွေမပြဘဲ ပိုငွေသာ ပြလာခဲ့ခြင်းကြောင့် ဖြစ်ပါတယ်။ အဲဒီအခြေအနေကြောင့် ကျွန်တော်တို့ရဲ့ ငွေကြေးက တည်ငြိမ်နေခဲ့ပါတယ်။ ကျွန်တော်တို့ဟာ ငွေကိုအလုံးအရင်းနဲ့ အမြောက်အမြား

ချေးယူစရာ မလိုခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့က ရတာထက်ပိုပြီး သုံးစွဲတာမျိုး မလုပ်ခဲ့လို့ပါ။ ကျွန်တော်တို့မှာ ရတဲ့ ဝင်ငွေထက် သုံးစရာက အဲဒီနှစ်မှာ ပိုများလာတဲ့အခါ နှိုက်သုံးစရာ စုဆောင်းငွေ က ရှိထားတယ်။ ယုံကြည်စိတ်ချရလောက်တဲ့ စင်ကာပူဒေါ်လာက ကျွန်တော်တို့ရဲ့ဘဏ်လုပ်ငန်းနဲ့ ငွေကြေးအဖွဲ့အစည်းတွေကို ဖွံ့ဖြိုးတိုးတက်လာစေပါတယ်။ ဘာကြောင့်ဆိုရင် ငွေကြေးဆိုတာက သူ့ဘာသာသူ လွတ်လပ်စွာ စီးဆင်းသွားဖို့အတွက် အဟန့်အတားမရှိမှ လုံခြုံမှုရှိတာမျိုး ဖြစ်လို့ပါပဲ။

၁၉၈၃

*

ကိုယ်ကျိုးစီးပွား ကာကွယ်ရေးဝါဒနဲ့ ကုန်သွယ်မှု လျော့ကျလာခြင်းတို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ စီးပွားရေး တိုးတက်မှု လျော့ကျလာစေတယ်ဆိုတာ မမေ့ပါနဲ့။ အဲဒီလိုဖြစ်ရင် ကြွေးမြီ မဆပ်နိုင်တဲ့ အခြေအနေမျိုး (default) ကို ရှောင်ရှားလို့မရတော့ဘူး။ နိုင်ငံတကာ ဘဏ်လုပ်ငန်းစနစ်မှာလည်း ဘယ်လို အကျိုးဆက်တွေ ဖြစ်လာမယ်ဆိုတာ တွက်ချက်လို့ မရနိုင်တော့ဘူး။ အဲဒီလို ကသောင်းကနင်းဖြစ်မှုကနေပြီး ဘဏ်တွေက ရပ်တည် ရှင်ကျန်လာနိုင်ခဲ့တယ်ပဲ ဆိုစေဦး၊ အဲဒီဖွံ့ဖြိုးဆဲနိုင်ငံတွေဟာ ပါတီစုံ ဗဟိုဝါဒနဲ့ ဒီမိုကရေစီ လွတ်လပ်မှုတွေ ပိုရလာရေးအတွက် လွတ်လပ်မှုတွေ ပိုပြီးပေးရမယ်ဆိုတဲ့ အတွေးအခေါ်တွေ အား လုံး ကို စွန့်လွှတ်လာရပါလိမ့်မယ်။ မည်သာတာတဲ့၊ ဖိနှိပ်တဲ့အစိုးရဆိုတာဟာ ခြိုးခြံရခြင်း သို့မဟုတ် စီးပွားရေး တိုးတက်မှု မရှိခြင်းရဲ့ အခြားတစ်ဖက်မှာ ရှိလာခြင်း ဖြစ်ပါတယ်။

၁၉၈၅

*

ကျွန်တော် တို့ဟာ ကျွန်တော် တို့ရဲ့ အလယ်အလတ် စီးပွားရေး လုပ်ငန်းတွေနဲ့ အသေးစား စီးပွားရေးလုပ်ငန်းတွေကို ဂျပန်နိုင်ငံတို့လို၊ ဂျာမနီနိုင်ငံတို့လိုက လာတဲ့ နိုင်ငံစုံ ကော်ပိုရေးရှင်းတွေနဲ့ ချိတ်ဆက်ပြီး အဲဒီကော်ပိုရေးရှင်းကြီးတွေရဲ့ ပါတနာတွေဖြစ်လာအောင် လုပ်ကြဖို့ အားပေးသင့်ကြတယ်။ ဒါမှသာလျှင် ဒီအသေးစားနဲ့ အလယ်အလတ် လုပ်ငန်းကလေးတွေဟာ သင့်တော်တဲ့ နည်းပညာ လွှဲပြောင်းမှုမျိုး ရရှိပြီး သူတို့ရဲ့ စည်းရုံးဖွဲ့စည်းပုံ နည်းနာတွေကို တိုးတက်အောင် လုပ်လာနိုင်မှာဖြစ်တယ်။ သို့သော်လည်း ကျွန်တော် တို့ရဲ့ အသေးစားနဲ့ အလယ်အလတ် လုပ်ငန်းတွေဟာ ကိုယ့်အားနဲ့ကိုယ် တိုးတက်အောင် လုပ်သွားကြရမှာ ဖြစ်ပါတယ်။ သူတို့ဟာ စီးပွားရေးလုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုစွမ်းရည်ရော ကိုယ့်အားနဲ့ကိုယ် လည်ပတ် မောင်းနှင်သွားနိုင်စွမ်းပါရှိပါမှ လုပ်ငန်းကြီးတွေအဖြစ် တိုးတက်လာကြမှာ ဖြစ်ပါတယ်။ အစိုးရရဲ့ အကူအညီက အထောက်အကူပေးနိုင်တာ မှန်ပေမဲ့ အသေးစားနဲ့ အလတ်စား လုပ်ငန်းတွေ ကြီးထွားအောင်မြင်လာရေးမှာ အဆုံးအဖြတ်ပေးနိုင်တဲ့ အခြေအနေတော့ ရှိမှာ မဟုတ်ပါဘူး။

၁၉၉၂

*

လူတစ်ဦးချင်း ဝင်ငွေ အပါအဝင် အရေအတွက်ပိုင်းဆိုင်ရာ အတော်

များ များ မှာ ယ ခု အ ခါ စ င် ကာ ပူ ဟာ ဖွံ့ဖြိုးပြီးနိုင်ငံများအဆင့်ထဲကို ရောက်နေပါပြီ။ ဒါပေမဲ့ အစိုးရက အောင်ပွဲမခံနိုင်သေးဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ဟာ နိုင်ငံခြားက ဉာဏ်ရည်ဉာဏ်စွမ်းတွေ အပေါ် ဘယ်မျှ မှီခိုနေရသေးတယ် ဆိုတာ ကျွန်တော်တို့ အားလုံး သိနေကြလို့ပါပဲ။ ကျွန်တော်တို့ဟာ နည်းပညာနဲ့ လူစွမ်းအားအရင်းအမြစ် အရာမှာ အမေရိကန်တို့၊ ဂျပန်တို့၊ ဂျာမနီတို့နဲ့ တစ်ပြေးတည်း ယှဉ်လိုက်နိုင်သေးတာ မဟုတ်ဘူး။ တစ်ချိန်မှာတော့ ပေါ်တူဂီတို့၊ ဂရိတို့၊ စပိန်တို့ နဲ့ အတူတူလောက် ရောက်ချင်ရောက်လာပါမယ်။

၁၉၉၆

*

အနောက်တိုင်းက MNC (နိုင်ငံစုံ ကော်ပိုရေးရှင်းကြီး) တွေမှာ ဘယ်သို့ ဘယ်ပုံလုပ်ရမယ်ဆိုတဲ့ နည်းပညာတွေ (know-how) ရှိသလိုပဲ အာရှက ကော်ပိုရေးရှင်းကြီးတွေမှာလည်း လူမှုရေးအရ ယဉ်ကျေးမှုအရနဲ့ နိုင်ငံရေးအရ အဆင်ပြေပြေ ချိတ်ဆက်ထားနိုင်လို့ ဘယ်သူတွေနဲ့ လုပ်ရမယ်ဆိုတဲ့ know-who ရှိကြပြီး ဒေသတွင်းမှာ စီးပွားရေးလုပ်ငန်းကွန်ယက်တွေ လုပ်ထားနိုင်တယ်။

၁၉၉၆

*

ကျွန်တော်လည်း နေ ရူး လို ဗြို တိ သျှ ဖေ ဘီ ယ န် လူဘောင်အဖွဲ့ အ စ ည်း အ တွေး အ ခေါ် အ ယူ အ ဆ လွှမ်းမိုး ခံ ရ ဖူး တ ယ် ။ ဒါပေမဲ့

ကျွန်တော်က မကြာခင်မှာပဲ မုန့်ကို သူများကို ဝေမပေးမီ ပထမဦးစွာ ဖုတ်ရမယ်ဆိုတာကို အမှန်အတိုင်း သိလာတယ်။ ဒါကြောင့် ကျွန်တော်က သက်သာချောင်ချိရေးဝါဒကနေ ခွဲထွက်လာတယ်။ ဘာကြောင့်လဲဆိုတော့ သက်သာချောင်ချိရေးဝါဒဆိုတာက လူတွေရဲ့ ကိုယ့်အားကိုယ်ကိုးချင်စိတ်နဲ့ သူ့ထက်ငါ သာအောင် လုပ်မယ်၊ အောင်မြင်အောင် လုပ်မယ် ဆိုတဲ့ စိတ်ကို ဆုတ်ယုတ်စေလို့ပဲ။ ထို့အတူပဲ ကျွန်တော်က သွင်းကုန် အစားထိုးနည်းနဲ့ စက်မှုလက်မှု ထုထောင်ရေးဆိုတဲ့ စံနမူနာ (Model) ကိုလည်း စွန့်လွှတ်ခဲ့တယ်။ တတိယကမ္ဘာ့နိုင်ငံအများစုတို့ဟာ အနောက်တိုင်းက အမ်အယ်နစ်စကြီးတွေရဲ့ ကုပ်သေးစုပ်မှုအပေါ် သံသယသိပ်ထားနေတဲ့အချိန်မှာ စင်ကာပူက အဲဒီအမ်အယ်နစ်စကြီးတွေကိုယ့်နိုင်ငံထဲ ရောက်လာအောင် ဖိတ်ခေါ်ခဲ့တယ်။ အဲဒီအမ်အယ်နစ်စကြီးတွေကကျွန်တော်တို့ရဲ့ စီးပွားရေးတိုးတက်လာအောင် အထောက်အကူပေးတယ်။ နည်းပညာနဲ့ အတတ်ပညာတွေကို သယ်ဆောင်ယူလာတယ်။ အခြားတစ်ပါး မဟာဗျူဟာမျိုးက လုပ်ပေးနိုင်တာမျိုးထက် အဲဒီအမ်အယ်နစ်စကော်ပိုရေးရှင်းတွေက ကုန်ထုတ်လုပ်မှု စွမ်းရည်ကို မြန်မြန် မြှင့်တင်ပေးနိုင်ခဲ့တယ်။

၂၀၀၅

*

ကျွန်တော်တို့ဟာ ကုန်ထုတ်လုပ်မှုစွမ်းရည်ကို မြှင့်တင်မပေးနိုင်ရင် ဒါမှမဟုတ် နိုင်ငံသားတွေရဲ့ ကုန်ထွက်ကို တိုးအောင် ပြုမပေးနိုင်ရင် ကျွန်တော်တို့ရဲ့ စီးပွားရေးဟာ နှေးကွေးသွားမှာပဲ။ ဒီအခါ စင်ကာပူနိုင်ငံသားတွေဟာ အလုပ်အကိုင် အခွင့်အလမ်း အများအပြားနဲ့ အိပ်ချ

အာရ်ဒီ (အိုးအိမ်ဖွဲ့ဖြိုးရေးအဖွဲ့ အိမ်ခန်းတွေ ပြန်လည်ရောင်းချတဲ့ ဈေးနှုန်းအပါအဝင် တန်ဖိုးရှိ ပစ္စည်းတွေ (assets) ရဲ့ တန်ဖိုးတွေ မြင့်တက်နေခြင်းကို တွေ့ကြရမယ့်အစား နိုင်ငံသား အားလုံးမှာ ပြောင်းပြန်တွေ ဖြစ်လာမှာကို တွေ့ကြရမှာ ဖြစ်တယ်။ အဲဒီလိုဖြစ်လာရင် လူအများစုမှာ ပိုဆိုးလာမယ်။ အလုပ်အကိုင် အခွင့်အလမ်းတွေ နည်းသွားမယ်။ လစာတွေ နိမ့်ကျသွားမယ်။ အိပ်ချ်အာရ်ဒီ အိမ်တွေရဲ့ တန်ဖိုးတွေ ပြန်လည်ရောင်းချတဲ့ ဈေးနှုန်းတွေပါ ကျသွားမယ်။ ဒီအခါ ငယ်ရွယ်တဲ့ စင်ကာပူနိုင်ငံသားတွေဟာ အလုပ်အကိုင်ရဖို့ အခက်အခဲတွေ ပိုတွေ့လာပြီး ကိုယ့်သားမယားတို့ကို ကျွေးမွေးထောက်ပံ့ဖို့ ခက်လာမယ်။ ဒါကြောင့် အိမ်ခန်းသစ်တွေ နောက်ထပ်တိုးလာပါသော်လည်း အဲဒီအိမ်ခန်းတွေကို မဝယ်နိုင် ဖြစ်လာမယ်။ ဝင်ငွေမှ မကောင်းတော့ပဲကိုး။ ဒီအခါ စင်ကာပူသားတွေအတွက် အခွင့်အလမ်းတွေက ဆုတ်ယုတ်သွားကြမယ်။ အိပ်ခန်းဈေးတွေ အိုးအိမ်ခြံမြေဈေးတွေ ကျလာတာမျိုးတွေ ဆက်တိုက် ဖြစ်လာတာနဲ့ ကျွန်တော်တို့မှာ ငွေကြေး ကျုံ့ဝင်တဲ့ (တစ်နည်းအားဖြင့် ငွေရှားတဲ့) စီးပွားရေးမျိုးဖြစ်လာမယ်။ ဒီအခါ အိမ်ဈေး၊ မြေဈေးတွေက ကျနေပါသော်လည်း ဝယ်လိုအားက ကျလာမယ်၊ ဝယ်နိုင်အားက ကျလာမယ်။ ပေးနိုင်တဲ့ အလုပ်အကိုင် အရေအတွက်လည်း ကျ၊ ရာထူး တိုးတက်ပေးနိုင်မှုလည်း ကျဖြစ်လာမယ်။ အဲဒီလို ဖြစ်လာတဲ့ အခါ ကျွန်တော်တို့နိုင်ငံက ဉာဏ်ရည်ဉာဏ်စွမ်း ရှိသူတွေ အများအပြား ဟာ ရေကြည်ရာ မြက်နုရာကို ရှာပြီးထွက်သွားကြမယ်။ အဲဒီအခါ စီးပွားရေးက အကျဘက်ကို ဆိုးဆိုးဝါးဝါး ပိုဆင်းသွားပြီး နောက်ဆုံးမှာ စင်ကာပူနိုင်ငံဟာ ထိုးဆင်းကျသွားတာမျိုး ဖြစ်သွားလိမ့်မယ်။

၂၀၁၀

*

ကြီးပွားချမ်းသာခြင်း

ဓနဥစ္စာကို မမျှမတနည်းနဲ့ ခွဲဝေခြင်းကို တန်ပြန်ထိန်းညှိပေးဖို့ အတွက်နဲ့ အဲဒီဓနဥစ္စာ ရာသက်ပန် ထာဝရတည်နေခြင်းကို တားဆီးနိုင်ဖို့အတွက် တမင်ရည်ရွယ်ချက်ရှိရှိ အသုံးပြုတဲ့ အခွန်စည်းကြပ်မှု ပုံစံတွေ ရှိရာမှာ အိမ်ရာခြံ မြေကွက် အခွန်ဆိုတာ အဲဒီ အခွန်စည်းကြပ်မှု ပုံစံတွေထဲက တစ်မျိုးပါ။ ဆိုရှယ်လစ်အခွန်စည်းကြပ်ခြင်း မူဝါဒရဲ့ အခြေခံရည်ရွယ်ချက်က ဓနဥစ္စာကို ပြန်လည် ဖြန့်ဝေပေးခြင်းမျိုး ဖြစ်လာအောင်ပါ။ ပိုက်ဆံရှိတဲ့လူတွေ လက်ထဲက ပိုက်ဆံကိုယူပြီး ပညာရေးမှာ၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေမှာ၊ လူမှုသက်သာချောင်ချိရေးမှာသုံးမယ်။ အဲဒီလိုနည်းနဲ့ ရှိတဲ့လူတွေ လက်ထဲက ပိုက်ဆံကို မရှိတဲ့လူတွေကို ပေးခြင်းမျိုး ဖြစ်ပါတယ်။ အဲဒီလို လုပ်ခြင်းအားဖြင့် ဘယ်သူမျှ မထိခိုက်ပါဘူး။ ဘာကြောင့်လဲဆိုရင် ဘယ်သူ့ဆီကမျှ ယူတာမဟုတ်တဲ့သဘောမို့ ဒီနည်းကအခွင့်အရေး အပိုရစေပါတယ်။ သားတွေ၊ သမီးတွေ၊ အမွေခံတွေနဲ့ ဆက်ခံသူတွေဆီက ယူတယ်ဆိုတာက ပိုက်ဆံတော့ မဟုတ်ဘူး။ ဒါပေမဲ့ ပိုက်ဆံကို ဆက်ခံရတော့မယ်ဆိုတဲ့ မျှော်လင့်ချက်ကိုသာ ယူလိုက်ခြင်းဖြစ်ပါတယ်။ သေတမ်းစာကို ဖတ်ပြလိုက်ပြီးနောက်၊ အခွန်ကို သီးခြားဆောင်လိုက်ပြီးနောက် တစ်ပတ်- နှစ်ပတ်လောက်မှာတော့ ထိခိုက်နာကျင်သလို ဖြစ်ချင်ဖြစ်ပါမယ်။ ဒါပေမဲ့လည်း အကယ်၍ ဒီငွေသန်းကုဋေကို ရှာဖွေလာခဲ့ရတဲ့လူသက်ရှိထင်ရှားရှိနေဆဲမှာပဲ ဒီလို ငွေလုံးငွေရင်းကြီးလေးတဲ့

အခွန်ကောက်ယူခံရတာမျိုး လုပ်မယ်ဆိုရင် အဲဒီလိုဟာထက်တော့ နာကျင်မှုက သက်သာပါတယ်။

၁၉၅၅

*

ဓနဥစ္စာနဲ့ဆင်းရဲမှုဟာ နှိုင်းရသဘောရှိတဲ့ အရာတွေဖြစ်တယ်။ လူဘောင်အဖွဲ့အစည်းအ တွင်းမှာပဲ ဖြစ်ဖြစ်၊ နိုင်ငံတကာ လူမှုအသိုင်းအဝန်း အတွင်းမှာဖြစ်ဖြစ် ခင်ဗျားဟာ တကယ် တင်းကျပ်မှုမျိုး သိပ်မ ဖြစ်ပါဘူး။ ဘာကြောင့်တုံး ဆိုရင် ပရမတ္ထသဘောမျိုးနဲ့ ပြောရရင် ခင်ဗျားဟာ အခြားလူ တစ်ယောက်နဲ့ ယှဉ်လိုက်ရင်သာ သိပ်ဆင်းရဲ တယ် သို့မဟုတ် သိပ်ချမ်းသာတယ်လို့ ဖြစ်သွားတာမျိုးကြောင့် ဖြစ်ပါ တယ်။ သို့သော်လည်း ခင်ဗျားဟာ ခင်ဗျားကို မကျေမ နပ် ဖြစ်နေသူ အခြားလူတစ်ယောက်ထက်တော့ ချမ်းသာနေသေးတာပါပဲ။

၁၉၆၂

*

ကျွန်တော်တို့ဟာ လွန်ခဲ့တဲ့ ၁၆ နှစ်ကာလအတွင်းမှာ စီးပွားရေးနဲ့ လူမှုပြုပြင်ပြောင်းလဲရေးတွေကို လုပ်ကိုင်ပေးနိုင်ခဲ့ပါတယ်။ ကျွန်တော် တို့ဟာ ကွန်မြူနစ်တွေနဲ့ ပေါင်းခဲ့ကြပြီး ပြောက်ကျားတော်လှန်ရေးထဲ မှာ သေခဲ့ကြတယ်။ အဲဒီလိုဖြစ်ခဲ့ကြတာ ကျွမ်းကျင်မှုတစ်ခု တက် မြောက်လာ ဖို့အတွက် ဆွဲဆောင်နိုင်လောက်တဲ့ နည်းလမ်းတော့ မဖြစ် ခဲ့ပါဘူး။ အလုပ်အကိုင်တစ်ခုရဖို့၊ တိုက်ခန်းတစ်ခန်း ပိုင်ဖို့၊

ရေခဲသေတ္တာတို့၊ တီဗီတို့၊ အဝတ်လျှော်စက်တို့ ရဖို့နဲ့ ကိုယ့်မယားနဲ့ သားသမီးတွေကို ပြုစုပျိုးထောင်ပေးဖို့အတွက် ဆွဲဆောင်နိုင်လောက်တဲ့ နည်းမျိုးလည်း မဖြစ်ခဲ့ပါဘူး။

၁၉၇၅

*

ဆင်းရဲတဲ့သူတွေက နတ်သုဒ္ဓါဟာ နတ်ပြည်ကကျလာတာ မဟုတ်မှန်းသိကြပါတယ်။ စင်ကာပူမှာလည်း ဘယ်နည်းနဲ့မှ ကျမလာပါဘူး။

၁၉၇၆

*

ကနေ့အခါမှာ ကျွန်တော်တို့ရဲ့ ပြဿနာတစ်ရပ်က လူငယ်အများအပြားဟာ ကြီးပွားချမ်းသာခြင်းနဲ့ စီးပွားရေး တိုးတက်ခြင်းတို့ဟာ စင်ကာပူနိုင်ငံသဘာဝရဲ့ အစိတ်အပိုင်းတစ်ရပ်လို့ ယုံကြည်နေကြခြင်း ဖြစ်ပါတယ်။ ကြီးပွားချမ်းသာခြင်းနဲ့ စီးပွားရေး တိုးတက်ခြင်းဟာ သံဇာတ သဘာဝအရင်းအမြစ် ဘာမျှမရှိတဲ့ နေရာဒေသတစ်ခုမှာ သဘာဝအတိုင်း ဖြစ်လာတာမျိုး မဟုတ်ဘူး ဆိုတာ အဲဒီလူငယ်တွေကို သတိပေးဖို့လိုတယ်။ အဲဒါတွေဟာ လူရဲ့ ကြိုးပမ်းအားထုတ်မှုနဲ့ ထိုးထွင်းဉာဏ်တို့က ပေါ်ထွက်လာတဲ့ ရလဒ်သာ ဖြစ်ပါတယ်။

၁၉၇၇

*

စီးပွားရေးလုပ်ငန်းရှင်သဘောနဲ့ ပြောမယ်ဆိုရင် နိုင်ငံသားတိုင်းက စင်ကာပူနိုင်ငံရဲ့ တည်ငြိမ်မှုနဲ့ တိုးတက်မှုထဲမှာ သူတို့ရဲ့အစုရှယ်ယာ ထည့်ဝင်ထားငွေပါတယ်လို့ ယူဆကြတယ်။ နိုင်ငံ သားတိုင်းဟာ သူတို့ ထည့်ဝင်ထားတဲ့ ကြီးပွားချမ်းသာမှုရဲ့ အချိုးကဝေစုကိုတော့ မျှော်လင့် နိုင်ကြပါတယ်။

၁၉၇၈

*

စင်ကာပူဆိုတာ ကြိုးပမ်းအားထုတ်မှုနဲ့ ဉာဏ်ရည်အပေါ်မှာ အခြေခံထားတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ပါ။ ဓနဥစ္စာနဲ့ အခွင့်အရေးဆိုတာ ဘယ်လိုလူက မွေးလာတယ်ဆိုတဲ့ အချက်အပေါ်မှာ တည်မနေပါဘူး။ အလုပ်ရှင်က အလုပ်သမားအပေါ် ပွင့်လင်းမှုမရှိတဲ့ အလုပ်ရှင်ရဲ့ နေထိုင်မှုပုံစံမျိုးမှာ ဘာမျှအဓိပ္ပာယ်မရှိပါဘူး။ စီမံအုပ်ချုပ်တဲ့လူက စကွပ် (squash) ကစားနိုင်တယ်၊ တင်းနစ်တို့၊ ဂေါက်သီးတို့ ကစားနိုင်တယ်ဆိုရင် အလုပ်သမားလည်း ကစားနိုင်ရပါမယ်။ စီမံအုပ်ချုပ်သူက အလုပ်နားရက်မှာ နိုင်ငံခြား သွားနိုင်တယ်ဆိုရင် အလုပ်သမားတွေလည်း သွားနိုင်ရပါမယ်။

၁၉၈၉

*

ပြည်သူတွေက ဆင်းရဲနေကြပြီး ဒီအစိုးရကတော့ ချမ်းသာနေတာပဲ

လို့ ပြောမယ်ဆိုရင် အဓိပ္ပာယ်မရှိပါဘူး။ ခေါင်းဆောင်တွေက နိုင်ငံရဲ့ ဓနဥစ္စာတွေကို ခိုးယူနေတဲ့အခါမျိုးကျမှသာလျှင် အဲဒီစကားမျိုးက မှန်မှာပါ။ စင်ကာပူမှာ ခေါင်းဆောင်တွေက သူခိုးတွေ မဟုတ်ပါဘူး။ ဒါကြောင့် အစိုးရက ချမ်းသာတယ်လို့ ပြောတဲ့အခါ ပြည်သူတွေ အားလုံးအတွက်လုံခြုံမှုနဲ့ အကျိုးခံစားမှုတွေကို အာမခံပေးထားနိုင်လောက်တဲ့ငွေကြေးမျိုး ပြည်သူတွေမှာလည်း ချမ်းသာနေတယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။

၁၉၉၂

*

စင်ကာပူမှာ ရှိကြတဲ့လူတိုင်းဟာ ကွန်ဒိုတိုက်ခန်းတစ်ခန်း ဒါမှမဟုတ် မြေနဲ့အိမ်ရာ အဆောက်အအုံတစ်ခုကိုတော့ ပိုင်ချင်ကြပါတယ်။ လူတိုင်းလူတိုင်း မြေ နဲ့ အိမ်ရာအဆောက်အအုံမျိုး မရနိုင်သေးတာက တော့ ရှိနေတာပေါ့လေ။ သို့ပေမဲ့လည်း ၁၅ နှစ်လောက်အတွင်းမှာ အဓိကလူနေမှု မြှင့်တင်ရေး အစီအစဉ် ပြီးစီးလာရင်တော့ လူတိုင်းဟာ တိုးတက်လာတော့မှာပါ။ လက် ရှိ (အိုးအိမ်အဖွဲ့) အထပ်နဲ့ သီးခြားအဆောက်အအုံတိုက်မျိုးတွေဟာ လုံး၀ ပြောင်းလဲသွားမှာဖြစ်ပြီး အဲဒီအဆောက်အအုံတွေက ကွန်ဒိုတိုက်တန်းလို ဖြစ်လာကြမှာပါ။

၁၉၉၆

*

ကျွန်တော်တို့ရဲ့ လူငယ်တွေဟာ အခုလိုရွှေရောင်ခေတ်မှာ စီးပွား

ဥစ္စာကို ရှာဖို့ ပြင်ဆင်ထားသင့်တယ်။ အိမ်ရာခြံမြေတို့၊ ကားတို့ကို တို့ မလှမ်းနိုင်ပါဘူးကွာလို့ ညည်းတွားနေခြင်းဟာ မိုက်မဲမှုသာ ဖြစ်ပါတယ်။ ပေါ်လာတဲ့ အခွင့်အလမ်းကို အမိဖမ်းနိုင်သူတွေအဖို့ လက်လှမ်းမမီဘူးဆို တာ ဘယ်တော့မျှ ရှိ မှာ မဟုတ်ပါဘူး။ တကယ်တော့ လစာအပေါ်လော က် သာ မှီ ခို နေ ရ သူ တွေ ထ က် အ ကျိုး အ မြ တ် ခွဲဝေရရှိမယ့် အ စီ အ စဉ် တွေ နဲ့ စ တော့ လု ပ် ငန်း အ တွေး အ ခေါ် အယူအဆအပေါ် အမှီပြုသွားမယ့်သူတွေက ပိုပြီး စီးပွားရေး ဖြစ်ထွန်းလာမှာ ဖြစ် တယ်။ သို့သော်လည်း လစာအပေါ် အမှီပြုနေသူတွေတောင်မှလည်း စီးပွားရေးတိုးတက်မှု မြင့်လာတာနဲ့အမျှ နောက် ၁၀ နှစ်ဆိုရင် သူတို့ရဲ့ လစာတွေဟာ နှစ်ဆတိုးလာမှာ ဖြစ်ပါတယ်။

၁၉၉၆

*

ကျွန်တော်တို့ဟာ လူတစ်ဦးချင်းရဲ့ ဝင်ငွေနှုန်းဘယ်လောက်ပဲ မြင့်လာ တ ယ် ပဲ ဆို ဆို လူ တို င်း ကို ကား ပိုင် အော င် တော့ မလုပ်ပေးနိုင်သေးပါဘူး။ လူငယ်တွေဟာ ကျွန်တော်တို့ရဲ့ လမ်းတွေ ကားတွေနဲ့ ပိတ်နေ အော င် လု ပ် ပ စ် လို က် လို့ မ ဖြ စ် သေး ဘူး။ အဲ ဒီ လို ဖြစ်သွားရင် ကျွန်တော်တို့ရဲ့ စီးပွားရေးကိုပါ အန္တရာယ်ပေးလာမယ်ဆိုတဲ့ အချက်ကို လက်ခံနိုင်မှဖြစ်ပါမယ်။ ကျွန်တော်တို့ဟာ လူတိုင်းကို မြေ နဲ့ အိမ်ရာ အဆောက်အအုံမျိုး၊ အိမ်ချင်းဆက် တိုက်တန်းမျိုး၊ လုံးချင်း ဘန်ဂလိုတိုက်မျိုးတွေကို မပေးနိုင်သေးပါဘူး။ အဲ ဒီ လို အိမ်ရာတိုက်တာတွေအတွက် ကျွန်တော်တို့မှာ မြေမရှိပါဘူး။ ဒါပေမဲ့လည်း ကျွန်တော်တို့ဟာ အ ထ ပ် မြ င့် တို က် ခ န်း တွေ၊ အ ရ ည် အ သွေး မြ င့် အိမ်မျိုးတွေ

အရည်အသွေးမြင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးကိုတော့ လူတိုင်းကို ပေးသွားနိုင်ပါတယ်။

၁၉၉၆

*

ကျွန်တော်တို့ဟာ တန်းတူညီမျှလူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ကို ရည်မှန်းလာခဲ့တာ အနှစ် ၃၀ ကျော်ကြာခဲ့ပါပြီ။ ကျွန်တော်တို့ဟာ အောင်မြင်တဲ့ စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်တွေကို လိုချင်တယ် ဆိုရင် စင်ကာပူနိုင်ငံသားတွေဟာ အောင်မြင်တဲ့ လူတွေနဲ့ မအောင်မြင်တဲ့လူတွေ ကြားမှာ ဝင်ငွေ မတူညီမှု ပိုပြီး ကြီးမားလာမှု ရှိလာကြလိမ့်မယ် ဆိုတဲ့အချက်ကို လက်ခံကြမှ ဖြစ်ပါမယ်။

၂၀၀၂

*

ကျွန်တော်တို့ဟာ အချို့သော စွန့်လွှတ်အနစ်နာခံမှုတွေနဲ့ လျှော့ချမှုတွေ ကို လက်ခံကြရပါမယ်။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ အိမ်နီချင်းနိုင်ငံတွေ ဖြစ်တဲ့ မလေးရှား၊ ထိုင်းနိုင်ငံ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မြန်မာ၊ ကမ္ဘောဒီးယားနဲ့ ဗီယက်နမ်တို့ နိုင်ငံကို နှိုင်းယှဉ်ကြည့်လိုက်မယ်ဆိုရင် ကျွန်တော်တို့ဆီက ဝင်ငွေ နိမ့်ကျသူတွေက အဲဒီနိုင်ငံတွေထက် အများကြီးပိုပြီး အဆင်ပြေပါတယ်။ ကျွန်တော်တို့ဟာ ဘယ်သူ့ကိုမှ ဆင်းရဲမွဲတေမှုတန်းအောက် ရောက်သွားစေလို့တော့ မဖြစ်ပါဘူး။ အစိုးရဟာ ချင့်ချိန်မြော်ခေါ်နိုင်မှုတော့ ရှိရပါမယ်။ ကမ္ဘာ့စီးပွားရေး ပြန်လည်နာလန်

ထူလာပြီး နိုင်ငံစီးပွားရေး ပြန်ကောင်းလာတဲ့အထိတော့ လူတိုင်း သည် ညည်းခံပြီး ခြိုးခြိုး ခြံခြံတော့ နေသွားကြရပါမယ်။

၂၀၀၈

*

ကျွန်တော်တို့ရဲ့ အဖိုးတန်ပိုင်ဆိုင်မှုပစ္စည်းတန်ဖိုးတွေ ကျသွားတာနဲ့ အ မျှ လူတိုင်းရဲ့ ဓနဥစ္စာဟာလည်း လျော့ကျသွားပါမယ်။ ဒါပေမဲ့ ခင်ဗျား တို့ဟာ အဖိုးတန်ပိုင်ဆိုင်မှု ပစ္စည်းတွေဝယ်ဖို့ အလွန်အကျွံ ငွေချေးတာမျိုး မလုပ်ဘဲ ခင်ဗျားတို့ရဲ့ ချေးငွေတွေအတွက် ဝန်ဆောင်မှု ပေး ဖို့ လုံလောက်တဲ့ ငွေသား မျိုး ရှိထားမယ်ဆိုရင် ခင်ဗျားတို့ဟာ ခင်ဗျားတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို စျေးကွက်တွေ ပြန်ကောင်းလာ၊ ကုန် စျေးနှုန်းတွေ ပြန်ပြီး နဂိုလိုနေ ပြန်ရောက်လာချိန်အထိ တောင့်ခံထိန်း သွား နိုင် မှာ ဖြစ်ပါတယ်။ စင်ကာပူနိုင်ငံသားတွေဟာ စိတ်ပျက် လက်မှိုင်ချမနေ ဖို့ လိုပါတယ်။ ကျွန်တော်တို့ဟာ အခက်အခဲဇာတ်ကို တော့ ခံနိုင်ရည် ရှိကြရမှာပဲ။ ဒါပေမဲ့ ဆန်ပြုတ် အလကားတိုက်တဲ့ နေရာမျိုး၊ လမ်းပေါ်ထွက်တောင်းတာမျိုးအပေါ် မှီခိုနေရတဲ့အဖြစ်မျိုး အထိ ဘယ်သူမှ ရောက်သွားမှာ မဟုတ်ပါဘူး။ လူတိုင်းမှာ နေစရာအိမ် တော့ ရှိနေပါသေးတယ်။ စင်ကာပူနိုင်ငံသား ၉၅ ရာခိုင်နှုန်းဟာ အိုးပိုင် အိမ်ပိုင်တွေပါ။

၂၀၀၉

*

စင်ကာပူမှာ လုပ်နေရတဲ့ အလုပ်ဟာ ဘာအလုပ်ပဲ ဖြစ်ဖြစ် တရုတ်နိုင်ငံတို့ အိန္ဒိယနိုင်ငံတို့ အပါအဝင် အခြားအာရှနိုင်ငံတွေမှာ လုပ်ရတဲ့ အလားတူ အလုပ်မျိုးထက်တော့ သာနေသေးတာပါပဲ။ အလုပ်တစ်ခုအတွက် အလုပ်တစ်ခု လုပ်ပေးရင်း ငွေကြေး အခြေအနေ ပိုကောင်းတဲ့ တစ်ခုတည်းသော နိုင်ငံကတော့ ဂျပန်ပဲ ရှိပါတယ်။

၂၀၀၉

*

စီးပွားရေးလုပ်ငန်းရှင်နှင့် ဆန်းသစ်တီထွင်မှု

ကမ္ဘာပေါ်မှာ မရှိဆင်းရဲသားတွေကို ပေးကမ်းစွန့်ကြဲလို့တယ်ဆိုတဲ့ အရဟိတစိတ်ကြောင့် နည်းပညာအခွင့်အလမ်းတစ်ရပ်ကို စွန့်ကြဲပေးကမ်းပစ်လိုက်တယ်ဆိုတဲ့ နိုင်ငံမျိုး ကမ္ဘာမှာ တစ်နိုင်ငံမှ မရှိဘူးဆိုတာ လက်ခံ အသိအမှတ်ပြုကြပါစို့။

၁၉၆၇

*

လေယာဉ်ပျံက ခရီးသည်တွေ အများကြီး ခရီးသွားတဲ့လုပ်ငန်းကိုလွှဲယူသွားနိုင်ခဲ့တယ် ဆိုတာတော့ ဟုတ်ချင်မှ ဟုတ်မှာပါ။ ဒါပေမဲ့ လှမ်းမျှော်မြင်နိုင်လောက်တဲ့ အနာဂတ် အချိန်လောက်အတွင်းအထိ ကုန်စည်တွေကို သယ်ယူပို့ဆောင်ရာမှာ စီးပွားရေးအရ တွက်ခြေကိုက်ပြီးအထိ ရောက်ဆုံး ဖြစ်တဲ့ သဘော်တွေရဲ့ နေရာမှာ အစားထိုးပေးနိုင်လောက်တဲ့ နည်းပညာအောင်မြင်မှုမျိုး ရှိဦးမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ဟာ မြန်မြန်ဆန်ဆန် လုပ်ပေးနိုင်တယ်၊ စွမ်းရည်ကောင်းရှိတယ်၊ စျေးနှုန်းကလည်း သင့်တယ် ဆိုတဲ့ ဂုဏ်သတင်းမျိုး တည်ဆောက်ထားနိုင်မယ်ဆိုရင် သဘော်ဝင် ပြင်ဆင်ခြင်နဲ့ တည်ဆောက်ခြင်းလုပ်ငန်းဟာ ကျွန်တော်တို့ရဲ့ စီးပွားရေး လုပ်ငန်းကောင်းတစ်ခု ဖြစ်လာမှာပါ။

၁၉၇၀

*

လူတွေကို ပညာနဲ့ နည်းပညာတွေကို ဖြန့်ဖြူးပေးနိုင်ပြီ ဆိုတာနဲ့ တစ်ပြိုင်နက် အဲဒီပညာကို ပုလင်းတူ ဘူးထဲ ပြန်သွတ်ပြီး အဆို့နဲ့ ပိတ်ထားလို့ မရတော့ပါဘူး။

၁၉၉၂

*

ခင်ဗျားတို့ကို အောင်မြင်စေချင်ပါတယ်။ ခင်ဗျားတို့ ဘယ်လောက် အောင်မြင်တယ် ဆိုတာဟာ ခင်ဗျားတို့ဟာ ဘယ်မျှ ကြံရည်ဖန်ရည်ရှိတယ် ဆိုတဲ့အပေါ်မှာ တည်တယ်။ ပုဂ္ဂလိကစီးပွားရေးဆိုတာ အဲဒီအဓိပ္ပာယ်ပါပဲ။

၁၉၉၂

*

ကျွန်တော်တို့ရဲ့ ငယ်ရွယ်တဲ့ မန်နေဂျာတွေ၊ အင်ဂျင်နီယာတွေနဲ့ ပရော်ဖက်ရှင်နယ်တွေထဲက ဘယ်သူတွေဟာ စီးပွားရေးလုပ်ငန်းဆိုင်ရာ ပင်ကိုအစွမ်းအစ ရှိလာကြမယ်ဆိုတာ ကြိုတင်ဟောကိန်းထုတ်လို့ မရနိုင်ပါဘူး။ နက်တဲ့ ရေကန် တစ်ဖက်စွန်းကို ပစ်ချလိုက်ရင်းနဲ့ လုပ်ကြည့်လိုက်၊ မှားလိုက်နည်းနဲ့ ပညာရလာအောင် လုပ်သွားကြရမှာပဲ။

၁၉၉၃

*

ယဉ်ကျေးမှုတစ်ခုတည်းကလာတဲ့ စိတ်ကူးတွေလောက်နဲ့ လုပ်ကြတဲ့ ကော်ပိုရေးရှင်းတွေဟာ ဆန်းသစ်တီထွင်မှုနဲ့ ပတ်သက်လာရင် ဘေးဖယ်ပေးသွားကြရမှာပဲ။

၁၉၉၅

*

စွန့်စားလိုတဲ့ စိတ်ဓာတ် ရှိသူတွေကို အချက်ပြ ခေါ်နေတဲ့ တင့်တယ်လှပတဲ့ သက်တံပေါ်နေတယ်။ အဲဒီ သက်တံတွေရဲ့အစွန်းမှာ တွေ့ရှိတာတွေ အများကြီး ရှိနေတယ်။ မိုးကုတ်စက်ဝိုင်းကို ကြည့်လိုက်ကြစမ်းပါ။ လူငယ်တွေ၊ အသက်အရွယ် သိပ်မကြီးသေးသူတွေဟာ အဲဒီ သက်တံတွေ ကို တွေ့သွားကြပြီး သက်တံပေါ် စီးသွားကြစမ်းပါလို့ ပြောလိုတယ်။ လူတိုင်းတော့ သူဌေးဖြစ်မှာ မဟုတ်ဘူး။ လူနည်းနည်းလောက်ပဲ ရွှေကြောကို တွေ့မှာပဲ။ ဒါပေမဲ့ အဲဒီ သက်တံကို ရှာနိုင်သူတွေကတော့ ဝမ်းသာအားရနဲ့ သက်တံကို စီးသွားနိုင်ပြီး အမြတ်အစွန်းတွေ ရသွားကြပါလိမ့်မယ်။

၁၉၉၆

*

ဟောင်ကောင်သားတွေဟာ စင်ကာပူသားတွေထက် နောက်တစ်ဆင့် တက်လှမ်းဖို့အရာမှာ အသင့်ရှိနေကြတယ်။ ဘာကြောင့်လဲဆိုရင် ဟောင်ကောင်သားတွေက အမြဲတမ်း စွန့်စားနေချင်ကြလို့ပဲ။ သမိုင်းအရပြောရမယ်ဆိုရင် ကျွန်တော် တို့ရဲ့လူငယ်တွေက နိုင်ငံစုံကော်ပိုရေးရှင်း (အမ်အယ်နစီ) လို ကော်ပိုရေးရှင်းကြီးတစ်ခုထဲမှာပဲ ဖြစ်ဖြစ်၊ ပြည်တွင်းကုမ္ပဏီထဲမှာပဲ ဖြစ်ဖြစ် ပါဝင်လုပ်ကိုင်မယ်ဆိုရင် ပိုမို လုံခြုံစိတ်ချရတဲ့ လမ်းကြောင်းမျိုးကိုပဲ လိုက်ချင်ကြတယ်။ အဲဒီလိုနဲ့ တစ်ထစ်ချင်း တစ်ထစ်ချင်း တက်သွားချင်ကြတယ်။ ဟောင်ကောင်သားတွေကတော့ ကုမ္ပဏီတစ်ခုထဲကို ပါလိုက်ပြီဆိုရင် နားလည်သွားပြီဆိုတာနဲ့တစ်ပြိုင်နက် ကိုယ့်ဘာသာကိုယ် လုပ်သွားနိုင်အောင် ကြိုးတွေကို လွှတ်ချပစ်လိုက်တယ်။ ပွပေါက်တိုးဖို့ အတွက် ကိုယ်စွန့်စားလုပ်ကိုင်မယ့် လုပ်ငန်းအပေးမှာ ရှိသမျှပုံအောပြီး စွန့်စားလုပ်ကိုင်ကြတယ်။ အဲဒီလို စွန့်စားလုပ်ကိုင်နိုင်လောက်တဲ့ တီထွင်ဉာဏ်မျိုး၊ ပါးနပ်မှုမျိုးဟာ လူတိုင်းမှာ ရှိတာတော့ မဟုတ်ပါဘူး။ ကျွန်တော်တို့ဟာ အဲဒီလို တီထွင်ဉာဏ်ရည်မျိုး၊ ပါးနပ်မှုမျိုးရှိ သူတွေကို အားပေးကြရမှာပဲ။ ကျွန်တော်တို့ဟာ အဲဒီလို လူမျိုးတွေ စီးပွားရေးလုပ်ငန်း အသစ်ကလေးတွေ ပေါက်ပွားလာစေအောင် ကူညီသွားရမယ်။ အဲဒီလို လုပ်ငန်းငယ်ကလေးတွေထဲက အချို့လုပ်ငန်းတွေက အကြီးကြီးဖြစ်လာကြမှာပဲ။

၂၀၀၀

*

ဆန်းသစ်တီထွင်မှုနဲ့ နည်းပညာတွေရဲ့ သော့ချက်ကတော့ လူတွေပါပဲ ။ ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ ဉာဏ်ရည်ဉာဏ်စွမ်းကို ပြုစု

ပျိုးထောင်သွားရပါမယ်။ ဆန်းသစ်တီထွင်မှုနဲ့ တီထွင်ဉာဏ်ဟာ ပညာရေးနဲ့ လေ့ကျင့်သင်တန်းပေးမှုတို့ရဲ့ အစိတ်အပိုင်းတစ်ခုအထိ ဖြစ်လာစေရမှာပါ။ ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ ပညာရေးစနစ်ကို မူကြိုအဆင့်ကနေ တက္ကသိုလ်အဆင့်အထိ ဆန်းသစ်တီထွင်မှုနဲ့ တီထွင်ဉာဏ်မျိုးကို ပြုစုပျိုးထောင်ပေးတဲ့ ပညာရေးမျိုး ဖြစ်အောင် အသစ်ပြန်လည် ပြုပြင်လျက် ရှိပါတယ်။ တစ်သက်ပန်လုံး လေ့လာသင်ယူနေရတာမျိုးအထိ ဆက်သွားရမှာပါ။ အဲဒါနဲ့ ထပ်တူထပ်မျှ အရေးပါတာက ကျွန်တော်တို့ဟာ နိုင်ငံခြားက ဉာဏ်ရည်ဉာဏ်စွမ်းရှိသူတွေကို ရွေးချယ် လက်ခံသွားနိုင်အောင် လုပ်သွားရပါမယ်။ နိုင်ငံခြားက ဉာဏ်ရည်ဉာဏ်စွမ်း ရှိသူတွေ လာချင်အောင်လည်း စင်ကာပူကို နေချင်စရာကောင်းတဲ့ နေရာမျိုး ဖြစ်အောင် လုပ်သွားရပါမယ်။

၂၀၀၀

*

ဓနဥစွာအိပ်မက်က လူတိုင်းကို ဆွဲဆောင်ပါတယ်။ ဒါပေမဲ့ ထုတ်ကုန်အသစ် ဒါမှမဟုတ် ဝန်ဆောင်မှု အသစ်တွေ တီထွင်တက်သူတွေသာ လူချမ်းသာ အသစ်တွေ ဖြစ်လာမှာပါ။ စွန့်ဦးတီထွင်သူအဖြစ် မွေးလာသူမျိုး ရှိလှတာမဟုတ်လို့ အောင်မြင်သူကလည်း များမှာတော့ မဟုတ်ပါဘူး။ စွန့်ဦးတီထွင် အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင် ဖြစ်ဖို့ လုပ်နိုင်ကိုင်နိုင်စွမ်းအင်အား အဆင့်မြင့်ခြင်း၊ သူများတွေက အခက်အခဲပြဿနာဖြစ်လို့ ဖြစ်တဲ့ဟာတွေကို ကိုယ်က အခက်အခဲပြဿနာလို့ ဖြစ်တဲ့ဟာတွေကို ကိုယ်က အခွင့်အလမ်းတွေလို့ ဖြစ်နိုင်ခြင်းနဲ့ ဘာကုန်ပစ္စည်း ဒါမှမဟုတ် ဘာဝန်ဆောင်မှုကို ထုတ်လုပ်လိုက်ရင် ဘယ်လို

အမြတ်ရနိုင်တယ် လို့ သိမြင်တက်ခြင်း အစ ရှိတဲ့ သူ များ နဲ့ မတူတဲ့ အရည်အချင်းတွေ ရှိဖို့တော့ လိုပါတယ်။

၂၀၀၂

*

ဂျပန်လူမျိုးတွေဟာ နည်းပညာတွေကို ကောင်းသထက် ကောင်းအောင် လုပ်ရာမှာ သိပ်တော်တယ်။ အထက် နှစ်လုံး၊ အောက် ငါးလုံး၊ ခုနှစ်လုံးပါတဲ့ တရုတ်ပေသီးလုံးကို တိုးတက်လာအောင် လုပ်သွားခဲ့တာကို ကြည့်ရင် နမူနာ သာဓကအဖြစ် တွေ့ရမယ်။ ဂျပန်တွေက ပေသီး ခုနှစ်လုံး ကို ငါးလုံး အဖြစ် အထက်မှာ တစ်လုံး အောက်မှာ လေးလုံး ပြောင်းပစ်တယ်။ တရုတ်ပေသီး အလုံး အတိုင်း မဟုတ်တော့ဘဲ အနားစောင်းနဲ့ ဖြစ်သွားတယ်။ အသံ မမြည်တော့ဘူး၊ မြန်လည်း မြန်သွားတယ်။ ဂျပန်တွေရဲ့ တူဟာလည်း အလားတူပဲ။ အဖျားမှာ ချွန်ထားတော့ တရုတ်တူနဲ့ ကိုင်ဖို့ ခက်တဲ့ မြေပဲဆန်လို အလုံးသေးကလေးတွေကို ညှပ်ယူဖို့ ပိုလွယ်သွားတယ်။ လက်ရှိ နည်းပညာတွေကို ကောင်းသထက် ကောင်းအောင် လုပ်နိုင်တဲ့ အရည်အချင်းကို ထိန်းသိမ်းထားလိုက်တယ်။ ဒါပေမဲ့ သူတစ်ပါး တီထွင်ထားတာကို ပိုကောင်းအောင် လုပ်နိုင်ရုံ နဲ့ မပြီးသေးဘူး။ အမေရိကန်တွေလို အခြားလူတွေ မစဉ်းစားမိတဲ့ ထုတ်ကုန်ပစ္စည်းတွေကို တီထွင်တက်ဖို့ လိုသေးတယ်။ အဲဒီလို အသစ်တီထွင်ထုတ်လုပ်နိုင်တဲ့အခါကျတော့ တစ်ကမ္ဘာလုံးက ဘီလျံနဲ့ချီတဲ့လူတွေက နှစ်သက်သဘောကျပြီး ဝယ်ကြတာပေါ့။

၂၀၀၃

*

အရပ်ဘက်မှာရော စစ်ဘက်မှာပါ နည်းပညာတွေ အပြတ်ရွေ့ဆောင်နိုင်ခြင်းမရှိဘဲ ဘယ်နိုင်ငံမျှ အရေးပါတဲ့ အင်အားကြီးနိုင်ငံဖြစ်လာမှာ မဟုတ်ပါဘူး။ ရောမခေတ်က စစ်တပ်မျိုးကစလို့ ပေါ်တူဂီတို့ ၊ စပိန်နဲ့ ဗြိတိန်တို့ရဲ့ရေကြောင်း အင်အားတွေ ပထမကမ္ဘာစစ်အတွင်း ဂျာမနီရဲ့ ရေကြောင်းအင်အားနဲ့ ဒုတိယကမ္ဘာစစ်အပြီး အမေရိကန်ရဲ့ ရေကြောင်းအင်အားတွေအထိ ကြည့်လိုက်မယ်ဆိုရင် အင်အားကြီးနိုင်ငံ တစ်နိုင်ငံ အဆင့်အတန်းမျိုး ရပ်တည်နိုင်ဖို့ ဆိုတာ မိမိတို့ ရရှိပြီး နည်းပညာတွေကို အရပ်ဘက်စွမ်းရည်မှာရော စစ်ဘက်စွမ်းရည်မှာပါ အကုန်လုံးကိုခြုံပြီး တိုးတက်အောင် လုပ်နေနိုင်မှ ရနိုင်ကြောင်းတွေ့ရပါလိမ့်မယ်။

၂၀၀၅

*

လုပ်ငန်းခွင်

အပြောင်းအလဲဆိုတာ တစ်ခါတစ်ရံမှာ မကောင်းမှန်း ကျွန်တော် သိပါတယ်။ အထူးသဖြင့် ခင်ဗျားက စိတ်အေးလက်အေးနဲ့ အလုပ်လုပ်နေစဉ်မှာ တစ်ယောက်ယောက်ရောက်လာပြီး ခင်ဗျားကို ဖိအားပေးလိုက်တဲ့အခါမျိုးပါ။

၁၉၇၆

*

၁၉၅၀ကျော်နှစ်များနဲ့ ၁၉၆၀ကျော်နှစ်များအတွင်းက အလုပ်သမား သမဂ္ဂတွေနဲ့ သူတို့ရဲ့ အကြံပေးပုဂ္ဂိုလ်တွေ (အဲဒီအကြံပေးတွေထဲမှာ ကျွန်တော်လည်း တစ်ဦးအဖြစ် ပါပါတယ်။) က ကျွန်တော်တို့ အလုပ်သမားတွေ သူတို့လခနဲ့ သူတို့ပျော်ရွှင်ခံစားနေဖို့ အားလပ်နားနေချိန် ပိုလိုမယ်လို့ ယူဆခဲ့ကြတယ်။ ဒီယူဆချက်တွေက ကျွန်တော်တို့ရဲ့ လူမှုရေးအခြေအနေတွေနဲ့ ဘယ်လိုမှ လိုက်လျောညီထွေမရှိတဲ့ ဗြိတိသျှတွေရဲ့ အလေ့အကျင့်တွေအပေါ် အခြေခံပြီး ဖြစ်လာခဲ့တာပါ။ ဒါကို လူတိုင်းလည်း သိကြပါတယ်။ ကျွန်တော်တို့ အလုပ်သမားတွေ လိုချင်တာက ပိုက်ဆံပိုရဖို့အတွက် အလုပ်ကို ပိုရချင်တာပါ။ ကိုယ်ရတဲ့ ဝင်ငွေကလည်း အပန်းဖြေအနားယူလောက်အောင်လည်း များကြတာမဟုတ်ဘူးလေ။

*

ကျွန်တော်တို့ရဲ့ အလုပ်သမားလှုပ်ရှားမှုတွေရဲ့ စောစောပိုင်း အဆင့်တွေမှာ အလုပ်သမားသမဂ္ဂ ဆိုတာက အရည်အချင်း မပြည့်မီတဲ့၊ ခိုကပ်ချင်တဲ့ လူပျင်းတွေ၊ လူမှုဝန်ထမ်းကို ဆန့်ကျင်တဲ့ လူတွေရဲ့ ခိုလှုံရာ ဖြစ်ခဲ့ပါတယ်။ အလုပ်ရှင်ဆိုတာလည်း မကောင်းတဲ့ အလုပ်သမားကို ဖယ်ရှားပစ်ချင်တာ သဘာဝဆိုတော့ အဲဒီလို လူမျိုးတွေက အဲဒီအလုပ်ရှင်တွေရဲ့ အလုပ်ဖြုတ်ချင်တဲ့ ဆန္ဒက နေ အကာအကွယ်ရအောင်ဆိုပြီး အလုပ်သမားသမဂ္ဂထဲ အရင်ဆုံးဝင်လာကြတဲ့သူတွေပါပဲ ။ ဒါမျိုးတွေ နေရာတကာမှာ ဖြစ်ပါတယ်။ ကျွန်တော်ကတော့ လွတ်လပ်ပွင့်လင်းတဲ့ ဒီမိုကရေစီ လူ့အဖွဲ့အစည်းမှာ အလုပ်သမားသမဂ္ဂ ခေါင်းဆောင်တွေကို စီမံအုပ်ချုပ်ရေးအခန်းကဏ္ဍကို ဝင်ယူကြပါလို့ပြောမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ သူတို့ကို ကျွန်တော် တိုက်တွန်းချင်တာက အသစ်ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေတွေအတိုင်း ခိုချင်ကပ်ချင်တဲ့၊ ကိုယ့်အလုပ်ကိုယ် မလုပ်ချင်တဲ့ အလုပ်သမားတွေကို အကာအကွယ်ပေးခြင်းကတော့ ရပ်လိုက်ကြပါ ဆိုတာပါပဲ။ အလုပ်သမားသမဂ္ဂ ဆိုတာ အည့ံဆုံး၊ အနှေးကွေးဆုံး အလုပ်သမားကို ကာကွယ်ပေးခြင်းကို လုပ်နေတဲ့ဟာမျိုးပဲဆိုတဲ့ အခြေအနေမျိုးကို ရောက်မသွားအောင်တော့ ကျွန်တော်တို့ ရှောင်ရှားသွားရပါမယ်။ အလုပ်သမားတိုင်းကို လုပ်ခလစာ အတူတူ ပေးထားတာဆိုတော့ အဲဒီလို ကာကွယ်ပေးနေမယ်ဆိုရင် ဘယ်အလုပ်သမားကိုမျှ အည့ံဆုံး အနှေးဆုံး အလုပ်သမားထက်ပိုပြီး အလုပ်လုပ်ချင်လာအောင် မက်လုံးပေးလို့ရမှာ မဟုတ်တော့ပါဘူး။

၁၉၆၈

*

အလုပ်သမားညံ့ ရှိသလို အလုပ်ရှင်ဆိုးလည်း ရှိပါတယ်။ အဲဒီလို အလုပ်ရှင်ဆိုးတွေကိုလည်း ကနေ့ခေတ် စက်မှုလက်မှုလောကရဲ့ ပကတိ ရှိနေတဲ့ အချက်အလက်မှန်တွေကို ပညာပေး၊ သင်ပြပေးရဖို့ ရှိပါတယ်။

၁၉၆၈

*

အလုပ်ရှင်တွေဟာ ကောင်းမွန်တဲ့ လူပုဂ္ဂိုလ်ချင်းဆက်ဆံရေးဟာ အဖိုးတန် အရင်းအနှီးတစ်ခု ဖြစ်ကြောင်းကို နားလည်ကြရပါမယ်။ စင်ကာပူနိုင်ငံသားတွေအပေါ် ရိုင်းပျ ကြမ်းတမ်းတဲ့ လုပ်ငန်းကြီးကြပ်သူတွေပဲ ခင်ဗျားတို့မှာ ရှိနေမယ်ဆိုရင် ကျွန်တော်တို့ဟာ ကိုယ့်ကိုယ်ကိုယ် လေးစားမှုအနေနဲ့ အဲဒီလို အပြုအမူမျိုးတွေကို ရပ်တန်းကရပ်သွားအောင် လုပ်သွားရပါမယ်။ ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ အလုပ်သမားတွေကို ပိုပြီး ကြိုးကြိုးစားစား လုပ်လာအောင် လုပ်ပေးလို့ ရပါမယ်။ ဒါပေမဲ့ အဲဒီ အလုပ်သမားတွေကို အရှက်တကွဲ အကျိုးနည်းဖြစ်အောင် လုပ်တာမျိုး၊ ခြိမ်းခြောက်မောင်းမဲတာမျိုး ကိုတော့ ခွင့်ပြုနိုင်မှာ မဟုတ်ပါဘူး။

၁၉၇၀

*

ခင်ဗျားတို့ဟာ လုပ်ခတွေတိုးရဖို့အပေးအယူချေးတာမျိုး၊ ကုန်ထုတ်လုပ်မှုစွမ်းရည်မြင့်လာခြင်းအတွက် အပိုကြေး၊ ပေးဖို့အပေးအယူ ဈေးဆစ်တာမျိုးတွေ လုပ်နိုင်ပါတယ်။ သို့ပေမဲ့ အပေးအယူဈေးဆစ်တာ သဘောတူညီချက် ရသွားပြီ ဆိုရင်တော့ ခင်ဗျားတို့ဟာ အဲဒီ သဘောတူညီချက် စိတ်ဓာတ်အတိုင်း ဖြစ်အောင် လုပ်ကြရမယ်။ ရသင့်ရာ တစ်နေ့စာ လုပ်ခရပြီ ဆိုရင် ပေးသင့်ရာ လုပ်အားကိုလည်း ပေးရပါလိမ့်မယ်။ ဟိုလိုလို ဒီလိုလို ယောင်ခြောက်ဆယ် လုပ်နေလို့တော့ မဖြစ်ပါဘူး။ အလုပ်ဆိုတာ စည်းကမ်းဆိုတဲ့ အဓိပ္ပာယ်ပါ။ စင်ကာပူ နိုင်ငံရဲ့ အောင်မြင်မှုဟာ အလုပ်သမား၊ အလုပ်ရှင်ရဲ့ စီမံအုပ်ချုပ်မှုနဲ့ အစိုးရဆိုတဲ့ ဖိုခနောက် သုံးလုံးအပေါ်မှာ မူတည်ပါတယ်။ အဲဒီ သုံးဦးစလုံးကပူးပေါင်းဆောင်ရွက်တက်တဲ့ စိတ် မျိုး ရှိရပါမယ်။ အဲဒါဟာ ကြီးပွားချမ်းသာခြင်းအတွက် လိုအပ်တဲ့အရာ ဖြစ်ပါတယ်။

၁၉၇၀

*

စီမံအုပ်ချုပ်မှုကောင်းတစ်ရပ်က အလုပ်သမား ၁၀၀၀၀ ကို ကိုယ့်အလုပ်ကိုယ် လုပ်စေအောင် ပြုပေးနိုင်ပါတယ်။

၁၉၇၅

*

ပြီးအောင် လုပ်ရမယ့် အလုပ်တွေက ရှိတယ်။ လုပ်ရမယ့် အလုပ်က

လေအေးစက် တပ်ဆင်ထားတဲ့ အလုပ်ပဲဖြစ်ဖြစ်၊ စက်ရုံတွေမှာ လုပ်ရတဲ့ အလုပ်ပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် နေပူမိုးရွာမရွောင် လုပ်ရမယ့် အလုပ်မျိုးပဲဖြစ်ဖြစ် လုပ်ရမယ့် အလုပ်ကိုတော့ ပြီးအောင်လုပ်သွားရမှာ ဖြစ်သလို ကောင်းကောင်းမွန်မွန်နဲ့ ပြီးသွားတာမျိုးလည်း ဖြစ်ရပါမယ်။ အဲဒါဟာ ကျွန်တော်တို့ရဲ့ ရှေ့သို့ ရောက်သွားစေမယ့် နည်းလမ်းပါပဲ။

၁၉၇၆

*

ကျွမ်းကျင်တဲ့ (ကျပန်) အလုပ်သမားတစ်ဦးဟာ သူ ကိုင်တဲ့စက်ကို သန့်ရှင်းနေအောင် လုပ်သွားလိမ့်မယ်။ အဲ ဒီ စက်ပတ်ဝန်းကျင်ကကြမ်းပြင်ကိုလည်း ပြောင်စင်နေအောင် လုပ်သွားလိမ့်မယ်။ စင်ကာပူသားကတော့ သန့်ရှင်းရေးလုပ်တာ သူ့အလုပ် မဟုတ်ဘူးလို့ ယူဆတဲ့အတွက် ကြမ်းတိုက်တဲ့အလုပ်ကို အခြားသူတစ်ဦးက လုပ်လိမ့်မယ်လို့ မျှော်လင့်ထားတတ်တယ်။ စင်ကာပူသားက ကိုယ့်အလုပ်ကွက်ကွက်ကလေးနဲ့ ကိုယ့်ရဲ့ရာထူးတိုးရေး အခွင့်အလမ်းလောက်ကိုပဲ အာရုံစိုက်ကြတယ်။ သူ့ရဲ့တာဝန်တွေကို ကျယ်ပြန့်လာအောင် မလုပ်ချင်ဘူး။ သူနဲ့တကွ သူ့ရဲ့ လုပ်ဖော်ကိုင်ဖက် အလုပ်သမားတွေဟာ ကိုယ့်ကုမ္ပဏီကို အရည်အသွေး မြင့်လာအောင်၊ ကုန်ထုတ်လုပ်မှုစွမ်းရည် ပိုတက်လာအောင် လုပ်နိုင်တယ်။ အဲဒီလိုဖြစ်လာရင် အမြတ်တွေ ပိုရလာမယ်။ အမြတ်တွေ ပိုရလာရင် လူတိုင်းရဲ့ လုပ်ခတွေကို တိုးတက်လာမယ် ဆိုတဲ့ အမြင်မျိုး ရှင်းရှင်းလင်းလင်း ရှိမထားတော့ သူ့ကို ရွေ့လာအောင် မပြုနိုင်တော့ဘူး။ စင်ကာပူက အလုပ်သမားတွေ အများအပြားက ကျပန်က အလုပ်သမားတွေလို ငါဟာ ဘယ်ကုမ္ပဏီကပဲရယ်လို့ ကိုယ့်ကုမ္ပဏီ

နဲ့ ကိုယ့်ကိုယ် တစ်ထပ်တည်း မထားနိုင်ကြဘူး။

၁၉၇၆

*

စင်ကာပူ အလုပ်သမားက ဉာဏ်ရည်ထက်ပြီး တတ်လွယ်ပါတယ်။ ဒါပေမဲ့ စင်ကာပူအလုပ်သမားဟာ မကြာခင်မှာပဲ ငါတက်စရာရှိတာ အကုန်တတ်သွားပြီလို့ ယူဆသွားတော့တယ်။ တကယ်တော့ သူ တတ်ပြီ ဆို တာ က ျ ပ န် ကျွမ်းကျင်လုပ်သား သို့မဟုတ် ကျွမ်းကျင်သူ ပညာရှင်တတ်တဲ့ စံနှုန်းမျိုးကို ရောက်လာတာ မဟုတ်သေးဘူး။

၁၉၇၆

*

ကျွန်တော်တို့မှာ အလုပ်သမားတွေနဲ့ မန်နေဂျာတွေအကြား ရှိတတ်တဲ့ ပဋိပက္ခမျိုး မရှိပါဘူး။ သူတို့ဟာ ခေါင်းပုံဖြတ်ခံနေရတယ်လို့ ယူဆကြတဲ့ သို့မဟုတ် ယူဆအောင် လုပ်ထားခံခဲ့ရတဲ့ သူတွေနဲ့ ခေါင်းပုံဖြတ်သူ သို့မဟုတ် အဲဒီလို သတ်မှတ်ခံရသူတွေအကြားမှာ ပဋိပက္ခ မရှိပါဘူး။ အကယ်၍သာ ကျွန်တော်တို့က အဲဒီ ရိုးတာလှတဲ့ မာက္ခစ်ဝါဒီတို့ရဲ့ လူတန်းစားတိုက်ပွဲ ဆိုတဲ့ သဘောတရား ထောင်ချောက်ထဲ ကိုယ့်ဘာသာ အရောက်ခံခဲ့မယ် ဆိုရင် စင်ကာပူဟာ ပျက်စီးသွားလောက်ပါပြီ။

၁၉၇၈

*

စင်ကာပူနိုင်ငံအဖို့ ၁၉၆၀ ကျော်နှစ်များဟာ အလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းပေးခဲ့တဲ့ ဆယ်စုနှစ် ဖြစ်ပါတယ်။ ၁၉၇၀ ကျော်နှစ်များက တော့ လူတိုင်းနီးပါး အလုပ်အကိုင်ရကြပြီး ရိုးရှင်းတဲ့ ကျွမ်းကျင်မှုတွေ ရ ခဲ့ တဲ့ ဆယ်စုနှစ်ဖြစ်ပါတယ်။ ၁၉၈၀ ကျော်နှစ်များကတော့ ကျွန်တော်တို့ရဲ့ အလုပ်သမားတွေဟာ ကျွမ်းကျင်မှုကောင်းမျိုးကို ရလာ၊ ကုန်ထုတ်လုပ်မှုစွမ်းရည် မြှင့်တင်နိုင်လာပြီး ရင့်ကျက်မှု ရှိလာတဲ့ ဆယ်စုနှစ်လို့ ဆိုရပါမယ်။ ကုန်လွန်ခဲ့တဲ့ အနှစ် ၂၀ မှာ တိုးတက်မှုရအောင် လုပ်နိုင်ခဲ့ခြင်းကတော့ ပီအေပီနဲ့ NTUC (အမျိုးသား အလုပ်သမားကွန်ဂရက်) ခေါင်းဆောင်တွေအတွင်း နီးနီးကပ်ကပ် ဆက်ဆံလာနိုင်မှုကြောင့်ပါပဲ။ တကယ်တော့ ပီအေပီနဲ့ NTUC ဆို တာ ခေါင်းဆောင်မှုတစ်ခုတည်းပါပဲ။ အဲဒီလူတွေအစုက ဗြိတိသျှတို့ကို မောင်းထုတ်တဲ့ လှုပ်ရှားမှုကို ဆင်နွှဲနိုင်ခဲ့ကြတယ်။ လူထုလူတန်းစား အဖွဲ့အစည်းတွေမှာ ကွန်မြူနစ်တွေ လွှမ်းမိုးမှုထဲကို ဝင်တိုးပြီး အဲ ဒီ ကွန်မြူနစ်တွေရဲ့ လွှမ်းမိုးမှုကနေ ကျော်လွှားနိုင်ခဲ့ကြပါတယ်။ အဲ ဒီ ခေါင်းဆောင်မှုဟာ ဟန်ချက်ညီညီ၊ တည်တည်ငြိမ်ငြိမ်နဲ့ ပေါ်ထွက်လာနိုင်ခဲ့ လို့ ခုန ပြောခဲ့တဲ့ တိုးတက်မှုကို ရအောင် လုပ်နိုင်ခဲ့ခြင်းပါပဲ။

၁၉၇၉

*

ကျွန်တော်တို့ လူမှုအဖွဲ့အစည်းက သိလိုတတ်လိုပြီး မြန်မြန် တက်လွယ်တဲ့ လူမျိုးပေါင်းစုံနဲ့ ဟိုနိုင်ငံ ဒီနိုင်ငံက ဝင်ရောက်လာကြသူတွေနဲ့ လူမှုအဖွဲ့အစည်းပါ။ ကျွန်တော့် မှာ ကံ ဆိုး တယ် လို့ ပြောရမှာက

ကျွန်တော်တို့ ပြည်သူတွေအများစုက ခု ရေတွင်းတူး၊ ခု ပဲ ရေကြည်သောက်ချင်ကြသူတွေ၊ ရလဒ်တွေ မြန်မြန်ရ၊ အမြတ်တွေ မြန်မြန်ပေါ်ချင် သူ တွေ ဖြစ် နေ ခြင်း ပါ ပဲ ။ စ ဉ် ကာ ပူ သား တွေ က စာမေးပွဲအောင်လက်မှတ်မျိုးတွေမှာ အလေးသိပ်ထားချင်နေကြတယ်။ ဥပဒေအ ရ ရပိုင်ခွင့်တွေအပေါ်မှာ အလေးထားလွန်းနေတယ်။ အလုပ်အပေါ်မှာ ဂုဏ် ယူ တာ မျိုး သိပ်မရှိချင်ကြဘူး။ ကိုယ်လုပ်ရမယ့်အလုပ်မှာ ဂျာမန်လူမျိုးတွေ၊ ဂျပန်လူမျိုးတွေ သူများထက် သာကြတာဟာ ကိုယ့်ကို ယ် ကို ယ် လေးစားတန်ဖိုးထားမှုမျိုးကျတော့လည်း သိပ်မရှိချင်ကြဘူး။

၁၉၇၉

*

ဂျပန်လူမျိုး ဆရာဝန်တစ်ယောက် ဒါမှမဟုတ် ကိုးရီးယားလူမျိုး ကွန်ပျူတာစနစ် လေ့လာဆန်းစစ်သူတစ်ဦးဟာ အမေရိကန်တို့၊ ကနေဒါတို့၊ ဩစတြေးလျတို့ ဒါမှမဟုတ် နယူးဇီလန် တို့ကို သွားမယ်ဆိုရင် မသွားခင် နှစ်ခါစဉ်းစားလိမ့်မယ်။ အဲဒီလူဟာ အရေးပါတဲ့ တည့်ယူမှုတွေ (major adjustments) ကို ဘာသာစကားအရရော ယဉ်ကျေးမှုအရပါ လုပ်သွားရမှာတွေ ရှိတာကိုး။ အင်္ဂလိပ်လို ပညာသင်ယူ တက်မြောက်လာတဲ့ စင်ကာပူသားတစ်ယောက်ဟာ အင်္ဂလိပ်ဘာသာစကားကို လုံးဝကျွမ်းကျင်ပြီးသား ဖြစ်တော့ သူတည့်ယူရမှာက သိပ်မရှိလှဘူး။ ဂျပန်လူမျိုးတို့လောက် စိတ်ဒုက္ခ ဖြစ်စရာ မရှိလှဘူး။ ဒီကိစ္စဟာ ကျွန်တော်တို့အတွက် အထူးကြီးမားတဲ့ အန္တရာယ်ပဲ။ ကျွန်တော်တို့ဟာ ကျွန်တော်တို့ ရဲ့ ဘွဲ့ရပညာတတ်တွေကို စ ဉ် ကာ ပူ မှာ ကျေနပ်လောက်စရာ

အသက်မွေးဘဝလမ်းခရီးမျိုး ဖန်တီးမပေးနိုင်ဘူးဆိုရင် အမေရိကန်တို့၊ ကနေဒါတို့၊ ဩစတြေးလျတို့ ဒါမှမဟုတ် နယူးဇီလန်တို့မှာ သွားနေမယ်ဆိုရင် အနာဂတ်အတွက် ကိုယ့်ဘာသာကိုယ် တဖြည်းဖြည်း ဖန်တီးယူသွားနိုင်တာမျိုးနဲ့ ယှဉ်လိုက်လို့ ကိုယ့်သားသမီးတွေရဲ့ ပညာရေးအတွက် မျှော်မှန်းချက်ကောင်းမျိုးကို ဖန်တီးမပေးနိုင်ဘူးဆိုရင် ကျွန်တော်တို့နိုင်ငံမှာ ဉာဏ်ရည်ဉာဏ်စွမ်းရှိတဲ့သူတွေ ဆိတ်သုဉ်းသွားပေလိမ့်မယ်။

၁၉၈၂

*

ကျွန်တော်ရလိုက်တဲ့အရေးသိပ်ပါတဲ့သင်ခန်းစာကတော့ စစ်သွေးကြွတဲ့၊ အင်အားကောင်းတဲ့၊ ပဋိပက္ခသဘောဆောင်လိုတဲ့ အလုပ်သမားသမဂ္ဂတွေဟာ အလုပ်ရှင်တွေရဲ့ အကျိုးစီးပွားကိုလည်း မကြည့်၊ အခြားစီးပွားရေးကဏ္ဍမှာ လုပ်ကိုင်ကြတဲ့ အလုပ်သမားတွေရဲ့ အကျိုးစီးပွားကိုလည်း ဘေးဖယ်ထားပြီး မိမိတို့ရဲ့ အသင်းဝင်တွေအတွက် အစွမ်းကုန် အဆုံးစွန် အကျိုးအမြတ်ရဖို့ပဲ အလုပ်ရှင်တွေနဲ့ ထိပ်တိုက်ရင်ဆိုင်တိုက်လာကြမယ်ဆိုရင် နောက်ဆုံးမှာ ကိုယ့်စီးပွားရေးတစ်ခုလုံးကို သဘော်ဝမ်းကို ဖောက်ပြီး အောင်မြင်စွာ ဖျက်ဆီးပစ်လိုက်သလို ကိုယ့်လူအဖွဲ့အစည်း ကိုယ့်ဘာသာ အောင်မြင်စွာ ဖျက်ဆီးခြင်းမျိုးနဲ့ အဆုံးသတ်သွားရပါလား ဆိုတဲ့ သင်ခန်းစာပါပဲ။ ဗြိတိန်နဲ့ ဩစတြေးလျတို့ကို ကြည့်ပါ။ စင်ကာပူက အလုပ်သမားသမဂ္ဂတွေနဲ့ ကျွန်တော်အပါအဝင် ခေါင်းဆောင်တွေဟာ တစ်ချိန်တုန်းက အကြောင်းမဲ့ကိုးတိုးကပ်ဖဲ့ လုပ်ချင်ခဲ့ကြတယ်။ ကျွန်တော်တို့ရဲ့ ပထမ

အဆင့်မှာ ကိုလိုနီဆန့်ကျင်ရေးနဲ့ အရင်းရှင်ဆန့်ကျင်ရေးစိတ်တို့ အလွန်ပြင်းထန်ခဲ့ကြတယ်။ ကျွန်တော် တို့က ဗြိတိသျှတွေကို ရော သူတို့ရဲ့ စီးပွားရေးလုပ်ငန်းကြီးတွေကိုပါ ဖယ် ရှား ပစ် ပြီး လွတ်လပ်ရေးနဲ့ အာဏာ ကိုယ့်လက်ထဲမှာ ရလာချင်ခဲ့ကြတယ်။ ကျွန်တော်တို့က ကိတ်မုန့်ကို ကိုယ့်နည်းနဲ့ ကိုယ့်ဘာသာ လှီးကြပြီး အလုပ်သမားတွေကို ကြီးတဲ့အပိုင်းကို ပေးချင်ခဲ့ကြတာလေ။ ကံအားလျော်စွာပဲ ကျွန်တော် တို့ဟာ ဘဝရဲ့ လက်မခံလိုလည်း လက်ခံရမယ့် အချက်အလက် အမှန်တွေကို မကြာခင်မှာပဲ သိလာရတယ်။ ကိုယ်ပိုင်အုပ်ချုပ်ရေးရတဲ့ ၁၉၅၉ ခုနှစ်ကနေပြီး အထူးသဖြင့် လွတ်လပ်ရေး ရလာတဲ့ ၁၉၆၅ ခုနှစ်အထိ ကျွန်တော်တို့ဟာ ကိုယ့်ဘာသာကိုယ် တစ်ယောက်တည်းပဲ။ အဲဒီ လိုနဲ့ပဲ ကျွန်တော်တို့ဘာသာ အမှန်အတိုင်း သိလာကြတယ်။ အလားအလာမျှော်လင့်ချက် ကောင်းတွေလည်းရှိ၊ အကျိုးအမြတ်တွေလည်း ပြန်ရတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ အတွက် လုံခြုံစိတ်ချရတဲ့ တည်ငြိမ်သော အခြေအနေမျိုးတွေ ကျွန်တော်တို့မှာ လိုပါကလားလို့ သိလာခဲ့ခြင်းပါ။ အဲဒီလို အခြေအနေမျိုးသာ မရှိဘူးဆိုရင် ကျွန်တော်တို့ရဲ့ စီးပွားရေးဟာလ ည်း ရှေ့ တိုး မှာ မ ဟုတ် တဲ့ အ ပြင် အ လုပ် လက် မဲ့ ပြဿနာက အကြီးအကျယ် ထိခိုက်လာတော့မှာ ဖြစ်ပါတယ်။

၁၉၈၃

*

ဂျပန်အလုပ်သမားတစ်ယောက်ကို စံနမူနာပြအဖြစ်ယူနိုင်တယ်။ ဂျပန် စားပွဲထိုး တစ်ယောက်ဟာ အကောင်းဆုံး စားပွဲထိုး ဖြစ်ရတာကို ဂုဏ်ယူတယ်။ သူ့အလုပ်ကို ကျွမ်းကျွမ်းကျင်ကျင် လုပ်တယ်။ ကြော့

ကြော့မော့မော့နဲ့ ဟန်ကျပန်ကျ လုပ်တယ်။ ဂျပန်အချက်အပြုတ်သမား တစ်ဦး ဟာ လေ့ကျင့်သင်တန်းကောင်းအတွက် ဂုဏ်ယူတယ်။ စားသောက်ဆိုင်တစ်ခု သို့မဟုတ် ဟိုတယ်တစ်ခုမှာ သူက သူချက်ပြုတ်ထားတဲ့ ဟင်းလျာတွေ ချပေးဖို့ ခင်ဗျားစားပွဲကို ရောက်လာတယ်ဆိုရင် သူ့ကိုကြည့်လိုက်၊ သပ်ရပ်သန့်ရှင်းလို့။ စမတ်ကျကျနဲ့ ရွှင်ရွှင်ပြပြ ပြုံးလို့ပဲ ။ အဲဒီပုံစံမျိုး ဧည့်သည်အတွက် Sashimi ခေါ် တဲ့ ငါးအစိမ်းလတ်လတ်ဆတ်ဆတ် အစားအစာမျိုးကို ဒါမှမဟုတ် သစ်သီးကို ခုံခုံညားညား သွင်ဟန်မျိုးနဲ့ လှီးပေးပေလိမ့်မယ်။ ဂျပန် အရောင်းသမားတွေ၊ မန်နေဂျာတွေဟာလည်း ထိုနည်းလည်းကောင်းပဲ။ အဲဒီလူတွေကို ကျွန်တော် ဂျပန် သွား တော့ သူတို့နဲ့ ဆက်သွယ်မိခဲ့ခြင်းပဲ။ 'သိပ်တော်တာပဲ' ဆိုတဲ့ တစ်ဖက်ခြမ်းမှာ 'ပျမ်းမျပဲ'တို့၊ 'ရွက်ကြမ်းရေကျိုပဲ'ဆို့ ဆိုတာလည်း ရှိတာပါပဲ။ ဒါပေမဲ့ ဂျပန်လူမျိုးတွေ ရဲ့ 'ပျမ်းမျ'က အလွန်အဆင့်မြင့်တဲ့ ပျမ်းမျ ဖြစ်ပါတယ်။

၁၉၈၇

*

ကိုယ့်အလုပ်က အလုပ်ရှင်မန်နေဂျာကို အောင်မြင်စွာတိုက်ခိုက်နိုင်လို့ အလုပ်သမားတွေမှာ အကျိုးမရှိပါဘူး။ တကယ် တော့ ကိုယ့်အလုပ်ရှင် မန်နေဂျာအပေါ် အနိုင်ယူသောအားဖြင့် အလုပ်သမားတွေဟာ ကုမ္ပဏီကို ရှုံးနိမ့်သွားအောင် ပြုရာမှာ အောင်မြင်သွားပြီး ကိုယ်ရထားတဲ့ အလုပ်တွေကို ဖျက်ဆီးခြင်းမှာပါ အောင်မြင်လိုက်ခြင်းပါပဲ။ ဂျပန်အလုပ်သမားသမဂ္ဂဟာ ကုန်ထုတ်လုပ်မှုစွမ်းရည် မြင့်တက်လာဖို့အတွက် ဉာဏ်ရည်ဉာဏ်စွမ်းကောင်းရှိတဲ့ အုပ်ချုပ်ရေးပိုင်းနဲ့ ပူးပေါင်း

ဆောင်ရွက်ကြကြောင်းကို တွေ့ကြရတယ်။ ကုန်ထုတ်လုပ်မှုစွမ်းရည်မြင့်တက်လာတော့ အလုပ်အကိုင် တည်မြဲမှုလည်း စိတ်ချရပြီး လုပ်ခတွေလည်း တိုးလာကြတာပဲ။

၁၉၈၉

*

နိုင်ငံတစ်နိုင်ငံရဲ့ လူသားအရင်းအမြစ် အရည်အချင်းဟာ တစ်မျိုးသားလုံးအနေနဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို အဆုံးအဖြတ်ပေးရာမှာ တစ်ခုတည်းသော အရေးပါဆုံးအချက်ပဲ။ လူမျိုးတစ်မျိုးရဲ့ တီထွင်လိုစိတ် ရှိမှု၊ စီးပွားရေးလုပ်ငန်း ထူထောင်လုပ်ကိုင်လိုမှု၊ အသင်းအဖွဲ့နဲ့ လုပ်ကိုင်တတ်မှုနဲ့ လုပ်ငန်းကျင့်ဝတ်တို့ကသာ ယှဉ်ပြိုင်နိုင်မှု စွမ်းရည်ကို ဟုန်းခနဲ တက်လာအောင် ပေးနိုင်ပါတယ်။

၁၉၉၀

*

ပြဿနာရှာချင်တဲ့ အလုပ်ရှင်တွေဟာ သူတို့ရဲ့ အမြတ်အစွန်းတွေကြောင့်ပဲ ဒုက္ခတွေ့ကြလိမ့်မယ်။ ဘာကြောင့်တုံးဆိုတော့ သူတို့ဟာ အလုပ်သမားတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုကို မရဘူးဆိုရင် အလုပ်သမားတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုရရှိတဲ့ သူတို့နဲ့အပြိုင် အလုပ်ရှင်တွေက သူတို့ကို အနိုင်ယူသွားကြမှာကြောင့် ဖြစ်ပါတယ်။

၁၉၉၅

*

ကနေ့ကျွန်တော် တို့လုပ်နေတဲ့ဟာတွေကို ကျွန်တော်တို့ရဲ့ အိမ်နီးချင်းနိုင်ငံတွေက နောက် ငါး နှစ်သို့မဟုတ် ငါးနှစ်ကျော်လောက် ကာလအတွင်းမှာ စျေးနှုန်း ပို ပြီး သက်သက်သာသာနဲ့ လုပ်လာနိုင်ကြ ပါလိမ့်မယ်။ ကျွန်တော် တို့ဟာ ပိုမိုခေတ်မီဆန်းပြားတဲ့ စက်တွေ၊ ကွန်ပျူတာတွေကို သုံးပြီးပိုမို ခေတ်မီပညာရေးကို အမြဲသဖြင့် ရှေ့က ရောက်အောင် လုပ်နေကြရမယ်။

၁၉၉၉

*

အလုပ်အကိုင် ရဖို့ ဆိုရင် အလုပ်သမားဟောင်းတွေက သူတို့ရချင်တဲ့ လုပ်ခကို ညှိယူနိုင်မှဖြစ်မယ်။ သူ တို့ ရဲ့ ဘဝနေထိုင်မှုပုံစံကိုလည်း အခြေအနေနဲ့ ကိုက်အောင် ညှိယူနိုင်မှ ဖြစ်ပါမယ်။ သက်သက်သာသာမရှိ တဲ့ အလုပ်မျိုးတွေလည်း လုပ်ကြမှဖြစ်မယ်။ အရင်က ကုန်ချောထုတ်လုပ်ရေးလုပ်ငန်းတွေမှာ လုပ်ကိုင်လာကြ တဲ့ အလုပ်သမားဟောင်းတွေတောင်မှ ကုန်ချောထုတ်လုပ်ငန်းမှာပဲ ဖြစ်ဖြစ်၊ ဝန်ဆောင်မှုလုပ်ငန်းတွေမှာပဲဖြစ်ဖြစ် လိုအပ်တဲ့ စွမ်းရည် အသစ်တွေ ရရှိဖို့ နောက်ထပ်သင်တန်းတွေ တက်ဖို့လိုဦးမယ်။ အဲဒီ လို စီးပွားရေး ပြန်လည်ပြုပြင် တည်ဆောက်မှုတွေဟာ မလွဲမသွေ လုပ်ရမှာ ဖြစ်တယ်။ ဘာကြောင့်လဲ ဆိုတော့ အလုပ်အကိုင်နဲ့ စက်မှုလုပ်ငန်းတွေက ပိုလျှံလာကြလို့ ဖြစ်တယ်။ အသစ် ပေါ်ထွန်းလာတဲ့ စက်မှုလုပ်ငန်းတွေဟာ ကျွမ်းကျင်မှုအသစ်တွေကို လိုကြတာကြောင့် ဖြစ်တယ်။

၂၀၀၃

*

လူမှုဘဝ ဖူလုံသည့် နိုင်ငံတော်

နိုင်ငံတစ်နိုင်ငံဟာ လုပ်ပေးနိုင်မယ်ဆိုရင် ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့၊ ပညာရေး အခမဲ့ လုပ်ပေးတာ များတယ်လို့ ဆိုစရာ မရှိပါဘူး။ သို့သော်လည်း ဖွံ့ဖြိုးတိုးတက်လိုတဲ့ ဖွံ့ဖြိုးဆဲ နိုင်ငံတစ်နိုင်ငံက လူဦးရေတွေ သိပ်တိုးလာ၊ များလာမယ်ဆိုရင် တတ်နိုင်မှာ မဟုတ်ဘူး။ လူဦးရေအလျင်အမြန်တိုးတက်လာတာကြောင့် ဖြစ်ပေါ်လာတဲ့ ပြဿနာတွေကို ရှောင်ရှားနိုင်ဖို့ ဆိုရင်တော့ လူမှုဖူလုံရေး ဝန်ဆောင်မှုတွေကို စတိသဘော ပေးတာမျိုးထက်တော့ ပိုသင့်တယ်။ မိဘတွေက ဒီဝန်ဆောင်မှုတွေရဲ့ ကုန်ကျစရိတ်တွေကို သိရပါမယ်။ ကလေးတွေကသုံးယောက်ထက် ပိုလာပြီဆိုရင် သူတို့ရဲ့ ဒီကလေးတွေကို မွေးကျွေးမှု၊ စောင့်ရှောက်မှုစရိတ်တွေကို ပင်ပင်ပန်းပန်း လုပ်ကိုင်နေကြရပြီး စီးပွားရေးအရ ကုန်ထုတ်လုပ်ပေးနေရတဲ့ ကလေးနည်းနည်းပဲ ယူတဲ့ မိသားစုတွေအပေါ် တင်ပေးလိုက်သလို ဖြစ်မယ်။ ကလေးနည်းတဲ့ မိသားစုတွေဟာ သူတို့ကျသင့်ရာ အခွန်ထက်လည်း ဆောင်နေရတဲ့အတွက် လူမှုဖူလုံရေး ဝန်ဆောင်မှုကို သူများထက် လျှော့သုံးရတဲ့သူတွေအပေါ် တာဝန်မဲ့ဖိတင်ပေးလိုက်မယ်ဆိုရင် ဖြစ်ပျက်မလားဆိုတာ စစ်ဆေးနိုင်မယ့် ငွေကြေးဆိုင်ရာ မူဝါဒတွေကို ဖော်ဆောင် အသုံးပြုမှ ဖြစ်မယ်။

၁၉၇၀

*

ကျွန်တော် တို့က လူမှုဖူလုံရေးအကျိုးခံစားခွင့်နဲ့ အလုပ်လက်မဲ့အကျိုးခံစားခွင့်တွေ မြင့်မားတာကြောင့် ဖြစ်လာမယ့် အန္တရာယ်တွေကို သတိထားရတယ်။ အလုပ်လက်မဲ့ ဖြစ်နေလို့ အလုပ်အကိုင် ရှာဖွေမှု အလေ့အထအပေး ကရဏာသက်တဲ့ မူဝါဒရဲ့ အကျိုးဆက်တွေကို စောင့်ကြည့်နေရတယ်။ စက်မှုနိုင်ငံကြီးတွေက မြို့ကြီးတွေကို ရောက်သွားတဲ့အခါ ဒီအလုပ်လက်မဲ့ အရေအတွက် မြင့်မားလာခြင်းရဲ့ စူးစမ်းဖွယ် အသွင်လက္ခဏာတွေ တွေ့ရလို့ စိတ်ထဲမှာ တစ် မျိုး ဖြစ်မိတယ်။ အလုပ်လက်မဲ့တွေသာ များနေပေမယ့် ဟိုတယ်စားပွဲထိုးတို့၊ တက္ကစီဒရိုင်ဘာတို့၊ သူနာပြုတို့နဲ့ အမှိုက်သိမ်းသမား အလုပ်မျိုးတွေကျတော့လည်း လူတွေလိုနေပြန်တယ်။ အချို့အလုပ်တွေက လုပ်ဖို့မကောင်းဘူးလေ။ ဘာကြောင့်လဲဆိုတော့ လူမှုဖူလုံရေး အကျိုးခံစားခွင့်ကြောင့်ပဲ။ စက်မှုသိပ်ထွန်းကားတဲ့ သိပ်ဖွံ့ဖြိုးပြီး ဖြစ်တဲ့နိုင်ငံတွေမှာ ဘာမူဝါဒတွေပဲ ချမှတ်ကျင့်သုံးကျင့်သုံး သဘာဝအရင်းအမြစ်တွေ ဆင်းရဲတဲ့ စင်ကာပူ လို နိုင်ငံအဖို့တော့ အလုပ်ကိုကြိုးကြိုးစားစားလုပ်၊ လုပ်ငန်းစွမ်းဆောင်ရည်မြင့်ရင် စို့စို့ပို့ပို့ပေးဆိုတဲ့ မူမျိုးသာလျှင် အရင်းအနှီးနဲ့ နည်းပညာတွေ ကိုယ့်တိုင်းပြည်ထဲ လိုမ့်ဝင်လာပြီး ချမ်းသာလာစေဖို့ အကောင်းဆုံးနည်းပါပဲ။

၁၉၇၈

*

လူတွေဟာ အလုပ်ကို ကြိုးကြိုးစားစား လုပ်သည် ဖြစ်စေ၊ မလုပ်

သည် ဖြစ်စေ၊ ပိုပြီးကောင်းအောင်လုပ်သည် ဖြစ်စေ၊ မလုပ်သည် ဖြစ်စေ အလကား ပေးတာကို သူများနည်းတူ အညီအမျှ ရနေတဲ့အခါ လူတိုင်းဟာ အလုပ်ကို ကြိုးကြိုးစားစား မလုပ်တော့ဘူး။ လျှော့လုပ်လာတော့တယ်။ တိုင်းပြည် ကျဆင်းသွားဖို့ပဲ ရှိတော့တယ်။ လူတွေကို အလုပ်ကို ကောင်းသထက်ကောင်းအောင်လုပ်ရင် အပိုဆုလာဘ် များများရနိုင်မယ် ဆိုတာမျိုးနဲ့ အလုပ်လုပ်ချင်အောင် အားပေးထားတဲ့အခါကျ မှ အဲဒီလူအဖွဲ့အစည်းတစ်ခုလုံးဟာ လူတိုင်း လူတိုင်း ကြီးပွားတိုးတက်လာပြီး တစ်နေ့တခြား ချမ်းသာကြွယ်ဝလာမှာ ဖြစ်တယ်။

၁၉၈၄

*

ကျွန်တော် တို့ကဗြိတိသျှတွေ ချန်ထားပေးခဲ့တဲ့ အင်္ဂလိပ်ဘာသာစကား၊ တရားဥပဒေစနစ်၊ ပါလီမန်အစိုးရနဲ့ ဘက်မလိုက်တဲ့ အုပ်ချုပ်ရေးဆိုတဲ့ အခွင့်အလမ်းကောင်းကလေးတွေနဲ့ ကျင့်သားရနေတယ်။ သို့သော်လည်း ကျွန်တော်တို့က လူမှုဘဝဖူလုံတဲ့ နိုင်ငံတော်အလေ့အကျင့်မျိုးကို ကျတော့ တမင်တကာကိုပဲ ရှောင်ရှားခဲ့တယ်။ လူတွေ ကိုစတုတ်တိုက်တစ်ညီတည်း ညီပစ်လိုက်သောအားဖြင့် ဘယ်လောက်တော်တဲ့ လူတွေဖြစ်ဖြစ် သာမန်ရွက်ကြမ်းရေကျို အဆင့်မျိုး လျှော့ကျသွားတတ်တယ်ဆိုတာ ကျွန်တော်တို့ တွေ့လာခဲ့ကြတယ်။ အရည်အချင်းရှိခြင်းနဲ့ ကြိုးစားခြင်းတို့ရဲ့ အောင်မြင်မှုတွေကို လျှော့ချလိုက်တာနဲ့ပဲ အရည်အချင်း လျှော့ကျခြင်းနဲ့ အလုပ်လျှော့လုပ်ခြင်းတို့ကို တစ်ညီတည်း ဖြစ်အောင်တော့ လုပ်လို့ မရပါဘူး။ တစ်ချိန်တုန်းက အစိုးရက သူတို့ကို ထောက်ပံ့ပေးနေတဲ့ဟာတွေနဲ့ အကျင့်ပါနေကြတဲ့

အထောက်အပံ့ခံဘဝ နေထိုင်ပုံစနစ်တစ်ခုကို ဖျက်ပစ်ဖို့ ဆိုတာလည်း ဘယ်မျှ ခက်တယ်ဆိုတာ သိပါတယ်။

၁၉၈၅

*

ကျွန်တော်တို့ဟာ ဗြိတိသျှတွေ၊ သြစတြေးလျလူမျိုးတွေက ဘာတွေ ဖြစ်ခဲ့ကြတယ် ဆိုတာကို သိနေနိုင်မှတော့ အဲဒါတွေကို အကုန်လုံး ပြန် လေ့လာနေဖို့ လိုသေးသလား။ သူတို့ဟာ ကရဏာနဲ့ ထောက်ပံ့ပေးထား တဲ့ လူမှုဘဝဖူလုံတဲ့ နိုင်ငံများ လုပ်ခဲ့ကြတယ်။ သူ တို့ ဟာ လူတစ် ယောက် အလုပ်ပြုတ်သွားလို့ အလုပ်မရှိတဲ့အခါ အလုပ်ရှိစဉ်တုန်းက လောက်ပဲ ပေးထားခဲ့ကြတယ်။ အဲဒီလို ခံစားခွင့် ရထားတဲ့လူတွေကျ တော့ အလုပ် သုံး-လေးမျိုးကို (သူတို့နဲ့ တော်တဲ့ အလုပ် မရမချင်း) ငြင်း ပိုင်ခွင့် ရှိကြတယ်။ သူနောက်ဆုံးအချိန် ဘယ်လောက်အထိ ရနေခဲ့ တယ်ဆိုတာနဲ့ သူတို့ စိတ်ကြိုက် ညှိယူလို့ ရသေးတယ်။ ဒီတော့ ဘာဖြစ် သလဲ၊ လက်ကြောတင်းအောင် မလုပ်တဲ့ လူပျင်းတွေ များကုန်တယ်။

၁၉၈၉

*

သြစတြေးလျတို့၊ ကနေဒါတို့လို သဘာဝအရင်းအမြစ် ကြွယ်ဝတဲ့ နိုင်ငံတွေ ဘာကြောင့် သူများနဲ့ မတူဘဲ တစ်မျိုး ဖြစ်နေရတာလဲဆိုတဲ့ သဘောတရား သီအိုရီ ကျွန်တော့်မှာ ရှိတယ်။ အဲဒီနိုင်ငံတွေက ကြီးမား ကျယ်ပြန့်တဲ့ တိုက်ကြီးတွေ ဖြစ်နေပေမဲ့ သူတို့ရဲ့ အလျှံပယ်ကြွယ်ဝတဲ့

သဘာဝအရင်းအမြစ်တွေကို စားသုံးမယ့် လူဦးရေကနည်းလှတယ်။ နှစ်ပေါင်းထောင်ချီကြာတောင် ကုန်အောင် စားသုံးနိုင်ဦးမှာ မဟုတ်ဘူး။ ဒီအဆမတန်များလှတဲ့ သဘာဝအရင်းအမြစ် ကြွယ်ဝမှုကြောင့် သဘာဝအရင်းအမြစ် ကြွယ်ဝမှုရောဂါ တက်သွားကြခြင်းပဲ။ ဒီရောဂါကြောင့် သူတို့ ရဲ့ လူ့ အ ဖွဲ့ အ စ ည်း က ကျ ပ် ကျ ပ် တ ည်း တ ည်း မဟုတ်ဘဲ သက်သက်သာသာ ရှိကြတယ်။ အဲဒီလို လူ့အဖွဲ့အစည်းမှာ မြင့်မားတဲ့ လုပ်ငန်းစွမ်းရည်မျိုး မရှိတော့ဘူး။ သူတို့အစိုးရတွေကလည်း လူမှုဘဝဖူလုံရေး အ တွ က် အ များ ကြီး ပေး ထား နိ ုင် ကြ လို့ ပဲ ။ အစိုးရရဲ့ ထောက်ပံ့ကြေးတွေ ကုန်စျေးနှုန်းတက်လာရင် ထောက်ပံ့ပေးတာတွေနဲ့ လူမှုဖူလုံရေးအတွက် ပေးထားတာတွေ ရှိနေတော့ နိုင်ငံရဲ့ ဓနဥစ္စာကို တန်းတူညီမျှ ဖြန့်ပေးထားသလိုရှိတာမို့ ပြည်သူတွေဆီက သူတို့ရဲ့ လုံ့လစိုက်ထုတ်မှုတွေ မရတော့ဘူး။ ဒါကြောင့် ဩစတြေးလျလူမျိုးတွေ၊ ကနေဒါလူမျိုးတွေနဲ့ တစ်စုံတစ်ရာသော အတိုင်းအတာအားဖြင့် နယူးဇီလန်နိုင်ငံသားတွေဟာ စားသုံးမှုမှာ သိပ်များတယ်။ စုဆောင်းမှုကျတော့ နည်း တ ယ် ။ ပြိုင်ဆိုင်မှုကျတော့လည်း နည်း သွား တ ယ် ။ သာမန်အသုံးစရိတ်မှာ လိုငွေသိပ်မြင့်မားပြီး အကြွေးကသိပ်များတယ် ဆိုတာတွေ ဖြစ်သွားခြင်းပဲ။

၁၉၉၄

*

စင်ကာပူကို ကျွန်တော် လှည့်ပတ်ကြည့်လိုက်ရင် အတော်စိတ်မချမ်းမသာ ဖြစ်တယ်။ ကျွန်တော်တို့ဟာ ချမ်းသာကြွယ်ဝ ဖြစ်လာကြသော် လ ည်း လ မ်း ပေါ် မှာ နေ နေ ကြ ပြီး တ ယော က လေး ထိုးလို့

သို့မဟုတ်ရင်လည်း တယောကလေးတီးဟန်ပြုလို့ တောင်းရမ်းနေကြ သူ ရာဂဏန်းနည်းနည်းကို တွေ့ရတယ်။ ဒါ ဟာ ကျွန်တော်တို့ လူအဖွဲ့အစည်းမှာ တစ်ခုခုတော့ မှားနေပြီဆိုတာ ပြနေတယ်။ ဒီ တောင်းရမ်းနေတဲ့လူတွေကို အခွင့်အလမ်း ကောင်းကောင်း မပေးကြ လို့ပဲ။

၁၉၉၅

*

ပထမဦးဆုံး ကျွန်တော်တို့က အခြေခံကျန်းမာရေး စောင့်ရှောက်မှု ကိုပေးတယ်။ ဒုတိယ အခြေခံကျန်းမာရေးထက်ပိုတဲ့ ကျန်းမာရေးစော င့်ရှောက်မှု ရချင်သူတွေကို ကျန်းမာရေးစောင့်ရှောက်မှု အဆင့်တစ်မျိုး နဲ့ပေးတယ်။ ကျွန်တော် တို့ဟာ လူတိုင်းအတွက် သင့်တော်တဲ့ ကျန်းမာရေး စောင့်ရှောက်မှု ရနေပြီ၊ ညီတူညီမျှ ကျန်းမာရေး စောင့် ရှောက်မှုတော့ မဟုတ်ဘူး။ ဒါပေမဲ့ သင့်တော်မျှတတဲ့ လက်တွေ့ကျတဲ့ ကျန်းမာရေးစောင့်ရှောက်မှုပါ။ ကျွန်တော်တို့ဟာ အညီအမျှ အတူတူ မဟုတ်ကြပါဘူး။ ကျွန်တော် တို့ဟာ စားတာကို လည်း ညီမျှတဲ့ အစားအစာကို စားကြတာမဟုတ်ပါဘူး။ ဆေးဝါး စောင့်ရှောက်မှုကျမှ ညီတူညီမျှ တောင်းခံလို့ ဘယ်မှာရနိုင်မလဲ။ ဒါ ဟာ ဆင်းရဲသားတွေဆီ က ခေါင်းပုံဖြတ်တာပဲ လို့ ပရိသတ်ကြိုက်လုံး ပြောတတ်တဲ့ နိုင်ငံရေးသမားလေလုံးထွားတွေနဲ့ ကျွန်တော်တို့ ကြုံကြရတယ်။ အဲဒီ လူမျိုးတွေကတော့ ဆင်းရဲသားတွေအတွက် အကောင်းဆုံး ဆေးဝါး ပါရဂူဒေါက်တာတွေ၊ အကောင်းဆုံး ခွဲစိတ်ဆရာဝန်တွေ ရစေရမယ် ပြောကြတာပေါ့။ အဲဒီ နိုင်ငံရေးသမားတွေက မဲကလေး ဘာကလေး

တွေ ရချင် ရမှာပေါ့။ ဒါပေမဲ့ အများစုလူတွေကတော့ ဒါဟာ လက်တွေ့ဖြစ်မယ်လို့ မယုံကြည်လို့ သူတို့စကားကို မယုံကြပါဘူး။

၁၉၉၅

*

စထရိတ်တိုင်းသတင်းစာက ကောက်ယူတဲ့ လူထုသဘောထားစစ်တမ်းမှာ သဘောထားဆန္ဒ အကောက်ခံရသူ ၁၀ ဦးအနက် ကိုးဦးကဆင်းရဲသားတွေကို ကူညီဖို့ရန်မှာ အစိုးရရဲ့တာဝန်လို့ ယူဆကြပြီး တစ်ဝက်နီးပါးက အစိုးရဟာ အဲဒီတာဝန်ကို ကျေပွန်အောင် မလုပ်နိုင်ဘူးလို့ ယူဆကြတယ်တဲ့။ အဲဒီစစ်တမ်းကို ကျွန်တော် ဖတ်ရပါတယ်။ ဒါဟာ လူတွေရဲ့ စွမ်းဆောင်ရည်ကောင်း ရအောင် ပြုပေးတဲ့ မောင်းနှင်အားတစ်ခု ဖြစ်ခဲ့တဲ့ ကိုယ့်အားကိုယ်ကိုးရေး စိတ်ဓာတ်ကို ဖျက်ဆီးပစ်လိုက်နိုင်တဲ့ အလွယ်ကူဆုံးနည်းပါပဲ။ စင်ကာပူနိုင်ငံသား အများအပြားဟာ အစိုးရက ဒါကိုလုပ်ပေးမယ်ဆိုရင် တတ်နိုင်တယ်လို့ ယူဆကြပါတယ်။ ဒါ မျိုး ဟာ ခေတ်မီတိုးတက်တဲ့ နိုင်ငံတွေမှာ စီးပွားရေးတိုး တက် မှု က သိပ်ခိုင်မာအားကောင်းလာတဲ့အခါမျိုးမှာ သက်ဆင်းသွားခဲ့ကြတဲ့ ထောင်ချောက်နဲ့ ချွတ်စွပ် အတူတူပါပဲ။ ကရဏာစိတ် ရှိရင် အမြဲတမ်း လုပ်ပေးနိုင်တယ်လို့ ယူဆကြတာကိုး။

၁၉၉၆

*

ကျွန်တော်တို့ဟာ အချိန်ပေးနိုင်မယ့် အမျိုးသားတွေနဲ့ အမျိုးသမီး

တွေကို ရှာတွေ့နိုင်မယ်ဆိုရင် သက်ကြီးရွယ်အိုတွေ၊ ငယ်ရွယ်သူတွေနဲ့ မတတ်နိုင်သူတွေအတွက် ဒီထက်ပိုပြီး လုပ်ပေးသွားနိုင်သလို လုပ်လည်း ပေးသွားမှာပါ။ အစိုးရက အဆောက်အအုံ ပစ္စည်းပစ္စယ စတာကို ပေးပါမယ်။ အစိုးရလုပ်မပေးနိုင်တာက လူကိုယ်တိုင် ထိတွေ့မှုနဲ့ စေတနာ့ဝန်ထမ်း လုပ်သွားမယ့် လူမှုဝန်ထမ်း အလုပ်သမားတွေနဲ့ တိုက်ရိုက် ဆက်သွယ်မှုတို့ပါ။ အဲဒီ စေတနာ့ဝန်ထမ်း၊ လူမှုဝန်ထမ်း ပရဟိတစိတ်က လူတွေကို ကိုယ်ထူကိုယ်ထ လုပ်ချင်လာအောင် စေ့ဆော်ပေးနိုင်ပါတယ်။ အနောက်တိုင်းတွေမှာ လုပ်ခဲ့ကြတဲ့ လူမှုဖူလုံရေး စီမံကိန်းတွေ အများအပြားဟာ ဗြူရိုကရေစီဆန်လာပြီး အလေအလွင့်တွေက များလာတယ်။ ဘာကြောင့် ဒီလိုဖြစ်ရသလဲ ဆိုတော့ လစာ ပေးထားတဲ့ အလုပ်သမားတွေ ဆိုတာက အဲဒီလို အများအကျိုး ဆောင်ရွက်လိုတဲ့ ပရဟိတစိတ်မျိုး မရှိကြလို့ပဲ။ စိတ်ကူးထဲမှာ စံပြဖြစ်နေတဲ့ စိတ်ကူးစံဝါဒမျိုး ဆိုတာက လူမှုဝန်ထမ်းစိတ် ရှိတဲ့ အလုပ်သမားတွေမှာသာ ရှိတာလေ။ ဒါကြောင့် လခစား အရာရှိတွေဟာ သူတို့က ကူညီစောင့်ရှောက်ပေးလိုက်တဲ့ သူတွေဆီက ကျေးဇူးတင်အသိအမှတ်ပြုနိုင်တဲ့ စိတ်မျိုးကို ဖြစ်လာအောင် လုပ်မပေးနိုင်ကြဘူး။ ဒါဟာပေးသူမှာရော ရသူမှာပါ ရှိအပ်တဲ့ စိတ်ထားမြင့်မြတ်မှုရဲ့ သိပ်အရေးပါတဲ့ အကြောင်းအချက်တစ်ရပ်ပဲ။ လူမှုဖူလုံရေး လုပ်ငန်းကို လူမှုဝန်ထမ်းစိတ်မာတ် ရှိသူတွေနဲ့ လုပ်တဲ့နည်းနဲ့ ပေးကမ်းမှုကို ခံယူရရှိကြသူတွေရဲ့ စိတ်မာတ်ကျစေတဲ့ လခစားအရာရှိ (ဝါ) ဗြူရိုကရေစီဆန်တဲ့ လူမှုဖူလုံရေး လုပ်တဲ့နည်းတို့ကို ခြားနားစေတဲ့ အချက်ပဲ။

၁၉၉၇

*

လူမှုဖူလုံရေးနဲ့ အစိုးရအထောက်အပံ့ပေးခြင်းတို့ဟာ လူတွေအလုပ်လုပ်ပြီး အောင်မြင်မှုရအောင် လုပ်ချင်တဲ့ စိတ်ဓာတ်ကို ဖျက်ဆီးတယ်။ ကျွန်တော်တို့က ဘယ်လိုနေရာမှာ ကူညီရမလဲဆိုရင် ငွေကြေးသို့မဟုတ် အဆောက်အအုံခြံမြေ အစရှိတာတွေကို ထုတ်ပေးလိုက်ပြီး အဲဒီလူကိုဒါတွေကို ဘယ်လိုသုံးစွဲသွားမလဲဆိုတာ သူ့ဘာသာသူဆုံးဖြတ် လုပ်ကိုင်ပစေ၊ ပစ်ထားလိုက်။ လူတွေက အစိုးရအထောက်အပံ့တွေအပေါ်လောက်မှာပဲ အားကိုးတဲ့အခါ အစိုးရကလည်းနောက်ထပ်ဆက်ပေးဖို့မတတ်နိုင်တော့လို့ အထောက်အပံ့တွေကိုလျှော့ချ ဖြတ်တောက်လိုက်ရတဲ့အခါ အဲဒီလူတွေ ပျက်စီးသွားတော့တာပဲ။

၂၀၀၆

*

ဘဝ

ကမ္ဘာပေါ်ရှိ အချို့နိုင်ငံတွေဟာ ကတိတွေ ပဋိညာဉ်တွေ အခိုင်အမာ ပေးပြီး ချက်ချင်း ဆိုသလို တာဝန်မဲ့ ကိုယ့်ကတိကိုယ် ဖျက်ပစ်ကြတယ်။ နောက်ဆုံးတော့ သူတို့ကို ဘယ် သူမျှ မယုံကြည်ကြတော့ဘူး။ သူတို့ ပေးခဲ့တဲ့ ကတိတွေက အသုံးမကျ ဖြစ်ကုန်ကြရော။

၁၉၆၃

*

ခင်ဗျားတို့က ပြဿနာတစ်ခုကို ဖြေရှင်းလိုက်ပြီးတာနဲ့ နောက်ထပ် ပြဿနာအသစ်တစ်ခုက ပေါ်လာပြန်တယ်။ အဲဒါမျိုးက ဘဝမှာ ဖြစ်တတ်တဲ့ သဘာဝရဲ့ တစ်စိတ်တစ်ပိုင်းပါပဲ။

၁၉၆၈

*

အောင်မြင်မှုအတွက် မှတ်ကျောက်ရှိတယ်ဆိုရင် အဲဒီမှတ်ကျောက်ကတော့ ယုံကြည်မှုပါပဲ။ လူမျိုးတစ်မျိုးဟာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ရှိရပါမယ်။ အဲ ဒီ လူ မျိုး မှာ ယုံကြည်မှုမရှိဘူး ဆိုရင်၊ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်စွမ်း မရှိဘူးလို့ ထင်ထားရင် အဲ ဒီ လူမျိုးဟာ ဘယ်တော့မျှ

တိုးတက်အောင် လုပ်နိုင်မှာ မဟုတ်တော့ပါဘူး။

၁၉၆၈

*

လူ တွေ ဟာ ကို ယ့် မိ ဘ ရဲ့ စီး ပွား ဥ စ္စာ ၊ ရာထူးဂုဏ်သိန်တွေ အ သာ ထား လို့ အ ကောင်း ဆုံး လုပ်နိုင်သွားဖို့၊ ထိ ပ် ဆုံး ရောက်အောင် ယှဉ်ပြိုင် တက်သွားနိုင်ဖို့ဆိုရင် ကိုယ်နဲ့ ဘ ဝ တူ လူတွေချင်းမှာ ညီမျှတဲ့ အခွင့်အလမ်းတွေ ရှိချင်ကြတယ်လို့ ကျွန်တော်ယူဆပါတယ်။ မော်စကို မှာပဲဖြစ်ဖြစ်၊ ပီကင်းမှာပဲ ဖြစ်ဖြစ်၊ ဝါရှင်တန် သို့မဟုတ် လန်ဒန်မှာပဲ ဖြစ်ဖြစ် ဘယ်နေရာမှာမဆို အဲဒီသဘောအတိုင်းပါပဲ။ ဒီ တော့ ကာ လူ့ သဘာဝကိုတော့ ပြောင်းပြန် လှန်ပစ်လို့ မရပါဘူး။

၁၉၇၆

*

ဘ ဝ ဆို တာ အဆက်မပြတ် ပြောင်းလဲနေတဲ့၊ အဲ ဒီ အပြောင်းအလဲ ကို ပို ပြီး ကော င်း လာ အော င် လု ပ် ဖို့ အ တွ က် မရပ်မနား တော က် လျှော က် ရန်း ကန် တို က် ပွဲ ဝ င် နေ ရ တဲ့ ဖြစ်စဉ်တစ်ရပ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

၁၉၇၈

*

မျိုးဆက်တိုင်းမျိုးဆက်တိုင်းမှာသူတို့ဟာသူတို့ရထိုက်တဲ့အနေအထားမျိုးရာထူးဌာနန္တရမျိုး၊ဩဇာမျိုး၊ဆုလာဘ်မျိုးကိုလူ့အဖွဲ့အစည်းကမပေးဘူးလို့ယူဆကြတဲ့လူအနည်းအကျဉ်းကတော့ရှိတာပဲ။ အဲဒီလိုလူမျိုးတွေကသူ့အတိုင်းအစီအစဉ်တကျဖြစ်နေတာတွေကိုကျွမ်းထိုးမှောက်ခုံဖြစ်အောင်လုပ်ချင်ကြတယ်။

၁၉၈၇

*

ပြဿနာတွေကိုငွေနဲ့ပစ်ပေါက်ရှင်းဖို့ကြိုးစားကြတဲ့အရင်းရှင်အနောက်နိုင်ငံတွေမှာတောင်နောက်ဆုံးကျတော့ဘာဖြစ်သွားသလဲ။ခင်ဗျားတို့နယူးယောက်ကဘရော့ဝေးကိုသွားကြည့်ပါ။ သူတောင်းစားတွေ၊လမ်းပေါ်မှာနေကြတဲ့သူတွေကိုတွေ့ရမယ်။ ၁၉၅၀ကျော်ကထက်ဆိုးထာကမဟာလူ့အဖွဲ့အစည်းဆိုတဲ့အစီအစဉ်မလုပ်မီ၁၉၆၀ကျော်စောစောပိုင်းနှစ်တွေမှာပိုဆိုးတယ်။ ဘာကြောင့်လဲ။ လူ့အဖွဲ့အစည်းဟာချမ်းသာကြွယ်ဝပြီးလူတိုင်းလူတိုင်းကိုလူမည်းတွေ၊တိုင်းရင်းသားလူနည်းစုတွေ၊ချို့တဲ့သူတွေ၊လူတန်းစေ့စေ့မနေရသူတွေကိုစောင့်ရှောက်ပေးနိုင်စေရမယ်ဆိုတဲ့စိတ်ထက်သန်မှုမျိုးနဲ့သမ္မတတစ်ယောက်ကကရဏာစိတ်တွေနဲ့လုပ်လာကိုင်လာပြီးနောက်ကျမှဘာကြောင့်ပိုဆိုးလာတာလဲ။ ကနေ့အခါမှာဆိုရင်စိတ်မချမ်းသာမှုတွေပိုဖြစ်လာတယ်။ အခက်အခဲတွေပိုတွေ့လာတယ်။ တောင်းစားသူတွေနဲ့ထိုးကြိတ်လုယက်သူတွေပိုများလာတယ်။ ဘာကြောင့်အဲဒီလိုဖြစ်တာလဲ။ ကျွန်တော်တို့လေ့လာကြည့်ဖူးပါသလား။ စင်ကာပူမှာသူတောင်းစားတွေဘယ်နေရာမှာတွေ့သလဲ၊ကျွန်တော့်

ကို ပြစမ်းပါ။ ဒီအတွက် ကျွန်တော် ဂုဏ်ယူတယ်။ ငတ်လို့ သေရတဲ့ သူ ရှိသလား။ နေစရာ အိုး အိမ်မရှိလို့ လမ်းပေါ်မှာ သေတဲ့လူ၊ အဲဒီ အလောင်းမျိုးတွေကိုများ ကောက်ယူ ရဖူးတာမျိုး ရှိသလား။ ကျွန်တော်တို့က လူဆိုတာ အခြေခံ မျိုးရိုးဗီဇထဲအထိ နက်ရှိုင်းစွာ ဆင်းသွားတာဟာ သူ့ရဲ့ မွေးရာပါ အလိုလိုသိတဲ့ စိတ်က စေ့ဆော်ပေးလို့ပဲဆိုတဲ့ ယထာဘူတကျတဲ့ သုံးသပ်ချက်ကို ထုတ်ယူနိုင်လို့ အဲဒီဟာမျိုးတွေ မတွေ့ရတာပဲ။ လူ့ရဲ့ ပထမဦးဆုံး မွေးရာပါ အလိုလိုသိစိတ်ရဲ့ အခြေခံက ကိုယ့်ကိုယ် ကိုယ်ကာကွယ်စောင့်ရှောက်ဖို့ပဲ။ အဲဒီထက်ပိုအားကောင်းတဲ့ အလိုလိုသိစိတ်က သူက ပေါက်ဖွားလာတဲ့ သားမြေးတွေကိုကာကွယ်ဖို့ပဲ။ အဲဒီအလိုလိုသိစိတ်ကြောင့် နောက်ထပ် မျိုးဆက်တစ်ခု လိုလာခြင်းပဲ။ အဲဒီဆက်သွယ်မှုကို ဖြတ်တောက်ပလိုက်မယ် ဆိုရင် လူသားမျိုးနွယ်ကို သတ်ပစ်လိုက်တာနဲ့ အတူတူပဲ။

၁၉၈၉

*

သစ္စာရှိမှု ဆိုတာက အရပ်အမြင့်တို့၊ ကိုယ်အလေးချိန်တို့ တိုင်းသလို အရေအတွက်သဘောနဲ့ တိုင်းလို့ ရတာမျိုး မဟုတ်ဘူး။ သစ္စာရှိမှု ဆိုတာ ကစိတ်ထဲနှလုံးသားထဲမှာ ရှိတာ။ အဲဒါဟာ ကျွန်တော်တို့ရဲ့ အသည်းထဲ၊ အူထဲမှာ ဘယ်လို ခံစားချက် ရှိတယ် ဆိုတဲ့ ပြဿနာ ဖြစ်တယ်။

၂၀၀၀

*

ခင်ဗျားဟာ ခင်ဗျားပဲလို့ ကျွန်တော် ယူဆတယ်။ ခင်ဗျားနဲ့ ခင်ဗျား မတူ အောင် အရောင်တင်ပေးနိုင်တာမျိုးက မရှိသလောက် နည်းလှပါတယ်။

၂၀၀၃

*

အာရုဿားများ၏ တန်ဖိုးများ

ကျွန်တော်တို့က သူတို့ရဲ့သိပ္ပံနဲ့ နည်းပညာတွေ၊ သူတို့ရဲ့ စီမံခန့်ခွဲမှု စွမ်းရည်တွေ၊ စျေးကွက် ရှာနည်းတွေကို အားကျလေ့လာရမယ်ဆိုပြီး ရအောင် ယူတယ် ဆိုပေမဲ့ သူတို့အနောက်တိုင်းရဲ့ လူမှုဓလေ့တွေနဲ့ ခေတ်ပြိုင်ဘဝ နေထိုင်မှုပုံစံတွေကို ကျွန်တော်တို့ရဲ့ ဘဝနေထိုင်မှု စံနမူနာတွေအဖြစ် မယူပါဘူး။ ကျွန်တော်တို့ဟာ ဂျပန်တွေရဲ့အတွေ့အကြုံကို သင်ယူရမယ်။ ဂျပန်တွေဟာ ၁၈၆၈ မေဂျီခေတ် ပြန်လည်တည်ထောင်ရေးကာလကစလို့ အနှစ် ၁၀၀ မရှိ တရှိ ကာလအတွင်းမှာ ခေတ်မီ စက်မှုနိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့တာဟာ သူတို့ရဲ့ ယဉ်ကျေးမှု အစဉ်အလာတွေကို စွန့်လွှတ်မပစ်ဘဲ အဲဒီလိုဖြစ်လာတာ။ အဲဒီ အတွေ့အကြုံကို သင်ယူကြရမယ်။

၁၉၇၇

*

မျက်မှောက်ခေတ် အနောက်တိုင်းရဲ့စံတွေဟာ ကျွန်တော်တို့ရဲ့ လူမှုဘဝအခြေအနေ၊ စီးပွားရေး နိုင်ငံရေးအခြေအနေတွေနဲ့ ကိုက်ညီမကိုက်ညီ ဂရုထားမကြည့်ဘဲ အဲဒီပုံစံတွေက ကျွန်တော်တို့ရဲ့ တန်ဖိုးတွေနဲ့ အစိုးရကောင်းဆိုတာ ဘာပဲဆိုတဲ့ ကျွန်တော်တို့ရဲ့ အတွေးအခေါ်တို့ကို အလွှမ်းမိုးခံလို့ မဖြစ်ပါဘူး။ အနောက်တိုင်းဟာ လက်ရှိအချိန်မှာ

တော့ ရုပ်ပစ္စည်းတွေလည်း အလျှံပယ်ကြွယ်ဝတယ်။ နည်းပညာတွေက လည်း အခြား နိုင်ငံတွေထက် အများ ကြီးသာတယ် ဆိုတာကလေးနဲ့ တော့ အဲဒီလို အဖြစ်ခံလို့ မရပါဘူး။ သူတို့ရဲ့ လူ့အဖွဲ့အစည်းတွေမှာ အား ထား ယုံကြည်ထိုက်တဲ့ အကြောင်းအချက်တွေ၊ သူတို့ကို အခုလို အင်အား တောင့်တင်းလာစေတဲ့ အချိန်ရဲ့မှတ်ကျောက်မှာ အတင်ခံနိုင်တဲ့ အကြောင်းအချက်တွေက ဘာတွေလဲဆိုတာ ရွေးချယ်သွားကြပါစို့။ အဲ ဒီ လို လုပ်နိုင်တဲ့အခါမှသာလျှင် ကျွန်တော် တို့ ဟာ အဲဒီ အကြောင်းအချက်တွေကို ကျွန်တော်တို့ရဲ့စနစ်ထဲကို ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးပစ်ရာ မရောက်ဘဲ ပေါင်းစည်းယူသွားနိုင်မှာ ဖြစ်ပါတယ်။

၁၉၇၇

*

ကျွန်တော်တို့ ဖွံ့ဖြိုးလာခဲ့၊ တိုးတက်လာခဲ့တယ်ဆိုတာ ကျွန်တော်တို့က အမေရိကန်တို့၊ ဥရောပတို့ အနောက်တိုင်းပုံစံ ယူခဲ့လို့ မဟုတ်ဘူး။ အာရှသားတွေရဲ့ အရှေ့တိုင်း ပုံစံယူခဲ့လို့ ဖြစ်တယ်။ ကျွန်တော်တို့က ကြိုးစားတယ်၊ ခြိုးခြံတယ်၊ စည်းကမ်းရှိတယ် ဆိုတဲ့ အာရှတန်ဖိုးတွေနဲ့ လူမျိုး ဖြစ်လို့ပဲ။ မိသားစုသံယောဇဉ် အခိုင်အမာ ရှိတယ်။ တစ်မိသားစုလုံးအတွက်ကို တာဝန်ယူတယ် ဆိုတာတွေဟာ အာရှရဲ့ ဘုံလက္ခဏာဆောင်တဲ့ ယဉ်ကျေးမှုတွေပဲ။ တရုတ်ပဲဖြစ်ဖြစ်၊ မလေးပဲ ဖြစ်ဖြစ်၊ အိန္ဒိယနိုင်ငံသားပဲ ဖြစ်ဖြစ်။ ဒီဘုံလက္ခဏာဆောင်တဲ့ ယဉ်ကျေးမှုတွေ ရှိပါတယ်။

၁၉၇၈

*

အင်္ဂလိပ်ဘာသာစကား ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာခြင်း၊ ရုပ်မြင်သံကြားတွေ၊ ရုပ်ရှင်တွေ၊ မဂ္ဂဇင်းတွေ၊ စာအုပ်တွေနဲ့ ကမ္ဘာလှည့် ခရီးသည်တွေ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာခြင်းတို့ကြောင့် အနောက်တိုင်းတန်ဖိုးတွေ၊ ယဉ်ကျေးမှုတွေနဲ့ စရိုက်လက္ခဏာတွေဟာ အထူးသဖြင့် လူငယ်တွေအတွင်း စိမ့်ဝင်လာကြတယ်။ ကျွန်တော်တို့ဟာ ကမ္ဘာကြီးရဲ့ပြောင်းလဲလာတဲ့ စိတ်နေစိတ်ထားတွေနဲ့ အတွေးအခေါ်တွေ၊ အမေရိကန်လူမျိုးတွေနဲ့ အချို့ဥရောပတိုက်သားတွေ လက်တွေ့ကျင့်သုံးနေကြတဲ့ လက်မထပ်ပဲ အတူနေမိသားစုဆက်ဆံရေးမျိုးတွေနဲ့ ကင်းအောင်နေမယ် ဆိုပြီးတော့လည်း ကိုယ့်ဘာသာအထီးကျန်လုပ်ထားလို့လည်း မဖြစ်ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ဟာ ခေတ်ဆန်ပြီး အပေါ်ယံပေါ်ပင်မျိုးတွေ မလိုက်စားမိအောင် ကာကွယ်ဆေးထိုးထားလို့ ရနိုင်ပါတယ်။ ဘယ်လို ကာကွယ်ဆေးထိုးရမလဲဆိုရင် ကျွန်တော်တို့ရဲ့ အခြေခံကျတဲ့ တန်ဖိုးအနှစ်သာရတွေ မပျောက်ပျက်သွားအောင် ထိန်းသိမ်းထားရမယ်။ ကိုယ့်လူမျိုးရဲ့ အမှတ်လက္ခဏာကို မြတ်နိုးတဲ့စိတ် ထက်သန်ရမယ်။ ကျွန်တော်တို့ အသိစိတ်က ပေးတဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ် ရှိထားရမယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ မိခင်ဘာသာစကားကို ဆက်လက်ပြီး လေ့လာသွားကြရမယ်။

၁၉၇၈

*

အစိုးရကောင်း ဆိုတာက ဘာလဲ။ အဲဒါဟာ လူမျိုးတစ်မျိုးရဲ့တန်ဖိုး

တွေအပေါ်မှာ မူတည်တယ်။ အာရှတိုက်သားတွေ တန်ဖိုးထားတာတွေက အမေရိကန်တွေ၊ ဥရောပတိုက်သားတွေ တန်ဖိုးထားတာတွေ ဖြစ်ချင်မှ ဖြစ်မယ်။ အနောက်တိုင်းသားတွေက လူတစ်ဦးချင်းရဲ့ လွတ်လပ်မှု ကို တန်ဖိုးထားတယ်။ တရုတ်ယဉ်ကျေးမှု နောက်ခံရှိတဲ့ အာရှတိုက်သားတစ်ဦးအနေနဲ့ ကျွန်တော်တို့ရဲ့ တန်ဖိုးတွေကတော့ အစိုးရတစ်ရပ်ဟာ ရိုးသားရမယ်။ ကိုယ့်နိုင်ငံသား ပြည်သူတွေ ကာကွယ်ရာမှာ ထိရောက်အရည်အချင်းရှိရမယ် ။ တည်ငြိမ်စည်းကမ်းရှိတဲ့ လူ့အဖွဲ့အစည်း တစ်ရပ်အတွင်းမှာ ကိုယ့်ဘာသာ တိုးတက် လုပ်ဆောင်သွားနိုင်အောင် လူတိုင်းကို အခွင့်အလမ်းတွေ ပေးထားရမယ်။ အဲဒီလို လူ့အဖွဲ့အစည်းအတွင်းမှာ ကောင်းမွန်တဲ့ ဘဝမျိုးနဲ့ နေနိုင်၊ မိမိတို့သားသမီးတွေကို မိမိတို့ထက်သာအောင် ပြုစုပျိုးထောင်ပေးသွားနိုင်စေရမယ်။

၁၉၉၂

*

အာရှတိုက်ဟာ အလီဘာဘာရဲ့ ရတနာသိုက် မဟုတ်ပါဘူး။ အရှေ့အာရှဟာ သဘာဝ အရင်းအမြစ် ဆင်းရဲပါတယ်။ အရှေ့အာရှ နိုင်ငံတွေဟာ မိမိတို့ လူမျိုးတွေရဲ့ ကြိုးစားအားထုတ်မှု၊ ခြိုးခြံချွေတာမှု၊ များများစုဆောင်းတက်မှ နည်းနည်းစား သုံးပြီး များများ ၊ ရင်းနှီးမြှုပ်နှံမှုတို့အပေါ် အမှီအထားပြုပြီး ချမ်းသာသထက် ချမ်းသာလာနေပါတယ်။ မိမိတို့ယဉ်ကျေးမှုမှာ အခိုင်အမာ ထားကြပါတယ်။ အထူးသဖြင့် သူတို့ဟာ ပညာရှင်တွေ ဖြစ်လာဖို့အတွက် အသင့် ရှိနေကြပါတယ်။ အဲဒီ စိတ်က သူတို့ရဲ့သဘာဝအရင်းအမြစ် ဆင်းရဲခြင်းကို ထေမိအောင် ပြုပေးနိုင်တဲ့

အတွက် သူတို့ဟာ အလုပ်ကို ကြိုးစားမယ်၊ ခြိုးခြံချွေတာမယ်ဆိုတဲ့ အလေ့အထနဲ့ အ တူ မိမိတို့ရဲ့ ခိုင်မာတဲ့ ယဉ်ကျေးမှုထဲမှာ ဖွံ့ဖြိုးတိုးတက်အောင် လုပ်လာနိုင်ခဲ့ပါတယ်။

၁၉၉၄

*

အရှေ့အာရှသားတွေဟာ ဘဝရဲ့ မာရသွန်ပြေးပွဲမှာ အောင်ပန်းဆွတ်နိုင်အောင် မိမိတို့ကိုယ်ကိုယ် လေ့ကျင့်ယူနေတဲ့ ယှဉ်ပြိုင်လိုစိတ်မြင့်မားတဲ့ လူမျိုးတွေ ဖြစ်တယ်။

၁၉၉၄

*

စင်ကာပူနိုင်ငံကို အုပ်ချုပ်ရင်းရလာတဲ့ ကျွန်တော့်ရဲ့ အတွေ့အကြုံအထူးသဖြင့် ၁၉၅၉ ကနေ ၁၉၆၉ အထိ ခက်ခက်ခဲခဲ အုပ်ချုပ်လာရတဲ့ အတွေ့အကြုံအရ ကျွန်တော်တို့ စင်ကာပူနိုင်ငံ လူဦးရေရဲ့ ကြီးမားတဲ့ အစိတ်အပိုင်းတစ်ရပ်ကို ကွန်ဖြူးရှပ်ရဲ့ တန်ဖိုးတွေ စိမ့်ဝင်အောင် မလုပ်ပေးနိုင်ဘူးဆိုရင် အခက်အခဲတွေ အနှောင့်အယှက်တွေက ဘယ်လိုမှ ကျော်လွှားနိုင်မှာ မဟုတ်ဘူးလို့ ယုံကြည်လာခဲ့တယ်။ ပြည်သူတွေမှာ အစိုးရနဲ့ လူ့အဖွဲ့အစည်းအတွင်းက ပြဿနာတွေကို ချဉ်းကပ်ရာမှာ အစုလိုက် ပေါင်းစည်းညီညွတ်မှုမျိုးနဲ့ ချဉ်းကပ်နည်း၊ လက်တွေ့ ကျတဲ့ ချဉ်းကပ်နည်းတွေ ရှိလာခဲ့ကြတယ်။ ကွန်ဖြူးရှပ်အတွေးအခေါ်ရဲ့ အစဉ်အလာတွေက စင်ကာပူတရုတ်တွေကို ပညာအရည်အသွေးနဲ့

ပညာရှင်တို့ရဲ့ အရည်အသွေးကို မြှင့်နိုးလေးစားလာစိတ် ရှိလာအောင် လုပ်ပေးနိုင်ခဲ့တယ်။ ဒါ့အပြင် အစိုးရအရာရှိတွေကို သူတို့ရဲ့ ပညာရည် အ ပေါ် အ ခြေ ခံ ပြီး ရွေးချယ်ခန့်ထားလိုက်တဲ့အခါ အဲဒီအရာရှိတွေကို လေးစားလာကြတယ်။

၁၉၉၄

*

စင်ကာပူနိုင်ငံရဲ့ လူဦးရေ ၇၆ ရာခိုင်နှုန်းဟာ ဝူလွန်း ဆိုတဲ့ ဆက်ဆံ ရေး ခက်မ ငါးဖြာအပေါ် တည်ဆောက်ထားတဲ့ ယဉ်ကျေးမှုကို ဆက်ခံ ထား တဲ့ တရုတ်လူမျိုးတွေ ဖြစ်တယ်။ ဆက်ဆံရေး ခက်မ ငါး ဖြာ ဆို တာက ဖခင်နဲ့ သားအကြား ဆက်ဆံရေးမှာ မေတ္တာထားရမယ်။ မင်းနဲ့ မှူးမတ်အကြားမှာ တော်တည့်မှန်ကန်မှု ရှိရမယ်။ လင်နဲ့ မယားအကြား မှာ လင်ဝတ်၊ မယားဝတ်တို့ကို ဂရုထားရမယ်။ ကြီးသူနဲ့ ငယ်သူကြားမှာ သူ့နေရာနဲ့သူ သူ့စည်းကိုယ့်စည်း ရှိရမယ်။ မိတ်ဆွေ အချင်းချင်းအကြား မှာ သစ္စာရှိရမယ်။ ဒါ့အပြင် သူတို့က နိုင်ငံရဲ့ အကျိုးစီးပွားဟာ တစ်ဦး ချင်းရဲ့ အကျိုးစီးပွားအထက်မှာ ရှိတယ်လို့ လက်ခံထားကြတယ်။ သူတို့ က အမေရိကန်လူမျိုးတွေရဲ့ အကန့်အသတ်မရှိ တစ်ဦးချင်း လွတ်လပ်မှု ဝါဒကို မယုံကြည်ကြဘူး။

၁၉၉၄

*

မှတ်ထားဖို့ကောင်းတဲ့ အချက်က စင်ကာပူသား တရုတ်တွေ အများ

စု ဟာ ဆင်းရဲပြီး ပညာမတတ်ကြတဲ့ ရွှေ့ပြောင်း နေထိုင်သူတွေက ဆင်းသက်လာကြသူတွေ ဖြစ်တယ် ဆိုတဲ့ အချက် ပါပဲ။ သူတို့ဟာ ပညာရှင်တွေ မဟုတ်ကြဘူး။ မေ ၄ ရက် လူပ်ရှားမှုကြောင့် ကွန်ဖြူးရှပ်ဝါဒ အလိုမရှိဆိုတဲ့ ပညာတတ်တွေ မဟုတ်ကြပါဘူး။ ပြည်သူ အများအပြား ဟာ ကွန်ဖြူးရှပ်ဝါဒ တစ်နည်းအားဖြင့် မြင့်မားသော ယဉ်ကျေးမှုကို စနစ်တကျ သင်ယူလာခဲ့ကြသူတွေလည်း မဟုတ်ကြပါဘူး။ သို့ပေမဲ့လည်း သူတို့ရဲ့ နေ့စဉ်ဘဝမှာတော့ ကွန်ဖြူးရှပ်သွန်သင်တဲ့ ပညတ်ချက်တွေကိုတော့ လိုက်နာ ကျင့်သုံးကြတယ်။ စင်ကာပူတရုတ်တွေမှာ ရှိတာက အဆင့်နိမ့် ယဉ်ကျေးမှု တစ်နည်းအားဖြင့် မိရိုးဖလာ ယဉ်ကျေးမှုလောက်သာ ရှိတာပါ။ မိဘတွေ၊ ဦးမင်းသားချင်းတွေဆီက သင်ယူရရှိခဲ့တဲ့ အလေ့အကျင့်တွေအပေါ်မှာ အခြေခံတဲ့ မိရိုးဖလာ ယဉ်ကျေးမှုပေါ့လေ။ ကွန်ဖြူးရှပ်ဝါဒ၊ တာအိုဝါဒနဲ့ ဗုဒ္ဓဘာသာတို့အပေါ်မှာ အခြေခံလာတဲ့ စကားပုံတွေ ဆိုရိုးစကားတွေကနေ အနှစ်ချုပ် ထုတ်ယူထားတဲ့ မိရိုးဖလာ ယဉ်ကျေးမှု ဆိုပါစို့။

၁၉၉၄

*

ကျွန်တော့်အထင်တော့ အမေရိကန်တွေဟာ အခု ကို သုံး လား စွဲလား လုပ်ချင်နေကြပြီး အနာဂတ်ကို ပေါင်နှံချင်ကြပုံရတယ်။ အရှေ့အာရှမှာ ဘယ်သူ့အဖွဲ့အစည်းမှ မိမိတို့ရဲ့ အနာဂတ်ကို အပေါင်ထားပြီး သားတွေသမီးတွေက ဆပ်သွားကြတော့မယ်လို့ မလုပ်ဘူး။ အရှေ့အာရှသားတွေက မိမိတို့သားသမီးတွေကို မိမိတို့ထက် ပိုကောင်းမွန်တဲ့ဘဝကို စဖို့ ပေးထားရစ်နိုင်အောင် စုဆောင်းနေကြတယ်။

*

တရုတ်လူမျိုးနောက်ခံရှိသူတစ်ဦးအနေနဲ့ ကျွန်တော့်မှာ အမေရိကန်တွေ၊ အနောက်နိုင်ငံသားတွေနဲ့ မတူတဲ့ တန်ဖိုးတွေ ရှိပါတယ်။ ခင်ဗျားတို့ သူတို့ကို မေးကြည့်လိုက်ရင် သူတို့ကပြောမှာပဲ။ ဒီမိုကရေစီ၊ လွတ်လပ်မှု၊ လူ့အခွင့်အရေး၊ ဖွဲ့စည်းပုံ အခြေခံဥပဒေက အာမခံချက်ပေးထားတဲ့ လူတစ်ဦးချင်းရဲ့ အခွင့်အရေးနဲ့ လွတ်လပ်မှုတွေဟာ အရေးအကြီးဆုံးပဲလို့။ ကျွန်တော် အမေရိကန်ကိုသွားတော့ ဥပဒေမဲ့ ကားရပ်တာတွေ၊ ရာဇဝတ်မှု ထူပြောတာတွေ၊ ထိုးကြိတ်လုယက်မှုတွေ၊ မူးယစ်ဆေး ဝါးသုံးစွဲနေတာတွေ၊ သေနတ်တွေ သုံးနေကြတာတွေ၊ အကြမ်းဖက်မှုတွေ၊ လမ်းမတွေပေါ် လူတွေအမြောက်အမြား အိုးမဲ့အိမ်မဲ့ ဖြစ်နေတာတွေ တွေ့ရတော့ ကျွန်တော် အတွေးရခက်သွားတယ်။ တစ်ခါတစ်ရံ ထိတ်လန့်တုန်လှုပ်သလိုတောင် ဖြစ်မိတယ်။ အမေရိကန်မှာ ဘယ်နေရာကို သွားရမယ်၊ ဘယ်နေရာတော့ သွားလို့ မဖြစ်ဘူး ဆိုတာကို သိမှ ဖြစ်မယ်။ အမေရိကန်က လူမျိုးပေါင်းစုံ ပေါင်းဆုံ နေနေတဲ့ လူ့အဖွဲ့အစည်းဖြစ်လေတော့ အလွန်ချမ်းသာကြွယ်ဝတဲ့ မြို့စွန်တွေ၊ ချမ်းသာကြွယ်ဝတဲ့ နေရာတွေ ရှိသလို ဆင်းရဲသားရပ်ကွက်တွေလည်း ရှိတယ်။ အာရှတိုက်သားတွေကစိတ်ကူးထဲမှာ စံပြုထားတဲ့ လူ့အဖွဲ့အစည်းမျိုးတော့ မဟုတ်ဘူး။ ကောင်းတဲ့ လူ့အဖွဲ့အစည်း ဆိုတာ ကျွန်တော့်အယူအဆ ပြောရရင် လူတိုင်းလူတိုင်း လုံလောက်စွာ စားရ၊ နေရ၊ ကျန်းမာရေးကောင်း၊ မိမိတို့ သားသမီးတွေအတွက် ပညာရေးကောင်း ရှိတဲ့ လူ့အဖွဲ့အစည်းမျိုး ဖြစ်ပါတယ်။ အဲဒီလို ဖြစ်နိုင်ဖို့ ဆိုရင်

ကျွန်တော်တို့မှာ တောင့်တင်းခိုင်မာတဲ့ အစိုးရ၊ သန့်ရှင်းတဲ့ အစိုးရ ရှိဖို့ လိုပါတယ်။ အဲဒီ အစိုးရဟာ ကျောသား ရင်သား မခွဲခြားဘဲ မျှတမှု ရှိရမယ်၊ ရိုး သား မှု ရှိရမယ်။ ပြည် သူတွေ ကို လူမျိုး အ ရ၊ ကိုးကွယ်တဲ့ ဘာသာအရ၊ လိင်အရ ခွဲခြားမှု မရှိဘဲ ညီမျှတဲ့ အခွင့်အလမ်းတွေ ပေး နိုင်အောင် လုပ်တဲ့ အစိုးရ ဖြစ်ရမယ်။ ဒါမှလည်း လူတိုင်း လူတိုင်းဟာ အစွမ်းကုန် အလုပ်လုပ်နိုင်ကြပြီး မိမိတို့ လုပ်သလောက် အမြင့်မားဆုံး အကျိုးအမြတ် ပြန်ရနိုင်မှာ ဖြစ်ပါတယ်။

၁၉၉၅

*

လူမျိုးနွယ်စုတွေဟာ လျင်မြန်စွာ ပြောင်းလဲနေတဲ့ ကမ္ဘာကြီးနဲ့အတူ ရင်ဘောင်တန်း လိုက်နိုင်သင့်ကြတယ်။ တရုတ်မျိုးနွယ်စုအသင်း Hui guan တစ်ခုဟာ မာကျောင်း ကစားရာ နေရာ ဌာနတစ်ခုလောက်ပဲတော့ မဖြစ်သင့်ဘူး။

၁၉၉၇

*

အမေရိကန်ယဉ်ကျေးမှုနဲ့ အရှေ့တိုင်းယဉ်ကျေးမှုတို့ရဲ့ အခြေခံကျတဲ့ ခြားနားချက်တစ်ခုကတော့ လူ့အဖွဲ့အစည်း တစ်ခုအတွင်းမှာ လူတစ်ဦးချင်းရဲ့ အနေအထားပါပဲ။ အမေရိကန်ယဉ်ကျေးမှုမှာ လူတစ်ဦးချင်းရဲ့ အကျိုးစီးပွားဟာ အခြေခံကျတယ်။ ဒီအချက်ကြောင့် အမေရိကန် လူ့အဖွဲ့အစည်းဟာ ယှဉ်ပြိုင်ရာမှာ သူများတွေထက် သာတဲ့၊ စွမ်း

ဆောင်ရည် ပိုမြင့်တဲ့၊ တက်ကြွထက်သန်တဲ့ ပြိုင်နိုင်စွမ်းမျိုးကို ဖြစ်စေတယ် ။ စင်ကာပူမှာကျတော့ လူတစ်ဦးချင်းရဲ့ အကျိုးစီးပွားထက် လူ့အဖွဲ့အစည်းရဲ့ အကျိုးစီးပွားက အရင်ကျတယ်။ ဒါပေမဲ့လည်း စင်ကာပူဟာ အလုပ်အကိုင်၊ ကုန်ပစ္စည်းနဲ့ ဝန်ဆောင်မှုတို့အတွက် ဈေးကွက်မှာ ယှဉ်ပြိုင်နိုင်စွမ်း ရှိရမယ်။ တစ်ဖက်မှာလည်း အစိုးရဝင်ငွေနည်းတဲ့ အစုများကို နေစရာအိမ်၊ ကျန်းမာရေး ဝန်ဆောင်မှုနဲ့ ပညာရေး လိုအပ်ချက်တွေကို ရရှိအောင် အကူအညီပေးတယ်။ သို့မှသာလည်း အဲဒီလူတွေရဲ့ သားသမီးတွေဟာလည်း ပညာရေးလှေကားနဲ့ အမြင့်ဆီ တက်လာနိုင်စေမယ့် အခွင့် အလမ်းတွေကို ပိုမို ရလာနိုင်မှာ ဖြစ်လို့ အဲဒီလို ကူညီပေးခြင်းပဲ။

၂၀၀၄

*

မိသားစု

စည်းရုံးဖွဲ့စည်းထားတဲ့ လူအဖွဲ့အစည်းတစ်ခုရဲ့ ရည်မှန်းချက်က မိမိရဲ့ လူမျိုးတွေ ပျော်ရွှင်စွာနဲ့ ချမ်းမြေ့သာယာနေထိုင်နိုင်ရေး ဖြစ်ပါတယ်။ ဒီချမ်းမြေ့သာယာမှုရအောင် လုပ်ကြရာမှာ ကျွန်တော့်အယူအဆကတော့ ကြီးမားတဲ့ မိသားစုမျိုး ဖြစ်မလာချင်သူများ ရှောင်ရှားလိုကြတဲ့ ဆင်းရဲဒုက္ခ အခက်အခဲတွေကို သက်သာလျော့ပါးသွားစေရမယ်။ အဲ ဒီ လူမျိုးတွေကို မိသားစု စီမံချက်နည်းနဲ့ အကူအညီ ပေးသွားရပါမယ်။

၁၉၅၅

*

အနည်းနဲ့အများဆိုသလို တရုတ်လူမျိုးနဲ့ အိန္ဒိယလူမျိုးတွေဟာ ဘာသာရေး အခြေခံမှုတွေကြောင့်လည်းမဟုတ်ဘဲ ကလေးတွေ များများရလေ အဲဒီလူဟာ ပိုပြီး ကံပိုကောင်းလေလို့ ယုံကြည်နေကြတယ်။ ရှေးတုန်းက ဆိုရင် လူတစ်ယောက်မှာ ဇနီးမယား များများရှိလေ သူ့ရဲ့ အဆင့်အတန်း ပိုမို မြင့်မားလေလို့ အယူရှိကြတယ်။ မယား များများနဲ့ သားသမီး များများ ရှိခြင်းဟာ မော်တော်ကား များများ ရှိခြင်းလို လူမှုအဆင့်အတန်းရဲ့ သင်္ကေတ ဖြစ်ပါတယ်။ ဒီအယူအဆတွေက ကပ်ရောဂါတွေ၊ မိုးခေါင် ရေကြီးတာတွေနဲ့ သရောကြီးခိုင်းတာတွေက မှန်

မှန်ကြီး လူဦးရေကို ယုတ်လျော့သွားအောင် ခြွေခြွေသွားတဲ့ ခေတ်အခါ မျိုးမှာတော့ ဟုတ်ချင် ဟုတ်ပါလိမ့်မယ်။ ဒါပေမဲ့ အတော်အတန် ပိုပိုလျှံလျှံ နဲ့ နေထိုင်စားသုံးလာနိုင်တဲ့ လူတွေရဲ့ ကျန်းမာရေး အဆင့်အတန်းက လည်း မြင့်မားလာတဲ့ ကနေ့လို ခေတ်အခါမှာတော့ အဲဒီ ဓလေ့စရိုက်က လူဦးရေ တိုးပွားမှုကို ဖြစ်လာစေပါတယ်။ အဲဒီလို လူဦးရေသိပ်တိုးလာရင် ကျွန်တော်တို့ရဲ့ပြဿနာတွေကို စီးပွားရေး တိုးတက်မှု၊ စက်မှုလက်မှု လုပ်ငန်းတွေ ကျယ်ပြန့်လာမှု နဲ့ လူနေမှု အဆင့်အတန်းထိန်းထားနိုင်မှု တို့မှာ ယုံကြည်အပ်နှံထားရတဲ့ ကျွန်တော်တို့ရဲ့ စိတ်ဓာတ် လျော့ပါးသွားစေမှာ ဖြစ်ပါတယ်။

၁၉၆၃

*

ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ သတိပြုမိလောက်စရာ အလားအလာများကတော့ ပညာပိုတတ်တဲ့ မိဘ တွေမှာ မိသားစု အရွယ်အစားက ပညာသိပ်မတတ်တဲ့လူတွေရဲ့ မိသားစုအရွယ်အစားထက် သေးလိုက်လာခြင်းပဲ။ ဒီအလားအလာဟာ ဖွံ့ဖြိုးမှုကတော့ နည်းနေဆဲပဲ ဆိုပေမဲ့ မြို့ပြသိပ်ဆန်လာတဲ့ စင်ကာပူလို လူ့အဖွဲ့အစည်းမျိုးတွေမှာ ပူပန်ဖွယ် ရှိလာပြန်တယ်။ ဒီအလားအလာအတိုင်း ဆက်ဖြစ်သွားမယ် ဆိုရင် လူဦးရေရဲ့ အရည်အသွေးက ကျဆင်းသွားမယ့် သဘောရှိတယ်။ လူ့အဖွဲ့အစည်းတွေမှာ အသိပညာတွေ ပိုပိုလာတဲ့ လူတွေရော၊ အသိပညာတွေ နည်းနည်းလိုက်လာတဲ့ လူတွေရော ရှိတယ်။ အချို့ဗီဇဗေဒပညာရှင်တွေက အသိဉာဏ်သည် မျိုးရိုးဗီဇနဲ့ ဆိုင်တယ်လို့ သုံးသပ်လာကြတယ်။ ရုပ်နဲ့စိတ်တို့ရဲ့ အခြားများစွာသော အရည်အချင်းတွေကတော့ မျိုးရိုးဗီဇ

ကြောင့် မဟုတ်ပါဘူး။ ဒါပေမဲ့ မျိုးရိုးဗီဇက ဘာတွေပဲ ပါလာတယ်ဆို စေ အခြားသတ္တဝါတွေထက် သာတဲ့ လူဟာ ပြုစုပျိုးထောင်မှု၊ လေ့ကျင့် သင်ကြားမှု အပေါ် မူတည်လို့ သူတို့ရဲ့ စွမ်းရည်တွေက ရင့်ကျက် ဖွံ့ဖြိုး ရတာ ဖြစ်တယ်။

၁၉၆၉

*

ဝင်ငွေနည်း အုပ်စုမှာလည်းပါပြီး ပညာတတ်ကျွမ်းမှုလည်း နည်းကြ တဲ့သူတွေမှာ ကြီးမားတဲ့ မိသားစု ရှိလာတဲ့အခါ မိမိတို့ သားသမီးတွေ အတွက် ပြဿနာပေါင်းစုံကို ဖန်တီးပေးမိသွားတော့တယ်။ ကလေး တစ်ယောက်၊ နှစ်ယောက်တည်းဆိုရင် အရင်းအမြစ်တွေ၊ အချိန်တွေ၊ ဂရုစိုက်မှုတွေကို ဖော ဖော သီ သီ သုံး လို့ သူ တို့ ကို အ စွ မ်း ကု န် ပြုစု ပျိုး ထော င် ပြီး တိုး တ က် အော င် လု ပ် ပေး နို င် တ ယ်။ မိသားစုမှာ သား သ မီး တွေ က ခြော က် ယော က် လော က်၊ ခြော က် ယော က် ကျော် လော က် ဖြစ်လာတဲ့အခါ အများအတွက် ဖြန့်ပြီး သုံးရတဲ့အတွက် ဒီ ထက် အရွယ်အစား သေး တဲ့ မိသားစုမှာ ဆိုရင် ရနိုင်တဲ့ အခွင့်အလမ်း မျိုးကို ဘယ်ကလေးမှ မရနိုင်တော့ဘူး။ မြို့ ပြဆန်လာတဲ့ စင်ကာပူမှာ အဲဒီအခြေအနေဟာ တကယ် ဆိုးဝါးတဲ့ ပြဿနာ ဖြစ်လာနိုင်တယ်။

၁၉၆၉

*

စင်ကာပူမှာ အစိုးရ ထိန်းချုပ်လိုက်ရင် ခက်လည်း ခက်သွား၊ ရှုံမုန်း

စရာလည်း ဖြစ်သွားနိုင်တဲ့ အချို့သော လုပ်ဆောင်ချက် နယ်ပယ်တွေ ရှိတယ်။ အဲဒီလို နယ်ပယ်တစ်ခုကတော့ ဖခင်နဲ့ မိခင်တို့က သားသမီးဘယ်နယောက် မွေးကျွေးစောင့်ရှောက်မယ်လို့ ဆုံးဖြတ်တဲ့ နယ်ပယ်ပဲ။ တစ်နေ့သောအခါမှာ အခြေအနေတွေရဲ့ ဖိအားက သိပ်ပြင်းလာတာမျိုး ဖြစ်လာမယ်။ ဒီအခါ စိတ်ထားတွေကို ပြောင်းမှကို ဖြစ်မယ့် အနေမျိုး ဖြစ်လာမယ်။ အဲဒီလို စိတ်ထားတွေကိုလည်း ပျောက်သွားတာမျိုး၊ တရားဥပဒေအရသို့မဟုတ် အုပ်ချုပ်ရေး နည်းလမ်းတွေအရ ထိန်းကျောင်း လုပ်ဆောင်သွားတဲ့ အချိန်မျိုး မရောက်လာသေးခင်အထိက တော့ လူတွေကို မိသားစုအဖွဲ့ဝင် အရေအတွက် ကန့်သတ်မှုတွေ လုပ်သွားကြအောင် ဖျောင်းဖျစည်းရုံးတာမျိုး၊ သူတို့ ရဲ့ကလေးတွေကို ပိုမိုကောင်းမွန်တဲ့ အခွင့်အလမ်း ပေးတာမျိုး လုပ်သွားရပေမှာပဲ။

၁၉၆၉

*

လူတော်ပဲ ဖြစ်ဖြစ်၊ လူဖျင်းပဲ ဖြစ်ဖြစ် လူတိုင်းမှာ သူ့ကိုယ်သူ ပြန်လည်ဖော်ထုတ် မျိုးပွားခွင့်ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့က အိမ်ထောင်ပြုထားတဲ့ ဇနီးမောင်နှံဟာ သူတို့နေရာမှာ ဝင်ယူနိုင်ဖို့ သားသမီး နှစ်ယောက်တော့ ယူခွင့် ရချင်မှာပဲလို့ ယူဆထားရပါတယ်။ ဒီနှုန်းဟာ ဥရောပက ကျွမ်းကျင်စက်မှုလုပ်သား မိသားစုတစ်ခုရဲ့ ပျမ်းမျှ အရွယ်အစား ဖြစ်ပါတယ်။ ကလေးသုံးယောက်ထက် ပိုများလာရင် အိုးအိမ်အတွက် ထောက်ပံ့ရတဲ့ ကုန်ကျစရိတ်၊ လူမှုရေး စောင့်ရှောက်မှု အရထောက်ပံ့ပေးရတဲ့ ဆေးဝါးကုန်ကျစရိတ်နဲ့ အခမဲ့ပညာသင်ခွင့်အတွက် ထောက်ပံ့ပေးရတဲ့ ကုန်ကျစရိတ်တို့ကို မိဘတွေ

ထံ ပြန်လည် လွှဲပြောင်းပေးသင့်တယ်။

၁၉၆၉

*

လူဦးရေတိုးနှုန်း နိမ့်နိမ့်နဲ့ ဆိုရင် ကျွန်တော်တို့ဟာ ပိုပြီး မြင့်မားတဲ့ ပန်းတိုင်တွေအထိ ရောက်သွားနိုင်ပါတယ်။ လူနေမှုအဆင့်အတန်း ပိုပြီး မြင့်မြင့်နေလာနိုင်မယ်။ ဘဝရဲ့ ပိုမိုမြင့်မားတဲ့ အရည်အသွေးတွေ ရလာမယ်။ မိသားစု အရွယ်အစားက ပိုငယ်သွားတယ်ဆိုရင် ကျွန်တော်တို့ ဟာ ကလေးတစ်ဦးစီအတွက် ရင်းနှီးမြှုပ်နှံမှုကို ပိုပြီးလုပ်ပေးနိုင်မယ်။ ကျန်းမာရေး စောင့်ရှောက်မှု ပို ပြီး ကောင်းအောင် လုပ်ပေးနိုင်မယ်။ ပညာသင်ကြားမှုနဲ့ လေ့ကျင့်သင်တန်းပေးခြင်းတို့၊ လုပ်ငန်း စွမ်းဆောင်ရည် ပိုမြင့်လာစေခြင်းတို့ကို ပိုပြီး လုပ်ပေးလာနိုင်ပါမယ်။

၁၉၇၂

*

အနောက်တိုင်းမှာ လက်မထပ်ဘဲ မိခင် ဖြစ်လာကြသူတွေကလည်း အ များ ကြီး လ င် မ ယား ကွာရှင်းမှုတွေကလည်း အ များ ကြီး ရှိသလို ဆေး ပြား သုံး စွဲ မှု က လ ည်း ကျယ် ကျယ် ပြန့် ပြန့် ဖြစ်လာနေတယ်။ ကျွန်တော်တို့ဟာ အနောက်တိုင်းမှာ ကြုံနေရတဲ့ အဲ ဒီ လို ပြဿနာမျိုးတွေ အများစုကို ရှောင်ရှားနိုင်မယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့ဟာ မိမိတို့ရဲ့ မိသားစုအတွင်းရှိ သက်ကြီးရွယ်အို တွေကို နိုင်ငံတော်ပိုင်သို့မဟုတ် လူမှုသက်သာချောင်ချိရေး အဖွဲ့အစည်းတွေကို ပို့လိုက်မယ့်

အ စား ကိုယ့်မိသားစုအတွင်းမှာပဲ ကျွေးမွေးစောင့်ရှောက်တဲ့ အာရှ အစဉ်အလာကို ဝင်ငွေခွန်တို့၊ အတူနေ အငြိမ်းစားယူ မိဘများ ရှိသူတွေ ကို အိုးအိမ်အဖွဲ့ရဲ့ အထူးအခွင့်အရေး ပေး မှု တို့ ပြုပေးခြင်းဖြင့် ထိန်းသိမ်းသွားကြရပါမယ်။ သက်ကြီးရွယ်အို များ ကို လူမှု သက်သာချောင်ချိရေး အဖွဲ့အစည်းတွေဆီ ပို့လိုက်မယ်ဆိုရင် သားသမီး တွေ က မိမိတို့ဝတ္တရား အနေနဲ့ ဆောင်ရွက်ပေးနိုင်တာဟာ ရံဖန်ရံခါ သာ သွားတွေ့နိုင်တာလောက်ပဲ ရှိပါမယ်။

၁၉၇၅

*

ဘယ်လူယဉ်ကျေးမှုမျိုးမှာမဆို ပထမဦးဆုံး လိုက်နာရမယ့် အခြေခံ မှု က တော့ စည်းကမ်းတကျနေထိုင်ခြင်းနဲ့ ကလေးငယ်တွေကို ကျွေးမွေးစောင့်ရှောက်ပေးခြင်း ဖြစ်ပါတယ်။

၁၉၇၇

*

ယနေ့အခါမှာ လွန်ခဲ့တဲ့ ၁၀ နှစ်တုန်းကထက် လင်ကွာ မယားကွာ တွေ၊ တစ်အိမ်ထောင်ပျက်လို့ နောက်ထပ် တစ်အိမ်ထောင် ထူထောင်၊ တစ်ခါအိမ်ထောင်ရေး ပြုကွဲဆိုတာတွေက ပိုများလာတယ်။ အဲဒီ ပြောင်းလဲမှုမျိုးကတော့ အဆိုးဘက် ပြောင်းလဲမှုမျိုးပဲ။ [x x x] ကျွန်တော် အခု တွေ့နေမြင်နေရတာက [x x x] မစ္စတာတွေ၊ မစ္စက် တွေက အခုတော့ မစ္စ တွေ ဖြစ်လာကြတယ်။ အဓိပ္ပာယ်ကတော့ မစ္စ ဆို

တာ ‘မသာမိကသ’ ပေါ့လေ။ ကာမပိုင် လင် မရှိဘူးဆိုတဲ့ သဘောလား၊ ကျွန် တော် တော့ အ သေ အ ချာ မ ပြော တ က် တော့ ဘူး၊ မသိတော့ဘူး။ က မ္ဘာ ကြီး ကို က ဆ န်း ဆ န်း ပြား ပြား တွေ ဖြစ်လာတာထင်ပါရဲ့။ ဆည်းဆာချိန် ကမ္ဘာကြီး ဖြစ်လာတယ်။ အဲဒီလို ပြောင်းလဲမှုမျိုးကတော့ ဗျာ၊ ဖြည်းဖြည်းပဲ ပြောင်းကြပါ။ အဲဒီလိုမျိုးတော့ မပြောင်းချင်ကြပါစို့ နဲ့။

၁၉၇၈

*

ရှေး အ စဉ်အ လာ ယုံကြည်မှုတွေက ပျောက်ခဲပါတယ်။ နဂါးနှစ် (၁၉၇၆) မှာ တရုတ်လူမျိုးတွေ ရဲ့ မွေးဖွားနှုန်းက ၉.၈ ရာခိုင်နှုန်း တက်လာတယ်။ အဲ ဒီ မတိုင်မီ ယုန်နှစ်တုန်းက ၃၀၆၃၅ ကနေပြီး ၃၃၆၂၇ အထိ တက်လာခြင်း ဖြစ်ပါတယ်။ ၁၉၇၇ (မြွေနှစ်) မှာ တရုတ်လူမျိုးတွေ ရဲ့ မွေးဖွားနှုန်းဟာ ၂၉၇၅၈ ယောက်အထိ ၁၁.၅ ရာခိုင်နှုန်း ကျလာတယ်။ ဒီ လို စူးစမ်းစရာကောင်းတဲ့ ရလဒ်တွေ ဖြစ်လာတာဟာ အစဉ်အလာ ယုံကြည်မှုတွေဟာ ခေတ်မီတဲ့ ဇီဝဗေဒ သဘောထိန်းချုပ်မှုတွေနဲ့ ပဋိသန္ဓေ တားဆီးမှုတွေမှာ ထုတ်ဖော်ပြသလာတဲ့သဘောပဲ။ အစိုးရအဖွဲ့ထဲက စီမံကိန်းချမှတ်သူတွေဟာ အ ခု လို ရှေးရှုလာတဲ့ အလားအလာမျိုးကို ဘယ်သဘောရှိတယ်ဆိုတာ ထည့်တွက်ကြရပါတော့မယ်။ ပြီးတော့ ဒီအလားအလာတွေကြောင့် ဆေးရုံတွေ၊ ကျောင်းတွေ နဲ့ တက္ကသိုလ်တွေရဲ့ ဝန်ဆောင်မှုကိုပိုပြီး တောင်းဆိုလာလိမ့်မယ်လို့ မျှော်လင့်ထားကြရတော့မယ်။ ဒါ့အပြင် ကာကွယ်ရေးဝန်ကြီးဌာနဟာ မိမိတို့ရဲ့တပ်တွေမှာ ဘယ်လောက် ဘယ်လောက် လက်ခံယူမယ်

ဆို တဲ့ လူအင်အား လျာထားချက်တွေကို ပြန်လည် ညှိယူသွားရတော့မ ယ့် အနေအထားရှိလာတယ်။ လွန်ခဲ့တဲ့ ၁၈ နှစ်တုန်းက ရှိခဲ့တဲ့ တိရစ္ဆာန် နှစ်အပေါ် မူတည်ပြီး ညှိယူရမှာ ဖြစ်ပါတယ်။

၁၉၇၈

*

ဒီ ပြောင်းလဲမှုဖြစ်စဉ်သို့ မဟုတ်ခေတ်မီလာတဲ့ ဖြစ်စဉ်မှာ ကျွန်တော်တို့ ဘယ်လိုနည်းနဲ့မှ ဖြစ်မလာအောင် ရှောင်ကြဉ်သွားရမယ့် အခြင်းအရာတစ်ခုကတော့ မျိုးဆက် သုံးဆက် ရှိနေတဲ့ မိသားစုစနစ် ပြိုကွဲခြင်းဆိုတဲ့ အခြင်းအရာပဲ။ အနောက်နိုင်ငံတွေနဲ့ အမေရိကန်နိုင်ငံ တို့မှာ ဒီ မျိုးဆက် သုံးဆက် မိသားစုဆိုတာ အခုအခါမှာ တွေ့မြင်ရခဲတဲ့ အရာမျိုး ဖြစ်သွားပါပြီ။ ဒါပေမဲ့ အဲဒီမိသားစုမျိုးက စက်မှုလက်မှုတွေ ထွန်းကားလာ၊ ခေတ်မီတိုးတက် ဖြစ်လာခဲ့ပေမဲ့လည်း ဂျပန်၊ တောင် ကိုးရီးယား၊ ထိုင်ဝမ်နဲ့ ဟောင်ကောင်တို့မှာ တွေ့မြင်နေကြရဆဲ ဖြစ်ပါ တယ်။ ဒါ ဟာ မိသားစု ဖွဲ့စည်းတည်ဆောက်ပုံ ပြဿနာ၊ လူမှုရေး အဆောက်အအုံ ပြဿနာ၊ မိဘနဲ့ သားသမီးတို့ရဲ့ သံယောဇဉ် ထုံးဖွဲ့မှု ပြဿနာ ဖြစ်ပါတယ်။ အဲဒီ မိသားစု သံယောဇဉ်က မိသားစုတွေကို ဥမ ကွဲ သိုက်မပျက် စုစည်းပေးထားတာပါ။ ကျွန်တော်တို့ဟာ ကျွန်တော်တို့ ရဲ့နောက်ထပ်မျိုး ဆက်ကို မွေးမြူထိန်းကျောင်းပေးသွားရာမှာ ကျွန်တော်တို့ရဲ့ အားကောင်း ခိုင်မာတဲ့ မိသားစု ဖွဲ့စည်း တည်ဆောက်မှု ဟာ ကြီး မား တဲ့ အင်အားတစ်ခုအဖြစ် ဆက်လက်ပါသွားမှာ ဖြစ်ပါ တယ်။ မိသားစုကနေပြီး လူမှုတန်ဖိုးတွေကို ဆက်လက် သယ်ဆောင် ပေးပါ တယ်။ ဒီလို တန်ဖိုးတွေ ဆက်လက် သယ်ဆောင်ပေးရာမှာ ပုံစံ

ကျ သင်ကြားဆုံးမပေးခြင်းနည်း၊ စိမ့်ဝင်ပျံ့နှံ့ခြင်းနည်းတွေနဲ့ ပြုသွားခဲ့ကြ ခြင်း ဖြစ်ပါတယ်။ လူ့အဖွဲ့အစည်းက ယဉ်ကျေး မှု ခွန်အားတို့၊ ဂရုဏာ အကြင်နာတို့နဲ့ မှားမှန် ပိုင်းခြားနိုင်တဲ့ ပညာတို့ မဆုံး ရှုံး မပျောက်ကွယ် သွား ဘဲ နောက်ထပ် လူ့အဖွဲ့အစည်းတစ်ရပ် ပြန်လည် မွေးထုတ်ပေးမယ်ဆိုရင် အခု ပြောခဲ့တဲ့ အဖိုးတန်လှတဲ့ မိသားစုဖွဲ့စည်းပုံကို ကျွန်တော်တို့ ထိန်းသိမ်းသွားမှ ဖြစ်ပါမယ်။ မျိုးဆက် သုံးဆက် ပါဝင်နေတဲ့ မိသားစု ဖွဲ့စည်းတည်ဆောက်ပုံကို ထိန်းသိမ်းသွားဖို့ လိုအပ်တဲ့ နောက်ထပ် အကြောင်းတစ်ကြောင်းကတော့ ရှင်းပါတယ်။ အကယ်၍ ကျွန်တော်တို့က မျိုးဆက် သုံးဆက် မိသားစု ဖွဲ့စည်းတည်ဆောက်ပုံကို ဖြိုဖျက်ပစ်လိုက်မယ် ဆိုရင် အဲဒီ တသီးတခြား နေကြမယ့်လူတွေအတွက် နေအိမ်အခန်းတွေ တည်ဆောက်ပေးရမယ့် မြေနေရာ ကျွန်တော်တို့မှာ မရှိတော့ခြင်း ဖြစ်ပါတယ်။

၁၉၈၂

*

ဒီကမ္ဘာကြီးဟာ ပြိုင်ဆိုင်နိုင်မှ တန်ကာကျမယ့် ကမ္ဘာကြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ပြိုင်ဆိုင်နိုင်လို့ ရှင်ကျန်ရပ်တည်နေနိုင်ခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ အိမ်နီးချင်းနိုင်ငံတွေထက် ပို ပြီး အင်တာနက်ကို မသုံးစွဲနိုင်ဘူး ဆိုရင် ကျွန်တော်တို့ ဘာလုပ်ငန်းမျှ မလုပ်နိုင်ဘဲ ဖြစ်သွားပါမယ်။ ဒါပေမဲ့ ကျွန်တော်တို့က ကျွန်တော်တို့ရဲ့ပြည်သူတွေကို လိုင်စင်တွေကို အထိန်းအကွပ်မရှိ လက်လွတ်စပယ် လူတကာနဲ့ ဆက်ဆံခွင့်ရနိုင်တဲ့ ဟာမျိုးတွေ ခွင့်ပြုလိုက်လို့ မိသားစုတွေက ပြိုကွဲပြီး မိသားစုတွေ သိပ်များလာမယ်ဆိုရင်

ကျွန်တော်တို့ တစ် ခါတည်း ကိစ္စပြီးသွားပြီ မှတ်ပေတော့ပဲ။ ဘာကြောင့် လဲ ဆို ရင် စင်ကာပူ ဆို တာ က မိ သား စု ရဲ့ ခွန် အား နဲ့ လူမှုရေး သဟဇာတ ရှိမှု ဆိုတဲ့ အခြေခံပေါ်မှာ တည်ဆောက်ထားတာကြောင့်ပါပဲ။

၁၉၉၆

*

ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ပျော်ရွှင်မှုကို ဂျီဒီပီ တိုးတက်မှုနဲ့ တင်တိုင်းလို့ မရနိုင်ပါဘူး။ မိသားစုတွေနဲ့ မိတ်ဆွေတွေအချင်းချင်း ဘယ် လောက် ရိုင်းပင်းကြ သလဲ၊ သက်ကြီး ရွယ် အို တွေနဲ့ ကလေးသူငယ်တွေကို ဘယ်လောက် ပြုစု စောင့်ရှောက်ပေးနိုင်သလဲဆိုတဲ့ အချက်တွေက ကျွန်တော်တို့ရဲ့ လူ့အဖွဲ့အစည်းကို တစ်သားတည်း ဖြစ်အောင် ရက်နှောင်ပေးထားခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ အဲဒီလို လူ့အဖွဲ့အစည်းမျိုးကို ပိုင်ဆိုင်ထားတဲ့အတွက် ဂုဏ်ယူစရာကောင်းပါတယ်။

၁၉၉၇

*

ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ မျိုးဆက် ဆက်လက် ပြန့်ပွားရေးအတွက် အမျိုးသမီးတစ်ယောက်ဟာ ကလေးနှစ်ယောက်ခွဲနှုန်း မွေးရပါမယ်။ တိုင်းတစ်ပါးက ဝင်လာတဲ့ လူဝင်မှုနည်းနဲ့ လျှော့သွားမယ့်လူတွေနေရာ အစားထိုးလို့ ရနိုင်တာတော့ မှန်ပါတယ်။ ဒါပေမဲ့ သဘာဝ

အ တို င်း အ စား ထိုး နည်း က ပို ကော င်း ပါ တ ယ်။ ကျွန်တော်တို့ရဲ့ ပညာတတ်တွေက တစ်အိမ်ထောင် ကလေးသုံးယောက်နှုန်း ယူသင့်တယ်။ ဒီနည်းနဲ့ ကျွန်တော်တို့ဟာ စင်ကာပူနိုင်ငံသား တွေရဲ့ အင်အားကို စင်ကာပူမှာ မွေးတဲ့လူတွေနဲ့ပဲ မဏ္ဍိုင်ထားပြီး ဆက်လက်ထိန်းသိမ်းသွားနိုင်တယ်။ အဲဒီစင်ကာပူမှာမွေးတဲ့ စင်ကာပူသားတွေဟာ ဘယ်လို အ ခ က် အ ခ ေ တွေ ကြုံ လာ တ ယ် ဆို စေ လက်မြောက်အရှုံးမပေးဘဲ ဆိုးတူကောင်းဖက်စိတ်နဲ့ စ င် က ာ ပူ ကို ဆ က် လ က် ရှင်သန်တိုးတက်သွားနေအောင် လုပ်သွားကြလိမ့်မယ်။

၂၀၀၁

*

ဒီကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော် ဆရာဝန်တွေကို မေးမြန်းကြည့်တ ယ်။ လူ ဟာ မျိုးဗီဇသဘောတရားအရပဲ လိင်တူချင်း ဆက်ဆံသူအဖြစ် မွေးလာတာတဲ့။ မျိုးဗီဇတွေရဲ့ မျိုးဗီဇ ကူး စက်ပုံနှံခြင်းသဘာဝကြောင့် ဒီလို ဖြစ်လာတာလို့ ဆိုတော့ ဒီသဘာဝတရားအတိုင်း ဖြစ်လာတာကို ခင်ဗျားလည်း မတက်နိုင်ဘူး။ ဒီတော့ ကျွန်တော်တို့က လိင်တူချင်း ဆက်ဆံတာကို ရာဇဝတ်မှုလို့ ဘာကြောင့် သတ်မှတ် ပြဋ္ဌာန်းနေတော့မလဲ။

၂၀၀၇

*

မျိုးဆက်များ

လွန်ခဲ့တဲ့ မျိုးဆက်တွေကို အဲဒီလူတွေဟာ မလေးရှားနိုင်ငံကို ဘယ်နိုင်ငံက ဝင်ရောက်လာကြတာလဲ ဆိုတာ နဲ့ခွဲခဲ့ကြတယ်။ လက်ရှိမျိုးဆက်ကို ကျတော့် တစ်ခါတစ်ရံတစ်စုတည်း တစ်စည်းတည်း ဖြစ်လာဖို့ သိပ်မလွယ်လှတော့ဘူး ဖြစ်သွားတယ်။ ဘာကြောင့်လဲဆိုတော့ အခုမျိုးဆက်က လူတွေက ပညာသင်လာတဲ့ ကျောင်းတွေက မတူကြဘူး။ သင်ယူတတ်မြောက်လာတဲ့ ဘာသာစကားတွေကလည်း မတူကြဘူး။ ဘယ်သူမှ တူညီတဲ့ ဘာသာစကားတစ်ခုတည်းနဲ့ သင်ယူလာကြတာ မဟုတ်ဘူး။ ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ သားသမီးတွေကို နောင်လာမယ့် မျိုးဆက်ကို သူတို့ရဲ့ယဉ်ကျေးမှုနဲ့ သူတို့ရဲ့ဘိုးဘွားအမွေအနှစ်ကို မြတ်နိုးဂုဏ် ယူတတ်အောင် ပြုစုပျိုးထောင်ပေးကြပါစို့။ ဒါပေမဲ့လည်း ကနေ့အခါ မလေးရှားလို့ ကျွန်တော်တို့ သိနေကြတဲ့နိုင်ငံကို ဟိုကဒီက ရောက်လာကြပြီး တည်ဆောက်ခဲ့ကြတဲ့ အမျိုးမျိုးသောလူ မျိုး တွေ က နေ ပြီး စ ဉ် ကာ ပူ နှ် ဉ် ံ ၊ စဉ်ကာပူနိုင်ငံသားရယ်လို့ ပေါ်ပေါက်လာအောင်ပုံဖော် တည်ဆောက်ယူလာခဲ့တဲ့ နိုင်ငံသစ်အတွက်လည်း ပိုပြီး ဂုဏ်ယူတက်အောင် ပြုစုပျိုးထောင် ပေးကြပါစို့။

၁၉၆၁

*

ရှေးယခင်က အသုံးပြုခဲ့တဲ့ မြေပုံတွေ သံလိုက်အိမ်မြှောင်တွေ သုံးလို့ မဖြစ်တော့တဲ့၊ လူအဖွဲ့ အစည်းတစ်ရပ်မှာ ပြည်သူတွေက ရှေ့သို့ ရှေ့သို့ကို သာ ချီတက်နေကြတဲ့ လူအဖွဲ့အစည်းတစ်ရပ်မှာ သမိုင်းမှာ ရောက်နေတဲ့ အခုလို အခိုက်အခါမျိုးမှာ ခေါင်းဆောင်မှုတာဝန်ကို ယူသွားကြမယ့်သူတွေကတော့ ငယ်ရွယ်တဲ့လူတွေသာ ဖြစ်ပါတယ်။

၁၉၆၁

*

မျိုးဆက်သစ်တစ်ခုက ကြီးထွားလာပြီ။ ပိုပြီးစည်းလုံးညီညွတ်တဲ့၊ ပိုပြီး ပညာတတ်တဲ့ စိတ်ခံစားမှု အရရော စိတ်ပိုင်းဆိုင်ရာအရပါ သူတို့ခေတ်မှာ သူတို့ ရင်ဆိုင်ရမယ့် စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖို့ အသင့် ဖြစ်နေ၊ လိုအပ်တဲ့ အရာတွေနဲ့ တပ်ဆင်ပြီး ဖြစ်နေတဲ့ မျိုးဆက်သစ်မျိုးပါ။ အဲဒီ မျိုးဆက်သစ်က လူငယ်တွေကို ခင်ဗျားတို့ ကျောင်းတွေမှာ တွေ့နိုင်တယ်။ တက္ကသိုလ် ရောက်နေတဲ့ ကျောင်းသားလူငယ်တွေထဲမှာ တွေ့နိုင်တယ်။ အဲဒီ မျိုးဆက်သစ်လူငယ်တွေဟာ မျိုးဗီဇအားဖြင့် မတူဘဲ ကိုယ့်အားကိုယ်ကိုးပြီး ယုံကြည်မှုတွေ အပြည့်နဲ့ တက်ကြွနေတဲ့ သင်ယူလေ့လာဖို့ စိတ်အားထက်သန်နေကြတဲ့ အလုပ်လုပ်ချင်စိတ်တွေ ရှိနေကြသူတွေ ဖြစ်တယ်။ အဲဒီ မျိုးဆက်သစ် လူငယ်တွေဟာ အလကားရဖို့ဘာကိုမျှ မျှော်လင့်မထားကြဘူး။ အဲဒီ မျိုးဆက်သစ်လူငယ်တွေထဲမှာ ခေါင်းဆောင် ဖြစ်လာမယ့်သူတွေ၊ ကျွန်တော်တို့ဆီက မီးရှူးတိုင်ကို ရှေ့သို့ ဆက်လက်သယ်ဆောင်ယူသွားပြီး သူတို့ရဲ့ အနာဂတ်ကို အလင်းရောင် ထွန်းလင်းပြပေးသွားမယ့်သူတွေ ပါတယ်။

၁၉၆၈

*

ကျွန်တော်တို့မှာ အတက်ပညာတွေနဲ့ စွမ်းရည်သစ်တွေ ရရှိစေမယ့် လုပ်လိုကိုင်လိုတဲ့ ဆန္ဒ၊ လုပ်နိုင်ကိုင်နိုင်တဲ့ အရည်အချင်းနဲ့ စည်းကမ်းရှိတယ် ဆိုတာ ဘာမျှ ယုံမှားစရာ မရှိပါဘူး။ ပြဿနာက နောက်လာမယ့် မျိုးဆက်က အဲဒီလို စိတ်ဓာတ်နဲ့ အရည်အချင်းတွေ ရှိပြီး သူတို့ စီးသွားမယ့် ရထားမှာ ဇိမ်ကျကျ သက်သက်သာသာနဲ့ နေသွားနိုင်မယ့် ကိုယ့်ဘာသာကိုယ် ကျေနပ်နှစ်သိမ့်နေမိမှာကို ရှေ့တန်းက ထွက်ပြီး တိုက်ပွဲဝင်သွားနိုင်ပါ့မလား ဆိုတဲ့ အချက်ပါပဲ။

၁၉၇၀

*

ကျွန်တော်တို့ရဲ့ လူငယ်တွေက ကြီးပွားတိုးတက်လိုတဲ့ ရည်မှန်းချက်မျိုး ရော ထကြွလုံ့လပါ ရှိကြပါတယ်။ သူတို့ဟာ စင်ကာပူကို ကနေ့အခြေအနေလိုဖြစ်လာအောင် ခရီးကြမ်းမှာ လုံ့လဝီရိယ ခွဲထည့်ပြီး ခိုင်မာတဲ့ သိန္နီဌာန်နဲ့ လမ်းကြောင်းမှန်က မတိမ်းမဖယ်ဘဲ လျှောက်သွားနိုင်ခဲ့ကြတဲ့ သူတို့မိဘတွေရဲ့ စိတ်ဓာတ်သတ္တိ အရည်အချင်းမျိုးတွေ ရှိအောင်လည်း လုပ်သွားကြရပါမယ်။

၁၉၇၄

*

ကျွန်တော်တို့ဟာ ခေါင်းဆောင်တွေရဲ့ နောက်မျိုးဆက်သစ်ကို

ကူးပြောင်းပေးသွားရေးရဲ့ နောက်ဆုံးအဆင့်မှာ ရောက်နေကြပါပြီ။ နောက်နှစ်ခုလိုအချိန်ဆိုရင် လွတ်တော်ထဲကနဲ့ အစိုးရဖွဲ့ထဲက အများစုတို့ ဟာငယ်ရွယ်တဲ့ မျိုးဆက် ဖြစ်လာပါတော့မယ်။ ကျွန်တော်က အဓိကတီးမှုတ်သူတွေနဲ့ အထောက်အကူပြုပေးတဲ့ အတီးအမှုတ်သမားတွေ အပြောင်းအလဲလုပ်ထားတဲ့ အော်ခက်စတြာ တီးဝိုင်းကြီးရဲ့ တီးဝိုင်းခေါင်းဆောင်လို ဖြစ်နေပါတယ်။ အတီးအမှုတ် သမားသစ်တွေဟာ အရင် လူဟောင်းကြီးတွေက ဒီတီးဝိုင်းကြီးမှာ အဓိကခေါင်းဆောင်တီးမှုတ်သွားကြစဉ်က ရသမြောက်ဂီတသံတွေ ဟိန်းသွားအောင် တီးမှုတ်သွားကြသလို တီးမှုတ် သွားနိုင်ကြရပါမယ်။

၁၉၈၄

*

ငယ်ရွယ်တဲ့ မျိုးဆက်က စင်ကာပူနိုင်ငံသားတွေဟာ ပညာတွေ ပိုတတ်ကြပါတယ်။ အသိပညာတွေလည်း ပို ပြီး ကြွယ်ဝကြပါတယ်။ သို့ပေမဲ့လည်း အဲဒီလို ပညာတွေ တတ်၊ အသိပညာတွေ ကြွယ်ဝရုံနဲ့ တော့လည်း ကောင်းဆိုး မှားမှန် ပိုင်းခြားနိုင်တဲ့ ပညာတွေ ပိုရှိလာပြီလို့ ဆိုနိုင်ဦးမယ် မဟုတ်ပါဘူး။ သို့ပေမဲ့ ဒီလူငယ်တွေက ပညာတွေ ပိုတက်ထား တော့ သတင်းအချက်အလက်တွေကိုတော့ ပို ပြီး လွယ်လွယ်ကူကူ ရနိုင်ပါတယ်။ သတင်းစာတွေ၊ မဂ္ဂဇင်းတွေ၊ ရေဒီယိုတွေ၊ ရုပ်မြင်သံကြားတွေထဲက သတင်းအချက်အလက်တွေကို ဖတ်နိုင်စွမ်း၊ ရယူနိုင်စွမ်း ရှိကြသလို ခရီးသွားလာရင်းကလည်း အဲဒါတွေကို ရနိုင်စွမ်း ရှိကြပါတယ်။ သူတို့ဟာ သူတို့ရဲ့ ဘဝတွေကို အကျိုးသက်ရောက်စေမယ့် အရေးပါတဲ့ အဆုံးအဖြတ်ပေးတဲ့ ကိစ္စတွေ မှာ ပိုပြီး

တိုင်ပင်နှီးနှောတာမျိုး၊ ပို ပြီး ပါဝင်ဆောင်ရွက်ရတာမျိုးကို ရလိုကြပါ တယ်။ ဒါဟာ အကောင်းဘက်သဘောကို ဆောင်နိုင်တဲ့ အပြောင်းအလဲ ပါပဲ။ စင်ကာပူနိုင်ငံအဖို့ စင်ကာပူနိုင်ငံသားတွေက အမျိုးသားအမှုထမ်း က နေ ပေး တဲ့ နိုင်ငံရဲ့ ကာကွယ်ရေးတာဝန်ကို လက်ခံနိုင်မှ သာလျှင် စင်ကာပူနိုင်ငံကို ကာကွယ်သွားနိုင်မှာ ဖြစ်ပါတယ်။ စင်ကာပူနိုင်ငံအဖို့ အစိုးရက ချမှတ်ထားတဲ့ မူဝါဒတွေကို ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံမှု ရ ၊ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်မှုမျိုး ရှိမှ သာ လျှင် ကြီးပွား ချမ်းသာလာနိုင်မှာ ဖြစ်ပါတယ်။

၁၉၈၄

*

လူကြီးမျိုးဆက်ရဲ့ အတွေ့အကြုံနဲ့ သုံးသပ်ချက်တွေရဲ့ အနှစ်သာရ ကို စစ်ထုတ်ပြီး လူငယ်မျိုးဆက်ကို ကူးပြောင်းပေးသွားနိုင်မယ်ဆိုရင် ကျွန်တော်တို့ ဘယ်လောက် ကံမကောင်းဘဲ ရှိပါ လိမ့်။ လူစိတ်ဟာ ကွန်ပျူတာတွေလိုဆိုရင် ဘယ်လောက် အံ့ဖွယ်ကောင်းမလဲ။ မျိုးဆက် တစ်ခုက အတွေ့အကြုံရဲ့ တကယ့်စံနမူနာကို ဦးနှောက်တစ်ခုကနေ ထုတ်ယူနိုင်ပြီး အခြားဦး နှောက်တစ်ခုထဲကို ထည့်ပေးသွားနိုင်ပေလိမ့် မယ်။ အိုး . . . အဲဒီ ဦးနှောက်က မတူအောင် အ လုပ်လုပ်သွားသပ။

၁၉၈၄

*

၁၉၈၀ ကျော် ဆယ်စုနှစ်အလယ်လောက်မှာ လူငယ်တွေထဲမှာ

အပြောင်းအလဲ ဖြစ်လာတာကို သတိပြုမိခဲ့တယ်။ လူငယ်တွေဟာ ကွန်ဖြူးရှပ်အတွေးအခေါ်တွေအပေါ်မှာထက် လူတစ်ဦးချင်းရဲ့ အခွင့်အရေးတွေနဲ့ 'သူတို့ လုပ်ချင်ရာ' လုပ်နိုင်တဲ့ လွတ်လပ်မှုအပေါ် ပိုပြီး အာရုံစိုက်လာ ကြတယ်။ ဖွံ့ဖြိုးမှုနဲ့ စီးပွားတိုးတက်မှုတို့ အမြန် ဖြစ်ပေါ်လာတဲ့ အတွက်ဝင်ငွေတွေ တိုးလာခဲ့သလို အနောက်တိုင်း မီဒီရာတွေနဲ့ အနောက်တိုင်း ကမ္ဘာလှည့်ခရီးသွားတွေ မျက်စိကျစရာလည်း ဖြစ်လာတယ်။ မိသားစုတွေ အများအပြားဟာ အားလပ်ရက်တွေမှာ နိုင်ငံရပ်ခြား ကို သွား တာ မျိုး တွေ ပြုလာတယ်။ သူတို့ဟာ တန်ဖိုးတွေနဲ့ စိတ်ထားအပြုအမူတွေမှာ လွန်ခဲ့တဲ့ ၁၀ နှစ်-အနှစ် ၂၀ က သူတို့ရဲ့ အတွေးအမြင်တွေကို ရှေးအစဉ်အလာတွေအတိုင်း မဟုတ် ကြတော့ဘူး ။ ဒါ နဲ့ ကျွန်တော် တို့ က စာသင်ကျောင်းတွေမှာ ကွန်ဖြူးရှပ်အတွေးအခေါ် အဆုံးအမတွေနဲ့ ဘာသာရေး အမျိုးမျိုးတွေကို တရားဝင်သင်ရတဲ့ သင်ခန်းစာတွေအဖြစ် သင်ကြားပေးစေခြင်းအားဖြင့် မိသားစုရဲ့သြဇာ တက်လာအောင် အထောက်အကူပြုပေးဖို့ ဆုံးဖြတ်ခဲ့ကြတယ်။ ရည်ရွယ်ချက်ကတော့ စင်ကာပူ လူ့အဖွဲ့အစည်းကို အနောက်တိုင်းပုံစံသွင်းခြင်း မျိုးကို ထိန်းကွပ်ပေးဖို့ ဖြစ်ပါတယ်။ ကံဆိုးချင်တော့ အဲဒီလို လုပ်လိုက်ခြင်းအပေါ် ခရစ်ရှာန် သာသနာပြုစိတ်ဓာတ် ထက်သန်မှုပေါက်ကွဲထွက်လာပြီး ခရစ်ရှာန်ဘာသာသို့ ကူးပြောင်းမှု တွေ လုပ်ချင်လာကုန်ကြတယ်။ အဲ ဒီ လို ဖြစ် လာ တော့ ဗုဒ္ဓဘာသာဝင်တွေနဲ့ မွတ်စလင်တွေကလည်း သူတို့ရဲ့ သာသနာပြုလုပ်ငန်း လုပ်ချင်စိတ်တွေ တိုးလာပြီး တန်ပြန် လုပ်ဆောင်လာ ကြတယ်။ ဒါနဲ့ပဲ ကျွန်တော်တို့ဟာ ကျောင်းတွေမှာ ကွန်ဖြူးရှပ်ဝါဒနဲ့ ဘာ သာ ရေး သင်ခန်းစာ တွေ တရားဝင် သင်ကြားပေးခြင်းကို ရပ်ပစ်လိုက်ကြရတယ်။ အခုတော့ ကျွန်တော်တို့ဟာ အသက် ၆ နှစ်ကနေ ၁၆ နှစ်အတွင်း မူလတန်း ပထမ

နှစ်မှာ အလယ်တန်း စတုတ္ထနှစ်အထိကို ပြည်သူ့နီတိနဲ့ နိုင်ငံသား ဖြစ်မှု တို့ကိုပဲ သင်ပေးနေတော့တယ်။

၁၉၉၄

*

ကျွန်တော်က အခုမျိုးဆက်နဲ့မတူတဲ့ မျိုးဆက်က ဖြစ်တယ်။ ကျွန်တော်က ဖက်ရှင်သဘောနဲ့ ကျွန်တော် ဝတ်တဲ့ အဝတ်အစား၊ စီးတဲ့ကား စတဲ့ အရာရာကို လိုက်ပြီး ပြောင်းလဲချင်တာမျိုးမှာ စိတ်မဝင်စားဘူး ။ အဲဒါ မျိုးပြောင်းတာလည်း အကြောင်းယုတ္တိ မခိုင်လုံပါဘူး၊ ကျွန်တော်က မိမိကိုယ်ကိုပဲ ဖြစ်ဖြစ်၊ မိတ်ဆွေတွေကိုပဲဖြစ်ဖြစ် သူတို့ ဝတ်တာ စားတာ အစရှိတဲ့ ဖက်ရှင်နဲ့တိုင်းပြီး မဆုံးဖြတ်ပါဘူး။ တကယ်တော့ ကျွန်တော်ဟာ မသပ်မရပ် ဝတ်တဲ့၊ မလိုအပ်ဘဲ စုတ်စုတ်ပြတ်ပြတ် ဖိုသီဖတ်သီ ဝတ်တဲ့ လူမျိုးတွေကို သဘောမကျတတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော်က ဒေါ်လာ ၅၀၀၀ တန် သို့မဟုတ် ၁၀၀၀၀ တန် အာမနီဝတ်စုံမျိုး ဝတ်လို့လည်း အထင်မကြီးတတ်ပါဘူး။

၁၉၉၅

*

အရွှေ့အာရှမှာ ဒေသအတွင်းအခင်းအကျင်းရော နိုင်ငံတကာ အခင်းအကျင်းပါ ဘယ်တုန်းကမှ စိတ်ကြိုက်စရာကတော့ မဖြစ်ခဲ့ပါဘူး။ ဒါကြောင့် စင်ကာပူနိုင်ငံသား လူငယ်တချို့က သူတို့ရဲ့ အနာဂတ်ဟာ သူတို့မိဘတွေထက် ခက်ခဲလိမ့်မယ်လို့ ထင်မြင်လာကြတာကို

ကျွန်တော် အံ့သြမိတယ်။ သူတို့ဟာ သူတို့ရဲ့ မိဘများက ဘယ်လို ခက်ခဲပြီး အန္တရာယ်တွေ များ တဲ့ ကမ္ဘာကြီးမှာ နေလာခဲ့ကြရတယ် ဆိုတာကို မသိကြဘူး။ ၁၉၅၀ ကျော်ကနေ ၁၉၇၀ ကျော်အထိ အရှေ့တောင်အာရှဟာ အဓိကရုဏ်းတွေ၊ တော်လှန်ရေးတွေကြောင့် ပျက်စီးနေလို့ ရေရောတဲ့ ဘာမျှော်လင့်ချက်မျိုးမျှ ထား လို့မရတဲ့ အခြေအနေမျိုးကြုံခဲ့ကြရတယ်။ သူ တို့ မသိကြဘူး။ အခုအခြေအနေက အ များ ကြီး ပိုကောင်းတယ် ဆိုတာကို သူတို့ မသိကြဘူး။ ကနေ့ လူတွေက အိမ်စျေး၊ မြေစျေးတက်လာတာလောက်ကိုပဲ စိုးရိမ်ပူပန်နေကြတယ်။

၁၉၉၆

*

ခင်ဗျားတို့ဟာ ခင်ဗျားတို့အဖေတွေထက် အ များ ကြီး သာနေပါပြီ။ ပညာတွေလည်း ပိုတတ်လာကြတယ်။ အင်္ဂလိပ်ဘာသာစကားနဲ့ မိခင်ဘာသာစကားကိုလည်း ပို ပြီး သုံးစွဲလာကြတယ်။ စင်ကာပူဟာ ကနေ့ဆို ရင် ကိုယ်ကျင့်သိက္ခာ ကောင်းတဲ့၊ အရည်အချင်း ပြည့်ဝတဲ့၊ ရှေ့နောက် ညီညွတ်တဲ့၊ အသိပညာ ကြွယ်ဝတဲ့ နိုင်ငံ ဆိုတဲ့ အမှတ်တံဆိပ်နဲ့ ဖြစ်နေပါပြီ။ ဒါပေမဲ့ ကျွန်တော့်မျိုးဆက်တုန်းက ရှိတာ ဆိုလို့ ဝမ်းဗိုက်ထဲမှာ မီးပဲ ရှိတယ်။ ကျွန်တော်တို့ သိခဲ့ကြတာက စစ်ဆိုတာနဲ့ သိမ်းပိုက်ခြင်း ဆိုတာလောက်ပဲ။ ကျွန်တော်တို့အတွေ့အကြုံက ကြောက်ရွံ့ရမယ်။ ကွန်မြူနစ် သူပုန်တို့ရဲ့ အကြမ်းဖက်မှုနဲ့ တွေ့မယ်။ လူမျိုးအသိုင်းအဝန်းတွေအတွင်း အဓိကရုဏ်းတွေ ဖြစ်မယ်၊ သွေးထွက်သံယိုတွေ ရှိမယ် ဆိုတဲ့ဟာတွေသာ ဖြစ်တယ်။ ဒီ စမ်းသပ်မှုတွေနဲ့ အတိဒုက္ခတွေက ကျွန်တော်တို့ကို တစ်သက်လုံး သံခဲတင်ပေးလိုက်ပါတယ်။

*

ပညာရေး

အဆင့်မြင့် ပညာရေး အဆောက်အအုံတစ်ခုအတွက် ပညာရှင်လွတ်လပ်ခွင့် အပြည့်အဝ ရှိသင့်တယ်။ အဲဒီ လွတ်လပ်ခွင့်ဆိုရာမှာ အဲဒီ ပညာရေး အဆောက်အအုံအတွင်းမှာ နိုင်ငံရေး ဘာသာရပ် တစ်ခုခုကို လွတ်လပ်စွာ ဆွေးနွေးပြီး နိုင်ငံရေး သဘောထား တစ်ရပ်ရပ်ကို လွတ်လပ်စွာ ချမှတ်နိုင်တဲ့ လွတ်လပ်ခွင့် ပါဝင်တယ်။

၁၉၅၅

*

ကမ္ဘာကြီးရဲ့ မဖွံ့ဖြိုးသေးတဲ့ ဒေသတွေအတွင်း သိပ်ပြီး အချိန်မတန်သေးဘဲနဲ့ လွတ်လပ်တဲ့ နိုင်ငံအဖြစ် အသစ်ပေါ်ထွန်းလာခဲ့တဲ့ နိုင်ငံတွေဟာ ဆုံးရှုံးသွားတဲ့ အချိန်တွေကို ကာမိအောင် လုပ်သွားကြရဖို့ ရှိတယ်။ ဘာကြောင့်လဲဆိုတော့ လွတ်လပ်ရေး မရမီ ဗြိတိသျှ၊ ပြင်သစ်၊ ဒတ်ချ်၊ ဘယ်လ်ဂျမ် အစရှိတဲ့ နိုင်ငံတွေ ပေးထားခဲ့ကြတဲ့ ကိုလိုနီခေတ် တက္ကသိုလ်တွေဆိုတာက ခင်ဗျားတို့ကို အတော်အသင့် အရည်အချင်း ရှိတဲ့ လက်ထောက်တွေ ဖြစ်လာဖို့လောက်သာ သင်ပေးကြလို့ပဲ။

၁၉၆၀

*

များ များ ပေး ပြီး နည်း နည်း ပဲ ရ တဲ့ အသက်မွေးလုပ်ငန်းမျိုး ရွေးရ မယ်ဆိုရင် ကျွန်တော်ကတော့ စာသင်ပေးတဲ့ အလုပ်ပဲ ရွေးမိလိမ့်မယ်။ တ က ယ် ပါ ။ ဒီ အ လု ပ် က ဖော့ ဖ ယော င်း လို လိုရာပုံသွင်းယူနိုင်တဲ့ ကလေးကလေးတွေကို အကျင့်ကောင်းကလေးတွေ ရလာအောင် စည်း နဲ့ ကမ်းနဲ့ လုပ်ပေးဖို့အတွက် ချော့ချော့မော့မော့ နှိုးဆွပေး၊ မြောက်ပေး တန်က မြောက်ပေး လုပ်နိုင်တဲ့ နဂိုစိတ်ရင်းကောင်းမျိုး ရှိဖို့ လိုတယ်။ ပါရမီဓာတ်ခံ ရှိမှ ဖြစ်တယ်။

၁၉၆၆

*

ခင်ဗျားတို့ တစ်နေ့မှာ ကျော င်း က ထွက်လာခဲ့ပြီ။ ငါ တော့ ငါ့ရဲ့ အဆွေခင်ပွန်းကောင်းကြီးတစ်ယောက်၊ ငါ့ ကို ပဲ့ပြင်လမ်းညွှန်ပေးတဲ့ ဆရာတစ်ယောက်ကို ထားခဲ့ရပြီဆိုတဲ့ စိ တ် မျိုး ဖြစ်လာခဲ့မယ်ဆိုရင် အဲဒီလူဟာ ခင်ဗျားစိတ်မှာ အတော်ကြီး လေးစားရတဲ့ ခင်ဗျားအတွက် သူကိုယ်သူ ပေးဆပ် စွန့်လွှတ်ခဲ့တဲ့သူ၊ ရွေတံဆိပ် ရထိုက်တဲ့သူပဲ ဖြစ်ပေ လိမ့်မယ်။ အဲဒီလိုပင် ဖြစ်ပေမဲ့လည်း လူတွေက ဒီလူဟာ ရွေတံဆိပ် ရ ထို က် သူ ပဲ လို့ သိ က ြ တဲ့ လူ ရှား လေ တော့ အဲဒီပုဂ္ဂိုလ်ဟာလည်း ရွေ တံဆိပ်မရဖို့ပဲ များပါတယ်။ လူတွေ သိကြတယ်ဆိုတာကလည်း အရေး မပါတဲ့ လူတွေကိုမှပဲ သိတတ်ကြတာကိုးဗျ။

၁၉၆၆

*

ရေရှည်မှာ ကျွန်တော်တို့ရဲ့အနာဂတ်ကို အဆုံးအဖြတ်ပေးသွားမှာက ကျွန်တော်တို့ရဲ့ လူငယ်တွေရဲ့ အရည်အချင်းပဲ ဖြစ်တယ်။ ကျွန်တော်တို့ဟာ ဒီကဏ္ဍမှာ အခြားကဏ္ဍတွေအတွက် သူတို့ကို ပိုပြီး ရင်းနှီးမြှုပ်နှံပေးသွားရမယ်။ ကျောင်းတွေမှာ အပြောင်းအလဲတွေ ဖြစ်နေပါပြီ။ အခုအခါမှာ အနှစ်သာရနဲ့ အရည်အချင်းကိုပဲ အလေးပေးထားပါပြီ။ ကျွန်တော်တို့က၊ ကျွန်တော်တို့ရဲက ကျောင်းတွေက လူမှုရေးစိတ်ဓာတ်ရှိတဲ့ အဖွဲ့အစည်း၊ စည်းကမ်း လိုက်နာတက်တဲ့ အလုပ်လုပ်ဖို့ အသင့်ရှိပြီး ကိုယ်အလိုရှိရာကို ကိုယ်က အလကားမရ ပေးရမှာပဲလို့ သိတဲ့ ဘာမျှ မလုပ်ဘဲနဲ့တော့ ဘာမျှ မျော်လင့်ရလိုစိတ် မရှိတဲ့ ကျန်းမာသန်စွမ်းပြီး ခံနိုင်ရည်ရှိတဲ့ နိုင်ငံသားတွေ မွေးထုတ်ပေးစေလိုတယ်။ ဒါပေမဲ့ အဲဒီထက်တောင် ပိုအရေးကြီးတာက ကျောင်းတွေက ကျွန်တော်တို့ရဲ့ ကျောင်းသားတွေကို တစ်ဦးချင်း ကိုယ်ကျင့်စိတ်ဓာတ်အရာမှာ မြင့်မားတဲ့ စံနှုန်းမျိုးတွေ ရှိလာအောင်၊ ဘယ်ဟာက ကောင်းတယ်၊ ဘယ်ဟာကတော့ ဆိုးတယ်၊ ဘယ်ဟာက မှန်တယ်၊ ဘယ်ဟာက မှားတယ် ဆိုတဲ့ လူမှုရေးစံနှုန်းတွေ သိလာအောင် သင်ပေးသွားကြပါလိမ့်မယ်။ အဲဒီတန်ဖိုးတွေမရှိဘဲနဲ့တော့ လုံးဝစာမတက်တဲ့ မျိုးဆက်ကထက်စာတတ်၊ ပညာတတ်လာတဲ့ မျိုးဆက်က ပို ပြီး အန္တရာယ်ပေးသွားနိုင်တယ်။

၁၉၆၇

*

ပြောဆိုတဲ့ ဘာသာစကား၊ လူမျိုးနဲ့ ကိုးကွယ်တဲ့ ဘာသာ ဘယ်လိုပဲ

မ တူ တူ ကျောင်းသားတိုင်းကို ပညာသင်ကြားနိုင်ခွင့် အခွင့်အလမ်း၊ အလုပ်အကိုင်ရနိုင်ခွင့် အခွင့်အလမ်း အ တူ တူ အညီအမျှ ပေးထားပါ တယ်။ နှစ်စဉ်နှစ်တိုင်း ရာနဲ့ချီပြီး ပညာသင် ထောက်ပံ့ကြေးတွေ ရကြ ပြီး လူ ၁၅၀ ကျော်လောက်ဟာ နိုင်ငံခြားတက္ကသိုလ်ကြီးတွေကို သွား နေကြတယ်။ ဘယ်သူ့ကို မ ဆို သူ တို့ ရဲ့ စွမ်းဆောင်ရည် လိုက်လို့ပဲ အကဲဖြတ် ဆုပေးတယ်။ သူတို့မိဘက ချမ်းသာလို့၊ ဘယ်လို ဂုဏ်ဒြပ် ရှိ လို့ ဆိုတဲ့ အပေါ်မှာ ကြည့်ပြီး အ ကဲဖြတ် ဆု ပေး တာ မဟုတ်ပါဘူး။ စီးပွားရေး တိုးတက်မှု ရလာတာဟာ ဒါကြောင့်ပဲ။ ဒီ လို လုပ်ပေးထား တဲ့အတွက် လူတိုင်းကို ပို မို ကောင်းမွန်တဲ့ဘဝ ရောက်လာအောင် လုပ် ပေးနိုင်ခြင်းပဲ။ ဒီလို လုပ်ပေးထားတဲ့အတွက် ကွန်မြူနစ်တွေရဲ့ အဖျက် လုပ်ငန်းကို တားဆီးနိုင်တယ်။ အထူးသဖြင့် ကေဒါကောင်းတွေ ရဖို့ လူ သစ် စုဆောင်းမှုကို တားဆီးပေးနိုင်တယ်။

၁၉၇၆

*

စာမေးပွဲမှာ အမှတ်ကောင်းရအောင် ဖြေနိုင်ဖို့ဟာ အချက် နှစ်ချက် အ ပေါ် မူတည်တယ်။ သဘာဝတရား (nature) နဲ့ ပြုစုပျိုးထောင်မှု (nurture) ဆိုတဲ့ အချက်နှစ်ချက်ပါ။ သဘာဝတရား ဆိုတာက ကလေး ရဲ့ ပင်ကိုသဘာဝအတိုင်း ပါလာတဲ့ ဉာဏ်ထက်မှု၊ ပြုစုပျိုးထောင်ခြင်း ဆိုတာက လေ့ကျင့်ပညာပေးခြင်း ဖြစ်ပါတယ်။ ဒါမှမဟုတ်ရင်လည်း ကွန်ပျူတာသုံးတဲ့အခါ ဟတ်ဒ်ဝဲနဲ့ ဆော့ဝဲအပေး မူတည်သလိုပေါ့။ ဟ တ်ဒ်ဝဲ ဆိုတာက ကွန်ပျူတာရဲ့ အရွယ်အစား သို့မဟုတ် အချက်အလက် တွေ ဘယ်မျှထိန်းသိမ်းထားနိုင်တယ်ဆိုတဲ့ စွမ်းရည်ဖြစ်ပြီး ဆော့ ဝဲ ဆို

တာကတော့ သင်ကြားပေးခြင်း သို့မဟုတ် ပညာရေးဆိုင်ရာ အစီအစဉ် (ပရိဂရမ်)ပါ။ ဆော့ဝဲအတွက် ဟတ်ဒ်ဝဲက အလေးချိန် ဘယ်မျှ ခွင့်ပြုပေးနိုင်တယ် ဆိုတာမျိုးလိုပဲ သဘာဝတရားကလဲ ပြုစုပျိုးထောင်မှုအတွက် ဘယ်လောက် ရှိထားသလဲ ဆိုတဲ့ အပိုင်းမှာ ကျွမ်းကျင်သူ ပညာရှင်တွေအတွင်းမှာ အငြင်းပွားစရာ ဖြစ်တယ်။ စိတ်ပညာရှင်တွေနဲ့ ဆရာဝန်တွေ အတွင်းမှာ အငြင်းပွားဖွယ် ဖြစ်တယ်။ အမှန်တကယ်အားဖြင့် လူတွေဟာ မွေးလာကတည်း စွမ်းရည်တွေ မတူဘဲ မွေးလာကြပါတယ်။ ဒါကြောင့် ကျွန်တော် တို့က ဘာလုပ်သွားကြရမလဲဆိုရင် ကျောင်းသားတွေကို သဘာဝတရားက သူတို့ကို ပေးထားသလောက် ရနိုင်သမျှ စွမ်းရည်ကို အမြင့်ဆုံး ရရှိလာအောင် ကူညီပေးသွားရပါမယ်။ တစ်နည်း ပြောရရင် သူတို့ကို ပြုစုပျိုးထောင်ပေးရပါမယ်။ သူတို့ကို ဆော့ဝဲပေးထားရပါမယ်။ သူတို့ရနိုင်တဲ့ စွမ်းရည် အပြည့်ဝဆုံး ရရှိလာအောင် အားပေးထောက်ပံ့ပေးသွားရပါမယ်။

၁၉၈၂

*

ကျောင်းသားတစ်ယောက်ဟာ သူ ကျက်မှတ်ရတဲ့ သင်ခန်းစာကို ကျက်မှတ်တဲ့အခါ ရုတ်တရက် နာကျင်တာမျိုး သော်လည်းကောင်း၊ တအား ပျော်ရွှင်တာမျိုးသော်လည်းကောင်း ဖြစ်တဲ့အခါရှင်းရှင်းပြတ်ပြတ် နားလည်သွားပြီး အကြာကြီးလည်း မှတ်မိသွားတတ်တယ်။ ဒူးရင်းသီးကို ပထမဦးဆုံး စားဖူး၊ အရသာ တွေ့ဖူးသွားတယ် ဆိုရင် ဒါဒူးရင်းသီးနဲ့ပဲလို့သိ ပြီးဘယ် တော့ မျှမေ့မရတော့ဘူး။ အချို့ကျောင်းသားတွေဟာ သူ များ အော်ကျက်နေတာကိုကြည့်ပြီး စာရသွား

ကြတယ်။ ဒူးရင်းသီး အကောင်းကော အညံ့ပါ မစားဖူးဘဲနဲ့တော့ ဘယ်သူမျှ ဒါဒူးရင်း သီးကောင်းပဲလို့ အနံ့ခံ မပြောနိုင်ပါဘူး။

၁၉၈၄

*

တစ်ကမ္ဘာလုံးမှာ ရှိတဲ့ လူမှုအသိုင်းအဝန်းတိုင်းဟာ သူတို့ရဲ့ အအောင်မြင်ဆုံးလူတွေ၊ အောင်မြင်မှု နည်းတဲ့ လူတွေကို အားပေးအားမြှောက် ပြုပေးခြင်း၊ အကူအညီပေးခြင်းတို့အပေါ်မှာ တည်ပါတယ်။ တရုတ်လူမှု အသိုင်းအဝန်းမှာရှိတဲ့ ပညာရေး အဆင့်မြှင့် ဖြစ်လာခြင်းအတွက် အကြောင်းတစ်ရပ်ကတော့ ကိုလိုနီခေတ်ကာလကတည်းကစလို့ အောင်မြင်တဲ့ တရုတ်တွေက စာသင်ကျောင်းတွေ၊ တက္ကသိုလ်တွေ ဆောက်ပေးပြီး အောင်မြင်မှု နည်းတဲ့လူတွေကို တိုးတက်အောင် လုပ်ပေးသွားခြင်း ဖြစ်တယ်။

၁၉၉၀

*

နောက်ထပ် ခြေလှမ်းတစ်ထောက်မှာ ကျွန်တော်တို့ရဲ့ အောင်မြင်မှုအတွက် သော့ချက်ကတော့ ပညာ ကောင်းကောင်း သင်ယူတက်မြောက်လာ ၊ လေ့ကျင့်ပေးမှုကောင်း ရလာတဲ့ လူတွေရှိလာဖို့ပဲ။ ဒါဟာ ကျွန်တော်တို့ပိုပြီး ကောင်းလာအောင် လုပ်သွားသင့်တဲ့ နယ်ပယ်တစ်ခုပဲ ။ စင်ကာပူဟာ မိခင်ဘာသာစကားနဲ့ အင်္ဂလိပ်ဘာသာစကားမှာ ခက်ခဲတဲ့ ပြဿနာမရှိခဲ့ဘူးဆိုရင် ကနေ့အခါ တစ်နှစ်တစ်နှစ်မှာ

ကျောင်းသား ၁၅ ရာခိုင်နှုန်းကနေ ၁၆ ရာခိုင်နှုန်းအထိ တက္ကသိုလ်တွေမှာ တက်နေနိုင်ကြပြီး ၂၅ ရာခိုင်နှုန်းကနေ ရာခိုင်နှုန်း ၃၀ အထိ သိပ္ပံနဲ့ နည်းပညာကောလိပ်တွေကို တက်နေနိုင်ကြတဲ့ အောင်မြင်မှုမျိုးကို လွန်ခဲ့တဲ့ ၁၀ နှစ် ၁၅ နှစ် လောက်ကတည်းက ရရှိခဲ့လောက်ဖွယ် ရှိပါတယ်။

၁၉၉၂

*

ကျောင်းသားတစ်ယောက်ရဲ့ဖခင်ကကူ လီထမ်းစားရတဲ့ အလုပ်သမား ဖြစ်ချင်ဖြစ်မယ်။ ဒါပေမဲ့ အဲဒီကျောင်းသားဟာ ထူးချွန်တဲ့ ပညာရှင်တစ်ယောက် ဖြစ်လာခဲ့ရင် အစိုးရအဖွဲ့မှာ အမြင့်ဆုံးရာထူး ရနိုင်တယ်။

၁၉၉၄

*

အရှေ့အာရှက ကျောင်းသားတွေဟာ ငယ်ငယ်ကတည်းက သချိုနဲ့ သိပ္ပံပညာကို စသင်ကြရတယ်။ ကြိုးပမ်းအားထုတ်မှုနဲ့ ပေးတဲ့အိမ်စာ လုပ်ရင်း ကြီးလာကြရတယ်။ ဟောင်ကောင်က မူလတန်းကျောင်းသား တစ်ယောက်ဟာ တစ်နေ့မှာ အိမ်စာသုံးနာရီအထိ လုပ်ရတယ်။ အမေရိကန်နဲ့ ဗြိတိန်တို့က အလယ်တန်းကျတော့ အိမ်စာကို သီတင်းတစ်ပတ်မှာ ငါးနာရီကနေ ခြောက်နာရီအထိ လုပ်ကြရတယ်။

၁၉၉၆

*

မင်းရဲ့ ရွေးချယ်ချက်က ငါတော့ ကွန်ဒိုတိုက်ခန်းနဲ့ နေမယ်၊ မာစီဒီး ကားစီးမယ်ဆိုရင် အဲဒါတွေကို ရအောင် လုပ်ပေးနိုင်မယ့် အသက်မွေး အတက် (ပရောဖက်ရှင်) တွေ ကို ရည်မှန်းချက် ထားရပေလိမ့်မယ်။ ဒါပေမဲ့ မင်းက အင်္ဂလိပ်စာကို ရွေးချယ်ခဲ့တယ် ဆိုပါစို့။ အကယ်၍ မင်း ဟာ ကျူပ်သမီး ဒါမှမဟုတ် မြေး ဆိုပါစို့ (ကျူပ်မြေးမက ၁၅ နှစ် ရှိပြီ) ကျူပ်မြေးကလေး မင်းကို ပြောရလိမ့်မယ်။ ငါ့မြေး . . . အင်္ဂလိပ်စာပေ မှာ တကယ် တော်လွန်းမှ ဖြစ်မှာနော်၊ နို့မို့ဆို အဲ ဒီ အင်္ဂလိပ်စာထဲမှာ ပိုက်ဆံ မရှိဘူးနော်လို့။

၁၉၉၆

*

၁၉၆၀ ကျော် နဲ့ ၁၉၇၀ ကျော်နှစ်ကာလတွေမှာ ကျွန်တော်တို့ဟာ ရည်မှန်းချက် မြင့်လွန်းတဲ့ လူတွေကိုပဲ အာရုံစိုက်ပြီး သူတို့ ပြန်လာရင် တို့အဖွဲ့တွေကို ဦးဆောင်သွားနိုင်မယ်ဆိုပြီး အဲဒီလူမျိုးတွေကို နိုင်ငံခြား တက္ကသိုလ်တွေကို ပို့ခဲ့ကြတယ်။ ကနေ့အခါမှာ ကျွန်တော်တို့ လုပ်ဖို့ လိုအပ်တာက အဆင့်တိုင်း အဆင့်တိုင်းက ကျွန်တော်တို့ရဲ့ ပြည်သူတွေ ကို အရည်အချင်း တိုးတက်လာအောင် လုပ်ဖို့ ဖြစ်တယ်။ အဲဒီလို လုပ် နိုင်မှသာလျှင် သူတို့ဟာ ကျွန်တော်တို့ရဲ့ စီးပွားရေးလုပ်ငန်းတွေ၊ ကုန်ပစ္စည်းနဲ့ ဝန်ဆောင်မှုတွေကို ကမ္ဘာစျေးကွက်ထဲမှာ ယှဉ်ပြိုင် ထုတ်လုပ်လာနိုင်ဖို့ အတွက် ပိုမိုတောင့်တင်းတဲ့ အဖွဲ့တွေ ဖြစ်လာမယ်။ ပြည်သူတွေဟာ သူတို့ရဲ့ အလုပ်လုပ်နေတဲ့ ဘဝတစ်လျှောက်လုံး လေ့လာသင်ယူနေရမယ်။ မွမ်းမံသင်တန်းတွေ ရနေရမယ်။ သို့မှလည်း

ကမ္ဘာကြီးရဲ့ ပညာမတက် ကျွမ်းကျင်မှု မရှိတဲ့ အခြမ်းနဲ့ အားထားလောက် တဲ့ ပညာတွေတက် ကျွမ်းကျင်မှုရှိတဲ့ အခြမ်းရယ်လို့ နှစ်ခြမ်း ရှိရာမှာ ပညာတတ်ပြီး ကျွမ်းကျင်မှုရှိတဲ့ အခြမ်းမှာ ဆက်လက် နေသွားလို့ ရမှာ ဖြစ်တယ်။

၂၀၀၀

*

စာမေးပွဲတွေ အောင်ပြီးရင် အလုပ်ရ ဆို တဲ့ ပညာသင်ပေးခြင်းမျိုး က လည်း အရေးကြီးပါတယ်။ ဒါ ပေ မဲ့ ပ ညာ ရေး ကောင်းမကောင်း မှတ်ကျောက်ကတော့ အဲဒီ ပညာရေးဟာ နိုင်ငံသားတွေကို အသက်ရှင် နေထိုင်နိုင်တဲ့၊ အလုပ်လုပ်နိုင်တဲ့၊ ယဉ်ကျေးတဲ့နည်းနဲ့ အများတကာနဲ့ တန်းတူ ပြိုင်နိုင် ပူးပေါင်းလုပ်သွားနိုင်တဲ့ နိုင်ငံသားတွေအဖြစ် ပြုစုပျိုးထောင်ပေးနိုင်သလား မပေးနိုင်ဘူးလား ဆို တာပဲ။ နိုင်ငံအပေါ် သစ္စာရှိပြီး နိုင်ငံနဲ့ လူမျိုးကို ချစ်ရဲ့လား။ လိုအပ်လာတဲ့အခါ စစ်သားကောင်းတစ်ယောက်အဖြစ် နိုင်ငံကို ကာကွယ်သွားနိုင်ဖို့ အသင့်ရှိရဲ့လား ။ ကိုယ့်သားမယားနဲ့ ဘဝတူ နိုင်ငံသားတွေကို ကာကွယ်စောင့်ရှောက်ပေးသွားနိုင်ရဲ့လား ဆိုတာပါပဲ။

၂၀၀၇

*

စည်းကမ်း

ခင်ဗျားက တော်ရင်ကောင်းရင်ခင်ဗျားသားလည်း တော်သွားကောင်းသွားမှာပဲ။ စာမေးပွဲတွေမူလတန်းက အလယ်တန်း၊ တက္ကသိုလ်အထိအဆင့်တွေအားလုံးမှာစကောလားရှစ်ထောက်ပံ့ကြေးတွေရပြီးအောင်သွားမှာပဲ။ နိုင်ငံခြားကိုသွားရမယ်။ ပြန်လာတဲ့အခါသူ့အဖို့ကမ္ဘာကြီးဟာ ဟင်းလင်းပွင့်သွားမှာပဲ။ ကမ္ဘာမှာ ဒီအခွင့်အရေးမျိုးကို ဘယ်မှာမျှ ပေးမထားဘူး။ ဘယ်သူပဲ ဖြစ်ဖြစ် လမ်းချော်သွား တိမ်းသွားမယ်ဆိုရင် ခင်ဗျားကို ကာကွယ်ပေး၊ စောင့်ရှောက်ပေးတယ်ဆိုတဲ့ အခွင့်အရေးပဲ။ ကျွန်တော် တို့က ကြိမ်တစ်ချောင်းကိုင်ထားပြီး “ရပ်စမ်း၊ လမ်းမှန်အတိုင်း ပြန်လျှောက်” လို့ ပြောပေးတယ်။

၁၉၆၇

*

ကျွန်တော် တို့ဟာ စိတ် ထား မြတ်မြတ်ထားချင်တယ်ဆိုရင် ကျွန်တော်တို့မှာ စံနှုန်းတွေ မြင့် မြင့် ရှိရမယ်။ ကျွန်တော်တို့ဟာ စံနှုန်းမြင့်မြင့်တွေ လိုချင်ရင် တရားဥပဒေကို တရားမျှတစွာနဲ့ ခိုင်မာစွာ စောင့်ထိန်းနိုင်ရမယ်။ ပလက်ဖောင်းပေါ်မှာ အိပ်ပြီး ရေမြောင်းထဲက ရေနဲ့ ကိုယ်လက် သန့်စင်တဲ့ ကျူးကျော်သူတွေ၊ သူတောင်းစားတွေ မရှိရဘူး။

လူတွေကို အိုးနဲ့ အိမ်နဲ့ ပေးထား စောင့်ရှောက်ထားရမယ်။ လမ်းမကြီး တွေ ပေါ်မှာ ခေါင်းရွက်ဗျပ်ထိုး စျေးသည်တွေနဲ့ ပိတ်ဆို့မနေစေရဘူး။ နှစ်စဉ် နေ့တိုင်းနေ့တိုင်းမှာ စနစ်တကျ သန့်ရှင်းရေး အလုပ်လုပ်သွားရမယ်။ ကျွန်တော်တို့ရဲ့ အလုပ်သမားတွေထဲမှာ ဝင်လာတဲ့ မကောင်းတဲ့ အကျင့်တွေကို ဖျောက်ပေးမယ့် ဥပဒေတွေကို ပြဋ္ဌာန်းသွားရမယ်။ တမြန်နှစ်လောက်ကမှ အလုပ်ခွင်မှာ အချောင်ခို အချောင်ခိုနဲ့ အဖျက်လုပ်ငန်းတွေ လုပ်ပြီး အချိန်ပို လုပ်ခတို့၊ အများပြည်သူတွေ ပိတ်ရက်နေ့မှာ လုပ်ခ သုံးဆ တောင်းတာတို့ ဆိုတာတွေက ဘဝနေနည်းတစ်ခု ဖြစ်လာတယ်။ စည်းကမ်းနဲ့ အရည်အချင်းရှိမှုကို ပြန်ပြီး ထူထောင်သွားရမယ်။

၁၉၆၈

*

လွတ်လပ်ရေး ရလိုက်ပြီးနောက်မှာ နိုင်ငံတော်တော်များများဟာ စီးပွားရေးအရ မအောင်မြင် ဖြစ်ပြီး လူမှုရေးအရလည်း ပျက်ကုန်ကြတယ်။ အဲဒီနိုင်ငံတွေမှာ အရေးကြီးတဲ့ အချက်တစ်ချက် လိုနေလို့ပဲ။ အဲဒီအချက်ကတော့ စည်းကမ်းပဲ။ အဲဒီနိုင်ငံတွေရဲ့ ခေါင်းဆောင်တွေမှာ ကိုယ့်ကိုယ်ကိုယ် စည်းကမ်းထိန်းမှု မရှိတာ သော်လည်းကောင်း ဒါမှမဟုတ် ခေါင်းဆောင်တွေရော ပြည်သူတွေပါ နှစ်ဖက်စလုံးမှာ စည်းကမ်းထိန်းသိမ်းမှု မရှိတာ သော်လည်းကောင်း ဖြစ်နေလို့ပဲ။ ငွေစက္ကူ ပိုမို ရိုက်ထုတ်ပေးနိုင်တဲ့ အခါမျိုးမှာတောင် ကိုယ်ရတဲ့ ဝင်ငွေနဲ့ လောက်ငအောင် သုံးသွားတတ်တဲ့ ကိုယ့်ကိုယ်ကိုယ် စည်းကမ်းထိန်းမှု မျိုးလိုတယ်။ အစိုးရနဲ့ အုပ်ချုပ်ရေးပိုင်းရဲ့ ကိုယ်ကျင့်သိက္ခာနဲ့

အရည်အချင်းပြည့်ဝမှုကို ထိန်းသိမ်းသွားနိုင်တဲ့ ကိုယ့်ကိုယ်ကိုယ် စည်းကမ်းထိန်းမှုမျိုး လိုတယ်။ အထူးသဖြင့် ရာထူးဌာနန္တရကြီးကြီး အပိုင်းမှာ အဂတိ လိုက်စားမှုကို အပြစ်ပေး နှိမ်နင်းမှုတွေ လုပ်သွားဖို့ လိုတယ်။

၁၉၆၈

*

လူတွေ စိတ်ဓာတ်ကျဆင်းလာတဲ့အခါ တောင်းပန်တိုးလျှိုး ဖြစ်လာတတ်တယ်။ နေတဲ့ထိုင်တဲ့နေရာကလည်း ဝက်သိုက်လို ဖရိုဖရဲနဲ့။ စင်ကာပူမှာ အဲဒီအတိုင်း နေသွားခွင့်ရမှာ မဟုတ်ဘူး။ ကျွန်တော်တို့က သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း စိမ်းစိမ်းလန်းလန်း ဖြစ်အောင် လုပ်သွားရပေလိမ့်မယ်။ ပန်းတွေ ပွင့်လာစေရမယ်။ ကျောက်စရစ်ဖြူန်းနဲ့ ကတ္တရာစေးလို နေရာမျိုးမှာတော့ အပွင့်အရွက် မရှိတဲ့ ဖန်းပင်တွေ ပေါက်စေရမယ်။ အခြားအစိုးရတွေကတော့ ခင်ဗျားတို့ကို ရေပန်းတွေ၊ အားကစားရုံတွေ၊ အထိမ်းအမှတ် ကျောက်စာတိုင်ကြီးတွေ ပေးချင်ပေးနိုင်မှာပေါ့။ ဒါပေမဲ့ သူတို့ဟာ ခင်ဗျားကိုခင်ဗျား စည်းရုံးနိုင်၊ စည်းကမ်းထိန်းနိုင်တဲ့ အရည်အချင်းမျိုးကို လုပ်ပေးနိုင်မှာ မဟုတ်ဘူး။

၁၉၆၈

*

အောင်မြင်မှု ဆိုတာက ကျွန်တော်တို့ရဲ့ အလုပ်သမားတွေဟာ ပိုကောင်းတဲ့ အလုပ်ခွင်စိတ်ဓာတ်နဲ့ အသင်းအဖွဲ့နဲ့ လုပ်တတ်တဲ့

စိတ်ဓာတ်တွေ ရှိပြီး ပညာတွေ ပိုတက်လာတဲ့အပေါ်မှာ တည်တယ်။ [x x x] အလုပ်သမားတိုင်း အလုပ်လုပ်တဲ့နေရာမှာ မှန်ကန်တဲ့ စိတ်ထားနဲ့ ကိုယ့် အ လု ပ် ကို ကော င်း အော င် လု ပ် ချ င် တဲ့ ဆ န္ဒ တို့ ၊ အလုပ်ကို အချိန်မှန်မှန် လာတာတို့၊ ကိုယ့်အလုပ်ခွင်ကို သန့်သန့်ရှင်းရှင်း ရှိစေတာတို့၊ အလုပ်ခွင်ထဲမှာ လုပ်ဖော်ကိုင်ဖက် အချင်းချင်း ကူညီတာတို့နဲ့ ပင်မ အလုပ်နဲ့ မဆိုင်တဲ့ အခြားအပြင်ပန်း တာဝန်တွေကိုလည်း မဆိုင်းမတွ စိတ်ပါလက်ပါ လုပ်ချင်တာတို့ ဆိုတာတွေ ပါဝင်ပါတယ်။

၁၉၈၁

*

ပြစ်မှုဥပဒေတွေ ပြဋ္ဌာန်းတဲ့အခါ ကျွန်တော် တို့ ရဲ့ ဦးစားပေးက ပြစ်မှုကျူးလွန်သူကို အပြစ်ကျူးလွန်ကြောင်း ငြိစွန်းတဲ့ သက်သေခံချက်တွေကနေ ကာကွယ်စောင့်ရှောက်ပေးတဲ့ အခွင့်အရေးတွေ ရစေဖို့ ဆိုတာထက် ဥပဒေကို ထိန်းသိမ်းလိုက်နာတဲ့ နိုင်ငံသားတွေ လုံလုံခြုံခြုံနဲ့ အေးအေးချမ်းချမ်း နေနိုင်ဖို့ ဖြစ်တယ်။

၁၉၉၀

*

စင်ကာပူမှာ မူးယစ်ဆေး ပြဿနာကို ထိန်းထားနိုင်တာက အာရှတန်ဖိုးတွေကြောင့်ပဲ။ လူမှုအသိုင်းအဝန်းကို ကာကွယ်နိုင်ဖို့ ကျွန်တော်တို့က ရဲတပ်ဖွဲ့၊ မူးယစ်ဆေး တားဆီးအရေးယူအဖွဲ့နဲ့ လူဝင်မှု ကြီးကြပ်ရေးတို့ကို မူးယစ်ဆေးအတွက် စမ်းသပ်စစ်ဆေးရာမှာ သံသယရှိဖွယ်

အပြုအမူ တွေ့ တဲ့ ဘယ်သူ့ဆီကမဆို ဆီးကို ရယူနိုင်ခွင့်ရှိတဲ့ ဥပဒေကို ပြဋ္ဌာန်းထားတယ်။ အကယ်၍ စစ်ဆေးတဲ့ ရလဒ်က မူးယစ်ဆေးသုံးစွဲ ကြောင်း တွေ့ရှိခဲ့ရင် ဆေးဝါးကုသမှုကို မခံယူမနေရ ခံရတယ်။ အမေရိကမှာ အဲဒီလို ဥပဒေမျိုး ပြဋ္ဌာန်းမယ် ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မညီဘူး ဖြစ်မယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလို ဥပဒေ ပြဋ္ဌာန်းခြင်းဟာ လူတစ်ဦးတစ်ယောက်ရဲ့ ကိုယ်ပိုင် လွတ်လပ်ခွင့်ထဲကို ကျူးကျော်ရာ ရောက်တဲ့အတွက်ကြောင့် ဖြစ်တယ်။

၁၉၉၂

*

တိုးတက်မှုအတွက် လိုအပ်တဲ့ စည်းကမ်းလိုက်နာခြင်းဟာ ဥပဒေ လေးစားလိုက်နာတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ကို ရာဇဝတ်မှု နည်းပြီး မူးယစ်ဆေးလိုအရေးကြီးတဲ့ပြဿနာကြီးတွေ၊ တရားမဝင် အကြီးအကျယ်လောင်းကစားတာတွေနဲ့ လျှို့ဝှက်မှုအဖွဲ့အစည်း သို့မဟုတ် မာဖီးယား ဂိုဏ်းလို အဖွဲ့အစည်းတွေရဲ့ ရန်ဘေးက ကင်းဝေး စေပါတယ်။

၁၉၉၄

*

ကြိမ်ဒဏ်ပေးခြင်းနဲ့ ပတ်သက်လို့ ကျွန်တော်တို့ လုပ်ခဲ့ရတဲ့ ရိုးရိုး အပြောင်းအလဲတစ်ခုကို ပြောပြပါမယ်။ တရားမဝင် ပြောင်းရွှေ့ဝင်လာ တဲ့သူတစ်ဦးက ကြိမ်ဒဏ်ခံစရာ မလိုပါဘူး။ အဲဒီလူမျိုးကျတော့ ထောင်

ထဲပဲ အပို့ခံရ၊ ဒဏ်ငွေပဲ အရိုက်ခံရပါတယ်။ အဲဒီလူမျိုးလာခဲ့တဲ့ နေရာက ထောင်တွေက ကျပ်ညပ်နေတာနဲ့ စာရင် ဒီကထောင်က သုခဘုံလို ဖြစ်နေတာ တွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ကြိမ်ဒဏ်ပေးပါတယ်။ တရားမဝင် ဝင်ရောက်မှုမျိုးတွေကို လျှော့ချပေးနိုင်ပေမဲ့လည်း တရားမဝင် ဝင်ရောက်မှုကို လုံး ဝ မရှိအောင်တော့ တားဆီး လို့ မရပါဘူး။ ဘာကြောင့်လဲဆိုတော့ ကြိမ်ဒဏ်အပြင် ထောင်လည်းချတယ် ဆိုတာတောင်မှ အဲဒီလူတွေက စင်ကာပူက လုပ်ခလစာ ရဖို့ ကြိုးစားရာမှာ ကြိုးစားထိုက်တယ်လို့ ဖြစ်နေသေးလို့ပါ။ ဒီ တော့ ကျွန်တော်တို့က နှိပ်စက်ညှဉ်းပန်းတဲ့လူတွေ ဖြစ်နေလို့ အဲ ဒီ ပြစ်ဒဏ်ပေးနည်းကို ပေးတာ မဟုတ်ပါဘူး။ လက်တွေ့ကျကျ အလုပ်ဖြစ်တဲ့ တစ်ခုတည်းသောနည်း လမ်းဖြစ်နေလို့ လုပ်ရတာပါ။ ကြိမ်ဒဏ်ပေးရတဲ့အတွက် ကျွန်တော်တို့ စိတ်မချမ်းသာပါဘူး။ ဒါပေမဲ့လည်း ကံဆိုးချင်တော့ ကြိမ်ဒဏ်ပေးတာလောက် ထိရောက်တာက မရှိပြန်ပါဘူး။

၁၉၉၅

*

အနောက်တိုင်းပညာရေး ပညာရှင်တွေဟာ ဘာကြောင့်များ ကြိမ်ဒဏ်ပေးခြင်းကို ဒီလောက်ကြီး ဆန့်ကျင်နေကြသလဲ ဆိုတာက ကျွန်တော်တော့ နားမလည်ဘူး။

၁၉၉၈

*

ရာဇဝတ်ပြစ်မှု ကျူးလွန်ခြင်းကို ပျော့ပျောင်းသက်သာတဲ့ အပြစ်ပေးနည်းမျိုးဘက်က ရှေ့နေလိုက်နေတဲ့ ကျွန်တော်ဘယ်တော့မှ မယုံကြည်ခဲ့ဘူး။ သူတို့က အပြစ်ပေးခြင်းနဲ့ ရာဇဝတ်မှုကို လျော့မသွားစေဘူးလို့ ပြောကြတယ်။ စင်ကာပူမှာ စစ်ကြီး မဖြစ်ခင်၊ ဂျပန်ခေတ်နဲ့ နောက်ပိုင်းမှာ ကျွန်တော် တွေ့လာတဲ့ အတွေ့အကြုံအရကတော့ သူတို့ပြောတာ မဟုတ်ပါဘူး။

၁၉၉၈

*

လောင်းကစားရောဂါဟာ အေအိုင်ဒီအက်၊ ဆားစ်နဲ့ ကြက်ငှက်တုပ်ကွေးရောဂါတွေလိုပဲ စင်ကာပူသားတွေကို လာမဖြစ်ပါနဲ့လို့ တားလို့ မရပါဘူး။ ကျွန်တော်တို့က စင်ကာပူကို သန့်ရှင်းပြီး ဘေးကင်းလုံခြုံတဲ့ နည်းလမ်းတွေ လုပ်ပေးနိုင်ပေမဲ့ အန္တရာယ်ကြီးတဲ့ ဒီရောဂါတွေကျတော့ တားဆီးလို့ မရဘူး။ ကျွန်တော်တို့ဟာ ဒီလူမှုရေး ပြဿနာတွေကို ကိုင်တွယ် ဖြေရှင်းသွားနိုင်ဖို့ သန္ဓိဋ္ဌာန်ချထားတာလည်း ရှိပါတယ်။ စွမ်းရည်လည်း ရှိပါတယ်။

၂၀၀၅

*

သူနှင့် သူ့မိသားစု

ပီအေပီပါတီက ကျွန်တော့်ကို ရွေးကောက်ပွဲဝင်ဖို့ အမည်စာရင်းတင်သွင်းလိုက်တဲ့အခါ ကျွန်တော့်မှာ ရွေးချယ်စရာကနယ်အပိုင်းအခြား ၂၅ခု ရှိနေခဲ့တယ်။ ကျွန်တော်က တန်ဂျောင်ပါဂါ (Tangon Pagar) ကို ရွေးလိုက်တယ်။ တန်ဂျောင်ပါဂါက လူတွေမှာ ဘာကြောင့် ကျွန်တော် အဲဒီလို ရွေးခဲ့တယ် ဆိုတဲ့အကြောင်းကို သိခွင့်ရှိပါတယ်။ တန်ဂျောင်ပါဂါဟာ အလုပ်သမား လူတန်းစားတွေနေတဲ့နယ်ပယ်ဒေသပါ။ ဘယ်နယ်မှာမှ တန်ဂျောင်ပါဂါမှာ လုပ်ခစားအလုပ်သမား အချိုးအစား မမြင့်မားဘူး။ အဲဒီနယ်မှာ ချမ်းသာတဲ့ကုန်သည်ကြီးတွေ၊ မြေရှင်ကြီးတွေရဲ့ အချိုးအစားက နိမ့်ပြီး ကုန်သည်ပေါက်စလို လူမျိုးတွေရဲ့ အချိုးအစား မြင့်မားတယ်။ ကျွန်တော်က အလုပ်သမားတွေ၊ လုပ်ခစားတွေ၊ ကုန်သည်ပေါက်စတွေကိုပဲ ကိုယ်စားပြုချင်တယ်။ ချမ်းသာတဲ့ ကုန်သည်ကြီးတွေ၊ မြေရှင်တွေကို ကိုယ်စားမပြုချင်ဘူး။ ဒါကြောင့် ကျွန်တော်က တန်ဂလင်း (Tanglin) ကို မရွေးဘဲ တန်ဂျောင်ပါဂါကို ရွေးခဲ့ခြင်းပါပဲ။

၁၉၅၅

*

ကျွန်တော့်ဘဝမှာ စွပ်စွဲမှုတွေ အများကြီး ခံခဲ့ရတယ်။ ဒါပေမဲ့ ကျွန်

တော့်ရဲ့အဆိုးဝါးဆုံးရန်သူ ကျွန်တော့်ကို ကျွန်တော့်ရင်ထဲမှာ ရှိတဲ့ စကားကို မပြောရဲတဲ့လူလို့ မစွပ်စွဲခဲ့ဖူးပါဘူး။

၁၉၅၅

*

အင်္ဂလိပ်တက္ကသိုလ်ကို တက်နိုင်တဲ့ အရည်အချင်းမျိုး ရှိလာအောင် ကျွန်တော့်ကို အင်္ဂလိပ်ကျောင်းပို့ပါတယ်။ အင်္ဂလိပ်တက္ကသိုလ်ကို တက်နိုင်မှ လည်း အင်္ဂလိပ်တွေနဲ့ တန်းတူ ကျွန်တော်က ပညာတတ်တစ်ယောက် ဖြစ်လာနိုင်မှာကိုး။ အတော်ဆုံး အကောင်းဆုံး ဆိုတဲ့ စံနမူနာပြ လူမျိုး ဖြစ်လာအောင်ပေါ့နော်။ အဲဒီရည်ရွယ်ချက် ဘယ်လောက် ပေါက်မြောက် အောင်မြင်တယ်တော့ ကျွန်တော် မသိပါဘူး။ ကျွန်တော် ဒီလို နဲ့ကြီးပြင်းလာပြီး နောက်ဆုံးတော့ ဘွဲ့ရကျောင်းထွက်လာခဲ့တယ်။ ကျောင်းပြီးသွားပြီဆိုတော့ ကျွန်တော် စဉ်းစားပါတယ်။ စဉ်းစားမိတယ်ဆိုတာ ကျွန်တော် နိုင်ငံရေးထဲ မဝင်လာခဲ့မီ တော်တော်ကြာတုန်းကတည်းကပါ။ တကယ်တော့ လည်း နိုင်ငံရေးထဲ ဝင်လာခဲ့လို့ လည်း ကျွန်တော် အခုဒီမှာ ရောက်နေတာပေါ့လေ။ စဉ်းစားမိတာက တန်ဖိုးတွေတစ်စုံလုံးကတော့ မှားသွားပြီ ၊ အခြေခံကိုအကြီးအကျယ် မှားသွားပြီလို့။

၁၉၅၆

*

ကျွန်တော် နေရူးစာတွေကို အများကြီးဖတ်ခဲ့ပါတယ်။ နေရူးစာတွေ

ကို ကျွန်တော် ဖတ်ခဲ့တဲ့အခါ ကျွန်တော်ဟာ သူက အခုလို ပြောလိုက်တဲ့ အခါ သူ့ကို နားလည်သွားတယ်။ သူက ပြောတယ်။ “ကျွန်တော်က ငါဟာ ငါ့ရဲ့ မိခင်ဘာသာစကားတောင် အင်္ဂလိပ်ဘာသာစကား ပြောသလို ကောင်းကောင်း မပြောတတ်သေးပါကလားလို့ တွေးမိတဲ့အခါ ငိုမိတယ်” တဲ့။ ကျွန်တော်ဟာ စိတ်ခံစားမှု စိတ်လှုပ်ရှားမှု နည်းတဲ့ လူတစ်ယောက်ပဲ။ အများအားဖြင့် ငိုလေ့ငိုထမရှိပါဘူး။ ဆံပင်တွေ ဆွဲဖွပစ်တာမျိုး စက္ကူတွေ ဆုတ်ဖြပစ်တာမျိုး ရုပ်အင်္ကျီကို ဆုတ်ဖြပစ်တာမျိုးလည်း လုပ်လေ့ မရှိပါဘူး။ ဒါပေမဲ့ ဒီလိုပြောလိုက်ခြင်းကြောင့် နေရူး ပြောတဲ့ အကြောင်းကို ကျွန်တော် ဘာ မျှ ပြင်းပြင်းထန်ထန် မခံစားခဲ့ရဘူးလို့ အဓိပ္ပာယ်မရပါဘူး။

၁၉၅၆

*

ကျွန်တော့်ရဲ့တာဝန်တွေကို ကျွန်တော် ပြောခဲ့တဲ့ လစာနဲ့ တိုင်းမယ်ဆို ရင် ကျွန်တော် ဟာ ကျွန်တော့်အလုပ်တာဝန်ကို ထမ်းဆောင်ခြင်း အပြင် ပိုပြီး ကိုယ်ကြိုက်နှစ်သက်တဲ့ အလုပ်မျိုးကို တွေ့နိုင်မယ်လို့ ထင်ပါတယ်။

၁၉၆၄

*

ကျွန်တော် ဟာ အခွင့်အလမ်းတွေကို ကျွန်တော့် ဘဝနဲ့ ပေးပြီးယူ သွား ဖို့ အသင့်ပြင်ထားပါတယ်။ ဒါ က တော့ တစ်ကိစ္စပေါ့လေ။

ဒါပေမဲ့ ကျွန်တော်က လူနှစ်သန်းရဲ့ ဘဝတွေနဲ့ ပေးပြီးတော့ အခွင့်အလမ်းတွေ ယူသွားဖို့တော့ အသင့်ပြင်မထားပါဘူး။

၁၉၆၅

*

အောင်ပန်းတွေအပေါ် နားစက်သွားချင်သလား ဆိုရင် ဖြစ်လို့ရရင် အဲဒီလို ဖြစ်ချင်ပါတယ်။ ဒါပေမဲ့ မဖြစ်ပါဘူး။ ခင်ဗျားဟာ သေမှပဲ နားစက်ရတာပါ။

၁၉၇၈

*

ကျွန်တော်နဲ့ ကျွန်တော့်ရဲ့ လုပ်ဖော်ကိုင်ဖက် ဝါရင့်ဝန်ကြီးတွေဟာ ကျွန်တော်တို့ရဲ့ စောစောပိုင်းကာလ ခက်ခဲကြမ်းတမ်းတဲ့ နှစ်တွေမှာ စင်ကာပူကို ဘယ်လို အုပ်ချုပ်လာရတယ်ဆိုတာကို ပြန်ပြောင်းကြည့်မိတဲ့အခါ ကျွန်တော်တို့ဟာ အလွန်ပြင်းထန်တဲ့ ကျောင်းတွေကို တက်လာရခြင်းကနေပြီး အကျိုးတွေ အများကြီး ရှိခဲ့ပါကလားလို့ သိလာရတယ်။ ကျွန်တော်တို့ဟာ လမ်းသရဲ့ လူမိုက်တွေကို တွေ့ခဲ့ကြတယ်။ လမ်းပေါ် လူ လေ လူ လွင့် က လေး တွေ ကို တွေ့ ခဲ့ ကြ ရ တာ မဟုတ်ဘူးနော်။ ကျွ န် တော် တို့ ဟာ မြို့ ရ ည် မ လ ည် ခဲ့ ဘူး ဆို ရ င် ကျွန်တော်တို့ဟာ အပြင်းအထန် အရိုက်အနှက်ခံခဲ့ရဖွယ် ရှိ တ ယ်။ ဖျာလိပ်ခေါင်းထဲက ခွေးတွေလို ကားတွေကြားထဲ ပစ်ချလိုက်ရင် ကားတွေက ဖြတ်ကြိတ်သွားဖွယ် ရှိတယ်။

၁၉၈၄

*

၁၉၄၀-၁၉၄၅ ကမ္ဘာစစ်ကို အနိုင်တိုက်လာတဲ့ ဝင်စတန်ချာချီတို့လို သမိုင်းမှာ အထင်အရှား ဖြစ်ခဲ့တဲ့ ပုဂ္ဂိုလ်ကြီးမျိုးတောင် ၁၉၄၅ ခုနှစ်၊ ဇူလိုင်လမှာ ဆိုင်းမဆင့် ဗုံမဆင့်နဲ့ ရာထူးက ဆွဲထုတ်ခံရသေးတယ်။ ဒါကြောင့် စင်ကာပူနိုင်ငံသားတွေက ၁၉၅၉ ခုနှစ်ကတည်းကစလို့ အဋ္ဌမအကြိမ်မြောက်အထွေထွေရွေးကောက်ပွဲတိုင်ပီအေပီပါတီကို ထောက်ခံလာခဲ့ကြပြီး ကျွန်တော် ရာထူးကနေ ဘယ်ပုံဘယ်နည်းနဲ့ ဘယ်အခြေအနေမှာ ဆင်းပေးဖို့ ရွေးချယ်ခွင့်ပေးခြင်းအတွက် ကျေးဇူးတင်ပါတယ်။

၁၉၈၈

*

ကျွန်တော့်ရဲ့ လူမမာခုတင်ပေါ်ကတောင်မှ၊ ခင်ဗျားတို့က ကျွန်တော့်ကို သစ္စာဖျောက်ဂူထဲ ချတော့မယ်ဆိုတဲ့ အချိန်မှာတောင်မှ တစ်ခုခု မှားနေပြီလို့ စိတ်ထဲထင်လာရင် ကျွန်တော် သေရာကတောင် ပြန်ထမှာ။

၁၉၈၈

*

ကျွန်တော် ကျောင်းသားဘဝ ၁၉၄၀ ကျော်ကာလက လန်ဒန်မြို့၊

ဘေကာလမ်းမှာ ရှိတဲ့ မဒမ်တူးဆော့ ဖယောင်းပြတိုက်ကို သွားရောက်လည်ပတ်တဲ့အခါ အရုပ်တွေက အုပ်စု နှစ်စု ရှိကြောင်း တွေ့ခဲ့ရတယ်။ ဘယ်လို နှစ်စုလဲ ဆိုရင် တစ်ခုက ကောင်းသတင်းနဲ့ ကျော်ကြားသူတွေ၊ နောက်တစ်ခုက မကောင်းသတင်းနဲ့ ကျော်ကြားသူတွေ ဖြစ်ပါတယ်။ ဗြိတိသျှဘုရင်တွေ၊ ကောင်းသတင်းနဲ့ ကျော်ကြားတဲ့ ခေါင်းဆောင်တွေ ရင်လည်း ဖြစ်မယ်။ မကောင်းသတင်းနဲ့ ကျော်ကြားတဲ့ လူသတ်သမားတွေလည်း ဖြစ်ချင်ဖြစ်မယ်။ မဒမ်တူးဆော့က ကျွန်တော့်ရဲ့ ပုံတူကို မကောင်းသတင်းနဲ့ ကျော်ကြားသူတွေနားတော့ သိပ်ပြီး နီးနီးကပ်ကပ် ထားမှာ မဟုတ်ဘူးလို့ ကျွန်တော် မျှော်လင့်ပါတယ်။

၁၉၉၈

*

ဂျပန်တွေ သိမ်းပိုက်ထားတဲ့ သုံးနှစ်ခွဲကာလဟာ ကျွန်တော့်ဘဝအတွက် အရေးအကြီးဆုံးကာလပဲ။ ဂျပန်တွေက လူသားတွေရဲ့ အမူအကျင့် နဲ့ လူ့အဖွဲ့အစည်းတို့ကို ရှင်းရှင်းပြတ်ပြတ် မြင်နိုင်တဲ့ အတွေးအမြင်ကို ပေးခဲ့တယ်။ သူတို့ရဲ့ အရင်းခံ အကြောင်းနဲ့ သူတို့ရဲ့ စေ့ဆော်မှုတွေ မြင်နိုင်စေခဲ့တယ်။ အဲဒီ ဂျပန်ခေတ် အတွေ့အကြုံသာ မရှိခဲ့ဘူးဆိုရင် အစိုးရဆိုတာ ဘယ်လို ဖြစ်ရမယ်၊ အာဏာဆိုတာ တော်လှန်ပြောင်းလဲတဲ့ အပြောင်းအလဲရဲ့ ယာဉ်ရထား ဖြစ်တယ်ဆိုတဲ့ သိနားလည်မှုကို ကျွန်တော် ရခဲ့မှာ မဟုတ်ဘူး။

၁၉၉၈

*

ဒီလွတ်တော် (စင်ကာပူရဲ့ ပါလီမန်လွတ်တော်) မှာ ပြော တဲ့ ကျွန်တော့် မိ နှ် ခွ နး် တွေ ဟာ အ ချိ နှ် ကာ လ အ လို က် ပြောင်းလဲလာတဲ့ စိတ်သဘောထားတွေနဲ့ စိန်ခေါ်မှုတွေကို ကြေးမုံပြင်မှာ ထင်ဟပ်ပြသ လို ပြနေပါတယ်။ ပထမဦးဆုံးနှစ်နှစ် (၁၉၅၅ မှ ၁၉၅၇ တုန်းကဆိုရင် ကျွ နှ် တော့် စိ တ် က ပေါ့ ပေါ့ ပါး ပါး နဲ့ လွ တ် တော် မှာ ပြောကြတဲ့ အချေအတင် ပြောဆိုမှုတွေမှာ ထိုးနှက် ပြောဆိုရတာတွေကို ပျော်နေခဲ့ တယ်။ အောက်ခြေလူထုရဲ့ ထောက်ခံမှုကို ရဖို့အတွက် ကွန်မြူနစ်တွေနဲ့ ယှဉ်ပြိုင်ရတဲ့အခါ၊ သူတို့က အောက်ခြေမှာ ဘယ်လောက်အထိ နက်နက် ရှိ င်း ရှိ င်း နဲ့ အ ပိ ုင် ဆု ပ် ကို ုင် ထား ပါ သ လား လို့ သိလိုက်ရတဲ့အခါ အာဏာရဖို့အတွက် သူတို့ဟာ ဘယ်မျှအထိ သန့်ဌာန် ခိုင်ခိုင်မာမာ ရှိ တယ်လို့ သိရတဲ့အခါ ကျွန်တော့်ရဲ့စိတ်ထားက ပြောင်းသွားတယ်။ ကျွန် တော့်ရဲ့ လူငယ်ဘဝ အပြစ်ကင်းစင်မှုဟာ ပျောက်ဆုံးသွားတော့တယ်။

၁၉၉၉

*

ကျွန်တော်က မှ နှ် အော ငှ် အ မြဲ ကြိုး စား တ ယ်။ မှန်အောင်ဆိုတာ နိုင်ငံရေးအရ မှန်အောင်လို့ ပြောတာ မဟုတ်ပါဘူး။

၂၀၀၀

*

ကျွန်တော်က ဘယ်သီအိုရီတွေရဲ့ အကျဉ်းသားရယ်လို့ ဘယ်တော့မှ

မဖြစ်ခဲ့ဘူး။ ကျွန်တော့်ကို လမ်းညွှန်ပေးနေတာက ဆင်ခြင်တုံတရားနဲ့ ပကတိ အရှိတရားပဲ။ ကျွန်တော်က သီအိုရီ တိုင်း သို့မဟုတ် စီမံချက် တိုင်းကို စစ်ဆေးကြည့်ရာမှာ သုံးတဲ့ မှတ်ကျောက်ကတော့ အဲဒီသီအိုရီ ဟာ တကယ် လက်တွေ့ အလုပ်ဖြစ်သလား ဆိုတဲ့ မှတ်ကျောက်ပဲ။

၂၀၀၀

*

ကျွန်တော်က အမျိုးသားသီချင်း လေးမျိုးကို သီဆိုခဲ့ဖူးသူပါ။ ဗြိတိန် နိုင်ငံရဲ့ ထာဝရဘုရားသခင်က ဘုရင်မင်းမတ်အား စောင့်ရှောက်ပါစေ ဆိုတဲ့ သီချင်း၊ ဂျပန်နိုင်ငံရဲ့ ကင်မိဂါယိဆိုတဲ့ သီချင်း၊ မလေးရှားရဲ့ နေ ဂါရာကု ဆိုတဲ့ သီချင်းနဲ့ စင်ကာပူရဲ့ မာဂျူလာလာ စင်္ကာပူ ဆိုတဲ့ သီချင်း တို့ပဲ။ အဲဒါတွေဟာ လွန်ခဲ့တဲ့ အနှစ် ၆၀ ရဲ့ နိုင်ငံရေး ကသောင်းကနင်း ဖြစ်မှုတွေပါပဲ။

၂၀၀၀

*

နောက်ဆုံးမှာတော့ ကျွန်တော် အချစ်မြတ်နိုးဆုံးက လူသားတွေရဲ့ ဆက်ဆံမှုပဲ။ ကျွန်တော့်ရဲ့ ချစ်ဇနီးလည်းဖြစ်၊ ဘဝကြင်ဖော်လည်း ဖြစ် သူရဲ့ မဆုတ်မနစ် ထောက်ခံအားပေးမှုကြောင့် ကျွန်တော်ဟာ ဘဝကို အ ပြ ည့် အ ဝ ခံ စား နေ ထို င် ခဲ့ ရ တ ယ် ။ ကျွ န် တော် ပြုထားခဲ့တဲ့ အ ဆွေ ခ င် ပွ န်း ဖြ စ် မှ နဲ့ ကျွ န် တော် ပြုစုပျိုးထောင်ခဲ့တဲ့ ရင်းနှီးတဲ့ မိသားစု ဆက်ဆံရေးတို့က ဘဝကို ကျေနပ်မှုရအောင် နေထိုင်နိုင်ခဲ့ပါ

ကလား ဆိုတဲ့ စိတ်ဓာတ်ကို ပေးနိုင်ခဲ့တယ်။ အခုလို ကျွန်တော် ဖြစ်နေခဲ့တာလည်း အဲဒါတွေကြောင့်ပါပဲ။

၂၀၀၃

*

ကျွန်တော်တို့ဟာ အရည်အသွေး ထက်မြက်သူများက အုပ်ချုပ်တဲ့ အုပ်ချုပ်ရေး စနစ်နဲ့ သွားနေတယ်။ အကယ်၍ လီမိသားစုကသာ ကိုယ့်ဆွေ မျိုး နဲ့ ကိုယ်နဲ့ရင်းနှီးသူများ ကောင်း စား ရေး ဝါ ဒ ကို နမူနာပြထူထောင်ခဲ့မယ်ဆိုရင် အဲဒီ အရည်အသွေး ထက်မြက်သူတွေနဲ့ အုပ်ချုပ်တဲ့ စနစ်လည်း ပျက်ဆီးသွားမှာပဲ။ ကျွန်တော်သာ ဝန်ကြီးချုပ် မလုပ်ခဲ့ဘူးဆိုရင် သူ (လီဆီယန် လွန်း) ဟာ ဒီထက်နှစ်တွ တော်တော်စောစော ကတည်းက ဝန်ကြီးချုပ်ဖြစ်နေနိုင်ခဲ့မယ်။ ကျွန်တော်က အရည်အချင်း မ ရှိ တဲ့ ကျွန်တော့်မိသားစုဝင်တစ်ဦးကို အ ရေး ကြီး တဲ့ ရာထူးတစ်ခုကို ရထားစေလိုစိတ် မရှိပါဘူး။ ဘာကြောင့် အဲဒီလို မရှိသလဲဆိုရင် ဒါဟာ စင်ကာပူအတွက် ပျက်စီး ရာ ပျက်စီး ကြောင်း ဖြစ်လာမှာ၊ ကျွန်တော် ထားခဲ့တဲ့အမွေ ဖြစ်လာမှာကြောင့်ပါ။ အဲဒါမျိုးကို ကျွန်တော် ခွင့်မပြုနိုင်ပါဘူး။

၂၀၀၅

*

ကျွန်တော့်သား (ဝန်ကြီးချုပ် လီရှောင်လွန်း) ဟာ ၅၃ နှစ် ရှိပါပြီ။ ၅၄ နှစ်ထဲ ရောက်တော့မယ်။ သူ့အရင်က ဂိုချုပ်တောင် ရှိတယ်။ ကျွန်

တော့သားဟာ သူ့သဘော သူ့ဆန္ဒနဲ့ ဒီအလုပ်ကို လုပ်ရတာ မဟုတ်ဘူး ဆိုရင် ခင်ဗျားတို့ ယုံနိုင်ကြမလား မသိဘူး။ ဘယ်လို အဖြေပေးရမယ်၊ အနာဂတ်အတွက် ဘယ်လို စီမံသွားရမယ် ဆိုတာအတွက် သူ ကျွန်တော့် ကို လိုပါတယ်။ သူ ဟာ သူ့အသက်မွေးဝမ်းကျောင်းကို ရွေးချယ်ဆုံးဖြတ်ဖို့ ကျွန်တော့်ကို မလိုခဲ့ပါဘူး။ သူ အက်စ်အေအက်ဖ် (စင်ကာပူ တပ်မတော်) ထဲ ဝင်တော့ သူ့ဘာသာ ဝင်ခဲ့တာပဲ။ နိုင်ငံရေးထဲ ဝင်မယ် ဆိုတော့လည်း ကာကွယ်ရေးဝန်ကြီး လုပ်နေတဲ့ ဂိုချုပ်တောင်နဲ့ ဆွေးနွေး ဝင်တာပါ။ သူက ကျွန်တော့်ကိုမေးလို့ ကျွန်တော်က ဖြေပါတယ်။ “သေသေချာချာ စဉ်းစားပေါ့ကွာ” လို့၊ ၁၉၈၄ ခုနှစ်တုန်းက သူ့ဇနီး ဆုံးပြီး စဖြစ်ပါတယ်။ ဝေါင်က ၁၉၈၂ ခုနှစ်မှာ ကွယ်လွန်ခဲ့တာပါ။ ကျွန်တော်က ပြောတယ်။ “မင်းဟာ နောက်မိန်းမ ရဖို့ ကိုယ့်ဘာသာ ကိုယ် ခက်ခဲအောင် လုပ်သလို ဖြစ်တော့မယ်” လို့။ ဘာကြောင့်လဲ ဆိုတော့ သူ့မှာက ကလေး နှစ်ယောက် ရှိနေတာကိုး။ ဒါတကယ် ပြောတာပါ။ ကျွန်တော်တို့ အခုလုပ်နေကြတာ ကျွန်တော်တို့အတွက် လုပ်နေကြတာ မဟုတ်ဘူး။ ကိုယ့်အတွက်သာ ကိုယ် လုပ်ကြစတမ်းဆိုရင် စင်ကာပူလည်း ဒီလိုဖြစ်လာမှာ မဟုတ်ပါဘူး။

၂၀၀၆

*

ကျွန်တော်တို့ (လီကွမ်းယူနှင့် ဇနီးမဒမ်ကွာရွတ်ချူး) ဟာ တဖြည်းဖြည်းနဲ့ တစ်ဦးအပေါ် တစ်ဦးရဲ့နေပုံထိုင်ပုံ အလေ့အထတွေက သြဇာညောင်းလာခဲ့ကြတယ်။ ကျွန်တော်တို့က သူ့သဘော နဲ့ ကိုယ့်သဘော ညှိယူကြ၊ တစ်ဦးကို တစ်ဦး လျှော့ပေးကြတယ်။ ကျွန်တော်တို့

ဟာ ကြယ်ပေါင်းခနေတဲ့ ချစ်သူတွေဘဝ ထာဝရ ရှိနေမှာ မဟုတ်ဘူး ဆိုတာ သိကြတယ်။ ဘဝ ဆိုတာ အမြဲတမ်း စိန်ခေါ်မှုတွေနဲ့ ကြုံနေရမှာပဲ ဆိုတာလည်း သိကြတယ်။ ဖြေရှင်း စီမံသွားရမယ့် ပြဿနာသစ်တွေ ဆိုတာက ပေါ်နေကြတာပဲ။

၂၀၁၀

*

သူသာ (မဒမ်ကွာဂျုတ်ချူးသာ) မရှိခဲ့ရင် ကျွန်တော့်မှာ တော်တော်ခက်ခဲတဲ့ လူတစ်ယောက်ဖြစ်လာဖွယ် ရှိတယ်။ ကျွန်တော့်ဘဝဟာလည်း တစ်မျိုး ဖြစ်သွားမယ်။

၂၀၁၀

ဦးတင်ဦး (ကျွန်ုပ်)

*

သက္ကရာဇ် မှတ်တမ်း

၁၉၂၃ စက်တင်ဘာလ ၁ ဖ ရက်နေ့တွင် လီကွမ်းယူကို စင်ကာပူတွင် မွေးဖွားသည်။

၁၉၄၂ စင်ကာပူတွင် ဂျပန် ၏ သုံးနှစ်ခွဲကြာ သိမ်းပိုက်အုပ်စိုးမှု စတင်သည်။

၁၉၄၇ လီကွမ်းယူနှင့် ကွာချုပ်ချုတို့ လန်ဒန်မြို့တွင် တိတ်တဆိတ် လက်ထပ်ခဲ့ကြသည်။

၁၉၄၉ လီကွမ်းယူ ဥပဒေဘွဲ့ရသည်။

၁၉၅၀ လီကွမ်းယူနှင့် ကွာချုပ်ချုတို့ စင်ကာပူတွင် လက်ထပ်ပွဲ အခမ်းအနား ဒုတိယအကြိမ် ကျင်းပသည်။

၁၉၅၄ ပီအေပီ (People's Action Party-PAP) ပါတီကို လီကွမ်းယူနှင့် လွတ်လပ် စိတ်ထားရှိသည့် ကိုလိုနီ ဆန့်ကျင်ရေးသမား ပါဝင်သည့် အဖွဲ့တို့က တည်ထောင်သည်။

၁၉၅၅ တန်ဂျာပါဂါတွင် လီကွမ်းယူကို လွှတ်တော်အမတ်အဖြစ် ရွေးချယ်တင်မြှောက်သည်။ အလုပ်သမားသမဂ္ဂများ အငြင်းပွားမှုများမှ စတင်၍ ဟောခ့်လီအဓိကရုဏ်း ဖြစ်ပွားသည်။

၁၉၅၇ စင်ကာပူကို ကိုယ်ပိုင်အုပ်ချုပ်ရေး ပေး ရန် ဗြိတိန်

သဘောတူသည်။

၁၉၅၉ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စင်ကာပူတွင် လီကွမ်းယူ ဝန်ကြီးချုပ် အဖြစ် ကျမ်းသစ္စာ ပြုသည်။

၁၉၆၃ မလေးရှားဖက်ဒရေးရှင်းမဖွဲ့စည်းမီ ဗြိတိန်ထံမှ လွတ်လပ်ရေးရကြောင်း စင်ကာပူတွင် ကြေညာသည်။ မလေးရှား၊ စင်ကာပူ၊ ဆာရာဝပ်နှင့် ဆာဘားတို့ ပါဝင်သည့် မလေးရှားဖက်ဒ ရေးရှင်းကို ဖွဲ့စည်းတည်ထောင်သည်။

၁၉၆၄ စင်ကာပူတွင်ကွန်မြူနစ်ဆူပူသောင်းကျန်းမှု ပေါ်ပေါက်သည်။

၁၉၆၅ စင်ကာပူသည် မလေးရှားဖက်ဒရေးရှင်းမှ သီးခြားခွဲထွက်ပြီး လွတ်လပ်သော သမ္မတနိုင်ငံကို တည်ထောင်သည်။

၁၉၆၇ စင်ကာပူသည် အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) တွင် ကနဦး စတင် တည်ထောင်သူ အဖွဲ့ဝင် ဖြစ်လာသည်။

၁၉၆၈ ဗြိတိန်က စင်ကာပူတွင် ချထားသော စစ်စခန်း အားလုံးကို ၁၉၇၁ ခုနှစ်တွင် ရုတ်သိမ်းရန် ရည်ရွယ်ကြောင်း ကြေညာသည်။

၁၉၈၁ ဂျေဘီ ဇေယျတနမ်သည် အင်ဆန်း မဲဆန္ဒနယ် ကြားဖြတ် ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ရာ လွတ်လပ်ရေး ရပြီးနောက် ပထမ ဦးဆုံးသော အတိုက်အခံ လွှတ်တော်အမတ် ဖြစ်လာသည်။

၁၉၈၈ အုပ်စုကိုယ်စားပြု မဲဆန္ဒနယ် (Group Representation Constituency-GRC) စီမံချက် စတင် အကျိုးသက်ရောက်မှု ရှိလာသည်။

၁၉၉၀ လီကွမ်းယူသည် ၃၁ နှစ်ကြာ ဝန်ကြီးချုပ် တာဝန်ထမ်း

ဆောင်ခဲ့ရာမှ ရာထူးမှ ဆင်းပေးပြီး ဝါရင့်ဝန်ကြီးအဖြစ် အစိုးရအဖွဲ့တွင် ဆက်လက် ပါဝင်သည်။ ဂိုချုပ်တောက် ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာပြုသည်။

၁၉၉၇ အာရှ ငွေကြေး အကျပ်အတည်း စတင်သည်။

၂၀၀၄ လီရှောင်လုံး ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာပြုသည်။ လီကွမ်းယူ Minister Mentor ဖြစ်လာသည်။

၂၀၁၁ လီကွမ်းယူသည် Minister Mentor အဖြစ်မှ ဆင်းပေးပြီး တန်ကျောင်း ပါဂါမဲဆန္ဒနယ်တွင် လွှတ်တော်အမတ်အဖြစ် ဆက်လက်တာဝန်ထမ်းဆောင်သည်။

၂၀၁၅ မတ်လ ၂၃ ရက်နေ့တွင် လီကွမ်းယူ ကွယ်လွန်သည်။

*